“ . . . ဒီဟာက တကယ့် အပစ်အခတ်ရပ်စဲရေး အစစ်ဖြစ်သင့်တယ်။ အဲလိုဖြစ်ရင် ကျွန်တော်တို့ ပျော်မှာပဲ။ ခုအပစ်အခတ်ရပ်စဲရေး ပျက်သွားရင် အခြေအနေက အရင်ကထက် ပိုဆိုးနိုင်တယ်။ ပြီးတော့ ကျွန်တော့်အတွက် ဆက်အသက်ရှင် နေထိုင်ဖို့ အဓိပ္ပာယ်ရှိမှာ မဟုတ်တော့ဘူး။”

ဖိုးသောင်းစုကျေးရွာမှ ရွာသားတစ်ဦး၊ ကျောက်ကြီးကျေးရွာအုပ်စု၊ ပဲခူး (အရှေ့)။
(အောက်တိုဘာလ ၂၀၁၃)

Lessons Learned from MPSI's Work Supporting the Peace Process in Myanmar

Copyright © 2014 The Myanmar Peace Support Initiative

# မာတိကာ


အနှစ်ချုပ်အစီရင်ခံစာ – မြန်မာငြိမ်းချမ်းရေးအထောက်အကူပြုအဖွဲ့ ........ ၉

အကျဉ်းချုပ်ဇယားကွက် – စိန်ခေါ်မှုများနှင့် အောင်မြင်မှုများ၊ စီမံကိန်းများ၊ ရရှိသော သင်ခန်းစာနှင့် ပြန်လည်ဆန်းစစ်ချက်များ ........ ၁၇

နိဒါန်း ........ ၂၁

၁။ နောက်ခံအကြောင်းအရာ ........ ၂၃

၁. ၁။ သမိုင်းအကျဉ်း – မြန်မာနိုင်ငံ ငြိမ်းချမ်းရေးနှင့် လက်နက်ကိုင်ပဋိပက္ခများ ........ ၂၃

၁. ၂။ မြန်မာငြိမ်းချမ်းရေး အထောက်အကူပြုအဖွဲ့ ........ ၂၅

၂။ သင်ခန်းစာများနှင့် ပြန်လည်ဆန်းစစ်ချက်များ ........ ၃၁

၂. ၁။ ကြုံတွေ့ရသော စိန်ခေါ်မှုအမျိုးမျိုး ........ ၃၁

၂. ၂။ အောင်မြင်မှုများ ........ ၃၃

၂. ၃။ သင်ခန်းစာရရှိသော အဓိကနယ်ပယ်များ ........ ၄၃

၂. ၄။ တိုင်းရင်းသားငြိမ်းချမ်းရေး အရင်းအမြစ်စီမံကိန်းမှ ရရှိသော သင်ခန်းစာများ ........ ၆၂

၂. ၅။ MPSI ၏ ချဉ်းကပ်မှုအပေါ် ပြန်လည်ဆန်းစစ်ချက်များ ........ ၆၅

၃။ မြန်မာအခြေအနေအပေါ် ညှိနှိုင်းမှု မူဘောင်အသစ် ကျင့်သုံးခြင်း ........ ၆၈

၃. ၁။ ဘာကြောင့် ညှိနှိုင်းမှု မူဘောင်အသစ်က မြန်မာနှင့် ကိုက်ညီသလဲ ........ ၆၈

၃. ၂။ ညှိနှိုင်းမှု အသစ်နှင့် သက်ဆိုင်သော MPSI ၏ သင်ခန်းစာနှင့် အကြံပြုချက်များ ........ ၇၀

၃. ၃။ ထိခိုက်လွယ်သော အခြေအနေ အခြေခံမှုများမှ ရရှိသော MPSI ၏ သင်ခန်းစာနှင့် အကြံပြုချက်များ ........ ၇၄

နောက်ဆက်တွဲ ၁။ MPSI အထောက်အပံ့ပေးသော စီမံကိန်းများအကျဉ်း ........ ၇၈

နောက်ဆက်တွဲ ၂။ ပဋိပက္ခထိခိုက်မှုရှိသော ဒေသများ၌ စီမံကိန်းများ ရေးဆွဲအကောင်အထည်ဖော်ရာတွင် ထည့်သွင်းစဉ်းစားစရာများ။ ........ ၁၂၃

နောက်ဆက်တွဲ ၃။ MPSI ၏ နားထောင်ခြင်း စီမံကိန်းမှရရှိလာသော ဆွေးနွေးမှုတုံ့ပြန်ချက်များ ........ ၁၂၇

နောက်ဆက်တွဲ ၄။ MPSI အား သီးခြားလွတ်လပ်စွာ စိစစ်ခြင်း – အနှစ်ချုပ်အစီရင်ခံစာ ........ ၁၄၁

## ဇယားများ စာရင်း


ဇယား ၁။ မြန်မာ့ငြိမ်းချမ်းရေးဖြစ်စဉ်တွင် အဓိကသက်ဆိုင်သူများ ........ ၂၅

ဇယား ၂။ MPSI ဆက်စပ်စီမံကိန်းများ၏ အဓိကအချက်အလက်များ ........ ၃၀

ဇယား ၃။ ဖြစ်ရပ်ဆန်းစစ်လေ့လာခြင်း၊ ပြန်လည်သင့်မြတ်ခြင်း လုပ်ငန်းစဉ်နှင့် တိုက်ရိုက်ဆက်သွယ်
ဆက်ဆံရေးအပေါ် အကဲခတ်လေ့လာစောင့်ကြည့်ခြင်း။ ........ ၄၂

ဇယား ၄။ MPSI ၏ နားထောင်ခြင်း စီမံကိန်း ........ ၄၇

ဇယား ၅။ ငြိမ်းချမ်းရေးဖော်ဆောင်မှုလုပ်ငန်းစဉ်အပေါ် လူထုများ၏ ယုံကြည်မှု ........ ၅၀

ဇယား ၆။ သက်သေခံကတ်ပြား အစီအစဉ် ........ ၅၂

ဇယား ၇။ မွန်ပညာရေး စီမံကိန်းများ ........ ၅၅

ဇယား ၈။ တရားဥပဒေစိုးမိုးရေးနှင့် ဒေသတွင်းဘေးကင်းလုံခြုံမှုရှိရေးအတွက် အောက်ခြေအဆင့်
တွေ့ဆုံဆွေးနွေးပွဲများမှတစ်ဆင့် ယုံကြည်မှုတည်ဆောက်ခြင်း ........ ၆၁

ဇယား ၉။ ထိခိုက်လွယ်သော အခြေအနေတွင်အခြေခံမှုများ ........ ၆၉

ဇယား ၁၀။ ထိခိုက်လွယ်သော အခြေအနေတွင် အခြေခံမှုဆယ်ချက် ........ ၇၂

ဇယား ၁၁။ ဘေးအန္တရာယ်မဖြစ်စေရန် လုပ်ဆောင်မှုနှင့် ပဋိပက္ခ၏ ထိခိုက်လွယ်မှုအကျဉ်း ........ ၁၂၆

ဇယား ၁၂။ ပဋိပက္ခထိခိုက်သော ဒေသများတွင် တာဝန်ခံမှု သေချာရရှိစေရန် လက်တွေ့အသုံးကျသော
နည်းလမ်း ကိရိယာများ ........ ၁၂၆

# List of Acronyms

| | |
|---|---|
| AHRN | Asian Harm Reduction Network<br>အာရှဒေသဆိုင်ရာမူးယစ်ဆေးဝါးနှင့် ဆက်နွယ်သော အန္တရာယ်လျော့ပါးရေးအဖွဲ့ |
| ALP | Arakan Liveration Party<br>ရခိုင်ပြည်လွတ်မြောက်ရေးပါတီ |
| AusAID | Australian Agency for International Development<br>(နိုင်ငံတကာဖွံ့ဖြိုးတိုးတက်ရေးအတွက် ဩစတြေးလျကိုယ်စားလှယ်အဖွဲ့) |
| CBO | Community-based organization ရပ်ရွာအခြေပြုအဖွဲ့အစည်း |
| CIDKP | Committee for Internally Displaced Karen People<br>ဒေသတွင်းထွက်ပြေးတိမ်းရှောင်နေရသော ကရင်လူမျိုးများ ကော်မတီ |
| CNF | Chin National Front<br>ချင်းအမျိုးသားတပ်ဦး |
| CPCS | Centre for Peace and Conflict Studies<br>ငြိမ်းချမ်းရေးနှင့် ပဋိပက္ခဘာသာရပ် ဗဟိုဌာန |
| DKBA | Democratic Karen Benevolent/ Buddhist Army<br>ဒီမိုကရက်တစ်ကရင်အကျိုးပြုတပ်မတော် |
| EAG | Ethnic Armed Group<br>တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ |
| EBO | Euro-Burma Office<br>ဥရောပ-မြန်မာရုံး |
| EPRP | Ethnic Peace Resources Project<br>တိုင်းရင်းသားငြိမ်းချမ်းရေး အရင်းအမြစ်စီမံချက် |
| FSPs | Fragile State Principles<br>ထိခိုက်လွယ်သော နိုင်ငံတွင်း အခြေခံမူများ |
| IDPs | Internally displaced persons<br>ဒေသတွင်းထွက်ပြေးတိမ်းရှောင်နေရသူများ |
| ILO | International Labour Organization<br>နိုင်ငံတကာအလုပ်သမားအဖွဲ့အစည်း |

| | |
|---|---|
| INGO | Internationalnon-government alorganization<br>နိုင်ငံတကာအစိုးရမဟုတ်သော အဖွဲ့အစည်း |
| JPNA | Joint Peace building Needs Assessment<br>အတူပူးတွဲငြိမ်းချမ်းရေးတည်ဆောက်ခြင်း လိုအပ်ချက်များ အကဲဖြတ်ခြင်း |
| KCBNG | Karen community Based Network Group<br>ကရင်လူ့အဖွဲ့အစည်းအခြေခံကွန်ယက်အဖွဲ့ |
| KIO | Kachin Independence Organization<br>ကချင်လွတ်လပ်ရေး အဖွဲ့အစည်း |
| KKO | Klo-Htoo Baw Organization<br>ကလိုထူးဘော ကရင်အစည်းအရုံး |
| KNLA | Karen National Liberation Army<br>ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော် |
| KNPP | Karenni National Progressive Party<br>ကရင်နီအမျိုးသားတိုးတက်ရေးပါတီ |
| KNU | Karen National Union<br>ကရင်အမျိုးသားအစည်းအရုံး |
| KORD | Karen Organization for Relief and Development |
| MNEC | Mon National Education Committee<br>မွန်အမျိုးသားပညာရေးကော်မတီ |
| MNLA | Mon National Liberation Army<br>မွန်အမျိုးသား လွတ်မြောက်ရေးတပ်မတော် |
| MPC | Myanmar Peace Centre<br>မြန်မာနိုင်ငံငြိမ်းချမ်းရေး ပြန်လည်ထူထောင်ရေး လုပ်ငန်းဗဟိုဌာန |
| MPSI | Myanmar Peace Support Initiative<br>မြန်မာငြိမ်းချမ်းရေး အထောက်အကူပြုအဖွဲ့ |
| MWO | MonWomen's Organization<br>မွန်အမျိုးသမီးအဖွဲ့ |
| NGO | Non-governmental organization<br>အစိုးရမဟုတ်သော အဖွဲ့အစည်း |

| | |
|---|---|
| NIS | Nordic International Support Foundation<br>စကန်(န်) ဒီနေးဗီးယားနိုင်ငံများဆိုင်ရာ နိုင်ငံတကာ ထောက်ပံ့ကူညီရေး ဖောင်ဒေးရှင်း |
| NMSP | New Mon State Party<br>မွန်ပြည်သစ်ပါတီ |
| NPA | Norwegian People's Aid<br>နော်ဝေးပြည်သူများ ထောက်ပံ့ရေးအဖွဲ့ |
| NRC | Norwegian Refugee Council<br>နော်ဝေးဒုက္ခသည်များဆိုင်ရာကောင်စီ |
| PDSG | Peace Donor Support Group<br>ငြိမ်းချမ်းရေးထောက်ပံ့ကူညီမှုအလှူရှင်အဖွဲ့ |
| PNLO | Pa-oh National Liberation Organization<br>ပအိုဝ်အမျိုးသားလွတ်မြောက်ရေးအဖွဲ့အစည်း |
| RCSS | Restoration Council Shan State<br>ရှမ်းပြည်နယ်ပြန်လည်ထူထောင်ရေးကောင်စီ |
| SSA-S | Shan State Army South<br>ရှမ်းပြည်နယ်တပ်မတော်(တောင်) |
| SSPP | Shan State Progressive Party<br>ရှမ်းပြည်နယ်တိုးတက်ရေးပါတီ |
| UN | United Nations<br>ကမ္ဘာ့ကုလသမဂ္ဂ |
| UNFC | United Nationalities Federal Council<br>ညီညွတ်သော တိုင်းရင်းသားလူမျိုးစုဖက်ဒရယ်ကောင်စီ |
| WGEC | Working Group for Ethnic Coordination<br>တိုင်းရင်းသားပူးပေါင်းဆောင်ရွက်ရေးအလုပ်အဖွဲ့ |

## မြန်မာငြိမ်းချမ်းရေး အထောက်အကူပြုအဖွဲ့ (MPSI)

- မြန်မာအစိုးရမှ မြန်မာ့ငြိမ်းချမ်းရေးဖြစ်စဉ်တွင် နိုင်ငံတကာ ကူညီပံ့ပိုးမှုများကို နော်ဝေနိုင်ငံအစိုးရမှ ဦးဆောင် ပံ့ပိုးပေးရန် မေတ္တာရပ်ခံချက်ပြုပြီးနောက် မတ်လ ၂၀၁၂တွင် MPSI ကို စတင်ဖွဲ့စည်းခဲ့သည်။ MPSI သည် ကြားဝင်ဖျန်ဖြေမှုကို အစပျိုးပေးရန် မရည်ရွယ်ခဲ့ပေ။ ငြိမ်းချမ်းရေးဖြစ်စဉ်၏ နောက်ကွယ်က နိုင်ငံရေးရာ တွန်းအားအဖြစ်နှင့် အစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင်တပ်ဖွဲ့များ အပစ်အခတ်ရပ်စဲရေး သဘောတူညီမှုရရှိအောင် ကူညီပံ့ပိုးသော ပုံစံအဖြစ်သာ တည်ရှိခဲ့သည်။ နိုင်ငံတကာအဆင့် လုပ်ဆောင်သူအနေနှင့် ဤကဲ့သို့သော ကဏ္ဍတွင် ရပ်တည်နေခြင်းမှာ မြန်မာနိုင်ငံအတွက် ပထမဦးဆုံး ဖြစ်ပြီး နိုင်ငံအဆင့်လုပ်ဆောင်သူများကြား ငြိမ်းချမ်းရေးအတွက် အတွေ့အကြုံသစ်ကို ဆန်းစစ်စေသည်။ ထို့ပြင် နိုင်ငံတကာ လုပ်ဆောင်နေသော ငြိမ်းချမ်းရေးဖြစ်စဉ်များနှင့် နှိုင်းလျှင် တမူထူးသည့် စီစဉ်မှုတစ်ခုလည်းဖြစ်သည်။

- ဤအစီရင်ခံစာတွင် ယခင်နှစ်က ဦးစီးဦးရွက်ပြုခဲ့သည့် သုတေသနပြုချက်များ၊ ၂၀၁၃ ခုနှစ် အစောပိုင်းတွင် ထုတ်ပြန်ခဲ့သော MPSI ၏ ပြန်လည်ဆန်းစစ်ခြင်း အစီရင်ခံစာ၊ ၂၀၁၄ အတွင်း MPSI တာဝန်ယူဆောင်ရွက်သော သီးခြားလွတ်လပ်စွာ စိစစ်မှုများနှင့် ကွင်းဆင်းလေ့လာမှုများ၊ ငြိမ်းချမ်းရေးဖြစ်စဉ်တွင် ပါဝင်လှုပ်ရှားသူများနှင့် ဆွေးနွေးတိုင်ပင်မှုများ၊ MPSI ဝန်ထမ်းများ၏ သိမြင်လုပ်ကိုင်နိုင်စွမ်းများ၊ အစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင် တပ်ဖွဲ့များနှင့် အစည်းအဝေးများ၊ အလုပ်ရုံဆွေးနွေးပွဲများ ပြုလုပ်ခြင်း၊ ကျေးလက်လူထုအစည်းအဝေးများနှင့် စီမံကိန်းအစီရင်ခံစာတင်ခြင်းတို့လည်း ပါဝင်သည်။ ဤအစီရင်ခံစာသည် လွန်ခဲ့သော နှစ်နှစ်တာကာလကို ပြန်လည်ဆန်းစစ်မှုပြုစေသည့်အပြင် နိုင်ငံတကာထောက်ပံ့မှုများကို ပုံစံတကျနှင့် တိုးတက်ကောင်းမွန်စွာ ရရှိနိုင်ရေးနည်းလမ်းများကို အကြံဉာဏ်ပေးပါသည်။ ပဋိပက္ခဘေးဒဏ်သင့်ဒေသများနှင့် ငြိမ်းချမ်းရေးဖြစ်စဉ်များကို နိုင်ငံတကာထောက်ပံ့မှု တိုးပွားရေးနှင့် ကြံ့ခိုင်ရေးနည်းလမ်းများကိုပါ အကြံပြုရာရောက်ပါသည်။

- လွန်ခဲ့သော နှစ်နှစ်တွင် MPSI သည် အပစ်အခတ်ရပ်စဲရေးကို စမ်းသပ်သည့်၊ ယုံကြည်မှုတည်ဆောက်သည့် စီမံကိန်းများကို ပြုလုပ်ပံ့ပိုးခဲ့သည်။ ဤစီမံကိန်းများမှ ရရှိလာသော သင်ခန်းစာများကိုလည်း ပြန်လည်ဝေမျှခဲ့သည့်အပြင် ငြိမ်းချမ်းရေးဖြစ်စဉ်ကို ခွန်အားဖြည့်မှုဖြစ်စေရန် ပြည်တွင်းနှင့် ပြည်ပပူးပေါင်းသည့် အထောက်အပံ့ကိုလည်း ရှာဖွေခဲ့သည်။ ထိုသို့ ပြုလုပ်ရာတွင် အစိုးရ၊ ဗမာစစ်တပ်၊ တိုင်းရင်းသားလက်နက်ကိုင်တပ်ဖွဲ့များ၊ နိုင်ငံရေးပါတီများ၊ လုပ်ဆောင်သူရပ်ရွာပြည်သူလူထုများနှင့် ကျေးလက်လူထုများ၊ နိုင်ငံတကာမိတ်ဖက်အဖွဲ့များနှင့် စေ့စပ်ကာ ငြိမ်းချမ်းရေးဖြစ်စဉ် ပေါ်ပေါက်လာရေးနှင့် အပစ်အခတ်ရပ်စဲရေးကို ခိုင်မာသော အထောက်အပံ့များ ပေးစွမ်းခဲ့သည်။

- MPSI လုပ်ဆောင်ခဲ့သည့် စီမံကိန်းများကို ချင်း၊ ရှမ်း၊ မွန်၊ ကရင်နှင့် ကယားတိုင်းရင်းသား ၅ ပြည်နယ်များ တလျှောက်နှင့် ပဲခူးနှင့် တနင်္သာရီတိုင်းဒေသကြီး ၂ ဒေသမှ တာဝန်ယူဆောင်ရွက်ခဲ့သည်။ စီမံကိန်းများကို တိုင်းရင်းသား လက်နက်ကိုင်တပ်ဖွဲ့ ၇ဖွဲ့၊ ဒေသခံမိတ်ဖက်အဖွဲ့ ၁၃ ဖွဲ့ (၄ ဖွဲ့သည် လုပ်ငန်းဖော်ဆောင်ရေး ညွန့်ပေါင်းအဖွဲ့ဖြစ်သည်)၊ ပြည်ပမိတ်ဖက်အဖွဲ့ ၉ ဖွဲ့တို့နှင့် မိတ်ဖက်ကာ ဖော်ဆောင်ခဲ့သည်။ တာဝန်ခံမှုရှိပြီး အလျှော့အတင်းပြုလွယ် ပြင်လွယ်သော ငွေကြေးထောက်ပံ့မှုများကို နော်ဝေ၊ ဖင်လန်၊ နယ်သာလန်၊ ဒိန်းမတ်၊ ယူကေ၊ ဆွစ်ဇာလန်၊ ဥရောပသမဂ္ဂအဖွဲ့ နှင့် ဩစတြေးလျတို့မှ ရရှိသည်။

- MPSI အတွက် သင့်လျော်မှုကင်းမဲ့နေချိန်တွင်လည်း ငြိမ်းချမ်းရေးဖြစ်ပေါ်လာစေရန်နှင့် တည်တံ့စေရန် ယာယီထောက်ပံ့မှုပေးရန်၊ ပိုမိုတာရှည်ခံမည့် ဖွဲ့စည်းပုံများနှင့် ရေရှည်တည်တံ့သော နိုင်ငံတကာ ငြိမ်းချမ်းရေး

ထောက်ပံ့ခြင်း တုံ့ပြန်မှုများကို အတူတကွ လုပ်ဆောင်လာစေရန် ရည်ရွယ်ကာ စတင်ခြင်းဖြစ်သည်။ ယာယီဖွဲ့စည်းမှုသာ ရည်ရွယ်သည်ဟုဆိုခဲ့သည့်အတိုင်း MPSI သည် ဒေသခံလုပ်ဆောင်သူများ၊ နိုင်ငံအဆင့်၊ နိုင်ငံတကာအဆင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် PDSG ကဲ့သို့ အလှူငွေများ ပံ့ပိုးသည့်အနေနှင့်ရှိနေသော အခြားအဖွဲ့များက ထိုလုပ်ဆောင်ချက်များကို ဆက်လက်လုပ်ဆောင်သွားရန် ရည်ရွယ်ချက်ကြီးမားစွာထားရှိသည်။

- MPSI သည် မိမိ ပါဝင်ဆောင်ရွက်နေသည့် အခန်းကဏ္ဍအတွက် ဖွဲ့စည်းပုံသော်လည်းကောင်း၊ နိုင်ငံရေးအခင်းအကျင်း၌သော်လည်းကောင်း၊ ရေခံမြေခံ သဘောသဘာဝအားဖြင့်သော်လည်းကောင်း စိန်ခေါ်မှုများစွာနှင့် ရင်ဆိုင်ခဲ့ရသည်။ ငြိမ်းချမ်းရေးဖော်ဆောင်မှုလုပ်ငန်း၌ တွေ့ကြုံခဲ့ရသော ပြဿနာများလည်း ပါဝင်ပါသည်။ ၎င်းတို့မှာ အထူးသဖြင့် နိုင်ငံရေးစကားဝိုင်းများ စတင်နိုင်ရန် နှောင့်နှေးကြန့်ကြာမှုဖြစ်ခြင်း၊ အဓိကအခန်းကဏ္ဍတွင် ပါဝင်လုပ်ဆောင်နေသော အဖွဲ့အစည်းများ၏ လိုလားတောင်းဆိုမှုများအား စီစဉ်ဆောင်ရွက်ပေးရခြင်း၊ စသည့်လုပ်ငန်းစဉ်များကို မိမိကိုယ်တိုင် ဖော်ထုတ်ခဲ့ရခြင်း (အသင်းအဖွဲ့များဆိုင်ရာ ဖွဲ့စည်းတည်ထောင်ခြင်းကဲ့သို့ မဟုတ်ဘဲ)၊ အသိပညာ ဗဟုသုတနှင့် လုပ်နိုင်စွမ်းရည်များ အကန့်အသတ်ရှိခြင်း (အထူးသဖြင့် လူထုကိုယ်စားလှယ် အေဂျင်စီများနှင့် လုပ်ပိုင်ခွင့်အာဏာများကို ၎င်းတို့က ပိုမိုရရှိလာနိုင်ခြင်း စသည်တို့နှင့် ပတ်သက်၍ အကောင်းဆုံးလုပ်ဆောင်ခြင်း)၊ ပြီးသည့်နောက် လုပ်ငန်းအကောင် အထည်ဖော်နေစဉ်ကာလအတွင်း ပြုလွယ် ပြင်လွယ်၊ ပြောင်းလဲတုံ့ပြန်လွယ်သော မဟာဗျူဟာ (ဥပမာ – ရေးဆွဲချမှတ်ထားသော အသေးစိတ်စီမံကိန်း)ကို ချမှတ် ကျင့်သုံးခြင်း စသည်တို့ဖြစ်ပါသည်။

- ဤမှတ်တမ်းတွင် MPSI ၏ သင်ခန်းစာများ၊ တွေ့ရှိသုံးသပ်ချက်များ၊ ရှုမြင်ပုံများကို မှတ်တမ်းတင်ထားပါသည်။ နောက်ခံအကြောင်းအရာပိုင်း (MPSI ၏ နှစ်နှစ်တာကာလ အတွေ့အကြုံနှင့်သင်ခန်းစာများ)နှင့် New Deal Framework[1] ကို မြန်မာနိုင်ငံဖြစ်စဉ်နှင့် ဆက်စပ်နိုင်းယှဉ်လေ့လာခြင်း အပိုင်းတို့ပါဝင်သည်။ ၎င်းတွင် (က) MPSI ကူညီပံ့ပိုးသည့် စီမံကိန်းများ အနှစ်ချုပ် (ခ)ဘေးဒဏ်သင့်နယ်မြေများတွင် စီမံကိန်း စီစဉ်ခြင်းနှင့် ဖြည့်ဆည်းဆောင်ရွက်ခြင်းတွင် အဖွဲ့အစည်းများအတွက် စဉ်းစားခြင်းများ စာရင်းပြုစုခြင်း (ဂ)၂၀၁၃ နှစ်ကုန်ပိုင်းတွင် ပြုလုပ်ခဲ့သော MPSI ၏ နားထောင်ခြင်း စီမံကိန်းမှ အင်တာဗျူးအဖြေများနှင့် (ဃ)MPSI ၏ သီးခြားလွတ်လပ်စွာ စိစစ်ခြင်း – အနှစ်ချုပ် အစီရင်ခံစာဟူ၍ အပိုင်းလေးပိုင်း ပါဝင်သည်။

## ငြိမ်းချမ်းရေးဖြစ်စဉ်

၂၀၁၁ ခုနှစ်နှောင်းပိုင်းတွင် စတင်ထွက်ပေါ်လာသော ငြိမ်းချမ်းရေးဖြစ်စဉ်သည် မြန်မာနိုင်ငံတွင် လွတ်လပ်ရေးကာလမှစ၍ ဆယ်စုနှစ်များစွာ ဖြစ်တည်ခဲ့သော လက်နက်ကိုင်ပဋိပက္ခများကို ဖြေရှင်းညှိနှိုင်းကြရန် အကောင်းဆုံးသော အခွင့်အလမ်းတစ်ခုဖြစ်သည်။ အပစ်အခတ်ရပ်စဲရေးသဘောတူညီချက်သည် ငြိမ်းချမ်းရေးဖော်ဆောင်ရေးအတွက် သမိုင်းဝင်သော အရေးကြီးသည့် အောင်မြင်မှုတစ်ခုဖြစ်သည်။ မြန်မာ့ငြိမ်းချမ်းရေးဖြစ်စဉ်မှာ သမ္မတ ဦးသိန်းစိန် နှင့် ၎င်း၏ အထူးငြိမ်းချမ်းရေးကိုယ်စားလှယ်ဝန်ကြီး ဦးအောင်မင်း (MPC) တို့ပါဝင်သည့် အစိုးရဦးဆောင်သော ငြိမ်းချမ်းရေးဖြစ်စဉ်ဖြစ်ပါသည်။ အစိုးရမှ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများနှင့် အပစ်အခတ်ရပ်စဲရေး သဘောတူ ဆွေးနွေးညှိနှိုင်းမှု အချို့မှာ မေးခွန်းထုတ်စရာ ကျန်ရှိနေသော်လည်း လက်ရှိသမ္မတနှင့် ၎င်း၏ အဖွဲ့ဝင်များ၏ မျှော်မှန်းချက်၊ ခေါင်းဆောင်မှုနှင့် ငြိမ်းချမ်းရေးအတွက်

[1] ညှိနှိုင်းမှုအသစ်တွင် ပျက်စီးထိရှမှုလွယ်သော နေရာများတွင် နိုင်ငံတကာလူထုလုပ်ငန်း နည်းလမ်းများနှင့် ပြောင်းလဲမှုပြုရန် ပါဝင်သည်။ ၎င်းတွင် ငြိမ်းချမ်းရေးတည်ဆောက်ခြင်းနှင့် နိုင်ငံတည်ဆောက်ခြင်း ရည်မှန်းချက်များကို အဓိကထားသည်။ ထို့ပြင် နိုင်ငံတော်က ဦးတည်လုပ်ဆောင်ခြင်းနည်းလမ်းသစ်များ၊ ပျက်စီးထိရှလွယ်သော နေရာများတွင် ပိုမိုကောင်းမွန်သော ရလဒ်ရရှိရန်၊ အပြန်အလှန်ယုံကြည်မှုတည်ဆောက်ရန်နှင့် ကတိကဝတ်ပြုမှုများကို ဖော်ထုတ်ရန်လည်း အဓိကထားသည်။ ရည်ညွှန်းကိုးကား-http://www.pbsbdialogue.org နှင့် http://www.newdeal4peace.org

စိတ်ပိုင်း ဖြတ်လုပ်ဆောင်နေမှုများကို ဆက်နွယ်ပတ်သက်နေသူ အများစုမှ အသိအမှတ်ပြုကြပါသည်။

MPSI ၏ နှစ်နှစ်တာလုပ်ငန်းနှင့် အတွေ့အကြုံများကို လေ့လာဆန်းစစ်ရာတွင် အောက်ပါတို့ကို တွေ့ရှိရသည်-

- ပြီးခဲ့သော တစ်နှစ်ခန့်မှစ၍ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများမှာ အစိုးရနှင့် တစ်နိုင်ငံလုံးဆိုင်ရာ အပစ်အခတ်ရပ်ဆဲရေးကိစ္စများအတွက် ဦးတည်ဆွေးနွေးညှိနှိုင်းရာတွင် ယခင်ကထက်ပို၍ တက်ကြွလှုပ်ရှားလာပြီး အသွင်သစ်ဖြစ်သော ဆက်ဆံရေးများ ဖြစ်ထွန်းလာပါသည်။ အခက်အခဲများ၊ တင်းမာမှုများ ကျန်ရှိနေသေးသော်လည်း တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများ၏ ငြိမ်းချမ်းရေးလိုလားသော စိတ်ပိုင်းဖြတ်မှုများ၊ လိုအပ်လျက်ရှိသော နိုင်ငံရေးစကားဝိုင်းများ စတင်ရန်အတွက် လိုလားချက်များနှင့်တကွ မြန်မာနိုင်ငံ၏ လွတ်လပ်ရေးနှောင်းပိုင်းကာလ ပြည်တွင်းစစ်၏ ပင်မအကြောင်းအရင်း ပြဿနာများအတွက် ဆွေးနွေးညှိနှိုင်းဖြေရှင်းပြီး အဖြေရှာနိုင်ရန် ကြိုးပမ်းနေမှုများကို တွေ့ရပါသည်။

- မြန်မာနိုင်ငံရှိ အခြားသော တိုင်းရင်းသားခေါင်းဆောင်များနည်းတူ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများသည်လည်း နိုင်ငံရေးစကားဝိုင်းဖြစ်စဉ်များမှ အားလုံးသဘောတူ လက်ခံနိုင်လောက်သော အဆုံးသတ်ရလဒ်ကောင်းများ ရရှိနိုင်ရန် အချိန်ယူကြရမည်ဖြစ်ကြောင်း လက်ခံမျှော် လင့်ထားပြီးဖြစ်ပါသည်။ တစ်ဆက်တည်းမှာပင် ၂၀၂၀ ခုနှစ်ခန့်အထိ အနည်းဆုံး ဦးတည်လုပ်ဆောင်ရမည့် ဤဖြစ်စဉ်အတွက် ၂၀၁၅ ခုနှစ်ရွေး ကောက်ပွဲကာလမှာ အခိုက်အတန့်အားဖြင့် နှောင့်နှေးမှုနှင့် အနှောက်အယှက်များ ဖြစ်စေနိုင်သည်ဟုလည်း ရှုမြင်ကြပါသည်။

- အပစ်အခတ်ရပ်စဲရေးနှင့် ငြိမ်းချမ်းရေးဖြစ်စဉ်များ ဖြစ်ထွန်းထွက်ပေါ်လာမှုများသည် နှစ်ပေါင်းများစွာ လက်နက်ကိုင် ပဋိပက္ခများနှင့် ရင်ဆိုင်ကြုံတွေ့ခဲ့ရသော သာမန်အရပ်သူ အရပ်သားများ၏ လူနေမှုဘဝပေါင်းများစွာကို ပြောင်းလဲမှုဖြစ်စေရန် အကူအညီပေးပါသည်။ နေရပ်စွန့်ခွာထွက်ပြေးသူများသည် ယခုအခါ ၎င်းတို့၏ မူလနေရာများသို့ ပြန်လာပြီး အခြေစိုက်နေထိုင်နိုင်ရန် ကြိုးစားနေပါသည်။ ဒေသတော်တော်များများတွင် (ယခင်)အခွန်အကောက်များ ကင်းလွတ်မှုရပြီး ရွာသားများ မိမိတို့လယ်ယာမြေများသို့ သွားရောက်လုပ်ကိုင်နိုင်ပြီး ဝင်ငွေတိုးအထောက်အကူပြုလုပ်ငန်းများ ဖြစ်ထွန်းလာပါသည်။ MPSI မှ ကွင်းဆင်းပြုလုပ်သော "Listening Project" နားထောင်မှုမှတ်တမ်းစီမံကိန်းမှ ရွာသားများသည် ယခု တွေ့ကြုံရသော ပြောင်းလဲမှုများအတွက် အလွန်ကျေနပ်ဝမ်းသာကြောင်းကို သက်သေထင်ရှားစွာ တွေ့ရပါသည်။ သို့သော် ၎င်းတို့အနေဖြင့် အပစ်အခတ်ရပ်စဲရေးမှသည် တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေးဖြစ်စဉ်ကို ထိန်းသိမ်းထားနိုင်မည်လောဆိုသည်ကိုလည်း စိုးရိမ်နေကြကြောင်း တွေ့ရသည်။

- မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးဖြစ်စဉ်ကို ကြည့်ပါက နိုင်ငံတကာအသိုင်းအဝိုင်း၏ အခန်းကဏ္ဍမှာ အကန့်အသတ်နှင့်သာ ပါဝင်မှုရှိပြီး အခြားထူးခြားမှုများစွာ ပါဝင်မှုရှိသည့်ကို မြင်တွေ့ရပါသည်။ အစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များကြား တိုက်ရိုက်ပင် ညှိနှိုင်းဆွေးနွေးအဖြေရှာကြပြီး ပြင်ပမှ ကြားဝင်စေ့စပ်ညှိနှိုင်းပေးသူ မရှိသလောက်ဖြစ်ပြီး နိုင်ငံတကာမှ လာရောက်ညှိနှိုင်းပေးခြင်းလည်း အနည်းအကျဉ်းသာရှိပါသည်။

- လက်ရှိနိုင်ငံ၏ စီးပွားရေးနှင့် နိုင်ငံရေးဖွံ့ဖြိုးပြောင်းလဲမှု အရှိန်အဟုန်သည် ဘာသာရေးကို အခြေခံသော လူမှုရေးပဋိပက္ခများ ဖြစ်ပွားမှုများ တိုးပွားနေမှုနှင့် အတူ တစ်မုဟုတ်ခြင်း ပြောင်းလဲသွားနိုင်ပါသည်။ ၂၀၁၁ ခုနှစ်နှောင်းပိုင်းမှ ရခိုင်ပြည်နယ်တွင် စတင်ခဲ့ပြီး အခြား နေရာတော်တော်များများတွင် ပျံ့နှံ့ခဲ့သော လူမှုရေး ပဋိပက္ခများသည် မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးဖြစ်စဉ်နှင့် တိုက်ရိုက်မသက်ဆိုင်သော်လည်း နှစ်ပေါင်းများစွာ အမြစ်တွယ်ခဲ့သော လူမျိုးရေးပဋိပက္ခ တစ်ခုအဖြစ် ရှိနေပါသေးသည်။

## အကြံပြုထောက်ခံချက်များ၏ အနှစ်ချုပ်

အောက်ပါ အကြံပြုထောက်ခံချက်များသည် အထောက်အပံ့ ပံ့ပိုးမှု မူဝါဒနှင့် ပြဿနာဖြစ်နိုင်ချေကို ဂရုပြုခြင်း အလေ့အကျင့်သမိုင်းကို ဖော်ပြရေးသားခြင်းထက် အထောက်အပံ့ ပို့ဆောင်ရာတွင် ပြဿနာဖြစ်နိုင်ချေကို ဂရုပြုခြင်းအပေါ် မည်သို့ကြီးကြီးမားမား အကျိုးသက်ရောက်ကြောင်းကိုသာ ဖောင်းပေးပြီး ရေးသားထားသည့်အပြင် နှစ်နှစ်တာကာလအတွင်း MPSI မှ ဖောက်ချလုပ်ကိုင်ခဲ့သော စီမံကိန်းများ၊ ဆွေးနွေးပွဲများမှ ထွက်ပေါ်လာသော ရလဒ်များ၊ အတွေ့အကြုံသင်ခန်းစာများကို အခြေခံကာ ပိုမိုကောင်းမွန်သော အရင်းအမြစ်များ၊ စွမ်းဆောင်ရည်နှင့် တိုးတက်အောင် လုပ်ဆောင်သင့်သည့် အရာများအပေါ် ရေးသားပြုစုထားသော သုံးသပ်ချက်များဖြစ်ပါသည်။

၎င်းအကြံပြုချက်များသည် မြန်မာနိုင်ငံတွင် ထိရောက်ဆီလျော်သော၊ ပိုမိုတိုးတက်ကောင်းမွန်သော ငြိမ်းချမ်းရေးဖြစ်စဉ်ဖြင့် ရှေ့သို့ဆက်လှမ်းစေလိုသော စိတ်စေတနာများဖြင့် ရေးသားခြင်းဖြစ်ပါသည်။

၁. **အခြေအနေအလိုက် နားလည်သဘောပေါက်လုပ်ဆောင်ခြင်း။** ပဋိပက္ခဘေးဒဏ်ခံစားခဲ့ရသော ဒေသများတွင် ကူညီပံ့ပိုးရာတွင် ဒေသအခြေအနေနှင့် သဘောတရားကိုလိုက်ပြီး ပံ့ပိုးဆောင်ရွက်ရန် လိုအပ်သည်။ ဒေသအစိုးရနှင့် လူမှုအသိုင်းအဝိုင်းတို့၏ ဆက်ဆံရေးသည် ငြိမ်းချမ်းရေးဖြစ်စဉ်တွင် ထည့်သွင်းညှိနှိုင်းရစမြဲဖြစ်သည်။ ဒေသတွင်းလူမှုအုပ်ချုပ်ရေးစီမံမှုများတွင် မည်သူက မည်သည့်တာဝန်ခံမှုနှင့် မည်သည့်အပိုင်းတွင် ပိုမိုထိရောက်စွာ လုပ်ကိုင်ဆောင်ရွက်နိုင်သည် စသည်တို့ကို ပုံဖော်သိရှိထားရမည်ဖြစ်သည်။ "နည်းပညာကျကျ" (technical fixes)အလေးပေးဆောင်ရွက်ခြင်း နည်းလမ်းထက် ငြိမ်းချမ်းရေးဖြစ်စဉ်နှင့် အံဝင်သော လိုက်လျောညီထွေသော အကူအညီများဖြစ်စေမည့် နည်းလမ်းများဖြင့်သာ ပိုမိုအလေးပေးဆောင်ရွက်သင့်ပါသည်။

- နိုင်ငံတကာအလှူရှင်များနှင့် သံတမန်များသည် မြန်မာ့နိုင်ငံရေးသမိုင်းနှင့် လက်ရှိနက်နဲရှုပ်ထွေးသော မြန်မာ့နိုင်ငံရေးသဘောတရားကို ကောင်းစွာ သိရှိနားလည်ထားပြီးမှ မြန်မာနိုင်ငံနှင့် ငြိမ်းချမ်းရေးဖြစ်စဉ်အတွက် ယင်းတို့၏ မြန်မာနိုင်ငံရေးရာ ဗျူဟာများကို ချမှတ်သင့်ပါသည်။
- ပဋိပက္ခဘေးဒဏ်သင့်သော နယ်မြေတွင် လုပ်ကိုင်နေသော အထောက်အပံ့ပေးသည့် ဌာနများသည် ယင်းဒေသတွင် ငြိမ်းချမ်းရေးနှင့်ပဋိပက္ခများ၏ ဒေသတွင်းနိုင်ငံရေးယဉ်ကျေးမှုများ (လုပ်ထုံးများ)၊ လွှမ်းဆွဲမှုများနှင့် အမြင်များကို နားလည်ပြီး လျောက်ပတ်စွာ တုံ့ပြန်တတ်ရန် လိုအပ်ပေသည်။
- အထူးသဖြင့် တိုင်းရင်းသားလက်နက်ကိုင်များ ထိန်းချုပ်ထားသောဒေသတွင် လူမှုဝန်ဆောင်မှုများ ပေးစွမ်းရန်သွားသောဆောင်ရွက်နေသူများကို ပံ့ပိုးကူညီပေးရန်နှင့် နိုင်ငံရေးစကားဝိုင်းကြားကာလတွင် တိုင်းရင်းသားလက်နက်ကိုင်များမှ ထိုလူမှုဝန်ဆောင်မှုများ အဆက်မပြတ် ပို့ဆောင်အကောင်အထည်ဖော်ပေးနေမှုကို ခွင့်ပြုရန် မည်သို့လုပ်ဆောင်မည်ကို စဉ်းစားတွေးတောရန် လိုအပ်သည်။

၂. **လက်ရှိဆွေးနွေးလျက်ရှိသော ဆွေးနွေးညှိနှိုင်းမှုများ အားလုံးသည် လိုအပ်သော အရင်းအမြစ်ခိုင်ခိုင်လုံလုံရှိရန် လိုအပ်သည့်အပြင်အဓိပ္ပာယ်ရှိရန်လည်း လိုအပ်သည်။** နိုင်ငံတကာ အကူအညီပေးမှုသည် ယုံကြည်မှု တည်ဆောက်နိုင်သော အခြေအနေ၊ စကားဝိုင်းပြုလုပ်ရန် နေရာကို ဖန်တီးပေးနိုင်သည့်အပြင် ဒေသခံလူစုများ၏ ရုပ်ပိုင်းဆိုင်ရာ၊ လူမှုရေးဆိုင်ရာနှင့် စီးပွားရေးဆိုင်ရာ လိုအပ်သည့် အခွင့်အလမ်းများကို ဖန်တီးပေးနိုင်သည်။ အစိုးရ၊ တိုင်းရင်းသားလက်နက်ကိုင်များ (၎င်းတို့၏ ဌာနအခွဲများ)နှင့် ဒေသတွင်း အဓိကပါဝင်လုပ်ဆောင်သူများ အားလုံးသည် ကြိုတင်ပြင်ဆင်ခြင်းနှင့် လက်ရှိဆွေးနွေးတိုင်ပင်မှုများတွင် ယုံကြည်မှုတည်ဆောက်ရန် အရေးပါသော အခွင့်အလမ်းများဖြစ်နေပါက အချိန်နှင့် အရင်းအမြစ်များကို လုပ်ငန်းစဉ်များထဲ ချမှတ်ခြင်းတွင် မြှုပ်နှံပါဝင်ကြရန် လိုအပ်သည်။ မည်သည့်ကြားဝင်ဆောင်ရွက်မှုကိုမဆို ဒီဇိုင်းရေးဆွဲခြင်းနှင့် ဆောင်ရွက်ခြင်းတို့မပြုမီ အဓိပ္ပာယ်ရှိသော ဆွေးနွေး ညှိနှိုင်းတိုင်ပင်မှု

ကို ကြိုတင်ပြုလုပ်ရန် လိုအပ်သည့်အပြင် ထိုဆွေးနွေးညှိနှိုင်းတိုင်ပင်မှုများအတိုင်း အခြေခံဆောင်ရွက်အကောင်အထည်ဖော်ရန် သဘောတူညီမှုရယူရမည်ဖြစ်သည်။ ညှိနှိုင်းတိုင်ပင်မှုသည် မည်သည့်နေရာတွင်၊ မည်သည့် ကြားဝင် ဆောင်ရွက်ချက်တို့ကို၊ မည်သို့ဆောင်ရွက်မည်နှင့် အကယ်၍ဆိုသည့် လေ့လာချက်များကို ဆန်းစစ်သတ်မှတ်ထားပြီး ထိုအတိုင်း လုပ်ဆောင်ရန် အားလုံးမှ သဘောတူထားပြီးလည်းဖြစ်ရမည်။

၃. **အခြေအနေအလိုက် ဆောင်ရွက်ခြင်း။** အကောင်အထည်ဖော် စီမံဆောင်ရွက်ကြသူများအနေဖြင့် ငြိမ်းချမ်းရေးဖြစ်စဉ်တွင် ပြောင်းလဲနေသော အခြေအနေနှင့် ပါဝင်ပတ်သက်သူများ၏ တိုင်ပင်နှီးနှောမှုမှ ရလာသော ရလဒ်များနှင့် လိုက်လျောညီထွေ ပြုပြင်ခြင်းနှင့် ကူညီထောက်ပံ့ရေး အစီအစဉ်များတွင် အောင်မြင်မှုကို တွေ့မြင်ရသည်အထိ စိတ်ရှည်လက်ရှည် စိတ်ပိုင်းဖြတ်မှုနှင့် ပံ့ပိုးမှုပေးကြရန်နှင့် အလိုက်အထိုက်ဆောင် ရွက်တတ်ကြရန် လိုအပ်သည်။ အပြောင်းအလဲ လျင်မြန်နေသော ပင်မနိုင်ငံရေးအခြေအနေတွင် လိုအပ်ချက် ကွက်လပ်များကို ဖြည့်ဆည်းပေးနိုင်မည့်၊ ပုံစံစနစ်တကျ မရှိနေသေးသော ဆွေးနွေးညှိနှိုင်းဆဲကာလတွင် လိုက်လျောညီထွေ တုံ့ပြန်နိုင်သော ပံ့ပိုးမှုအစီအစဉ်များကို ရေးဆွဲသော နည်းလမ်းများဖြင့် ဆောင်ရွက်ခြင်းသည် ဤငြိမ်းချမ်းရေးဖြစ်စဉ်ကာလအတွက် အရေးကြီးသော လိုအပ်ချက်ဖြစ်သည်။

၄. **ဒေသခံတို့၏ စွမ်းဆောင်နိုင်စွမ်းကို အသိအမှတ်ပြုပြီး ၎င်းတို့၏ လိုအပ်ချက်နှင့် ကြောင့်ကြမှုများကို ၎င်းတို့ ကိုယ်တိုင်သိရှိထုတ်ဖော်နိုင်စွမ်းကို မြှင့်တင်တည်ဆောက်ပေးခြင်း။** ပဋိပက္ခဘေးဒဏ်သင့် လူမှုအသိုင်းအဝိုင်း၏ အနေအထားသည် တမူထူးခြားပြီး ကွဲပြားသော ဒေသခံသမိုင်းများ၊ အတွေ့အကြုံများအပြင် ရည်မှန်းချက်နှင့် လိုအပ်ချက်များရှိသည်။ အကယ်၍ ငြိမ်းချမ်းရေးအတွက် ပံ့ပိုးမှုများသည် ဒေသခံများကိုယ်တိုင် ဦးဆောင်ကာ ကိုယ်ပိုင်ဖြစ်ပါက ရေရှည်တည်တံ့မှုကို ပိုမိုရရှိနိုင်သည်။ ပံ့ပိုးထောက်ပံ့မည့် လုပ်ငန်းအစီအစဉ်များသည် ဒေသခံများ၏ နဂိုရှိပြီးသော စွမ်းဆောင်ရည်နှင့် ပဋိပက္ခအတွေ့အကြုံများပေါ် အခြေခံအသိအမှတ်ပြုပြီး ယင်းအပေါ် ပံ့ပိုးအားပေးခြင်းဖြစ်သင့်သည်။ ဒေသအာဏာပိုင်များ၊ စစ်ကြောင်းများ တစ်ခဲနက် ဖြတ်သန်းသွားလာမှုများရှိသည့်အခါ ဒေသခံများ၏ စိတ်ပိုင်းဆိုင်ရာ တည်ငြိမ်ထိန်းသိမ်းနိုင်မှု၊ ထိန်းချုပ်ကျော်လွှားနိုင်မှုနှင့် ယိုယွင်းမှုမဖြစ်အောင် ကူညီနိုင်မည့် နည်းလမ်းဗျူဟာများပါ ကာကွယ်စောင့်ကြည့်ခြင်းလုပ်ငန်းစဉ်များအဖြစ် ထည့်သွင်းပြီး အန္တရာယ်ကျရောက်မှုကို လျော့ကျစေနိုင်သည်။

၅. **ငြိမ်းချမ်းရေးဖြစ်စဉ်တွင် ချိတ်ဆက်ဆောင်ရွက်မှုများနှင့် ပါဝင်ပတ်သက်မှုများ တိုးချဲ့ခြင်း။** ငြိမ်းချမ်းရေးဖြစ်စဉ်တွင် ပဋိပက္ခဘေးဒဏ်သင့် ရပ်ရွာဒေသများ၊ အမျိုးသမီးများ၏ စကားသံများထက် အထက်တန်းလွှာ၊ လူဂုဏ်တန်များ၊ အာဏာပိုင်များ၏ လွှမ်းမိုးမှုက ပိုများနေသည်။

- ပဋိပက္ခဘေးဒဏ်သင့်သော လူမှုအသိုင်းအဝိုင်း၏ စကားသံများထဲတွင် အစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင်များအနေဖြင့် နိုင်ငံရေးဖြေရှင်းမှုကို အဖြေရှာမရဘဲနှင့် ငြိမ်းချမ်းရေးဖြစ်စဉ်ပျက်စီးသွားမည့် စိုးရိမ်မှုများ ကျယ်ပြန့်စွာ တွေ့ရှိရပါသည်။ ငြိမ်းချမ်းရေးလုပ်ဆောင်သောအဆင့် (အပစ်အခတ်ရပ်စဲရေးသဘောတူခြင်း)မှသည် စစ်မှန်သော ငြိမ်းချမ်းရေး တည်ဆောက်ခြင်းသို့ အသွင်ကူးပြောင်းလာသည်ကို အချိန် – နိုင်ငံရေး စကားဝိုင်းများ ကာလတွင် ပိုမိုကျယ်ပြန့်သော လုပ်ဆောင်သူများ (လူထုအဖွဲ့အစည်းများ၊ နိုင်ငံရေးလုပ်ရှားသူများနှင့် မြန်မာနိုင်ငံသား အားလုံး) ပါဝင်လာရန် အရေးပါသည်။ ယင်းသို့ ပါဝင်မှု ပိုမိုများပြားလာခြင်းသည် ကြီးလေးသော စီမံခန့်ခွဲခြင်းနှင့် နိုင်ငံရေးတာဝန်တစ်ခုဖြစ်သည်နှင့်အညီ အလှူရှင်များထံမှ ငွေရေးကြေးရေးကူညီမှုသာမက နိုင်ငံရေးအကူအညီများပါ လိုအပ်လာမည်ဖြစ်သည်။
- အမျိုးသမီးများ ငြိမ်းချမ်းစဉ်တွင် ပိုမိုပါဝင်လာစေရန်နှင့် ချိတ်ဆက်ဆောင်ရွက်လာစေရန် မြှင့်တင်ရေးများ လုပ်ဆောင်ရန် များစွာ ကျန်ရှိသေးသည်။ အရေးပါ

သည့် ကိစ္စရပ်များတွင် အမျိုးသမီးများ၏ အရေးပါ အရာရောက်မှုကို ပေါ်လွင်စေမည့် အသိအမှတ်ပြု ခြင်းရယူနိုင်မည့် ငြိမ်းချမ်းရေးဖြစ်စဉ်တွင် အမျိုးသမီး ကဏ္ဍကို မြှင့်တင်ပေးမည့် တီထွင်ဆန်းသစ်မှုနှင့် အာရုံပြုမှုဖြစ်သည့် နည်းလမ်းများ ရှာဖွေရပါမည်။ ဤပံ့ပိုးမှုများကို လိုအပ်ချက်များနှင့် ကိုက်အောင်စီစဉ် ရမည်။

## ၆. ရိုးရှင်း၍လက်တွေ့ကျသော ညှိနှိုင်းခြင်းအပေါ် သဘောတူညီခြင်းနှင့် အခြေအနေကို လိုက်၍ တိုးလျှော့ပြုလုပ်နိုင်သော ငွေကြေးထောက်ပံ့မှု စနစ်။

- ပူးပေါင်းဆောင်ရွက်သူများသည် ရိုးရှင်းသော လက်တွေ့ကျသော၊ လွယ်ကူပေါ့ပါးသော ညှိနှိုင်းမှု နည်းပညာများ (ဤနည်းပညာများသည် နိုင်ငံရေး နှင့် ပြဿနာဆန်းစစ်ချက်များကို ဝေမျှစေရန်၊ ပါဝင်ပတ် သက်သော အကြောင်းအရာများအပေါ် ဘုံတူသော နားလည်မှုရအောင် ကူညီပံ့ပိုးရန်နှင့် ကောင်းမွန်ပြေ လည်သော ကူညီခြင်းနှင့် နည်းဗျူဟာမြောက်ရည်မှန်း ချက်များကို မျှဝေစေရန် လမ်းကြောင်းပေးသည်)ကို သဘောတူညီသင့်သည်။
- လျင်မြန်စွာ တုံ့ပြန်နိုင်ပြီး လက်တွေ့အကောင်အထည် ဖော်နိုင်သော ရန်ပုံငွေ စီမံခန့်ခွဲသည့် သင့်တော်သော ဘုံယန္တရားများ ဖွဲ့စည်းသင့်သည်။ တိုင်းရင်းသား လက်နက်ကိုင်များ၏ ဖွဲ့စည်းပုံနှင့် လူမှုဝန်းကျင် အဖွဲ့ အစည်းများနှင့် အတတ်နိုင်ဆုံး တိုက်ရိုက်ဆောင်ရွက် ရာတွင် တွေ့ကြုံနိုင်မည့် စွမ်းဆောင်ရည်အခက်အခဲ များနှင့် အန္တရာယ်များကို ညှိနှိုင်းပြေလည်စေရန် လွယ်ကူသော ငွေကြေးစီမံခန့်ခွဲသည့် ယန္တရားများရှိ သင့်သည်။

## ၇. အားလုံးပါဝင်သော တစ်မျိုးသားလုံးဆိုင်ရာ ငြိမ်းချမ်းရေး တည်ဆောက်ရေးအစီအစဉ်ကို အားပေးခြင်း။

**အားပေးခြင်း။** အစိုးရ၊ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့များ၊ နိုင်ငံရေးတွင် ပါဝင်လှုပ်ရှားသူများ၊ လူမှု အခြေပြုအဖွဲ့အစည်းနှင့် ဒေသခံလူထုများပါ အားလုံး ပူးပေါင်းပါဝင်ပြီး ပြုစုတည်ဆောက်ထားသော၊ ကိုယ်ပိုင်ဖြစ်သော အစီအစဉ်တစ်ခုဖြစ်ရန် အရေးကြီး သည်။ ယင်းအစီအစဉ်ကို ပြုစုတည်ဆောက်မှုဖြစ်စဉ် သည် ထွက်ပေါ်လာမည့် ရလဒ်ကဲ့သို့ပင် တန်းတူ အရေးပါသည်။ အလှူရှင်များအနေဖြင့် သီးသန့်ကဏ္ဍ များ၏ အစီအစဉ်နှင့် ချဉ်းကပ်မည့် နည်းလမ်းများနှင့် ငြိမ်းချမ်းရေး တည်ဆောက်ရေး အစီအစဉ်ကြား အဓိက ကွဲပြားခြားနားချက်များကို သိရှိနားလည်ရန် လည်း လိုအပ်ပါသည်။

# အနှစ်ချုပ် ဇယားများ - စိန်ခေါ်မှုနှင့် အောင်မြင်မှုများ၊ စီမံကိန်းများ၊ သင်ခန်းစာများနှင့် ပြန်လည်ဆန်းစစ်ချက်များ

## စိန်ခေါ်မှုနှင့် အောင်မြင်မှုများ၏ အနှစ်ချုပ်

MPSI အနေဖြင့် ငြိမ်းချမ်းရေးဖြစ်စဉ်၏ ယုံကြည်မှုတည်ဆောက်ရေး အပိုင်းများတွင် ကူညီပံ့ပိုးရာတွင် လက်တွေ့ကျကျ မြေပြင်ရပ်ရွာဒေသများတွင် အပစ်ရပ်အခြေအနေများကို စမ်းသပ်ခဲ့ပါသည်။ ယင်းသို့ လုပ်ဆောင်ရာတွင် MPSI အနေဖြင့် ဒေသဆိုင်ရာ အခြေအနေ၊ နိုင်ငံရေးအခြေအနေနှင့် ပုံစံစနစ်များ၏ စိန်ခေါ်မှုများကို ရင်ဆိုင်ခဲ့ရသည်များ ရှိပါသည်။ အောက်ပါဇယားတွင် စိန်ခေါ်မှုများနှင့် အောင်မြင်မှုများ အနှစ်ချုပ်ကို ဖော်ပြထားပြီးအသေး စိတ်ကိုအပိုင်း ၂ တွင် ဆက်လက်တွေ့ရှိနိုင်ပါသည်။

## စိန်ခေါ်မှုများနှင့် အောင်မြင်မှုများ

### စိန်ခေါ်မှုများ

- တိုင်းရင်းသားအဖွဲ့များ၏ နိုင်ငံရေးဖြစ်စဉ်တွင်ရှိသော ကိုယ့်ကိုကိုယ် ယုံကြည်မှု အတိုင်းအတာ အကန့်အသတ်ရှိနေခြင်း။
- MPSI မှ အပစ်ရပ်ဒေသများတွင် အလျင်အမြန်ဝင်ရောက်ပြီး အတိုင်းအတာကြီးမားသော စွက်ဖက်မှုများ ပြုလုပ်ရန် မျှော်လင့်ကြခြင်း။
- ဒေသခံအဖွဲ့များနှင့် တိုင်းရင်းသားအဖွဲ့များအနေဖြင့် မိမိတို့၏ လိုအပ်ချက်များကို ထုတ်ဖော်တင်ပြရန် စွမ်းဆောင်နိုင်မှု အရည်အချင်း အားနည်းခြင်း။
- အချိန်နှင့် တပြေးတည်းဖြစ်လာသော ယုံကြည်မှုတည်ဆောက်ရေး စီမံကိန်းလိုအပ်ချက်များတွင် ရန်ပုံငွေပေးသည့် စနစ်ပုံစံမှာ အချိန်နှင့် တပြေးညီ မတုံ့ပြန်နိုင်ခြင်း။
- MPSI ၏ ဆက်သွယ်ရေးဗျူဟာ - လျင်မြန်စွာ ဆောင်ရွက်ရန် လိုအပ်ခြင်း၊ လိုအပ်ချက်နှင့် ပန်ကြားချက်များကြား ဖြစ်စဉ်တလျှောက် တုံ့ပြန်ခြင်း၊ ကျယ်ကျယ်ပြန့်ပြန့်ရှိစေခြင်းနှင့် အားလုံး ပါဝင်ဆွေးနွေးမှုရှိထားသော ဆက်သွယ်ရေးလုပ်ငန်းစဉ်များနှင့် ဗျူဟာဖြစ်ရန် မျှတစွာ ချိန်ဆထားရှိမှု။
- MPSI ဝန်ထမ်းများ - MPSI အဖွဲ့သည် မြန်မာနိုင်ငံတွင်သာမက ငြိမ်းချမ်းရေးနှင့် ပဋိပက္ခကိစ္စရပ်များတွင် အတွေ့အကြုံရင့်ကျက်သော သူများပါဝင်သော်လည်း လူဦးရေနည်းပြီး အချိန်ပိုင်းလုပ်ဆောင်သူများ များခြင်း။
- လူမှုရေးအဖွဲ့များမှ ဝေဖန်ချက်များ - MPSI ကို အစိုးရ၏ “စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ပထမ” အစီအစဉ်ကို ပံ့ပိုးသည်ဟူသော အမြင်ရှိကြခြင်းနှင့် လုံလောက်သော ဆွေးနွေးပွဲများ မလုပ်ဖြစ်ခြင်း။

### အောင်မြင်မှုများ

- နိုင်ငံရေးအခင်းအကျင်းပြောင်းလဲမှုတွင် လျင်မြန်စွာ တုံ့ပြန်မှုပေးခြင်းနှင့် နိုင်ငံတကာ အသိုင်းအဝိုင်း၏ နိုင်ငံရေးပံ့ပိုးမှုပေးမှုကို ထင်သာမြင်သာရှိခြင်း
- တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ၇ ဖွဲ့နှင့် ချိတ်ဆက်ဆောင်ရွက်ခြင်းနှင့် အပစ်ရပ်သဘောတူညီမှုပါ အဓိကအချက်အချို့ကို ပံ့ပိုးပေးခြင်းနှင့် စမ်းသပ်ခြင်းများ ပြုလုပ်ခြင်း
- အထူးသဖြင့် အောက်ခြေဒေသအဆင့်တွင် စိတ်ပိုင်းဖြတ်ထက်သန်မှုနှင့် ဆက်ဆံရေးလမ်းကြောင်းများ ပွင့်လင်းလာခြင်း။
- ငြိမ်းချမ်းရေးဖြစ်စဉ်တွင် ရပ်ရွာလူထု၊ လူမှုရေးအဖွဲ့အစည်းများနှင့် နိုင်ငံရေးပါတီများ အားလုံး ပါဝင်မှု ပိုမို လေးနက်မှုရှိလာခြင်း။
- ရပ်ရွာလူထုအချင်းချင်းကြားယုံကြည်မှု ပိုမိုရရှိလာခြင်း။
- သီးခြားဖြစ်နေသော ရပ်ရွာများတွင် ပေါင်းကူးသဖွယ် ချိတ်ဆက်ပေးခြင်းနှင့် လူသားချင်းစာနာထောက်ထား

ရာ နေရာတိုးပွားလာခြင်း။

- ရပ်ရွာများကို ပဋိပက္ခများမှ ပြန်လည်ထူထောင်နိုင်လာအောင် ပံ့ပိုးခြင်း။
- အလှူရှင်များ၏ ပံ့ပိုးမှုနှင့် စပ်လျဉ်း၍ ပိုမိုနားလည်လာအောင် ဆောင်ရွက်ပေးခြင်း-MPSI မှ ပံ့ပိုးသော စီမံကိန်းများသည် ရှုပ်ထွေးသိမ်မွေ့ပြီး လျင်မြန်စွာ ဖြစ်ပေါ်နေသော ငြိမ်းချမ်းရေးဖြစ်စဉ်တွင် ဖြစ်နိုင်ချေရှိသော မရှိသော၊ သင့်တော်လျောက်ပတ်သော အခြေအနေ စသည်တို့ကို ပေါ်လွင်အောင် ဖော်ညွှန်းနိုင်ရန် ကူညီပေးသည်။
- MPSI လုပ်ငန်းဆောင်ရွက်ချက်များမှ ရရှိသော လေ့လာမှုများကို ငြိမ်းချမ်းရေးဖြစ်စဉ်တွင် ပြန်လည်ဖြန့်ဝေပေးခြင်းနှင့် အဓိကဆက်နွယ် ပတ်သက်နေသူများကို တွေ့ရှိချက်များဝေမျှ ဆက်သွယ်ခြင်း။

## MPSI မှ ပံ့ပိုးသော စီမံကိန်းများ၏ အနှစ်ချုပ်

MPSI မှ ပံ့ပိုးသော စီမံကိန်းများသည် ငြိမ်းချမ်းရေးဖြစ်စဉ်ကို စမ်းသပ်သည့်၊ ယုံကြည်မှုတည်ဆောက်သည့် စီမံကိန်းများကို ပံ့ပိုးရန် ရည်ရွယ်သည်။ MPSI မှ ပံ့ပိုးသော စီမံကိန်းများမှာ အောက်ပါအတိုင်းဖြစ်ပြီး အသေးစိတ် အကြောင်းအရာများကို နောက်ဆက်တွဲ အပိုင်း ၁ တွင် တွေ့ရှိရမည် ဖြစ်သည်။

**ချဉ်းကပ်ခြင်း နည်းလမ်း ၁ - လူထုအား အကူအညီပေးခြင်း၊ နှစ်ဦး နှစ်ဖက်အချေအတင်ဆွေးနွေးမှု အခွင့်အလမ်းဖန်တီးပေးခြင်းနှင့်အတူ လူသားချင်း စာနာထောက်ထားရေးဆိုင်ရာ လုပ်ဆောင်မှု ပိုမို ကျယ်ပြန့်လာစေခြင်း။**

၁) ပဲခူးတိုင်းဒေသကြီး အရှေ့ဘက်ခြမ်း - ကျောက်ကြီး စမ်းသပ်စီမံကိန်း
၂) တနင်္သာရီ - ထားဝယ်နှင့် ပုလောစီမံကိန်း
၃) မွန် - ကရိန်းဗတွဲ စမ်းသပ်စီမံကိန်း ပရိဂျက်
၄) ကယား/ကရင်နီ - ရှားဒေါ စမ်းသပ်စီမံကိန်း
၅) ကရင် - DKBA စမ်းသပ် စီမံကိန်း
၆) သက်သေခံကတ်ပြား ပြုလုပ်ရေး အစီအစဉ်

**ချဉ်းကပ်ခြင်း နည်းလမ်း ၂ - အောက်ခြေကျေးရွာ လူထုများ၊ အောက်ခြေ လူမှုအသင်းအဖွဲ့များ၊ နိုင်ငံရေးပါတီများနှင့် တိုင်းရင်းသားလက်နက်ကိုင် တပ်ဖွဲ့များအကြား အချေအတင်ဆွေးနွေးညှိနှိုင်းခြင်းနှင့် လူထုအစည်းအဝေးများ ဖြစ်ပေါ်စေရန် ပံ့ပိုးကူညီခြင်း**

၇) NMSP ဆွေးနွေးပွဲ အကောင်အထည်ဖော်မှု လုပ်ငန်းစဉ်
၈) မွန်တစ်မျိုးသားလုံးဆိုင်ရာ ညီလာခံ
၉) ချင်းလူထုဆွေးနွေးပွဲလုပ်ငန်းစဉ်နှင့် ချင်းစာသင်ကျောင်းများအတွက် အိုင်တီနည်းပညာ
၁၀) ချင်းတစ်မျိုးသားလုံးဆိုင်ရာ ညီလာခံ
၁၁) KNPP လူထုဆွေးနွေးပွဲ ဖော်ဆောင်မှုလုပ်ငန်းစဉ်
၁၂) ငြိမ်းချမ်းရေးအတွက် ယုံကြည်မှုတည်ဆောက်ခြင်း ညီလာခံ
၁၃) ကရင်ဒေသ လူထုဖွံ့ဖြိုးရေးနှင့် သတင်းအချက်အလက်ဖလှယ်ရေး အစီအစဉ်
၁၄) တိုင်းရင်းသားလက်နက်ကိုင်တပ်ဖွဲ့များနှင့် လူထုတွေ့ဆုံဆွေးနွေးပွဲ

**ချဉ်းကပ်ခြင်း နည်းလမ်း ၃ - ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးတို့၏ အခြေခံအုတ်မြစ်ကို ဝေမျှခြင်း**

၁၅) ချင်းဖွံ့ဖြိုးရေး အေဂျင်စီ၊ မွန်အမျိုးသားပညာရေး စီမံကိန်း
၁၆) တိုင်းရင်းသားငြိမ်းချမ်းရေး အရင်းအမြစ် စီမံကိန်း
၁၇) တိုင်းရင်းသားလက်နက်ကိုင်တပ်ဖွဲ့ ၇ ဖွဲ့ (ALP၊ CNF၊ KNU၊ KNPP၊ NMSP၊ RCSS၊ SSPP)နှင့် ငြိမ်းချမ်းရေး ဆက်ဆံရေးရုံး ၁၆ ရုံးတည်ဆောက်ခြင်း
၁၈) ရှမ်း မီဒီယာသင်တန်း
၁၉) KNU ပြည်နယ်၊ နိုင်ငံရေးနှင့် မဟာဗျူဟာကျကျ စဉ်းစားခြင်း အလုပ်ရုံဆွေးနွေးပွဲ
၂၀) KNU စီးပွားရေးမူဝါဒ အလုပ်ရုံဆွေးနွေးပွဲ
၂၁) မြေမြှုပ်မိုင်းနှင့် ပတ်သက်၍ နည်းပညာရပ်ပိုင်းဆိုင်ရာ မဟုတ်သော သာမန်စစ်တမ်းကောက်ယူခြင်း စမ်းသပ်စီမံကိန်း

## ရရှိသော သင်ခန်းစာများ၏ အနှစ်ချုပ်

ဤအစီရင်ခံစာတွင် MPSI ၏ နှစ်နှစ်တာ ငြိမ်းချမ်းရေးဖြစ်စဉ် အတွေ့အကြုံများ၏ အကြောင်းအရာများကို အခန်း ၂ နှင့် အခန်း ၃ အနေနှင့် အသေးစိတ် ပါဝင်ပါသည်။ MPSI နှင့် ချိတ်ဆက်ဆောင်ရွက်နေသော ပါဝင်လုပ်ဆောင်နေသူများ၊ MPSI နှင့် ဆက်စပ်ဆောင်ရွက်သော တိုင်းရင်းသားငြိမ်းချမ်းရေး အရင်းအမြစ် စီမံကိန်း (EPRP)၊ ညှိနှိုင်းမှု မူဘောင်အသစ် (New Deal Framework) နှင့် ထိခိုက်လွယ်သော နိုင်ငံတွင်း အခြေခံမူများ (Fragile States Principles)ကို အခြေခံ၍ လက်တွေ့ ဆောင်ရွက်နေသော အလှူရှင်များ လိုက်နာဆောင်ရွက်သင့်သည့် လမ်းညွှန်ချက်များကို သုံးသပ်တင်ပြထားပါသည်။

## သင်ခန်းစာနှင့် ပြန်လည်သုံးသပ်ခြင်း - *အသေးစိတ်ကို အခန်း ၂ နှင့် အခန်း ၃ တွင် ကြည့်ပါ။*

### လူထုရပ်ရွာများနှင့် အတူစေ့စပ် ဆွေးနွေးခြင်းမှ ရရှိသော သင်ခန်းစာများ

- မြန်မာတစ်ဝှမ်းလုံးရှိ မတူညီကွဲပြားသော နယ်ပယ်ဒေသတွင်ရှိသော ရွှေ့ပြောင်းနေသော ဒေသခံများကြား ကွဲပြားမှုပြဿနာများ။
- ဒေသခံမဟုတ်သူများသည် လူထုရပ်ရွာများ၏ လိုအပ်ချက်နှင့် ပြင်းပြသော ဆန္ဒများကို နားမလည်နိုင်ခြင်း။
- ငြိမ်းချမ်းရေးနှင့် လုံခြုံမှုကသာ လူသားချင်းစာနာထောက်ထားမှု (သို့မဟုတ်) ဖွံ့ဖြိုး တိုးတက်ရေးအတွက် အထောက်အပံ့များထက် ပိုမိုလိုအပ်နေခြင်း။
- အပစ်အခတ်ရပ်စဲရေး၏ မြင်သာခိုင်မာသော အကျိုးရလဒ်အနေဖြင့် သွားရေးလာရေး လွတ်လပ်မှုများ တိုးပွားလာခြင်း။
- ကိုယ်ပိုင်မြေနေရာတွင် အတည်တကျ လုံခြုံစွာနေထိုင်နိုင်ရေးသည် ပမာဏအားဖြင့် အကြီးမားဆုံးသော ပြဿနာတစ်ရပ်အဖြစ် ကြီးထွားလာခြင်း။
- စီးပွားရေးသည် ပျက်စီးစေနိုင်သော အရာဖြစ်သည်ဆိုသော်လည်း အပြုသဘော ဆန်သော ငြိမ်းချမ်းရေးကို ပိုမိုထောက်ပံ့သော အရာတစ်ခုဖြစ်အောင် စေ့စပ်ဆွေးနွေးနိုင်ခြင်း။
- တိုင်းရင်းသားများ နယ်မြေဒေသတွင် အခြေခံအဆောက်အအုံ တည်ဆောက်မှုပိုင်း သက်ဆိုင်သည့် ပရိုဂျက်နှင့် ပတ်သက်မှုများ ပျံ့နှံ့နေခြင်း။
- လူထုရပ်ရွာများသည် ပိုမိုကောင်းမွန်သော စီမံအုပ်ချုပ်မှုနှင့် ဝန်ဆောင်မှုပေးဝေခြင်းကို လိုလားနေသည့် အချိန် တိုင်းရင်းသားနယ်မြေဒေသများတွင် အစိုးရနှင့် အစိုးရမဟုတ်သော အဖွဲ့များအကြား မည်သူကတာဝန်ယူရမည့် မူဘောင်ထဲမှာရှိနေခြင်းမှာ မေးခွန်းထုတ်ရမည့် အနေအထားတွင် ရှိနေခြင်း။

### လူထုအသိုင်းအဝိုင်းနှင့်အတူ စေ့စပ်ဆွေးနွေးမှုမှ ရရှိသော သင်ခန်းစာများ

- ပဋိပက္ခဘေးဒဏ် သက်ရောက်သည့် ဒေသများတွင် ရပ်ရွာအခြေပြုအဖွဲ့များ ပါဝင်သော စုပေါင်းအဖွဲ့များနှင့် ပူးပေါင်းပြီး အထောက်အပံ့များ ပေးသော နည်းလမ်းသည် အသုံးဝင်ခြင်း။
- ယုံကြည်စိတ်ချမှုရှိသော လိုအပ်ချက်များက လူထုရပ်ရွာအခြေပြုအဖွဲ့များ၏ လုပ်ဆောင်နိုင်မှုကို ကန့်သတ်ထားသော အရာများအား အပြုသဘော တန်ပြန်မှု ပြုလုပ်စေသင့်ခြင်း။
- ပံ့ပိုးမှုသည် လူထုရပ်ရွာအခြေပြုအဖွဲ့နှင့် လူထုရပ်ရွာကြား ဆက်ဆံရေးကို လျော့မကျစေရန်နှင့် အားကောင်းလာအောင် လုပ်ဆောင်သင့်ခြင်း။
- ညှိနှိုင်းတိုင်ပင်ထားသော ဌာနကို ထောက်ခံသော ကောင်းသော ညှိနှိုင်းတိုင်ပင်ခြင်း၊ နိုင်ငံတကာနှင့် စေ့စပ်နိုင်ရန် လုပ်ဆောင်နိုင်စွမ်း နည်းပါးခြင်းအပေါ် ထည့်သွင်းစဉ်းစားခြင်းနှင့် အပေါင်းအပါများကို အကျိုးခံစားသူများအနေနှင့် မမြင်ခြင်း။

### တပ်မတော်နှင့် အစိုးရနှင့်အတူ စေ့စပ်ဆွေးနွေးမှု မှရရှိသော သင်ခန်းစာများ။

- အစိုးရနှင့် တပ်မတော်အတွက် စမ်းသပ်ပရိုဂျက်များ ထဲတွင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ ပူးပေါင်းပါဝင်ခြင်းသည် ယုံကြည်မှုနှင့် ဆက်နွယ်မှု

တည်ဆောက်ခြင်းအတွက် အကျိုးများစွာ သက်ရောက်မှုရှိခြင်း။

- စွမ်းဆောင်ရည် အားနည်းနေသေးသော်လည်း တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ၏ ဆက်သွယ်ရေးရုံးများ ထားရှိခြင်းသည် တင်းမာမှုများ လျော့နည်းစေသော အဓိက လုပ်ဆောင်ပေးနိုင်မှုဖြစ်ခြင်း။
- ပဋိပက္ခဘေးဒဏ်သင့် နယ်မြေဒေသတော်တော်များများတွင် ဝင်ရောက်လေ့လာရန် ခက်ခဲသေးသော်လည်း အတော်အတန် လွယ်ကူလာခြင်း။
- မြန်မာနိုင်ငံငြိမ်းချမ်းရေးပြန်လည်ထူထောင်ရေးလုပ်ငန်းဗဟိုဌာန MPC သည် ငြိမ်းချမ်းရေးဖြစ်စဉ်အတွက် အဓိကလုပ်ရှား ဆောင်ရွက်သူအနေနှင့် ပေါ်ပေါက်လာပါသော်လည်း ပူးပေါင်းဆောင်ရွက်မှုများတွင် ခက်ခဲမှုများ ရံဖန်ရံခါ ရှိနေခြင်း။

## နိုင်ငံရေးပါတီများနှင့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များနှင့်အတူ စေ့စပ်ဆွေးနွေးမှုမှ ရရှိသော သင်ခန်းစာများ

- တိုင်းရင်းသားအဖွဲ့များသည် ပဋိပက္ခဘေးဒဏ်သင့်နယ်မြေဒေသများတွင် ကူညီ ထောက်ပံ့မှုသည် အစိုးရ၏ နိုင်ငံရေးဆိုင်ရာ သို့မဟုတ် စီးပွားရေးဆိုင်ရာ အစီအစဉ် (agenda)များနှင့် လျှို့ဝှက်ပတ်သက်နေမည်ကို စိုးရိမ်ခြင်း။
- တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များတွင် မတူညီကွဲပြားသော သမိုင်းကြောင်းများ၊ အကြောင်းအရာများနှင့် ပြင်းပြသော ဆန္ဒများကြောင့် ငြိမ်းချမ်းရေးဖြစ်စဉ်တွင် လွန်စွာကွဲပြားသော ယုံကြည်မှု အခြေအနေအဆင့်များ ရှိခြင်း။
- တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များသည် အပစ်အခတ်ရပ်စဲရေး စတင်ပြီးစဉ်မှ ယခု ချိန်ထိ လူမှုအဖွဲ့အစည်းများအတွက် ပါဝင်ဆောင်ရွက်ရန်အတွက် နေရာပေးခြင်းမျိုး မဟုတ်ဘဲ လူမှုအဖွဲ့အစည်းများကိုယ်တိုင်မှ နေရာတောင်းယူလုပ်ဆောင်နေရခြင်း။
- ရပ်ရွာလူထုများသည် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များကို နိုင်ငံတော်ထက် ပို၍ လက်ခံကြကြောင်း ယေဘုယျအားဖြင့် တွေ့ရသည်။ သို့သော် ရံဖန်ရံခါတွင် လက်မခံသော အရာများကို ထုတ်ဖော်ခြင်းရှိပါသည်။
- တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ၏ လူထုရပ်ရွာနှင့် ဆွေးနွေးတိုင်ပင်မှုများသည် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ စီမံအုပ်ချုပ်ရေးနှင့် လူမှုအဖွဲ့အစည်းများကြား ဆက်ဆံရေးကို တိုးတက်ကောင်းမွန်စေပါသည်။
- ငြိမ်းချမ်းရေးဖြစ်စဉ်တွင် အဓိကသော့ချက်အဖြစ် အစိုးရမဟုတ်သော အဖွဲ့အစည်းနှင့် အစိုးရကြား အနာဂတ်ဆက်ဆံရေးကို ဒေသတွင်း အဖွဲ့အစည်းများ ပါဝင်လျက် မည်သို့ သတ်မှတ်ဆုံးဖြတ်ကြမည်ကို ဆိုခြင်းဖြစ်သည်။
- တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ၏ ပြဿနာများတွင် မတူညီကွဲပြားသော အစီအစဉ်များနှင့် သဘောထား အသံများ ရှိနေခြင်း။
- တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များသည် မကြာခဏဆိုသလို သူတို့၏ လိုအပ်ချက်များနှင့် ပတ်သက်သော အမှုအရာများကို ရှင်းလင်းစွာ ဖော်ထုတ်ပြောဆိုနိုင်စွမ်းရည် မရှိခြင်းကြောင့် နိုင်ငံတကာ၏ ထောက်ပံ့မှုမရရှိခြင်းများ ဖြစ်ပေါ်ခြင်း။
- အမျိုးသမီးများသည် ယခုလက်ရှိထိ ငြိမ်းချမ်းရေးဖြစ်စဉ်တွင် ဖယ်ကျဉ်ခံရထားခြင်း။
- နိုင်ငံရေးပါတီများကလည်း ငြိမ်းချမ်းရေးဖြစ်စဉ်တွင် ဖယ်ကျဉ်ခံရသည် (ဘောင်မဝင် သည်) ဟု ခံစားရခြင်း။

## EPRP မှ သင်ခန်းစာများ

- ငြိမ်းချမ်းရေးဖြစ်စဉ်ဆိုင်ရာ သတင်းအချက်အလက်များကို ပစ္စည်းဥစ္စာမပြည့်စုံသော လူထုရပ်ရွာများက လွယ်လင့်တကူ မရရှိခြင်း။
- နည်းပညာပိုင်းဆိုင်ရာထောက်ပံ့မှုများ လျင်မြန်စွာ လိုအပ်နေပြီး ဖြည့်ဆည်းပေးနိုင်မှု မပြည့်မီခြင်း။
- ငြိမ်းချမ်းရေးဖြစ်စဉ်တွင် အပစ်အခတ်ရပ်စဲရေး ဆက်ဆံရေးရုံးများကို ပံ့ပိုးမှုပေးရေးတွင် နိုင်ငံတကာ ငြိမ်းချမ်းရေး အားပေးထောက်ပံ့သူများက ကောင်းစွာ အသိအမှတ်မပြုခြင်း (မထောက်ပံ့ခြင်း)။

- ယောကျာ်းများ လွှမ်းမိုးသော ငြိမ်းချမ်းရေးဖြစ်စဉ်တွင် ကျား၊ မ တန်းတူညီမျှမှုဆိုင်ရာ တန်ပြန်မှုများ၊ ဆောင်ရွက်မှု အနေအထားနည်းပါးခြင်း။
- တိုင်းရင်းသားလူထုရပ်ရွာများထဲတွင် တိုင်းရင်းသားများ၏ အမြင်တွင် ဖက်ဒရယ်အုပ်ချုပ်ရေး ရရှိရေးသည် တိုင်းရင်းသားများ၏ ညီညွတ်သော ဆန္ဒကို ရယူရန် နည်းလမ်းအသွင် မဆောင်ဘဲ ရောက်ရှိမည့် ပန်းတိုင်တစ်ခုအသွင် ဆောင်နေခြင်းသည် ပြဿနာ ကွဲလွဲမှု ဖြစ်နိုင်ပါသည်။
- တိုင်းရင်းသား လူထုရပ်ရွာများတွင် ဒီမိုကရေစီအရေးနှင့် အကြမ်းမဖက်ဘဲ သူတို့၏ ရည်မှန်းချက်ကို ထောက်ခံမယ့်လုပ်ဆောင်ချက်အတွက် နားလည်နိုင်မှုတွင် အကန့်အသတ်ရှိခြင်း။
- ပြည်နယ်အစိုးရ၏ အခန်းကဏ္ဍနှင့် ပတ်သက်၍ တိုင်းရင်းသားလူထုမှာ နားလည်မှု ရှုပ်ထွေးမှုရှိခြင်း။

**ညှိနှိုင်းမှု မူဘောင် အသစ်ပေါ်အခြေခံကာ နိုင်ငံတကာဆိုင်ရာ မိတ်ဖက်အဖွဲ့များအတွက် သင်ခန်းစာများ**

***ဘောင်ဝင်သော နိုင်ငံရေး - နိုင်ငံရေးတည်ငြိမ်မှုနှင့် ပဋိပက္ခဖြေရှင်းမှုတို့တွင် အားလုံး ပါဝင်အကျုံးဝင်အောင် ရွေးရှုဆောင်ရွက်ခြင်း။***

- အပစ်အခတ်ရပ်စဲရေးမှ နိုင်ငံရေးစကားဝိုင်းဖြစ်စဉ်အထိ တိုးတက်လာအောင် ထောက်ပံ့မှုပေးရန် အရေးတကြီး လိုအပ်နေခြင်း (ငြိမ်းချမ်းရေး ပြုလုပ်ခြင်းမှသည်ငြိမ်းချမ်းရေး တည်ဆောက်ခြင်းဆီသို့ ကူးပြောင်းခြင်း)။
- လူထုရပ်ရွာ ညှိနှိုင်းတိုင်ပင်ခြင်းတွင် တရားဝင်ဖြစ်သော နိုင်ငံရေးအားထောက်ပံ့ခြင်းကို သတိကြီးစွာ လိုအပ်ချက်နှင့် အံဝင်ခွင်ကျဖြစ်ရန် စီမံထားသင့်ခြင်းနှင့် ဖြစ်စဉ်များ ပိုမို ပါဝင်လာအောင် အစပျိုးခြင်း။
- နိုင်ငံတကာ ငြိမ်းချမ်းရေး ထောက်ပံ့မှုများတွင် ပိုမို၍ ပွင့်လင်းထင်ရှားမြင်သာမှုများ လိုအပ်ခြင်းနှင့် သတင်းအချက်အလက် မျှဝေခြင်း။
- ဒေသခံများ၏ အမြင်နှင့် ဦးစားပေးလိုအပ်ချက်များနှင့် ပိုမိုဆီလျော်သော ကူညီမှုများကို နိုင်ငံရေးဖြစ်စဉ်များနှင့် အံဝင်ခွင်ကျဖြစ်စေအောင် လုပ်ဆောင်ခြင်းသည် ပဋိပက္ခဖြစ်နိုင်ချေတွက်ချက်ရာတွင် အရေးပါလှသည်။

***လုံခြုံမှု - လူထု၏ လုံခြုံရေးကို တည်ဆောက်ပြီး အားကောင်းအောင် ပြုလုပ်ခြင်း။***

- ဘေးဒဏ်သင့်လူမှုဝန်းကျင်အတွက် လုံခြုံမှု တိုးတက်ရေးသည် အခြေခံကျသောအရာဖြစ်ခြင်း။
- အထောက်အပံ့များကို မလုံခြုံသေးသော နယ်မြေဒေသများသို့ ပြန်သွားရန် ဆွဲဆောင်သော အရာအဖြစ် မဖန်တီးသင့်။
- သမာသမတ်ကျသော ညှိနှိုင်းတိုင်ပင်မှုနှင့် ခွင့်ပြုထားသော လေ့လာချက်များကို ရိုသေသမှု ပြုခြင်းအပေါ် တည်ဆောက်ထားသော အထောက်အပံ့သည် ယုံကြည်မှုတည်ဆောက်ခြင်းနှင့် လုံခြုံရေးကို တိုးပွားစေသည်။ သို့သော် ထိုကဲ့သို့ မပြုလုပ်နိုင်ပါက ထိခိုက်နစ်နာမှုကို ဖြစ်ပွားစေသည်။
- တပ်မတော်၏ အထောက်အပံ့ပရိုဂျက်များအပေါ် စေ့စပ်ဆွေးနွေးမှုနှင့် ရေးသားချက်သည် လူထုရပ်ရွာ ယုံကြည်မှုနှင့် စိတ်ချယုံကြည်ခြင်းကို တည်ဆောက်နိုင်ခြင်းနှင့် ဒေသဆိုင်ရာဖြစ်စဉ်များကို အားဖြည့်ခြင်း ဖြစ်သည်။

***တရားမျှတမှု - မတရားမှုများ ဖော်ပြခြင်းနှင့် လူထု၏ တရားမျှတခြင်းအပေါ် ခံစားနိုင်ခွင့် တိုးပွားလာခြင်း။***

- တရားဥပဒေစိုးမိုးရေးအတွက် ပြန်လည်တည်ဆောက်ခြင်းသည် မညီမျှမှုနှင့် ပြန်လည်သင့်မြတ်မှုများအတွက် ရည်ညွှန်းဆောင်ရွက်ရန်။
- ပြန်လည်သင့်မြတ်ရေးလုပ်ဆောင်ရာတွင် အရပ်ဒေသအလိုက် ဓလေ့များ၊ လုပ်ထုံးပေါ် အခြေခံသော ဖြေရှင်းမှုနည်းလမ်းများ ဦးစားပေးခြင်း။

***စီးပွားရေးအခြေခံများ - အလုပ်အကိုင် အခွင့်အလမ်းများ ဖန်တီးခြင်းနှင့် လူနေမှုဘဝတိုးတက်အောင် လုပ်ဆောင်ခြင်း။***

- လုံခြုံသောမြေတွင် နေထိုင်ခြင်းသည် အရေးကြီး သောအရေးဖြစ်ပြီး မူဝါဒများ ပြန်လည်ကြည့်ရှုရန် လိုအပ်ခြင်း။

- လုပ်ဆောင်နိုင်စွမ်း တည်ဆောက်ခြင်းနှင့် ဒေသခံ ရာသီဥတုနှင့် မျှတသော နည်းလမ်းများ စည်းရုံးလှုပ်ရှား ခြင်းများ လိုအပ်သည်။

***အခွန်ဘဏ္ဍာများနှင့် ဝန်ဆောင်မှုများ - အခွန် ဘဏ္ဍာများကို ခန့်ခွဲစီမံခြင်းနှင့် ဝန်ဆောင်မှု ပေးဝေခြင်း လုပ်ဆောင်နိုင်စွမ်း တည်ဆောက်ခြင်း။***

- လူထုရပ်ရွာများသည် အခွန်မြောက်များစွာ ထမ်းဆောင်ရမည့် ဝန်မှ သက်သာလွတ်ကင်းသင့် သည်။
- တိုင်းရင်းသား နယ်မြေဒေသများတွင် အစိုးရမဟုတ် သော ဖြည့်ဆည်းပေးသူများ၏ တရားဝင်ဖြစ်မှုနှင့် အခြေခံကျမှုများကို အသိအမှတ်ပြုသည်။

# နိဒါန်း

ဤစာတမ်းသည် နော်ဝေအစိုးရ အကူအညီဖြင့် လုပ်ဆောင်သော မြန်မာငြိမ်းချမ်းရေးအထောက်ကူပြုအဖွဲ့ (MPSI)၏ သင်ခန်းစာ၊ ဆန်းစစ်ရောင်ပြန်ဟပ်မှု၊ သိမြင်မှုများကို မျှဝေရန်နှင့် မြန်မာ့ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် ဆက်လက်အထောက်အပံ့[2]ပေးနေသော သူများအတွက် အကြံပြုချက်များ ပါဝင်ပေသည်။ စာတမ်းတွင် နောက်ခံအကြောင်းအရာ၊ MPSI ၏ နှစ်နှစ်တာကာလ လုပ်ဆောင်မှုအတွင်းရရှိသော သင်ခန်းစာများ၊ ညှိနှိုင်းရရှိသည့် မူဘောင်အသစ်ကို မြန်မာနှင့် ကိုက်ညီမှုဆိုင်ရာ ဆန်းစစ်လေ့လာမှုအပိုင်းလည်း ပါဝင်သည်။ နောက်ဆက်တွဲ လေးခုလည်း ပါဝင်ပြီး ယင်းတို့မှာ -(က)MPSI အထောက်အပံ့ပြု စီမံကိန်းများ၏ ခြုံငုံတင်ပြချက်။ (ခ) ပဋိပက္ခထိခိုက်မှုရှိသော ဒေသများတွင် စီမံကိန်းများ ရေးဆွဲခြင်း၊ အကောင်အထည်ဖော်ခြင်းများ ပြုလုပ်ရာတွင် အဖွဲ့အစည်းများ ထည့်သွင်းစဉ်းစားသင့်သော စာရင်း။ (ဂ)၂၀၁၃ နှစ်နောက်ဆုံးလေးလပတ်တွင် ပြုလုပ်ခဲ့သော MPSI ၏ နားထောင်မှု စီမံကိန်းတွင် တွေ့ဆုံမေးမြန်းခြင်းမှ ရရှိလာသော တုံ့ပြန်မှုများ။ (ဃ) MPSI အား လွတ်လပ်စွာ ဆန်းစစ်ထားခြင်း - အနှစ်ချုပ်အစီရင်ခံစာတို့ ပါဝင်သည်။ ၂၀၁၃ ခုနှစ် အစောပိုင်းတွင် MPSI အဖွဲ့မှ MPSI အလုပ်များအပေါ် ရောင်ပြန်ဟပ်မှု လေ့လာသုံးသပ်ချက်[3] ကို ဆက်လက်၍ သုံးသပ်စိစစ်မှုများ ပိုမိုပြုလုပ်လာစေရန်၊ အရေးကြီးသော သက်ဆိုင်ပါဝင်သူများနှင့် လုပ်ဆောင်ချက် ထိရောက်ခြင်းနှင့် မထိရောက်ခြင်းအကြောင်းအရင်းများကို တွေ့ဆုံဆွေးနွေးမှုများ ပိုမိုလုပ်ဖြစ်လာစေရန် အစီရင်ခံစာထုတ်ဝေခဲ့ပါသည်။ ယခု စာတမ်းသည် ယခင်ပြုလုပ်ခဲ့သော ရောင်ပြန်ဟပ်မှုလေ့ကျင့်ခန်းများ၊ ကွင်းဆင်းရရှိသော တွေ့ရှိချက်များ၊ ငြိမ်းချမ်းရေးဖြစ်စဉ်တွင် သက်ဆိုင်သူများနှင့် ဆွေးနွေးမှုများ၊ MPSI ဝန်ထမ်း၏ သိမြင်မှုများ၊ အစိုးရ-တိုင်းရင်းသား လက်နက်ကိုင်တပ်ဖွဲ့များနှင့် တွေ့ဆုံမှုများ၊ အလုပ်ရုံ ဆွေးနွေးပွဲများ၊ ရပ်ရွာတွင်း အစည်းအဝေးများနှင့် စီမံကိန်းအစီရင်ခံစာများ ပေါ်တွင် အခြေခံထားပါသည်။

မြန်မာအစိုးရမှ မြန်မာ့ငြိမ်းချမ်းရေးဖြစ်စဉ်တွင် နိုင်ငံတကာ ကူညီပံ့ပိုးမှုများကို နော်ဝေနိုင်ငံအစိုးရမှ ဦးဆောင်ပံ့ပိုးပေးရန် မေတ္တာရပ်ခံချက်ပြုပြီးနောက် မတ်လ ၂၀၁၂ တွင် MPSI ကို စတင်ဖွဲ့စည်းခဲ့သည်။ MPSI အနေဖြင့် အပစ်အခတ်ရပ်စဲရေး၊ ယုံကြည်မှုတည်ဆောက်ရေးနှင့် အပစ်အခတ်ရပ်စဲရေး အတိုင်းအတာကို ဆန်းစစ်သော စီမံကိန်းများ၊ အတွေ့အကြုံများမှ ရရှိသော သင်ခန်းစာများ ဝေမျှပေးခြင်းနှင့် ငြိမ်းချမ်းရေးဖြစ်စဉ်တွင် ပါဝင်ထောက်ပံ့မှုပေးသော ပြည်တွင်းပြည်ပ အဖွဲ့အစည်းများကြား ထိရောက် အားကောင်းသော ညှိနှိုင်းမှုများအတွက် တိုင်ပင်ဆွေးနွေးပေး မှုများကို လုပ်ဆောင်ပါသည်။ MPSI သည် အလှူရှင် မဟုတ်သကဲ့သို့ စီမံကိန်းများကို ရပ်ရွာတွင်း လက်တွေ့ အကောင်အထည်ဖော်လုပ်ငန်းလုပ်ဆောင်သော အဖွဲ့လည်း မဟုတ်ပါ။ MPSI စီမံကိန်းများ၏ အလှူရှင်မှာ နော်ဝေနိုင်ငံမှ ဦးဆောင်သည့် ငြိမ်းချမ်းရေး အလှူရှင်များ အဖွဲ့ PDSG မှ အဓိကဖြစ်ပြီး အခြား အလှူရှင်များလည်း ပါဝင် ပါသည်။

MPSIသည် လိုအပ်ချက်ဆန်းစစ်မှုများ၊ စီမံကိန်းပုံစံရေးဆွဲခြင်းများ၊ လုပ်ငန်းအကောင်အထည်ဖော်ခြင်းများ၊ စောင့်ကြည့်ခြင်းများနှင့် ဆန်းစစ်ခြင်းများ စသော အဆင့်တိုင်းတွင် ဒေသခံ၏ ပါဝင်မှုရအောင် ကြိုးစားပါသည်။ စီမံကိန်းများသည် ဒေသခံများ၏ စီမံကိန်းများဖြစ်စေရန် အထောက်အပံ့ပေးခဲ့သော လုပ်ဆောင်မှုများသည် ဒေသခံများမှ အဓိပ္ပာယ်ဖွင့်ဆိုသော၊ တောင်းဆိုသော လုပ်ဆောင်မှုများဖြစ်ပါသည်။ MPSI သည် အစိုးရ၊ မြန်မာစစ်တပ်၊ တိုင်းရင်းသားလက်နက်ကိုင် တပ်ဖွဲ့များ၊ နိုင်ငံရေးပါတီများ၊ လူမှုအဖွဲ့အစည်းများ၊ ရပ်ရွာများနှင့် ချိတ်ဆက်လုပ်ဆောင်သည့်အပြင် အပစ်အခတ်ရပ်စဲရေးနှင့် ဖြစ်ပေါ်တိုးတက်နေ သော ငြိမ်းချမ်းရေးဖြစ်စဉ်တို့ကို ခိုင်မာစွာ အထောက်အကူဖြစ်စေရန် နိုင်ငံတကာမိတ်ဖက်များနှင့်လည်း ချိတ်ဆက်လုပ်ဆောင်ပါသည်။ စတင်သည့်အချိန်မှစ၍ MPSI ၏ ရည်ရွယ်ချက်မှာ သင့်လျော်သော ရေရှည်ဖွဲ့စည်း တည်ဆောက်ပုံများ မရှိသေးသော အချိန်နှင့် သင့်လျော်သော နိုင်ငံတကာ ငြိမ်းချမ်းရေး အထောက်အပံ့များ ရရှိနေချိန်တွင် အရေးပေါ်နှင့် ငြိမ်းချမ်းရေးပိုမို

[2] www.peacedonorsupportgroup.com တွင် MPSI နှင့် သက်ဆိုင်သော စာရွက်စာတမ်းများ မျိုးစုံပါဝင်သည်။

[3] http://www.peacedonorsupportgroup.com/reflections—one-year-on.html

ခိုင်မာလာစေရန် ယာယီအထောက်အကူများပေးရန်ဖြစ်သည်။ MPSI ၏ ယာယီဖွဲ့စည်းတည်ဆောက်ပုံသာဖြစ်သည်ဆိုသည့် အဆိုနှင့်အညီ MPSI ၏ လုပ်ငန်းများကို ရပ်ရွာတွင်းမှ လုပ်ဆောင်သူများ၊ ပြည်တွင်းနှင့် နိုင်ငံတကာ လူမှုရေးအဖွဲ့များနှင့် PDSG (အောက်တွင် ကြည့်ပါ) ကဲ့သို့သော အလှူရှင်အဖွဲ့အစည်းများက ဆက်လက်လုပ်ဆောင်လိမ့်မည်ဟု ဆန္ဒမျှော်လင့်ထားပါသည်။

## ၁။ နောက်ခံအကြောင်းအရာ

### ၁.၁။ သမိုင်းအကျဉ်း - မြန်မာနိုင်ငံ ငြိမ်းချမ်းရေးနှင့် လက်နက်ကိုင် ပဋိပက္ခများ

အစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များကြား ပဋိပက္ခဖြစ်ပွားစေသော နိုင်ငံရေး၊ လူမှုရေး၊ စီးပွားနှင့် ယဉ်ကျေးမှုကိစ္စရပ်များကို ဖြေရှင်းရန် ၂၀၁၁ ခုနှစ်နှောင်းပိုင်းတွင် စတင်ခဲ့သော ငြိမ်းချမ်းရေးဖြစ်စဉ်သည် ဆယ်စုနှစ်အတွင်း အကောင်းဆုံးအခွင့်အရေးဖြစ်၍ MPSI ၏ လုပ်ငန်းများသည် ယင်းငြိမ်းချမ်းရေးဖြစ်စဉ် စီစစ်မှုပေါ် အခြေခံထားပါသည်။ ၂၀၁၃ ခု မေလတွင် အစိုးရစစ်တပ်နှင့် ကချင်လွတ်မြောက်ရေးအဖွဲ့ (KIO) တို့ အပစ်အခတ်ရပ်ရန် သဘောတူခဲ့ခြင်းသည် နိုင်ငံ့သမိုင်းတွင် ပထမဆုံးအကြိမ် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့ကြီးများ တိုက်ခိုက်မှုရပ်ဆိုင်းရန် သဘောတူခြင်းဖြစ်ပါသည်။ ထိုသို့ ရပ်ဆိုင်းရန် သဘောတူခြင်းသည် အလွန်အရေးပါပြီး သမိုင်းတွင်သော ငြိမ်းချမ်းရေးလုပ်ငန်းစဉ် အောင်မြင်မှုလည်းဖြစ်ပါသည်။ မြန်မာနိုင်ငံအနေဖြင့် ရေရှည်တည်တံ့သော ငြိမ်းချမ်းရေး တည်ဆောက်မှုဖြစ်စဉ်သို့ ရောက်ရှိစေရန် လွတ်လပ်ရေး ရချိန်မှစ၍ အစိုးရနှင့် လူမှုအသိုင်းအဝိုင်းကြား ပဋိပက္ခကို ဖြစ်ပွားစေသော ခက်ခဲသိမ်မွေ့လေးနက်သော ကိစ္စရပ်များနှင့် ကျန်ရှိနေသေးသော ကိစ္စရပ်များကို ဖြေရှင်းရန် လိုအပ်ပါသည်။

မြန်မာနိုင်ငံ၏ လူဦးရေ အနည်းဆုံး ၃၀ ရာခိုင်နှုန်းသည် ဗမာလူမျိုး မဟုတ်သူများဖြစ်သည်။ လွတ်လပ်ရေးရချိန် ၁၉၄၈ ခုနှစ်တွင် တိုင်းရင်းသားလူမျိုးအား နိုင်ငံရေးခံယူမှုအရ အုပ်စုတစ်ခုအနေဖြင့် အဓိပ္ပာယ်ဖွင့်ဟလာကာ ၁၉၄၀ နောက်ပိုင်းနှစ်များတွင် အကြမ်းဖက်မှုများ ကျယ်ပြန့်စွာဖြစ်ပွားသည်ကို တွေ့ရသည်။ ကရင်အမျိုးသားအစည်းအရုံး (KNU) တောခိုသော ဇန်နဝါရီလ ၁၉၄၉ ခုနှစ်တွင် ပြည်တွင်း စစ်များ စတင်ဖြစ်ပွားခဲ့ကာ နှစ်ပေါင်းခြောက်ဆယ်ကျော် ကြာမြင့်ခဲ့ပါသည်။ လက်နက်ကိုင် ပဋိပက္ခများ၏ အကျိုးဆက်အဖြစ် လူ့အခွင့်အရေးချိုးဖောက်မှုများ ဆိုးရွားကျယ်ပြန့်စွာ ဖြစ်ပွားခဲ့သည်။ ပဋိပက္ခ ထိခိုက်ခံရသော ရပ်ရွာအများအတွက် မြန်မာစစ်တပ်သည် သားရဲနှင့် ရက်စက်ကြမ်းကြုတ်သော ကျူးကျော်သူများ အဖြစ် ဆက်လက်ယူဆခံရ၊ တွေ့ကြုံခဲ့ရပါသည်။

ရာစုနှစ်တစ်ဝက်ကျော် တိုင်းရင်းသားလူများနေထိုင်ရာ မြန်မာနိုင်ငံကျေးလက်သည် တိုင်းရင်းသားလက်နက်ကိုင်နှင့် လူများစု ဗမာလူမျိုးများဟုမှတ်ယူထားသော အစိုးရစစ်တပ်ကြား ပဋိပက္ခများကြောင့် ထိခိုက်ခဲ့ရသည်။ ၁၉၇၀ ခုနှစ်မှစ၍ လက်နက်ကိုင်အတိုက်အခံအဖွဲ့များသည် ယင်းတို့၏ ကျယ်ပြန့်သော လွတ်မြောက်နယ်မြေအား ထိန်းချုပ်နိုင်မှု ဆုံးရှုံးပြီး နယ်စပ်တွင် လူသားချင်းစာနာမှုဆိုင်ရာနှင့် နိုင်ငံရေး ကပ်ဘေးများဖြစ်စေရန် တွန်းပို့စေသကဲ့သို့ဖြစ်ခဲ့ပါသည်။ မျိုးဆက်တစ်ခုမက ရပ်ရွာများ ပြိုကွဲကာ စိတ်ဒဏ်ရာ အကြီးအမားဖြစ်စေပြီး နေရာပြောင်းရွှေ့နေထိုင်ခဲ့ရသည်။ ၂၀၁၂ ခုနှစ်တွင် မြန်မာနိုင်ငံ အရှေ့တောင်ဘက်တစ်ခုတည်းတွင် ပြည်တွင်းစစ်ဘေး ဒုက္ခသည်များ ငါးသိန်းခန့်ရှိသည်ဟု ခန့်မှန်းသည့်အပြင် ကရင်လူမျိုးအများစု ဒုက္ခသည် တစ်သိန်း ငါးသောင်းခန့် ထိုင်း-မြန်မာနယ်စပ်ရှိ စခန်းများတွင် နေထိုင်ကြကာ အိမ်နီးချင်းနိုင်ငံတွင် စီးပွားရေးအတွက် ရွှေ့ပြောင်းနေထိုင်သူများ သန်းချီရှိသည်ဟုခန့်မှန်းရပါသည်။ ၂၀၁၁ ခုနှစ်နှောင်းပိုင်း အပစ်အခတ်ရပ်စဲရေး ညှိနှိုင်းမှုများ စတင်ချိန်မှစ၍ နှစ်နှစ်အတွင်း မြန်မာနိုင်ငံ အရှေ့တောင်ပိုင်းရှိ နေရာပြောင်းရွှေ့နေထိုင်သူများ လျော့ကျသွားသော်လည်း စစ်နှင့် အုပ်စုလိုက်အကြမ်းဖက်မှုများကြောင့် ကချင်နှင့် ရခိုင်ပြည်နယ်တွင် ဒုက္ခဘေးရှောင် ပြောင်းရွှေ့နေထိုင်သူများ သိသိသာသာ တိုးလာပါသည်။

၁၉၉၀ ခုနှစ်များက အပစ်အခတ်ရပ်စဲရေးသည် စစ်ဘေးပဋိပက္ခဒဏ် ထိခိုက်သော ပြည်သူလူထုများအတွက် ဆင်ခြင်ထိုက်သော ယာယီကာလဖြစ်စေခဲ့သည်။ ထိုအပစ် အခတ်ရပ်စဲမှုများသည် တိုင်းရင်းသားရပ်ရွာများ အတွင်းနှင့် တိုင်းရင်းသား ရပ်ရွာများကြား လူမှုအဖွဲ့အစည်းကွန်ရက်များ ပြန်လည်ဖြစ်ထွန်းလာစေရန် နေရာများဖြစ်စေသည်။ သို့သော် ထိုအချိန်က စစ်အစိုးရသည် တိုင်းရင်းသားကိုယ်စားလှယ်များ၏ နိုင်ငံရေးတောင်းဆိုမှုဖြစ်သည့် သိသာသော ကိုယ်ပိုင်အုပ်ချုပ်ခွင့် သဘောတူညီချက်ဖြစ်လာစေလောက်သော လုံလောက်သည့် နိုင်ငံရေး

ဆွေးနွေးမှုအတွက်လက်ခံရန် ဆန္ဒရှိသည့် လက္ခဏာ မတွေ့ရပေ။ ထို့ကြောင့် အပြုသဘော ဆောင်သော တိုးတက်မှုရှိသော်လည်း ၁၉၉၀ ခုနှစ်များက အပစ်အခတ်ရပ်စဲရေးသည် အစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင်တို့အကြား ယုံကြည်မှုကင်းမဲ့နေခြင်းကို ပပျောက်စေခဲ့ခြင်းမရှိချေ။ ၂၀၀၉ ခုနှစ် ဧပြီလတွင် အစိုးရက အပစ်အခတ်ရပ်ထားသော အဖွဲ့များအား မြန်မာစစ်တပ် အုပ်ချုပ်မှုအောက် နယ်ခြားစောင့်တပ်အဖြစ် ပြောင်းလဲစေရန် အဆိုပြုခဲ့ခြင်းသည် ယုံကြည်မှု ပို၍ ပျက်ပြားစေခဲ့သည်။ စစ်အင်အားနည်းသော အပစ်အခတ်ရပ်အဖွဲ့အချို့က နယ်ခြားစောင့်တပ်အဖြစ် ပြောင်းလဲဖွဲ့စည်းရန် လက်ခံခဲ့သည်။ သို့သော် အင်အားကြီးသော အဖွဲ့အများစုက လက်မခံ ဘဲ ဆန့်ကျင်ခုခံခဲ့ကြသည်။

၂၀၁၀ ခုနှစ် နိုဝင်ဘာလတွင်ကျင်းပသည့် အရပ်သားပါဝင်သော အစိုးရအတွက် ရွေးကောက်ပွဲကျင်းပခြင်းသည် အစိုးရနှင့် နိုင်ငံရေးတွင် စစ်တပ်၏ ပါဝင်မှုဆက်ရှိနေသော်လည်း အတိတ်မှ ခွဲထွက်လိုက်ခြင်းကို သိသာထင်ရှားစေလာခဲ့သည်။ ၂၀၀၈ ခုနှစ် အခြေခံဥပဒေ၏ အစိတ်အပိုင်းများကို အတိုက်အခံအုပ်စုများ (လက်နက်ကိုင်တပ်ဖွဲ့အားလုံးနီးပါး အပါအဝင်)မှ အပြင်းအထန် ကန့်ကွက်သော်လည်း တိုင်းရင်း သားလူမျိုးအများစုနေထိုင်သည့် ပြည်နယ် ၇ ခုသို့ ကန့်သတ်သည့် ဗဟိုချုပ်ခိုင်မှု လျှော့ချထားသော နိုင်ငံရေးပြုပြင် ပြောင်းလဲမှု မိတ်ဆက်လာသည်ကို တွေ့ရသည်။ ၂၀၁၁ ခုနှစ် နှောင်းပိုင်းမှ ၂၀၁၂ ထိ သမ္မတ ဦးသိန်းစိန် ဦးဆောင်သော အစိုးရသစ်သည် အရေးပါသော တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့ ၁၁ ဖွဲ့အနက် ၁၀ ဖွဲ့နှင့် ကနဦးအပစ်အခတ်ရပ်စဲရေး သဘောတူခြင်း (သို့မဟုတ်) ပြန်လည်အတည်ပြုခြင်းပြုခဲ့သည်။ ထိုသို့ အပြုသဘောဆောင်သော ဖွံ့ဖြိုးမှုရှိသော်လည်း ဇွန်လ ၂၀၁၁ ခုနှစ်တွင် မြန်မာစစ်တပ်သည် မြန်မာနိုင်ငံ မြောက်ပိုင်းရှိ အဓိက ကချင်တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့ဖြစ်သည့် KIO နှင့် ပြင်းထန်သော ထိတွေ့မှုဖြစ်ပြီး ၁၇ နှစ်ကြာသည့် အပစ်အခတ်ရပ်စဲရေးကို ချိုးဖောက်ခဲ့သည်။ ထိုသို့ လက်နက်ကိုင်ပဋိပက္ခ ပြန်လည်စတင်ခဲ့ခြင်း အကျိုးဆက်အဖြစ် လူပေါင်းရှစ်သောင်းကျော် တရုတ်နယ်စပ်သို့ စစ်ဘေးရှောင်ထွက်ပြေးကာ အစိုးရအုပ်စိုးမှုရှိသောနေရာနှင့် ပဋိပက္ခနယ်မြေတွင် လူထောင်သောင်းကျော် ပြည်တွင်းစစ်ဘေးရှောင်ဒုက္ခသည်များ ဖြစ်စေခဲ့သည်။

၂၀၁၃ခုနှစ် မေလတွင် အစိုးရ၊ စစ်တပ်နှင့် KIO အကြား ကနဦးအပစ်အခတ်ရပ်ရေးသဘောတူခဲ့သည်။ ထိုချိန်မှစ၍ တိုင်းရင်းသားလက်နက်ကိုင်တပ်ဖွဲ့ခေါင်း ဆောင်များသည် အစိုးရ၊ အစိုးရတစ်ပိုင်းဖြစ်သော မြန်မာနိုင်ငံငြိမ်းချမ်းရေးပြန်လည် ထူထောင်ရေးလုပ်ငန်းဗဟိုဌာနနှင့် မြန်မာစစ်တပ်ခေါင်းဆောင်များနှင့် တွေ့ဆုံကာ လက်ရှိ အပစ်အခတ်ရပ်စဲရေးများကို စုပေါင်းညီညွတ်စွာနှင့် မြန်မာနိုင်ငံ၏ ကွဲပြားခြားနားမှုများသော လူမှုအဖွဲ့အစည်း၊ နိုင်ငံရေးပါတီ အဓိကလူများ (အမျိုးသမီးနှင့် လူငယ်အပါအဝင်) ပါဝင်သင့်သည့် နိုင်ငံရေးမူဘောင် ညှိနှိုင်းရေးအတွက် ညှိနှိုင်းမှုများပြုရေးတို့ကို ပြုလုပ်ခဲ့သည်။

**မှတ်ချက်**။ ယခုထင်မြင်ချက်များသည် အရေးကြီးကိစ္စဖြစ်သော မွတ်ဆလင်ဆန့်ကျင်ရေးအကြမ်းဖက်တိုက်ခိုက်ရေးကို မရည်ညွှန်းပါ။ ရပ်ရွာတွင်းအုပ်စုလိုက်ဖြစ်ပွားသော အကြမ်းဖက်မှုသည် နိုင်ငံရေးညှိနှိုင်းမှုမှ တစ်ဆင့် မူအားဖြင့် ဖြေရှင်းနိုင်မည့် အစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့များအကြား ပဋိပက္ခနှင့် မတူဘဲ ကိုင်တွယ်ဖြေရှင်းရန် ခက်ခဲသည်။ သို့သော်လည်း ထိုကိစ္စသည် ပြုပြင်ပြောင်းလဲ ရေးပြုစဉ်တွင် တိုင်းပြည်က ရင်ဆိုင်နေရသော အလွန်အရေးကြီးသည့် အရေးပေါ်ကိစ္စထဲမှ တစ်ခုလည်းဖြစ်သည်။

### ဇယားကွက် ၁ - မြန်မာ့ငြိမ်းချမ်းရေးဖြစ်စဉ်တွင် အဓိကသက်ဆိုင်သူများ

- မြန်မာစစ်တပ် (နှင့် ဒေသန္တရစစ်တပ်)
- တိုင်းရင်းသားလက်နက်ကိုင်တပ်ဖွဲ့များ (အလွန်ကွဲပြားခြားနားမှုရှိ - နယ်ခြားစောင့်တပ်နှင့် ပြည်သူ့စစ်များ အပါအဝင်)၊ တိုင်းရင်းသားအတိုက်အခံ မဟာမိတ်များ (အဓိကအားဖြင့် UNFC နှင့် WGEC)
- စစ်ဘေးပဋိပက္ခဒဏ်ခံရသော ရပ်ရွာများ
- လူမှုအဖွဲ့အစည်း - ဒေသခံအဖွဲ့အစည်းနှင့် ပြည်တွင်း လူမှုရေးအဖွဲ့ (နယ်စပ်အဖွဲ့အစည်းနှင့် ပြည်ပရောက် အဖွဲ့အစည်း အပါအဝင်)
- တိုင်းရင်းသားနှင့်အခြား နိုင်ငံရေးပါတီများ
- အစိုးရနှင့် အလှူရှင်များ
- ကုလသမဂ္ဂနှင့် နိုင်ငံတကာအဖွဲ့အစည်းများ၊ နိုင်ငံတကာလူမှုရေးအဖွဲ့များအပါအဝင်
- ဒေသတွင်းဆိုင်ရာ အဓိကလှုပ်ရှားသူများ
- စီးပွားရေး အကျိုးစီးပွား
- ဒုက္ခသည်၊ အခြားနိုင်ငံတွင် အခြေချနေထိုင်သူနှင့် ပြည်ပရောက်နေရသူများ

## ၁.၂။ မြန်မာငြိမ်းချမ်းရေး အထောက်အကူပြုအဖွဲ့ MPSI

မြန်မာအစိုးရက နော်ဝေနိုင်ငံခြားရေးဝန်ကြီးအား မေတ္တာရပ်ခံသော ၂၀၁၂ ဇန်နဝါရီလနောက်ပိုင်း ပြောင်းလဲတိုးတက်လာသည်ကို ငြိမ်းချမ်းရေးဖြစ်စဉ်တွင် ရေရှည်တည်တံ့သော အပစ်အခတ်ရပ်စဲရေးရရှိအောင် ကနဦး ကြိုးပမ်းရန်အတွက် နိုင်ငံတကာအထောက်အပံ့များကို ညှိနှိုင်းပေးရန် နိုင်ငံရေးအရ မရှိမဖြစ် လိုအပ်သည့်အပေါ် အခြေခံကာ MPSI ကို တည်ထောင်ခဲ့သည်။ အပစ်အခတ် ရပ်စဲရေးအလွန်တွင် ငြိမ်းချမ်းရေးဖြစ်စဉ်အား စုပေါင်းရန်နှင့် ရေရှည်တည်တံ့စေရန် သက်ဆိုင်သည့် အကြောင်းရင်းခံကိစ္စရပ်များအား နိုင်ငံရေးဆွေးနွေးမှုများ ပြုလုပ်ရန် အခွင့်အရေးများ ဖွင့်လာရန် အဓိကအရေးကြီးကြောင်း လက်ခံခဲ့ကြသည်။ ပဋိပက္ခထိခိုက်မှုရှိသော ဒေသများအတွက် နိုင်ငံအဆင့်ပြုပြင်ပြောင်းလဲရေး၏ လက်တွေ့အခြေအနေကို လေ့လာရန်နှင့် ဒေသအဆင့် အပစ်အခတ်ရပ်စဲရေးမှရရှိလာသော ပုံစံများကို စမ်းသပ်ရန် အလျင်အမြန် အကူအညီများလည်းပေးရန် အရေးကြီးကြောင်းလည်း မြင်ပေသည်။ နော်ဝေအစိုးရနှင့် MPSI အဖွဲ့ဝင်များအတွက် အတိတ်က အပစ်အခတ်ရပ်စဲမှု (၁၉၉၀ ခုနှစ်များ) တွင် နိုင်ငံတကာ အထောက်အကူပြုမှု ပေးရန် ကျရှုံးခြင်း၊ ထိုအပစ်အခတ် ရပ်စဲမှုမှ ငြိမ်းချမ်းရေး တည်ဆောက်မှုသို့ တိုးတက်ရန် ကျရှုံးခြင်းနှင့် အဓိက အပစ်အခတ်ရပ်စဲမှုအချို့တို့ ပြိုကျပျက်စီးခြင်းရှိခဲ့သည့် နားလည်းသဘောပေါက်မှုရှိသည်။

ရန်ပုံငွေယန္တရား သို့မဟုတ် "ငြိမ်းချမ်းရေးရန်ပုံငွေ" တည်ထောင်ရန် မူလက စဉ်းစားခဲ့သော်လည်း ယင်းကိစ္စမှာ အကောင်အထည်ဖော်ရန် နှေးလွန်းမည်ဟုမြင်သည်။ ထို့ပြင် အချိန်အားဖြင့်လည်း အပစ်အခတ်ရပ်စဲရေး အထိအခိုက် မစဲသေးသောအချိန်နှင့် ကချင်နှင့် ရှမ်းပြည် ဒေသအချို့တွင် တိုက်ခိုက်မှုများ ဆက်လက်ဖြစ်ပွားနေချိန် ဖြစ်ရာ အချိန်မကျသေးဟုလည်း ဆိုနိုင်ပါသည်။ ဤအခြေအနေတွင် MPSI သည် ရေတိုယန္တရားအဖြစ် အပစ်အခတ်ရပ်စဲမှုအသစ် သဘောတူရာဒေသများတွင် အမြန်ဝင်ရောက်အကူအညီများပေးရန် ဖွဲ့စည်းသည်။ MPSI သည် နိုင်ငံတကာမှ ပါဝင်သူများအနေဖြင့် အလွန်နက်နဲရှုပ်ထွေးပြီး အပြောင်းအလဲ လျင်မြန်သော နိုင်ငံရေး အခြေအနေတွင် အပြုသဘောဆောင်သော လမ်းညွှန်မှု ပေးရန် ယန္တရားတစ်ခုအဖြစ်လည်း မြင်နိုင်ပေသည်။ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ အရေးအတွက်၊ ကွဲပြားသော နောက်ခံရာဇဝင်များ၊ ရည်မှန်းချက်ဆန္ဒများ နှင့် ပူပန်မှုများမှာ မည်သည့်ဒေသတွင် မည်သို့ လုပ်ဆောင်သင့်သည့် ပိုမိုနားလည်ရန် လိုအပ်နေသေးကြောင်းလည်း ဖော်ပြနေပါသည်။ တိုင်းရင်းသားလက်နက် ကိုင်အဖွဲ့များ၏ ထိန်းချုပ်မှုအောက်ရှိ ဒေသများမှ ရပ်ရွာဒေသခံများမှ

ဆယ်စုနှစ်များစွာ ကြာသော လက်နက်ကိုင်ပဋိပက္ခနှင့် ဆက်စပ်၍ လူ့အခွင့်အရေးချိုးဖောက်ခံရမှုများကြောင့် အလွန်အမင်း ထိခိုက်လွယ်ပြီး သီးခြားဖြစ်နေသည်မှာ ရှေးယခင်ကပင်ဖြစ်သည်။

ငြိမ်းချမ်းရေးလုပ်ငန်းစဉ် မစတင်မီတွင် မြန်မာနိုင်ငံတွင်း၌ လူသားချင်းစာနာသော အကူအညီများနှင့် ဖွံ့ဖြိုးရေး လုပ်သားများသည် အစိုးရ၏ ကန့်သတ်မှု အကြီးအကျယ်ခံရရာ ထိုဒေသများသို့ ပို့ဆောင်သည့် အကူအညီများ အားလုံးနီးပါးမှာလည်း ထိုင်းနိုင်ငံမှ နယ်စပ်ဖြတ်ကျော်၍လည်းကောင်း၊ အစိုးရမသိအောင်လည်းကောင်း ပေးပို့ကူညီခဲ့ကြရပါသည်။ အထူးအခြေအနေ တချို့မှလွဲ၍ နိုင်ငံတကာအသိုင်းအဝိုင်းသည် ဖြစ်ပျက်နေသော အခြေအနေနှင့် ဒေသန္တရတွင် လှုပ်ရှားဖြစ်ပေါ်နေမှု အရွေ့ဆိုင်ရာ သတင်းအချက်အလက်နှင့် သိရှိမှုမှာ အကန့်အသတ်ရှိရာဖြစ်ပေါ် ပြောင်းလဲလာသော အခြေအနေသစ်များကို မည်သို့အကောင်းဆုံး တုံ့ပြန်ရမည့် ယေဘုယျအားဖြင့် မရှင်းလင်းနိုင်သေးချေ။ MPSI ၏ ရည်မှန်းချက်တစ်ခုမှာ လက်နက်ကိုင်အတိုက်အခံများနှင့် ပေါင်းစည်းထားသော သက်ဆိုင်သည့် အဖွဲ့အစည်းများ (အများအားဖြင့် နယ်စပ်၊ အိမ်နီးချင်းနိုင်ငံတွင် အခြေစိုက်) အားနိုင်ငံတကာနှင့် ဆက်သွယ်ပေးခြင်းနည်းဖြင့် ယင်းတို့၏ မည်သည့် လုပ်နိုင်စွမ်းများရှိသည်နှင့် တစ်ခါတစ်ရံ ခုခံပြောဆိုနေရသော တရားဝင်မှုကို အသိအမှတ်ပြုရာ ရောက်စေရန်ဖြစ်သည်။ MPSI သည် နိုင်ငံတွင်းမှ အပစ်အခတ်ရပ်စဲမှု၏ အကျိုးကျေးဇူးကြောင့် ဝင်ရောက်နိုင်သည့် ပဋိပက္ခထိခိုက်မှုရှိသော ဒေသသစ်များကို အထောက်အကူပြုနိုင်မည့် နည်းလမ်းနှင့် တိုင်းရင်းသားလက်နက်ကိုင်တပ်ဖွဲ့များ၊ ပေါင်းစည်းထားသော သက်ဆိုင်သည့် အဖွဲ့အစည်းများ မြန်မာနိုင်ငံတွင်း လှုပ်ရှားမှုများအား အထောက်အကူပြုရန်လည်း နည်းလမ်းရှာဖွေရပါသည်။ တစ်ပြိုင်နက်တည်းမှာပင် MPSI သည် ပဋိပက္ခထိခိုက်သော ရပ်ရွာများနှင့် ဒေသတွင်း လုပ်ရှားနေသော လူမှုအဖွဲ့အစည်းများအား ကူညီနိုင်ရန်အတွက် ဆယ်စုနှစ်များစွာ ကြာသော ပဋိပက္ခဒဏ်ခံရသော ရပ်ရွာများ ပြန်လည်နာလန်ထစေရန်နှင့် အပစ်အခတ်ရပ်စဲရေး အပေါ် ယုံကြည်မှုတိုးတက်လာစေရန်ကိုလည်း ပူးတွဲလုပ်ဆောင်ရပါသည်။

ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အစပိုင်းတွင် ပေါ်ပေါက်လာသော အဓိကကိစ္စတစ်ခုဖြစ်သည့် တိုင်းရင်းသားရပ်ရွာများဘက်မှ အစိုးရဦးဆောင်သော ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နှင့် နယ်စပ်နိုင်ငံရေးပြုပြင်ပြောင်းလဲမှုတို့ဆိုင်ရာ အပစ်အခတ်ရပ်စဲမှု ဆက်ဆံရေးကို အများယုံကြည်လက်ခံနိုင်ရန် ယုံကြည် မှုမဲ့နေခြင်းမှာ MPSI ၏ အခန်းကဏ္ဍကို ပုံဖော်ရာတွင် အထောက်အကူဖြစ်စေခဲ့ပါသည်။ နှစ်ပေါင်း ၆၀ ကျော် ပဋိပက္ခဖြစ်ပြီး နှစ်ပေါင်း ၅၀ ကျော်သော စစ်အာဏာရှင် စနစ်နှင့် နိုင်ငံရေးအဖြေ မရရှိသော နှစ်ပေါင်း ၂၀ ကျော် ကြာသော အပစ်အခတ်ရပ်စဲရေး(နှင့် ပျက်ပြယ်သော အပစ်အခတ်ရပ်စဲရေးအချို့) တို့ဖြစ်ပြီးနောက် အဓိကသက်ဆိုင်သူများဖြစ်သည့် တိုင်းရင်းသားလက်နက်ကိုင်တပ်ဖွဲ့၊ လူမှုအဖွဲ့အစည်းဝင်များနှင့် ပဋိပက္ခထိခိုက်ခံရသောရပ်ရွာများမှာ ငြိမ်းချမ်းရေး အလားအလာအခြေအနေအပေါ် ယုံကြည်မှုမှာ အကန့်အသတ်ရှိနေသည်။ MPSI မှာ မိမိ၏ နေရာကို နိုင်ငံရေးအရှိန်၏ ရှေ့သို့ကျော်၍ မရောက်စေဘဲ ငြိမ်းချမ်းရေးလုပ်ငန်းစဉ် အရှိန်၏ နောက်လေးတွင်သာ အဓိကပါဝင် သူများနှင့် ရပ်ရွာများအကြား အပြုသဘောဆောင်သော ဆက်ဆံရေးကို အထောက်အကူပြုရန် (သို့) ပဋိပက္ခထိခိုက်ခံရသော ရပ်ရွာတို့ ကြုံတွေ့နေရသော လက်တွေ့အခြေအနေနှင့် ချိန်ညှိကာ ဂရုတစိုက်ဆောင်ရွက်ရပါသည်။ ရေရှည်တည်တံ့သော ငြိမ်းချမ်းရေးရရှိရန် အဓိကသက်ဆိုင်သူများအားလုံးပါဝင်သော ကျယ်ပြန့်သည့် နိုင်ငံရေးညှိနှိုင်းမှု ဆက်လက်လုပ်ဆောင်ရန် အထူးအရေးတကြီး လိုအပ်လှပေသည်။

MPSI ၏ အခန်းကဏ္ဍကို ပုံဖော်သည့် ဒုတိယကိစ္စရပ်မှာ ပြောင်းလဲဖြစ်ပျက်နေသော အခြေအနေဖြစ်သည်။ MPSI စတင်တည်ထောင်ချိန်တွင် ငြိမ်းချမ်းရေးဗိသုကာမှာ စတင်ပေါ်ပေါက်လာသည်။ ယင်းတို့မှာ PDSG (သံရုံးများနှင့် နိုင်ငံတကာ အလှူရှင်များ)၊ နိုင်ငံတကာငြိမ်းချမ်းရေး အထောက်အကူပြုအဖွဲ့ (ငြိမ်းချမ်းရေးကိစ္စ လုပ်ဆောင်နေသော ပြည်တွင်း၊ ပြည်ပ NGOs များအတွက် စကားဝိုင်းဖိုရမ်)၊ မြန်မာငြိမ်းချမ်းရေးစင်တာ (အစိုးရငြိမ်းချမ်းရေးကိုယ်စားလှယ်ဝန်ကြီး ဦးအောင်မင်းအတွက် အတွင်းဝန်ရုံးအဖြစ်တည်ထောင်)၊ တိုင်းပြည်ပြင်ပတွင် အဓိကအလုပ်လုပ်သော တိုင်းရင်းသားလက်နက် ကိုင်အဖွဲ့များအတွက် ညှိနှိုင်းရေးယန္တရားတို့ ပါဝင်သည်။ လိုအပ်သော နိုင်ငံရေး

ဆွေးနွေးမှု လက်တွေ့အကောင်အထည် မဖော်နိုင်သော အခြေအနေ အတောအတွင်း တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အများစုမှာ အစိုးရနှင့် ကနဦးဆွေးနွေးမှုများ ပြုလုပ်နေဆဲဖြစ်သည့်အပြင် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် ဘယ်လိုဘယ်နည်း ဆွေးနွေးလုပ်ဆောင်မည့် အချင်းချင်းကြား ကွဲပြားနေသည်။

## ၁.၂.၁။ MPSI ၏ ချဉ်းကပ်နည်း

အလွန်ထိခိုက်လွယ်သော အကျိုးအပဲ့မခံသည့် အခြေအနေအတွင်းတွင် နော်ဝေအစိုးရ၏ အပစ်အခတ်ရပ်စဲရေးကို အထောက်အကူပြုရန်နှင့် ပဋိပက္ခထိခိုက်ခံရသော ရပ်ရွာများကို အကူအညီပေးရန်ဟူသော ကျယ်ပြန့်သည့် ရည်ရွယ်ချက်ကို အထောက်အကူပြုရန် အဖွဲ့တစ်ဖွဲ့ စုစည်းဖွဲ့စည်းခဲ့သည်။ MPSI အဖွဲ့ကို မြန်မာနိုင်ငံဆိုင်ရာ ကမ္ဘာ့ကုလသမဂ္ဂ ကိုယ်စားလှယ်ဟောင်း Charles Petrie က ဦးဆောင်ကာ သက်ဆိုင်သည့် တိုင်းရင်းသားလက်နက်ကိုင် ပဋိပက္ခနှင့် ပဋိပက္ခထိခိုက်ခံရသော ရပ်ရွာများနှင့် လုပ်ငန်းလုပ်ဆောင်ဖူးသည့် အတွေ့အကြုံရှိသော ပြည်တွင်း၊ ပြည်ပအကြံပေးများ ပါဝင်သည်။

MPSI သည် ရှောင်ရှား၍ မရသော အပြောင်းအလဲမြန်ဆန်သည့် နိုင်ငံရေးအခြေအနေအတွင်းတွင် လျင်မြန်စွာ တုံ့ပြန်လုပ်ဆောင်ရန် ဖြစ်သည်။ ချဉ်းကပ်နည်းမှာ လွန်ခဲ့သော ၂၄ လအတွင်း ပြောင်းလဲနေသော ပတ်ဝန်းကျင် အခြေအနေတွင် တိုင်းရင်းသားလက်နက်ကိုင်တပ်ဖွဲ့များ၊ ဒေသတွင်းရှိ လူမှုအဖွဲ့အစည်းနှင့် ရပ်ရွာများမှ ပြောသော စိုးရိမ်မှုများနှင့် တောင်းဆိုမှုများအား တုံ့ပြန်ရန် ပြောင်းလဲဖြစ်ပေါ်လာသည်။ MPSI သည် တိုင်းရင်းသားအဓိက သက်ဆိုင်သူများမှ အစိုးရ၏ နိုင်ငံရေးဆွေးနွေးမှုမပါဝင်ဘဲ ဖွံ့ဖြိုးရေးကိစ္စရပ် အသုံးပြုခြင်းနည်းလမ်းအပေါ် အထူးစိုးရိမ်နေသည့် လျင်မြန်စွာ နားလည်လိုက်ရာ အဘက်ဘက်မှ ရန်ပုံငွေများပြားစွာ ရယူခြင်းနည်းလမ်း အသုံးပြုခြင်း မပြုခဲ့ပေ။ ထိုအစား MPSI သည် အဓိကသက်ဆိုင်သူများကြား စိတ်ချယုံကြည်မှုတည်ဆောက်ခြင်း၊ ဖြစ်ပေါ်တိုးတက်လာသော နိုင်ငံရေးဖြစ်စဉ်နှင့် အပစ်အခတ်ရပ်စဲရေးကို စမ်းသပ်ခြင်း၊ လူသားချင်းစာနာမှုဆိုင်ရာမှုနှင့် ဖွံ့ဖြိုးရေးအထောက်အပံ့ ကူညီရာတို့တွင် ပဋိပက္ခကို မထိခိုက်စေရန်သတိထားရန် ငြိမ်းချမ်းရေး အထောက်အကူပြုညှိနိုင်းမှုနှင့် ဆော်ဩမှုစသောဖြစ်စဉ်ကို အထောက်အကူပြုရန် ဦးစားပေးဆောင်ရွက်သည်။

ဆိုခဲ့သကဲ့သို့ တစ်သမတ်တည်းဖြစ်သော လုပ်ငန်းလုပ်ဆောင်မှု အခြေခံမှုအဖြစ် စီမံကိန်းများအား ဒေသခံများ၏ စီမံကိန်းများဖြစ်စေရန်နှင့် ရပ်ရွာ၏ ဦးစားပေးနှင့် ပူးပေါင်း ပါဝင်မှုပေါ် အခြေခံရန် လုပ်ဆောင်သည်။ MPSI အထောက်အပံ့ပြု စီမံကိန်းများသည် ဒေသခံလုပ်ဆောင်သူများ (တိုင်းရင်းသားလက်နက်ကိုင်တပ်ဖွဲ့များ၊ လူမှုအဖွဲ့အစည်းများ၊ ပဋိပက္ခထိခိုက်ခံရသော ရပ်ရွာများ) မှ တောင်းဆိုသော စီမံကိန်းများဖြစ်ပြီး MPSI မှ လုပ်ရန်တောင်းဆိုသော ချပေးသော စီမံကိန်းများ မဟုတ်ချေ။ ဘေးအန္တရာယ်မဖြစ်စေရဟူသော စိတ်ဓာတ်အရ MPSI သည် ထိခိုက်လွယ်သော လူထု (သို့) မိတ်ဖက်များအား ဘေးအန္တရာယ် (ဥပမာ– အပစ်အခတ်ရပ်စဲရေး ပျက်ပြယ်ခဲ့လျှင်) မဖြစ်စေသော ပုံစံနည်းလမ်းဖြင့် လုပ်ဆောင်သည်။ စီမံကိန်းများကို အထောက်အပံ့ပြုသော နည်းလမ်း၏ အခြေခံမှုမှာ စီမံကိန်းငယ်ဖြစ်သော်လည်း နိုင်ငံရေးအရ သိသာသော စမ်းသပ်စီမံကိန်းများ ပါဝင်သည့် စီမံကိန်းများဖြစ်သည်။ စမ်းသပ် စီမံကိန်းများမှာ အစကတည်းက ရိုးသားမှုကို စမ်းသပ်ရန်၊ ယုံကြည်မှုတည်ဆောက်ရန်၊ ကနဦးစီမံကိန်းစတင်ပြီးနောက်တွင် တိုး၍ တိုး၍ အဓိကကိစ္စရပ်များအတွက် သင်ခန်းစာ ရယူရန် ရေးဆွဲသည်။ ယင်းတို့ကို သင့်တော်သလို တိုးချဲ့ခြင်း၊ ပုံတူပွားခြင်းပြုလုပ်နိုင်သော ပုံစံဖြစ်လာရန်လည်း ရေးဆွဲထားခြင်းဖြစ်သည်။

MPSI သည် စီမံကိန်းနယ်မြေနှင့်အလွန်တွင် ရပ်ရွာအရေးနှင့် ဆုံးဖြတ်ချက်ချမှတ်ရာတွင် အမျိုးသမီးများ၏ ပါဝင်မှု ပိုမိုမြင့်မားလာစေရန် အမျိုးသမီးဦးဆောင်သော ရပ်ရွာအခြေပြု အဖွဲ့အစည်းများနှင့် စီမံကိန်းနယ်မြေတွင်းရှိ အဓိက အမျိုးသမီးများနှင့် ပူးပေါင်းလုပ်ဆောင်သည်။ တိုင်းရင်းသားငြိမ်းချမ်းရေးအရင်းအမြစ်စီမံကိန်း (EPRP အောက်တွင်ကြည့်)မှ တစ်ဆင့် MPSI သည် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် အမျိုးသမီးများ ကိုယ်စားပြုပါဝင်မှုပိုမိုမြင့်မားလာစေရန် မည်သို့လုပ်ဆောင်ရန်နှင့် အမျိုးသမီးများအတွက် ပိုမိုအရေးကြီးသော ကိစ္စရပ်များကို ပို၍ သေချာ အသိအမှတ်ပြုလာစေရန် လေ့လာရန်လည်း ရည်ရွယ်သည်။ MPSI ၏ ကျယ်ပြန့်သော အခြေအနေ

အတွင်း ယခုကိစ္စနှင့် ပတ်သက်သည့် သက်ဆိုင်သော အခြားစီမံကိန်းများကို အထောက်အကူပြုခဲ့သည်။ နော်ဝေပြည်သူအထောက်အပံ့ (NPA)မှ မြန်မာအမျိုးသမီးများအဖွဲ့ (WLB)နှင့် အမျိုး သမီးအဖွဲ့များကွန်ရက် (WON) မှ စီစဉ်ကျင်းပသော ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် အမျိုးသမီးများ၏ အခန်းကဏ္ဍ ကို အဓိကထားကာ ၂၀၁၃ စက်တင်ဘာတွင် ရန်ကုန်မြို့၌ အမျိုးသမီးစကားဝိုင်း (ဖိုရမ်)ကို အထောက်အပံ့ပေးခဲ့သည်။

စမ်းသပ်စီမံကိန်းများအတွင်း MPSI ၏ အဓိကအခန်းကဏ္ဍမှာ (က) တိုင်ပင်ခြင်း၊ သင့်လျော်သော သက်ဆိုင်သူများကြား (တိုင်းရင်းသားလက်နက်ကိုင်တပ်ဖွဲ့များ၊ လူမှုအဖွဲ့အစည်းများ၊ ရပ်ရွာများနှင့် မတူညီသောအနေအထားဖြင့် ဒေသန္တရအစိုးရနှင့် စစ်တပ်မှာ တာဝန်ရှိသူများ) ဆွေးနွေးမှုများအား လွယ်ကူချောမောအောင် ပံ့ပိုးပေးခြင်း။ (ခ) စမ်းသပ်စီမံကိန်း ကြိုတင်စီစဉ်ရန်နှင့် အကောင်အထည်ဖော်ရန် နေရာများရှိစေရန် ရပ်ရွာအခြေပြု အကျိုးတူ အဖွဲ့အစည်းများ တည်ထောင်ခြင်း။ (ဂ) ရပ်ရွာများနှင့် ရပ်ရွာအခြေပြုအဖွဲ့အစည်းများအား ယင်းတို့၏ လိုအပ်ချက်များနှင့် စိုးရိမ်မှုများ ပိုမိုရှင်းလင်းစွာသိရှိ ပြောဆိုလာနိုင်စေရန် အထောက်အကူပြုခြင်း။ (ဃ) ပဋိပက္ခထိခိုက်မှုရှိသော ဒေသများသို့ ဝင်ရောက်နိုင်စေရန် ညှိနှိုင်းခြင်း။ (င) အလှူရှင်များနှင့် လုပ်ငန်းအကောင်အထည်ဖော်မည့် မိတ်ဖက်အဖွဲ့အစည်းများ (အများအားဖြင့် နိုင်ငံတကာလူမှုရေးအဖွဲ့များ)နှင့် ဒေသခံမှ စတင်သော စီမံကိန်းများအား ချိတ်ဆက်ပေးခြင်း။ (စ) ဒေသခံမိတ်ဖက်အဖွဲ့အစည်းများမှ တင်ပြသော စမ်းသပ်စီမံကိန်းများအတွက် လုပ်ငန်းအကောင်အထည်ဖော်မည့် ပုံစံ၊ ရသုံးမှန်းခြေငွေစာရင်း စသည့် ရန်ပုံငွေထောက်ပံ့သူများ၏ လိုအပ်ချက်နှင့် ကိုက်ညီအောင် ဒေသခံမိတ်ဖက်အဖွဲ့အစည်းများ ကူညီပေးခြင်း။ (ဆ) အဓိကသက်ဆိုင်သူများအား တင်ပြလာသော မတူညီသည့် စီမံကိန်းများအတွက် အကောင်းဆုံးကျင့်သုံးလေ့ရှိသည့် ပုံစံများကို သတင်းအချက်အလက်ပေးခြင်း၊ အကြံပေးခြင်း။ (ဇ) အဓိကသက်ဆိုင်သူများ ပြောဆိုလာသောလိုအပ်ချက်များကို လျင်မြန်စွာတုံ့ပြန်ခြင်း။ (ဈ) ဆောင်ရွက်မှုများမှ သင်ခန်းစာရယူခြင်းနှင့် သင့်လျော်လျှင် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် ထည့်သွင်းပေးပို့ခြင်းတို့ဖြစ်သည်။

## ၁.၂.၂။ MPSI မှ အထောက်အပံ့ပေးသော လုပ်ဆောင်မှုများ

MPSI သည် ဒေသခံများမှ ပုံဖော်လုပ်ဆောင်သည့် ဒေသအခြေအနေနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များကြား မတူညီသော မိမိကိုယ်ကို ယုံကြည်မှုအခြေအနေ၊ သက်ဆိုင်သော ရပ်ရွာ၊ လူမှုအဖွဲ့အစည်း၊ နိုင်ငံရေးပါတီတို့ကို ထင်ဟပ်သော စီမံကိန်းများကို ထောက်ပံ့သည်။ ထောက်ပံ့ခဲ့သော စီမံကိန်းအမျိုးအစားမှာ သုံးမျိုးဖြစ်ပြီး[4]ယင်းတို့မှာ. . .

(၁) **ငြိမ်းချမ်းရေး လုပ်ငန်းစဉ်တွင် ယုံကြည်မှုတည်ဆောက်ခြင်းနှင့် အပစ်အခတ်ရပ်စဲမှုအား ဆန်းစစ်ခြင်းအား** ဆွေးနွေးမှုများနှင့် လူသားချင်း စာနာမှုဆိုင်ရာနေရာများ ဖွင့်ပေးရန်အတွက် စကားဝိုင်းများ ဖန်တီးခြင်းနှင့် ယှဉ်လျက် ရပ်ရွာများသို့ အထောက်အပံ့များပေးခြင်းမှ တစ်ဆင့် လုပ်ဆောင်သည်။

- ရပ်ရွာများအား လက်နက်ကိုင်ပဋိပက္ခထိခိုက်ခံရမှု (ကရင်–ကျောက်ကြီးနှင့် တနင်္သာရီ၊ မွန်–ကရိန်းဗတွဲ၊ ကရင်နီ – ရှားဒေါ)မှ နာလန်ထစေရန် စမ်းသပ်စီမံကိန်းများကို တိုင်းရင်းသားလက်နက်ကိုင်တပ်ဖွဲ့များ၊ ရပ်ရွာအခြေပြုလူမှုရေးအဖွဲ့များမှ အကောင်အထည်ဖော်ကာ နော်ဝေဒုက္ခသည်များကောင်စီ (NRC) စီမံကိန်း မှ ပဋိပက္ခထိခိုက်သော ပြည်သူများ လွယ်ကူစွာ ခရီးသွားနိုင်ရန်နှင့် အစိုးရဝန်ဆောင်မှုများအား လက်လှမ်းမီရန် သက်သေခံကတ်ပြားများ ဆောင်ရွက်ပေးခြင်း။

[4] MPSI အထောက်အပံ့ပြု စီမံချက်များ၏ အသေးစိတ်နှင့် ဆန်းစစ်ချက်များကို နောက်ဆက်တွဲ ၂။ MPSI အထောက်အပံ့ပြုစီမံချက်များ ခြုံငုံသုံးသပ်ချက်တွင် တွေ့နိုင်သည်။

(၂) **ဆွေးနွေးမှုနှင့် တိုင်ပင်မှုများကို အထောက်အကူပြုခြင်း** - တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ၊ နိုင်ငံရေးပါတီများ၊ လူမှုအဖွဲ့အစည်းများနှင့် ရပ်ရွာများအကြား။

- မွန်ပြည်သစ်ပါတီ (NMSP)၊ ကရင်နီအမျိုးသား တိုးတက်ရေးပါတီ (KNPP)၊ ချင်းအမျိုးသား တပ်ဦး (CNF) တို့မှ ပြုလုပ်သော ပဋိပက္ခထိခိုက် ခံရသော ရပ်ရွာများနှင့် လူမှုအဖွဲ့အစည်းများအား ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို ရှင်းပြတိုင်ပင်မှုများနှင့် ဒေသခံပြည်သူတို့၏ ဆန္ဒနှင့် ပူပန်မှုများကို နားထောင်ခြင်း၊ NMSP, KNPP နှင့် CNF တို့အတွက် MPSI မှ လွယ်ကူအောင်ပံ့ပိုးပေးသည့် ယင်းတို့၏ အတွေ့အကြုံများအား အခြားတိုင်းရင်းသားလက်နက်ကိုင် အဖွဲ့များ (UNFC အပါအဝင်) နှင့် မျှဝေခြင်း အလုပ်ရုံ ဆွေးနွေးပွဲ၊ ချင်း၊ ရှမ်းနှင့် မွန်ငြိမ်းချမ်းရေး ညီလာခံကို အထောက်အပံ့ပေးခြင်း၊ KNU သတင်း အချက်အလက်မျှဝေခြင်း၊ ကြိုတင်စီမံခြင်း၊ ရပ်ရွာ လိုအပ်ချက်နှင့် ဦးစားပေး အလုပ်ရုံဆွေးနွေးပွဲများ။

(၃) **ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးရေးအခြေခံ အုတ်မြစ်များကို အကူအညီပေးခြင်း** – တိုင်းရင်းသား အခွင့်အရေးကာကွယ်ခြင်း ဆော်ဩမှု၊ အပစ်အခတ်ရပ်စဲ ရေးသဘောတူညီမှုအတိုင်း ဆက်ဆံရေးရုံးများ လည်ပတ်ရေး အထောက်အပံ့တို့ အပါအဝင်။

- ချင်းဖွံ့ဖြိုးရေးအဖွဲ့မှ တင်ပြသော ကနဦးလုပ်ငန်းများ၊ NMSP (မွန်အမျိုးသားပညာရေးကော်မတီ) မွန်အမျိုးသားကျောင်းသို့ အထောက်အပံ့ပေးခြင်း၊ အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်အရ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များမှ ဆက်ဆံရေးရုံးများတည်ထောင်နိုင်ရန်(စတင်ရန် ရန်ပုံငွေနှင့် သင်တန်းအတွက် အပါအဝင်) အထောက်အပံ့ပေးခြင်း၊ ရှမ်းစာနယ်ဇင်းသင်တန်း၊ နည်းပညာပိုင်းဆိုင်ရာ မဟုတ်သော မြေမြှုပ်မိုင်းလေ့လာခြင်းအား ဆွေးနွေးမှု၊ တိုင်းရင်းသား ငြိမ်းချမ်းရေးအရင်းအမြစ်စီမံကိန်း တည်ထောင်ခြင်း (အလုပ်ရုံဆွေးနွေးပွဲများ၊ အင်တာနက်အခြေပြုစာမျက်နှာများနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ၊ နိုင်ငံရေးပါတီခေါင်းဆောင်များ၊ လူမှုအဖွဲ့အစည်းများနှင့် ရပ်ရွာများအား ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် ပါဝင်နိုင်အောင် အရင်းအမြစ်များ မျှဝေပေးခြင်း)၊ KNU တွင် ခရိုင်အဆင့် နိုင်ငံရေးနှင့် မဟာဗျူဟာကျကျ တွေးတောခြင်း အလုပ်ရုံဆွေးနွေးပွဲနှစ်ခု (အာဏာအကြောင်း စဉ်းစားခြင်း၊ မဟာဗျူဟာကျကျတွေးတောခြင်း၊ မဟာဗျူဟာစီမံခြင်း ကဲ့သို့သော ခေါင်းစဉ်အပါအဝင်) KNU စီးပွားရေး မူဝါဒအလုပ်ရုံဆွေးနွေးပွဲနှစ်ခု (KNU ခေါင်းဆောင်များအား မြန်မာ့စီးပွားရေး၊ လက်ရှိစီးပွား ရေးအခင်းအကျင်းနှင့် ယင်းတို့၏ အနာဂတ် စီးပွားရေးဆုံးဖြတ်ချက် ချမှတ်ရန်အတွက် ရွေးချယ်စရာများကို တင်ပြခြင်း)။

## ဇယားကွက် ၂ - MPSI ဆက်စပ်စီမံကိန်းများ၏ အဓိက အချက်အလက်များ

- MPSI သည် KNU, MNSP, ALP, CNF, KNPP, SSA-S/RCSS, DKBA တို့နှင့် ထိတွေ့မှုရှိပြီး အပစ်အခတ်ရပ်စဲရေးတွင် ကတိနှင့် ယုံကြည်မှုတည်ဆောက်ရန်နှင့် ဆန်းစစ်ရန် စီမံကိန်းများကို စတင်ရန်နှင့် စီမံကိန်းများကိုလည်း အထောက်အပံ့ပြုသည်။

- MPSI စမ်းသပ်စီမံကိန်းသည် သီးခြားဖြစ်နေသောဒေသများရှိ လူထုများသို့ ဆန်၊ ဆေး၊ ကိရိယာနှင့် ကျောင်းသုံး ပစ္စည်းအပါအဝင် အထောက်အပံ့များ ပေးပို့ခြင်းနှင့် လူသားခြင်းစာနာမှုဆိုင်ရာ နေရာဖွင့်ပေးသည်။ လူတစ်သိန်းကျော် နိုင်ငံသားစိစစ်ရေးကတ်ပြားရရှိကာ အခြေခံအခွင့်အရေးဖြစ်သည့် လွတ်လပ်စွာသွားလာခွင့်ကို ရရှိစေခဲ့သည်။

- ကျယ်ပြန့်သော မိတ်ဖက်များမှတစ်ဆင့် ကျယ်ပြန့်စွာ ရောက်ရှိမှု- MPSI အထောက်အပံ့ပြု စီမံကိန်းများသည် တိုင်းရင်းသားပြည်နယ်ငါးနေရာ (ချင်း၊ ရှမ်း၊ မွန်၊ ကရင်၊ ကယား)နှင့် တိုင်းဒေသကြီး နှစ်နေရာ (ပဲခူး၊ တနင်္သာရီ)တွင် ဒေသခံမိတ်ဖက် အဖွဲ့များမှ အကောင်အထည်ဖော်သည်။ ယင်းတို့ကလည်း မိတ်ဖက်များဖြစ်သည့် ဒေသခံမိတ်ဖက် ၁၃ ဖွဲ့ (လေးခုမှ အကျိုးတူအဖွဲ့များဖြစ်)နှင့် နိုင်ငံတကာ မိတ်ဖက်အဖွဲ့ ၉ ခုနှင့် လုပ်ဆောင်သည်။

- နော်ဝေ၊ ဖင်လန်၊ နယ်သာလန်၊ ဒိန်းမတ်၊ ယူကေ၊ ဆွစ်ဇာလန်၊ ဥရောပ သမဂ္ဂအဖွဲ့နှင့် ဩစတြေးလျတို့မှ ပြောင်းလွယ် ပြင်လွယ်ပြီး သင့်လျော်သလို တုံ့ပြန်သော ရန်ပုံငွေများဖြစ်သည်။

  MPSI အထောက်အပံ့ပြု စီမံကိန်းအမျိုးမျိုး၏ အသေးစိတ်ကို နောက်ဆက်တွဲ (၁)တွင် ဖော်ပြထားပါသည်။

# ၂။ သင်ခန်းစာများနှင့် ပြန်လည်ဆန်းစစ်ချက်များ

## ၂.၁။ ကြုံတွေ့ခဲ့ရသော စိန်ခေါ်မှုများ

MPSI သည် မိမိပါဝင်ဆောင်ရွက်နေသည့် အခန်းကဏ္ဍအတွက်ဖွဲ့စည်းပုံသော်လည်းကောင်း၊ နိုင်ငံရေးအခင်းအကျင်း ၌သော်လည်းကောင်း၊ ရေခံမြေခံသဘောသဘာဝအားဖြင့်သော်လည်းကောင်း စိန်ခေါ်မှုများစွာနှင့် ရင်ဆိုင်ခဲ့ရသည်။ ငြိမ်းချမ်းရေးဖော်ဆောင်မှုလုပ်ငန်း၌ တွေ့ကြုံခဲ့ရသော ပြဿနာများလည်း ပါဝင်ပါသည်။ ၎င်းတို့မှာ အထူးသဖြင့် နိုင်ငံရေးစကားဝိုင်းများ စတင်နိုင်ရန် နှောင့်နှေးကြန့်ကြာမှုဖြစ်ခြင်း၊ အဓိကအခန်းကဏ္ဍတွင် ပါဝင်လုပ်ဆောင်နေသော အဖွဲ့အစည်းများ၏ လိုလားတောင်းဆိုမှုများအား စီစဉ်ဆောင်ရွက်ပေးရခြင်းစသည့် လုပ်ငန်းစဉ်များကို မိမိကိုယ်တိုင်ဖော်ထုတ်ခဲ့ရခြင်း (အသင်းအဖွဲ့များဆိုင်ရာဖွဲ့စည်း တည်ထောင်ခြင်းကဲ့သို့ မဟုတ်ဘဲ)၊ အသိပညာဗဟုသုတနှင့် လုပ်နိုင်စွမ်းရည်များ အကန့်အသတ်ရှိခြင်း (အထူးသဖြင့် လူထုကိုယ်စားလှယ် အေဂျင်စီများနှင့် လုပ်ပိုင်ခွင့်အာဏာများကို ၎င်းတို့က ပိုမိုရရှိလာနိုင်ခြင်း စသည့်တို့နှင့် ပတ်သက်၍ အကောင်းဆုံးလုပ်ဆောင်ခြင်း)၊ ပြီးသည့် နောက်လုပ်ငန်းအကောင်အထည်ဖော်နေစဉ် ကာလအတွင်း ပြုလွယ် ပြင်လွယ်၊ ပြောင်းလဲတုံ့ပြန်လွယ်သော မဟာဗျူဟာ (ဥပမာ - ရေးဆွဲချမှတ်ထားသော အသေးစိတ် စီမံကိန်း) ကို ချမှတ်ကျင့်သုံးခြင်း စသည်တို့ ဖြစ်ပါသည်။

### ၂.၁.၁။ တိုင်းရင်းသား အဖွဲ့အစည်းများသည် နိုင်ငံရေးလုပ်ငန်းစဉ် ဆောင်ရွက်ချက်အပေါ် ယုံကြည်ရန် မဝံ့မရဲဖြစ်မှု

ယုံကြည်မှုတည်ဆောက်ခြင်း၊ အပစ်အခတ်ရပ်စဲရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု လုပ်ငန်းစဉ်ဖြစ်ထွန်းလာစေခြင်းစသည့် ကိစ္စရပ်များ ဖြစ်ထွန်းလာနိုင်စေရန် MPSI က အထက်ဖော်ပြခဲ့သည့်အတိုင်း ရည်ရွယ်ချမှတ်လုပ်ဆောင်ခဲ့သည်။ သို့သော်လည်း အပစ်အခတ်ရပ်စဲထားသော နယ်မြေဒေသများတွင် အပစ်အခတ်ရပ်စဲရေးသဘောတူညီချက် အတိုင်း ပြုမူလုပ်ဆောင်ခြင်း မရှိသည့်အတွက်သော်လည်းကောင်း၊ ရှမ်းပြည်နယ်နှင့် ကချင်ပြည်နယ်များအတွင်းတွင် ရင်ဆိုင်တိုက်ပွဲများ ဆက်လက်ဖြစ်ပွားနေသည့်အတွက်ကြောင့်သော်လည်းကောင်း နိုင်ငံရေးဆွေးနွေးပွဲများ ကျင်းပပြုလုပ်ရန် နှောင့်နှေးကြန့်ကြာမှုများကြောင့်သော်လည်းကောင်း၊ တိုင်းရင်းသားလက်နက်ကိုင်တပ်ဖွဲ့များနှင့် ပါဝင်ဆောင်ရွက်သူများ အဖွဲ့အစည်းများ အားလုံးက ငြိမ်းချမ်းရေးဖော်ဆောင်မှု လုပ်ငန်းစဉ်အပေါ် ယုံကြည်မှု လျော့နည်းသွားခဲ့ကြသည်။ အကျိုးဆက်အားဖြင့်၊ အစိုးရ၏ စီးပွားရေး၊ လူမှုရေး၊ နိုင်ငံရေး အစီအမံများအတိုင်း လျှို့ဝှက်သဘောတူထားကြပြီး ငြိမ်းချမ်းရေး ရယူနိုင်ရန် MPSI မှ စီမံကိန်းများကို အကောင်အထည်ဖော်လုပ်ဆောင်သည်ဟု တိုင်းရင်းသား အဖွဲ့အစည်းများ အားလုံးက ထင်မြင်ယူဆခဲ့ကြသည်။ သည့်အပြင် တိုင်းရင်းသားလက်နက်ကိုင် တပ်ဖွဲ့များက ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အပေါ် အပြုသဘောမြင်နေသေးသည့်အချိန်တွင် ရှေ့ခရီးဆက်နိုင်ရန် စဉ်ဆက်မပြတ် အားဖြည့်အကူအညီများပေးခြင်းနှင့် အကျိုးဖြစ်ထွန်းလာစေရန်အတွက်သော်လည်းကောင်း၊ ပဋိပက္ခဖြစ်ပေါ်ရန် လွန်စွာ ထိရှလွယ်လွန်းသည့် မြန်မာ့နိုင်ငံရေးအခြေအနေတွင် အရေးကြီးသော အစိတ်အပိုင်းတစ်ခုအနေဖြင့် အခြားပါဝင်သင့် လုပ်ဆောင်သင့် သူများအားလုံးကို ချဉ်းကပ်တွန်းအားပေးရန်အတွက်သော်လည်းကောင်း စသည်တို့ကို မဖြစ်မနေ လုပ်ဆောင်ရန်လိုအပ်သည်။ စမ်းသပ်စီမံကိန်း ပရိုဂျက်သည် စစ်ဒဏ်သင့်ရွှေ့ပြောင်းဒုက္ခသည်များအတွက် မြေမြှုပ်မိုင်းများသို့ ပြန်လည်ထွက်ခွာသွားစေမည့် အကြောင်းတရားများကို ဖန်တီးသည့် စီမံကိန်းမဖြစ်စေရန် သေချာစွာ ဆောင်ရွက်ရမည်။

လူမှုအခြေပြု အသင်းအဖွဲ့များစွာက ငြိမ်းချမ်းရေးဖော်ဆောင်မှုလုပ်ငန်းစဉ်အပေါ်တွင် အကြောင်းအကျိုးဖြင့် ဖြစ်တည်လာသော စိုးရိမ်သံသယများ ရှိနေသည်။ အများကအယုံ အကြည်မရှိသော ငြိမ်းချမ်းရေးဖော်ဆောင်မှုလုပ်ငန်းစဉ်အား အများလက်ခံနိုင်သည့် တရားဝင်ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကြီး ဖြစ်ပေါ်လာစေရန် MPSI က စွန့်စားလုပ်ဆောင်ခဲ့ရသည့် အပြင်အချို့သော လူမှုအခြေပြုအသင်းအဖွဲ့များက MPSI၏ လုပ်ဆောင်ချက်များကို ဆောလျင်စွာ ကြားဝင်ဆောင်ရွက်သူ လက်ကြီးသမား

အဖြစ် သတ်မှတ်ခဲ့ကြသည်။

### ၂.၁.၂။ ကျယ်ပြန့်သော အကူအညီများကို အဆောတလျင် ပေးအပ်ရန် လိုလားတောင်းဆိုမှုများ

တိုင်းရင်းသားလက်နက်ကိုင်တပ်ဖွဲ့များနှင့် တိုင်းရင်းသားအဖွဲ့အစည်းများက နိုင်ငံရေးလုပ်ငန်းစဉ်အပေါ် အယုံအကြည် မရှိသော်လည်း အခြားတစ်ဘက်တွင် အပစ်အခတ် ရပ်စဲထားသော ဒေသများအတွင်းဝင်ရောက်၍ ကျယ်ပြန့် ကြီးမားသော စီမံကိန်းများ အကောင်အထည်ဖော်ရန် နိုင်ငံတော်အစိုးရက ဖိအားပေးလျက်ရှိသည်။ နိုင်ငံတကာ အားပေးထောက်ခံမှုများ ရရှိရန်နှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုလုပ်ငန်း၏ စွမ်းဆောင်နိုင်မှုများနှင့် အများက လက်ခံယုံကြည်နိုင်မှုများကို ပြသနိုင်ရန် ငြိမ်းချမ်းရေး လုပ်ငန်းစဉ် အကျိုးကျေးဇူးများကို တိုင်းရင်းနေပြည်သူများက အမြန်ဆုံးခံစားရရှိနိုင်ရန် နိုင်ငံတော်အစိုးရက လိုလား လျက်ရှိသည်။ တိုင်းရင်းသားဒေသတွင်းတွင် ဖြစ်ပေါ်နေသော ပဋိပက္ခများ ဖြေရှင်းနိုင်မည့် အဓိကသော့ချက်အဖြစ် အကူအညီပေးရေးနှင့် ဒေသတွင်းဖွံ့ဖြိုးရေးကို လိုလားနေသည့် အချို့သော အလှူရှင်များအတွက် နိုင်ငံတော်အစိုးရ၏ ကြိုးပမ်းမှုများက ၎င်းတို့၏ ကနဦးမျှော်မှန်းချက်များကို ပြည့်ဝစေမည်ဖြစ်သည်။ တုံ့ပြန်မှုအားဖြင့်ကြီးမားသော ထောက်ပံ့ကူညီမှု အစီအစဉ်များအတွက် လုပ်ငန်းစဉ်များနှင့် ပံ့ပိုးကူညီမှုများ အစီအစဉ်များကို ဆောလျင်စွာဖြင့် MPSI က အကောင်အထည်ဖော်ခြင်းနှင့် ပတ်သက်၍ အလှူရှင်များနှင့် အစိုးရတို့၏ လက်တွေ့အခြေအနေနှင့် ကိုက်ညီမှုရှိသော လိုလားချက်များဆီသို့ ဦးတည်သွားစေခဲ့သည်။ ပံ့ပိုးကူညီမှုခြေလှမ်းကို သတ်မှတ်ထားသော မူဘောင်အတိုင်း ဖြည်းဖြည်းမှန်မှန် ဆောင်ရွက်လျက် ငြိမ်းချမ်းရေးလုပ်ငန်း စဉ်ထက်ပိုမို၍ ရှေ့ရောက်မနေစေရန်လည်း စိန်ခေါ်မှုများစွာ ရင်ဆိုင်နေရသော MPSI အနေဖြင့် သေချာစွာ ဆောင်ရွက်ရန် လိုသည်။

### ၂.၁.၃။ ဒေသတွင်းအဖွဲ့အစည်းများနှင့် တိုင်းရင်းသားလက်နက်ကိုင်တပ်ဖွဲ့များတို့သည် မိမိတို့၏ လိုအပ်ချက်များကို ဖြည့်ဆည်းနိုင်ရန် စွမ်းဆောင်ရည်များ အကန့်အသတ်ရှိခြင်း

ငြိမ်းချမ်းရေးဖော်ဆောင်မှုလုပ်ငန်းစဉ် မစတင်ခင် အချိန်၌ တိုင်းရင်းသားလက်နက်ကိုင်တပ်ဖွဲ့များအနေဖြင့် နိုင်ငံတကာအလှူရှင်များနှင့် ကျယ်ပြန့်သော ထိတွေ့ဆက်ဆံမှုများ မရှိပါ။ ငြိမ်းချမ်းရေးဖော်ဆောင်မှုလုပ်ငန်း စတင်ပြီး ၂၄ လအကြာတွင် နိုင်ငံတကာအသိုင်းအဝိုင်းနှင့် အခြား တိုင်းရင်းသားအဖွဲ့အစည်းများ အပါအဝင်၊ တိုင်းရင်းသားလက်နက်ကိုင်တပ်ဖွဲ့များကြား လက်တွေ့ကျပြီး သိသာထင်ရှားသော အရေးကြီးသည့် တွေ့ဆုံဆွေးနွေးမှုများစွာကို MPSI က ပံ့ပိုး ဆောင်ရွက်နိုင်ခဲ့သည်။

သို့သော်လည်း ပါဝင်ပူးပေါင်းလုပ်ဆောင်နေသည့် အခြားသော အဖွဲ့အစည်းများက လက်ခံနိုင်သည့် လက်တွေ့ကျသော အဆိုပြုလွှာများ ရေးသားရန်၊ ထို့နောက်ရှေ့လုပ်ငန်းစဉ်များနှင့် ပတ်သက်၍ စစ်ဘေးသင့်ပြည်သူများနှင့် တိုင်းရင်းသားလက်နက်ကိုင်တပ်ဖွဲ့များတို့သည် မိမိတို့၏ အမြင့်ဆုံးမျှော်မှန်းချက်ပန်းတိုင်ဆီသို့ အရောက်လှမ်းနိုင်ရန် လုပ်ပိုင်ခွင့်များ အကန့်အသတ်ရှိနေခြင်းသည် စီမံကိန်းအကောင်အထည်ဖော်ရာတွင် MPSI အတွက် အဓိက စိန်ခေါ်မှုဖြစ်နေသည်။ အကူအညီအထောက်အပံ့များပေးမည်။ သို့သော် ထောက်ပံ့ကူညီမှုများနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုလုပ်ငန်းစဉ် တိုးတက်ဖြစ်ထွန်းလာခြင်းတို့သည် သဟဇာတဖြစ်ရမည်။ မူဘောင်များ ချမှတ်ခြင်း၊ အကူအညီများပေးအပ်ခြင်းများအတွက် နိုင်ငံတကာအရေး လုပ်ရှားဆောင်ရွက်သူများ ပူးပေါင်းဆောင်ရွက်မှုအတိုင်းအတာ၊ ဒေသတွင်းလိုအပ်ချက်၊ စစ်ဘေးဒဏ်များ တွေ့ကြုံခံစားနေရမှု အခြေအနေ၊ ဘေးထွက်ဆိုးကျိုးများကို ရှောင်ရှားနိုင် မည့်ဆင်ခြင်သုံးသပ်ဆုံးဖြတ်နိုင်မှုစသည်တို့ အပေါ်အခြေခံလျက် ငြိမ်းချမ်းရေးဖော် ဆောင်မှုလုပ်ငန်းစဉ်မူဘောင် စည်းမျဉ်းများကို လိုက်လျောညီထွေစွာ ချမှတ်ဆောင်ရွက်ရမည်။ တိုင်းရင်းသား လက်နက်ကိုင်တပ်ဖွဲ့အများစုမှ အကူအညီတောင်းခံလွှာပေးပို့လာခြင်းသည် ပထမဆုံးအကြိမ်ပင်ဖြစ်သည်။ နိုင်ငံတကာ ကူညီထောက်ပံ့ရေးဆိုင်ရာဖွဲ့စည်းတည်ဆောက်ပုံများမည့်သို့ရှိသည်၊ မိမိတို့၏ လိုအပ်ချက်

များ တင်ပြရာတွင် အလှူရှင်များက မည့်သို့ တုံ့ပြန်လက်ခံမည်၊ တာဝန်ခံမှုလိုအပ်ချက်များနှင့်လိုက် လျောညီထွေမှုရှိစေရန် မည့်သို့လုပ်ဆောင်မည်၊ စသည်တို့ကို တိုင်းရင်းသား လက်နက်ကိုင်တပ်ဖွဲ့များက နားလည်သဘောပေါက်ရန် ခက်ခဲပေလိမ့်မည်။ တိုင်းရင်းသားလက်နက်ကိုင်တပ်ဖွဲ့များနှင့် အခြားတိုင်းရင်းသား အဖွဲ့အစည်းများသည် ၎င်းတို့ လိုချင်သည့် ထောက်ပံ့ရန်ပုံငွေများ အလျင်အမြန်ရရှိရေးနှင့် အကူအညီများရရှိရေးသည် လက်တွေ့အခြေအနေနှင့် ကွာဟလျက်ရှိသော လိုလားချက်များဖြစ်နေသည်။ သုံးသပ်ကြည့်လျှင် ဒေသတွင်း အောက်ခြေ လူထုအဖွဲ့အစည်းများသည် MPSI ၏ စမ်းသပ်စီမံကိန်းပရိုဂျက်ဖော်ဆောင်မှုတွင် အဓိက မိတ်ဖက်အဖွဲ့များဖြစ်ကြသော်လည်း စီမံခန့်ခွဲမှု ကဏ္ဍနှင့် စီမံကိန်းဖြစ်ထွန်းမှုအတွက် တစ်ခါတစ်ရံ၌ တားဆီးပိတ်ပင်ထားနေသကဲ့သို့ ဖြစ်နေပါသည်။ မည်သို့ဖြစ်စေ MPSI ၏ အဓိက ပါဝင်လုပ်ဆောင်ရမည့် အခန်းကဏ္ဍသည် ဒေသတွင်းတွင် လှုပ်ရှားဆောင်ရွက်နေသော အောက်ခြေလူထုအဖွဲ့အစည်းများကို စီမံကိန်းအလှူရှင်များ၊ နိုင်ငံတကာအင်ဂျီအိုများနှင့် နိုင်ငံတော်တို့မှ ပံ့ပိုးဆောင်ရွက်သော စီမံကိန်းများနှင့် သဟဇာတဖြစ်စေရန် ပံ့ပိုးလုပ်ဆောင်ခြင်းဖြစ်သည်။ ဒေသခံအဖွဲ့အစည်းများလည်း မိမိတို့နှင့် ထပ်တူတန်ဖိုးထားပြီး အလှူရှင်များကလည်း အချိန်မီ တုံ့ပြန်လက်ခံနိုင်မည့် အချိန်မီ ရန်ပုံငွေရရှိရေးစီမံကိန်းအဆိုပြုလွှာများ တင်ပြရမည့် ကိစ္စသည် ကြီးမားသော စိန်ခေါ်မှုတစ်ရပ်ဖြစ်သည်။

### ၂.၁.၄။ စီမံကိန်းရန်ပုံငွေ ရရှိနိုင်ရေး လုပ်ထုံးလုပ်နည်းများသည် ရံဖန်ရံခါ ထိရောက်မှု မရှိခြင်း

လွယ်ကူစွာ တုံ့ပြန်လက်ခံနိုင်ပြီး လုံလောက်သော စီမံကိန်းအသေးစား ရန်ပုံငွေအချိန်တိုအတွင်းရရှိနိုင်မည့် ကိစ္စသည် စိန်ခေါ်မှုတစ်ရပ်လည်းဖြစ်နေသည်။ အလှူရှင်များ၏ စီမံခန့်ခွဲမှုဆိုင်ရာ ဝန်ထုပ်ဝန်ပိုးများကို လျော့ချနိုင်ရန်အတွက်ဖြစ်စေ၊ များစွာသော စီမံကိန်းများ လုပ်ဆောင်ရန်နှင့် ကြားဝင်ဆောင်ရွက်ရေး အခန်းကဏ္ဍအား အပြည့်အဝ အထောက်အကူဖြစ်စေနိုင်ရန်အတွက်ဖြစ်စေ ရည်ရွယ်လုပ်ဆောင်မည့်ကြီးမားသော စီမံကိန်းများအပေါ်မူတည်၍ ရန်ပုံငွေရရှိရေး ချိတ်ဆက်ဆောင်ရွက်ခြင်းစနစ်တစ်ရပ်ကို ဖွဲ့စည်းတည်ထောင်ရန် လိုအပ်သည်။ အကန့်အသတ်ရှိနေသော ရှိရင်းစွဲလုပ်နိုင်စွမ်းအခြေအနေနှင့် အံ့ခွင်ဝင်ကျဖြစ်စေရန် ရံဖန်ရံခါ၌ လွယ်ကူစေမည်ဖြစ်ပြီး ဒေသခံများ၏ နားလည်တတ်ကျွမ်းမှုများကိုလည်း တန်ဖိုးထားသကဲ့သို့ ဖြစ်စေမည်။

ဒေသတွင်း လိုအပ်ချက်များ၊ အလေးထားမှုများနှင့် ဖော်ဆောင်မည့်စီမံကိန်းများကို အလှူရှင်များ၊ နိုင်ငံတကာအဖွဲ့အစည်းများ၏ လုပ်ထုံးလုပ်နည်းများနှင့် သဟဇာတဖြစ်စေရန် MPSI မှ အာရုံစူးစိုက်ပြီး ချဉ်းကပ်လုပ်ဆောင်ခဲ့သည်။ သေးငယ်သော ထောက်ပံ့မှုများဖြစ်သော်လည်း သွင်ပြင်လက္ခဏာအားဖြင့်သော်လည်းကောင်း၊ နိုင်ငံရေးအရသော်လည်းကောင်းအရေးပါပြီး ၎င်းထောက်ပံ့မှုအကူအညီများ တောင်းခံရန် မဟာဗျူဟာမြောက်သော အချိန်မှီတုံ့ပြန်ဆောင်ရွက်မှုတစ်ရပ် လိုအပ်သည်။ စမ်းသပ်စီမံကိန်းပရိုဂျက်များ၏ ပဏာမစီမံချက်ကာလအတွင်း ဖော်ဆောင်မည့် အလုပ်ရုံဆွေးနွေးပွဲများ၊ ပမာဏ သေးငယ်သော အစဦးလုပ်ဆောင်ချက်များ၊ အစဦးသင်တန်းများ၊ နည်းစနစ်ကျသော လူထုလိုအပ်ချက်ပူးပေါင်းဆန်းစစ်လေ့လာရေးလုပ်ငန်းစဉ်များ စသည်တို့ကို ဆောင်ရွက်နိုင်ရန် မျိုးစေ့ချ ပေးမည့် ရန်ပုံငွေ ဒေါ်လာ ၅၀၀၀ နှင့် ဒေါ်လာ ၃၀၀၀၀ ကြား) ပမာဏများကို မကြာခဏ လိုအပ်လျက်ရှိသည်။ ကိစ္စတော်တော် များများ၌ MPSI ဝန်ထမ်းများသည် အလှူရှင်များကို ချိတ်ဆက်ခြင်း၊ အလှူရှင်လိုအပ်ချက်များနှင့် ဒေသတွင်း လိုအပ်ချက်များ သဟဇာတဖြစ်ရန် စေ့စပ်ညှိနှိုင်းဆောင်ရွက်ခြင်း၊ စီမံကိန်းဖော်ဆောင်မည့် အိုင်ဒီယာများ ဖော်ထုတ်ခြင်းနှင့် အဆိုပြုလွှာများ ရေးသားခြင်း၊ သင့်လျော်သော မိတ်ဖက်နိုင်ငံတကာအင်ဂျီအိုများကို ရှာဖွေခြင်း၊ စသည့်လုပ်ငန်းရပ်များတွင် အချိန်များစွာ ပေးခဲ့ရသည်။ ဤအခင်းအကျင်းတွင် စီမံကိန်းရန်ပုံငွေများ ရရှိရန် အလျင်အမြန် တုံ့ပြန်ဆောင်ရွက်မှုနှင့် ပတ်သက်၍ (Oslo အခြေပြု) Nordic Institute for Support (NIS)သည် အဓိက အခန်းကဏ္ဍမှ ပါဝင်ဆောင်ရွက်ခဲ့သည်။ ကွင်းဆက်အနေဖြင့် MPSI သည် မိမိလုပ်ဖော်ဆောင်ဖက်ဖြစ်သော Norwegian Peoples Aid (NPA) အပေါ် အတော်အတန်မှီခိုသည့် အနေအထားမျိုးဖြစ်လာခဲ့သည်။ Norwegian People's Aid (NPA)သည် ပြည်တွင်းမျက်မှောက်ရေးရာများနှင့် ဒေသတွင်းစွမ်းဆောင်ရည်များ မြှင့်တင်ခြင်းနှင့် ပတ်သက်သော အရေးကိစ္စများကို အကောင်အထည်ဖော်ရန်ယခင်၌

နော်ဝေနိုင်ငံခြားရေးဝန်ကြီးဌာနမှ ရန်ပုံငွေရယူခဲ့သည်။ ပြီးနောက် ငြိမ်းချမ်းရေးဖော်ဆောင်မှု လုပ်ငန်းစဉ်တွင် တိုင်းရင်းသားလက်နက်ကိုင်တပ်ဖွဲ့များ၊ လူထုအခြေပြု အဖွဲ့အစည်းများတို့၏ အကျိုးစီးပွားများအတွက် ၎င်းတို့နှင့် လက်တွဲလုပ်ဆောင်ရန် ခွင့်ပြုသဘောတူညီချက်ရရှိထားသော အဖွဲ့လည်းဖြစ်သည်။ NIS နှင့် NPA တို့မှ တစ်ဆင့် နော်ဝေနိုင်ငံခြားရေးဝန်ကြီးဌာန၏ ထောက်ပံ့ကူညီမှုများသည် MPSI ၏ ပထမ ၂၄ လ အတွင်း လုပ်ငန်းအောင်မြင်မှုများအတွက် အရေးပါသော အချက်တစ်ခု ဖြစ်စေခဲ့သည်။ အဓိကကျသော တိုင်းရင်းသား လက်နက်ကိုင်တပ်ဖွဲ့များနှင့် တွေ့ဆုံဆွေးနွေးပွဲပြုလုပ်ရန်နှင့် နိုင်ငံတော်အစိုးရက လိုလားနေသော ငြိမ်းချမ်းရေး ဖော်ဆောင်မှု လုပ်ငန်းစဉ်အား ပံ့ပိုးမှုများ လျင်မြန်စွာ ဆောင်ရွက်နိုင်ရန် သံတမန်အဆင့် ဆက်ဆံရေးတွင် နော်ဝေအစိုးရကမဟာဗျူဟာမြောက် အစီအစဉ်တစ်ခုကို ချပြခဲ့သည်။ သို့သော်လည်း နိုင်ငံတော်အစိုးရ၏ ဦးစားပေးအစီအစဉ်များနောက် ကျယ်ကျယ်ပြန့် ပြန့်လိုက်နာ ဆောင်ရွက်သည့် ကူညီထောက်ပံ့မှုရလဒ်များသာဖြစ်သည် ဟု ဝေဖန်မှုများပေါ်ထွက်လာခဲ့ခြင်းနှင့်အတူ နိုင်ငံတကာ၏ အဆင်မချောသော မဟာဗျူဟာချမှတ်မှုများကို ၂၀၁၂ ခုနှစ်တစ်နှစ်ပတ်လုံးနှင့် ၂၀၁၃ ခုနှစ်ကာလများအတွင်းတွင် ထင်သာမြင်သာရှိလာခဲ့သည်။ ငြိမ်းချမ်းရေးလုပ်ငန်းစဉ် အထောက်အကူပြုသော အစောပိုင်းကာလ စမ်းသပ် စီမံကိန်းများ ပရိုဂျက်၏ သေးငယ်သော ရှေ့ဆက်စီမံချက်များနှင့် ပတ်သက်၍ အကူအညီပေးမည့် အလှူရှင်များ ရှာဖွေရန် MPSI ၏ ပျက်ကွက်ခဲ့မှုသည် ရည်ရွယ်လုပ်ဆောင်ချက်တချို့၌ ယုံကြည်မှုတည်ဆောက်ခြင်းအခွင့် အလမ်းများကို ဆုံးရှုံးစေသည်သာမက လူထုအတွင်း ငြိမ်းချမ်းရေး ဖော်ဆောင်မှုလုပ်ငန်းစဉ်ဖြစ်ပေါ်လာရန် အကူအညီပေးနိုင်မည့် နိုင်ငံတကာ အဖွဲ့အစည်းများ အပေါ်တွင်လည်း တိုင်းရင်းသားအရေး လှုပ်ရှားဆောင် ရွက်သူများ၏ ယုံကြည်ချက်များ ယိမ်းယိုင်သွားခဲ့သည်။

## ၂.၁.၅။ MPSI ၏ ဆက်သွယ်ဆောင်ရွက်မှု မဟာဗျူဟာ

MPSI ၏ မဟာဗျူဟာသည် အစောပိုင်း၌ ရှင်းရှင်းလင်းလင်းရှိသော်လည်း နောက်ပိုင်းတွင် ရှင်းလင်းသေချာမှု မရှိဟုအချို့သော တိုင်းရင်းသားအဖွဲ့အစည်းများက ထင်မြင်ယူဆခဲ့ကြသည်။ အထူးသဖြင့် ပထမဆုံးစီမံကိန်းနှစ်အတွင်း၌ MPSI သည် ပဓာနကျသော တိုင်းရင်းသားအဖွဲ့အစည်းများ (အထူးသဖြင့် တိုင်းရင်းသားလက်နက်ကိုင်တပ်ဖွဲ့များနှင့် စစ်ဘေးသင့်ရွှေ့ပြောင်းဒုက္ခသည် လူထုများ)နှင့် တွေ့ဆုံဆွေးနွေးပွဲများ ပြုလုပ်မည့် ကိစ္စ အပေါ်တွင် အာရုံစိုက်လုပ်ဆောင်ခဲ့သည်။ တိုင်းရင်းသား အဖွဲ့အစည်းများကို စီမံကိန်းရေးဆွဲမှုလုပ်ငန်းစဉ်နှင့် စီမံကိန်းဖော်ဆောင်မှု လုပ်ငန်းစဉ်များတွင် ကိုယ်တိုင် ကိုယ်ကျ ပါဝင်စေရန် MPSI မှ ကြိုးစားလုပ်ဆောင်သော်လည်း ဝန်ထမ်းအင်အား လုံလောက်မှုမရှိခြင်းကြောင့် အခြားတိုင်းရင်းသား အဖွဲ့အစည်းများ (မတူကွဲပြား၍ အမျိုးစုံလင်လှသော မြန်မာ လူမှုအသင်းအဖွဲ့များနှင့် နိုင်ငံရေးလှုပ်ရှားဆောင်ရွက် သူများ)နှင့် ကျယ်ပြန့်စွာ တွေ့ဆုံညှိနှိုင်းမှု၊ သတင်းအချက် အလက်ဝေမျှမှုတွင် အားနည်းချက်များစွာ ရှိခဲ့သည်။

ဆက်သွယ်ဆောင်ရွက်မှု ဟာကွက်တစ်ခုမှာ ငြိမ်းချမ်းရေးဖော်ဆောင်မှုလုပ်ငန်းစဉ်အတွက် အလှူရှင်များက အမေရိကန်ဒေါ်လာ သန်းပေါင်း (၆၀) နှင့် အထက်ကို ထောက်ပံ့ကူညီရန် အာမခံထားသည်ဟူသော လက်ခံရရှိထားသည့် ကနဦးအချက်အလက်အရ ရှင်းလင်းဖော်ပြထား ခြင်းအပေါ် ရှုပ်ထွေးမှုအနည်းငယ်ဖြစ်ပေါ်ခဲ့သည်။ ပမာဏသေးငယ်သော စီမံချက်များကိုသာ အဓိက ထောက်ပံ့ရန် ရည်ရွယ်ထားသည့် MPSI ၏ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်ဆီ ဦးတည်သော ချဉ်းကပ်လုပ်ဆောင်မှုသည် တကယ့်လက်တွေ့ အခြေအနေနှင့် ကွဲလွဲစွာဖြစ်ပေါ်လာခဲ့ သည်။ သို့သော်လည်းပဲ MPSI သည် ပိုမိုကျယ်ပြန့်သော မဟာဗျူဟာနှင့် ၎င်း၏ အခန်းကဏ္ဍကို ပိုမိုတိုးချဲ့နိုင်ရန် နော်ဝေနိုင်ငံခြားရေး ဝန်ကြီးဌာန ဝက်ဆိုဒ်မှတစ်ဆင့် သော်လည်းကောင်း၊ MPSI ၏ ကိုယ်ပိုင်ဝက်ဆိုဒ်မှ တစ်ဆင့်သော်လည်းကောင်း၊ လက်ရှိ PDSG ဝက်ဆိုဒ်မှ တစ်ဆင့်သော်လည်းကောင်း အစပြုလျက် ပရိုဂရမ်များ ချမှတ်ဆောင်ရွက်နိုင်ရန် ကြိုးစားအားထုတ်နိုင်ခဲ့သည်။

စီမံကိန်းအစပြုသော ၂၀၁၃ ခုနှစ်နှစ်လယ်ပိုင်းနှင့်နှစ် နှောင်းပိုင်း အတွင်းတွင် Myanmar Peace Center (MPC) နှင့် MPSI အကြား ဆက်ဆံရေးနှင့် ပတ်သက်၍လည်း မရေရာမှုများရှိနေခဲ့သည်။ တစ်နှစ်ကျော်ကြာပြီး သည့်နောက် MPC ၏ ရပ်တည်မှုသည် ငြိမ်းချမ်းရေးဖော် ဆောင်မှုလုပ်ငန်းစဉ်တွင် စဉ်းစားတွေးခေါ်သူများအဖွဲ့

(think tank) ကဲ့သို့လည်းကောင်း၊ စစ်ဘေးသင့်ဒေသများနှင့် နိုင်ငံတကာ အေဂျင်စီများကြား ဆက်သွယ်ဆောင်ရွက်သူအဖြစ်လည်းကောင်း သတ်မှတ်ခြင်းခံခဲ့ရသည်။ MPSI သည် နိုင်ငံရေး ပါတီများနှင့်သော်လည်းကောင်း၊ လူမှုအခြေပြုအသင်းအဖွဲ့များနှင့်သော်လည်းကောင်း၊ စစ်ဘေးသင့်ပြည်သူများနှင့်သော်လည်းကောင်း၊ တိုင်းရင်းသားလက်နက်ကိုင်တပ်ဖွဲ့များ၏ ပူးပေါင်းလုပ်ဆောင်မှုဖွဲ့စည်းတည်ဆောက်ခြင်းအတွက်သော်လည်းကောင်း၊ MPC နှင့်သော်လည်းကောင်း ဆွေးနွေးညှိနှိုင်းမှုများ ပုံမှန်ပြုလုပ်ခဲ့သည်။ MPSI သည် MPC၊ နိုင်ငံတော်အစိုးရတို့နှင့် ပိုမိုလက်ပွန်းတတီးနေဖြစ်ပြီး နိုင်ငံတော်အစိုးရ၏ အစီအမံများကိုသာ လိုက်နာဆောင်ရွက်နေသည်ဟု အချို့တိုင်းရင်းသားအဖွဲ့အစည်းများက MPSI အပေါ် ထင်မြင် ယူဆခဲ့ကြသည်။

MPSI ကို ငြိမ်းချမ်းရေးဖော်ဆောင်မှုလုပ်ငန်းစဉ်အား အဓိကကူညီပံ့ပိုးသည့် အဖွဲ့အစည်းဖြစ်စေရန် ကနဦးရေတို စီမံချက်၏ အစောပိုင်းကာလတွင် အဆင့်ဆင့်ပုံဖော်လုပ်ဆောင်ခဲ့သည်။ MPSI ၏ စီမံကိန်းရန်ပုံငွေအတွက် သုံးလမှခြောက်လတာ ပထမအခြေခံ ပံ့ပိုးမှုအဖြစ်ရရှိခဲ့သည်။ ငြိမ်းချမ်းရေးဖော်ဆောင်မှုလုပ်ငန်းကို အထောက်အပံ့ပြုနိုင်ရန် ရေရှည်တည်တံ့ ခိုင်မြဲမည့်ဖွဲ့စည်း တည်ဆောက်မှုအတွက် သေချာရေရာခြင်း မရှိဘဲဖြစ်နေခဲ့သည်။ ဤနောက်ကွယ် အကြောင်းတရားသည် MPSI မှ ဖော်ဆောင်မည့် လုပ်ငန်းစဉ် အဆင့်ဆင့်အတွက် မသေချာမရေရာမှုတစ်ခုဖြစ်စေခဲ့ပြီး ကတိကဝတ်ပျက်ပြယ်သော လက္ခဏာကဲ့သို့ အချို့သော တိုင်းရင်းသားအဖွဲ့အစည်းများနှင့် တိုင်းရင်းသားလက်နက်ကိုင်တပ်ဖွဲ့များက ထင်မြင်ယူဆခဲ့ကြသည်။

## ၂.၁.၆။ MPSI ၏ ဝန်ထမ်းရေးရာ အခြေအနေ

မြန်မာနိုင်ငံနှင့် အခြားသော ဒေသများတွင် ဖြစ်ပွားသည့် ပဋိပက္ခများနှင့် ပတ်သက်၍သော်လည်းကောင်း၊ ငြိမ်းချမ်းရေးဖော်ဆောင်မှုလုပ်ငန်းစဉ်နှင့် ပတ်သက်၍သော်လည်းကောင်း MPSI အဖွဲ့ဝင်များသည် အတွေ့အကြုံပြည့်ဝသော ဝန်ထမ်းများဖြစ်ကြပါသည်။ သို့သော် ပမာဏသေးငယ်ပြီး အခြေခံကျသော အချိန်ပိုင်းလုပ်ငန်းများ၌သာ များစွာ လုပ်ဆောင်ခဲ့ရသည်။ MPSI သည့် ကနဦးရေတို စီမံကိန်းကဲ့သို့ ကြီးမားသော စီမံကိန်းမျိုးကို ယခင်အချိန်၌ လုပ်ဆောင်ခဲ့ဖူးခြင်း မရှိသည့်အတွက် ၎င်းက တာဝန်ယူလုပ်ဆောင်နိုင်လိမ့်မည် မဟုတ်ဟု မိမိကိုယ်တိုင်ထင်မြင်ယူဆသလိုပင် အချို့သော အဖွဲ့အစည်းများကလည်း ထင်မြင်ယူဆခဲ့ကြသည်။ MPSI ကို အသင်းအဖွဲ့တစ်ခုကဲ့သို့ ဖွဲ့စည်းတည် ထောင်ခြင်းမျိုးမဟုတ်ဘဲ လှုပ်ရှားဆောင်ရွက်မှု လွယ်ကူစေရန်နှင့် သင်ယူလေ့လာနိုင်ရန် မဟာဗျူဟာအရ ဖွဲ့စည်းခဲ့ခြင်းဖြစ်သည်။ ငြိမ်းချမ်းရေးဖော်ဆောင်မှုလုပ်ငန်းစဉ်အား အကောင်အထည်ဖော်ရာတွင် နော်ဝေနိုင်ငံဖြစ်စေ၊ MPSI ဖြစ်စေ တွန်းတွန်းတိုက်တိုက်လုပ်ဆောင်ခြင်း မရှိဟု ဝေဖန်သူများက ထင်မြင်ယူဆနေဆဲပင်ဖြစ်သည်။ သို့သော်လည်းပဲ ၂၀၁၃ ခုနှစ်အတွင်းတွင် အခြားတိုင်းရင်းသားအဖွဲ့အစည်းများ၊ မီဒီယာများနှင့် ပိုမိုတက်ကြွစွာဖြင့် လက်တွဲလုပ်ဆောင်ခြင်း၊ အစပြုလုပ်ဆောင်လာခဲ့သော စီမံကိန်းများကို အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရန် ပံ့ပိုးကူညီခြင်း၊ တိုင်းရင်းသားအဖွဲ့အစည်းများကြား ကျယ်ပြန့်သော တွေ့ဆုံဆွေးနွေးမှုများ ပြုလုပ်နိုင်ရန် စေ့စပ်ညှိနှိုင်းခြင်း၊ စသည့် ဆောင်ရွက်ချက်များ လုပ်ဆောင်နိုင်ရန် MPSI သည့် ကနဦး၌ အကန့်အသတ်ဖြစ်နေခဲ့သော မိမိ၏ ဝန်ထမ်းစွမ်းရည်များကို မြှင့်တင်နိုင်ခဲ့သည်။ ပူးပေါင်းဆောင်ရွက်ခြင်းဖိုရမ်များ ပြုလုပ်ခြင်း အပါအဝင်များစွာသော အစည်းအဝေးနှင့် တွေ့ဆုံဆွေးနွေးပွဲများ ပြုလုပ်ခြင်းများလည်း ပါဝင်ပါသည်။

## ၂.၁.၇။ လူမှုအခြေပြု အသင်းအဖွဲ့များ၏ ဝေဖန်ပြစ်တင်မှုများ

အကြောင်းအရာ ကျယ်ကျယ်ပြန့်ပြန့် ပါဝင်သော ဆွေးနွေးညှိနှိုင်းတိုင်ပင်မှုများ လိုအပ်ခြင်းနှင့် စမ်းသပ်စီမံကိန်းများ ဖွံ့ဖြိုးတိုးတက်လာသည်ကို အလျောက် တောင်းဆိုမှုများနှင့် လိုအပ်မှုများကို တုံ့ပြန်မှုပြုနိုင်သည့် စမ်းသပ်စီမံကိန်းပရိုဂျက်များ လျင်မြန်စွာ ဆောင်ရွက်ပေးနိုင်ခြင်းတို့၏ အရေးပါမှုကို ဘက်ညီရန် လိုအပ်ခြင်းသည် အခြားအဓိကကျသော စိန်ခေါ်မှုတစ်ရပ်ပင်ဖြစ်သည်။

ထိုင်းနိုင်ငံအခြေပြုလှုပ်ရှားနေသော အဖွဲ့အစည်းများက MPSI အပေါ် ဝေဖန်ပြစ်တင်ခဲ့ကြသည်။ စစ်ဘေးသင့် ရွှေ့ပြောင်းဒုက္ခသည်များကို အစိုးရထိန်းချုပ်နယ်မြေ

အတွင်းသို့ ပြောင်းရွှေ့ရန် စီစဉ်ပေးနေသည်ဟူ၍လည်းကောင်း၊ အစိုးရ၏ စီးပွားရေးဦးစားပေး အစီအမံများကိုသာ ဦးတည်ထောက်ပံ့ပေးနေသည်ဟူ၍လည်းကောင်း MPSI အပေါ် ထင်မြင်ယူဆနေသောကြောင့်ဖြစ်သည်။ သီရိလင်္ကာနိုင်ငံတွင် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ဖော်ဆောင်ခဲ့သည့် နော်ဝေနိုင်ငံအား အကြောင်းပြု၍ မြန်မာနိုင်ငံတွင်လည်း ၎င်းနှင့် အလားတူသော ရလဒ်များရရှိလာစေရန် MPSI က လုပ်ဆောင်နေသည်ဟု တချို့က ဝေဖန်ခဲ့ကြသည်။ ပိုမိုကျယ်ပြန့်သည့် ငြိမ်းချမ်းရေးဖော်ဆောင်မှုလုပ်ငန်းစဉ်ကို အကောင်အထည်ဖော်ရန်နှင့် ကေအန်ယူအဖွဲ့၏ အပစ်အခတ်ရပ်စဲရေးဆိုင်ရာ မဟာဗျူဟာအရ ကေအန်ယူ ထိပ်ပိုင်းခေါင်းဆောင်များနှင့် ပါဝင်ပတ်သက်မှုအပေါ်တွင်လည်း စွပ်စွဲမှုပြုခဲ့ကြသည်။ အထက်၌ ဖော်ပြခဲ့သည့်အတိုင်း ကျယ်ပြန့်သော ငြိမ်းချမ်းရေးအကောင်အထည်ဖော်ရေးနှင့် ပတ်သက်၍ MPSI သည် တိုင်းရင်းသားအဖွဲ့အစည်းများက စိုးရိမ်သံသယဝင်နေသော ငြိမ်းချမ်းရေးကိုယ်စားလှယ်အဖြစ် တစ်ခါတစ်ရံ သတ်မှတ်ခြင်းခံခဲ့ရသည်။

နှစ်နှစ်ဆယ်နီးပါး ကြာရှည်လှသော ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခကြောင့် စစ်ဒဏ်ခံစားနေရပြီး လွန်စွာဆိုးရွားသော အခြေအနေအောက်တွင် ရောက်ရှိနေသည့် ပြည်သူများအတွက် ရန်ပုံငွေအကူအညီများထောက်ပံ့သည့် ကိစ္စ၌ ခက်ခဲပြီး အန္တရာယ်များသောအခြေအနေတွင် MPSI က ကျွမ်းကျင်လိမ္မာစွာ ဆောင်ရွက်နိုင်ခဲ့သည်ဟူ၍ တချို့သော ဝေဖန်သူများက အသိအမှတ်ပြုခဲ့ကြသည်။ သို့သော်လည်းပဲ ငြိမ်းချမ်းရေးဖော်ဆောင်မှုလုပ်ငန်းစဉ်နှင့် အပစ်အခတ်ရပ်စဲရေးလုပ်ငန်းများ စတင်လိုက်သည်နှင့် တစ်ပြိုင်နက်နိုင်ငံရေးပြုပြင်ပြောင်းလဲမှုများလည်း စတင်လုပ်ဆောင်လာခဲ့ပြီးနယ်ခြားမျဉ်းများမှ တစ်ဆင့် စစ်ဘေးသင့်ဒေသရှိ စစ်ဒဏ်သင့်လူထုများထံသို့ ပြင်ပအကူအညီများစွာလည်း အလုံးအရင်းဖြင့် ဝင်ရောက်လာခဲ့သည်။ ထိုင်း-မြန်မာနယ်စပ်အခြေပြုအဖွဲ့အစည်းများလည်း မိမိတို့၏ ပုံသဏ္ဌာန်ကိုအခြေအနေနှင့် လျော်ညီစွာ ပြောင်းလဲလုပ်ရှားရန် ၎င်းတို့အတွက် စိန်ခေါ်မှုကြီးတစ်ရပ်ဖြစ်စေခဲ့သည်။ ဤကဲ့သို့ဖြင့် အဖွဲ့အစည်းများစွာသည် မိမိတို့ အဖွဲ့အစည်းသရုပ်သကန်များကို ပြောင်းလဲကာပြည်တွင်းသို့ ဝင်ရောက်လှုပ်ရှားလာခဲ့ကြသည်။ တစ်ချိန်တည်းတွင် ထိုင်းမြန်မာနယ်စပ်မျဉ်းတစ်လျှောက်တွင် လှုပ်ရှားနေသော စီမံကိန်းရန်ပုံငွေရှာဖွေသည့် ကိစ္စတွင် အဖွဲ့အစည်း တချို့က အတွေ့အကြုံကောင်းများရှိနေနှင့်ပြီးဖြစ်သည်။ တခြားတစ်ဖက်၌လည်း အစိုးရဦးဆောင်သော နိုင်ငံရေး ပြုပြင်ပြောင်းလဲမှုများနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုလုပ်ငန်းသည် မြန်မာနိုင်ငံတွင်း တိုင်းရင်းသားမျိုးနွယ်စု နိုင်ငံရေးအပေါ် လွှမ်းမိုးချုပ်ကိုင်လိုသည့် အစဉ်အဆက် လှည့်ကွက်တစ်ခုကဲ့သို့ ခြိမ်းခြောက်မှုတစ်ရပ်သာဖြစ်ကြောင်း အဖွဲ့အစည်းများကသော်လည်းကောင်း၊ တစ်ဦးတစ်ယောက်ချင်းသော်လည်းကောင်း ထင်မြင်ယူဆလျက်ရှိသည်။ အဘယ်ကြောင့်ဆိုသော် နိုင်ငံရေးစကားဝိုင်းများသာမြင်တွေ့နေရပြီး တည်ဆောက်မှုလုပ်ငန်းစဉ်သည် စစ်မှန်သော အခြေအနေနှင့် ကွာဟလျက်ရှိနေသောကြောင့်ဖြစ်သည်။

အထူးသဖြင့် MPSI ၏ ပထမနှစ်စီမံကိန်းတည်ဆောက်မှုအတွင်းတွင် ၎င်းတို့နှင့် လုံလောက်စွာဆွေးနွေးတိုင်ပင်ခြင်း မရှိဟု ထိုင်းနိုင်ငံအခြေစိုက် အဖွဲ့အစည်းများနှင့် ထိုင်း မြန်မာနယ်စပ်အခြေစိုက် အဖွဲ့စည်းများက ဇောဒကတက်ခဲ့ကြသည်။ လျင်မြန်စွာ ရွေ့လျားနေသော ငြိမ်းချမ်းရေးဖော်ဆောင်မှုလုပ်ငန်းစဉ်အပေါ် အဆောတလျင် တုံ့ပြန်လုပ်ဆောင်ရန်နှင့် တိုင်းရင်းသားအဖွဲ့အစည်းများကြား ပိုမို၍ ကျယ်ပြန့်လေးနက်သောတွေ့ဆုံဆွေးနွေးမှုများ ပြုလုပ်ရန် လိုအပ်သည်ဟူသောသဘောထားမှတ်ချက်များ မြင့်တက်လာခဲ့သည်။ ပြန်လည်သုံးသပ်ကြည့်လိုက်သောအခါ MPSI အနေဖြင့် ၎င်းအပေါ် ဝေဖန်ပြစ်တင်မှုများကို မကွယ်မဝှက်တမ်းပြန်လည်တုံ့ပြန်ဖြေကြားပေးနိုင်ခဲ့ပြီး ၎င်း၏ ရပ်တည်မှုနှင့်ဆောင်ရွက်ချက်များကိုလည်း ကောင်းစွာရှင်းလင်းတင်ပြနိုင်ခဲ့ပါသည်။

အရေးကြီးဆုံးထောက်ပြလိုသည့် အချက်မှာ MPSI ၏ လိမ္မာပါးနပ်သော ချဉ်းကပ်ဖြေရှင်းမှုများကြောင့် ၎င်းအပေါ် ဝေဖန်ပြစ်တင်မှုများ အားလုံးသည် ၂၀၁၃ ခုနှစ်နှောင်းပိုင်းတွင် လျော့ကျသွားခဲ့သည်။ ပြီးသည့်နောက်စမ်းသပ်စီမံကိန်း ပရိုဂျက်များကို လက်တွေ့အကောင်အထည်ဖော်လိုက်သည့် နောက်ပိုင်းတွင် သော့ချက်ကျသော တိုင်းရင်းသားအဖွဲ့ အစည်းများ၏ လက်ခံအသိအမှတ်ပြုခြင်းကို ရယူနိုင်ခဲ့ပါသည်။

## ၂.၂။ စီမံကိန်းအောင်မြင်မှုများ

အောက်ခြေလူထုအတွင်း လက်တွေ့ကျကျ စမ်းသပ်လုပ်ဆောင်ခဲ့ပြီးနောက် ငြိမ်းချမ်းရေးဖော်ဆောင်မှုလုပ်ငန်းစဉ်တွင် အချင်းချင်းကြား ယုံကြည်မှုတည်ဆောက်ခြင်းကို ပြုစုပျိုးထောင်ပေးနိုင်ခဲ့သည်။ လက်လှမ်းရယူခဲ့နိုင်သောအောင်မြင်မှုများမှာ−

### ၂.၂.၁။ အရေးကြီးသော နိုင်ငံရေးဆိုင်ရာ အခြင်းအရာများအတွက် လျင်မြန်စွာ တုံ့ပြန်ဆောင်ရွက်နိုင်ခဲ့ခြင်း

စီမံကိန်းစတင်ကတည်းက MPSI သည် ငြိမ်းချမ်းရေးဖော်ဆောင်မှုလုပ်ငန်းစဉ်ကို ပံ့ပိုးကူညီသည့် လူပြောများထင်ရှားသည့် အင်အားကြီးသော နိုင်ငံတကာအဖွဲ့အစည်းပင်ဖြစ်သည်။ ဖွံ့ဖြိုးပြီးနိုင်ငံများထဲမှ တစ်နိုင်ငံဖြစ်သောနော်ဝေနိုင်ငံသည် အများလက်ခံယုံကြည်သော ငြိမ်းချမ်းရေး တည်ဆောက်မှုလုပ်ငန်းကို စွန့်လွှတ်စွန့်စားမှုများစွာဖြင့် လုပ်ဆောင်ပြနိုင်ခဲ့သည်။ အပစ်အခတ်ရပ်စဲရေးလုပ်ငန်းတွင် အဓိကပါဝင်လုပ်ဆောင်သူများ (အထူးသဖြင့်နိုင်ငံတော်အစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင်တပ်ဖွဲ့များ)အတွက် နိုင်ငံရေးဆိုင်ရာ ထောက်ပံ့ကူညီမှုများအားနိုင်ငံတကာ အသိုင်းအဝိုင်း၏ သိသာထင်ရှားသောလုပ်ဆောင်ချက်များကို MPSI က ဖော်ထုတ်ပေးနိုင်ခဲ့သည်။

### ၂.၂.၂။ တိုင်းရင်းသားလက်နက်ကိုင်တပ်ဖွဲ့ ၇ ဖွဲ့နှင့် စေ့စပ်ညှိနှိုင်းခြင်း

စေ့စပ်ညှိနှိုင်းခြင်း အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်များထဲက အဓိကအချက်တချို့ကို စီမံကိန်းမှပံ့ပိုးကူညီ စမ်းသပ်အကောင်အထည်ဖော်ခဲ့သည်။ ၎င်းတို့မှာ ဆက်ဆံရေးရုံးများ တည်ထောင်ဖွင့်လှစ်ခြင်း၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ် အထောက်အကူပြု ပူးပေါင်းဆောင်ရွက်ရေးအားတိုးမြှင့်ခြင်း၊ အခြားသော စီမံကိန်းပူးပေါင်းဆောင်ရွက်သူများနှင့် လူထုကြား တွေ့ဆုံဆွေးနွေးပွဲများဖြစ်ပေါ်လာစေရန် ပံ့ပိုးကူညီခြင်း၊ ထူထောင်ရေးလုပ်ငန်းစဉ်နှင့် ပြန်လည်နေရာချထားရေးလုပ်ငန်းစဉ်များနှင့်ပတ်သက်၍ စစ်ဘေးသင့် ပြည်သူလူထုများကို အကူအညီပေးနိုင်ရန် ဒေသတွင်းအဖွဲ့အစည်းများအား ပံ့ပိုးကူညီခြင်း၊ အောက်ခြေလူထုအဖွဲ့ အစည်းများ၏ ဆောင်ရွက်ချက်များအား ပံ့ပိုးကူညီခြင်းနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုလုပ်ငန်းစဉ်တွင် တိုင်းရင်းသားလက်နက်ကိုင်တပ်ဖွဲ့များပါဝင်လာစေရန် စေ့စပ်ညှိနှိုင်းခြင်း စသည်တို့ဖြစ်သည်။ MPSI သည် KNU, NMSP, ALP, CNF, KNPP, SSA-S/RCSS နှင့် DKBA တို့နှင့်အတူ စေ့စပ်ညှိနှိုင်းခဲ့သည်။ MPSI သည် အချို့တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများကို နိုင်ငံတကာအလှူရှင်များ၊ နိုင်ငံတကာသံတမန်များနှင့် တိုက်ရိုက်ချိတ်ဆက် ဆောင်ရွက်စေခြင်းအားဖြင့် အရေးပါသော ဖွံ့ဖြိုးရေးသင်္ကေတတစ်ခုအဖြစ်ပေါ်လွင်စေပါသည်။ အရေးပါသော ဖွံ့ဖြိုးရေး သင်္ကေတတစ်ခုဟုဆိုရာ၌ ငြိမ်းချမ်းရေးဖော်ဆောင်မှုလုပ်ငန်းစဉ်မှတစ်ဆင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအား ဥပဒေပြင်ပအဖွဲ့အစည်းမှ ဥပဒေတွင်းအဖွဲ့အစည်းများအဖြစ်သို့ ပြောင်းလဲနိုင်စေသည်သာမကဒေသဖွံ့ဖြိုးရေး ဖော်ဆောင်သူများအဖြစ် သို့ရောက်ရှိစေသောကြောင့်ဖြစ်သည်။ တိုင်းရင်းသားလက်နက်ကိုင်တပ်ဖွဲ့များနှင့် တိုက်ရိုက် ထိတွေ့စေ့စပ်ဆွေးနွေးရသည့်အတွက် ၎င်းတို့၏ စွမ်းဆောင်နိုင်မှုများ၊ လိုလားချက်များနှင့် လိုအပ်ချက်များကို ပိုမိုနားလည်သဘောပေါက်လာစေပါသည်။

### ၂.၂.၃။ ကတိကဝတ်များ ခိုင်မာစေခြင်းနှင့် ဆက်သွယ်ဆက်ဆံရေးလမ်းကြောင်းများ ပိုမိုတိုးမြှင့်ခြင်း

တိုင်းရင်းသားလက်နက်ကိုင်တပ်ဖွဲ့များဖြစ်သော KNU၊ NMSP နှင့် KNPP တို့၏ ထိန်းချုပ်နယ်မြေများအတွင်းရှိ စစ်ဘေးသင့်လူထုအား ထောက်ပံ့ကူညီမှုများအပေါ် အနှောင့်အယှက်ကင်းစွာ ဆောင်ရွက်နိုင်ရန်ခွင့်ပြုပေးသည့် နိုင်ငံတော်အစိုးရ၏ ဆန္ဒသဘောထားသည် အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်ကိုအကောင်အထည်ဖော်ရန် တည့်တိုးစမ်းလိုက်သကဲ့သို့ငြိမ်းချမ်းရေးတိုးတက်ဖြစ်ထွန်းမှု၏ သင်္ကေတတစ်ခုလည်းဖြစ်သည်။ ကျောက်ကြီးစမ်းသပ် စီမံကိန်းပရိုဂျက်အကောင်အထည်ဖော်ရာတွင် KNU ၏ ပြန်လည်ထူထောင်ရေးအင်အားစုဖြစ်သော CIDKP အဖွဲ့မှတစ်ဆင့်ကူညီထောက်ပံ့ခဲ့ရသည်။ ယခင်၌ CIDKP သည်နည်းပညာပိုင်းဆိုင်ရာ အားပြုလုပ်ဆောင်သော ဥပဒေဘောင်ပြင်ပနယ်စပ်အခြေပြု အသင်းအဖွဲ့တစ်ခုဖြစ်ခဲ့

သည်။ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အပေါ် KNU ၏ ယုံကြည်ချက် ပိုမိုခိုင်မာလာစေရန် မြန်မာအစိုးရ ထိန်းချုပ်နယ်မြေအတွင်းတွင် CIDKP ၏ ရုံးခန်းဖွင့်လှစ်ခြင်းနှင့် ဘဏ်စာရင်းဖွင့်ခြင်းများကို MPSI က ပြုလုပ်ဆောင်ရွက်ပေးခဲ့သည်။ သိသာထင်ရှားသော အပြန်အလှန်ယုံကြည်မှုတည်ဆောက်နိုင်ရေးအတွက် ဗမာစစ်တပ်အာဏာပိုင်များ၊ အစိုးရကိုယ်စားလှယ်များနှင့် တိုင်းရင်းသားလက်နက်ကိုင်တပ်ဖွဲ့များအကြား ပုံမှန်ဆက်ဆံရေးမျိုးတိုးပွားလာစေရန် အားပေးခြင်းနှင့် ပံ့ပိုးကူညီခြင်းများကို စမ်းသပ်စီမံကိန်းပရိုဂျက်ဖော်ဆောင်မှု အောက်ခြေအဆင့်တွင် ပြုလုပ်ဆောင်ရွက်ခဲ့သည်။ ချင်းပြည်နယ်အတွင်းရှိမြို့နှင့် အလှမ်းကွာဝေးလှသော စာသင်ကျောင်းများအတွက် အိုင်တီနည်းပညာများ ပံ့ပိုးပေးနိုင်ခြင်း၊ Chin Development Agency ဖွဲ့စည်းထူထောင်ခြင်းနှင့် လူထုလိုအပ်ချက်များ ပူးပေါင်းလေ့လာဆန်းစစ်ရေး လုပ်ငန်းစဉ်များ လုပ်ဆောင်ခြင်း၊ စသည့်အခြင်းအရာများနှင့် ပတ်သက်၍ အစိုးရနှင့် ချင်းအမျိုးသားတပ်ဦးတို့အကြား တွေ့ဆုံဆွေးနွေးခြင်းများသည် အနာဂတ်အလားအလာကောင်းသော ပူးပေါင်းလုပ်ဆောင်မှုများဖြစ်အချင်းချင်း ယုံကြည်မှုတည်ဆောက်နိုင်စေမည် သာမကဘဲ ပုံမှန်တွေ့ဆုံ ဆွေးနွေးမှုများဖြစ်ပေါ်စေရန်လည်း တွန်းအားတစ်ခုဖြစ်စေခဲ့ပါသည်။ MPSI မှ အကောင်အထည်ဖော်သော လုပ်ငန်းများအပြင်ထပ်မံ၍ အကောင်အထည်ဖော်ခဲ့သော Ethnic Peace Resources Project (EPRP) သည်လည်း ဒေသတွင်း အခြင်းအရာများအပေါ် ဆွေးနွေးသုံးသပ်ခြင်းနှင့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများ၏ ဆက်ဆံရေးရုံးများ တည်ထောင်ရေးလုပ်ငန်းစဉ်တွင် ပါဝင်ကူညီဆောင်ရွက်ခဲ့သည်။

### ၂.၂.၄။ နိုင်ငံရေးပါတီများ၊ လူမှုအခြေပြုအသင်း အဖွဲ့များနှင့် အောက်ခြေလူထုများ နက်နက်ရှိုင်းရှိုင်း ပူးပေါင်းပါဝင်သော ငြိမ်းချမ်းရေးဖော်ဆောင်မှု လုပ်ငန်းစဉ်

တိုင်းရင်းသားလူမှုအခြေပြု အသင်းအဖွဲ့ကွန်ရက်များ၊ အစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင်တပ်ဖွဲ့များကြား အပြန်အလှန်ချိတ်ဆက်ဆောင်ရွက်မှုများ တိုးတက်လာစေရန် MPSI ၏ ချဉ်းကပ်လုပ်ဆောင်မှုများကြောင့် များစွာ အကျိုးဖြစ်ထွန်းစေခဲ့သည်။ သာဓကအားဖြင့် ကရိန်းဗတွဲ စမ်းသပ်စီမံကိန်းပရိုဂျက် အကောင်အထည်ဖော်ရာတွင် MPSI ၏ စီမံခန့်ခွဲရေးဌာနများနှင့် မွန်လူထုအခြေပြုအသင်းအဖွဲ့များအကြား ပူးပေါင်းဆောင်ရွက်ခြင်းသည် ဆိုးရွားသော သမိုင်းနောက်ခံဆက်ဆံရေးများရှိခဲ့ကြသည့် အဖွဲ့အစည်းများ၊ မျိုးနွယ်စုများအကြား အပြန်အလှန်ယုံကြည်မှုတည်ဆောက်နိုင်ခဲ့သည်။ MPSI က ပံ့ပိုးဆောင်ရွက်သော လူထုတွေ့ဆုံဆွေးနွေးပွဲများ၊ အောက်ခြေလူထုအဆင့်လူထု လိုအပ်ချက် လေ့လာဆန်းစစ်ခြင်း လုပ်ငန်းစဉ်၊ စီမံကိန်းအစီအစဉ်ဆိုင်ရာ အစည်းအဝေးများ စသည့်ဆောင်ရွက်ချက်များသည် ဒေသတွင်း လူထုများက ပြည်ထောင်စုအဆင့်နိုင်ငံရေး ပြုပြင်ပြောင်းလဲမှုများအပေါ် ပိုမိုနားလည်သဘောပေါက်လာစေရန် ပံ့ပိုးမှုများစွာ ဖြစ်စေခဲ့သည်။ သည့်အပြင် ဒေသခံလူထုများသည် ၎င်းတို့၏ လိုလားချက်များ၊ လိုအပ်ချက်များနှင့် စိုးရိမ်သံသယများအတွက် ချိတ်ဆက်ဆောင်ရွက်နိုင်မည့် နည်းလမ်းကိုလည်း ရရှိစေခဲ့ပါသည်။ ရှမ်းပြည်နယ်၊ ကယားပြည်နယ်နှင့် မွန်ပြည်နယ်များအတွင်းတွင် ပြုလုပ်ခဲ့သော ငြိမ်းချမ်းရေးညီလာခံများနည်းတူ လူမှုအခြေပြုအသင်းအဖွဲ့များ၊ နိုင်ငံရေးပါတီများနှင့် တိုင်းရင်းသားလက်နက်ကိုင်တပ်ဖွဲ့များကြား တွေ့ဆုံဆွေးနွေးပွဲများ မြင့်တက်လာစေရန် မူဘောင်စည်းမျဉ်းများကိုလည်း ချမှတ်နိုင်ခဲ့သည်။ MPSI နှင့် ၎င်း၏ စီမံကိန်းလုပ်ဖော်ဆောင်ဖက်အဖွဲ့အစည်း တချို့အတွင်း ငြိမ်းချမ်းရေးဖော်ဆောင်မှု လုပ်ငန်းစဉ် တည်ဆောက်မှုနှင့် ပတ်သက်သော အတွေ့အကြုံများ၊ သတင်းအချက်အလက်များကို အချင်းချင်းကြား ဝေမျှဖလှယ်လျက် တိုင်းရင်းသား အဖွဲ့အစည်းများအတွက် အားလုံး လက်ခံနိုင်ရန် ရန်ကုန်မြို့ အခြေစိုက်လူမှုအခြေပြုအသင်းအဖွဲ့များ ပါဝင်သော လစဉ်တွေ့ဆုံဆွေးနွေးခြင်း ကဏ္ဍကိုလည်း MPSI က ပြုလုပ်ဆောင်ရွက်ခဲ့သည်။

နော်ဝေနိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး အလည်အပတ်ရောက်ရှိစဉ်အတွင်း၌အစိုးရ၊ တိုင်းရင်းသားလက်နက် ကိုင်အဖွဲ့အစည်းများနှင့် တိုင်းရင်းသားလူမှုအခြေပြုအသင်းအဖွဲ့များ တက်ရောက်၍ မိခင်ဘာသာစကားဖြင့် သင်ကြားသော ပညာရေးစနစ်နှင့် မြေယာသိမ်းဆည်းမှုနှင့် ပတ်သက်သော ကိစ္စရပ်များကိုဆွေးနွေးခဲ့နိုင်သည့် ပထမဦးဆုံးအကြိမ် အစည်းအဝေးတွင် တိုင်းရင်းသားလူထုများသည် ၎င်းတို့၏ လိုလားချက်များ

နှင့် စိုးရိမ်သံသယများကို ယုံကြည်စိတ်ချစွာဖြင့် ထုတ်ဖော်ခွင့်ရရှိစေရန် MPSI က စည်းရုံးဆောင်ရွက်သည့် အခန်းကဏ္ဍတွင် တာဝန်ယူခဲ့သည်။

## ၂.၂.၅။ လူထုများအကြား ယုံကြည်မှုတည်ဆောက်ခြင်း

အရေးပါသည့် စမ်းသပ်စီမံကိန်းပရိုဂျက်များသည် စစ်ဘေးသင့်ပြည်သူလူထုအား ဘေးကင်းလုံခြုံမှုများ ပိုမိုရရှိခံစားစေခဲ့ကြောင်း MPSI ၏ ကွင်းဆင်းလေ့လာရေးခရီးစဉ်က ဖော်ပြခဲ့သည်။ အတိတ်ဖြစ်ရပ်ဆိုးများကို ရပ်နားနိုင်စေသည် သာမကဆိုးရွားသော စစ်ဘေးသင့်ဒေသကိစ္စရပ်များ၌ နိုင်ငံတကာ၏ ပါဝင်ဆောင်ရွက်မှုရရှိစေသည့် စမ်းသပ်စီမံကိန်းပရိုဂျက်များအား အသိအမှတ်ပြုရန် အရေးကြီးသည်။ နိုင်ငံတကာပါဝင်ဆောင်ရွက်မှုရရှိလာခြင်းသည် ငြိမ်းချမ်းရေးဖော်ဆောင်မှုလုပ်ငန်းစဉ်ဖြစ်ထွန်းလာပြီး အပစ်အခတ်ရပ်စဲရေးဆိုင်ရာအခင်းအကျင်းကြောင့် ပိုမို၍ ဘေးကင်းလုံခြုံမှုရရှိလာသည်ကို သဘောသက်ရောက်ကြောင်း ပြည်သူတချို့က ထင်မြင်ယူဆခဲ့ကြသည်။ စီမံကိန်းများကို ဆက်လက်အကောင်အထည်ဖော်ခွင့်ပေးသည့် တပ်မတော်၊ အစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင်တပ်ဖွဲ့များ၏ ပူးပေါင်းဆောင်ရွက်မှုသည် လက်တွေ့အကောင်အထည်ဖြစ်စေမည့် အပစ်အခတ်ရပ်စဲရေးလုပ်ငန်းစဉ်၏ သိသာထင်ရှားထူးခြားသော သင်္ကေတအဖြစ် မှတ်ယူခဲ့ကြသည်။ယခင်၌ ဗမာစစ်တပ်ကကျေးလက်ပြည်သူများ၏ ပိုင်ဆိုင်မှုပစ္စည်းဥစ္စာများကို အဓမ္မဖျက်ဆီးခြင်းသည်သော်လည်းကောင်း၊ အဓမ္မသိမ်းဆည်းခြင်းသည်သော်လည်းကောင်း လုပ်ဆောင်ခဲ့သော လုပ်ရပ်များကြောင့် ထိတ်လန့်ကြောက်ရွံ့နေသော စစ်ဘေးသင့် ပြည်သူများက ယခုတွင် ၎င်းတို့၏ စိုးရိမ်ကြောက်လန့်မှုများ လျော့ပါးသွားပြီဖြစ်ကြောင်း ကျောက်ကြီးစမ်းသပ် စီမံကိန်းပရိုဂျက်မှ အကျိုးခံစားခဲ့ရသော ပြည်သူများက ထုတ်ဖော်ပြောကြားခဲ့ကြသည်။ သို့သော်လည်း များစွာသော စစ်ဘေးသင့်လူထုများသည် ငြိမ်းချမ်းရေးဖြစ်ထွန်းမှု ရှေ့အလားအလာများ စောင့်ကြည့်နေလာနေပြီး ၎င်းတို့၏ အသက်အိုးအိမ် လုံခြုံစိတ်ချမှုအတွက် စိုးရိမ်နေကြဆဲဖြစ်သည်။ မည်သို့ဆိုစေကာမူ ကျောက်ကြီးစမ်းသပ် စီမံကိန်းပရိုဂျက်အား အကောင်အထည်ဖော်ခြင်းအားဖြင့် စစ်ဘေးသင့်ပြည်သူများသည် KNU နှင့် နိုင်ငံတကာ အသိုင်းအဝိုင်းမှ ကိုယ်စားလှယ်များ အပါအဝင် နိုင်ငံတော် အစိုးရထိပ်တန်းအရာရှိများနှင့် ဗမာစစ်တပ်ကိုယ်စားလှယ်များ ရှေ့မှောက်တွင် ၎င်းတို့၏ အနာဂတ်မျှော်လင့်ချက်များနှင့် စိုးရိမ်ပူပန်မှုများကို တင်ပြနိုင်ခဲ့သည်။ ကျောက်ကြီးနှင့် ပုလော (တနင်္သာရီတိုင်းဒေသကြီးအတွင်း)ရှိ စစ်ဘေးသင့်ရွှေ့ပြောင်းဒုက္ခသည်များသည် မိမိတို့၏ နေရင်းဇာတိသို့ ချက်ချင်း ပြောင်းရွှေ့သွားခဲ့ကြသည်။ ငြိမ်းချမ်းရေးဖော်ဆောင်မှု လုပ်ငန်းစဉ်အပေါ် ယုံကြည်မှုရာနှုန်းမြင့်မားလာသည်ဟုဆိုနိုင်ပါသည်။ Norwegian Refugee Council သည် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနနှင့် ပူးပေါင်း၍ သက်သေခံကတ်များ ပြုလုပ်ရေး စီမံကိန်းကို အကောင်အထည်ဖော်ခဲ့သည်။ ၎င်းစီမံကိန်းအား အကောင်အထည်ဖော်ခြင်းအားဖြင့် ကိစ္စတော်တော်များများ၌ စစ်ဘေးသင့်လူထုများသည် အစိုးရ၏ ပြည်သူ့ဝန်ဆောင်မှုများကို ရရှိစေသည်သာမက ဒေသတွင်းတွင်လည်း လွတ်လပ်စွာသွားလာခွင့်ကို ရရှိစေခဲ့သည်။

## ၂.၂.၆။ စမ်းသပ်စီမံကိန်းပရိုဂျက်များ၏ ယုံကြည်မှု တည်ဆောက်ခြင်းအဆင့် ရှာဖွေတွေ့ရှိချက်များအား အတည်ပြုခြင်း

၂၀၁၃ ခုနှစ် နှစ်လယ်ပိုင်းလောက်တွင် မွန်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ကရင်ပြည်နယ်နှင့် ကယားပြည်နယ်များအတွင်း MPSI က ပြုလုပ်ခဲ့သော လူထုတွေ့ဆုံဆွေးနွေးပွဲများမှ တွေ့ရှိချက်များအရ အပစ်အခတ်ရပ်စဲရေးသဘောတူညီချက်လက်မှတ် ရေးထိုးနိုင်ခဲ့သည့် အချိန်မှစတင်၍ လူတစ်ဦးချင်းစီ၏ ဘေးကင်းလုံခြုံမှုနှင့် အကာအကွယ်ရရှိမှုများ မြင့်တက်လာကြောင်း အတည်ပြုနိုင်ခဲ့သည်။ ဖော်ထုတ်တွေ့ရှိချက်များကို မှတ်တမ်းမှတ်ရာပြုလုပ်ထားရှိခြင်း၏ ရည်ရွယ်ချက်သည် လူထုရင်ဖွင့်သံများအား နားထောင်ရုံ တင်သာမက အပစ်အခတ်ရပ်စဲရေးသဘောတူညီချက် မရရှိခင်နှင့် နောက်ပိုင်း၌ လူထုများ၏ ဘဝအတွေ့အကြုံများကို လေ့လာဆန်းစစ်နိုင်ရန်ဖြစ်ပါသည်။

ကွင်းဆင်းလေ့လာရေးခရီးစဉ်သည်လည်း အရေးပါသော လုပ်ငန်းစဉ်ဖြစ်သည်။ ဤလုပ်ငန်းစဉ်၏ အခြေခံအကြောင်းရင်းမှာ ကြောက်ရွံ့ထိတ်လန့်နေရလျက် ဆယ်စုနှစ်များစွာ ပြေးလွှားပုန်းအောင်းနေရပြီး ပြည်တွင်း

လက်နက်ကိုင် ပဋိပက္ခနှင့် ငြိမ်းချမ်းရေးဖြစ်စဉ်များကို တိုက်ရိုက်ထိတွေ့ ခံစားလာရသော စစ်ဒဏ်ခံလူထုများနှင့် တိုက်ရိုက်တွေ့ဆုံ အပြန်အလှန်ဆွေးနွေးခြင်းဖြင့် ငြိမ်းချမ်းရေးကိစ္စရပ်များအတွက် ပြောဆိုဆွေးနွေးရာ၌ ပိုမိုအကျိုးပြုစေရန် ဖြစ်သည်။ လူထုများ၏ ရင်ဖွင့်သံများကို နားထောင်ပြီးနောက် အဓိကစဉ်းစားရမည့်အချက်မှာ အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်လက်မှတ်ရေးထိုးပြီးသည့် နောက်ပိုင်းလူထုများ၏ ဘဝကောင်းစားရေးအတွက် မည်သို့မည်ပုံဆောင်ရွက်မည်ဆိုသည့် ကိစ္စဖြစ်သည်။ အပစ်အခတ်ရပ်စဲရေး သဘောတူပြီးသည့်နောက် ထိပ်တိုက်ရင်ဆိုင်မှုများ ပြန်လည်ဖြစ်ပွားလာမည့် လူထုများက အလွန်အမင်းစိုးရိမ်လျက်ရှိနေ သကဲ့သို့ အပစ်အခတ်ရပ်စဲပြီးနောက်ပိုင်းတွင် မြေယာသိမ်းဆည်းမှုကိစ္စများ ကျယ်ကျယ်ပြန့်ပြန့်ဖြစ်ပွားလာမည့်လည်း ၎င်းတို့က စိုးရိမ်လျက်ရှိသည်။ အခြားတစ်ဘက်တွင်လည်း အပစ်အခတ်ရပ်စဲရေးလုပ်ငန်းစဉ်၏ ကောင်းကျိုးများစွာ ရရှိကြောင်းလည်း လူထုများက ဖွင့်ဟထုတ်ဖော်ခဲ့ကြသည်။ ၎င်းအကျိုးခံစားရရှိမှုများမှာ ဒေသတွင်းတွင် လွတ်လပ်စွာသွားလာခွင့် ပိုမိုရရှိလာခြင်း၊ ထိတ်လန့်ကြောက်ရွံ့မှုများ လျော့ပါးလာခြင်း၊ လူ့အခွင့်အရေး ချိုးဖောက်မှုများ လျော့ကျလာခြင်း (တိုင်းရင်းသားလက်နက်ကိုင် တပ်ဖွဲ့များနှင့် ဗမာစစ်တပ်များတို့က ရွာသူရွာသားများအပေါ် ဆက်ကြေးတောင်းသည့် ကိစ္စများအပါအဝင်)နှင့် အသက်မွေးဝမ်းကျောင်းဆိုင်ရာ လုပ်ငန်းလုပ်ကိုင်နိုင်ခွင့်များ ပိုမိုရရှိလာစေခြင်းတို့ ဖြစ်သည်။ အကျိုးဆက်ရလဒ်အဖြစ် လူထုများက ဘေးကင်းလုံခြုံမှု ပိုမိုခံစားရရှိလာခြင်း၊ လက်နက်ကိုင်တပ်ဖွဲ့များက ကျေးလက်လူထုအပေါ် ကောက်ခံသော အခွန်အခများ လျော့ချပေးခြင်းအားဖြင့် လူထုများ၏ စားဝတ်နေရေး ပိုမိုဖူလုံလာရခြင်း၊ မိရိုးဖလာ လယ်ယာလုပ်ငန်းနှင့်အခြား အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ရွေးချယ်လုပ်ကိုင်နိုင်ခွင့်များစွာကိုလည်း ပိုမိုရရှိလာစေခဲ့သည်။ (MPSI ၏ နားထောင်သည့် စီမံကိန်း၊ နောက်ဆက်တွဲနံပါတ် – ၃)

### ၂.၂.၇။ လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ အကူအညီများ ပိုမိုရရှိရန် စီစဉ်ဆောင်ရွက်ခြင်း

MPSI မှ အကောင်အထည်ဖော်သော စမ်းသပ်စီမံကိန်းပရိုဂျက်များ (MPSI စမ်းသပ်စီမံကိန်းပရိုဂျက်များအပေါ် ခြုံငုံသုံးသပ်ခြင်း၊ နောက်ဆက်တွဲ (၁)တွင် အသေးစိတ်ဖော်ပြထားသည်) သည် အများအားဖြင့် ယခင်၌ သွားရောက်ရန် ခက်ခဲလွန်းသော တိုင်းရင်းသားလက်နက်ကိုင်တပ်ဖွဲ့များ၏ ထိန်းချုပ်နယ်မြေများအတွင်းတွင် တည်ရှိနေသည်။ လက်နက်ကိုင် ပဋိပက္ခဖြစ်ပွားမှုမြင့်မားသော ဒေသတွင်းသို့ ဂျာနယ်လစ်များ၊ သံတမန်ဆိုင်ရာအရာရှိများ၊ ပြည်တွင်း ပြည်ပရှိ ထောက်ပံ့မှုအေဂျင်စီများ ဝင်ရောက်နိုင်ရန်လည်း MPSI မှ ပံ့ပိုးဆောင်ရွက်ခဲ့သည်။ ငြိမ်းချမ်းရေးဖော်ဆောင်မှုလုပ်ငန်းစဉ်တွင် ပူးပေါင်းဆောင်ရွက်ရေး မူဘောင်များ ဖော်ထုတ်နိုင်ရန်နှင့် စစ်ဘေးသင့်ပြည်သူလူထုများအတွက် လူသားချင်းစာနာထောက်ထားမှု ဆိုင်ရာအကူအညီများ ပိုမိုရရှိနိုင်ရန်ဖြစ်သည်။ ဝေးကွာသော စစ်ဘေးသင့်ဒေသများသို့ သွားရောက်ရန် ခွင့်ပြုချက် မရရှိသေးသော်လည်းပဲ နယ်မြေတချို့တွင် ဝင်ထွက်သွားလာရန် ခြွင်းချက်အနေဖြင့် ခွင့်ပြုထားပြီးဖြစ်သည်။ တိုးတက်ဖြစ်ထွန်းမှုအနေဖြင့် MPC သည် အခုအခါ၌ ဒေသတွင်းခရီး သွားလာခွင့်နှင့် ပတ်သက်သော စီမံခန့်ခွဲမှုနှင့် ပံ့ပိုးမှုများ အတွက် အရေးပါသောအခန်းကဏ္ဍတွင် ရှိနေသော်လည်း တရားဝင်ခွင့်ပြုချက်ရရှိရန် နိုင်ငံတော်သမ္မတရုံးသို့ လျှောက်တင်ထားဆဲပင်ဖြစ်သည်။

ခရီးသွားလာခွင့်ရရှိရန် တင်ပြထားဆဲအနေအထားဖြစ်နေသော်လည်းပဲ တိုင်းရင်းသားလက်နက်ကိုင်တပ်ဖွဲ့များ၏ သက်ဆိုင်ရာ အဖွဲ့ဝင်များအတွက်လည်း တရားဝင်ခရီးသွားလာခွင့်ရရှိရန် လိုအပ်သည်။ စမ်းသပ်စီမံကိန်းလုပ်ကွက်များသို့ သွားရောက် လေ့လာစဉ်အတွင်းနှင့် နောက်ပိုင်းတွင် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများ၊ ဗမာစစ်တပ်နှင့် သက်ဆိုင်ရာအစိုးရ အာဏာပိုင်များထံသို့ အစီရင်ခံတင်ပြခဲ့သည်။

### ၂.၂.၈။ ပဋိပက္ခလွန် ပြန်လည်ထူထောင်ရေးလုပ်ငန်းအတွက် စစ်ဘေးသင့်လူထုများအား ပံ့ပိုးကူညီခြင်း

MPSI ၏ (၂၄)လကြာ ဆက်သွယ်ဆောင်ရွက်သော စမ်းသပ်စီမံကိန်းပရိုဂျက်များမှ တိုက်ရိုက်အကူအညီများကို အကူအညီပေးမည့် အဖွဲ့အစည်းများ ယခင်အချိန်၌ သွားရောက်နိုင်ခြင်းမရှိသော အလွန်ခေါင်လွန်းသည့် ဒေသများရှိ စစ်ဘေး ဒဏ်သင့်ပြည်သူဦးရေ (၅၅၀၀) ကျော်ခန့်

လက်ခံရရှိခဲ့သည်။ (အလှမ်းကွာဝေးသော လက်နက်ကိုင် ပဋိပက္ခဒေရိယာများ အပါအဝင် ကနဦးဖြစ်သော ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်စမ်းသပ်စီမံကိန်းပရိုဂျက်များကို ၂၀၁၄ ခုနှစ်တွင် တိုးချဲ့လုပ်ဆောင်ခဲ့သည်။) သာဓကအားဖြင့် ကျောက်ကြီးနှင့် ပုလောစီမံကိန်းပရိုဂျက်များတွင် အစားအစာ၊ ဆေးဝါးများ၊ အိမ်အသုံး အဆောင်များနှင့် အတွင်းတွင် ပုန်းအောင်းနေထိုင်နေရသော စစ်ဘေးသင့်စာသင်ကျောင်းထောက်ပံ့မှုများကို တောတောင်များဒုက္ခသည်များအား ထောက်ပံ့ပေးနိုင်ခဲ့သည်။ ၂၀၁၂ ခုနှစ်၊ ဇွန်လ မှ၂၀၁၃ ခုနှစ်၊ စက်တင်ဘာလအထိ သက်သေခံကတ်ပြားပြုလုပ်ရေးလုပ်ငန်းစဉ်ကို အကောင်အထည်ဖော်ခြင်းအားဖြင့် ရှမ်းပြည်တောင်ပိုင်း၊ ကယားပြည်နယ်နှင့် ကရင်ပြည်နယ် စသည့် ဒေသများအတွင်းရှိ စစ်ဘေးသင့် ပြည်သူစုစုပေါင်း ၁၀၄၈၃၉ ဦးအား သက်သေခံကတ်ပြားများ ပြုလုပ်ပေးခဲ့ပြီး ဒေသတွင်းတွင် လွတ်လပ်စွာ သွားလာခွင့်၊ ရောင်းဝယ် ဖောက်ကားခြင်း၊ ပြည်သူ့ဝန်ဆောင်မှုများ ရရှိခြင်းနှင့် အခြေခံလူ့အခွင့်အရေးဖြစ်သော မဲပေးပိုင်ခွင့်စသည့် အခွင့်အရေးများကိုလည်း ရရှိခံစားစေခဲ့ပါသည်။ ဤအခွင့်အရေးများအပြင် သက်သေခံကတ်ပြားကိုင် ဆောင်ခြင်းအားဖြင့် ပညာရေးသင်ကြားခွင့်၊ (လူတစ်ယောက်သည် အခြေခံပညာ၊ ဥပဒေ၊ ဆေးဝါး၊ အင်ဂျင်နီယာနှင့် အခြား ၁၁ ခုသော စည်းကမ်းဥပဒေကို လေ့လာသင်ကြားရန် သက်သေခံကတ်ပြားရှိရမည်) နိုင်ငံကူးလက်မှတ်ကိုင်ဆောင်ခွင့်၊ နိုင်ငံရေးရာရုံးများတွင် ရပ်တည်ချက်ပေးနိုင်ခွင့်များ ရရှိစေနိုင်သည်။ ထို့ပြင် သက်သေခံကတ်ပြားသည် ဝန်ဆောင်မှုမျိုးစုံကိုခံစားခွင့်၊ အမွေဆက်ဆံခွင့်၊ မြေယာပိုင်ဆိုင်/ဝယ်ယူခွင့်၊ ဘဏ်စာရင်း ဖွင့်ခွင့်၊ စီးပွားလုပ်ပိုင်ခွင့်၊ တရားဝင် နိုင်ငံခြားသားလုပ်ငန်းအဆင့်အတန်းနှင့် လျှောက်ထားခွင့်၊ ပြစ်မှုသို့မဟုတ် မတော်တဆထိခိုက်မှုတွင် ကျန်းမာရေးဝန်ဆောင်မှု ခံစားနိုင်ခွင့် (မြန်မာနိုင်ငံတွင် ဤသို့သောအခြေအနေဖြစ်ပါက ကျန်းမာရေး ဝန်ဆောင်မှု မရယူခင်ရဲဌာနသို့ အရင်ဆုံး အစီရင်ခံတင်ပြရပါမည်)၊ ဖုန်းကတ်လျှောက်ထားခွင့်ကိုလည်း ခံစားရရှိစေနိုင်ပါသည်။

### ၂.၂.၉။ အလှူရှင်များ၏ ပံ့ပိုးမှုနှင့် အချင်းချင်းကြား ပိုမိုခိုင်မာသော ယုံကြည်ချက်များ ဖြစ်ပေါ်စေခြင်း

MPSI မှ အကောင်အထည်ဖော်သော စီမံချက်များစွာသည် မြန်မာနိုင်ငံရေးအခင်းအကျင်းတွင် အောက်ခြေလူထုများအတွင်းမှ သန္ဓေတည်လုပ်ဆောင်ခဲ့သည်။ အရှုပ်အထွေးများနှင့် လျင်မြန်စွာ ရွေ့လျားလျက်ရှိနေသောငြိမ်းချမ်းရေး လုပ်ငန်းစဉ်တွင် မည်သည့်လုပ်ဆောင်ချက်များသည် ဖြစ်နိုင်ချေရှိသည် မရှိသည်ကိုသော်လည်းကောင်း၊ သင့်တော်သည် မသင့်တော်သည်ကိုသော်လည်းကောင်း အတိတ်က အတွေ့အကြုံသင်ခန်းစာများက ညွှန်ပြနေပါသည်။ အထိအရှမခံသော ယခင်ကကဲ့သို့အကြောင်းခြင်းရာများကို MPSI က ဖော်ပြခဲ့သည်။ ထို့ကြောင့် အကူအညီပေးသည့် အေဂျင်စီများ၊ သံတမန်များနှင့် နိုင်ငံတကာ အလှူရှင်များအနေဖြင့် စစ်ဘေးဒဏ်သင့်ဒေသတွင်း ပြောင်းလဲမှုများနှင့် ရေခံမြေခံအခြေအနေများကို ကောင်းစွာသိရှိ နားလည်နိုင်ရန် MPSI မှာ ကြိုးစားလုပ်ဆောင်လျက်ရှိသည်။ စီမံကိန်းအောင်မြင်မှုကို ကန့်သတ်လိုက်သလိုဖြစ်စေသည့် ကိစ္စတစ်ရပ်မှာ Busan New Deal ဖြစ်ရပ်ကဲ့သို့ နိုင်ငံတကာအသိုင်းအဝိုင်းမှ ကြားဝင်စေ့စပ်ညှိနှိုင်းပေးခြင်းအပေါ် ပြည်တွင်းထောက်ခံမှုများရရှိရန် လုပ်ဆောင်ခြင်းနှင့် မြန်မာနိုင်ငံတွင်း လက်နက်ကိုင်ပဋိပက္ခဖြစ်ပွားမှုနှုန်း မြင့်မားသည့်ဒေသတွင်းသို့ အလှူရှင်များနှင့် စီမံကိန်းဖော်ဆောင်သူများချဉ်းကပ်ဝင်ရောက်နိုင်ရန် လုပ်ဆောင်ခြင်းစသည်တို့အတွက် MPSI က မစွမ်းဆောင်နိုင်ခဲ့ခြင်းဖြစ်သည်။ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများနှင့် တိုင်းရင်းသားအဖွဲ့အစည်းများသည် မိမိကိုယ် မိမိယုံကြည်စိတ်တိုးပွားလာခြင်း၊ မိမိတို့၏ စွမ်းဆောင်ရည် အတိုင်းအတာကို သိရှိနားလည်လာစေခြင်း၊ စသည်တို့အတွက် ပံ့ပိုးကူညီနိုင်ခဲ့သည့်အပြင် တိုင်းရင်းသားလက်နက်ကိုင်တပ်ဖွဲ့များနှင့် အချင်းချင်း အပြန်အလှန် ယုံကြည်မှုကို တည်ဆောက်နိုင်ခဲ့သည်ဟု မှတ်တမ်းတင်ခံခဲ့ရသည်။ အကျိုးရလဒ်အားဖြင့် MPSI မှ စတင် အကောင်အထည်ဖော်ခဲ့သော စမ်းသပ်စီမံကိန်း ပရိုဂျက်များအတွက် လိုအပ်သော စီမံကိန်းရန်ပုံငွေများနှင့် အကူအညီများကို နော်ဝေ၊ ဖင်လန်၊ ဒိန်းမတ်၊ နယ်သာလန်၊ ယူကေ၊ ဆွစ်ဇာလန်၊ ဥရောပသမဂ္ဂအဖွဲ့နှင့် ဩစတြေးလျ တို့မှ ရရှိပါသည်။

### ဇယား ၃ - ဖြစ်ရပ်ဆန်းစစ်လေ့လာခြင်း၊ ပြန်လည်သင့်မြတ်ခြင်း လုပ်ငန်းစဉ်နှင့် တိုက်ရိုက်ဆက်သွယ် ဆက်ဆံရေးအပေါ် အကဲခတ် လေ့လာစောင့်ကြည့်ခြင်း။

၂၀၁၂ ခုနှစ်၊ စက်တင်ဘာလ၊ (၅) ရက်နေ့၊ MPSI က ပြုလုပ်သော ကျောက်ကြီးအစည်းအဝေးတွင် အလည်အပတ် ရောက်ရှိလာသော အစိုးရဌာနဆိုင်ရာ ဝန်ကြီးအား ရွာသူရွာသားများက တင်ပြသည်မှာ အစိုးရ ထိန်းချုပ်နယ်မြေအတွင်း ခရီးသွားလာသည်ကိုအခါ ၎င်းတို့အား ဗမာစစ်တပ်၏ ခေါ်ယူစစ်ဆေးမေးမြန်းမှု များနှင့် ခြိမ်းခြောက်မှုများ ပြုလုပ်နေကြောင်း တိုင်ကြား ခဲ့ကြသည်။ ကရင်ကျေးရွာလူထုများ၏ တိုင်ကြားမှုကို နားထောင်ပြီး နောက်နောင်အခါတွင် ဤကဲ့သို့သော လုပ်ရပ်များအား လူထုအပေါ် မပြုလုပ်ရန် သက်ဆိုင်ရာ ဗမာစစ်တပ်၏ တပ်ရင်းမှူးသို့ အမိန့်ထုတ်ပြန်ခဲ့သည်။ ၂၀၁၂ခုနှစ်၊ ဇူလိုင်လ၊ ၁၁ နေ့၌ ပြုလုပ်သော လူထု တွေ့ဆုံပွဲတွင် စစ်ဘေးဒဏ်သင့်ရွှေ့ပြောင်းဒုက္ခသည် ခေါင်းဆောင်တစ်ဦးက တိုင်းဒေသဝန်ကြီးအား “နောင် အခါမှာ ခင်ဗျားတို့က ကျွန်တော်တို့ရဲ့ ရွာတွေကို မီးမရှို့ ဘူးလို့ အာမခံနိုင်လား”ဟု မေးမြန်းခဲ့သည်။ ဗမာစစ်တပ် သည့် ရင်ပြည်သူလူထုကျေးရွာများကို မီးရှို့ဖျက်ဆီး ခြင်းပြုလုပ်တော့မည် မဟုတ်ကြောင်း၊ ရပ်ရွာလူထုက ယုံကြည်ရန် ခက်ခဲလိမ့်မည်ကို နားလည်ကြောင်း ဤကဲ့ သို့ဖြင့် တိုင်းဒေသဝန်ကြီးမှ ပြန်လည်ဖြေကြားခဲ့သည်။ ၎င်းက အစည်းအဝေး တက်ရောက်လာခြင်းသည် ငြိမ်းချမ်းရေးဖော်ဆောင်နေသော နိုင်ငံတော်အစိုးရ သစ်၏ သဘောထားအမှတ်သင်္ကေတဖြစ်ကြောင်း၊ ၎င်းနောက်ယုံကြည်မှု တည်ဆောက်ခြင်းသည် အချိန် များစွာယူ၍ ဆွေးနွေးညှိနှိုင်းရန် လိုအပ်သည်ဟု မိမိယုံကြည်ကြောင်း ဆက်လက်ပြောကြားခဲ့သည်။

၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလ၊ ၁၂ ရက်နေ့တွင် ပြုလုပ် ကျင်းပသော ကရင်နှစ်သစ်ကူးပွဲကို ပူးပေါင်းဆောင်ရွက် သည့် ကိစ္စသည် MPSI ၏ စမ်းသပ်စီမံကိန်းပရိုဂျက် အကောင်အထည်ဖော်မှု နောက်ပိုင်းအခြေအနေများ အတွက် ပူးပေါင်းဆောင်ရွက်မှု စံနမူနာဖြစ်စေခဲ့သည်။ လူထုကိုယ်စားလှယ်များ၊ KNU အဖွဲ့ဝင်များနှင့် အစိုးရကိုယ်စားလှယ်များက ကရင်နှစ်သစ်ကူးပွဲသို့ တက်ရောက်လာခဲ့ကြသည်။ ဤကဲ့သို့သော ပူးပေါင်း ပါဝင်မှုဖြစ်ရပ်မျိုးသည် အစဉ်အလာမရှိခဲ့ဖူးသော တွေးထင်နိုင်စရာ မရှိသော စီမံကိန်းတစ်နှစ်တာအတွင်း အဖြစ်အပျက်ဖြစ်သည်။ ကဲဒါးမှ ကျောက်ကြီးသို့ ၁၉၇၅ ခုနှစ်ကတည်းမှ စတင်၍ ခရီးသွားလာခြင်းမရှိ သော ရွာသူရွာသားများသည် ယခုအချိန်တွင် ပထမဆုံး အကြိမ်အဖြစ် ခရီးသွားလာနေကြသည့် တွေ့ရပြီး စိတ်လှုပ်ရှားဖွယ်ကောင်းသော မိသားစုပြန်လည် ပေါင်းစည်းခြင်း ပုံရိပ်များအဖြစ် မြင်တွေ့နေရသည်။ ဗမာစစ်တပ်ကို ထိတ်လန့်ကြောက်ရွံ့နေခြင်းများရှိ သော်လည်းပဲ အစိုးရထိန်းချုပ်နယ်မြေအတွင်းတွင် ပြုလုပ်သော အစည်းအဝေးသို့ တက်ရောက်ရန်ဗမာ စစ်တပ်နှင့် အပြန်အလှန် ပူးပေါင်းဆောင်ရွက်နေရ သော ကျောက်ကြီးစမ်းသပ် စီမံကိန်းပရိုဂျက်က ၎င်း တို့အတွက် ယုံကြည်ချက်ခွန်အားကို ပေးစွမ်းနိုင်ခဲ့သည် ဟု အစည်းအဝေးတက်ရောက်လာ သူကျေးရွာလူထု များက ထုတ်ဖော်ပြောကြားခဲ့သည်။ KNU ၊ ဗမာ စစ်တပ်၊ နိုင်ငံတော်အစိုးရနှင့် စစ်ဘေးဒဏ်သင့်ဒုက္ခ သည်များကြား တွေ့ဆုံဆွေးနွေးပွဲများကို ကျောက်ကြီး စမ်းသပ်စီမံကိန်း ပရိုဂျက်၏ ဒုတိယစီမံချက် ကာလ အထိ တိုးချဲ့လုပ်ဆောင်ခဲ့သည်။

## ၂.၂.၁၀။ MPSI လုပ်ငန်းစဉ်များမှ သင်ယူရရှိမှုများကို ပြန်လည်ဖြန့်ဝေခြင်း၊ ငြိမ်းချမ်းရေးဖြစ်စဉ်ဆီသို့ နောက်ပြန်သွားခြင်းနှင့် အဓိကပါဝင်လှုပ်ရှားဆောင်ရွက်သူများနှင့် ရာဖွေဆက်သွယ်ဆက်ဆံမှုပြုခြင်း

(၂၄) လကြာစီမံကိန်းဖော်ဆောင်မှု အတွေ့အကြုံသင်ခန်းစာများအပေါ် ပြန်လည်လေ့လာသင်ယူရန် MPSI က ကြိုးစားလုပ်ဆောင်ခဲ့သည်။ သာဓကအားဖြင့် နောက်ပိုင်း တိုးချဲ့စီမံကိန်းများစွာ ပါဝင်သော (တနင်္သာရီတိုင်းဒေသကြီး အတွင်းနှင့် မွန်ပြည်နယ်အတွင်း၊ နောက်ပိုင်းတွင်ကယား ပြည်နယ်အတွင်း) ကျောက်ကြီးစမ်းသပ်စီမံကိန်းပရိုဂျက်ကို အကောင်အထည်ဖော်ရာတွင် အရေးပါသောဒေသတွင်း မိတ်ဖက်အဖွဲ့များ အဖွဲ့အစည်းဖြစ်သည့် နယ်စပ်အခြေစိုက် CIDKP အဖွဲ့တစ်ဖွဲ့နှင့်သာ ကနဦးပူးပေါင်းဆောင်ရွက်ခဲ့ပြီး နောက်ပိုင်းတွင် ပြည်တွင်းအခြေစိုက်အောက်ခြေလူထု အဖွဲ့အစည်းများ၊ နယ်စပ်အခြေစိုက် အောက်ခြေလူထု အဖွဲ့အစည်းများနှင့် ကျယ်ပြန့်စွာ လက်တွဲလုပ်ဆောင်ခဲ့သည်။

MPSI သည် ၎င်းဆောင်ရွက်ချက်အတွေ့အကြုံသင်ခန်းစာများကိုသော်လည်းကောင်း၊ အဓိကအဖွဲ့အစည်းများနှင့် ချိတ်ဆက်ဆောက်ရွက်မှုလုပ်ငန်းစဉ်မှတွေ့ရှိချက်များကိုသော်လည်းကောင်း ငြိမ်းချမ်းရေးဆွေးနွေးပွဲများတွင် တင်ပြနိုင်ရန် ကြိုးစားလုပ်ဆောင်ခဲ့သည်။ MPC အပါအဝင် အလျှူရှင်များ၊ သက်ဆိုင်ရာအစိုးရအာဏာပိုင်များတို့နှင့် တွေ့ဆုံသော ဆွေးနွေးပွဲများတွင် MPSI က တိုင်းရင်းသားလက်နက်ကိုင်တပ်ဖွဲ့များနှင့် စစ်ဘေးဒဏ်သင့်လူထုများ၏ လိုလားချက်များနှင့် စိုးရိမ်သံသယများ တချို့ကို မီးမောင်းထိုးဖော်ပြခဲ့သည်။ ဤကဲ့သို့ မီးမောင်းထိုးပြခြင်းအားဖြင့် ငြိမ်းချမ်းရေးဖော်ဆောင်သူများအနေဖြင့် ဖြစ်ပျက်နေသော တကယ့်လက်တွေ့အခြေအနေများနှင့် လူထုလိုလားချက်များကို ကောင်းစွာ သဘောပေါက်နားလည်မည်ဖြစ်သည်။ Ethnic Peace Resource Project (EPRP) တည်ထောင်ဖွဲ့စည်းရခြင်းသည် လေ့လာသင်ယူခြင်းအတွက် နောက်သာဓကတစ်ခုဖြစ်ပါသည်။ ဤစီမံကိန်းသည် နိုင်ငံရေးပါတီများ၊ တိုင်းရင်းသားလူမှုအခြေပြုအသင်းအဖွဲ့များနှင့် တိုင်းရင်းသားလက်နက်ကိုင်တပ်ဖွဲ့များကြား ပုံမှန်တွေ့ဆုံဆွေးနွေးမှုများမှ ပေါ်ပေါက်လာခဲ့ခြင်းဖြစ်ပြီး ငြိမ်းချမ်းရေးဖော်ဆောင်မှုလုပ်ငန်းစဉ်တွင် ထိထိရောက်ရောက် ပါဝင်လုပ်ဆောင်နိုင်ရန် တိုင်းရင်းသားအဖွဲ့အစည်းများသည် မိမိတို့ လိုအပ်သော အရင်းအမြစ်များ၊ စွမ်းဆောင်ရည်များကို မိမိတို့ကိုယ်တိုင်နားလည်သဘောပေါက်လာစေရန်အတွက် ဦးတည်ပါသည်။

## ၂.၃။ လေ့လာသင်ယူမှု သော့ချက်များ

မြန်မာနိုင်ငံ၏ အခြေအနေနှင့် ဘူဆန်ညှိနှိုင်းမှုမူဘောင်အသစ်နှင့် ထိခိုက်လွယ်သော အခြေအနေတွင်း အခြေခံမူဘောင်များ လျော်ညီခြင်းအကြောင်းကို အပိုင်း (၃) တွင် ဆွေးနွေးတင်ပြခဲ့သည့်အတိုင်း လေ့လာသင်ယူမှုသော့ ချက်များသည် နိုင်ငံတကာ အသိုင်းအဝိုင်း၏ ပါဝင်ဆောင်ရွက်မှုနှင့် သက်ဆိုင်သော အဓိကအကြောင်းခြင်းရာများဖြစ်ပါသည်။

မြန်မာနိုင်ငံတွင်း ငြိမ်းချမ်းရေးဖော်ဆောင်မှုလုပ်ငန်းစဉ်နှင့် အပစ်အခတ်ရပ်စဲရေးလုပ်ငန်းစဉ်များကို ပံ့ပိုးဆောင်ရွက်ပေးနေသည့် MPSI ၏ (၂၄) လကြာ စီမံကိန်းအတွေ့ အကြုံအရ ငြိမ်းချမ်းရေးတည်ဆောက်မှုလုပ်ငန်းစဉ်တွင် ပြင်ပအကူအညီ (အထူးသဖြင့် နိုင်ငံခြားအကူအညီ) ရရှိမှုသည် အကန့်အသတ်ရှိနေကြောင်း သိမြင်သဘောပေါက်လာခဲ့သည်။

အခြေခံကျကျဆိုရသော် ငြိမ်းချမ်းရေးဖော်ဆောင်မှုလုပ်ငန်းစဉ်သည် မြန်မာပြည်တွင်းရှိ ဒေသခံပြည်သူလူထုများ ကိုယ်တိုင်ဦးဆောင်အကောင်အထည်ဖော်ရမည့် လုပ်ငန်းစဉ်သာဖြစ်ပြီးနိုင်ငံတကာ အသိုင်းအဝိုင်းမှကြားဝင်စေ့စပ်ဆောင်ရွက်ခြင်း အခန်းကဏ္ဍသည် အကန့်အသတ်ဘောင်တစ်ခုအတွင်း၌သာ ရှိနေသည်။ လူထုတွေ့ဆုံဆွေးနွေးပွဲများ ဖော်ဆောင်သည့် စီမံကိန်းနှင့်အခြားသော ကွင်းဆင်းလေ့လာပြန်လည်သုံးသပ်ခြင်း ခရီးစဉ်များမှ ဖော်ထုတ်တွေ့ရှိချက်အရ စစ်ဒဏ်သင့်လူထုများနှင့် အခြားသော အဖွဲ့အစည်းများအပေါ် ပဓာနကျသော အကျိုးသက်ရောက်မှုများသည် လျင်မြန်စွာ အကောင်အထည်ဖော် ရွေ့လျားနေသည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်၏ ရှုပ်ထွေးသော အခင်းအကျင်းမှဖြစ်ပေါ်လာသည်ကို စီးပွားရေးဆိုင်ရာနိုင်ငံရေး ဖြစ်စဉ်ဖြစ်သည်။ လူတစ်ဦးချင်းစီနှင့် ပြည်သူလူထု၏ ဘဝများအပေါ်တွင် ငြိမ်းချမ်း

ရေးဖော်ဆောင်မှုလုပ်ငန်းစဉ်မှ ထွက်ပေါ်လာသော အံ့မခန်းဖြစ်သော အပြုသဘောဆောင်သည့် ပြောင်းလဲမှုများနှင့် စိုးရိမ်ဖွယ်ရာစိန်ခေါ်မှုများသည် နိုင်ငံတကာ အသိုင်းအဝိုင်းမှ ပံ့ပိုးကူညီအကောင်အထည်ဖော်ခဲ့သော လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ လုပ်ဆောင်ချက်များနှင့် အကူအညီပေးမှုများထက် ပိုမိုသိသာထင်ရှားသော အကျိုးသက်ရောက်မှုဖြစ်စေခဲ့သည်။

## ၂.၃.၁။ လူထုများနှင့် စေ့စပ်ညှိနှိုင်းခြင်း

MPSI စီမံကိန်းဆောင်ရွက်ခြင်းမှ ဖော်ပြသည်မှာ ထောက်ပံ့မှုများပေးနိုင်ရန် နည်းလမ်းရှာဖွေရာတွင် ရေခံမြေခံ အခြေအနေကို နားလည်သဘောပေါက်ရန် အလွန်အရေးကြီးသည်။ လူထုများ၏ သမိုင်းကြောင်း၊ လိုလားချက်များနှင့် လိုအပ်ချက်များသည် တစ်နေရာနှင့် တစ်နေရာ ကွဲပြားခြားနားလျက်ရှိသည့် အသိအမှတ်ပြုရန်လိုသည်။ ၎င်းတို့၏ ပတ်ဝန်းကျင်နှင့် အတွေ့အကြုံများအပေါ် အခြေခံ ၍ ကွဲပြားခြားနားမည်ဖြစ်သည်။ ထို့ကြောင့် MPSI အနေဖြင့် ချမှတ်ထားသော စီမံကိန်းပုံစံအတိုင်း တစ်သမတ်တည်း ပုံဖော်လုပ်ဆောင်ခြင်းမျိုး မဟုတ်ဘဲ ရေခံမြေခံအခြေအနေနှင့် လိုက်လျောညီထွေစွာ ပြုပြင်လုပ်ဆောင်ခဲ့ခြင်းဖြစ်သည်။

တိုင်းရင်းသားလက်နက်ကိုင်တပ်ဖွဲ့များ ထိန်းချုပ်နယ်မြေအတွင်းရှိ အလှမ်းကွာလှသော စစ်ဘေးသင့်ဒေသများတွင် စမ်းသပ်စီမံကိန်းပရိုဂျက်အား အကောင်အထည်ဖော်ခဲ့သည်။ ဤဒေသများအတွင်း၌ အောက်ခြေလူထုအတွင်း ကနဦးကွင်းဆင်းလေ့လာမှုနှင့် လူထုလိုအပ်ချက် လေ့လာဆန်းစစ်ခြင်းလုပ်ငန်းစဉ်များကို အကောင်အထည်ဖော်ခြင်းဖြင့်ဒေသတစ်ခုနှင့်တစ်ခုရှိ အသွင်မတူသော လိုအပ်ချက်များ လေ့လာတွေ့ရှိခဲ့သည်။ ကရင်ပြည်နယ်ဒေသခံပြည်သူလူထုများက ငြိမ်းချမ်းရေး၊ ရပ်ပိုင်းဆိုင်ရာစိတ်ချလုံခြုံမှုနှင့် စားနပ်ရိက္ခာဖူလုံရေးဟူ၍ ဦးစားပေးအဆင့်အလိုက် လိုအပ်လျက်ရှိကြောင်းတွေ့ရှိရသည်။ ဘေးကင်းလုံခြုံမှုသည် အဓိကလိုအပ်ချက်ဖြစ်နေသော်လည်း မွန်ပြည်နယ်ဒေသခံပြည်သူလူထုများက လူထုဖွံ့ဖြိုးရေး၊ ရေရှည်အလုပ်ဖြစ်သော အသက်မွေးဝမ်းကျောင်းဆိုင်ရာ လုပ်ငန်းများနှင့် ကျေးရွာပြန်လည် ထူထောင်ရေးစသည်တို့ လိုအပ်ကြောင်း တွေ့ရှိခဲ့ပါသည်။ ကျောက်ကြီးစမ်းသပ်စီမံကိန်း ပရိုဂျက်လုပ်ကွက်နှင့် ပုလော စမ်းသပ်စီမံကိန်း ပရိုဂျက်လုပ်ကွက်များအတွင်းရှိ စစ်ဘေးသင့် ပြည်သူများအတွက်မူ ၎င်းတို့ လက်ရှိအခြေချနေထိုင်နေသော နေရာသို့မဟုတ် ပုန်းအောင်းနေထိုင်နေသည့် နေရာသည် ၎င်းတို့၏ မူရင်းဇာတိရပ်ရွာနှင့် များစွာဝေး ကွာခြင်းမရှိသည့်အတွက် မိမိတို့၏ မူရင်းဇာတိရပ်ရွာတွင် ပြန်လည် အခြေချနေထိုင်လိုသည့် ဆန္ဒများပြင်းပြလျက်ရှိသည်။ စစ်ဒဏ်သင့်ရွှေ့ပြောင်းဒုက္ခသည်များဟူသော စကားရပ်သည် ဒေသတစ်ခု၌ အတည်တကျအခြေချ နေထိုင်နိုင်ရန် အဖြေမရခင်အထိနေရာ အတည်တကျမရှိ ရွှေ့ပြောင်းသွားလာနေရသည့် အခြေအနေကိုသာဆိုလိုကြောင်း စစ်ဒဏ်သင့်ပြည်သူများက ယူဆကြသည်။ အသက်အပိုင်းအခြား၊ ဘာသာရေးကိုးကွယ်ယုံကြည်မှုများနှင့် လူမှုရေးပုံသဏ္ဍာန်များနှင့် စပ်လျဉ်း၍ ဒေသတစ်ခုနှင့် တစ်ခုကွဲပြားခြားနားကြပါသည်။ သာဓကအားဖြင့် ကဲဒါး (ကျောက်ကြီး) ရှိ ဒေသခံ ကရင်ပြည်သူအားလုံးနီးပါးသည် နတ်ကိုးကွယ်ယုံကြည်သူများဖြစ်၍ အနည်းငယ်လောက်သာ ဗမာဘာသာ စကားပြောတတ်ကြပြီး ကရိန်းဗတွဲရှိ ဒေသခံပြည်သူအများစုမှာ ဗုဒ္ဓဘာသာဝင်များဖြစ်၍ မွန်ဘာသာစကားနှင့် ဗမာဘာသာစကားများကို ပြောဆိုတတ်ကြသည်။

စမ်းသပ်စီမံကိန်းပရိုဂျက်နယ်မြေများ အားလုံးတွင် ဆောက်ရွက်ခဲ့သော လူထုလိုအပ်ချက်လေ့လာဆန်းစစ်ခြင်းလုပ်ငန်းစဉ်အရ MPSI မှ ပံ့ပိုးမှုများကို ရရှိထားသည့် အောက်ခြေလူထုအဖွဲ့အစည်းများအနေဖြင့် လူထုလိုအပ်ချက်များတို့အတွက် ၎င်းတို့က ချက်ချင်းလက်ငင်းတုံ့ပြန်ဆောင်ရွက်ပေးနိုင်သည့် အတိုင်းအတာထက်ကျော်လွန်၍ ပိုမိုများပြားသော လူထုလိုအပ်ချက်များရှိနေသေးကြောင်း တွေ့ရှိရသည်။ အလုပ်ရုံဆွေးနွေးပွဲများအား ပြုလုပ်ရခြင်းသည် စမ်းသပ်စီမံကိန်း ပရိုဂျက်များကို ရေရှည်အကျိုးသက်ရောက်စေမည့် ပိုမိုအရေးပါသော လူထုလိုအပ်ချက်များကို ရှာဖွေသတ်မှတ်နိုင်ရန်ဖြစ်သည်။ ဒေသတွင်း လိုအပ်ချက်များနှင့် ပြောင်းလဲမှု အရှိန်အဟုန်အပေါ် ပိုမိုနားလည်သဘောပေါက်ရန် လိုအပ်သကဲ့သို့ ရေတိုစီမံကိန်းများ အကောင်အထည်ဖော်ခြင်းအားဖြင့် ရေရှည်ထောက်ပံ့ကူညီမှုများ ရရှိလာစေမည့် လူထုများ နားလည်သဘောပေါက်ရန် အရေးကြီးသည်။

နားလည်မှုသဘောပေါက်မှုသည် မရှိမဖြစ်လိုအပ်သကဲ့သို့ လူထုတွင်းချိတ်ဆက်ဆောင်ရွက်မှုများ ဖွံ့ဖြိုးတိုးတက်ရန်အတွက် သင့်လျော်သည့် ထောက်ပံ့ကူညီမှုများလည်း လိုအပ်သည်။ ကျောက်ကြီးစမ်းသပ်စီမံကိန်းပရိုဂျက်၌ စမ်းသပ်စီမံကိန်း လုပ်ကွက်ကြီးအတွင်းရှိ စစ်ဒဏ်သင့်ဒုက္ခသည်များ အကြား မကျေလည်မှုများ ပိုပြီးမြင့်တက်မလာစေရန် လိုအပ်သော အကူအညီများကို ကရင်လူမျိုးများ နေထိုင်သည့် မူးသဲကျေးရွာအနီး (စီမံကိန်းလုပ်ကွက်နဲ့ နီးကပ်ပြီး အစိုးရထိန်းချုပ်နယ်မြေအတွင်း) တွင် ပံ့ပိုးပေးခဲ့ရသည်။

ဘေးကင်းလုံခြုံမှုနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အပေါ် လူထုများ၏ သိမြင်လက်ခံမှုကို နားလည်သဘောပေါက်ရန် လိုအပ်ခြင်း။ MPSI ၏ စမ်းသပ်စီမံကိန်းပရိုဂျက်လုပ်ကွက်များအတွင်း၌ရှိသော လူထုများသည်ဒေသတွင်း ဘေးကင်းလုံခြုံမှု ပိုမိုရရှိလာစေရန်လိုလားခြင်းနှင့် ဒေသတွင်းငြိမ်းချမ်းရေး ပိုမိုကောင်းမွန်တိုးတက်စေချင်သည့် ပြင်းပြသော ဆန္ဒများရှိကြောင်း ဖွင့်ဟပြောဆိုခဲ့ကြတယ်။ လူထုလိုအပ်ချက်များအပေါ် ဖြည့်ဆည်းပေးမှုသည် ဒေသတွင်းဘေးကင်းလုံခြုံမှုနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ် လိုအပ်ချက်များအတွက် အဓိကကျသောအချက် မဖြစ်သေးပါ။ ကွင်းဆင်းလေ့လာ သုံးသပ်မှုခရီးစဉ်များနှင့် လူထုတွေ့ဆုံဆွေးနွေးပွဲပြုလုပ်ခြင်း စီမံကိန်းများမှရရှိလာသော အချက်အလက်များအရ စမ်းသပ်စီမံကိန်းပရိုဂျက်လုပ်ကွက်များနှင့် အပစ်အခတ်ရပ်စဲထားသော ဒေသများအတွင်းရှိ ဒေသခံလူထုများသည် စီးပွားရေးတိုးတက်လာခြင်း၊ (၂၄)လကြာ စီမံကိန်းဖော်ဆောင်မှု နောက်ပိုင်းတွင် ဒေသတွင်း၌ လွတ်လပ်စွာခရီးသွားလာနိုင်ခြင်း၊ ဒေသတွင်းဘေးကင်းလုံခြုံမှုတိုးတက်လာခြင်း စသည်တို့သည် ငြိမ်းချမ်းရေးဖော်ဆောင်မှု လုပ်ငန်းစဉ်ရဲ့ အဓိကအောင်မြင်မှု သော့ချက်များဖြစ်ပါသည်။ သို့သော် ပြည်သူအများစုမှာ အပစ်အခတ်ရပ်စဲရေးသဘောတူညီချက်သို့မဟုတ် ငြိမ်းချမ်းရေးဖော်ဆောင်မှုလုပ်ငန်းစဉ်သည် ရေရှည် တည်တံ့ခိုင်မြဲမည်ဟု မဟုတ်ကြောင်းထင်မြင်ယူဆနေဆဲဖြစ်သည်။ စီမံကိန်းအကောင်အထည်ဖော်မှုအဆင့်၌ ၎င်းတို့ရဲ့ ထင်မြင်ယူဆချက်များနှင့် လိုက်လျောညီထွေရှိမည့် ယုံကြည်မှု တည်ဆောက်ခြင်းလုပ်ငန်းစဉ်ပံ့ပိုးမှုများသော်လည်းကောင်း၊ သင့်လျော် မှန်ကန်သည့် ထောက်ပံ့မှုများပေးမည့် စီမံကိန်းများကို အကောင်အထည်ဖော်ခြင်းဖြင့်လည်းကောင်း စသည်တို့ အရေးကြီးသည်။

အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်ရရှိပြီးနောက် ပိုင်းဒေသတွင်းတွင် လွတ်လပ်စွာသွားလာခွင့်ရရှိခြင်းသည် သိသာထင်ရှားသော ပြောင်းလဲမှုနှင့်အကောင်းဘက်အပြု သဘောဆောင်သည့် လက္ခဏာများအဖြစ်တွေ့ရှိရသည်။ အပစ်အခတ်ရပ်စဲရေးသဘောတူညီချက် မရခင်အချိန် ကာလ၌ လက်နက်ကိုင်ပဋိပက္ခဇုံအတွင်းရှိ စစ်ဘေးသင့် ပြည်သူများသည် နယ်ခြားမျဉ်းကိုဖြတ်ကျော်၍ အစိုးရထိန်းချုပ်နယ်မြေအတွင်းသို့ ဝင်ရောက်သွားလာလျှင် ဖမ်းဆီးနှိပ်စက်ခြင်း ခံရမှုများ သာမကအခြားသော လူ့အခွင့်အရေး ချိုးဖောက်ခံရမှုများကို တွေ့ကြုံရင်ဆိုင်ခဲ့ကြရသည်။ အပစ်အခတ်ရပ်စဲရေးလုပ်ငန်းစဉ်နှင့် သက်သေခံကတ်ပြားများ ပြုလုပ်ပေးခြင်းတို့ ကဲ့သို့သော MPSI ၏ ဆောင်ရွက်ချက်များသည် ခြိမ်းခြောက်ခြင်း၊ ခေါ်ယူစစ်ဆေးခြင်း မရှိဘဲဒေသတွင်းတွင် စစ်ဘေးဒဏ်သင့် ပြည်သူများက လွတ်လပ်စွာသွားလာခွင့်ရှိလာစေခြင်း၊ ဈေးများ၊ လယ်ယာလုပ်ငန်းများသို့ လွတ်လပ်စွာသွားရောက် လုပ်ကိုင်နိုင်ခြင်းနှင့် အစိုးရထိန်းချုပ်နယ်မြေအတွင်းတွင် မိမိတို့၏ မိတ်ဆွေများ ဆွေမျိုးများကိုလည်း ဆုံဆည်းခွင့် ပြန်လည်ရရှိစေခဲ့ပါသည်။

စစ်ဘေးသင့်ရွှေ့ပြောင်းလူထုများက ၎င်းတို့၏ မူရင်းဇာတိရပ်ရွာတွင် ပြန်လည်စတင်အခြေချသည့် နောက်ပိုင်းမြေယာပိုင်ဆိုင်မှု အာမခံချက်ရှိရေးသည် အရေးကြီးကိစ္စရပ်တစ်ခုအဖြစ် ပေါ်ပေါက်လာခဲ့သည်။ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေနှင့် လယ်ယာမြေဥပဒေများကို ၂၀၁၂ ခုနှစ်တွင် ပြဋ္ဌာန်းလိုက်ပြီးသည့်နောက်ပိုင်း ဆိုးကျိုးသက်ရောက်မှုအားဖြင့် လယ်ယာမြေသိမ်းဆည်းခြင်း ပြဿနာများဖြစ်ပေါ်လာခဲ့သည်။ မြေယာနှင့် ပတ်သက်သော ဤဥပဒေများသည့် ကုန်းမြင့်ဒေသများတွင် ကျင့်သုံးသော မိရိုးဖလာမြေယာ ပိုင်ဆိုင်မှုစနစ်ကို အသိအမှတ်ပြုခြင်း မရှိသောကြောင့် ဒေသခံများ ဘိုးဘွားစဉ်ဆက်ပိုင်ဆိုင်လာခဲ့သော မြေယာများကို အင်အားကြီးသော လုပ်ငန်းရှင်များလက်တွင်းသို့ ဝကွက် အပ်လိုက်သလိုဖြစ်စေခဲ့သည်။ မိရိုးဖလာမြေယာ ပိုင်ဆိုင်မှုကို အသိအမှတ်ပြုရန်နှင့် မြေယာပိုင်ဆိုင်မှု အခွင့်အရေးများ

ရရှိရန် ပုဂ္ဂလိကလုပ်ငန်းများ၏ ဝင်ရောက်သိမ်းဆည်းမှုများကို ခံစားကြုံတွေ့ခဲ့ဖူးသော ပုလောနှင့် ကျိုက်ပီးလောင်ဒေသတွင်းရှိ လူထုများက တောင်းဆိုခဲ့ကြသည်။

**ကိုယ်ကျိုးစီးပွားရှာဖွေမှုများသည် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို ပျက်ပြားသွားစေနိုင်သည်သို့မဟုတ် အကောင်းဘက် သဘောဆောင်သော အခန်းကဏ္ဍအဖြစ်ဖြစ်ပေါ်လာနိုင်သည်။** စစ်ဘေးသင့်ဒေသတွင်းတွင် လာရောက် ရင်းနှီးလုပ်ဆောင်သော စီးပွားရေးလုပ်ငန်းများသည် အများအားဖြင့် သစ်ထုတ်လုပ်ရေးနှင့် သတ္တုတူးဖော်ရေး ကဏ္ဍများတွင် ရင်းနှီးမြုပ်နှံမှုပြုသော စီးပွားရေးလုပ်ငန်းများသာဖြစ်သည်။ များသောအားဖြင့် ၎င်းတို့သည် ဒေသတွင်းအာဏာပိုင်များ သို့မဟုတ်နိုင်ငံအကြီးအကဲများနှင့် အချိတ်အဆက်ရှိနေတတ်သည်။ လွတ်လပ်စွာ ဝင်ရောက်နိုင်ပြီဖြစ်သော စစ်ဘေးသင့်ဒေသများတွင်းသို့ စီးပွားရေး ရင်းနှီးမြုပ်နှံမှုပြုရန် ဝင်ရောက်လာသောလုပ်ငန်းများသည် မြေယာသိမ်းဆည်းမှု ကိစ္စရပ်များဖြစ်နေတတ်သည် (ဥပမာ – နှစ်ရှည်ပင်စိုက်ပျိုးရေးကဏ္ဍ) ဤကဲ့သို့သော ကိုယ်ကျိုးရှာ လုပ်ရပ်များသည် ငြိမ်းချမ်းရေး ဖော်ဆောင်မှုလုပ်ငန်းစဉ်အပေါ် ဒေသခံလူထုများနှင့် အောက်ခြေလူမှု အဖွဲ့အစည်းများ၏ ယုံကြည်ချက်များအား ပျက်ပြားသွားစေနိုင်သည့် အပြင် လူမှုအသိုင်းအဝိုင်းနှင့် ဂေဟဗေဒစနစ်အပေါ်တွင်လည်း ဆိုးကျိုးများစွာ သက်ရောက်စေနိုင်သည်။ နိုင်ငံတကာအဖွဲ့အစည်းများ၊ နိုင်ငံတော်အစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများက ဤကိစ္စကို မဖြေရှင်းလျှင် ၁၉၉၀ ခုနှစ်ဝန်းကျင်၌ ဖြစ်ခဲ့ဖူးသော အပစ်အခတ်ရပ်စဲရေးပျက်ပြယ်ခြင်းကဲ့သို့ ငြိမ်းချမ်းရေးဖော်ဆောင်မှုလုပ်ငန်းစဉ်ကို ဒေသခံလူထုများက စိတ်ပျက်လက်ပျက်ဖယ်ခွာသွားနိုင်သည်။

**ကြီးမားသော လူမှုအဆောက်အဦတည်ဆောက်ရေး စီမံကိန်းများအပေါ် တိုင်းရင်းသားမျိုးနွယ်စုများက စိုးရိမ်သံသယရှိနေသည်။** မြန်မာနိုင်ငံသည် အထူးသဖြင့် ဖွံ့ဖြိုးရေးနောက်ကျကျန်ခဲ့သော ဒေသများနှင့် လက်နက်ကိုင် ထိပ်တိုက်ရင်ဆိုင်မှုများ ဖြစ်ပွားနေသော စစ်ဘေးသင့်ဒေသများတွင် လူမှုအဆောက်အဦတည်ဆောက်ရေးနှင့် စီးပွားရေးအခွင့်အလမ်းများ ဖွံ့ဖြိုးတိုးတက်ရန် လိုအပ်လျက်ရှိသည်ကို သံသယရှိလိမ့်မည်မထင်ပါ။ သို့သော်လည်းပဲ ငြိမ်းချမ်းရေးဖော်ဆောင်မှုလုပ်ငန်းသည် လူမှုအဆောက်အဦတည် ဆောက်ရေး စီမံကိန်းများ (ဥပမာ – ရေအားလျှပ်စစ်ဓာတ်အား ထုတ်လုပ်ရေးအတွက် ဆည်တည်ဆောက်ခြင်း)ကို ခေါ်ဆောင်လာပြီး အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ၊ ဒေသတွင်းလုံခြုံမှုများစသည်တို့ကို ခြိမ်းခြောက်သည်သာမက မိမိတို့၏ ဘိုးဘွားပိုင်နယ်များမှ ထွက်ခွာသွားစေမည့် လုပ်ဆောင်ချက်များဟု တိုင်းရင်းသားဒေသခံများက ရှုမြင်လျက်ရှိသည်။ ဒေသခံအဖွဲ့အစည်းများ၊ အောက်ခြေလူထုများနှင့် အကျေအလည်ဆွေးနွေးပြီး ဒေသတွင်းစီမံကိန်းအကျိုးသက်ရောက်မှုများကို သေချာစွာ ဆန်းစစ်လေ့လာပြီးမှသာ ၎င်းကြီးမားကျယ်ပြန့်သော စီးပွားရေးစီမံကိန်းများကို အကောင်အထည်ဖော်သင့်သည်။

**ပြည်သူက ရွေးကောက်တင်မြှောက်သော၊ ပြည်သူကို ဝန်ဆောင်မှုပေးသော၊ ပြည်သူ့အရေးကို လျင်လျင် မြန်မြန်ဆောင်ရွက်ပေးနိုင်သော အုပ်ချုပ်ရေးအဖွဲ့ လိုလားကြောင်းဒေသခံ ပြည်သူများက တောင်းဆိုခဲ့ကြသည်။** မွန်ပြည်နယ်တွင်း စီမံကိန်းအကောင်အထည်ဖော်ဆောင်မှုတွင် မွန်ဘာသာစကားအခြေပြုပညာရေးစနစ်ကို မြှင့်တင်ရန် လိုအပ်ကြောင်း ထည့်သွင်းစဉ်းစားခဲ့ကြသကဲ့သို့ အထူးသဖြင့် ဆရာ၊ ဆရာမများအတွက် ထောက်ပံ့ကြေးရရှိနိုင်ရန်လည်း အရေးကြီးကြောင်း သုံးသပ်ခဲ့ကြသည်။ ဒေသတွင်းတွင် မူးယစ်ဆေးဝါးရောင်းဝယ်သုံးစွဲမှုများ တစ်နေ့တခြား မြင့်တက်လာသည်ကို ကိစ္စနှင့် အဖွဲ့အစည်းပေါင်းစုံ (အစိုးရအာဏာပိုင်များ၊ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများနှင့် ဒေသတွင်း တောပုန်းခားပြများ) အားဆက်ကြေးသွင်းနေရခြင်းများအပေါ် အလိုမကျဖြစ်ကြောင်း NMSP သို့ မွန်ဒေသခံလူထုများက တိုက်ရိုက်တင်ပြခဲ့သည်။ တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ ကျိုက်ပီးလောင်ဒေသခံလူထုများသည် ၎င်းတို့၏ တိုင်းရင်းသားဘာသာစကားအခြေပြု ကျောင်းများဖွင့်လှစ်နိုင်ရေးအတွက် အစိုးရအာဏာပိုင်များထံသို့ မှတ်ပုံတင်ရန် ဝန်လေးနေခဲ့ကြသည်။

အုပ်ချုပ်ရေးဆိုင်ရာဖွဲ့စည်းတည်ဆောက်ပုံအရ MPSI သည် ဒေသခံပြည်သူတို့ကို ကိုယ်စားပြုနိုင်သည်ဟု ယုံကြည်သည်။ ဒေသခံပြည်သူများ၏ အကျိုးစီးပွားအတွက် ကိုယ်စားတင်ပြနိုင်သည်၊ ပြီးသည့်နောက်

တရားဝင်အဖွဲ့အစည်းဖြစ်သည်ဟု ထင်မြင်ယူဆခြင်းများကြောင့် MPSI က အောက်ခြေလူထုများနှင့် တွေ့ဆုံခဲ့ပြီး ၎င်းတို့ လိုလားချက်များကို တရားဝင်ခွင့်ပြုချက် ရရှိရန် လူထုဘက်မှနေ၍ ခုခံပြောဆိုခဲ့သည်။

**စိတ်ချလုံခြုံမှုရှိသည့် အခြေအနေများ သို့မဟုတ် စိတ်ချလုံခြုံမှုရှိရန် စီစဉ်ပေးနိုင်လျှင်သော်လည်းကောင်း လူထုများက ၎င်းတို့အခွင့်အရေးများအတွက် သက်ဆိုင်ရာအာဏာပိုင်များကို တောင်းဆိုကြလိမ့်မည်။** မွန်ပြည်နယ် စမ်းသပ်စီမံကိန်းပရိုဂျက်တွင် လူထုစွမ်းဆောင်ရည်မြှင့်တင်ခြင်း အစီအစဉ်များနှင့် အမျိုးသမီးခေါင်းဆောင် မြှင့်တင်ရေးသင်တန်းများလည်း ပါဝင်သည်။ ဤစီမံကိန်း ဆောင်ရွက်ချက်အပေါ် အားရကျေနပ်ကြောင်း၊သည့်အပြင် ကျေးရွာလူထုဆုံးဖြတ်ချက်များ ချမှတ်ခြင်းတွင်လည်း အမျိုးသမီးများ၏ ပါဝင်မှုအခန်းကဏ္ဍ ပိုမိုမြှင့်မားလာရန် ကူညီပေးနိုင်ခဲ့သည့် အကြောင်း လူထုများက ဖွင့်ဟဝန်ခံခဲ့ကြသည်။ အောက်ခြေလူထုအခြေပြုသော ရပ်ရွာပြန်လည်တည်ထောင်ရေး အစောပိုင်းကာလ စီမံချက်မော်ဒယ် တစ်ခု ကို နိုင်ငံတကာ အလုပ်သမားအခွင့်အရေးအဖွဲ့က မွန် စမ်းသပ်စီမံကိန်းပရိုဂျက်တွင် အကောင်အထည်ဖော်ရာတွင် ရွေးကောက်ခံရသော ကျေးရွာကော်မတီဝင်များ အားလုံး၏ ၄၀% သည် အမျိုးသမီးများဖြစ်ကြောင်း တွေ့ရှိခဲ့ရသည်။ ငြိမ်းချမ်းရေးဖော်ဆောင်မှုဆိုင်ရာ သင်တန်းနှင့် လူထုစွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်း များကို တနင်္သာရီတိုင်းဒေသကြီး စမ်းသပ်စီမံကိန်းပရိုဂျက်၏ အစိတ်အပိုင်းများအဖြစ် ထည့်သွင်းရေးဆွဲခဲ့သည်။

ပိုမိုကြာရှည်ခိုင်မာသော ငြိမ်းချမ်းရေးဖြစ်ထွန်းလာစေရန် ယခင်က ကျူးလွန်ခဲ့သော လူ့အခွင့်အရေးချိုးဖောက်မှုများအတွက် အရေးယူဆောင်ရွက်သော လုပ်ငန်းစဉ်များလည်း ပါဝင်ရန် လိုအပ်သည်။ ကျောက်ကြီးစမ်းသပ်စီမံကိန်းပရိုဂျက် အတွေ့အကြုံအရ လူထုများသည် တရားမျှတမှုရရှိရေးနှင့် ပြန်လည်သင့်မြတ်ရေးအတွက် ထုတ်ဖော်ဆန္ဒပြခဲ့ကြသည်။

### ဇယား ၄ - MPSI နားထောင်ခြင်း စမ်းသပ်စီမံကိန်း

အပစ်အခတ်ရပ်စဲရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုလုပ်ငန်းများ အကောင်အထည်ဖော်ခြင်းသည် ဆယ်စုနှစ် များစွာဖြစ်ပွားလာခဲ့သော လက်နက်ကိုင်ပဋိပက္ခကြောင့် ဆိုးရွားသည့် အခြေအနေအောက်သို့ ရောက်ရှိသွားခဲ့သည့် ဒေသခံလူထုများ၏ ဘဝအားကောင်းမွန် တိုးတက်လာစေရန် ရည်ရွယ်ပါသည်။ သို့သော်လည်းပဲ ငြိမ်းချမ်းရေးဖော်ဆောင်မှု ကာလတစ်လျှောက်၌ အာဏာပိုင်ခေါင်း ဆောင်များသာ ဦးဆောင်သော တွေ့ဆုံဆွေးနွေးပွဲများဖြစ်နေခြင်းကြောင့် စစ်ဒဏ်သင့် ဒေသခံပြည်သူလူထုများသည် အများအားဖြင့် ၎င်းတို့၏ ခံစားချက်များကို ဖွင့်ဟထုတ်ဖော်နိုင်သည့် အခွင့်အရေးများ မရရှိခဲ့ကြပါ။

ငြိမ်းချမ်းရေးဖော်ဆောင်မှုလုပ်ငန်းစဉ်၏ ရေရှည်အကျိုး ရလဒ်များထွက်ပေါ်လာနိုင်ရန် အောက်ခြေလူထုများ ကိုယ်တိုင်ပါဝင်ဆွေးနွေးနိုင်သော ပိုမိုလွတ်လပ် ပေါ့ပါးသည့် တွေ့ဆုံဆွေးနွေးပွဲများကို MPSI မှ ၂၀၁၃ ခုနှစ်နှစ်ဝက်ရောက်သည့် အချိန်တွင် စတင်အကောင် အထည်ဖော်ခဲ့သည်။ (နောက်ဆက်တွဲ ၃ ကို ကြည့်ပါ) ဤအစီရင်ခံစာသည် လူထုတွေ့ဆုံဆွေးနွေးပွဲပထမ စီမံချက်ကာလအတွင်း တွေ့ရှိခဲ့သော ကနဦးတွေ့ရှိချက်များကို ဖော်ပြထားခြင်းဖြစ်သည်။ အပစ်အခတ်ရပ်စဲရေး မတိုင်ခင်နှင့် နောက်ပိုင်းတွင် ဒေသခံပြည်သူများ၊ အထူးသဖြင့် ဒေသခံအမျိုးသမီးထု၏ တွေ့ကြုံခံစားမှုများကို ကောင်းစွာသိရှိနားလည် သဘောပေါက်ရန် ရည်ရွယ်လျက် ကယားဒေသခံလူထုများ၊ ရှမ်းဒေသခံလူထုများ၊ မွန်ဒေသခံလူထုများနှင့် ကရင်ဒေသခံလူထုများ၏ ဆန္ဒသဘောထားများ ထုတ်ဖော်နိုင်သည့် တွေ့ဆုံဆွေးနွေးပွဲများ ပြုလုပ်ခြင်းဖြစ်သည်။ လူထုတွေ့ဆုံဆွေးနွေးပွဲများ မှတစ်ဆင့် သိရှိလာသော အကြောင်း ခြင်းရာများကို ငြိမ်းချမ်းရေး စကားဝိုင်းများတွင် တင်ပြဆွေးနွေးမည်ဖြစ်သည်။

ဒေသခံပြည်သူလူထုသည် KNPP ၊ NMSP ၊ KNU နှင့် အစိုးရအကြား အပစ်အခတ်ရပ်စဲရေး လုပ်ငန်းစဉ်၏ အစောပိုင်းကာလအတွင်း၌ပင် အပစ်အခတ်ရပ်စဲရေး အကျိုးကျေးဇူးများကို များစွာခံစားရရှိသည်ဟု ကနဦးရှာဖွေတွေ့ရှိချက်များက ဖော်ပြနေသည်။ သာဓကအားဖြင့် KNU နှင့် အပစ်အခတ်ရပ်စဲရေး မပြုလုပ်ခင်၌ နှစ်ဖက်ရင်ဆိုင်တိုက်ပွဲများ၊ အတင်းအဓမ္မ ပေါ်တာဆွဲခြင်းနှင့် အတင်းအဓမ္မ စစ်သားစုဆောင်းခြင်း များတို့မှ ထွက်ပြေးတိမ်းရှောင်နေခဲ့ရသည်။ ထိတ်လန့်ကြောက်ရွံ့နေရသည့် အခြေအနေမှ ယခုတွင် များစွာ လျော့ပါးသွားပြီးဖြစ်ကြောင်း ဒေသခံလူထုများက ထုတ်ဖော်ပြောကြားခဲ့ကြသည်။ ဆယ်စုနှစ်များစွာကြာပြီး နောက်ဆိုးရွားသော လူ့အခွင့်အရေးချိုးဖောက်ခံရမှုများကိုသော်လည်းကောင်း၊ တောတောင်များအတွင်း ထွက်ပြေးတိမ်းရှောင်ခြင်းများကိုသော်လည်းကောင်း ပထမဆုံးအကြိမ်အဖြစ် စသည့် ကိစ္စရပ်များကို စိုးရိမ်စရာ မလိုတော့ဟု MPSI ကို တွေ့ဆုံစကားပြောခွင့်ရခဲ့သော ဒေသခံလူထုများက ထုတ်ဖော်ပြောကြားခဲ့ကြသည်။

တချို့နေရာ၌ စစ်ဘေးဒဏ်သင့်ရွှေ့ပြောင်းဒုက္ခသည်များသည် မိမိတို့၏ ဘဝများကို ပြန်လည်ထူထောင်ရန် မိမိတို့၏ မူရင်းနေရပ်ဒေသသို့ ပြန်လည်ပြောင်းရွှေ့အခြေချနေထိုင်ခဲ့ကြသည်။

အပစ်အခတ်ရပ်စဲရေးလုပ်ငန်းစဉ် အကောင်အထည်မဖော်ခင်၌ ဒေသတွင်းတွင် ခရီးသွားရန် အခက်အခဲများရှိသကဲ့သို့ မိမိတို့၏ လယ်ယာလုပ်ငန်းများဆီသို့ သွားရောက်လုပ်ကိုင်ခြင်းအတွက် မလွယ်ကူပါ။ သို့သော်လည်းပဲ သက်ဆိုင်ရာ အာဏာပိုင်များကို လာဘ်ထိုးလျှင်သွားနိုင်ပါသည်။ ပြီးသည့်နောက် ရွာသူရွာသားများက တရားမဝင် အဖွဲ့အစည်းများအား ထောက်ပံ့မှုပေးနေသည်ဟု စွပ်စွဲခံရပြီးခရီးသွားလာသည်ကို အခါများတွင် ခရီးဆောင်ပစ္စည်းအပေါ်၌သော်လည်းကောင်း စားနပ်ရိက္ခာသယ်ယူမှု၌သော်လည်းကောင်း တင်းတင်းကြပ်ကြပ် ကန့်သတ်ထားခဲ့သည်။ အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်ရပြီးသည့် နောက်ပိုင်းတွင် ရွာသူ၊ ရွာသားတွေသည် ဒေသတွင်း၌ ယခင်ထက်ပို၍ လွတ်လပ်စွာခရီးသွားလာနိုင်ရုံတင် မကဘဲ မိမိတို့၏ လယ်ယာလုပ်ငန်းဆီသို့ လွတ်လပ်စွာ သွားလာခွင့်ရခဲ့သည်။ ဗမာစစ်တပ်နှင့် တိုင်းရင်းသားလက်နက်ကိုင်တပ်ဖွဲ့များ အားပေးနေရသည့် အခွန်အကောက်များသည် နှစ်နှစ်အတော အတွင်း၌ ယခင်ထက်ပိုပြီးတော့ လျော့ကျလာခဲ့သည်။ အခွန် အကောက်ဆက်ကြေးများ လျော့နည်းလာခြင်းနှင့်အတူ လယ်ယာလုပ်ငန်းများလည်း ပြန်လည်လုပ်ကိုင်လာနိုင်ခြင်းများကြောင့် လူထုများတို့၏ အသက်မွေးဝမ်းကျောင်းဆိုင်ရာကဏ္ဍသည် တိုးတက်လာခဲ့သည်။ ငြိမ်းချမ်းရေးဖော်ဆောင်မှုလုပ်ငန်းစဉ်နှင့် အပစ်အခတ်ရပ်စဲရေးသဘောတူညီချက်များ တည်မြဲခြင်း မတည်မြဲခြင်းအပေါ် စိုးရိမ်နေသော်လည်း တိုးတက်ပြောင်းလဲမှုများအတွက် ရွာသူရွာသားတွေက လှိုက်လှိုက်လှဲလှဲ ကြိုဆိုခဲ့ကြသည်။

"နှစ်ဦးနှစ်ဖက် အပစ်အခတ်ရပ်လိုက်တာနဲ့ ကျွန်တော့်ရဲ့ လယ်လုပ်ငန်းကို ပြန်လုပ်ခွင့်ရလာတယ်၊ ဒါကြောင့် ကျွန်တော့် မိသားစုဝမ်းစာရေးအတွက် စပါးအများကြီးရတယ်ဗျာ၊ ပြီးတော့အရင်လို မဟုတ်ဘူးဗျ၊ လွတ်လွတ်လပ်လပ်ခရီးသွားလို့ရတယ်၊ ကိုယ့်ရဲ့ လယ်တောထဲမှာ ကြောက်စရာမလိုဘဲနဲ့ ညအိပ်ညနေနေလို့ရတယ်၊ ဗမာစစ်တပ်က စစ်ကြောင်းထွက်လာလို့ သူတို့နဲ့ ဆုံခဲ့ရင်တောင် သူတို့ကို ကြောက်စရာ မလိုတော့ဘူးဗျ"ဟု ဒေသခံကရင်အမျိုးသားတစ်ဦးက ဖွင့်ဟပြောဆိုခဲ့သည်။ ဒေသခံကရင်အမျိုးသမီးတစ်ဦးကလည်း "ကျွန်မတို့ ရွာသူရွာသားတွေကလေ ဘာနဲ့တူတယ်ဆိုတော့ လှောင်ချိုင့်ထဲမှာ ချုပ်ထားခံရတဲ့ ကြက်ငှက်တွေလိုပဲ၊ အခု လှောင်ချိုင့်ထဲကနေ လွှတ်ပေးလိုက်သလိုပဲ ရွာသူရွာသားတွေ အရမ်းပျော်တာပေါ့၊ နေ့ဘက်ဖြစ်ဖြစ် ညဘက်ပဲဖြစ်ဖြစ် လွတ်လွတ်လပ်လပ်သွားလာလို့ရပြီ၊ ဒါကြောင့် ဒေသခံရွာသူ ရွာသားတွေက မိမိတို့ရဲ့ ကိစ္စဝိစ္စတွေအရမ်းကို များလွန်းနေတယ်" ဟူ၍ MPSI ကို ပြောပြပါတယ်။ ကယားပြည်နယ်အတွင်းရှိ လူထုများကလည်း ၎င်းတို့၏ နေ့စဉ်အသက်ရှင်နေထိုင်မှုများ

## ဇယား ၄ - MPSI နားထောင်ခြင်း စမ်းသပ်စီမံကိန်း (မှအဆက်)

သည် ဤကဲ့သို့ အလားတူ အပြောင်းအလဲမျိုးဖြစ်ပေါ်ကြောင်းကို "အပြောင်းအလဲ ဖြစ်လာတာကတော့ဗျာ. . . ဗမာစစ်တပ်ရဲ့ ခြိမ်းခြောက်မှုတွေကို ထပ်ပြီးကြောက်စရာမလိုတော့သလို ပေါ်တာဆွဲမယ့် ကိစ္စအတွက်လည်း ထပ်ပြီးပူစရာ မလိုတော့ဘူးဗျ"ဟူ၍ ဒေသခံကယားအမျိုးသားတစ်ဦးက ပြောပြခဲ့ပါတယ်။

အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်သည် တိုင်းရင်းသားလူမျိုးစုများကြား မွန်တစ်မျိုးသားလုံးဆိုင်ရာညီလာခံနှင့် ရှမ်းပြည်နယ်တွင် ပြုလုပ်ခဲ့သော ငြိမ်းချမ်းရေးအတွက် ယုံကြည်မှုတည်ဆောက်ခြင်း ညီလာခံများကဲ့သို့ လူထုညီလာခံနှင့် လူထုတွေ့ဆုံဆွေးနွေးပွဲများ ထပ်မံပြုလုပ်နိုင်ရန် တွန်းအားတစ်ရပ်ဖြစ်စေခဲ့သည်။ လူမှုအခြေပြု အသင်းအဖွဲ့များ၊ နိုင်ငံရေးပါတီများနှင့် တိုင်းရင်းသား လက်နက်ကိုင်တပ်ဖွဲ့များကြား ဆွေးနွေးပွဲစကားဝိုင်းများ ပြုလုပ်နိုင်မည့် မူဘောင်စည်းမျဉ်းများ ချမှတ်နိုင်ရန် လူထုညီလာခံနှင့် လူထုတွေ့ဆုံ ဆွေးနွေးပွဲများက အထောက်အကူပြုခဲ့ပါတယ်။ ယခင်အချိန်အခါ၌ ဤကဲ့သို့သော ကိစ္စရပ်များကို ပြုလုပ်ရန် မဖြစ်နိုင်ဟု ပြည်သူလူထုများက MPSI အား ဖွင့်ဟပြောဆိုခဲ့သည်။

အပြုသဘောဆောင်သော အမြင်များရှိကြသော်လည်း တိုင်းရင်းသားလက်နက်ကိုင်တပ်ဖွဲ့များတို့နှင့် အစိုးရတို့အကြား နိုင်ငံရေးတည်ငြိမ်မှုရရှိရန် စွမ်းဆောင်နိုင်ခြင်း မရှိသည့်အပေါ်တွင် ငြိမ်းချမ်းရေးဖော်ဆောင်မှုလုပ်ငန်းစဉ်သည် အချိန်မရွေး ရပ်တန့်သွားနိုင်သည်ဟု ဒေသခံလူထုများဘက်မှ ကြီးမားသည့် စိုးရိမ်သံသယရှိနေကြသည်။ အမျိုးသားတစ်ဦးမှနေ၍ "တကယ်လို့များ အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်ပျက်ပြယ်သွားခဲ့ရင် ကျွန်တော့်အနေနဲ့ အသက်ရှင်နေလဲဘာမှ မထူးဘူးဗျ"ဟု ပြောဆိုခဲ့သည်။ ပိုမိုကျယ်ပြန့်သည့် နိုင်ငံရေးစကားဝိုင်းများ ပြုလုပ်ခြင်းနှင့် ပြည်နယ်များအရေးကိစ္စအပေါ် ပြန်လည်စေ့စပ်ဆွေးနွေး ညှိနှိုင်းမှုပြုမှသာ ရေရှည်တည်တံ့ခိုင်မြဲ၍ စစ်မှန်သည့် ငြိမ်းချမ်းရေးရရှိနိုင်မည့် ပိုမိုခိုင်မာသော သဘောတူညီချက်များ ရရှိနိုင်မည်။ ကျေးရွာလူထုများသည် ငြိမ်းချမ်းရေးဖော်ဆောင်မှု လုပ်ငန်းစဉ်အပေါ် ခိုင်ခိုင်မာမာ ရပ်တည်၍ ၎င်းတို့ရဲ့ ဒေသခံခေါင်းဆောင်များကိုလည်း ငြိမ်းချမ်းရေးဆွေးနွေးပွဲများကို ဆက်လက်အကောင်အထည်ဖော်ရန် တိုက်တွန်းခဲ့ကြသည်။ ကယားအမျိုးသားတစ်ဦးက "ပြည်သူလူထုကတော့ ငြိမ်းချမ်းရေးကို လိုချင်တယ်၊ ငြိမ်းချမ်းရေးရရှိအောင်လုပ်ဖို့နဲ့ ငြိမ်းချမ်းရေးထိန်းသိမ်းဖို့အတွက်ကတော့ ကျွန်တော်တို့ အားလုံး လက်တွဲလုပ်ဆောင်ဖို့လိုတယ်၊ လုပ်ရင်ရကိုရ ရမယ်၊ ကျွန်တော်တို့ ကြောက်နေလို့ကတော့ ဘာမှရမှာ မဟုတ်ဘူး"ဟူ၍ ဤကဲ့သို့ ပြောဆိုသွားခဲ့သည်။

တွေ့ဆုံဆွေးနွေးခဲ့ရသော ပြည်သူတချို့သည် MPSI ၏ ပါဝင်ဆောင်ရွက်မှုများဖြစ်သော မွန်အမျိုးသားကျောင်း ပညာရေးစနစ်၊ ရှမ်းပြည်နယ်၌ ပြုလုပ်ခဲ့သော ငြိမ်းချမ်းရေးအတွက် ယုံကြည်မှုတည်ဆောက်ခြင်း ညီလာခံများ၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်စစ်ဘေး သင့်ရွှေ့ပြောင်းဒုက္ခသည်များအတွက် စမ်းသပ်စီမံကိန်း ပရိုဂျက်၊ မွန်တစ်မျိုးသားလုံးဆိုင်ရာညီလာခံ ၎င်းတို့အပြင် NMSP မှနေ၍ ဦးဆောင်အကောင်အထည်ဖော်ခဲ့သည့် လူထုတွေ့ဆုံဆွေးနွေးပွဲများ၊ ၎င်းနောက် MPSI မှ အကောင်အထည်ဖော်ခဲ့သည့် စမ်းသပ်စီမံကိန်းများနှင့် ပတ်သက်၍ ရင်းနှီးကျွမ်းဝင်ပြီးသားဖြစ်ပြီး အများအားဖြင့် MPSI အမည်ကိုပင် မကြားဖူး မသိဖူးသောသူများဖြစ်ပေသည်။ စသည့် အချက်အလက်များကို စီမံကိန်းအောင်မြင်မှု ညွှန်းကိန်းအဖြင့် MPSI မှ သတ်မှတ်ပြီး MPSI သည် စီမံကိန်းအပေါ် တစ်ဦးတည်းမူပိုင်ဆွဲစီမံခန့်ခွဲနေခြင်း မဟုတ်ဘဲ ဒေသခံမိတ်ဖက်အဖွဲ့များအဖွဲ့အစည်းတွေနှင့် ပူးပေါင်းလုပ်ဆောင်နေသည်ဆိုသည့်အကြောင်းကို ဤအောင်မြင်မှု ညွှန်းကိန်းများကဖော်ပြနေခြင်းဖြစ်ပါသည်။

ကျားမဖြစ်ခြင်းအပေါ် ခွဲခြားဆက်ဆံမှုပပျောက်ရေး အသိပညာပေးအစီအစဉ်များ အပါအဝင် အမျိုးသမီးစွမ်းရည်မြှင့်တင်ရေးသင်တန်းများ၊ အသက်မွေးဝမ်းကျောင်းဆိုင်ရာသင်တန်း၊ ပညာရေးဆိုင်ရာ

## ဇယား ၄ - MPSI နားထောင်ခြင်း စမ်းသပ်စီမံကိန်း (မှအဆက်)

ထောက်ပံ့မှု၊ ကျန်းမာရေးစောင့်ရှောက်မှု၊ စားနပ်ရိက္ခာဖူလုံရေး၊ အခြေခံလူမှုအဆောက်အဦ တည်ဆောက်ရေးစသည့် လူထုဖွံ့ဖြိုးရေး လိုအပ်ချက်များအား အကောင်အထည်ဖော်နိုင်ရန်နိုင်ငံတကာ အဖွဲ့အစည်းများက ထောက်ပံ့ကူညီပေးခဲ့ကြသည်ဟု ကျေးရွာလူထုများက အတည်ပြု ပြောကြားခဲ့ကြသည်။ ယင်းနောက် အပစ်အခတ်ရပ်စဲရေး စာချုပ်ရေးရှည် တည်တံ့စေရေးနှင့် စစ်မှန်သော ဒီမိုကရေစီဖြစ်ထွန်း လာစေရေးအတွက် နိုင်ငံတကာမှ မြန်မာအစိုးရ အပေါ်ဖိအားပေးရန် နိုင်ငံတကာအဖွဲ့အစည်းများကို ဒေသခံလူထုများက တိုက်တွန်းခဲ့ကြသည်။

## ဇယား ၅ - ငြိမ်းချမ်းရေးဖော်ဆောင်မှုလုပ်ငန်းစဉ်အပေါ် လူထုများ၏ ယုံကြည်မှု

ကျောက်ကြီး စမ်းသပ်စီမံကိန်းပရိုဂျက်အရ လူထုများရဲ့ ထင်မြင်လက်ခံထားမှုများသည် အံ့သြဖွယ်ရာ ပြောင်းလဲသွားကြောင်း လေ့လာတွေ့ရှိခဲ့ရသည်။ စမ်းသပ်စီမံကိန်းအစပိုင်း၌ စစ်ဘေးသင့်ရွှေ့ပြောင်းဒုက္ခသည် ခေါင်းဆောင်များသည် လယ်ယာလုပ်ငန်းခွင် (ရွာနဲ့ အလှမ်းကွာဝေးသောနေရာတွင် တည်ရှိ) သို့သွားသည်ဖြစ်စေ အစိုးရထိန်းချုပ်နယ်မြေအတွင်းတွင် ပြုလုပ်သော အစည်းအဝေးများသို့ တက်ရောက်ရန်သွားသည်ဖြစ်စေ ၎င်းတို့၏ ခရီးသွားလာရေးနှင့် ပတ်သက်သော ကြောက်လန့်မှုနဲ့ စိုးရိမ်သံသယဖြစ်မှုများကို တင်ပြခဲ့ကြသည်။ ယခင်၌ ဤကဲ့သို့ ခရီးသွားလာမှုများသည် လူ့အခွင့်အရေး ချိုးဖောက်ခံရသည့်ကိစ္စရပ်ဖြစ်စေ အသတ်ခံရနိုင်ချေရှိသည့် အခြေအနေမျိုး၌ဖြစ်စေ ၎င်းတို့အပေါ် အန္တရာယ်ကျရောက်စေနိုင်ပါသည်။ စမ်းသပ်စီမံကိန်းပရိုဂျက် အကောင်အထည်ဖော်နေသည့် အတောအတွင်းတွင် ၎င်းတို့၏ ထင်မြင်လက်ခံထားမှုများ စတင် ပြောင်းလဲလာခဲ့သည်။ တချို့မိသားစုများသည် ၎င်းတို့၏ မူရင်းဇာတိရပ်ရွာ (မြေမြှုပ်မိုင်းတွေ ဖယ်ရှားပစ်ခြင်း မရှိသေးသည့်အတွက် ၎င်းတို့၏ မူရင်းဇာတိရပ်ရွာဆီသို့ ပြန်သွားရန် MPSI က အားမပေးသော်လည်းဘဲ) ပြန်လည်ပြောင်းရွှေ့သွားခဲ့ပြီး တချို့မှာ ချင့်ချိန်စဉ်းစားနေဆဲဖြစ်သည်။ ဆယ်စုနှစ်များစွာကြာပြီးနောက် ပထမဆုံးအကြိမ်အနေဖြင့် ဒေသတွင်း၌ ပြန်လည်ပုံမှန်သွားလာနိုင်ခဲ့ပြီး တချို့မိသားစုဝင်များသည် အစိုးရထိန်းချုပ်နယ်မြေအတွင်းမှာရှိနေသော မိမိတို့၏ မိသားစုဝင် ဆွေမျိုးများနှင့် ပြန်လည်ဆက်သွယ် ပေါင်းစည်းနိုင်ခဲ့ကြသည့် တွေ့မြင်ရသည်။ မိမိတို့၏ မူရင်းဇာတိရပ်ရွာ၌ ပြန်လည်အခြေချနေထိုင်လိုသည့် ဆန္ဒရှိကြောင်းလူထု ခေါင်းဆောင်များက တင်ပြလာခဲ့သည်။ (**မှတ်ချက်:** စစ်ဘေးဒုက္ခသည်များ သို့မဟုတ် စစ်ဘေးသင့်ရွှေ့ပြောင်းဒုက္ခသည်များကို မိမိတို့၏ မူရင်းဇာတိရပ်ရွာတွင် ပြန်လည်အခြေချနေထိုင်ရန် MPSI က အားမပေးခဲ့ပါ) ရွာသူရွာသားများသည် ဗမာစစ်တပ်က ၎င်းတို့ရဲ့ အိုးအိမ်ပိုင်ဆိုင်မှုများကို မီးရှို့ဖျက်ဆီးခြင်း၊ အဓမ္မယူငင်ခြင်းကိစ္စရပ်များအပေါ် ၎င်းတို့၏ စိုးရိမ်သံသယများ တဖြည်းဖြည်းလျော့ပါးသွားပြီဖြစ်ကြောင်း စမ်းသပ်စီမံကိန်း ပြန်လည်သုံးသပ်ခြင်း လုပ်ငန်းစဉ်အတွင်း တင်ပြခဲ့ကြသည်။ အရင်အချိန်၌ ဖြစ်ပေါ်ခဲ့သော လူ့အခွင့်အရေးချိုးဖောက်ခံရမှု ပုံစံမျိုးစုံနှင့် အခြားပြဿနာများသည် အလျင်အမြန်ပျောက်ကွယ်သွားမည် မဟုတ်သေးကြောင်း၊ ပြီးသည့်နောက် ၎င်းတို့၏ ရွာအနီး ပတ်ဝန်းကျင်တွင် ဗမာစစ်တပ်များ အင်အားဖြည့်တပ်စွဲထားနေသေးကြောင်း၊ ထို့ကြောင့် ၎င်းတို့အနေဖြင့် ကြီးစွာသော စိုးရိမ်သံသယရှိနေသေးကြောင်း ဖော်ပြခဲ့ကြသည်။

လူထုများ၊ KNU/KNLA နှင့် အစိုးရကိုယ်စားလှယ်များအကြား အချင်းချင်းယုံကြည်မှုရှိရန် ကျောက်ကြီးစမ်းသပ်စီမံကိန်းပရိုဂျက်၏ ပုံမှန်တွေ့ဆုံဆွေးနွေးပွဲများကို MPSI က ပံ့ပိုးဆောင်ရွက်ခဲ့သည်။ စစ်ဘေးသင့်ရွှေ့ပြောင်း ဒုက္ခသည်များသည် တွေ့ဆုံဆွေးနွေးပွဲများမှတစ်ဆင့် ယခင်အချိန်များ၌ မရရှိခဲ့ဖူးသော အခွင့်အရေးများဖြစ်သည့် တိုက်ရိုက်ပြောဆို တင်ပြခွင့်ကို အစိုးရကိုယ်စားလှယ်များနှင့် တပ်မတော်သို့

## ဇယား ၅ - ငြိမ်းချမ်းရေးဖော်ဆောင်မှုလုပ်ငန်းစဉ်အပေါ် လူထုများ၏ ယုံကြည်မှု (မှအဆက်)

တင်ပြခွင့်ရရှိခဲ့တယ်။

ထားဝယ်စမ်းသပ်စီမံကိန်းနှင့် ပုလောစမ်းသပ်စီမံကိန်းမှ စီမံကိန်းအကျိုးကျေးဇူးများကို တိုက်ရိုက်ခံစားရရှိသည့် အောက်ခြေလူထုများနှင့် ကျယ်ပြန့်သော တွေ့ဆုံဆွေးနွေးမှုများမှ ရရှိလာသည်ကို အချက်အလက်များအရ ကေအန်ယူနှင့် အစိုးရကြားအပစ်အခတ်ရပ်စဲရေး သဘောတူညီချက်သည် လူသူကင်းဝေးသောနေရာ၌ ဆယ်စုနှစ်များစွာ ပုန်းအောင်းနေထိုင်လာခဲ့ရသော စစ်ဘေးသင့်လူထုအားများစွာ အကျိုးဖြစ်ထွန်းစေခဲ့ကြောင်း တွေ့ရှိရသည်။ ဒေသတွင်းတွင် လွတ်လပ်စွာ သွားလာခွင့်များ တိုးတက်လာခြင်း၊ သတင်းအချက်အလက်များ ရရှိခြင်းနှင့် ထိတ်လန့်ကြောက်ရွံ့နေရသည့် အခြေအနေများ လျော့ပါးလာခြင်းတို့ ပါဝင်သည်။ ဤသည်တို့မှာ ၁၉၉၇ ခုနှစ်တွင် သာမယ် ပုလောပတ်ဝန်းကျင်ရှိ တောတောင်များထဲသို့ ပြန့်ကျဲစွာ ပုန်းအောင်းနေထိုင်နေရသော လူထုများကို မိမိတို့၏ မူရင်းဇာတိရပ်ရွာသို့ (ငြိမ်းချမ်းရေးဖော်ဆောင်မှု လုပ်ငန်းစဉ်အပေါ် လူထုများ၏ ယုံကြည်မှုပျက်ပြားသွားစေသော ၂၀၁၃ ခုနှစ်မိုးရာသီကာလအတွင်း ဗမာစစ်တပ်၏ ဝင်ရောက်တိုက်ခိုက်မှုဖြစ်ပွားသော်လည်း) ပြန်လည်အခြေချနေထိုင်နိုင်သည့် အခြေအနေသို့ ရောက်ရှိလာစေခဲ့သည်။

လူထုများ သတင်းအချက်အလက်များရရှိရန်၊ ငြိမ်းချမ်းရေးဖော်ဆောင်မှုလုပ်ငန်းစဉ်နှင့် ပတ်သက်၍ လူထုများ၏ မေးမြန်းမှုတွေကို ဖြေကြားရန်၊ လက်လုပ်လက်စားဘဝမှ တစ်ဆင့်မြင့်သော လူနေမှုစနစ်သို့ လှမ်းတက်နိုင်ရန်စသည့် အခြေခံလိုအပ်ချက်တွေကို ပံ့ပိုးခြင်းတို့ကို စမ်းသပ်စီမံကိန်းပရိုဂျက် မလုပ်ဆောင်ခဲ့သည်။ ရလဒ်အနေဖြင့် လူထုများသည် ပြင်ပအသိုင်းအဝိုင်းနှင့် ထိတွေ့ဆက်ဆံမှု၊ ဘေးကင်းလုံခြုံမှုစသည့် အခွင့်အရေးများ ပိုမိုတိုးတက်ရရှိလာပြီး ငြိမ်းချမ်းရေးလုပ်ငန်းစဉ် အပေါ်တွင်လည်း ပိုမိုယုံကြည်မှုရှိလာခဲ့သည်။ သို့သော် အခြားတဘက်တွင် အပစ်အခတ် ရပ်စဲရေးသဘောတူညီချက်ကြောင့် အခြားပြဿနာများလည်း ဒေသတွင်းသို့ ဝင်ရောက်လာခဲ့သည်။

တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ စစ်ဘေးသင့်ပြည်သူများက ငြိမ်းချမ်းရေးဖော်ဆောင်မှုလုပ်ငန်းစဉ်၏ အကျိုးကျေးဇူးများကို လှိုက်လှဲစွာ ကြိုဆိုကြသည်ဆိုသော်လည်း အဖွဲ့အစည်းများနှင့် ချိတ်ဆက်မှုအားကောင်းသည့် ကုမ္ပဏီများ (ဗမာစစ်တပ်၊ နိုင်ငံတော်အစိုးရနှင့် ကေအန်ယူ လက်နက်ကိုင်အဖွဲ့များတို့နှင့် လျို့ဝှက်သဘောတူညီချက်အရ လုပ်ပိုင်ခွင့်ရရှိထားသော) ကဒေသခံများ၏ လယ်ယာမြေများကို ဝင်ရောက်သိမ်းဆည်းနိုင်သည့် ကိစ္စအပေါ်တွင် ဒေသခံလူထုများဘက်က စိုးရိမ်သံယရှိနေကြသည်။ ပြီးသည့်နောက် နိုင်ငံတော်အစိုးရက ယခင်က ၎င်း၏ အုပ်ချုပ်မှုယန္တရားလက်လှမ်းမမီသော ဒေသများတွင် ငြိမ်းချမ်းရေးကို အကြောင်းပြပြီးတိုးချဲ့လာမည်ကို ဒေသခံများနှင့် တိုင်းရင်းသားလက်နက်ကိုင်တပ်ဖွဲ့များက စိုးရိမ်နေကြသည်။ ဒေသခံလူထုများအပေါ် ဗမာစစ်တပ်များ၏ ညှဉ်းပမ်းနှိပ်စက်မှုလုပ်ရပ်များကို ဆယ်စုနှစ်များစွာ တွေ့ကြုံခံစားလာခဲ့ရသော ဒေသခံလူထုများက အစိုးရသည် ၎င်းတို့၏ အကျိုးစီးပွားကို ခုခံကာကွယ်ပေးသူ မဟုတ်ဟုထင်မြင် ယူဆနေဆဲဖြစ်သည်။ ငြိမ်းချမ်းရေးဖော်ဆောင်မှု လုပ်ငန်းစဉ်အတွက်လည်း အနှောင့်အယှက်အတားအဆီးဖြစ်စေပါသည်။ ထို့ကြောင့် MPSI က TKPSI နှင့်ပူးပေါင်း၍ အထက်ပါပြဿနာရင်းမြစ်များကို ဖော်ထုတ်ခြင်း၊ ဒေသတွင်းအစိုးရ အစီအစဉ်များနှင့် ပတ်သက်သော သတင်းအချက်အလက်များကို လူထုများရရှိနိုင်ရန် ကူညီခြင်း၊ စသည့်ဆောင်ရွက်ချက်များအပြင် နိုင်ငံတော်အစိုးရက ပြဋ္ဌာန်းလိုက်သော ၂၀၁၂ ခုနှစ် လယ်ယာမြေဥပဒေက အသက်ဝင်လာလျှင် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အား အလိုအလျောက် ထိခိုက်စေနိုင်သည့်အပြင် ဒေသတွင်းငြိမ်းချမ်းရေးအကျိုးဖြစ်ထွန်းမှုကိုလည်း ပျက်ပြားသွားစေနိုင်ကြောင်း ပြည်တွင်းပြည်ပ အဖွဲ့အစည်းများက ယင်းကိစ္စအပေါ် အာရုံစိုက်လာအောင်ဆောင်ရွက်ခြင်းစသည့် ဆောင်ရွက်ချက်များကို လုပ်ဆောင်ခဲ့ရသည်။

## ဇယား ၅ - ငြိမ်းချမ်းရေးဖော်ဆောင်မှုလုပ်ငန်းစဉ်အပေါ် လူထုများ၏ ယုံကြည်မှု (မှအဆက်)

မွန်ပြည်နယ်တွင်း ကရိန်းဇတွဲစမ်းသပ်စီမံကိန်းပရိုဂျက်ကို အကောင်အထည်ဖော်စဉ်အတွင်း၊ NMSP ခေါင်းဆောင်များနှင့် ဆွေးနွေးသည့်အခါတွင် နိုင်ငံရေးစကားဝိုင်းများ ပြုလုပ်ခြင်းအားဖြင့်သာ ရေရှည်တည်တံ့ခိုင်မြဲသည့် စစ်မှန်သော ငြိမ်းချမ်းရေးကို ရယူနိုင်လိမ့်မည်ဟု အများက ထင်မြင်ယူဆကြသော်လည်း အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်အပေါ် သံသယရှိနေသေးကြောင်း လူထုကိုယ်စားလှယ်များနှင့် ကျေးရွာခေါင်းဆောင်များက ဖွင့်ဟပြောဆိုခဲ့ကြသည်။ ဒေသဆိုင်ရာ အာဏာပိုင်များဘက်က အမျိုးသားမှတ်ပုံတင်ကတ်ပြားများ ပြုလုပ်ဆောင်ရွက်ပေးခြင်းနှင့် နိုင်ငံခြားထောက်ပံ့မှုများရရှိသော ဝန်ထမ်းများက ဒေသတွင်းတွင် နေထိုင်သွားလာနေခြင်းတို့သည် ဘေးကင်းလုံခြုံမှု ပိုမိုရရှိလာသည်ကို အမှတ်လက္ခဏာဖြစ်ကြောင်း ဒေသခံလူထုများက ရှုမြင်ခဲ့ကြသည့် စီမံကိန်းပြန်လည်သုံးသပ်ခြင်းလုပ်ငန်းစဉ်မှ တွေ့ရှိခဲ့သည်။

## ဇယား ၆ - နိုင်ငံသားစိစစ်ရေးကတ်ပြား ပြုလုပ်ခြင်း အစီအစဉ်

မြို့နှင့် အလှမ်းကွာဝေးပြီး စစ်ဘေးသင့်ဒေသတွင်း ကျရောက်နေသည့် ကျေးရွာလူထုများအား သက်သေခံကတ်ပြားများ ပြုလုပ်ပေးနိုင်ရန် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနကို Norwegian Refugee Council က ထောက်ပံ့ကူညီခဲ့သည်။ အခမဲ့ နေ့ချင်းပြီး နိုင်ငံသားစိစစ်ရေးကတ်ပြား ပြုလုပ်ခြင်းစနစ်ဖြင့် NRC နှင့် နိုင်ငံတော်အစိုးရတို့ ပူးပေါင်းဆောင်ရွက်ခဲ့သည်။ လုပ်ငန်း ရန်ပုံငွေရရှိနိုင်ရန်နှင့် စစ်ဘေးဒဏ်သင့်ဒေသများ (စမ်းသပ်စီမံကိန်းပရိုဂျက်နယ်မြေများ အပါအဝင်) အတွင်းတွင် NRC အဖွဲ့ဝင်ဝန်ထမ်းများ သွားလာလှုပ်ရှားဆောင်ရွက်နိုင်ရန် MPSI ဘက်မှ တာဝန်ခံဆောင်ရွက်ခဲ့သည်။

၂၀၁၂ ခုနှစ်၊ ဇွန်လမှ ၂၀၁၃ ခုနှစ်၊ စက်တင်ဘာလအထိ သက်သေခံကတ်ပြားစုစုပေါင်း ၇၉၃၉၉ ခုကို ကရင်ပြည်နယ်အတွင်းရှိ စစ်ဘေးသင့်ဒေသခံ ပြည်သူများအားလည်းကောင်း၊ ၂၀၁၂ ခုနှစ်၊ နိုဝင်ဘာလမှ ၂၀၁၃ ခုနှစ်၊ စက်တင်ဘာလအထိ သက်သေခံကတ်ပြား စုစုပေါင်း ၁၄၄၀၂ ခုကို ကယားပြည်နယ်အတွင်းရှိ စစ်ဘေးသင့် ဒေသခံပြည်သူများအားလည်းကောင်း၊ ၂၀၁၃ ခုနှစ်၊ ဧပြီလမှ ၂၀၁၃ ခုနှစ်၊ စက်တင်ဘာလအထိ သက်သေခံကတ်ပြား စုစုပေါင်း ၁၁၀၃၈ ခုကို ရှမ်းပြည်တောင်ပိုင်းအတွင်းရှိ စစ်ဘေးသင့် ဒေသခံပြည်သူများအားလည်းကောင်း စသည်ဖြင့် အသီးသီး ပြုလုပ်ပေးနိုင်ခဲ့သည်။ ၂၀၁၃၊ အောက်တိုဘာတွင် မွန်(သထုံရုံး)၊ ၂၀၁၃၊ ဒီဇင်ဘာတွင် တနင်္သာရီ (ထားဝယ်ရုံး)တွင်ဤလုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်ရန် စီစဉ်ရေးဆွဲလျက်ရှိသည်။

ပြည်တွင်းရှိများစွာသော စစ်ဘေးသင့်ဒေသ (အချို့သော ကိစ္စများသည် နိုင်ငံလွတ်လပ်ရေးရရှိခဲ့သည့်အချိန်မှစ၍ ယနေ့ချိန်ထိတိုင် နိုင်ငံတော်၏ ထိန်းချုပ်မှုအောက်မှ ကင်းလွတ်လျက်ရှိသည်) များတွင် နေထိုင်လျက်ရှိသော စစ်ဘေးဒဏ်သင့်ရွှေ့ပြောင်းဒုက္ခသည်လူထုသည်စစ်ပွဲ ပဋိပက္ခများဖြစ်ပွားနေခြင်းကြောင့် နေရာအတည်တကျ မရှိဘဲ ရွှေ့ပြောင်းသွားလာနေထိုင်နေရခြင်းဖြင့် ၎င်းတို့အတွက် မွေးစာရင်းများ၊ အိမ်ထောင်စုစာရင်းများ စသည့် အထောက်အထားစာရွက်စာတမ်းများ မရှိသည့်အပြင် အစိုးရပိုင်း ပြည်သူ့ဝန်ဆောင်မှုများကို ရရှိခံစားနိုင်ခြင်းလည်း မရှိသည်ကို တွေ့ရှိရသည်။

နိုင်ငံသားဖြစ်ကြောင်း သက်သေခံအထောက်အထားစာရွက်စာတမ်းများ မရှိခြင်းသည် အစိုးရထိန်းချုပ်နယ်မြေအတွင်း သွားလာလှုပ်ရှားရန်သော်လည်းကောင်း၊ နိုင်ငံတော်အုပ်ချုပ်ရေးစနစ်တွင် ပါဝင်အရွေးခံရန်သော်လည်းကောင်း ၎င်းဒေသခံပြည်သူများအတွက် အခက်အခဲ အတားအဆီးဖြစ်နေပေသည်။ သက်သေခံကတ်ပြားများ မရှိခြင်းကြောင့် ခရီးသွားသည့်အခါတွင် အသက်အန္တရာယ်ဖြစ်စေ

### ဇယား ၆ - နိုင်ငံသားစိစစ်ရေးကတ်ပြား ပြုလုပ်ခြင်း အစီအစဉ် (မှအဆက်)

နိုင်သည့် အခြေအနေမျိုး တစ်ခါတစ်ရံ၌ တွေ့ကြုံခဲ့ရသည်။ သက်သေခံကတ်ပြားများ ပြုလုပ်ပေးခြင်းအားဖြင့် ရွှေ့ပြောင်းကျေးရွာလူထုသည် မိမိတို့၏ သားသမီးများအား ကျောင်းထားပေးနိုင်ခြင်း၊ နိုင်ငံရေးစနစ်တွင် မဲပေးခြင်း ကဲ့သို့သော အခြေခံအခွင့်အရေးများ ရရှိစေပါသည်။ သက်သေခံကတ်ပြားပြုလုပ်ခြင်း စီမံကိန်း မတိုင်ခင်၌ ကျေးရွာလူထုများသည် ပြုလုပ်မည်ဆိုလျှင် မိမိတို့၏ လုပ်ငန်းများကို ရပ်ဆိုင်းထားရခြင်း၊ အစိုးရဌာနသို့ မိမိတို့၏ ကိုယ်ပိုင်အသုံးစရိတ်များဖြင့် သွားရောက်ရခြင်း စသည့်တို့ကို တွေ့ကြုံရသည်သာမက ဆက်စပ်ပတ်သက်သော အသုံးစရိတ်များ ကုန်ကျရသည့်အပြင် ကတ်ပြားကို ချက်ချင်းလက်ငင်း မရရှိခြင်း စသည့် အခက်အခဲများ ပေါင်းစုံတွေ့ကြုံခဲ့ရသည်။ ထို့ကြောင့် MPSI သည် ၎င်း၏ စမ်းသပ်စီမံကိန်း ပရိုဂျက်နယ်မြေအတွင်းရှိ ကျေးရွာလူထုများက သက်သေခံကတ်ပြားများ လက်ဝယ်ပိုင်ဆိုင်နိုင်ရန် အဓိကလုပ်ဆောင်ခဲ့သည်။ ဤလုပ်ဆောင်ချက်သည် ယုံကြည်မှုတည်ဆောက်ခြင်းနှင့် ငြိမ်းချမ်းရေး ဖော်ဆောင်မှု လုပ်ငန်းစဉ်အား ထူးထူးခြားခြား အထောက်အကူပြုနိုင်ခဲ့သည်။ သို့သော်လည်း တိုင်းရင်းသားလက်နက်ကိုင်ထိန်းချုပ်နယ်မြေများ အတွင်းတွင် နေထိုင်လျက်ရှိသော ကျေးရွာလူထုများအား သက်သေခံကတ်ပြားများ ပြုလုပ်ပေးနိုင်ရေးကိစ္စနှင့် ပတ်သက်၍ နိုင်ငံတော်အစိုးရကို အကူအညီပေးနေသော NRC အတွက် အခက်အခဲရှိနေသည်။ လက်တွေ့အခြေအနေ၌ နိုင်ငံတကာအသိုင်းအဝိုင်းနှင့် နိုင်ငံတော်အစိုးရတို့ ပူးပေါင်းပြီး ယခင်တိုင်းရင်းသားလက်နက်ကိုင်တပ်ဖွဲ့များ အုပ်ချုပ်သော အထူးဒေသများတွင် နိုင်ငံတော် အစိုးရ၏ အခန်းကဏ္ဍ ကျယ်ပြန့်ရေးကိုသာ တိုးမြှင့်လုပ်ဆောင်လျက်ရှိသည်ကို တွေ့ရှိရသည်။ ဒေသတွင်းသို့ ထိုးဖောက်ဝင်ရောက်ရန် တာစူနေသော အစိုးရ ခြေလှမ်းများသည် ခြိမ်းခြောက်မှုတစ်ခုဖြစ်ကြောင်း ဆိုးရွားသော အခြေအနေအောက်တွင် ရောက်ရှိနေသော စစ်ဘေးသင့်ပြည်သူများ၊ ဒေသခံလူမှုအခြေပြု အသင်းအဖွဲ့များ၊ တိုင်းရင်းသားလက်နက်ကိုင်တပ်ဖွဲ့များက ယုံကြည်ယူဆလျက်ရှိသည်။ ဤအခင်းအကျင်းကြား စီမံကိန်းဆောင်ရွက်နေရခြင်းသည် အများ ထင်မြင်ယူဆနေသကဲ့သို့ ရန်လိုခြိမ်းခြောက်မှု မဟုတ်ကြောင်း ဒေသခံပြည်သူများ ခံစားသိမြင်စေရန် တိုင်းရင်းသားလက်ကိုင်တပ်ဖွဲ့များ (ဥပမာ - KNU)၊ ဆိုးရွားသော အခြေအနေတွင်း ကျရောက်နေသည့် ဒေသခံပြည်သူများနှင့် NRC တို့အကြား ပူးပေါင်းဆောင်ရွက်နိုင်ရန် MPSI မှ နည်းလမ်းရှာဖွေခဲ့သည်။

## ၂.၃.၂။ အောက်ခြေလူမှုအသင်းအဖွဲ့များနှင့် စေ့စပ်ဆွေးနွေးခြင်း

စမ်းသပ်စီမံကိန်းပရိုဂျက် အကောင်အထည်ဖော်ခြင်းသည် MPSI က ပြည်တွင်းအင်ဂျီအိုအဖွဲ့အစည်းများနှင့် နယ်စပ် အခြေစိုက်အစိုးရ မဟုတ်သော အဖွဲ့အစည်းများမှ ဖယ်ခွာလျက် အောက်ခြေလူထုအဖွဲ့အစည်းများနှင့် ပိုမိုနီးကပ်စွာ လုပ်ဆောင်ခွင့်ရရှိစေပြီး တစ်ခါတစ်ရံတွင် ပိုမိုကောင်းမွန်ပြီး သိသာထင်ရှားသော အကျိုးကျေးဇူးများကို တွေ့ရှိရသည်။ အောက်ခြေလူထုများမှ ပေါ်ပေါက်လာပြီး အောက်ခြေလူထုကြား[5]တွင် စီမံကိန်းအကောင်အထည်ဖော်နေသည့် အချိန်၌ပြည်တွင်း အင်ဂျီအိုအဖွဲ့အစည်းများသည် တစ်ခါတစ်ရံတွင် လူနည်းစုမှချုပ်ကိုင်ချယ်လှယ်သော အဖွဲ့အစည်းများဖြစ်နေတတ်ပြီး လူထုအကျိုးခံစားခွင့်များနှင့် ပတ်သက်၍လည်း ၎င်းတို့က ဟန့်တားစီစစ်သူကဲ့သို့ ဖြစ်နေသည်။

[5] ဤဖော်ပြမှုအရ၊ လူထုအခြေပြုအဖွဲ့အစည်းများကို ကျေးလက်လူထုထဲတွင် အခြေချကာ ကျေးလက်လူထုများက လုပ်ဆောင်ပြီး၊ အင်ဂျီအိုများသည် ကျေးလက်လူထုများအတွက် လုပ်ဆောင်သည်ဆိုသော်လည်း ဒေသခံမဟုတ်သည့် ပြင်ပမှ လူများကို ခန့်အပ်ထားခြင်း မြင်တွေ့နိုင်သည်။

ငြိမ်းချမ်းရေးဆွေးနွေးပွဲ မစတင်ခင်အချိန်၌ အစိုးရ ဖိနှိပ်ချုပ်ချယ်မှုများကြောင့် အောက်ခြေလူထုအဖွဲ့အစည်း များသည် ဒေသများစွာ၊ ကဏ္ဍများစွာတွင် ပါဝင်လုပ် ဆောင်ရန် အခက်အခဲများစွာ ကြုံခဲ့ကြသည်။ ပြီးသည့် နောက် နိုင်ငံတစ်ဝှမ်းလုံး အတိုင်းအတာလုပ်ဆောင်သော အဖွဲ့ အစည်းများသည် (နယ်စပ်အခြေစိုက်အဖွဲ့အစည်း များ အပါအဝင်) ဆိုးရွားသော အခြေအနေအောက်တွင် ရှိနေသော လူထုများအကူအညီရရှိရေးအတွက် အရေး ကြီးသော အခန်းကဏ္ဍမှ ပါဝင်ခဲ့ကြသည်။ သို့သော်လည်း ပဲ ငြိမ်းချမ်းရေး ဖော်ဆောင်မှုလုပ်ငန်းစဉ် စလျှင်စချင်း အဖွဲ့အစည်း မှတ်ပုံတင်မရှိသော အောက်ခြေလူထု အခြေပြုအဖွဲ့အစည်းများသည် ကျေးရွာအဆင့် လုပ်ဆောင်မှုများတွင် ပြန်လည် ပေါ်ထွက်လာခဲ့ကြသည်။ ၎င်းပေါ်ထွက်လာသော အောက်ခြေလူထုအဖွဲ့အစည်း များနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊ ၎င်းတို့ကို အားကောင်း အောင်ပြုလုပ်ပေးခြင်းတို့သည် နိုင်ငံတကာလုပ်ရှား ဆောင်ရွက်သူများ၊ အစိုးရမဟုတ်သော နိုင်ငံတကာ အင်ဂျီအိုများ၊ ပြည်တွင်းအင်ဂျီအိုများ၊ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများ၊ နိုင်ငံတော်အစိုးရနှင့် လူထုများကြား ရင်ကြားစေ့ရေးလုပ်ငန်းစဉ်ကို အထောက် အကူပြုနိုင်ပေလိမ့်မည်။ အောက်ခြေလူထု အဖွဲ့အစည်း များနှင့် နီးစပ်စွာ ပူးပေါင်းဆောင်ရွက်ခြင်းအားဖြင့် အောက်ခြေလူထုအဆင့်ရှိ ပြောင်းလဲမှုများ၊ စိန်ခေါ် မှုများနှင့် လူထုလိုအပ်ချက်များကို ပိုမိုသဘောပေါက်လာ စေခဲ့သည်။

အလှူရှင်များ၊ နိုင်ငံတကာအဖွဲ့အစည်းများ၊ တိုင်းရင်း သားလက်နက်ကိုင်တပ်ဖွဲ့များနှင့် စစ်ဘေးသင့်ဒေသတွင်းရှိ ပြည်သူများအကြား ယုံကြည်မှုတည်ဆောက်ရာတွင် **အောက် ခြေလူထုကိုယ်တိုင် ပါဝင်ဖွဲ့စည်းတည် ထောင်သော ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ ဖွဲ့စည်း ခြင်းသည်** ကောင်းစွာအလုပ်ဖြစ်စေခဲ့သည်။ ကျား၊မ မတူညီမှုအပေါ် ခွဲခြားဆက်ဆံမှုပပျောက်ရေးလုပ်ဆောင် သည့် အဖွဲ့အစည်းများကို ဤပူးပေါင်းဆောင်ရွက်ရေး အဖွဲ့တွင် ပါဝင်စေခြင်းဖြင့် အခြားပူးပေါင်းဆောင်ရွက် သူများအား ကျား မ မတူညီမှုအပေါ် ခွဲခြားဆက်ဆံခြင်း ကြောင့်ဖြစ်ပေါ်လာသော အကြောင်းခြင်းရာများအပေါ် နားလည်သဘောပေါက်လာစေသည့်အပြင် ဆုံးဖြတ်ချက် ချမှတ်ခြင်းလုပ်ငန်းစဉ်၌ အမျိုးသမီးများ၏ ပါဝင်မှု အခန်းကဏ္ဍ ပိုမိုတိုးတက်လာစေသည့် သိသာထင်ရှား သော တန်ဖိုးထားမှုတစ်ခုကို ဖြစ်ထွန်းစေခဲ့သည်။

**အောက်ခြေလူထုအဖွဲ့အစည်းများနှင့် လက်တွဲ လုပ်ဆောင်သည့် အချိန်တွင် နိုင်ငံတကာအလှူရှင် များက တောင်းဆိုသည့် အစီရင်ခံစာများ သို့မဟုတ် အဆိုပြုလွှာများ ရေးသားခြင်းများကဲ့သို့သော တာဝန်ခံမှု ကိစ္စများအတွက် လိုတိုးပိုလျှော့နည်း လမ်းများရှာဖွေ အသုံးပြုရန် လိုအပ်ပါသည်။** နည်းပညာဆိုင်ရာပံ့ပိုးမှုနှင့် စီမံကိန်းစီမံခန့်ခွဲမှုကိစ္စရပ်များ ပတ်သက်၍ အောက်ခြေလူထုအဖွဲ့အစည်းများ လိုအပ် နေသည့် အရည်အချင်းကွာဟချက်များကို ပြည်တွင်း အင်ဂျီအိုများနှင့် နိုင်ငံတကာ အင်ဂျီအိုများကဆောင် ရွက်ပေးရန်အလွန် အရေးကြီးပါသည်။ သို့သော်လည်း အောက်ခြေလူထုအဖွဲ့အစည်းနှင့် ပြည်တွင်းနှင့် နိုင်ငံတကာအင်ဂျီအိုများကြားရှိရင်းစွဲတင်းမာမှုများ ရှိနေသည်ကို သတိထားရန်လည်း အရေးကြီးပါသည်။ ၎င်းတင်းမာမှုများသည် မြန်မာ့နိုင်ငံအရေးအရာများ၌ သာ တွေ့ရှိရသည် မဟုတ်ပါ။

**အောက်ခြေလူထုအဖွဲ့အစည်းများအား ကူညီ ထောက်ပံ့သည့် အချိန်လုံးဝထည့်သွင်းစဉ်းစားရ မည့် အချက်သည် အသင်းအဖွဲ့များနှင့် လူထုများ ကြား ချိတ်ဆက်ဖွဲ့စည်းလျက်ရှိနေသည့် လူမှုယှက် နွယ်ဖွဲ့စည်းခြင်း ပုံသဏ္ဌာန်ကို အကာအကွယ်ပြုရန် ဖြစ်သည်။** အောက်ခြေလူထုများ၏ လုပ်ပိုင်ခွင့်များအား ပြင်ပလှုပ်ရှားသူများက ဝင်ရောက်နေရာယူခြင်းကို ကာကွယ်ခြင်း၊ အောက်ခြေလူထုများနှင့် မကိုက်ညီသော ဖွဲ့စည်းပုံများ သို့မဟုတ် ချိတ်ဆက်ဆောက်ရွက်မှုပုံစံများ သွတ်သွင်း ဘောင်ခတ်မှုများကို ရှောင်ရှားခြင်း၊ ပြီးသည့် နောက် စီမံကိန်းငွေကြေးများစွာ သုံးစွဲခြင်းဖြင့် အောက် ခြေလူထုအဖွဲ့အစည်းများအား ဝန်ထုပ်ဝန်ပိုးဖြစ်စေခြင်း သို့မဟုတ်လွန်စွာ စည်းစနစ်တင်းကျပ်သော လုပ်ငန်း ဆောင်ရွက်မှု လုပ်ထုံးလုပ်နည်းများဖြင့် လုပ်ငန်းများကို အဆောတလျင်ဆောင်ရွက်ခြင်း စသည်တို့လည်း ပါဝင် ပါသည်။

ငြိမ်းချမ်းရေးရရှိလာသောအခါ၌ နိုင်ငံရေးတက်ကြွ လှုပ်ရှားသူများနှင့် အောက်ခြေလူမှုအသင်းအဖွဲ့များ

**(ဌာနေ တိုင်းရင်းသားလူထုများမှအနည်းဆုံး)က ငြိမ်းချမ်းရေး ဖော်ဆောင်မှုလုပ်ငန်းစဉ်တွင် အဓိက ကျသော ပါဝင်ဆောင်ရွက်သူများအဖြစ်** မိမိကိုယ်ကို ပြန်လည်ရှုမြင်ကြလိမ့်မည်။ လျင်မြန်စွာ ရွေ့လျားသွားနေသည့် ငြိမ်းချမ်းရေး ဖော်ဆောင်မှုလုပ်ငန်းစဉ်ကို အထောက်အကူပြုနိုင်ရန် အားလုံးပါဝင်နိုင်သည့် တွေ့ဆုံဆွေးနွေးပွဲများ ပြုလုပ်မည့် ကနဦးစီမံကိန်းများကို အကောင်အထည်ဖော်ချိန်တွင် မိမိတို့သည် အဓိကဖြစ်သည်ဟူသော လက်ခံယုံကြည်မှု ရရှိရန်လိုအပ်သည်။ သတင်းအချက် အလက်များဝေမျှ ဖလှယ်ရေးအစီအစဉ်များနှင့် တွေ့ဆုံဆွေးနွေးပွဲများ (ပါဝင်ဆွေးနွေးသူများက ဗီတိုအာဏာအသုံးပြုပြီး ဆွေးနွေးပွဲကို ဦးဆောင်နိုင်ခြေရှိသော)တို့၏ သဘောသဘာဝသည် ကွဲပြားခြားနားကြောင်း အောက်ခြေလူမှုအသင်းအဖွဲ့များနှင့် တွေ့ဆုံဆွေးနွေးသည့်အခါတွင် ရှင်းလင်းစွာနားလည် သဘောပေါက်စေရန် လိုအပ်သည်။ အင်္ဂလိပ်ဘာသာစကားကျွမ်းကျင်သောသူများ၊ နိုင်ငံ တကာအရေး လှုပ်ရှားဆောင်ရွက်သူများနှင့် လက်တွဲဆောင်ရွက်သည့် အတွေ့အကြုံများရှိသော ကျွမ်းကျင် အဖွဲ့အစည်းများနှင့် တစ်ဦးပုဂ္ဂလများက တွေ့ဆုံဆွေးနွေးပွဲများနှင့် အခြားသော အစည်းအဝေးများကို လွှမ်းမိုးချုပ်ကိုင် ဦးဆောင်ဆွေးနွေးသည့် စကားဝိုင်းမျိုးမဖြစ်စေရန် လိုအပ်သည်။

*ဒီထူးခြားသည်မှာ ပြည်တွင်းအင်ဂျီအိုများသည် အများအားဖြင့် အောက်ခြေလူထုပြင်ပမှ ဝန်ထမ်းများကိုခေါ်ယူခန့်ထားပြီး အောက်ခြေလူထုများအတွက် စီမံကိန်းများလုပ်ဆောင်နေစဉ် အောက်ခြေလူထုအဖွဲ့အစည်းများသည် လူထုအတွင်းမှ ပေါက်ဖွားပြီး လူထုအဖွဲ့ဝင်များကိုယ်တိုင်ဦးစီးဆောင်ရွက်သော အဖွဲ့အစည်းများဖြစ်နေခြင်းဖြစ်သည်။*

### ဇယား ၇ - မွန်ပညာရေး စီမံကိန်းများ

မြန်မာနိုင်ငံစစ်အစိုးရသည် လူမျိုးကြီးပေါ်လစီဖြစ်သော လူမျိုးကြီးဘာသာစကားနှင့် စာပေယဉ်ကျေးမှုတစ်ခုတည်း ကိုတိုင်းရင်းသားမျိုးနွယ်စုများ အားလုံးလိုက်နာကျင့်သုံးရန် အတင်းအကျပ်ပြုလုပ်ခဲ့ခြင်းကြောင့် မြန်မာနိုင်ငံအတွင်းရှိ တိုင်းရင်းသားလူမျိုးစုများသည် မိမိဘာသာစကားနှင့် စာပေယဉ်ကျေးမှုများကို ပြန်လည် ဖော်ထုတ်ထိန်းသိမ်းမြှင့်တင်ခြင်းအပေါ် အာရုံစူးစိုက် အလေးအနက်ထားခဲ့သည်။ ဤအခြေအနေကြောင့် တိုင်းရင်းသားလက်နက်ကိုင်တပ်ဖွဲ့အများအပြားသည် မိမိတို့နှင့် သင့်လျော်ပြီးအစိုးရအပေါ် အမှီအခိုကင်းသော ကိုယ်ပိုင်ပညာရေးစနစ်များကို အကောင်အထည်ဖော်ခဲ့ကြခြင်းဖြစ်သည်။ မူပိုင်ပညာရေးစနစ်များ တည်ဆောက်ရာ၌ မွန်အမျိုးသားပညာပြန်လည်ဖော်ထုတ် ထိန်းသိမ်းမြှင့်တင်ခြင်းအပေါ် အာရုံစူးစိုက်အလေးအနက်ထားခဲ့သည်။ ဤအခြေအနေကြောင့် တိုင်းရင်းသားလက်နက်ကိုင်တပ်ဖွဲ့အများအပြားသည် မိမိတို့နှင့် သင့်လျော်ပြီးအစိုးရအပေါ် အမှီအခိုကင်းသော ကိုယ်ပိုင်ပညာရေးစနစ်များကို အကောင်အထည်ဖော်ခဲ့ကြခြင်းဖြစ်သည်။ မူပိုင် ပညာရေးစနစ်များ တည်ဆောက်ရာ၌ မွန်အမျိုးသား ပညာရေးစနစ်သည် စစ်ဘေးသင့်ဒေသများရှိ တိုင်းရင်းသား လူမျိုးစုများအတွက် အရည်အသွေးပြည့်မှီသော ပညာရေးစနစ်တစ်ခုအဖြစ် ပုံဖော်ပေးနိုင်ခဲ့သည်။ အစိုးရပညာရေးစနစ်မှ သီးခြားခွဲထွက်ခြင်းမျိုး မဟုတ်ဘဲ မွန်အမျိုးသားကျောင်းများသည် အစိုးရအသိအမှတ်ပြုထားသော ပညာရေးအောင်လက်မှတ်များကို ထုတ်ပေးနိုင်ခဲ့သည်။ အစိုးရကျောင်းများနှင့် ဒေသတွင်းအကောင် အထည်ဖော်နေသော မွန်အမျိုးသားကျောင်းတို့အကြား စည်းစနစ်ကျသော ချိတ်ဆက်ဆောင်ရွက်မှုများကြောင့် ဖြစ်သည်။ ငြိမ်းချမ်းရေးဖော်ဆောင်မှုအခင်းအကျင်းတွင် ပါဝင်လှုပ်ရှားဆောင်ရွက်နေသော အခြားတိုင်းရင်းသားအဖွဲ့အစည်းများလည်း မိမိတို့၏ ရေခံမြေခံနှင့်လျော်ညီစွာ အသုံးပြုနိုင်စေသည့် ပညာရေးနာမူနာပုံတစ်ခုအဖြစ် မွန်အမျိုးသားပညာရေး စီမံကိန်းမှ ထုတ်ဖော်ပေးနိုင်ခဲ့သည်။ ငြိမ်းချမ်းရေးဖော် ဆောင်မှုလုပ်ငန်းနှင့်နိုင်ငံရေး တည်ငြိမ်ရေးလုပ်ငန်းစဉ်များ ရှေ့ဆက်ချီတက်နေသကဲ့ သို့ တိုင်းရင်းသားလူမျိုးစုများက မျိုးစေ့တည်ခဲ့သော ဤပညာရေးစနစ်သည် ပြည်ထောင်စုပညာရေးစနစ်အတွင်း ပေါင်းစပ်ဖွဲ့စည်းနိုင်ရန်လည်း ရည်ရွယ်ထားခဲ့ပါသည်။ ဤသို့ဆိုလျှင် မြန်မာနိုင်ငံအတွင်းတွင် ဖယ်ဒရယ် ပြည်ထောင်စုပညာရေးစနစ်

တစ်ခု ထွန်းကားလာနိုင်ပါလိမ့်မည်။ မွန်အမျိုးသား စာသင် ကျောင်းများ၌ မူလတန်းအဆင့်ကလေးများကို မွန်ဘာသာစကားဖြင့်သာ စာသင်ကြားမှုပြုပါသည်။ ဤသို့ဖြင့် လေ့လာသင်ယူခြင်း၌ ဗမာဘာသာစကား ပြောဆိုခြင်းမရှိသော တိုင်းရင်းသားကလေးများ အတွက် လွယ်ကူစေမည်ဖြစ်သည်။ အလယ်တန်း အဆင့်တွင် ဗမာစာသင်ရိုးညွှန်းတမ်းဖြင့် ပြောင်းလဲ သင်ကြား၍ အထက်တန်းအဆင့်ရောက်လျှင် ဗမာ သင်ရိုးညွှန်းတမ်းများဖြင့်သာ လုံးဝဥသုံသင်ကြားမှု ပြုခဲ့သည်။ မွန်အမျိုးသား ကျောင်း (၃)ကျောင်းသည် အစိုးရအထက်တန်းကျောင်းများ၏ တွဲကျောင်းများ ဖြစ်ပြီး ကျောင်းသားများလည်း အစိုးရစာမေးပွဲတွင် ဝင်ရောက်ဖြေဆိုခွင့်ရှိသည်။

MPSI ၏ ပထမစီမံချက်ကာလဖြစ်သော ၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလမှ ၂၀၁၃ ခုနှစ်ဇွန်လအထိ၊ အစိုးရ၊ MNSP နှင့် ပြည်သူလူထုများကြား တွေ့ဆုံဆွေးနွေးပွဲ များ ကျင်းပခြင်းအားဖြင့် သင်ရိုးညွှန်းတမ်းများ ပြန်လည် ရေးဆွဲခြင်းနှင့် မွန်အမျိုးသား ပညာရေးပေါ်လစီချမှတ် နိုင်ရေးကို ဦးတည်ဆောင်ရွက်နိုင်ခဲ့သည်။ မသေချာ မရေရာမှုများနှင့် နိုင်ငံရေးအကူးအပြောင်းကာလ အတွင်း MNEC နှင့် မွန်အမျိုးသားပညာရေးကျောင်း များကို ပံ့ပိုးရန် ရည်ရွယ်သော ပိုမိုကြီးမားကျယ်ပြန့် သည့် တတိယသုံးနှစ်စီမံချက်ကာလအတွက် ဒေါ်လာ လေးသန်း နီးပါးအသုံးပြုမည့် စီမံကိန်းအကောင် အထည်ဖော်ရေး အဆိုပြုလွှာကို MPSI က ရေးသား တင်သွားခဲ့သည်။ ဤအဆိုပြုလွှာတွင် ကဏ္ဍများစွာ ထည့်သွင်းထားသော်လည်း အဓိကအားဖြင့် မွန်ဆရာ ဆရာမများ စုစုပေါင်း (၈၀၀)ဦး၏ လစာများပံ့ပိုးခြင်း နှင့် ၎င်းတို့၏ စွမ်းဆောင်ရည်များမြှင့်တင်ခြင်း၌ အသုံး ပြုမည်ဖြစ်သည်။ ကံမကောင်းစွာဖြင့် အလှူရှင်တစ်ဦး သည် စီမံကိန်းအပေါ် အစအဦး၌ စိတ်ဝင်စားမှုများ စွာ ပြသခဲ့သော်လည်း နောက်ပိုင်းတွင် စိတ်ဝင်စားမှု လျော့နည်းသွားခဲ့သည့်အတွက် MNEC စီမံကိန်း အလှူငွေရရှိရန် လက်ရှိအချိန်ထိ မသေချာမရေ ရာဖြစ်နေခဲ့ရသည်။ အလှူရှင်များရှာဖွေသည့် ကိစ္စ၌ ပျက်ကွက်ခြင်းသည် ကြီးမားကျယ်ပြန့်သည့် ငြိမ်းချမ်း ရေးဖော်ဆောင်မှုလုပ်ငန်းစဉ်ကို စတင်ဖော်ဆောင်ရန် သော်လည်းကောင်း၊ ၎င်းဆက်စပ်စမ်းသပ်စီမံကိန်း များစွာကိုသော်လည်းကောင်း အကောင်အထည်ဖော် ရန် အခက်အခဲများစွာဖြစ်စေခဲ့ပါသည်။ နိုင်ငံတကာ အသိုင်းအဝိုင်းသည် ဒေသခံလူထုများ၏ အကျိုးစီးပွား ကို မငဲ့ကွက်ဘဲ အစိုးရ၏ နိုင်ငံရေးကစားကွက် အတိုင်းသော်လည်းကောင်း၊ ၎င်းတို့၏ သဘောဆန္ဒ အတိုင်းသော်လည်းကောင်း လုပ်ဆောင်ပြုမူသည်ဟု မွန်အမျိုးသားပညာရေး လှုပ်ရှားဆောင်ရွက်သူများက ယုံမှတ်ခဲ့ကြပြီး ရေရှည် ငြိမ်းချမ်းရေးရရှိနိုင်ရန် မိမိ တို့နှင့်သာ သက်ဆိုင်သည်ဟု သဘောပိုက်လိုက်ကြ သည်။

## ၂.၃.၃။ မြန်မာစစ်တပ်၊ နိုင်ငံတော်အစိုးရနှင့် စေ့စပ်ဆွေးနွေးခြင်း

မြန်မာ့သမိုင်းတစ်လျှောက်ကို ပြန်လည်သုံးသပ်သည့် အခါ ပြည်တွင်းပဋိပက္ခဖြစ်ပွားမှုများနှင့် အစိုးရအပေါ် ယုံကြည်စိတ်ချမှုအားနည်းခြင်းများသည် နိုင်ငံတော် အစိုးရနှင့် စစ်တပ်က တိုင်းရင်းသားလူမျိုးစုများနှင့် ပိုမိုကောင်းမွန်သော ဆက်ဆံရေး နည်းလမ်းသစ်များ ဖော်ဆောင်ရန် လိုအပ်နေသည်ကို တွေ့ရှိရသည်။ ပိုမို ကောင်းမွန်သော ဆက်ဆံရေး ပုံသဏ္ဍာန်သစ်များ ရရှိ နိုင်ရန် တိုင်းရင်းသားလူထုများနှင့် တိုင်းရင်းသားလက်နက် ကိုင်တပ်ဖွဲ့များကြား ယုံကြည်စိတ်ချ မှုရရှိရေးလုပ်ငန်းစဉ် ကို တည်ဆောက်ခဲ့သည်။ နိုင်ငံတော်အစိုးရသည် အတိတ်ကာလ၌ ကျင့်သုံးခဲ့ဖူးသော အာဏာရှင် ဆန်ဆန် ဗဟိုချုပ်ကိုင်မှုကို ဖြေလျော့ပေးရန် လိုအပ်သကဲ့သို့ လက်တွေ့ကျကျ လုပ်ဆောင်ခြင်းအားဖြင့် လူထုများ၏ မကျေလည်မှုများ၊ စိုးရိမ်သံသယများအပေါ် စိတ်ရှည်စွာ နားထောင်ပေးရန်လည်း လိုအပ်ပါသည်။

ကျောက်ကြီးစမ်းသပ်စီမံကိန်းပရိုဂျက် အကောင် အထည်ဖော်မှုတွင် **နိုင်ငံတော်အစိုးရနှင့် မြန်မာ**

**စစ်တပ်ဘက်မှ ပူးပေါင်းပါဝင်ခြင်း**သည် အရေးကြီးသည့် အချက်ဖြစ်စေသည်သာမက KNU နှင့် ပူးပေါင်းအကောင်အထည်ဖော်သော စီမံကိန်းဖော်ဆောင်မှုကိုလည်း ကူညီပံ့ပိုးသည့် မိတ်ဖက်အဖွဲ့အစည်းများအဖြစ် ရှုမြင်ခြင်းခံခဲ့ရသည်။ စစ်ဘေးဒဏ်သင့် ရွှေ့ပြောင်းဒုက္ခသည်များက ၎င်းတို့ အပေါ်ယုံကြည်စိတ်ချမှုပိုရှိလာလေလေ အပစ်အခတ်ရပ်စဲရေး လုပ်ငန်းစဉ်လည်း ပိုထိရောက်လေလေပင်ဖြစ်သည်။ ဤနေရာတွင် သက်ဆိုင်ရာဒေသတွင်းအစိုးရနှင့် စစ်တပ်မှ ပါဝင်ဆောင်ရွက်ခြင်းသည် စမ်းသပ်စီမံကိန်းပရိုဂျက်မှ တစ်ဆင့် ရည်ရွယ်ဖြေရှင်းပေးမည့် အောက်ခြေလူထုများ၏ စိုးရိမ်သံသယဖြစ်သည့် ကိစ္စများကို နားလည်လက်ခံကြောင်း ပေါ်လွင်စေပါသည်။ **စစ်ဘေးသင့်လူထုများ၊ တိုင်းရင်းသားလက်နက်ကိုင်တပ်ဖွဲ့များ၊ စစ်တပ်နှင့် အစိုးရ (မြန်မာငြိမ်းချမ်းရေးစင်တာ အပါအဝင်) ကြားဆက်ဆံရေးများ တိုးမြှင့်ခြင်းနှင့် ယုံကြည်မှုတည်ဆောက်ခြင်းအတွက် ဖြစ်နိုင်ချေရှိမှုများ**ကို ရည်ရွယ်တက်လှမ်းသည့် သိသာထင်ရှားသော လုပ်ဆောင်ချက်များစွာကို MPSI က ဖော်ဆောင်နိုင်ခဲ့သည်။ တရားဥပဒေစိုးမိုးရေးနှင့် မြေမြှုပ်မိုင်းများ ဖယ်ရှားရေးကိစ္စရပ်များ (ဥပမာ – ကျောက်ကြီး စမ်းသပ်စီမံကိန်းပရိုဂျက်) အတွက် အတူတကွပူးပေါင်း ဆောင်ရွက်မှုများလည်း ပါဝင်ပါသည်။ ခိုင်မာသော တိုင်းရင်းသား ပြန်လည်ရင်ကြားစေ့ရေးလုပ်ငန်းစဉ်စတင်နိုင်ရန် အရေးကြီးသော လုပ်ဆောင်ချက်များဖြစ်သည့် ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေး ညီလာခံများကို မွန်ပြည်နယ်၊ ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်များအတွင်း ပြုလုပ်ဆောင်ရွက်ခဲ့ပါသည်။ ပထမဆုံးအကြိမ် ညီလာခံပြုလုပ်ကျင်းပခွင့်ရရှိခဲ့ပြီး နိုင်ငံရေးတက်ကြွလှုပ်ရှားသူများ၊ လူမှုအခြေပြုအသင်းအဖွဲ့ခေါင်းဆောင်များမှသော်လည်းကောင်း၊ တိုင်းရင်းသားလက်နက်ကိုင်ထိပ်ပိုင်းခေါင်းဆောင်များနှင့် အစိုးရအာဏာပိုင်များမှ ၎င်းညီလာခံသို့ တက်ရောက်ခဲ့ကြသည်။

**အပစ်အခတ်ရပ်စဲရေး ဆက်ဆံရေးရုံးများ တည်ထောင်ဖွင့်လှစ်နိုင်ခြင်းသည် ယခင် စစ်ပြိုင်များကြား ဆက်ဆံရေး တိုးတက်လာစေခဲ့ပြီး နှစ်ဦးနှစ်ဖက် ကြားတင်းမာမှုများ လျော့ချရာ၌လည်း အဓိကအခန်းကဏ္ဍအဖြစ် ပါဝင်ဆောင်ရွက်ခဲ့သည်။** သို့သော်လည်းပဲ ဆက်ဆံရေးရုံးဝန်ထမ်းများ၏ စွမ်းဆောင်ရည်များ မြှင့်တင်ရန် လိုအပ်လျက်ရှိပြီး ၎င်းတို့၏ ပါဝင်လုပ်ဆောင်မှု အခန်းကဏ္ဍများကိုလည်း မြှင့်တင်ရန် လိုအပ်သည်။ ဤသို့အားဖြင့် ဆက်ဆံရေးရုံးများက လုပ်ငန်းများကို ထိရောက်စွာ ဆောင်ရွက်နိုင်မည်ဖြစ်ပြီး လူထုများကိုလည်း ၎င်းတို့နှင့် လွတ်လပ်စွာ ပူးပေါင်းဆောင်ရွက်ခွင့်ရစေမည်ဖြစ်သည်။

ကန့်သတ်ချက်များရှိနေသော်လည်းပဲ လက်နက်ကိုင်ပဋိပက္ခနယ်မြေများအတွင်းသို့ ဝင်ရောက်ရန် ပိုမိုလွယ်ကူစေပါသည်။ မြန်မာငြိမ်းချမ်းရေးစင်တာက ငြိမ်းချမ်းရေးဖော်ဆောင်မှုလုပ်ငန်းစဉ်အားစီမံခန့်ခွဲမှုနှင့် ထောက်ပံ့မှုအခန်း ကဏ္ဍနေရာ၌ နေရာယူထားသော်လည်း ဒေသတွင်း လွတ်လပ်စွာသွားလာ ဆောင်ရွက်ခွင့်ရရှိရေးမှာ နိုင်ငံတော် သမ္မတရုံးထံ ခွင့်ပြုချက်တောင်းခံနေရဆဲဖြစ်သည်။ ဒေသတွင်းခရီးသွားလာခွင့်ကိစ္စအတွက် အစီအစဉ်ရေးဆွဲထားခြင်း မရှိသော်လည်း ခရီးသွားခွင့်ပြုချက်သည် သက်ဆိုင်ရာ တိုင်းရင်းသားလက်နက်ကိုင်တပ်ဖွဲ့ တာဝန်ရှိသူများအတွက် လိုအပ်ပါသည်။

## ၂.၃.၄။ တိုင်းရင်းသားလက်နက်ကိုင်တပ်ဖွဲ့များနှင့် တွေ့ဆုံဆွေးနွေးခြင်း

တိုင်းရင်းသားလူမျိုးစုများ၏ မကျေနပ်ချက်များသည် မြန်မာနိုင်ငံတွင်း လက်နက်ကိုင်ပဋိပက္ခဖြစ်ပွားရခြင်း၏ အဓိက မောင်းနှင်အားဖြစ်ကြောင်း နိုင်ငံတကာအသိုင်းအဝိုင်းမှ သိရှိနားလည်ရန် MPSI ၏ တွေ့ဆုံဆွေးနွေးမှုမှတစ်ဆင့် ထုတ်ဖော်တင်ပြနိုင်ခဲ့သည်။ ပိုမိုအတွင်းကျသော အကြောင်းခြင်းရာများနှင့် ပတ်သက်ပြီး MPSI အနေဖြင့် မြန်မာနိုင်ငံငြိမ်းချမ်းရေးပြန်လည်ထူထောင်ရေးလုပ်ငန်းဗဟိုဌာနနှင့် နိုင်ငံတော်အစိုးရအား အခြေအနေပေါ်မူတည်၍ ရှင်းလင်းတင်ပြခဲ့သည်။

**ဒေသခံများ၏ ကြီးမားသော စိုးရိမ်ပူပန်မှုတစ်ခုမှာ လူထုများအား ကူညီထောက်ပံ့မှုသည် လွတ်မြောက်နယ်မြေဒေသများအတွင်းသို့ စစ်ရေးချဲ့ထွင်မှုနှင့် ဗမာလူမျိုးကြီးဝါဒကိုအားပေး အားမြောက်ပြုသော စီးပွားရေးနှင့် နိုင်ငံရေးအခင်းအကျင်းအရသာ လုပ်ဆောင်ခြင်းသာဖြစ်ကြောင်း** ထင်မြင်ယူဆလျက်ရှိသည်။ နိုင်ငံတော်အစိုးရနှင့် နိုင်ငံတကာအလှူရှင်

များက ၎င်းတို့၏ စိုးရိမ်ပူပန်မှုများအပေါ် ခံစားသိရှိနားလည်ရန် လွန်စွာအရေးကြီးပါသည်။ ဒေသခံများ၏ ခံစားချက်များကို သိရှိနားလည်ခြင်းအားဖြင့် ဒေသခံများ၏ စိုးရိမ်ပူပန်မှုများနှင့် ကိုက်ညီလျက် အထောက်အပံ့များ အစဉ်လိုက် ပေးအပ်နိုင်မည်ဖြစ်သည်။ ဤအခြေခံအကြောင်းတရားများအား ကောင်းစွာသဘောပေါက်သည့် လုပ်ငန်းဖော်ဆောင်သူများအနေဖြင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုလုပ်ငန်းစဉ်ပျက်ပြားသွားစေမည့် အပြုအမူ များကို ရှောင်ရှားနိုင်မည်ဖြစ်သည်။

ပါဝင်ဆောင်ရွက်သူများ၏ စိတ်ထက်သန်မှုများ၊ ရေခံမြေခံ၊ အတွေ့အကြုံများနှင့်သမိုင်းအမြင်များအပေါ် မူတည်လျက် လူမှုရေးနိုင်ငံရေးတက်ကြွလှုပ်ရှားသူများ၊ စစ်ဘေးဒဏ်သင့်ရွှေ့ပြောင်းလူထုများနှင့် တိုင်းရင်းသားလက်နက်ကိုင်တပ်ဖွဲ့များအကြား ငြိမ်းချမ်းရေးဖော်ဆောင်မှု လုပ်ငန်းစဉ် တည်ဆောက်ခြင်းတွင် အချင်းချင်းကြားယုံကြည်မှုသည့် ပြားခြားနားသော အဆင့်များများစွာရှိနေသည်။ MPSI ၏ မိတ်ဖက်အဖွဲ့အစည်းများနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များကြား ပူးပေါင်းဆောင်ရွက်သော စမ်းသပ်စီမံကိန်းပရိုဂျက်များတွင် ကွဲပြားခြားနားသော ယုံကြည်မှုပုံသဏ္ဌာန်များကို ကောင်းစွာ တွေ့ရှိရသည်။ KNU၊ NMSPနှင့် KNPP တို့၏ ထိန်းချုပ်နယ်မြေများ အတွင်းလုပ်ဆောင်သော စမ်းသပ်စီမံကိန်းပရိုဂျက်များသည် ငြိမ်းချမ်းရေးဖော်ဆောင်မှုလုပ်ငန်းစဉ်အပေါ်နိုင်ငံတော် အစိုးရ၏ ပွင့်လင်းရိုးသားမှုကို စမ်းသပ်သော အခွင့်အလမ်းများအဖြစ် မြင်တွေ့နိုင်သည်။ သို့သော်ကြီးမားသော စီမံကိန်းများဆောင်ရွက်ရန် တိုင်းရင်းသားလက်နက်ကိုင်တပ်ဖွဲ့ အများစုအနေဖြင့် အဆင်သင့်မဖြစ်သေးပါ။ ကွဲပြားခြားနားစွာဖြင့် အောက်ခြေလူမှုအသင်းအဖွဲ့များ၊ နိုင်ငံရေးပါတီများ အပါအဝင် ပြည်နယ်အစိုးရတို့နှင့် လက်တွဲဆောင်ရွက်နိုင်မည့် လူထုလိုအပ်ချက်လေ့လာဆန်းစစ်ခြင်းပူးတွဲအစီအစဉ်နှင့် ကနဦးဖွံ့ဖြိုးရေးအစီအစဉ်များကို ပြုလုပ်ရန် ပံ့ပိုးမှုများ ရလိုကြောင်း ချင်းအမျိုးသားတစ်ဦးမှ တောင်းဆိုလာခဲ့သည်။ KNPP အနေဖြင့် အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်လိုက်နာဆောင်ရွက်မှုကို လူထုကိုယ်တိုင်စောင့်ကြည့်အကဲခတ်ခြင်းနှင့် အောက်ခြေလူမှုအသင်းအဖွဲ့များနှင့် ချိတ်ဆက်ဆောင်ရွက်မှုကို အားပေးခြင်းစသည်တို့ကို ဦးစားပေးလုပ်ဆောင်ခဲ့သည်။

တိုင်းရင်းသားလက်နက်ကိုင်တပ်ဖွဲ့များသည် ၎င်းတို့ထိန်းချုပ်နယ်မြေအတွင်းရှိ အစိုးရအာဏာပိုင်များနှင့် မည်ကဲ့သို့ ပတ်သက်မှုရှိနေသည်ဆိုသည့် တချို့ကိစ္စအပေါ် အချင်းချင်းကြားယုံကြည်မှုဆိုင်ရာ အရှုပ်အထွေးများလည်း ရှိနေသည်။ ကျောက်ကြီးစမ်းသပ်စီမံကိန်းပရိုဂျက်တွင် အစိုးရအာဏာပိုင်များနှင့် စစ်တပ်ခေါင်းဆောင်များသည် MPSI နှင့်အတူ တိုင်းရင်းသားလက်နက်ကိုင်တပ်ဖွဲ့ထိန်းချုပ်နယ်မြေအတွင်းသို့သွားရောက်၍ ဒေသခံလူထုများနှင့် တွေ့ဆုံခဲ့သည်။ မွန်ပြည်နယ် စမ်းသပ်စီမံကိန်းပရိုဂျက်တွင် NMSP သည် စီမံကိန်းအကောင်အထည်ဖော်မှုနှင့် ပတ်သက်ပြီး သက်ဆိုင်ရာအစိုးရ အာဏာပိုင်များနှင့် ပုံမှန်တွေ့ဆုံဆွေးနွေးသော်လည်း ၎င်းတို့၏ ထိန်းချုပ်နယ်မြေအတွင်းသို့ ဗမာ့တပ်မတော်မှ အရာရှိများ သို့မဟုတ် နိုင်ငံတော်အစိုးရအရာရှိများဝင်ရောက်ခြင်းကိုမူ ကြိုက်နှစ်သက်ခြင်း မရှိပါ။ ထို့ကြောင့် MPSI အနေဖြင့် ဤကိစ္စရပ်များအပေါ် သတိထားကိုင်တွယ်နေရပြီး နိုင်ငံတကာအသိုင်းအဝိုင်း သို့မဟုတ် နိုင်ငံတော်အစိုးရပိုင်းမှ ကြားဝင်ဆောင်ရွက်ခြင်းကို လက်ခံရန် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအား ဖိအားပေးခြင်းမျိုး မဖြစ်စေရန်လည်း သတိထားနေရသည်။

**တိုင်းရင်းသားလက်နက်ကိုင်တပ်ဖွဲ့များနှင့် အောက်ခြေလူမှုအသင်းအဖွဲ့များကြား၌လည်း ကွဲပြားခြားနား၍ ရှုပ်ထွေးသော ဆက်ဆံရေးများ** လည်းရှိနေသည်။ အပစ်အခတ်ရပ်စဲရေးသဘောတူညီချက်များသည့် ကိစ္စရပ်တော်တော်များများ၌ အောက်ခြေလူမှုဝန်းကျင်ထိတိုင် အလိုအလျောက်သက်ရောက်ပျံ့နှံ့နိုင်ခြင်း မရှိသည်ကိုလည်း တွေ့ရသည်။ ထို့အတွက်ကြောင့် လူမှုအသင်း အဖွဲ့လှုပ်ရှားဆောင်ရွက်သူများသည် မိမိတို့၏ လှုပ်ရှားခွင့်ရှိရေးအတွက် ကိုယ်တိုင်ပုံဖော်ထုဆစ်ခဲ့ကြသည်။ ခြွင်းချက်အားဖြင့် ချင်းအမျိုးသားတစ်ဦးသည်တချို့သော ကိစ္စများတွင် လူမှုရေးအသင်းအဖွဲ့ အသွင်ဆောင်လျက် လှုပ်ရှားဆောင်ရွက်သောကြောင့် ၎င်းတို့က လှုပ်ရှားခွင့်ချဲ့ထွင်သည်ဟု ချင်းအသင်းအဖွဲ့တချို့က ထင်မြင်ယုံမှတ်ခဲ့ကြသည်။

အောက်ခြေလူထုများကြားတွင်လည်း အကြောင်းခြင်းရာ တချို့အတွက် တစ်ဖက်နှင့် တစ်ဖက် အတိုက်အခံ

များ ပေါ်ပေါက်လျက် ဆက်ဆံရေးပုံသဏ္ဍာန်များလည်း အရော ရောအနှောနှောဖြစ်နေသည်။ လက်နက်ကိုင် ပဋိပက္ခဖြစ်ပွားနေသော နယ်မြေများအတွင်းရှိ စစ်ဘေး သင့်ရွှေ့ပြောင်း ဒုက္ခသည်များနှင့် အခြားသော အောက်ခြေ လူထုများအတွက် လက်နက်ကိုင်တပ်ဖွဲ့များ၊ ၎င်းတို့နှင့် ဆက်စပ် ပတ်သက်သော လူမှုရေးအသင်းအဖွဲ့များ၊ အဖွဲ့အစည်းဝန်ထမ်းများသည် ၎င်းတို့အတွက် ထိရောက် မှုရှိသော၊ တရားဝင်ဖြစ်သော အသင်းအဖွဲ့များအဖြစ် ထင်မြင်ယုံမှတ်လျက်ရှိသည်။

လူထုများအားဝန်ဆောင်မှုပေးခြင်းနှင့် အုပ်ချုပ်ရေး စနစ်ပြုပြင်ပြောင်းလဲမှုကို ပံ့ပိုးကူညီကြသော နိုင်ငံတကာ အလှူရှင်များအတွက်သော်လည်းကောင်း၊ ငြိမ်းချမ်းရေး ဖော်ဆောင်မှုလုပ်ငန်းစဉ်အတွက်သော်လည်းကောင်း အဓိက စိန်ခေါ်မှုသည် **လူထုစွမ်းဆောင်ရည်မြှင့်ရေး ကိစ္စ၊ လေးစားယုံကြည်မှုခံရသော ဒေသခံအဖွဲ့ အစည်းများဖြစ်လာစေရန် အကောင်းဆုံးအထောက် အပံ့ပြုနိုင်မည့် ကိစ္စစသည့် အရေးအရာများနှင့် အစိုးရဖွဲ့စည်းအုပ်ချုပ် ပုံမဆန်သော လူ့အဖွဲ့ အစည်း အခြေပြုဖွဲ့စည်းအုပ်ချုပ်ပုံများ**ကို မည့်သို့ သဘောပေါက်နားလည်နိုင်ရန် လုပ်ဆောင်ရမည့် ကိစ္စ စသည်တို့ဖြစ်သည်။ သာဓကပြရလျှင် ချင်းပြည်နယ် မြောက်ပိုင်း၊ တီးတိန်မြို့နယ်အတွင်းတွင် ဆက်ဆံရေး ရုံးတည်ထောင်ဖွင့်လှစ်ခြင်းကိစ္စ၌ ချင်းအမျိုးသားတပ်ဦး သည် အောက်ခြေလူထုအဖွဲ့အစည်း တချို့၏ ဆန့်ကျင် ကန့်ကွက်မှုများကို တွေ့ကြုံခဲ့ရသည်။

နိုင်ငံတကာအသိုင်းအဝိုင်းက တိုင်းရင်းသားလက်နက် ကိုင်အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှုသည် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများအား ငြိမ်းချမ်းရေးဖော်ဆောင်မှုလုပ်ငန်းစဉ်တွင်ပါဝင်လာစေရန် ကူညီခြင်း၊ ၎င်းတို့၏ ကြိုးစားရုန်းကန်မှုများ၊ အခက် အခဲများကို အသိအမှတ်ပြုလက်ခံခြင်းသည် အလွန်အရေး ကြီးပါသည်။ သို့သော်တိုင်းရင်းသား လက်နက်ကိုင်တပ်ဖွဲ့ များကို **ဥပဒေဘောင်အတွင်း အသင်းအဖွဲ့များဖြစ် လာစေရန် နိုင်ငံတကာမှလွန်ကဲစွာ အလေးထား ကြိုးစားလုပ်ဆောင်နေခြင်း**သည် ပိုမိုခက်ခဲမှုဖြစ်စေနိုင် ပါသည်။ နိုင်ငံရေးအခင်း အကျင်းများ၌ များစွာသော အောက်ခြေလူမှုအခြေပြု အသင်းအဖွဲ့များနှင့် နိုင်ငံရေး ပါတီများ အားလုံးအပါအဝင် **တိုင်းရင်းသားလက်နက် ကိုင်အဖွဲ့အစည်းများ အားလုံးကို စုပေါင်း၍ တစ်ခု တည်းသာဖြစ်စေချင်သည်။** ALP အရေးကိစ္စတွင် ရခိုင်ပြည်နယ်သမိုင်းကြောင်းများနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် နှင့် ပတ်သက်သော အကြောင်းခြင်းရာများကို နိုင်ငံတကာ အသိုင်းအဝိုင်းက သိရှိစေရန် MPSI မှ ပါဝင်ဆောင် ရွက်ခဲ့သည်။ သို့သော်လည်းပဲ MPSI ၏ ပါဝင်ဆောင်ရွက် မှုသည် လူမျိုးစုငယ်များအား ဥပဒေဘောင်နှင့်အညီ တရားဝင်ဖြစ်မှုရှိလာစေရန် အလေးထားလုပ်ဆောင် လွန်းသည်ဟူသော စွပ်စွဲမှုများရှိလာခဲ့သည်။

တိုင်းရင်းသားလက်နက်ကိုင်တစ်ဖွဲ့နှင့် တစ်ဖွဲ့သော် လည်းကောင်း တပ်ဖွဲ့များကြားတွင်သော်လည်းကောင်း ပြောရေးဆိုခွင့်များ ရရှိစေရန်နှင့် မတူကွဲပြားသော နိုင်ငံရေးခံယူချက်များအပေါ် လက်ခံအသိအမှတ်ပြုရန် လွန်စွာအရေးကြီးပါသည်။ သာဓကပြရလျှင် ကေအန်ယူ အတွင်း နိုင်ငံရေးခံယူချက်တင်းမာမှုများသည် MPSI အတွက် စိန်ခေါ်မှုဖြစ်ပေါ်စေပြီး ၎င်းနိုင်ငံ ရေးခံယူချက် တင်းမာမှုများသည် KNU တာဝန်ရှိသူ တချို့နှင့် စတင်လည်ပတ်နေသော စီမံကိန်းလုပ်ငန်းများအပေါ် ရိုက်ခတ်လျက် အသင်းအဖွဲ့အတွင်းတွင် ဆိုးရွားသော ခွာပြဲမှုများ ဖြစ်ပေါ်လာစေသကဲ့သို့ ဖြစ်နေသည်။ KNU အဖွဲ့အတွင်း မိမိတို့၏ သဘောထားများ ဖွင့်ဟဆွေးနွေး ရန်အရေးကြီးကြောင်း MPSI က အလေးထားစဉ်းစားခဲ့ သော်လည်း အဖွဲ့အစည်းအတွင်းတင်းမာမှုများ မြင့်တက် လာသောအချိန်တွင် စေ့စပ်ဆွေးနွေးမည့် အစီအစဉ်များ နောက်ဆုတ်ခဲ့ရသည်။ ပြီးသည့်နောက် အစီအစဉ် အသစ်များကို စမ်းသပ်စီမံကိန်းပရိုဂျက်နယ်မြေအတွင်း ထပ်မံအကောင်အထည်မဖော်နိုင်တော့သည့် အခြေ အနေသို့ရောက်ရှိခဲ့ရသည်။ နိုင်ငံရေးလုပ်ငန်းစဉ်များနှင့် ပတ်သက်၍ ခေါင်းဆောင်အဆင့်တွင်သော်လည်းကောင်း၊ ခေါင်းဆောင်များကြားတွင်သော်လည်းကောင်း၊ ဒေသ တွင်း အောက်ခြေအဆင့်တွင်သော်လည်းကောင်း၊ နိုင်ငံရေး စစ်ရေးနှင့် စစ်လိုလားသူများကြားတွင်သော် လည်းကောင်း၊ နိုင်ငံရေးပါတီများနှင့် လက်နက်ကိုင်အဖွဲ့ အစည်းများအကြားတွင် အမြဲတစေ မတူညီသောအမြင် များရှိနေသည်ကို မြင်တွေ့ပြီးသားဖြစ်သည်။

တိုင်းရင်းသားလက်နက်ကိုင်တပ်ဖွဲ့များသည် **၎င်းတို့၏ လိုလားချက်များနှင့် လိုအပ်ချက်များရရှိရန် လုပ်ဆောင်နိုင်သည့် စွမ်းဆောင်ရည်များ နည်းပါးလျက်ရှိနေသေးကြောင်း** တွေ့ရှိရသည်။ တစ်ခါတစ်ရံ၌ ဖွံ့ဖြိုးရေးအစီအစဉ်များအတွက်သော်လည်းကောင်း၊ ငြိမ်းချမ်းရေးဖော်ဆောင်မှုလုပ်ငန်းစဉ်အတွက်သော်လည်းကောင်း၊ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပေးမှုအတွက်သော်လည်းကောင်း နိုင်ငံတကာအဖွဲ့အစည်းများထံ ချဉ်းကပ်သည့် နည်းလမ်းနှင့် ၎င်းတို့၏ အကူအညီပေးခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများတို့ကို နားလည်သဘောပေါက်ရန် လိုအပ်နေသေးကြောင်း တွေ့ရှိရသည်။ ပြီးသည့်နောက် နိုင်ငံတကာ အကူအညီများ ရရှိရန်အတွက် မှန်ကန်စွာ ချိတ်ဆက်ဆောင်ရွက်တတ်ခြင်းသည်အရေးကြီးသည်။ အခြားသော ပါဝင်ဆောင်ရွက်သူအဖွဲ့အစည်းများ၊ တိုင်းရင်းသားလက်နက်ကိုင်တပ်ဖွဲ့များတို့နှင့် ပိုမိုကျယ်ပြန့်သော တွေ့ဆုံဆွေးနွေးမှုများ ပြုလုပ်နိုင်ရန်လုံလောက်သော အချိန်ရရှိရန် လိုအပ်သည်။

ငြိမ်းချမ်းရေးဖော်ဆောင်မှုလုပ်ငန်းစဉ်အား လက်ရှိအကောင်အထည်ဖော်ရာ၌ အမျိုးသမီးထုသည်လျစ်လျူရှုခံနေရပြီး အမျိုးသားထုက လွှမ်းမိုးထားသော လုပ်ငန်းစဉ်ဖြစ်နေသည့် တွေ့ရသည်။ သို့သော်လည်းခြွင်းချက်အနေဖြင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုလုပ်ငန်းစဉ်တွင် အင်ဂျီအိုအဖွဲ့အစည်းများနှင့် အောက်ခြေလူထုအဖွဲ့အစည်းများမှ အမျိုးသမီးထု အပါအဝင်အချို့သော အမျိုးသမီးများသည် ခေါင်းဆောင်မှုအခန်းကဏ္ဍတွင် တာဝန်ယူဆောင်ရွက်နေကြသည်။ မွန်ပြည်နယ် စီမံကိန်းများ၌ လူထုတွေ့ဆုံဆွေးနွေးပွဲများနှင့် စမ်းသပ်စီမံကိန်းပရိုဂျက်များတွင် အမျိုးသမီးထု၏ ပါဝင်ဆောင်ရွက်မှုအဖြင့် မွန်အမျိုးသမီးရေးရာအသင်းအဖွဲ့သည် အဓိကအခန်းကဏ္ဍမှပါဝင်ခဲ့သည်။

EPRP စီမံချက်များ (ငြိမ်းချမ်းရေးဖော်ဆောင်မှုလုပ်ငန်းစဉ်)တွင် အမျိုးသမီးထု၏ ပူးပေါင်းပါဝင်မှုရယူနိုင်ရန် အခက်အခဲရှိနေကြောင်း စီမံကိန်းသုံးသပ်ချက်မှ တွေ့ရှိရပြီး ၎င်းအခက်အခဲအတားအဆီးများ ကျော်လွှားနိုင်ရန် မဟာဗျူဟာနှင့် လက်တွေ့ကျသော တိုင်းတာချက်များ ပြုလုပ်ရန် လိုအပ်ပါသည်။ တိုင်းရင်းသားလက်နက်ကိုင်တပ်ဖွဲ့များနှင့် လူထုတွေ့ဆုံ ဆွေးနွေးပွဲနှင့် ပတ်သက်၍ အစောပိုင်းကာလတွင် ကောက်ချက်ဆွဲသည်မှာ လူထုဆက်သွယ်ရေးနှင့် လူထုအစည်းအဝေးများ ဦးဆောင်နိုင်သည့် စွမ်းရည်နှင့် ယုံကြည်ချက်အားနည်းနေသော်လည်းပဲ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် တက်ကြွစွာ ပါဝင်လုပ်ဆောင်နိုင်မည့် အမျိုးသမီးထုအတွက် စွမ်းဆောင်ရည်တည်ဆောက်ခြင်း အစီအစဉ်လိုအပ်ကြောင်းကောက်ချက်ချခဲ့သည်။

လူထုတွေ့ဆုံ ဆွေးနွေးပွဲများကို ပြုလုပ်နိုင်ရန် လိုအပ်သည့် အကူအညီများကို တိုင်းရင်းသား လက်နက်ကိုင်တပ်ဖွဲ့များက တောင်းဆိုလာခဲ့ခြင်းသည် ၎င်းတို့၏ အုပ်ချုပ်မှု ပုံသဏ္ဌာန်များနှင့် ပတ်သက်၍ အရေးကြီးသော ပြောင်းလဲမှုဖြစ်ကြောင်းဖော်ပြနေသည်။ တိုင်းရင်းသားလက်နက်ကိုင်တပ်ဖွဲ့ဝင်များ ပါဝင်တက်ရောက်သော MPSI မှ ပံ့ပိုးဆောင်ရွက်သည့် လူထုတွေ့ဆုံဆွေးနွေးပွဲများသည် စစ်ဘေးသင့် ပြည်သူလူထုများနှင့် အောက်ခြေလူမှုအသင်းအဖွဲ့များကို ၎င်းတို့၏ မကျေနပ်ချက်များ၊ စိုးရိမ်သံသယများနှင့် လိုလားချက်များ ဖွင့်ဟထုတ်ဖော်နိုင်ရန် အခွင့်အလမ်းများဖြစ်စေသည်။ ပြီးသည့် နောက်၌ တွေ့ဆုံဆွေးနွေးပွဲများ ပြုလုပ်ခြင်းအားဖြင့် လူထုနှင့် တွေ့ဆုံစေ့စပ်ညှိနှိုင်းရန် အရေးကြီးကြောင်း၊ လူထုများ၏ စိုးရိမ်သံသယများ၊ တောင်းဆိုမှုများအပေါ် အလေးထားဆောင်ရွက်ပေးရန် လိုအပ်ကြောင်း တိုင်းရင်းသားလက်နက်ကိုင်တပ်ဖွဲ့များကို အသိအမြင် ပွင့်လင်းလာစေခဲ့သည်။

## ဇယား ၈ - တရားဥပဒေစိုးမိုးရေးနှင့် ဒေသတွင်း ဘေးကင်းလုံခြုံမှုရှိရေးအတွက် အောက်ခြေအဆင့် တွေ့ဆုံဆွေးနွေးပွဲများ မှတစ်ဆင့် ယုံကြည်မှုတည်ဆောက်ခြင်း

ထောင်မိုင်းကြောင့် စစ်တပ်ယာဉ်တစ်စီးထိခိုက်ပျက်စီးသွားခဲ့ရသည့် ဖြစ်ရပ်နှင့်ပတ်သက်၍ ဖြစ်ပွားသည့်နေရာနှင့် အနီးဆုံးရှိသော ကျေးရွာသို့သွားရောက်ပြီး ရွာသားများအား စွပ်စွဲခြင်း၊ ဖမ်းဆီးနှိပ်စက်ခြင်းများ ပြုလုပ်မည့်အစား ဒေသတွင်းရှိ KNU/KNDO တပ်ရင်းမှူးကို ဆက်သွယ်အကြောင်းကြားခဲ့သည်ဟု ကျောက်ကြီးမြို့နယ် မြန်မာစစ်တပ် တပ်ရင်းမှူးမှ ရှင်းလင်းပြောကြားသည်။ ဤသို့ဖြင့် ဗုံးပေါက်ကွဲမှုဖြစ်ပွားသည့်နေရာသို့ အတူတကွ သွားရောက်လေ့လာသုံးသပ်ခဲ့ပြီးသည့်နောက် မဖယ်ရှားရသေးသော အရေအတွက် (၅)လုံးခန့်ရှိသည့် မြေမြှုပ်မိုင်းကြောင့်ဖြစ်ကြောင်း တွေ့ရှိခဲ့ရသည်။

ကျောက်ကြီးဒေသနှင့် မွန်ပြည်နယ်ဒေသများတွင် ဆက်ဆံရေးရုံးများသည် ဒေသတွင်းတရားဥပဒေစိုးမိုးရေးအတွက် အုပ်ချုပ်ရေး ယန္တရားကဲ့သို့ရပ်တည်လျက်ရှိသည်။ ၂၀၁၂ ခုနှစ်၊ ဩဂုတ်လအတွင်းတွင် ကျေးရွာအုပ်ချုပ်ရေးမှူး (မြို့နယ်အစိုးရဌာနစာရေးမ၏ လင်ယောကျာ်း)ကို ကေအန်ယူမှ တာဝန်ယူဖမ်းဆီးအရေးယူရန် ကျောက်ကြီးမြို့နယ်ရှိ ဒေသခံကျေးရွာလူထုများက တောင်းဆိုခဲ့ကြသည်။ ၎င်းကျေးရွာအုပ်ချုပ်ရေးမှူးသည် နှိပ်စက်သတ်ဖြတ်ခံရသော ဒေသခံရွာသားလေးဦးကိစ္စနှင့်လည်းကောင်း (၁၉၉၆ ခုနှစ်ကတည်းက) သိန်းရှစ်ဆယ်မျှသော ငွေကြေးကို ရွာသားများထံမှ အဓမ္မငွေကြေးကောက်ခံသည့် ကိစ္စ၌လည်းကောင်း ပါဝင်ပတ်သက်မှုရှိသူဖြစ်သည်။ KNU စစ်ဌာနချုပ်သို့ ဖမ်းဆီးခေါ်ဆောင်သွားခြင်းခံရပြီး ထွက်ပြေးလွတ်မြောက်ရန် ကြိုးစားခဲ့သည့်အတွက် သတ်ဖြတ်ခြင်းခံလိုက်ရသည်။ ဤဖြစ်ရပ်ကြောင့် နှစ်ဦးနှစ်ဖက်ကြားတင်းမာမှုများ ပိုမိုမြင့်တက်လာခဲ့သည်။ သို့သော်လည်း ဆက်ဆံရေးရုံးများသည် KNU ထိပ် ပိုင်းခေါင်းဆောင်များနှင့် အစိုးရစစ်တပ် ထိပ်ပိုင်းခေါင်းဆောင်များကို ဖိတ်ကြားပြီး တင်းမာမှုများလျော့ချနိုင်ရန် တွေ့ဆုံဆွေးနွေးမှုအတွက် အဓိကပါဝင် ဆောင်ရွက်ခဲ့ရသည်။ အခြား အခြေအနေများ၌ KNU က ဒေသတွင်းရှိ သူခိုးဂိုဏ်းကို ဖမ်းဆီးပြီး ၎င်းတို့ကိုယ်တိုင် တရားစီရင်ခြင်းထက် သက်ဆိုင်ရာအစိုးရအာဏာပိုင်များ လက်သို့ လွှဲအပ်ခဲ့သည်။

NMSP ထိန်းချုပ်နယ်မြေများအတွင်းတွင် မူးယစ်ဆေးဝါးရောင်းဝယ်ဖောက်ကားသူများကို ဖမ်းဆီးပြီး သက်ဆိုင်ရာအစိုးရအာဏာပိုင်များ လက်သို့လွှဲအပ်ပေးခဲ့သည်။ NMSP သည် မြို့နယ်အဆင့်အစိုးရအာဏာပိုင်များနှင့် ပူးပေါင်းဆောင်ရွက်ပြီး ဒေသခံလူထုများစိုးရိမ် ပူပန်မှုများစွာထဲမှ ဒေသတွင်းတွင် ယာဘခေါ် မယ်သာအမ်ဖီသာမင်ဆေးပြားများ ရောင်းဝယ်သုံးစွဲမှု ပြဿနာကြီးထွားလာခြင်းကို ဖြေရှင်းရန် နည်းလမ်းရှာဖွေဖော်ထုတ်ခဲ့သည်။ MPSI သည် NMSP နှင့် အောက်ခြေလူထု အဖွဲ့အစည်းများကို နိုင်ငံတကာမူးယစ်ဆေးဝါးတိုက်ဖျက်ရေး အင်ဂျီအိုအဖွဲ့များနှင့် မိတ်ဆက်ပေးခဲ့သည်။ ထို့ကြောင့် NPA ၏ ပံ့ပိုးမှုအားဖြင့် မွန်လူထုခေါင်းဆောင်များနှင့် NMSPခေါင်းဆောင်များအတွက် (၄)ရက်ကြာမည့် မူးယစ်ဆေးဝါးတိုက်ဖျက် ရေးဆိုင်ရာအသိအမြင်နိုးကြားရေးသင်တန်းကို အကောင်အထည်ဖော်ရန် NMSP သည် AHPN နှင့် လက်တွဲဆောင်ရွက်မည့် ကိစ္စအပေါ် သဘောတူခဲ့သည်။

## ၂.၃.၅။ နိုင်ငံရေးပါတီများနှင့် စေ့စပ်ညှိနှိုင်းခြင်း

၁၉၉၀ ခုနှစ်ရွေးကောက်ပွဲကို ဆန့်ကျင်ကန့်ကွက်သော နိုင်ငံရေးပါတီများ အပါအဝင် မြန်မာနိုင်ငံရှိ တိုင်းရင်းသား လူမျိုးစုအမျိုးသားနိုင်ငံရေးပါတီများသည်ရွေး ကောက်ပွဲ နောက်ပိုင်းတွင် အကျိုးဆက်အားဖြင့် ပါတီအများစုမှာ ဖျက်သိမ်းခြင်းခံလိုက်ရသော်လည်းပဲ မြန်မာနိုင်ငံရေး ပွင့်လင်းလာသည်ကို အချိန်တွင် ၎င်းပါတီများက ပြန်လည် မှတ်ပုံတင်ခဲ့ကြသည်။ တိုင်းရင်းသားနိုင်ငံရေး ပါတီအချို့က ဥပဒေဘောင်အတွင်းမှနေ၍ ပါတီပြန်လည်ထူထောင်ပြီး တရားမျှတမှုနည်းပါးပြီး လွတ်လပ်စွာ မဲပေးပိုင်ခွင့် မရရှိ ခဲ့သော ၂၀၁၀ ရွေးကောက်ပွဲကို ဆန့်ကျင်ကန့်ကွက်ခဲ့ကြ သည်။[6]

များစွာသော နိုင်ငံရေးပါတီများသည် ၎င်းတို့ကို **ငြိမ်းချမ်းရေးဖော်ဆောင်မှုလုပ်ငန်းစဉ်မှ ဖယ်ရှား ခြင်း ခံရမှုအပေါ် မိမိတို့၏ မကျေနပ်ချက်များ** ထုတ်ဖော်ပြောကြားခဲ့ကြသည်။ ငြိမ်းချမ်းရေးလုပ်ငန်းစဉ် မှတစ်ဆင့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများ အား မြန်မာ့နိုင်ငံရေးဇာတ်ခုံသို့ရောက်ရှိရန် ငြိမ်းချမ်းရေး ဖော်ဆောင်မှုလုပ်ငန်းစဉ် အားပံ့ပိုးကူညီနေသည့် နိုင်ငံ တကာပံ့ပိုးကူညီသူများနှင့် နိုင်ငံတော်အစိုးရတို့၏ ပြုမူ လုပ်ဆောင်ချက်အပေါ် စိတ်မသက်မသာ ဖြစ်နေကြ သည်။ နိုင်ငံရေးပါတီများသည် ၎င်းတို့ကို လူထုကရွေး ကောက်တင်မြှောက်လာသော တရားဝင်အဖွဲ့အစည်းများ ဖြစ်သောကြောင့် ငြိမ်းချမ်း ရေးဖော်ဆောင်မှုလုပ်ငန်းစဉ် တွင် ဘေးထွက်ထိုင်ကြည့်နေရသည့်အဖြစ်မျိုး မဖြစ်သင့် ကြောင်းခံစားနေရသည်။ထို့ကြောင့် ငြိမ်းချမ်းရေးဖော် ဆောင်မှုလုပ်ငန်းစဉ်တွင် နိုင်ငံရေးတက်ကြွလှုပ်ရှားသူများ ပိုမိုကျယ်ပြန့်စွာ ပါဝင်ခွင့် ရရှိလာစေရန် ရည်ရွယ်လျက် MPSI သည် ရှမ်းပြည်နယ်၊ မွန်ပြည်နယ်နှင့် ချင်းပြည်နယ် များတွင် နိုင်ငံရေးပါတီခေါင်း ဆောင်များ ပါဝင်သော ငြိမ်းချမ်းရေး တည်ဆောက်ခြင်း ညီလာခံများကို ပြုလုပ် ကျင်းပခဲ့သည်။ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် တိုင်းရင်း သား နိုင်ငံရေးပါတီများ ပိုမို ပါဝင်ဆောင်ရွက်လာနိုင်ရန် ရည်ရွယ်၍ EPRP စီမံကိန်းကို အကောင်အထည်ဖော် ခဲ့သည်။

## ၂.၄။ Ethnic Peace Resource Project မှ ရရှိလာသော သင်ခန်းစာများအပေါ် လေ့လာသင်ယူခြင်း

၂၀၁၂ ခုနှစ်၊ နှစ်ကုန်ပိုင်း၊ MPSI ၏ စီမံချက်ပြီး ဆုံးသည့် ကာလအတွင်းတွင် တိုင်းရင်းသားငြိမ်းချမ်းရေး ရင်းမြစ် စီမံကိန်းကို အကောင်အထည်ဖော်မည့် စိတ်ကူးကို ရရှိခဲ့သည်။ နိုင်ငံတစ်ဝှမ်းငြိမ်းချမ်းရေး ဖော်ဆောင်မှုနိုင်ငံ ရေး စကားဝိုင်းများတွင် တိုင်းရင်းသားလူထုများ ပူးပေါင်း ပါဝင်လာစေရန် EPRP စီမံကိန်းမှ လိုအပ်သည့် ပံ့ပိုး ကူညီမှုများ လုပ်ဆောင်မည်ဖြစ်သည်။ EPRP အနေဖြင့် တိုင်းရင်းသားဒေသများတွင် နှစ်ပေါင်းခြောက်ဆယ်ကြာ ဖြစ်ပွားနေခဲ့သော ပြည်တွင်းစစ်ကြောင့် လက်ရှိအချိန်၌ ဒေသခံ တိုင်းရင်းသားတို့၏ လိုလားချက်များကို အလျင် အမြန် ဖြည့်ဆည်းပေးနေရပြီး အဆောတလျင် အကူအညီ များပေးနေသည့် MPSI ၏ ဆောင်ရွက်ချက်များကို သင်ယူလေ့လာသုံးသပ်ရမည်ဖြစ်သည်။ တိုင်းရင်းသား ဒေသခံတို့၏ မကျေလည်မှုများကို ရှာဖွေဖော်ထုတ် ဖြေဖျောက်ကုစားနိုင်မည့် အပစ်အခတ်ရပ်စဲရေး သဘော တူညီချက်များရရှိပြီးနောက်ပိုင်းတွင် ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေးစကားဝိုင်းများပြုလုပ်ရန် အရေးကြီးကြောင်း တိုင်းရင်းသား အသင်းအဖွဲ့ ထိပ်ပိုင်းခေါင်းဆောင်များက လက်ခံသဘောတူခဲ့ကြသည်။ တိုင်းရင်းသားအသင်းအဖွဲ့ များ ပါဝင်ခွင့်ရရှိစေရန်နှင့် ၎င်းတို့၏ စွမ်းဆောင်ရည်များ မြှင့်တက်လာစေရန် လိုအပ်သော အရင်းအမြစ်များကို EPRP မှ စီစဉ်ဆောင်ရွက်ပေးခဲ့သည်။

တိုင်းရင်းသားလူမှုအခြေပြုအသင်းအဖွဲ့များအား သော်လည်းကောင်း၊ ၎င်းတို့က ထောက်ပံ့ကူညီပေးနေ သော ဒေသခံလူထုများအတွက်သော်လည်းကောင်း၊ တိုင်းရင်းသားလက်နက်ကိုင်တပ်ဖွဲ့များ၏ ဆက်ဆံရေးရုံး များအားသော်လည်းကောင်း၊ တိုင်းရင်းသားအသင်းအဖွဲ့ များအားသော်လည်းကောင်း ငြိမ်းချမ်းရေးလုပ်ငန်းစဉ် အတွက် အရေးပါသော ကဏ္ဍများဖြစ်သည့် နည်းပညာ ပိုင်းပံ့ပိုးမှုဖြစ်စေ၊ အခြေအနေနှင့် လိုက်လျောညီထွေ ရှိသော စွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်းများဖြစ်စေ၊ အွန်လိုင်းသတင်း အချက်အလက်များ ရယူနိုင်ရန်

[6] ၃၄ ခုသော တိုင်းရင်းသားလက်နက်ကိုင်ပါတီဝင်များသည် အထက်လွှတ်တော်သို့၊ ၅၄ ယောက်သည် အောက်လွှတ်တော်သို့နှင့် ၁၁၀ ယောက်သည် ပြည်နယ်နှင့် တိုင်းအစည်းအဝေးများသို့ ရွေးချယ်တင်မြှောက်ခံရသည်။ ဥပဒေပြုလွှတ်တော် ၇ ပြည်နယ်ထဲမှ ချင်း၊ ကရင်၊ ရခိုင်နှင့် ရှမ်း ၄ ပြည်နယ်ထဲရှိ တိုင်းရင်းသားပါတီများ သည် ၂၅ % နေရာပိုရသည်။

အင်တာနက်စာမျက်နှာ (www.eprpinformation.org)
တစ်ခုဖြစ်စေ စသည်တို့ကို EPRP စီမံကိန်းမှ အကောင်
အထည်ဖော်ဆောင်ရွက်ခဲ့သည်။ ငြိမ်းချမ်းရေးဖော်ဆောင်
မှုလုပ်ငန်းစဉ်တွင် အမျိုးသမီးထုများ၏ ပူးပေါင်းပါဝင်မှု
ကို အဟန့်အတားဖြစ်စေသည့် အကြောင်းခြင်းရာများကို
ကျော်လွှားနိုင်မည့် ကျားမ မတူကွဲပြားခြင်းအပေါ် ခွဲခြား
ဆက်ဆံမှုပပျောက်ရေး မဟာဗျူဟာများ ချမှတ်
လုပ်ဆောင်နေသည့် တစ်ပြိုင်နက်တည်း တိုင်းရင်းသား
လက်နက်ကိုင်တပ်ဖွဲ့ ဆက်ဆံရေးရုံးများအတွက်
အင်တာနက်လိုင်းတပ်ဆင်ပေးခဲ့သည်။ (ပိုမိုဖတ်ရှုနိုင်ရန်
နောက်ဆက်တွဲ (၁)၊ EPRP တွင် ကြည့်ပါ)။ အကြောင်း
ပေါင်းမြောက်မြားစွာဖြင့် လျင်မြန်စွာ ရွေ့လျားနေသော
ငြိမ်းချမ်းရေးဖော်ဆောင်မှု လုပ်ငန်းစဉ် အားလုံး
ပြန်ဆောင်ရွက်နိုင်ရန် လိုအပ်သည့် ဆန်းသစ်သည့် ဆောင်
ရွက်ချက်များ ဖော်ထုတ်နိုင်မည့် EPRP ၏ ပထမခြေလှမ်း
အနေဖြင့် အားသွန်ခွန်စိုက်လေ့လာသင်ယူခြင်းလုပ်ငန်းစဉ်
ကို ဧပြီလ (၁) ရက်နေ့မှ စတင်၍ ဒီဇင်ဘာလ၊ ၂၀၁၃
ခုနှစ်အထိ ပြုလုပ်ဆောင်ရွက်ခဲ့သည်။ အောက်တွင်
ဖော်ပြထားသည့်အတိုင်း လေ့လာသင်ယူရရှိခဲ့သော
အကြောင်းခြင်းရာများကို ဒုတိယခြေလှမ်းအဖြစ် ခွဲခြား
သတ်မှတ်ခဲ့သည်။ (၂၀၁၄ ခုနှစ်၊ ဖေဖော်ဝါရီလ
အစီရင်ခံစာအရ ရန်ပုံငွေ ရရှိခြင်း မရှိသေးပါ)

### (၁) **Website** -

လူထုများဆီသို့ရောက်ရှိနိုင်မည့် ငြိမ်းချမ်းရေးနှင့်
ပတ်သက်သော သတင်းအချက်များ ရရှိရန် အဆင်
သင့် မဖြစ်သေးပါ။ သတင်းအချက်အလက်များကို
ကျယ်ပြန့်စွာ ဖြန့်ဖြူးနိုင်ရန်အတွက် လိုအပ်သော
မီဒီယာပစ္စည်း အသုံးအဆောင်များ (အသံပိုင်း၊
ဗွီဒီယို၊ စသဖြင့်) ပံ့ပိုးခြင်း၊ သင်တန်းပို့ချခြင်းနှင့်
ပညာရှင်မဟုတ်သော ဒေသခံများအတွက် ၎င်းတို့
၏ ကျွမ်းကျင်မှုများ တည်ဆောက်ရန် စသည်တို့ကို
EPRP မှ တုံ့ပြန်ဆောင်ရွက်နေရသည်။ သတင်း
အချက် အလက်ရယူသူများ နားလည်သဘော
ပေါက်နိုင်ရန် ငြိမ်းချမ်းရေးတည်ဆောက်ခြင်းနှင့်
ပတ်သက်သော နိုင်ငံတကာ စံချိန်စံနှုန်းများနှင့်
ကျင့်သုံးမှုများကို မြန်မာဘာသာစကားသို့ ပြန်ဆို
ခဲ့ရသည်။ သတင်းအချက် အလက်များရယူနိုင်မည့်
လမ်းကြောင်းများကို မြန်မာပြည်သူလူထုများ
အတွက် နည်းပညာအသစ်က လမ်းဖွင့်ပေးခဲ့သည်။
ဆက်သွယ်ရေးလိုင်စင်များ ပြုလုပ်ပေးခြင်းသည်
တစ်နိုင်ငံလုံး အတိုင်းအတာမိုဘိုင်းဆက်သွယ်
ရေးနှင့် အင်တာနက်ချိတ်ဆက်မှုကို ရရှိစေပါသည်။
EPRP အင်တာနက်စာမျက်နှာကို စမတ်ဖုန်းများ
တွင် ဖွင့်ကြည့်နိုင်ရန် အင်တာနက်စာမျက်နှာ
ဗားရှင်းအသစ်တစ်ခုကို ရေးသားလျက်ရှိသည်။

### (၂) **အလုပ်ရုံဆွေးနွေးပွဲ အစီအစဉ်** -

တိုင်းရင်းသားနိုင်ငံရေးပါတီများ၊ တိုင်းရင်းသား
အောက် ခြေလူထုအဖွဲ့အစည်းများ၊ တိုင်းရင်းသား
လက်နက်ကိုင် တပ်ဖွဲ့များတို့မှ အဖွဲ့ဝင်များနှင့်
ခေါင်းဆောင်မှုနေရာ၌ တာဝန်ထမ်းဆောင်နေ
သော ပုဂ္ဂိုလ်များအတွက် ပထမစီမံချက် ကာလ
အတွင်းတွင် အလုပ်ဆွေးနွေးပွဲပေါင်း သုံးကြိမ်သုံးခါ
ပြုလုပ်ကျင်းပရန် ရည်ရွယ်ခဲ့သည်။ ငြိမ်းချမ်းရေး
ဖော်ဆောင်မှု လုပ်ငန်းစဉ်အတွက် နည်းပညာပိုင်း
ပံ့ပိုးမှုများ လျင်မြန်စွာ ဆောင်ရွက်ရန်လိုအပ်သည်။
EPRP အနေဖြင့် အကြိမ်ပေါင်းများစွာ၌ ကြိုတင်
မခန့်မှန်းနိုင်သော နည်းပညာ လိုအပ်ချက်များကို
အခြေအနေနှင့် လိုက်လျောညီထွေစွာ တုံ့ပြန်
ဆောင်ရွက်ခဲ့ရသည်။ ဥပမာအားဖြင့် မြန်မာနိုင်ငံ
သန်းခေါင်စာရင်းကောက်ယူမှုကို လေ့လာ
စောင့်ကြည့်ခြင်း၊ သန်းခေါင်စာရင်းကောက်ယူ
ခြင်းဆိုင်ရာ သတင်းအချက်အလက်များ ရယူခြင်း
နှင့် ပတ်သက်သော အကြောင်းအရာများ ဆွေးနွေး
ညှိနှိုင်းရန် အခြေအနေနှင့် လိုက်လျောညီထွေဖြစ်
သော အလုပ်ရုံဆွေးနွေးပွဲတစ်ခုကို ပြုလုပ်ကျင်းပ
ခဲ့ရသည်။ ဤအလုပ်ရုံဆွေးနွေးပွဲပြုလုပ် ကျင်းပ
ခြင်းအားဖြင့် တောင်းဆိုသူများ၏ ထင်မြင်ယူဆ
ချက်များကို ပြောင်းလဲနိုင်စေသည့်အပြင် ၎င်းတို့၏
လိုအပ် ချက်များဖြစ်သည့် သင်တန်းပစ္စည်းကိရိယာ
များ ရရှိရေးအတွက်လည်း အလျင်အမြန် စီစဉ်
ဆောင်ရွက်ပေးခဲ့ရသည်။

**(၃) ဆက်ဆံရေးရုံးများအပေါ် အလေးအနက်ပြုခြင်း -**

လုပ်ငန်းများ အဆင်ပြေချောမွေ့ရေးအတွက် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးတက်လာစေရန်နှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုလုပ်ငန်းစဉ်၌ ဆက်ဆံရေးရုံးများ၏ အခန်းကဏ္ဍပိုမို ပီပြင်ထင်ရှားလာစေရန် လိုအပ်သည့်လုပ်ဆောင်ချက်များ အားလုံးကို EPRP က ဆက်ဆံရေးရုံးများနှင့် အပြန်အလှန်ပူးပေါင်းလုပ်ဆောင်ခဲ့သည်။ သင်တန်းပေါင်းစုံပြုလုပ်နိုင်ရေးအတွက် ပြည်တွင်းပြည်ပရှိ မိတ်ဖက်အဖွဲ့အစည်းများထံ တက်ကြွစွာကြိုးစားအားထုတ် တင်ပြတောင်းဆိုသည်သာမက ဆက်ဆံရေးရုံးများ လိုအပ်သော အသုံးစရိတ်များအတွက် ဆက်ဆံရေးရုံးများကိုယ်စား ရန်ပုံငွေရရှိရန် ဖြစ်နိုင်ချေရှိသော အလှူများ၊ ပါဝင်ဆောင်ရွက်မည့် အဖွဲ့အစည်းများထံ တင်ပြတောင်းဆိုခဲ့သည်။

**(၄) လူထုနိုးကြားရေး သတင်းအချက်အလက်များဖြန့်ဝေခြင်း -**

အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်အရ ဖွဲ့စည်း တည်ထောင်သော ဆက်ဆံရေးရုံးများသည် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နှင့် ဆက်နွယ်သော အကြောင်းကိစ္စများ၌ လူထုများနှင့် ဆက်သွယ်ဆောင်ရွက်ရာတွင် နှစ်လမ်းသွား ဆက်သွယ်ရေးစနစ်တစ်ခုဖြစ်စေရန်အတွက် များစွာ လိုအပ်သော သတင်းအချက်အလက်ဖြန့်ဖြူးသည့် ဗဟိုဌာနများကို စီစဉ်ဆောင်ရွက်နိုင်ခဲ့သည်။ ငြိမ်းချမ်းရေးဖော်ဆောင်မှုလုပ်ငန်းစဉ်သည် အထက်အောက်ညွန်ကြားသည့် သဘောမျိုးသက်ရောက်နေသည်ကို တွေ့ရှိရသည်။ လူထုများ၏ ပူးပေါင်းပါဝင်လာမှုကို ကြိုဆိုထောက်ခံခြင်းသည် ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ဖော်ဆောင်သော အသင်းအဖွဲ့များအားလုံး၏ လိုလားတောင့်တချက်များနှင့် စိုးရိမ်သံသယများကို ရောင်ပြန်ဟပ်စေနိုင်သည့် ငြိမ်းချမ်းရေးဖော်ဆောင်မှု လုပ်ငန်းစဉ်အတွက် အရေးပါအရာရောက်စေသည်။ သတင်းအချက်အလက်များစုစည်းဖြန့်ဝေရေးနှင့် ပတ်သက်ပြီး ဆက်ဆံရေးရုံးများသည် တောက်လျှောက်ဆောင်ရွက်နေသည့် လုပ်ငန်းများအပေါ် လူထုများ၏ သဘောထားမှတ်ချက်များကို ရယူရန် အကောင်းဆုံး အနေအထားတွင်ရှိနေသည်။ EPRP သည် လူထုနှီးနှောဖလှယ်ပွဲများနှင့် လူထုဆက်ဆံ ရေးနည်းလမ်းများအတွက် ဆက်ဆံရေးရုံးများက လိုအပ်သော အကူအညီများကို ပေးအပ်ခဲ့သည် သာမက သင်တန်းများကိုလည်း စီစဉ်ဆောင်ရွက်ပေးခဲ့သည်။

**(၅) ကျား၊ မ ရေးရာ (ဂျန်ဒါ) သဘောတရားများ နေရာမလပ်စိမ့်ဝင် ပျံ့နှံ့ရေး -**

ငြိမ်းချမ်းရေးလုပ်ငန်းကို အထောက်အပံ့ဖြစ်စေသော လုပ်ငန်းစဉ်များတွင် အမျိုးသားထုနှင့် အမျိုးသမီးထုများ အဆင့်အတန်းတူညီစွာ ပါဝင်ဆောင်ရွက်နိုင်သည့် နည်းလမ်းများကို EPRP မှ မြေစမ်းခရမ်းပျိုး ပျိုးထောင်ခဲ့သည်။ **ကျားမ မတူညီမှုအပေါ် အခြေခံလွဲမှား ရှုမြင်မှုများကို**လည်း ဖြေရှင်းပေးနိုင်ခဲ့သည်။ ဂျန်ဒါဟူသော ဝေါဟာရကို မြန်မာဘာသာစကားသို့ပြန်ဆိုရန် ခက်ခဲသောကြောင့် အများအားဖြင့် အမျိုးသမီးအခွင့်အရေးများဟု ဘာသာပြန်မိခဲ့ကြသည်။ တိုင်းရင်းသားအရေး လှုပ်ရှားမှု၌ အမျိုးသမီးထု၏ စွမ်းရည်များနှင့် ပါဝင်မှု အင်အားသည်ရှိနှင့်ပြီးသား မဟာဗျူဟာ အင်အားအဖြစ် အသိအမှတ်ပြုရန် လိုအပ်ပါသည်။ တိုင်းရင်းသားအရေး လှုပ်ရှားမှုကို ပိုမိုအားကောင်းစေပါလိမ့်မည်။ အများအားဖြင့် ခေါင်းဆောင်မှုပိုင်းတွင် အမျိုးသားများကသာ နေရာယူလွှမ်းမိုးထားသော လူ့အသိုင်းအဝိုင်းကိုလည်း ပြောင်းလဲနိုင်ပါလိမ့်မည်။ အမျိုးသားများ လွှမ်းမိုးမှုများလွန်းပြီး ပြုပြင်ပြောင်းလဲရန်လည်း လိုအပ်နေသော ရိုးရာထုံးတမ်းဓလေ့ကျင့်သုံးမှုသည် အမျိုးသမီးထုအတွက်မျှတသည့် အခွင့်အရေးများ နည်းပါးလျက်ရှိသည့် တွေ့ရသည့်အပြင် အမျိုးသမီးထု၏ ထူးခြားသော စွမ်းရည်များကို အသိအမှတ်ပြုရန်၊ စည်းရုံးရယူရန်အတွက်လည်း အဟန့်အတားဖြစ်နေသည်။ လူထုဆန္ဒခံယူပွဲများ ပြုလုပ်ကျင်းပခြင်းသည် လက်နက်ကိုင်ပဋိပက္ခများက အမျိုးသမီးထုများအပေါ် မတူကွဲပြားစွာ ဆိုးကျိုးသက်ရောက်နေမှုများ ပတ်သက်၍သော်လည်းကောင်း၊ ကျေးရွာလူထုအစည်း

အဝေးဆုံးဖြတ်ချက်လုပ်ငန်းစဉ်တွင် လျစ်လျူရှုခံရခြင်းအပေါ် မကျေလည်မှုများနှင့် ပတ်သက်၍သော်လည်းကောင်း၊ အမျိုးသမီးထုမှ ပြည့်ပြည့်ဝဝ ထုတ်ဖော်ပြောကြားနိုင်ခဲ့သည့် အခွင့်အလမ်းများကို ဖန်တီးပေးနိုင်ခဲ့ကြောင်း တွေ့ရှိခဲ့ရသည်။

(၆) **ပိုမိုကျယ်ပြန့်သည့် အကဲခတ် လေ့လာစောင့်ကြည့်ခြင်း -**

ဖယ်ဒရယ်ပြည်ထောင်စုစနစ်ကို တိုင်းရင်းသားရေးရာပြဿနာများ ဖြေရှင်းရန်နှင့် တိုင်းရင်းသားများ၏ ပန်းတိုင်သို့ရောက်ရှိနိုင်မည့် နည်းလမ်းများ အဖြစ်စဉ်းစားခြင်းထက် **ဖယ်ဒရယ်ပြည်ထောင်စုဖြစ်ပေါ်လာရေးသည် တိုင်းရင်းသားတို့၏ နာတာရှည်စိတ်ကူးအိပ်မက်**ကဲ့သို့ဖြစ်နေကြောင်း တွေ့မြင်ရသည်။ နိုင်ငံရေး အယူသီးမှုကိုဖြစ်ပေါ်စေပါသည်။ သို့သော်အခြား တစ်ဖက်ရှိ အနေအထားများကို မမြင်တွေ့ရဘဲနှင့် ၎င်းတို့၏ နိုင်ငံရေးအယူသီးမှုမှာ မှားယွင်းနေသည် ဟုပြောဆိုရန် ခက်ခဲပါလိမ့်မည်။

**ပြည်တွင်းရှိ တိုင်းရင်းသားလူထုများ (တိုင်းရင်းသားလက်နက်ကိုင်တပ်ဖွဲ့များနှင့် နီးစပ်မှုရှိသော နယ်စပ်မျဉ်း တစ်လျှောက်နေထိုင်သော တိုင်းရင်းသားလူထုများ မဟုတ်သော)သည် နိုင်ငံရေးအခင်းအကျင်းအရ ပြင်ပကမ္ဘာနှင့် နှစ်ပေါင်းများစွာ အဆက်အသွယ်ဖြတ်တောက်ခြင်း ခံခဲ့ရသည်။** နိုင်ငံရေးပွင့်လင်းလာသော်လည်း နိုင်ငံရေးပါတီများသည် လူထု၏ လိုလားချက်များအတွက် တာဝန်ယူလုပ်ဆောင်ပေးခြင်း မပြုသည့်အပြင် လူထုရေးရာကိစ္စများအတွက်လည်း ဦးဆောင်မှု မပြုခဲ့ကြပါ။ လူထုများသည် ဒီမိုကရေစီပြုပြင်ပြောင်းလဲမှုများနှင့် ပတ်သက်သော အသိအမြင်များ၊ တိုင်းရင်းသားလက်နက်ကိုင် တပ်ဖွဲ့များက ကိုယ်စားပြုပေးခြင်းအားဖြင့် မိမိတို့၏ တန်ဖိုးထားမှုများ၊ လိုလားချက်များကို အထောက်အကူဖြစ်စေမည့်အကြမ်းမဖက်သော လှုပ်ရှားမှုကို အကောင်အထည်ဖော်ခြင်း၊ စသည်တို့၌ အကန့်အသတ်ရှိနေသည်။ ၎င်းတိုင်းရင်းသားလက်နက်ကိုင်တပ်ဖွဲ့များသည် လူထုကိုယ်စားလှယ်များ မဟုတ်ဘဲ အစွန်းရောက်တပ်ဖွဲ့များကဲ့သို့ ပုံသဏ္ဍာန်ဆောင်နိုင်ပါသည်။

ပြည်နယ်နှင့် တိုင်းဒေသအစိုးရများအပေါ် ပြည်သူလူထုများ၏ ရှုပ်ထွေးသော အမြင်များမှာ ပြည်နယ်နှင့် တိုင်းဒေသအစိုးရများသည် ဗဟိုအစိုးရ၏ လက်ကိုင်တုတ်များသာဖြစ်ကြောင်း (ဥပမာ – လူထုအလုပ်ရုံဆွေးနွေးပွဲများတွင် တွေ့မြင်နေရသော အထူးရဲတပ်ဖွဲ့ဝင်များ)သော်လည်းကောင်း၊ ဒေသတွင်းအစိုးရ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသများအတွင်းသို့ နိုင်ငံရေးနည်းအရ ဝင်ရောက်လွှမ်းမိုးနိုင်ရန် ကြိုးစားနေသည်ဟူ၍လည်းကောင်း ထင်မြင်နေယူဆနေခြင်းဖြစ်သည်။ ဒေသဆိုင်ရာအစိုးရများသည် ဗဟိုအစိုးရ၏ ထိန်းချုပ်မှုအောက်တွင် ရှိနေသည်ဟု လူထုများက ခံစားသိမြင်ချိန်မှစ၍ ဗဟိုအုပ်ချုပ်ရေးအာဏာများကို ဒေသအစိုးရသို့ လွှဲပြောင်းပေးခြင်းအား ကြိုဆိုလက်ခံမည် လက်မခံမည့် လူထုများ အနေဖြင့် ဇဝေဇဝါဖြစ်နေခဲ့ကြသည်။

## ၂.၅။ MPSI ၏ ချဉ်းကပ်အဖြေရှာမှုများအပေါ် ထင်ဟပ်သည့် အရာများ

နိုင်ငံတော်အစိုးရမှ ဦးဆောင်သော တစ်နိုင်ငံလုံးအတိုင်းအတာ နိုင်ငံရေးပြုပြင်ပြောင်းလဲမှု လုပ်ဆောင်စဉ်ကာလအတွင်း ခက်ခဲရှုပ်ထွေးမှုများ ပြည့်နှက်နေသော ငြိမ်းချမ်းရေးတည်ဆောက်ခြင်းလုပ်ငန်းစဉ်နှင့် ဆက်လက်ဖြစ်ပွားလျက်ရှိသော ပြည်တွင်းပဋိပက္ခများအပေါ် MPSI သည် စီမံကိန်းများကို သစ်လွင်သော နည်းစနစ်များဖြင့် လိမ္မာပါးနပ်စွာ အကောင်အထည်ဖော်နိုင်ခဲ့သည်။ စီမံကိန်းစတင်ချိန်မှစ၍ ယခုချိန်ထိရရှိခဲ့သော အတွေ့အကြုံများအရ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပတ်သက်သော သဘောသဘာဝများသော်လည်းကောင်း၊ ပိုမိုကျယ်ပြန့်သော စီမံကိန်းများဖြစ်စေ ငြိမ်းချမ်းရေးဖော်ဆောင်မှုလုပ်ငန်းစဉ်အား အထောက်အကူဖြစ်စေသော စီမံကိန်းပုံစံတစ်ခုပုံဖော်နိုင်ရန် တွေ့ရှိသည့် စိန်ခေါ်မှုများ၊ တန်ဖိုးများသော်လည်းကောင်း စသည့် သင်ခန်းစာအချို့နှင့် စီမံကိန်းကို ထင်ဟပ်စေသော ဆောင်ရွက်ချက်တချို့ကို ဖော်ထုတ်နိုင်ပါသည်။ ဤအကြောင်းအရာများကို Relevance to Myanmar of the Fragile States Principles and Busan New Deal ဟူသော အပိုင်းတွင် ပိုမိုကျယ်ပြန့်စွာ ဖတ်ရှုလေ့လာရမည်ဖြစ်သည်။

- အခြားသော တည်ဆောက်ရေးကဏ္ဍများ ပိုမိုဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ လိုအပ်လျက်ရှိသော ကွက်လပ်များ ဖြည့်ဆည်းရန်နှင့် အဓိကကျသော နိုင်ငံရေးအပြောင်းအလဲအချိန်တို ကာလအတွင်း လျင်မြန်စွာ တုံ့ပြန်ဆောင်ရွက်နိုင်ရန် အရင်းအမြစ်များစုစည်းခြင်းနှင့် စည်းရုံးလှုံ့ဆော်ရေးစွမ်းရည်တို့သည် အလွန်အရေးကြီးကြောင်း တွေ့ရှိရသည်။

- ငြိမ်းချမ်းရေးတည်ဆောက်ရေးလုပ်ငန်းအား စမ်းသပ်အကောင်အထည်ဖော်လုပ်ဆောင်နေမှုမှ သတိပြုမိသည်မှာ ငြိမ်းချမ်းရေးတည်ဆောက်မှု လုပ်ငန်းအစောပိုင်းကာလ ထောက်ပံ့မှုများပြုရာတွင် ပြောင်းလဲမှုသီအိုရီအရ အချင်းချင်းကြား ယုံကြည်မှုတည်ဆောက်ရေးသည် သော့ချက်ကျ သော အစိတ်အပိုင်းဖြစ်ရန် လိုအပ်ကြောင်း တွေ့ရှိရသည်။

- ဒေသခံများ ကိုယ်တိုင်စတင်လုပ်ဆောင်လာသည် ကို ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နှင့် အဓိကကျသော တိုင်းရင်းသားလက်နက်ကိုင်တပ်ဖွဲ့များ၏ အပစ်အခတ်ရပ်စဲလိုသော ဆန္ဒသဘောထားများ ရောထွေးနေသည့် ပဋိပက္ခနောက်ခံအနေအထားတွင် ငြိမ်းချမ်းရေးဖော်ဆောင်မှုလုပ်ငန်းစဉ်အား အထောက်အကူဖြစ်စေနိုင်ရန် နိုင်ငံတကာအသိုင်း အဝိုင်းအနေဖြင့် ပြင်ပ အကူအညီများကိုသော် လည်းကောင်း၊ ပြင်ပမှ ဖွဲ့စည်းပုံကိုသော်လည်းကောင်း အတင်းအကျပ်သွတ်သွင်းခြင်း မပြုဘဲ ညင်ညင်သာသာ တုံ့ပြန်ဆောင်ရွက်ရန် အရေးကြီးကြောင်း တွေ့ရှိရသည်။

- လုပ်ဆောင်မှုများမှ ပြန်လည်လေ့လာသင်ယူလင့် ကစားအလျှင်မှီပြီး ကျွမ်းကျင်သော ခွဲခြမ်းစိတ်ဖြာခြင်းလုပ်ငန်းစဉ်သည် လွန်စွာအကျိုးရှိစေသည်။ အပြန်အလှန်အားဖြင့် ပဋိပက္ခဖြစ်လွယ်စေသော အခြေအနေကို သေချာစွာ သဘောပေါက်နားလည်စေခဲ့သည်။ MPSI သည် ၎င်း၏ ကူညီပံ့ပိုးမှုဆိုင်ရာ ဆောင်ရွက်ချက်လုပ်ငန်းစဉ်အဆင့်ဆင့်နှင့် ပံ့ပိုးမှုပုံစံတို့ကို အောက်ခြေလူမှုအခြေပြု အသင်းအဖွဲ့များ၊ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများ၊ နိုင်ငံတကာကူညီပံ့ပိုးသူများနှင့် မြန်မာအစိုးရတို့အား ရှင်းလင်းတင်ပြရန် အရေးကြီးသည်။

- ပံ့ပိုးကူညီမှု သို့မဟုတ် ဝန်ဆောင်မှုပေးခြင်းမှ တစ်ဆင့် အလိုလိုဖြစ်ပေါ်ခြင်းထက် လုပ်ငန်းစဉ်အပေါ် စူးစိုက်ဆောင်ရွက်ခြင်းမှ ရရှိလာသည်ကို တန်ဖိုးများနှင့် ဖြစ်တည်မှုများက ပို၍အရေးကြီးပါသည်။

- ထိပ်ပိုင်းခေါင်းဆောင်အဆင့်နိုင်ငံရေး အဖြေရှာမှုများနှင့် အောက်ခြေလူထုနှစ်ဖက်စလုံးကို ချိတ်ဆက်ဆောင်ရွက်နိုင်ခဲ့သော ပုံသဏ္ဍာန်သည် အစိုးရမဟုတ်သော အဖွဲ့အစည်းများ (အင်ဂျီအို) (သို့မဟုတ် ကုလသမဂ္ဂ)နှင့် အလှူရှင်တို့က သဘော မတွေ့သော ကိစ္စရပ်များကို ရှောင်ရှားနိုင်ခဲ့သည်။ စေ့စပ်ဆွေးနွေးခြင်း မဟာဗျူဟာအရ စစ်ဘေးဒဏ်သင့် ကျေးရွာလူထုများ၊ အောက်ခြေလူထု အဖွဲ့အစည်းများ၊ တိုင်းရင်းသား လက်နက်ကိုင်တပ်ဖွဲ့များတို့နှင့် တိုက်ရိုက်ပူးပေါင်း ဆောင်ရွက်နိုင်လျှင် အလွန်တန်ဖိုးရှိပေမည်။

- ပြင်ပမှ ပူးပေါင်းဆောင်ရွက်သူများ၏ လိမ္မာကျွမ်းကျင်မှုအဖြစ်ခေါ် ဆိုနိုင်သော ဒေသလိုအပ်ချက်နှင့် အံ့ခွင်ဝင်ကျဖွံ့ဖြိုးရေးပုံစံကို ပံ့ပိုးကူညီနိုင်ပါလိမ့်မည်။ ၎င်းဒေသလိုအပ်ချက်နှင့် အံ့ခွင်ဝင် ကျဖွံ့ဖြိုးရေးသည်လည်း ဒေသတွင်းရှိ လူထုများ ကိုယ်တိုင်အကောင်အထည်ဖော်ဆောင်ရွက်နေသော လုပ်ငန်းစဉ်ဖြစ်ပြီး လုပ်ရှားဆောင်ရွက်မှု လုံးဝမရှိခြင်းထက်ဆောင်ရွက်မှုရှိနေခြင်းက ပိုမိုသာလွန်ကောင်းမွန်ပါသည်။ ၎င်းချိတ်ဆက် ဆောင်ရွက်မှုပုံသဏ္ဍာန်သည် သတင်းအချက် အလက်ဝေမျှဖလှယ်ရေးနှင့် အလှူရှင်နှင့် ပူးပေါင်းဆောင်ရွက်ရေးများကို ပံ့ပိုးကူညီနိုင်ပြီးအခြား လှုပ်ရှားဆောင်ရွက်သူများနှင့် အလှူရှင်များကြား ခွဲခြမ်းစိတ်ဖြာ လေ့လာဆန်းစစ်ခြင်းလုပ်ငန်းစဉ်ဖြစ်ပေါ်လာစေရန် ကနဦးလုပ်ဆောင်ချက်ကိုလည်း အထောက်အကူပြုရာရောက်စေသည်။ သို့သော် စီမံကိန်းအကောင်အထည်ဖော်မှု လေ့လာဆန်းစစ်ခြင်း အကြောင်းအရာနှင့် ပတ်သက်၍ အဓိကပူးပေါင်းဆောင်ရွက်သူများ၊ အဖွဲ့အစည်းများ အားလုံးကို အကြောင်းကြားနိုင်မည့် တိကျသေချာသော ဆက်သွယ်ရေးလမ်းကြောင်းတစ်ခု ရှိရန် အရေးကြီးသည်။

- အကူးအပြောင်းကာလလုပ်ဆောင်ချက်များကို အထောက်အကူပြုသည့် ပြုလွယ်ပြင်လွယ်၍ အချိန်မီ ရရှိနိုင်သော ရန်ပုံငွေလိုအပ်ချက်သည်လည်း အရေး ကြီးပါသည်။

- ငြိမ်းချမ်းရေးတည်ဆောက်မှုလုပ်ငန်းစဉ်အတွက် စီစဉ်ဆောင်ရွက်နိုင်သော ကျွမ်းကျင်မှု၊ ဒေသတွင်း ကျွမ်းကျင်မှုနှင့် ဒေသဆိုင်ရာဗဟုသုတ၊ နိုင်ငံရေး စေ့စပ်ဆွေးနွေးပွဲများ အပါအဝင်များစွာသော ကျွမ်းကျင်မှုများရှိသည့် ဝန်ထမ်းအင်အားသည်လည်း ကျွမ်းကျင်မှုများ စုပေါင်းထားသော အစုအပေါင်း ကဲ့သို့လွန်စွာ အရေးကြီးပါသည်။ နိုင်ငံတော်အစိုးရ နှင့် တိုင်းရင်းသားလက်နက်ကိုင် တပ်ဖွဲ့များ နှစ်ဦး နှစ်ဘက်မှ ယုံကြည်စိတ်ချရသော ဝန်ထမ်းများ လိုအပ်ချက်သည်လည်း အရေးကြီးပါသည်။

- ရှုပ်ထွေးသောအခင်းအကျင်းတွင် လိုက်လျောညီထွေ စွာ တုံ့ပြန်ဆောင်ရွက်နိုင်ရန် ညင်သာသော ချဉ်းကပ်မှု နှင့် ပြုလွယ်ပြင်လွယ်သော မဟာဗျူဟာသည်လည်း အရေးပါသည်။ သို့သော် ပါဝင်ပူးပေါင်း ဆောင်ရွက် သူများ လေ့လာဆန်းစစ်ချက်နှင့် မဟာဗျူဟာအပေါ် ပိုမို ကျယ်ပြန့်သော ပေါင်းကူးချိတ်ဆက်မှုသည် သေသေချာချာ ရှင်းရှင်းလင်းလင်းဖြစ်ရန် လိုအပ် ပါသည်။

- မျှော်မှန်းချက်များအပေါ် မှန်မှန်ကန်ကန်လုပ်ဆောင် ရန် လိုအပ်သကဲ့သို့ မျှော်လင့်ချက်များအပေါ် သေချာ စွာ စီစဉ်ဆောင်ရွက်ရန်လည်း အရေးကြီးပါသည်။ လူထုဆက်ဆံရေးဗဟာဗျူဟာနှင့် ပိုမိုကျယ်ပြန့်သော တွေ့ဆုံဆွေးနွေးပွဲများကို စီမံကိန်းစတင်စဉ်က တည်းက အကောင်အထည်ဖော်ရန် လိုအပ်ပါသည်။ စီမံကိန်းဖွဲ့စည်းတည် ဆောက်မှုနှင့် ကြီးထွားလာနေ သော လုပ်ငန်းအကောင်အထည်ဖော်မှု (အခွင့် အလမ်းများ၊ သို့သော် ကန့်သတ်မှုဘောင်များဖြင့် ချဉ်းကပ်မှု) အကြောင်းအရာများကို ထိတ်လန့် ကြောက်ရွံ့မှုများရှိနေပြီး ငြိမ်းချမ်းရေးဖော်ဆောင် မှုလုပ်ငန်းစဉ်အပေါ် ယုံစားရန်ခက်နေသူများအား ရှင်းလင်းတင်ပြနိုင်ရန် စိန်ခေါ်မှုများရှိကြောင်း မဟာဗျူဟာ ရေးဆွဲချမှတ်သည့်အခါ၌ သေချာ စဉ်းစားဆင်ခြင်ရန် အရေးကြီးပါသည်။

- စီမံကိန်းလွဲပြောင်းမည့် အချိန်တွင် တာဝန်ဝတ္တရား များကို သေချာတိကျစွာ ချမှတ်ထားပေးခြင်းနှင့် သော့ချက်ကျသော ဦးတည်ချက်တချို့ကို သေချာစွာ ခွဲခြားသတ်မှတ်ပေးထားခြင်းများကို အလျင်အမြန် ဆောင်ရွက်ရန်လည်း အရေးကြီးပါသည်။

- မျှော်မှန်းချက်များ သေချာရှင်းလင်းစွာ စီစဉ် ဆောင်ရွက်ရာတွင် ရေရှည်ပူးပေါင်းဆောင်ရွက်ရေး ထောက်ပံ့ပစ္စည်းများ လိုအပ်ချက်အတွက် စီမံချက် အစောပိုင်းကာလမှ စတင်၍အစဉ်လိုက် လုပ်ဆောင် လာရန် အရေးကြီးပါသည်။

## ၃. မြန်မာအခြေအနေပေါ် ညှိနှိုင်းမှု မူဘောင်အသစ် (New Deal Framework) ကျင့်သုံးခြင်း

ဤအပိုင်းသည် ထိခိုက်လွယ်သော အခြေအနေအတွင်း စေ့စပ်ညှိနှိုင်းရန် ဘူဆန်ညှိနှိုင်းမှု မူဘောင်အသစ်နှင့် ထိခိုက်လွယ်သော အခြေအနေတွင်း အခြေခံမှုများ သို့မဟုတ် ထိခိုက်လွယ်သော အခြေအနေတွင်း နိုင်ငံတကာ ကောင်းမွန်စွာ စေ့စပ်ညှိနှိုင်းမှု အခြေခံမှုများ (Fragile States and Situations or Fragile States Principles (FSPs)) နှင့် ဆက်စပ်၍ MPSI ၏ လေ့လာသင်ယူမှုများနှင့် ချိတ်ဆက်ရန်ဖြစ်သည်။ ဤအပိုင်းကို ၁) ညှိနှိုင်းမှု မူဘောင်အသစ်နှင့် ရေးဆွဲထားသော ချဉ်းကပ်နည်းများနှင့် ဆက်စပ်နေသော MPSI ၏ အဓိက လေ့လာသင်ယူမှုနှင့် အကြံပြုထောက်ခံချက်များ ၂) ထိခိုက်လွယ်သော အခြေအနေတွင်း အခြေခံမှုများမှ ရရှိခဲ့သော အကြံပြုချက်များဟူ၍ နှစ်ပိုင်းခွဲထားသည်။ ဤအပိုင်းသည် ညှိနှိုင်းမှု မူဘောင်အသစ်နှင့် ထိခိုက်လွယ်သော အခြေအနေတွင်း အခြေခံမှုများသည် မြန်မာအခြေအနေအရ မည့်သို့လိုက်နာကျင့်သုံးရမည့် ဖော်ပြခြင်းထက် မြန်မာနိုင်ငံသို့ အထောက်အပံ့ ပံ့ပိုးမှုနှင့် ငြိမ်းချမ်းရေးဖြစ်စဉ် ၎င်းတို့သည် မည်သို့ သင့်တော်မှုဖြစ်ကြောင်းကို MPSI ၏ အတွေးအမြင်ဖြင့် ဖော်ထုတ်လိုခြင်းသာဖြစ်သည်။

### ၃.၁။ အဘယ်ကြောင့် ညှိနှိုင်းမှု မူဘောင်အသစ် (New Deal Framework) သည် မြန်မာနိုင်ငံနှင့် ကိုက်ညီမှု ရှိသနည်း?

နိုင်ငံတကာလူထုများက နိုင်ငံတကာကြားဝင်ခြင်းသည် ထိခိုက်လွယ်သော အခြေအနေများကို ပိုမိုထိရောက်စေခြင်း နှင့် ကိုက်ညီမှုပိုရှိကြောင်းကို အခိုင်အမာဖြစ်စေရန် ညှိနှိုင်းမှု မူဘောင်အသစ်နှင့် ထိခိုက်လွယ်သော အခြေအနေတွင်း အခြေခံမှုများကို အသုံးပြုရန် ကြိုးစားကြသည်။ MPSI ၏ အလှူရှင်များသည် ညှိနှိုင်းမှု မူဘောင်အသစ်၏ အဓိကအခြေခံမှုများကို ထောက်ခံသည့် နိုင်ငံများနှင့် အဖွဲ့အစည်းများနှင့် လုပ်ကိုင်ကြသည်။

ထိခိုက်လွယ်သော အခြေအနေတွင်း အခြေခံမှုများသည် ကျင့်သုံးရန် အလှူရှင်ပေါ် မှီခိုနေစဉ် ညှိနှိုင်းမှု မူဘောင်အသစ်သည် ပဋိပက္ခဖြစ်ပွားမှုတွင် ဖော်ပြရန်လိုအပ်မှုတွင် အာရုံထားခြင်းဖြင့် ခရီးအတော်အတန် ရောက်နှင့်ပြီဖြစ်သည်။

ပဲရစ် (Paris) နှင့် အက်ခရာ (Accra) ၏ အထောက်အပံ့ ပံ့ပိုးမှုထိရောက်ရေး မူလဖြစ်စဉ်နှင့်အတူ ညှိနှိုင်းမှု မူဘောင်အသစ်တွင် ထိခိုက်လွယ်သောနေရာများ၌ နိုင်ငံတကာ လူထုလုပ်ငန်းလုပ်ဆောင်ပုံကို ပြောင်းလဲသည့် နည်းလမ်းပါဝင်သည်။ ငြိမ်းချမ်းရေး တည်ဆောက်ရေးနှင့် နိုင်ငံတည်ဆောက်ရေးကို ရည်ရွယ်ပြီး နိုင်ငံတော်မှ ဦးဆောင်ပြုလုပ်နေသော လုပ်ငန်းစဉ်များတွင် ဆွေးနွေးညှိနှိုင်းမှုပုံစံသစ်များ၊ ပြီးသည့်နောက် ခက်ခဲရှုပ်ထွေးသော နိုင်ငံများတွင် ပိုမိုကောင်းမွန်သော အဖြေများရရှိနိုင်ရန်၊ အပြန်အလှန် ယုံကြည်မှုများ တည်ဆောက်ရန်အတွက် ကတိကဝတ်များကို တောင်းဆိုရန်စသည်တို့ ဖြစ်သည်။[7] ရည်ရွယ်ချက်မှာ နိုင်ငံတကာအသိုင်းအဝိုင်းနှင့် အားနည်းသော နိုင်ငံတို့မှအတူတကွ ပူးပေါင်းပြီးလူမှု ဘဝလုံခြုံရေးနှင့် တရားမျှတမှု ဖော်ဆောင်ပေးသော အင်စတီကျူးရှင်းများ စတင်လုပ်ဆောင်ရန်ဖြစ်သည်။ ဤအချက်များသည် မည်သည့်နိုင်ငံတွင်မဆို ပြည်သူတို့၏ ယုံကြည်မှုများ ပြန်လည်ရရှိရန်နှင့် လူမှုရေး၊ စီးပွားရေး အခြေခံများ ပြန်လည်တည်ဆောက်ရန်အတွက် အခြေခံ လိုအပ်ချက်များဖြစ်သည်။

မြန်မာနိုင်ငံတွင်လည်း လက်ရှိစိန်ခေါ်မှုများစွာနှင့် ရင်ဆိုင်နေရသည်။ ဤစိန်ခေါ်မှုများမှာ-(၁) ရာစုနှစ်ဝက်ကျော် ဖြစ်ပွားခဲ့သော လက်နက်ကိုင်တိုက်ပွဲများကို အဆုံးသတ်ရန်၊ (၂) မတူညီသော လူမှုအဖွဲ့အစည်းများနှင့် အစိုးရတို့အကြား လူမှုရေးရာကတိကဝတ်များကို ပြန်လည်တည်ဆောက်ရန်၊ (၃) ၂၀၁၅ ခုနှစ်တွင် လွတ်လပ်ပြီး တရားမျှတသော ရွေးကောက်ပွဲဖြစ်လာစေမည့် ဒီမိုကရေစီဆန်သောလုပ်ငန်း စဉ်များကိုအားပေးရန်၊ (၄) ဆယ်စုနှစ်များစွာ နောက်ကျနေပြီး သီးသန့်ဖြစ်နေခဲ့သော စီးပွားရေးကို ပြန်လည်တည်ဆောက်ရန် စသည်တို့ဖြစ်

[7] Ref-http://www.pbsbdialogue.org and http://www.newdeal4peace.com

သည်။ ခက်ခဲနက်နဲသော ထာဝရငြိမ်းချမ်းရေးဖော်ဆောင်မှု လုပ်ငန်းစဉ်သည် မြန်မာနိုင်ငံတွင် တည်ဆောက်ရာ၌ ပဋိပက္ခ၏ အခြေခံအကြောင်းတရားများကို မျက်ကွယ်ပြုသည့်အဖြစ် မျိုးရောက်ရှိသွားနိုင်သည့် သတိပြုရမည်ဖြစ်သည်။ MPSI ၏ နှစ်နှစ်တာ အတွေ့အကြုံအရ ဤငြိမ်းချမ်းရေးကို ရယူရန် အဓိကရင်ဆိုင်ရသော အချက်များမှာ (က) တကယ်လုပ်ဆောင်ရာတွင် အားနည်းပြီး ရာဇဝင်အရ ထိန်းချုပ်မှုနှင့် ဖွဲ့စည်း တည်ဆောက်ထားပုံ ခိုင်မာသော အုပ်ချုပ်မှု (ခ) လုံခြုံမှု မရှိခြင်းနှင့် ကြိုတင်မျှော်လင့်နိုင်သော တရားမျှတမှုမဲ့ခြင်းနှင့် (ဂ) ပျံ့နှံ့နေသော ကျေးလက်ဆင်းရဲမွဲတေမှုတို့ ဖြစ်သည်။

လူမှုရေးနှင့် ထိခိုက်လွယ်သော အခြေအနေ အစိတ်အပိုင်းများမှာ နက်နဲရှုပ်ထွေးပြီး ဘေးအန္တရာယ်မှာ ပိုမိုတက်ကြွသော ပဋိပက္ခကို ပိုမိုဖြစ်ပွားစေသည့် ဒေသတွင်းနီးစပ်သူများ(ဥပမာ– ဒေသန္တရ စီးပွားရေးပဋိပက္ခ၊ နိုင်ငံရေး ဆန္ဒပါလျက်ဖြစ်စေ မပါဘဲဖြစ်စေ ဒေသန္တရ လက်နက်ကိုင်အဖွဲ့ တစ်ဟုန်ထိုး တိုးပွားလာခြင်း) ကို ကြားနေဖြစ် (လျှော့ကျ)စေရန်နှင့် တုံ့ပြန်ရန်လိုအပ်ကာ ယင်းအရာတို့က ပဋိပက္ခမီးပွားကို ဆက်လက်တောက်လောင်စေသော တိုင်းရင်းသားတို့၏ နာကျင်ခံစားရမှု အရင်းခံကို ဖြေရှင်းရန် အာရုံစိုက်မှုကို အရိပ်လွှမ်းနေသည်။

မြန်မာနိုင်ငံအပေါ် နိုင်ငံတကာ၏ အာရုံစိုက်မှုက ဆက်လက်မြင့်မားနေပြီး အထောက်အပံ့ အကူအညီများ၏ အတိုင်းအတာအရရော အရေအတွက်အရပါ ဆက်လက်တိုးပွားနေရာ သင့်လျော်သည့် ညှိနှိုင်းမှုအသစ်ပြုလုပ်ရန် စဉ်းစားသကဲ့သို့ ထိခိုက်လွယ်သော အခြေအနေတွင်း အခြေခံမှုများ အပေါ်ထားရှိသည့် သိသာစေသော ကတိကဝတ်သည်လည်း အလွန်အရေးကြီးသော အရာအဖြစ် ဆက်လက်ရှိနေမည်။

### ဇယား ၉ - ထိခိုက်လွယ်သော နိုင်ငံတွင်း အခြေခံမှုများ[8]

*ထိခိုက်လွယ်သော နိုင်ငံတွင်း နိုင်ငံတကာ ကောင်းမွန်စွာ စေ့စပ်ညှိနှိုင်းမှု အခြေခံမှုများ – သို့မဟုတ် ထိခိုက်လွယ်သော နိုင်ငံတွင်း အခြေခံမှုများတွင် လှုပ်ရှားသူများအတွက် ဖွံ့ဖြိုးတိုးတက်မှုပူးပေါင်းလုပ်ဆောင်ခြင်း၊ ငြိမ်းချမ်းရေး တည်ဆောက်ခြင်း၊ နိုင်ငံတော်တည်ဆောက်ခြင်းနှင့် ထိခိုက်လွယ်ပြီး ဘေးဒဏ်ကျရောက်သော နေရာများတွင် လုံခြုံရေးရန် လမ်းညွှန်များ ပါဝင်သည်။ ၂၀၀၇ ခုနှစ်တွင် OECD ဝန်ကြီးများသည် အကိုးအကားပြုရန်အတွက် ထိခိုက်လွယ်သော နိုင်ငံတွင်း အခြေခံမှုများကို ပထမဦးဆုံး အကြီးအကျယ်လက်ခံကြသည်။ ဤအခြေခံမှုများကို ရေးဆွဲရခြင်းအကြောင်းရင်းမှာ ထိခိုက်လွယ်သော နိုင်ငံများသည် လုပ်ဆောင်မှု ကောင်းမွန်နေသော နိုင်ငံများတွင် ကျင့်သုံးသော နည်းများနှင့် မတူသော နည်းများလိုအပ်ခြင်းကြောင့်ဖြစ်သည်။ ဤအခြေအနေများတွင် ဖွံ့ဖြိုးတိုးတက်ရန် လုံခြုံမှုမရှိခြင်း၊ အုပ်ချုပ်မှု အားနည်းခြင်း၊ စီမံခန့်ခွဲမှုစွမ်းရည်ပိုင်းတွင် အကန့်အသတ်များရှိခြင်း၊ လူသားချင်းစာနာထောက်ထားမှု ကြာရှည်စွာ ပျက်ပြားခင်း၊ ခိုင်မာနေသော လူမှုရေး တင်းမာမှုများ၊ အကြမ်းဖက်မှု သို့မဟုတ် ပြည်တွင်းစစ်များ ကဲ့သို့သော ရင်ဆိုင်ရမည့် အရာများစွာ ရှိပေသည်။*

[8] Ref-http://www.oecd.org/dac/incaf/aboutthefragilestatesprinciples.htm

## ၃.၂။ ညှိနှိုင်းမှုအသစ်နှင့် ဆက်စပ်သော MPSI ၏ သင်ခန်းစာနှင့် အကြံပြုချက်များ။

MPSI ၏ လုပ်ငန်းများမှာ မြန်မာနိုင်ငံတွင်းရှိ ရပ်ရွာ၊ လူမှုအဖွဲ့အစည်းနှင့် အစိုးရမဟုတ်သော လှုပ်ရှားသူများကို ပံ့ပိုးပေးရန် အာရုံစိုက်ရာ MPSI က အရေးကြီးပြီး သင့်တော်သောအမြင် တင်ပြသည်။ မြန်မာနိုင်ငံတွင် ညှိနှိုင်းမှု မူဘောင်အသစ် အသုံးချနိုင်ရန် စဉ်းစားရာတွင် MPSI လုပ်ငန်းမှတစ်ဆင့် ရရှိသော သိရှိနားလည်မှုသည် အသုံးဝင်သော တွဲဖက်စဉ်းစားစရာ ဖြစ်သည်။ ထို့ပြင် ယခု သိရှိနားလည်မှုသည် မြန်မာနိုင်ငံတွင်း ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့များအား ယင်းတို့လုပ်ငန်းကို ဒေသခံအခြေအနေနှင့် လိုက်လျော ညီထွေဖြစ်အောင်နှင့် ဒေသန္တရတည်ဆောက်မှုပုံစံ[9] စွမ်းအင်တည်ဆောက်ရေးဖြစ်စဉ်တွင် အားပေးလိမ့်မည်ဟု မျှော်လင့်သည်။

အောက်ပါ သင်ခန်းစာနှင့် အကြံပြုချက်များမှာ ညှိနှိုင်းမှုအသစ် ငြိမ်းချမ်းရေးတည်ဆောက်မှုနှင့် နိုင်ငံတည်ဆောက်မှု ပန်းတိုင်ငါးခုကို မူတည်၍ နာမည်တပ်၊ အုပ်စုခွဲထားသည်။

### ၃.၂.၁။ တရားဝင်နိုင်ငံရေး - အားလုံးပါဝင်သော နိုင်ငံရေးပြေငြိမ်းမှုကို အားပေးရန်နှင့် ပဋိပက္ခဖြေရှင်းခြင်း

- အပစ်အခတ်ရပ်စဲရေးမှ နိုင်ငံရေးဆွေးနွေးပွဲသို့ အမြန်ရွေ့ရှားလုပ်ဆောင်ရန် – ဆယ်စုနှစ်များစွာ ကျော်ကြားသော ပဋိပက္ခကို ငြိမ်းချမ်းသော ဖြေရှင်းနည်းရှာရန် စိတ်ပိုင်းဖြတ်ပြီးဖြစ်သော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့နှင့် တိုင်းရင်းသားရပ်ရွာများအတွက် အဓိကကိစ္စမှာ မတည်မြဲသော အပစ်အခတ်ရပ်စဲရေးမှ တိကျသေချာသော နိုင်ငံရေးဖြေရှင်းချက်သို့ ရွေ့ရန်ဖြစ်သည်။ နိုင်ငံရေးဆွေးနွေးမှုမူဘောင်ဟု ရည်ညွှန်းသော သဘောတူညီသည့် နိုင်ငံရေးလုပ်ငန်းစဉ်မှတစ်ဆင့် တိုင်းရင်းသားများ၏ ထိခိုက်ခံစားရမှုကို ဖြေရှင်းနိုင်ရန် ယင်းတို့က မျှော်လင့်သည်။ MPSI အလုပ်များမှ ရရှိသော သင်ခန်းစာနှင့် သိမြင်မှုများက ဤအရာကို လျင်မြန်စွာ လုပ်ဆောင်ရန် လိုအပ်ကြောင်း ထပ်ခါထပ်ခါ ပြောသည်။ MPSI စမ်းသပ်စီမံကိန်းများ၊ အလုပ်ရုံဆွေးနွေးပွဲများတွင် နိုင်ငံရေးလုပ်ငန်းစဉ် စတင်ရန် ကြန့်ကြာနေမှုကြောင့် စွန့်စားပြီး အပစ်အခတ်ရပ်စဲရေးသဘောတူညီသော တိုင်းရင်းသား ခေါင်းဆောင်များနှင့် သဘောတူညီမှု၏ အများယုံကြည်လက်ခံမှု အားနည်းလာစေသည်ဟု ဖော်ပြပါဝင်သည်။
- ရပ်ရွာများနှင့် တိုင်ပင်ကာ သင့်လျော်သော စီမံကိန်းများ ရေးဆွဲခြင်း – တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့၊ ရပ်ရွာ၊ လူမှုအဖွဲ့အစည်းနှင့် နိုင်ငံရေးပါတီများကြား ဆွေးနွေးတိုင်ပင်မှုလုပ်ငန်းစဉ်သည် တရားဝင်နိုင်ငံရေး၏ အဓိကရည်မှန်းချက် သိရှိရန်နှင့် အားလုံးပါဝင်သော လုပ်ငန်းစဉ် စတင်ရန် အရေးကြီးသော နည်းလမ်းဖြစ်ကြောင်း MPSI ၏ လုပ်ငန်းတွင် ထပ်မံအတည်ပြုခဲ့ပြီးဖြစ်သည်။ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် နိုင်ငံတကာထိတွေ့ ဆက်ဆံမှုသည် အရေးကြီးသော်လည်း လူမှုအဖွဲ့အစည်းများ၊ ရပ်ရွာများ၊ နိုင်ငံရေး ပါတီများနှင့် နှိုင်းယှဉ်လျှင် လက်နက်ကိုင်အဖွဲ့များ၏ တရားဝင်ဖြစ်မှုကို အသားပေးလွန်းသော အန္တရာယ်ကိုလည်း ယူဆောင်လာသည်။ အပစ်အခတ်ရပ်စဲရေး ဆက်ဆံရေးရုံးများနှင့် တိုင်ပင်မှုလုပ်ငန်းစဉ်များမှတစ်ဆင့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များက ရပ်ရွာများနှင့် ပိုမိုထိတွေ့နိုင်မည့် အခန်းကဏ္ဍကိုအားပေးပြီး MPSI ၏ လုပ်ငန်း တချို့က လုပ်ဆောင်ရန်ကြိုးစားသကဲ့သို့သော ရပ်ရွာနှင့် တွေ့ဆုံဆွေးနွေးမှုတွင် အားလုံးပိုမိုပါဝင်သော တွေ့ဆုံဆွေးနွေးမှု၏ အရေးပါသော အလားအလာများကို ကမ်းလှမ်းပေးသည်။ MPSI ၏ လုပ်ငန်းများမှ ငြိမ်းချမ်းရေး လုပ်ငန်းစဉ် တွင် ယုံကြည်မှုအဆင့်များ သိသိသာသာကွဲပြားနေမှုကို သိရှိရသော မတူကွဲပြားခြားနားသော စီမံကိန်းများ တောင်းဆိုပြီး MPSI မှတစ်ဆင့် အထောက်အပံ့ပြုခြင်းက ငြိမ်းချမ်းရေး လုပ်ငန်းစဉ်တွင် ရွာများ၊ တိုင်းရင်းသားလက်နက်ကိုင် တပ်ဖွဲ့များကြား ယုံကြည်မှုအဆင့်ကွဲပြားနေမှုနှင့် မလွဲမရှောင်သာသော အခြေအနေပေါ် မူတည်၍ဖြစ်

[9] ဤအစီအစဉ်ကို စိတ်ဝင်စားသူများသည် ထိခိုက်လွယ်ပြီး ပဋိပက္ခသက်ရောက်သော အခြေအနေတွင်း ကွဲပြားစွာ လုပ်ကိုင်ဆောင်ရွက်ပုံ-အာရှဖွံ့ဖြိုးရေးဘဏ်အတွေ့အကြုံ (၂၀၁၂) နှင့် အာရှဖောင်ဒေးရှင်း၏ ခုခံပြောဆိုသော ရှုထောင့်မှ အာရှ-နိုင်ငံငယ်ရေးရာ ပဋိပက္ခနှင့် နိုင်ငံတကာ ဖွံ့ဖြိုးတိုးတက်မှု အကူအညီ (၂၀၁၃)ကို ဖတ်ရှုလေ့လာသင့်သည်။

ပေါ်သတ်မှတ်သည့် လိုအပ်ချက်နှင့် ဦးစားပေးမှုတို့ ကွဲပြားနေမှုတို့ကို ရောင်ပြန်ဟပ်ကာ ပြသသလိုဖြစ်သည်။ ဤဒေသများတွင် ကွဲပြားနေမှုများမှာ အပစ်အခတ်ရပ်စဲပြီးနောက် ရပ်ရွာများ ပဋိပက္ခကို တွေ့ကြုံရမှုအပေါ် များစွာ မူတည်နေသည်။

- ပွင့်လင်းမြင်သာမှုနှင့် ရှင်းလင်းသော သတင်း အချက်အလက်မျှဝေမှု– (ရှေးက ဆိုခဲ့သကဲ့သို့) မြန်မာ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်အစောပိုင်းအဆင့် အခြေအနေတွင် နိုင်ငံတကာအကူအညီနှင့် ပတ်သက်သော သတင်းအလွဲများ၊ ကောလဟာလများက တည်ငြိမ်မှုကို ပျက်ပြားစေသော အချက်ဖြစ်နိုင်ကာအခြေအနေ၏ ထိခိုက်လွယ်မှုကို ပိုစေကြောင်း လေ့လာတွေ့ရှိရသည်။ ထို့ကြောင့် ငြိမ်းချမ်းရေးဖြစ်စဉ် တစ်လျှောက်လုံးတွင် ပွင့်လင်းမြင်သာမှုနှင့် ရှင်းလင်းသော သတင်းအချက်အလက်မျှဝေမှု လိုအပ်ကြောင်းပြသသည်။

- နိုင်ငံရေးလုပ်ငန်းစဉ်နှင့်အတူ အထောက်အပံ့အစီအစဉ် – အထောက်အပံ့သည် ဒေသန္တရထင်မြင်ယူဆချက်၊ ဦးစားပေးများနှင့် ကိုက်ညီရန်လိုသကဲ့သို့ နိုင်ငံရေးလုပ်ငန်းစဉ်တွင် ဂရုစိုက်၍ စီစဉ်ရန်နှင့် သိစေရန် လိုအပ်သည်။ ထို့သို့ ပဋိပက္ခများ၏ ထိခိုက်လွယ်မှုကို ဂရုပြုသတိမမူမိဘဲ အထောက်အပံ့များ လျင်မြန်စွာလုပ်ဆောင်လျှင် အရေးကြီးသည့် နိုင်ငံရေးကိစ္စမှ အာရုံလွှဲစေရန်နည်းလမ်းအဖြစ် (MPSI ၏ အလုပ်တွင် ခဏခဏပေါ်လာသော သိမြင်မှုများဖြစ်သည်) ငြိမ်းချမ်းရေးကို ဝယ်ရန် ကြိုးစားသည်ဟု မြင်ခံရလျှင် (သို့) အပစ်အခတ်ရပ်စဲထားသည့် ဒေသသို့ အစိုးရ၏ ချုပ်ကိုင်မှုတိုးရန်အတွက် သုံးသည်ဟု ထင်မြင်ခံရလျှင် နိုင်ငံရေးလုပ်ငန်းစဉ်ကို အားနည်းစေနိုင်သည်။ နိုင်ငံတည်ဆောက်ရေး အာရုံစိုက်မှုတိုင်းသည် အစိုးရမဟုတ်သော လုပ်ဆောင်သူများ၏ တရားဝင် ဖြစ်မှုကို ထည့်တွင်းစဉ်းစားပြီး ရပ်ရွာအဆင့်တွင် အစိုးရ၏ တည်ဆောက်မှုပုံစံကို ယုံကြည်မှု ကင်းမဲ့နေကြောင်း သတိထားရန်လိုသည်။

## ၃.၂.၂။ ဘေးကင်းလုံခြုံရေး - လူထု၏ လုံခြုံရေးကို တည်ဆောက်ရန်နှင့် ပိုမိုအားကောင်းလာစေရန်

- လုံခြုံရေးကို ထိပ်ဆုံးဦးစားပေးအဖြစ် ဆက်လက်ရှိနေစေရန် လုပ်ဆောင်ခြင်း – လုံခြုံရေး(ရုပ်ပိုင်းဆိုင်ရာ ဘေးကင်းလုံခြုံရေးနှင့် ကာကွယ်စောင့်ရှောက်ရေး) သည် ရပ်ရွာများ၏ အဓိကစိုးရိမ်မှုဖြစ်ကြောင်း MPSI ၏ ထိခိုက်ခံရသော ပြည်တွင်းစစ်ပြေးဒုက္ခသည်များ အသိုက်အဝန်းမှ တိုက်ရိုက်ဆွေးနွေးမှု၊ လိုအပ်ချက်ဆန်းစစ်မှုအရ သိရှိရသည်။ ခရီးသွားလာမှုဆိုင်ရာ ကန့်သတ်ချက်များကို အပစ်အခတ်ရပ်စဲပြီးနောက်ပိုင်း ပယ်ဖျက်လိုက်ခြင်းသည် ယင်းတို့ဘဝအတွက် အပြုသဘောဆောင်သော ပြောင်းလဲမှုဖြစ်ကြောင်း ရပ်ရွာများမှဆိုခဲ့ကြသည်။ လူထု၏ လွတ်လပ်စွာ သွားလာနိုင်ခွင့်က ပြည်တွင်းစစ်ပြေးဒုက္ခသည်များကို မိမိတို့ လယ်ယာမြေအား ပြန်လည်လုပ်ကိုင်ရန် လက်လှမ်းမီလာစေပြီး ယခင်က လက်လှမ်းမမီသော ဝန်ဆောင်မှုများ၏ အကျိုးကိုလည်း ခံစားလာရစေသည်။

- အထောက်အပံ့နှင့် လုံခြုံရေးကို မျှတစေခြင်း – အစောပိုင်းစီမံကိန်းများသည် လုံခြုံမှု မရှိသော ဒေသများသို့ ဒေသခံများ ပြန်လာစေအောင် ဆွဲဆောင်မှုမဖြစ်စေရေး သတိထားရန် အလွန်အရေးကြီးပေသည်။

- စစ်ဘေးပဋိပက္ခထိခိုက်သော ဒေသသို့ စစ်ဘေးပဋိပက္ခကို ထိခိုက်စေခြင်းမရှိသော လိုအပ်သော အခြေခံအထောက်အပံ့များ လျင်မြန်စွာ ပို့ဆောင်ခြင်း – ပဋိပက္ခထိခိုက်သော ဒေသသို့ လိုအပ်သော အခြေခံအထောက်အပံ့များ အမြန်ပို့ဆောင်ခြင်းသည် ယုံကြည်မှုတည်ဆောက်ရာတွင် အရေးပါသော အခန်းကဏ္ဍဖြစ်နိုင်သည်။ သို့သော် ဤအထောက်အပံ့ပြုခြင်းကို အဟန့်အတားမရှိဘဲ လုပ်ဆောင်မည့် အထောက်အပံ့အစီအစဉ်ကို အဓိက သက်ဆိုင်သူများနှင့် ညှိနှိုင်းတိုင်ပင်နိုင်သော နေရာရှိလျှင်ပို၍ တန်ဖိုးရှိလေသည်။ ထို့သို့ ပြုခြင်းသည် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့၊ လူမှုအဖွဲ့အစည်း၊ ရပ်ရွာ၊ ဗဟိုအစိုးရနှင့် နိုင်ငံတကာမိတ်ဖက်များအကြား

ယုံကြည်မှုကို ပိုမိုခိုင်မာစေနိုင်သည်။ ဝန်ဆောင်မှုပေးမည့်အဖွဲ့များ၊ အထောက်အပံ့ပေးမည့်အဖွဲ့များအတွက် အဟန့်အတားမရှိ ဝင်ရောက်ခွင့်ဆိုသည်မှာ သဘောတူညီမှု၊ တိုင်ပင်မှုမပါဘဲ ဝင်ရောက်မှုကို မဆိုလိုဘဲ ဝင်ရောက်ခွင့်ကို တိုင်ပင်သဘောတူညီမှုရရှိပြီးလျှင် လေးစားသင့်သည်ကို ဆိုလိုသည်။ ပဋိပက္ခ ထိခိုက်ဒေသများသို့ ပဋိပက္ခ၏ ထိခိုက်မခံမှုကို ဂရုစိုက်သော နိုင်ငံတကာအထောက်အပံ့များ ပို့ဆောင်ခြင်းက ရပ်ရွာ၏ လုံခြုံမှုခံစားချက် (နှင့် ရောက်ရှိခြင်းဖြင့် ကာကွယ်ခြင်းနည်းဖြင့် လူ့အခွင့်အရေးချိုးဖောက်မှုကို လျှော့ကျစေခြင်း)ကို တိုးတက်စေရန် တွန်းအားပေးသော အရေးကြီးသည့် အချက်ဖြစ်သည်။ စစ်ဘေးပဋိပက္ခကို ထိခိုက်စေခြင်းမရှိသော နိုင်ငံတကာအထောက်အပံ့သည် ရပ်ရွာများ နှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ (နှင့်၊ သို့မဟုတ်) မြန်မာစစ်တပ်တို့ကို အတူတကွရှိနေစေရန် လုံခြုံသောနေရာကို ဖန်တီးပေးရာ၌ အရေးကြီးသော အခန်းကဏ္ဍမှ ပါဝင်နိုင်ပြီး ပဋိပက္ခ၏ ထိခိုက်မခံမှုကို ဂရုမစိုက်သော နိုင်ငံတကာ အထောက်အပံ့သည် ဆန့်ကျင်ဘက် အကျိုးကို ဖြစ်စေသည်။

- ပြည်တွင်းစစ်ပြေးဒုက္ခသည်နှင့် မြန်မာစစ်တပ်ကြား ဆက်ဆံမှုကို ကူညီပေးခြင်း – အရေးကြီးသော သင်ခန်းစာအနေဖြင့် မြန်မာစစ်တပ်၏ လုပ်ငန်းစဉ် ဦးဆောင်မှု၊ ဆွေးနွေးတိုင်ပင်မှုပေါ် အခြေခံသော စီမံကိန်းများအကြောင်း သိရှိမှုကို မြှင့်တင်ပျိုးထောင်ခြင်းနှင့် လုပ်ငန်းစဉ်ကို မြန်မာစစ်တပ် သဘောတူလေလေ ပြည်တွင်းစစ်ပြေးဒုက္ခသည်များက အပစ်အခတ်ရပ်စဲရေးအပေါ် ယုံကြည်မှု တိုးလေလေဖြစ်သည့် MPSI က စောင့်ကြည့် လေ့လာမှုအရ သိရှိရသည်။ "လုံခြုံသောနေရာ"ကို ဖန်တီးပေးလျှင်၊ ကူညီပေးလျှင် ရပ်ရွာများက ယင်းနေရာကိုအရယူကာ အစိုးရအာဏာပိုင်များကို စိန်ခေါ်သည်။ ဤအပြန်အလှန်ဖလှယ်မှုက ဒေသတွင်းဖြစ်စဉ်ကို အထောက်အပံ့ပေးခြင်းနှင့် ကိုယ့်ကိုယ်ကို လုပ်နိုင်သည်ဟု စိတ်အားတက်လာအောင် အာရုံစိုက်ခြင်းတို့ကို အထောက်အပံ့များ စီမံခြင်း၏ ပြည့်ဝသော အစိတ်အပိုင်းအဖြစ် အပြိုင်ပြသသည်။

## ဇယားကွက် ၁၀ - ထိခိုက်လွယ်သော နိုင်ငံတွင်း အခြေခံမူဆယ်ချက်[၁၀]

ထိခိုက်လွယ်သော နိုင်ငံတွင်း အခြေခံမူဆယ်ချက် (FSPs) က ထိခိုက်လွယ်ပြီး ပဋိပက္ခထိခိုက်မှုရှိသော အခြေအနေများတွင် ဖွံ့ဖြိုးရေးပူးပေါင်းဆောင်ရွက်မှု၊ ငြိမ်းချမ်းရေးတည်ဆောက်မှု၊ နိုင်ငံတည်ဆောက်မှု၊ လုံခြုံရေးလုပ်ဆောင်မှုတွင် ပါဝင်သူများအား လမ်းညွှန်မှုပေးသည်။

၁။ အခြေအနေကို ပြန်လည်စတင်သည့်အနေဖြင့် ယူရန်။
၂။ လုပ်ဆောင်မှုအားလုံး ဘေးအန္တရာယ်မဖြစ်စေဘဲ အောင်မြင်မှုသေချာစေရန်။
၃။ နိုင်ငံတည်ဆောက်ရေးကို အဓိကရည်မှန်းချက်အနေဖြင့် အာရုံစူးစိုက်ရန်။
၄။ ကာကွယ်မှုလုပ်ငန်းများကို ဦးစားပေးအလိုက် လုပ်ဆောင်ရန်။
၅။ နိုင်ငံရေး၊ လုံခြုံရေးနှင့် ဖွံ့ဖြိုးရေး ရည်မှန်းချက်များကြားက ချိတ်ဆက်မှုကို အသိအမှတ်ပြု သိရှိရန်။
၆။ အားလုံးပါဝင်နိုင်သော တည်ငြိမ်သည့် လူမှုအသိုင်းအဝိုင်းဖြစ်စေရန် ခွဲခြားဆက်ဆံခြင်းမပြုရန် တိုက်တွန်းခြင်းကို အခြေခံအဖြစ် လုပ်ဆောင်ရန်။
၇။ ကွဲပြားသော အခြေအနေနှင့် ကွဲပြားသော နည်းလမ်းဖြင့် ဒေသန္တရဦးစားပေးများကို ချိန်ညှိရန်။
၈။ နိုင်ငံတကာလုပ်ဆောင်သူများကြား လက်တွေ့ကျသည့် ညှိနှိုင်းဆောင်ရွက်မှုယန္တရား သဘောတူရန်။
၉။ မြန်မြန်ဆောင်ရွက်ပါ. . သို့သော် အောင်မြင်မှုရနိုင်အောင်လည်း အချိန်ပေး ဆက်ဆံလုပ်ကိုင်ရန်။
၁၀။ ဖယ်ကျဉ်ထားမှုကို ရှောင်ရန်။
(မိဘမဲ့ အထောက်အပံ့)

[10]ရည်ညွှန်း
http://www.oecd.org/dac/incaf/aboutthefragilestatesprinciples.htm

### ၃.၂.၃။ တရားမျှတမှု - မတရားမှုကို ဖြေရှင်းရန်နှင့် တရားမျှတမှုကို ပြည်သူများ ပိုမိုလက်လှမ်းမီရန်။

- တရားဥပဒေစိုးမိုးရေးကို ပြန်လည်တည်ဆောက်ရန် – ရေရှည်တည်တံ့သော ငြိမ်းချမ်းရေးတွင် တရားဥပဒေစိုးမိုးရေးကို (ပြန်လည်) တည်ဆောက်ခြင်းနှင့် ပြည်သူတို့အား အတိတ်က တလွဲပြုလုပ်ခံရမှုတို့ကို အချိန်ယူ လက်ခံကျော်လွှားနိုင်စေမည့် ဖြစ်စဉ်များ ပါဝင်ရမည်။ ရပ်ရွာအဆင့်တွင်အတိတ်က ထိခိုက်ခံစားခဲ့ရမှုအတွက် အသိအမှတ်ပြုရန်နှင့် အတိအကျဆိုရလျှင် တရားမျှတမှုနှင့် တရားဥပဒေစိုးမိုးရေး (ပြန်လည်)တည်ဆောက်မှုတို့ကို ပြန်လည်သင့်မြတ်ရေးအတွက် အဆင့်တစ်ခုအနေ ဖြင့်ဆောင်ရွက်စေရန် ပြင်းပြသော ဆန္ဒရှိနေကြသည်။

- ဒေသန္တရအဖြေကို ဦးစားပေးရန် – လက်တွေ့အပစ်အခတ်ရပ်စဲရေးက အစိုးရနှင့် အစိုးရမဟုတ်သော လုပ်ဆောင်သူများနှင့် ပြောဆိုဆက်ဆံလုပ်ကိုင်ပြီး ဒေသန္တရအရ တရားမျှတမှုကို ဆိုက်ရောက်သော အရေးကြီးပြီး စိတ်ဝင်စားဖွယ်ဥပမာအချို့ကို ပေးသည်။ အစောပိုင်းကာလပြန်လည်သင့်မြတ်ရေး တည်ဆောက်ရာ ဒေသအဆင့်ပွဲများ၊ ပွဲတော်များ (ဥပမာ–တိုင်းရင်းသားများ ယင်းတို့ အမျိုးသား နေ့ကို အတားအဆီး မရှိကျင်းပခြင်း)က အရေးကြီးသော အခန်းကဏ္ဍအနေဖြင့် ပါဝင်နိုင်သည်။ အပစ်အခတ်ရပ်စဲရေးဆက်ဆံရေးရုံးများက ရပ်ရွာအဆင့်တွင် ကြိုတင်မှန်းဆနိုင်သော အရင်းအမြစ်ယန္တရားများ မိတ်ဆက်ပေးရန် အလားအလာကို ပေးနိုင်သည်။

### ၃.၂.၄။ စီးပွားရေးအခြေခံအုတ်မြစ် - အလုပ်အကိုင်အခွင့်အလမ်းများဖန်တီးရန်နှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ တိုးတက်လာစေရန်။

- မြေယာလုပ်ပိုင်ခွင့်နှင့် ပိုင်ဆိုင်မှုဆိုင်ရာ လက်ရှိဥပဒေနှင့် မူဝါဒများကို ပြန်လည်ဆန်းစစ်ခြင်းနှင့် ဆန်းစစ်ရောင်ပြန်ဟပ်မှုပြုခြင်း – ရပ်ရွာစွန့်ခွာ ပြောင်းရွှေ့သူများ စတင်ပြန်လာကာ ပြန်လည်အခြေချနေထိုင်လာပြီး၊ အပစ်အခတ်ရပ်စဲရေးက ယခင်က ပဋိပက္ခထိခိုက်ဒေသများကို ရင်းနှီးမြုပ်နှံသူများအတွက် တံခါးဖွင့်ပေးရာ ရေရှည်ငြိမ်းချမ်းရေးနှင့် တည်ငြိမ်ရေးအတွက် မြေယာလုပ်ပိုင်ခွင့် အာမခံမှာ အဓိကအစိတ်အပိုင်းဖြစ်လာသည်။ အပစ်အခတ်ရပ်စဲပြီးချိန်မှစ၍ ပြဋ္ဌာန်းလိုက်သော တစ်နိုင်ငံလုံးနှင့် သက်ဆိုင်သည့် လယ်ယာမြေဥပဒေသစ်သည် ဓလေ့ထုံးတမ်းအရ မြေယာအသုံးပြုမှုနှင့် ဓလေ့ထုံးတမ်းဥပဒေများကို အသိမှတ်မပြုဘဲ၊ တရားဝင်သည်ဖြစ်စေ မဝင်သည်ဖြစ်စေ လက်ရှိလုပ်နေလယ်ယာမြေကို သိသာထင်ရှားစွာ တရားဝင်ပြုခြင်းအဖြစ်မြင်သည်။ မြေယာသိမ်းယူခြင်းများ ကျယ်ပြန့်စွာဖြစ်ပေါ်နေခြင်း၊ အထူးသဖြင့် ပတ်ဝန်းကျင်နှင့် လူမှုကို ပျက်စီးစေသော သဘာဝ အရင်းအမြစ်များ ထုတ်ယူခြင်း အဓိကဖြစ်သော စီးပွားရေးလုပ်ငန်းများ ဝင်ရောက်လာခြင်းတို့မှာ MPSI အလုပ်၏ နေရာတော်တော်များများတွင် ပြန်ပြန်ပေါ်လာသော စိုးရိမ်မှုများဖြစ်သည်။

- အရင်းအမြစ်မျှဝေရာတွင် မျှတသော ချဉ်းကပ်မှုကို အားပေးခြင်း – အရင်းအမြစ်ပေါကြွယ်ဝသော တိုင်းရင်းသားပြည်နယ်နှင့် ဒေသများတွင် ဒေသ၏ ကြွယ်ဝမှုကို မျှဝေရန် သဘောတူညီမှုရှာဖွေခြင်းသည်အနာဂတ်တွင် ရေရှည်တည်တံ့သော ငြိမ်းချမ်းရေးအတွက် အဓိကကိစ္စဖြစ်သည်။ ပဋိပက္ခထိခိုက်သောဒေသများတွင် MPSI ၏ ဆက်သွယ်လုပ်ဆောင်မှု၌ သဘာဝအရင်းအမြစ် စီမံခန့်ခွဲမှုဆိုင်ရာ အသိပညာနှင့် အရည်အချင်းဆိုင်ရာ စွမ်းရည်မြှင့်တင်ရန် လိုအပ်ချက်မှာ ဖော်ထုတ်သိရှိထားပြီးဖြစ်သည်။

### ၃.၂.၅။ အခွန်ဘဏ္ဍာများနှင့် ဝန်ဆောင်မှုများ - အခွန်ဘဏ္ဍာများကို စီမံခန့်ခွဲခြင်းနှင့် မျှတသော ဝန်ဆောင်မှုပေးနိုင်ရန် စွမ်းအင်တည်ဆောက်ခြင်း

- ရပ်ရွာတွင်း အခွန်အမျိုးမျိုးကောက်သည့်စနစ် ဝန်ထုတ်ဝန်ပိုးကို အသိအမှတ်ပြုရန် – ရပ်ရွာများက ယင်းတို့ပေါ် အခွန်အမျိုးမျိုးကောက်ခံသည့်စနစ် (ဥပမာအစိုးရနှင့် အစိုးရမဟုတ်သူများမှ တောင်းခံသော အခွန်) အပေါ် စိတ်အလိုမကျဖြစ်ကြောင်း ထုတ်ဖော်ပြောဆိုသည်။ မျှတပြီး ကြိုတင်မျှော်မှန်းနိုင်သော အခွန်ကောက်သည့် စနစ်ဖြစ်အောင်

ရည်မှန်းလုပ်ဆောင်သင့်သည်။

- ဒေသန္တရဝန်ဆောင်မှုများ၏ အဓိကအခန်းကဏ္ဍတို့ကို နားလည်ရန် အားပေးခြင်း – အခြေခံအားဖြင့် ပညာရေးနှင့် ကျန်းမာရေးဝန်ဆောင်မှုများမှ ကိစ္စတော်တော်များများတွင် အစိုးရမဟုတ်သော ဖွဲ့စည်းတည်ဆောက်ပုံမှတစ်ဆင့်ပေးသည်။ ဤဖွဲ့စည်းတည်ဆောက်ပုံများကို မကြာခဏ အစိုးရထက်ပို၍ ယုံကြည်လက်ခံကြသည်။ ယင်းတို့က တိုင်းရင်းသားရပ်ရွာများ၏ ဆန္ဒဖြစ်သော တိုင်းရင်းသား ရာဇဝင်၊ ယဉ်ကျေးမှုနှင့် ဘာသာစကားအသိ အမှတ်ပြုလိုမှုတို့ကို ထင်ဟပ်လျက် ရပ်ရွာပေါင်းစပ်မှုနှင့် အမှတ်အသားဖြစ်စေရန် အရေးကြီးသည်။ လက်ခံနိုင်သော အုပ်ချုပ်မှုမှာ အစိုးရစနစ်ဖြင့် အစိုးရမဟုတ်သော စနစ်များကို ဖယ်ရှားခြင်း မဟုတ်ဘဲ အစိုးရနှင့် ဒေသတွင်းပိုင်ဆိုင်ကျင့်သုံးနေသော စနစ်တို့ကို ချိတ်ဆက်၊ ညှိနှိုင်းပူးပေါင်းခြင်းဖြစ်ကြောင်း MPSI မှ လေ့လာတွေ့ရှိသည်။ ရရှိသော သင်ခန်းစာကောင်းတစ်ခုမှာ အစိုးရနှင့် နိုင်ငံတကာအကူအညီများက အစိုးရစနစ်နှင့် အစိုးရမဟုတ်သော စနစ်များကို အလွှန်ဖိအားပေး ပူးပေါင်းစေခြင်းနည်းလမ်းဖြင့် နိုင်ငံရေးငြိမ်းချမ်းရေး လုပ်ငန်းစဉ်၏ ရှေ့သို့ရောက်မနေစေရန် အရေးကြီးကြောင်း ထပ်မံသိရှိရသည်။

## ၃.၃။ ထိခိုက်လွယ်သော နိုင်ငံတွင်း အခြေခံမူများမှ (Fragile States Principles) ရရှိသော MPSI ၏ သင်ခန်းစာနှင့် အကြံပြုချက်များ

MPSI၏ သိမြင်မှုနှင့် သင်ခန်းစာများက မြန်မာနိုင်ငံ၏ အရေးကြီးလှသော ယခုအချိန်တွင် လုပ်ငန်းအကောင်အထည်ဖော်ရာ၌၊ ကိစ္စရပ်များကို မူဘောင်ဖြင့် ချိန်ကြည့်ရာ၌ ကွဲပြားခြားနားစွာ လုပ်ဆောင်ရန် လိုအပ်ကြောင်း ပြသသည်။ ရှေ့ဆက်ရမည့် ကိစ္စများကို မူဘောင်ဖြင့် ချိန်ကြည့်ရာ၌ ညှိနှိုင်းမှုအသစ် ချဉ်းကပ်မှုနှင့်ဆက်နွယ်သော ထိခိုက်လွယ်သော အခြေအနေ အခြေခံမူများကို ထည့်သွင်းစဉ်းစားမှုက အသုံးဝင်နိုင်သည်။

ရပ်ရွာများ၏ သမိုင်း၊ လိုအင်ဆန္ဒ၊ လိုအပ်ချက်နှင့် စိုးရိမ်မှုများမှာ မတူညီကြဘဲ ယင်းတို့ ဝန်းကျင်နှင့် အတွေ့အကြုံပေါ်မူတည်ပြီး ကွဲပြားကာ ယင်းတို့ မဖြစ်မနေရင်ဆိုင်ရသည့် ဒေသန္တရအင်အားများ၏ လက်တွေ့နှင့် ပတ်သက်သည့် အသိများ မြင့်မားစွာရှိကြောင်း MPSI စီမံကိန်းများက ပြသသည်။ အပြန်အလှန်အားဖြင့် နိုင်ငံတကာအသိုင်းအဝိုင်းမှလည်း မိမိတို့ ဆက်သွယ် လုပ်ကိုင်နေသော လုပ်ငန်းစဉ်၏ ခက်ခဲနက်နဲမှုကို နားလည်မှုအကန့်အသတ်ရှိကြောင်း လက်ခံအသိ အမှတ်ပြုရပေမည်။

### ၃.၃.၁။ တိုင်းရင်းသားများ၏ ထိခိုက်ခံစားရမှုကို အသိအမှတ်ပြုပြီး အောက်ခြေမှ စတင်သော လုပ်ငန်းစဉ်ကို ထောက်ခံရန်။

- တိုင်းရင်းသားများ၏ ထိခိုက်ခံစားရမှုများမှာ ပဋိပက္ခ၏ အဓိကအစိတ်အပိုင်းဖြစ်ကြောင်း လိုအပ်ချက်ဆန်းစစ်ခြင်းလုပ်ငန်းအပါအဝင် ငြိမ်းချမ်းရေးလုပ်ငန်းစဉ် အစကပင် အသိအမှတ်ပြု နားလည်ရန်လိုအပ်သည်။

- အထက်မှ အောက်သို့ ချဉ်းကပ်မှုပုံစံ ယဉ်ကျေးမှုမှ ပြောင်းလဲရန် လိုအပ်ကြောင်း အစိုးရနှင့် အလှူရှင်အသိုင်းအဝိုင်းတို့၏ အဆင့်တိုင်းမှ အသိအမှတ်ပြုရန်လိုအပ်ပြီး ဆွေးနွေးတိုင်ပင်မှု၊ သင်ယူမှုနှင့် အစိုးရအား မည်သို့နားလည်မှတ်ယူသည်၊ ကိစ္စရပ်များမှာ မည်သည့်ကိစ္စများဖြစ်သည် စသည်တို့ကို တစ်ဖက်သတ် ကြိုတင်စဉ်းစားသတ်မှတ်ပိုင်းခြားထားသည့် အဖြေ မဟုတ်ဘဲ ဖြေရှင်းရန် နားထောင်လိုသော ဆန္ဒရှိပြီး၊ တွေ့ဆုံညှိနှိုင်းတိုင်ပင်ခြင်း လုပ်ငန်းစဉ်မှတစ်ဆင့် နာကျင်ခံစားမှုများကို ဖြေရှင်းရန် လိုအပ်ပါသည်။

- ငြိမ်းချမ်းရေးလုပ်ငန်းစဉ်မှာ ယခုအခါ ဆုံးဖြတ်ချက်ချရာတွင် အမျိုးသမီးများအား အကြမ်းအားဖြင့် ဘေးဖယ်ထားသော အမျိုးသားများအဓိက ကြီးစိုးသည့် အခြေအနေဖြစ်နေသည်။ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် အမျိုးသမီးများ၏ အခန်းကဏ္ဍကို အားကောင်းလာစေရန်နှင့် အသိအမှတ်ပြုခံရကာ အမျိုးသမီးများအတွက် အရေးကြီးသိသာသော အဓိကကိစ္စများကို အားကောင်းလာစေရန် ဆန်းသစ်ခြင်းနှင့် အားကောင်းသော နည်းလမ်းရှာဖွေ

အထောက်အပံ့ပြုရန် လိုအပ်သည်။

- ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် ယင်းတို့၏ မဲဆန္ဒနယ်နှင့် ရွေးကောက်ခံရခြင်း တရားဝင်ဖြစ်မှုကို အသိအမှတ်ပြုရန် တိုင်းရင်းသားနိုင်ငံရေးပါတီများ ပါဝင်လာရန် လိုအပ်သည်။

## ၃.၃.၂။ ဒေသဦးစားပေးနှင့် အောက်ခြေမှ စတင်သော လုပ်ငန်းစဉ်ကို ချိန်ညှိရန်

- ငြိမ်းချမ်းရေးလုပ်ငန်းစဉ်မှာ ဒေသခံများ၏ ဆန္ဒ၊ ဒေသခံများ ပိုင်ဆိုင်သော လုပ်ငန်းစဉ်ဖြစ်လျှင် ပို၍ ရေရှည်တည်တံ့သည့်ဆိုသော်လည်း MPSI ၏ အတွေ့အကြုံအရ ဒေသခံများက မိမိတို့ ပိုင်ဆိုင်သော လုပ်ငန်းစဉ်အဖြစ် အဓိပ္ပာယ်ပြည့်ဝစွာ ဆက်လက်ယူဆရန် အမြဲကြုံရသော စိန်ခေါ်မှုဖြစ်နေသည်။

- အထက်ကဆိုသကဲ့သို့ မြန်မာနိုင်ငံ၏ ပဋိပက္ခထိခိုက်ခံရသော ရပ်ရွာများ၏ အခြေအနေမှာ သမိုင်း၊အတွေ့အကြုံ၊ ဆန္ဒအရ ကွဲပြားခြားနားသည်။ အထောက်အပံ့များက ဤအရာကို အသိအမှတ်ပြုကာ ရပ်ရွာများ၏ ခံနိုင်ရည်၊ ကပ်ဘေးကို ရင်ဆိုင်ကျော်လွှားမှု ယန္တရားစွမ်းအင်တို့ကို အားကောင်းလာစေရန် ဦးတည်သင့်သည်။

- ဤအစိတ်အပိုင်းအနေဖြင့်၊ နိုင်ငံတကာအထောက်အပံ့များသည် ဒေသတွင်းစွမ်းဆောင်နိုင်ရည်ကို အသိအမှတ်ပြုပြီး ဒေသတွင်းလှုပ်ရှားသူများ (ဥပမာ - တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့၊ ရပ်ရွာနှင့် တိုင်းရင်းသားလူမှုအဖွဲ့အစည်း)အား ယင်းတို့၏ လိုအပ်ချက်နှင့် စိုးရိမ်မှုကို ရှင်းလင်းစွာသိရှိ ပြောဆိုလာနိုင်စေရန် စွမ်းရည်တည်ဆောက်ပေးရန်လည်း အဓိကအာရုံစိုက်ရာဖြစ်သင့်သည်။ ဤအရာသည် ထင်သည်ထက် အချိန်ပိုကြာသည်။ နိုင်ငံတကာမှ ကူညီမှုများသည် ရပ်ရွာတွင်းပြဿနာကို ကျော်လွှားသည့် မဟာဗျူဟာကို အထောက်အပံ့ပေးရန် ဆွေးနွေးတိုင်ပင်မှုနှင့် အဆင့်လိုက်လုပ်ငန်းစဉ်များပြားမှုတို့ကို အချိန် (နှင့် အရင်းအမြစ်) ရင်းနှီးမြုပ်နှံရန် မျှော်လင့်ထားရန်နှင့် ဒေသတွင်းဖြစ်ပေါ်နေသော နက်နဲရှုပ်ထွေးသည့် အခြေအနေ အချိန်ကာလနှင့်ကိုက်ညီအောင် တုံ့ပြန်ရန်လိုအပ်သည်။ နိုင်ငံတကာအသိုင်းအဝိုင်းမှ လုပ်ဆောင်သူများ မကြာခဏလုပ်ကိုင်လေ့ရှိသော “အထိရောက်ဆုံးနည်းလမ်း”၊ “နည်းပညာပိုင်း မှန်ကန်သော”စသည့် ပုံသေနည်းများဖြင့် တွက်ချက်ကူညီမှုများကို ရှောင်သင့်သည်။

- နိုင်ငံတကာအသိုင်းအဝိုင်းမှ အဓိကအကူအညီကိရိယာအဖြစ် ကူညီနေသော အလှူရှင်များ ပူးပေါင်းရန်ပုံငွေကဲ့သို့ အကူအညီများသည် ကိုယ့်ကိုယ်ကို လုပ်နိုင်သည်ဟု ခံစားလုပ်လာနိုင်သော စွမ်းရည်နှင့် ဝန်ဆောင်မှုအကူအညီများ၏ စံနှုန်းညွှန်းကိန်းအတိုင်းအတာလုပ်ငန်းစဉ်များကို အာရုံစိုက်ရန်လိုအပ်သည်။

- နိုင်ငံတကာမိတ်ဖက်အဖွဲ့များသည် ဒေသတွင်းဖွဲ့စည်းတည်ဆောက်ထားပုံ၊ ရပ်ရွာအခြေပြုအဖွဲ့အစည်းများ၏ အခန်းကဏ္ဍကို လူသစ်များက စီးဆင်းဝင်ရောက်မှုမှ ကာကွယ်ရန်အရေးကြီးကြောင်းနှင့် ယင်းရှိရင်းစွဲ ဖွဲ့စည်းတည်ဆောက်ပုံနှင့် ကွန်ရက်များကို ဝန်ပိစေသော တရားဝင်ဖြစ်အောင်လုပ်ရန် တောင်းဆိုခြင်းမျိုး ရှောင်ကျဉ် ကြောင်း အသိအမှတ်ပြုရပေမည်။

- ကြိုတင်ရေးဆွဲထားသောစီမံကိန်း ကိရိယာနှင့် ပုံစံတို့သည် ပဋိပက္ခ၊ အပစ်အခတ်ရပ်စဲရေး အခြေအနေတွင် မထိရောက်နိုင်ချေ။

- နိုင်ငံတကာအထောက်အပံ့သည် ဒေသန္တရစွမ်းဆောင်နိုင်ရည်ကို အဓိကထောက်ပံ့ရန် အာရုံစိုက်သင့်ပြီး ဒေသတွင်းလှုပ်ရှားမှုအရွေ့နှင့် ကိုက်ညီအောင်သေချာစွာချိန်ညှိရန် လိုအပ်သည်။ ကောင်းမွန်လှသည်ဆိုသော ဒေသတွင်းမှ မဟုတ်သည့် ပြင်ပတွန်းအားနှင့် ပြင်ပမှလာသော လုပ်ငန်းပုံစံများထက် ဒေသခံများက အသင့်လျော်ဆုံးဟု ယူဆသည့်ချဉ်းကပ်မှုသည် ဒေသခံများကိုယ်တိုင်ပါဝင်ပိုင်ဆိုင်သည့် ပုံစံမျိုးဖြစ်လျှင် ပို၍သာလွန်ကောင်းမွန်သည်။

- အောက်ခြေမှစတင်သည့် ပြောင်းလဲမှုနှင့် ငြိမ်းချမ်းရေးတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အသိအမှတ်ပြုရန်နှင့် အကူအညီပေးရန် အလှူရှင်များ အားအသိပေးမည့် ယန္တရား လိုအပ်သည်။

- ဒေသန္တရတည်ဆောက်မှုပုံစံကို အထောက်အပံ့ပေးရာ၌ ကွဲပြားသော အဆင့်ရှိ လူမှုအဖွဲ့အစည်းများကိုလည်း အထောက်အပံ့ပေးရန် အရေးကြီးကြောင်း သိသင့်ပေသည်။ သေးငယ်ပြီး အချိတ်အဆက်နည်းသော ရပ်ရွာတွင်း လူမှုအဖွဲ့အစည်းများ၏ လုပ်ဆောင်မှုသည် လက်တွေ့ကျပြီး နိုင်ငံအဆင့်လုပ်ဆောင်သော လူမှုအဖွဲ့အစည်းများထက် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အပေါ် ရပ်ရွာ၏ ထင်မြင်မှုကို ပို၍ထင်ဟပ်စေသည်။

## ၃.၃.၃။ ပြုပြင်လည်းလွယ်စေပြီး မြန်မြန်တုံ့ပြန်ကာ အောင်မြင်မှုမြင်သည်ထိ ကတိထားလုပ်ဆောင်ရန်

- အဓိကနိုင်ငံရေးဖြစ်စဉ်ဖြစ်ပျက်သောအခါ မြန်မြန်တုံ့ပြန်ရန်နှင့် အခြားတည်ဆောက်မှုပုံစံဖြစ်ထွန်းလာသောအခါတွင် လိုအပ်သောနေရာ၌ ဝင်ရောက်နိုင်ရန် ပေါ့ပါးပြီးပြောင်းလွယ်ပြင်လွယ်သော ဖွဲ့စည်းတည်ဆောက်ပုံထားခြင်းသည် သင့်လျော်သည်။ သို့သော် ရေတို၊ ရေရှည်ပုံစံများမှာ ရှေ့နောက်စီတန်းဖြစ်ပေါ်ရာ အစောပိုင်းကာလရေတို လုပ်ဆောင်မှုမှရရှိသော သင်ခန်းစာကို ရေရှည် ပုံမှန်တည်ဆောက်မှုပုံစံတွင် ထည့်သွင်းနိုင်ရန် အရေးကြီးသည်။

- ရေတို၊ ရေရှည်လုပ်ဆောင်မှုများကို သေချာစွာဆက်သွယ်ပြောဆို သတင်းပေးရန်နှင့် မျှော်လင့်ချက်များကို ထိန်းညှိရန်လည်း အရေးကြီးသည်။ စမ်းသပ်စီမံကိန်းများသည် လိုအပ်ချက်၊ ဒေသတွင်းဖြစ်ပေါ်မှုအရွေ့များကို ပိုမိုနားလည်ရန် အသုံးဝင်သော စတင်ရာနေရာ၊ နားထောင် လေ့လာသင်ယူစရာအဖြစ်မှတ်ယူစရာနေရာ ဖြစ်သကဲ့သို့ ပဋိပက္ခ၏ထိခိုက်မခံမှုကို သတိထားသော လုပ်ဆောင်မှုများစမ်းသပ်စီမံကိန်းများသည် အခြေအနေပေးလျှင် လူထုသို့ပိုမိုရောက်ရှိအောင် ရေရှည်အဖြစ် ချဲ့ထွင်သင့်သည်။ သို့သော် ပဋိပက္ခဖြစ်ရာ ဒေသများတွင် ပဋိပက္ခဖြစ်စေသော အကြောင်းရင်းနှင့် ဆိုင်သည့်လူအများလက်ခံနိုင်သော တွေ့ဆုံဆွေးနွေးမှုမစတင်မီ ရေရှည်ကျယ်ပြန့်သော အထောက်အပံ့ဖြင့်လုပ်ဆောင်မှုလုပ်ဆောင်ရန် စီမံရေးဆွဲ အကောင်အထည်ဖော်ခြင်းသည် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကိုအားနည်းစေပြီး မျှော်လင့်ထားသော ရလဒ်နှင့်ဆန့်ကျင်ဘက်ဖြစ်သော ရလဒ်ကိုလည်း ဖြစ်စေနိုင်သည်။

## ၃.၃.၄။ ရိုးရှင်းပေါ့ပါးပြီး လက်တွေ့ကျသော ညှိနှိုင်းရေး ယန္တရားအပေါ် သဘောတူညီမှု

- နိုင်ငံတကာလုပ်ဆောင်သူများအကြား ရိုးရှင်းပေါ့ပါးပြီး လက်တွေ့ကျသော ညှိနှိုင်းရေးယန္တရားအပေါ်သဘောတူညီပါ။ နိုင်ငံတကာမှ အဓိကသက်ဆိုင်သူများနှင့် တွေ့ဆုံရန် လုပ်ဆောင်ရာတွင် ညှိနှိုင်းရေးနှင့်သတင်းအချက်အလက်မျှဝေရေးကို ကွဲပြားရန်လုပ်ဆောင်ရန်လိုအပ်သည်။

- လက်တွေ့ကျသော ညှိနှိုင်းရေးဖြစ်စဉ်သည် နိုင်ငံတကာအသိုင်းအဝိုင်း၏ အစိုးရ မဟုတ်သောလုပ်ဆောင်သူများ (လူမှုအဖွဲ့အစည်း၊ ရပ်ရွာအခြေပြုအဖွဲ့နှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့) အစိုးရ၏ အုပ်ချုပ်မှုစနစ်နှင့် ဝန်ဆောင်မှုပေးခြင်းများနှင့်ဆက်သွယ်လုပ်ကိုင်ရာတွင် ပဋိပက္ခ၏ အထိခိုက်မခံမှု၊ နိုင်ငံရေးဆန်းစစ်မှုတို့ကို မိတ်ဆက်ပေးသင့်သည်။

- ပိုမိုကောင်းမွန်သော ပေါင်းစပ်မှုရရှိရန် နိုင်ငံတကာမိတ်ဖက်များက ထိရောက်မှုရှိသော သတင်းအချက်အလက်နှင့် မဟာဗျူဟာမျှဝေရေး ယန္တရား၊ နိုင်ငံတကာစံနှုန်း (ညှိနှိုင်းမှုအသစ်နှင့် ထိခိုက်လွယ်သော အခြေအနေ အခြေခံမှု)များ ထပ်မံလိုက်နာရန် ကတိပြုမှုနှင့် အခြေအနေအလိုက် ဦးစားပေး၊ အခြေခံမှုများကို သဘောတူထားသင့်သည်။ ရပ်ရွာထဲ ကွင်းဆင်းလုပ်ဆောင်သူများက အခြေခံမှုများကို လက်တွေ့တွင် မည်သို့ အဓိပ္ပာယ်ဖွင့်သည်ကို နားလည်ရန် ကြိုးစားထားရမည်။ လုပ်ငန်းအကောင်အထည် ဖော်ရာတွင် ဖြစ်ပေါ်ကြုံတွေ့ရသည်များကို မျှဝေရန် ပူးတွဲတုံ့ပြန်မှုယန္တရားလည်း တည်ဆောက်

ထားသင့်သည်။

- နိုင်ငံတကာ အသိုင်းအဝိုင်းမှ ယင်းတို့၏ ပါဝင်မှုကြောင့် ဖြစ်ပေါ်လာသည်ကို မျှော်မှန်းချက်များကို ထိန်းညှိစီမံရန်လည်း အရေးကြီးလှပေသည်။ကတိပေးမှုကို နည်းနည်းပဲပေးပြီး အောင်မြင်မှု ပိုများအောင် လုပ်ဆောင်မှုကို လက်စွဲထားရမည်။

### ၃.၃.၅။ ရိုးရှင်းပြီး လက်တွေ့ကျသော ညှိနှိုင်းမှုရှိသည့် ပြောင်းလွယ်ပြင်လွယ်သော ရန်ပုံငွေယန္တရားအပေါ် သဘောတူညီခြင်း

- ရန်ပုံငွေယန္တရားသည် ပတ်ဝန်းကျင်အခြေအနေ၏ လှုပ်ရှားနေသောအရွေ့ပေါ်မူတည်ပြီး ပိုမိုတုံ့ပြန်မှု အားကောင်းသင့်သည်။ အကျိုးထိရောက်မှုရှိအောင် ယင်းတို့၏ စုပေါင်းပူးပေါင်း ပါဝင်မှုပိုရှိရန်လိုသည်။

- မိတ်ဖက်အဖွဲ့များသည် ရိုးရှင်းပေါ့ပါးပြီး လက်တွေ့ကျသော ညှိနှိုင်းရေးယန္တရားအပေါ် သဘောတူညီသင့်ကာ ဤယန္တရားများက နိုင်ငံရေးနှင့် ပဋိပက္ခ ဆန်းစစ်မှုကိုမျှဝေရန်၊ ကိစ္စရပ်နှင့် စိုးရိမ်မှုအပေါ် အားလုံးတူညီသော ဘုံနားလည်မှုရှိစေရန်နှင့် မဟာဗျူဟာကျသော ပန်းတိုင်နှင့် ပိုမိုပူးပေါင်းပါဝင်မှု ရရှိရေးကို အထောက်အကူဖြစ်စေရန် အခွင့်အရေးပေးမည်ဖြစ်သည်။

- အလှူရှင်များသည် တုံ့ပြန်မှုအားကောင်းသော ရန်ပုံငွေယန္တရားကို တည်ထောင်သင့်ပြီး သင့်လျော်ပြီး လက်တွေ့ကျသောအချိန်တွင် ဘုံရန်ပုံငွေ ယန္တရား တည်ထောင်သင့်ကာ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ၏ ဖွဲ့စည်းတည်ဆောက်ပုံနှင့် ရပ်ရွာအဖွဲ့အစည်းများနှင့် အတတ်နိုင်ဆုံး တိုက်ရိုက်လုပ်ကိုင်ရာ၌ လုပ်နိုင်စွမ်းကန့်သတ်ချက်၊ ပါဝင်သော စွန့်စားရမှုတို့ကို ချိန်ညှိနိုင်အောင် ပြောင်းလွယ်ပြင်လွယ်ပြီး ရန်ပုံငွေယန္တရားဖြစ်သင့်သည်။

### ၃.၃.၆။ အမျိုးသားငြိမ်းချမ်းရေး အစီအစဉ်တွင် အားလုံးပါဝင်သော လုပ်ငန်းစဉ်ဖြစ်အောင် အားပေးခြင်း

- အမျိုးသားငြိမ်းချမ်းရေးအစီအစဉ် လုပ်ငန်းစဉ်အား စတင်သင့်သည်။ သို့သော် အစိုးရမဟုတ်သော လုပ်ဆောင်သူများဖြစ်သည့် အထူးသဖြင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့၊ လူမှုအဖွဲ့အစည်းနှင့်ရပ်ရွာများနှင့် နီးကပ်စွာ ဆွေးနွေးတိုင်ပင်ကာ စီစဉ်လုပ်ဆောင်သင့်သည်။ ထိုလုပ်ဆောင်မှု လုပ်ငန်းစဉ်သည် ရလဒ်နည်းတူ အရေးကြီးသည်။ လုပ်ငန်းစဉ်သည် ယုံကြည်မှုတည်ဆောက်ခြင်းအတွက် အခွင့်အရေးပေးနိုင်ပြီး အားလုံးပါဝင်ခြင်း မရှိလျှင် အစိုးရမှ ရပ်ရွာများအပေါ် ဖိနှိပ်မှုပုံစံ နောက်တစ်ခုဖြစ်လာရန်နှင့် ပဋိပက္ခကို ပိုမိုဆိုးရွားလာစေရန် အန္တရာယ်ရှိသည်။

- ဘေးဖယ်ထားသည်ဟု ထင်မြင်ခံစားရမှုနှင့် ဖျက်လိုဖျက်ဆီးလုပ်လိုသူများဖြစ်လာနိုင်မှုမှ ကာကွယ်ရန် ဆွေးနွေးတိုင်ပင်မှုဆိုင်ရာ အခြေခံမှုကို ရှာဖွေသတ်မှတ်သင့်သည်။

- နိုင်ငံတကာအလှူရှင်များသည် ငြိမ်းချမ်းရေး တည်ဆောက်ရေးအစီအစဉ်နှင့် အစိုးရတွန်းအားပေးသော အစီအစဉ်ကို အဓိကရောင်ပြန်ဟပ်သော နည်းပညာ၊ ကဏ္ဍအာရုံစိုက်မှု အစီအစဉ်ကြားကွဲပြားမှုကို အသိအမှတ်ပြုရန် လိုအပ်သည်။ ယင်းအစီအစဉ်နှစ်ခုလုံးတွင် အစိုးရ၏ အခန်းကဏ္ဍမှာ အရေးပါသော်လည်း ငြိမ်းချမ်းရေး တည်ဆောက် ရေးအစီအစဉ်သည် အစိုးရမဟုတ်သော လှုပ်ရှား သူများထံမှ ခိုင်မာသော ဆွေးနွေးတိုင်ပင်မှု သွင်းအားစုနှင့် လမ်းကြောင်းများ အရင်လိုအပ်ပေသည်။ အစိုးရအား လုပ်ငန်းစစ် စီစဉ်ရာ၌ ကြားနေသူ သို့မဟုတ် ထိန်းချုပ်မောင်းနှင်သူအဖြစ် မမြင်သင့်ပေ။ ဆိုခဲ့သကဲ့သို့ အထက်ပါ အကြံပြုချက်များမှာ MPSI ၏ အစောပိုင်းကာလ နှစ်နှစ်လုပ်ငန်းများမှ ရရှိလာပြီး မြန်မာငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို ထိရောက်စွာ အထောက်အပံ့ပေးနိုင်ရန် ရှေ့ဆက်ကြိုးစားလုပ်ဆောင်မှုများအား ပိုမိုသင့်တော် အောင်လုပ်ဆောင်နိုင်စေလိုသော ဆန္ဒဖြင့် မျှဝေခြင်းဖြစ်သည်။

## နောက်ဆက်တွဲ ၁။ ။ (MPSI) မြန်မာငြိမ်းချမ်းရေး အထောက်အကူပြုအဖွဲ့မှ ထောက်ပံ့ပေးသော စီမံကိန်းများကို ချုံငုံသုံးသပ်ခြင်း

**(MPSI) မြန်မာငြိမ်းချမ်းရေး အထောက်အကူပြုအဖွဲ့၏ စီမံကိန်းများတွင် ပူးပေါင်းလုပ်ကိုင်ရာတွင် အဓိကအချက်အလက်များ**

- MPSIသည် KNU, NMSP, AIP, CNF, KNPP, SSA-S/RCSS **နှင့်** DKBA တို့နှင့် ပူးပေါင်းကာ အပစ်အခတ်ရပ်စဲရေးတွင် ယုံကြည်မှုတည်ဆောက်ခြင်းနှင့် ကတိကဝတ်ပြုထားသည်များကို ဆန်းစစ်မည့် စီမံကိန်းများ လုပ်ဆောင်စေရန် စတင်နှိုးဆော်ကူညီထောက်ပံ့ခဲ့သည်။

- MPSI၏ စမ်းသပ်စီမံကိန်းများသည် **လူသားချင်းစာနာထောက်ထားသည့် နေရာများ** ဖွင့်လှစ်ထားပြီး **ဝေးလံခေါင်သီကာ ဘေးအန္တရာယ်ကျရောက်သော ဒေသမှ လူများအတွက်လည်း** အစားအသောက်၊ ဆေးဝါး၊ အသုံးအဆောင်ပစ္စည်းများနှင့် ကျောင်းသုံးပစ္စည်းများ အပါအဝင် ထောက်ပံ့မှုများ ပို့ဆောင်ခဲ့သည်။

- **တစ်သိန်းကျော်သော ပြည်သူလူထုများအား အခြေခံလူ့အခွင့်အရေးနှင့် လွတ်လပ်စွာ သွားလာခွင့်ကို ပေးဆောင်နိုင်သည့် သက်သေခံကတ်ပြားကို** ရရှိအောင် လုပ်ဆောင်ခဲ့သည်။ များပြားသော မိတ်ဖက်အဖွဲ့များမှ တစ်ဆင့် စီမံကိန်းများသည် ချင်း၊ ရှမ်း၊ မွန်၊ ကရင်၊ ကယား **တိုင်းရင်းသားများ ငါးပြည်နယ်**နှင့် ပဲခူး၊ တနင်္သာရီ**တိုင်းဒေသကြီး ၂ နေရာမှ** ဒေသခံပူးပေါင်း လုပ်ဆောင်သူများ၏ ပူးပေါင်းဖြည့်ဆည်းမှုများကြောင့် ပိုမိုကျယ်ပြန့်စွာ ရောက်ရှိသည်။ စီမံကိန်းများကို ဒေသခံမိတ်ဖက်အဖွဲ့များ ၁၃ဖွဲ့ (၄ ဖွဲ့သည် လုပ်ငန်းဖော်ဆောင်ရေး ညွှန့်ပေါင်းအဖွဲ့ဖြစ်သည်) နှင့် နိုင်ငံတကာ မိတ်ဖက်အဖွဲ့များ ၉ ဖွဲ့နှင့် ပူးပေါင်းကာ ပို့ဆောင်သည်။ နော်ဝေ၊ ဖင်လန်၊ နယ်သာလန်၊ ဒိန်းမတ်၊ ယူကေ၊ ဆွစ်ဇာလန်၊ ဥရောပသမဂ္ဂအဖွဲ့နှင့် ဩစတြေးလျ တို့မှ **ငွေကြေးထောက်ပံ့မှုများသည် အလျှော့အတင်း ပြုလုပ်နိုင်ကာ တာဝန်ခံမှုရှိခြင်း**

**ချဉ်းကပ်ခြင်းနည်းလမ်း ၁။ ။ ယုံကြည်မှု တည်ဆောက်ခြင်းနှင့် ငြိမ်းချမ်းရေးဖြစ်စဉ်ကို စမ်းသပ်မှုပြုလုပ်ခြင်း - လူထုအား အကူအညီပေးခြင်း၊ နှစ်ဦးနှစ်ဘက် အချေအတင်ဆွေးနွေးမှု အခွင့်အလမ်း ဖန်တီးပေးခြင်းနှင့်အတူ လူသားခြင်း စာနာထောက်ထားရေးဆိုင်ရာလုပ်ဆောင်မှု ပိုမိုကျယ်ပြန့်လာစေခြင်း။**

### ပဲခူးတိုင်းဒေသကြီး အရှေ့ဘက်ခြမ်း - ကျောက်ကြီး စမ်းသပ်စီမံကိန်းပရိုဂျက်

စီမံကိန်းနယ်မြေ၊ ကဲဒါးကျေးရွာအုပ်စု၊ ပဲခူးတိုင်းဒေသကြီး အရှေ့ဘက်ခြမ်း၊ ဒုတိယစီမံချက် ကာလတိုးချဲ့လုပ်ကွင်း သုံးနေရာ၊ ကွီးလား (ကဲဒါးနှင့် ကပ်လျက်အခြားရွှေ့ပြောင်း ဒုက္ခသည် (IDP) ကျေးရွာအုပ်စု)နှင့် အစိုးရထိန်းချုပ် နယ်မြေ အတွင်းရှိ ရွှေ့ပြောင်းလုပ်ကွင်းနှစ်နေရာ။

စီမံကိန်းကာလ။ ။ ဇွန်လမှ ဒီဇင်ဘာလအထိ ၂၀၁၂ ခုနှစ် (ပထမစီမံချက်ကာလ)နှင့် စက်တင်ဘာလ ၂၀၁၃ ခုနှစ်မှ ဒီဇင်ဘာလ ၂၀၁၄ ခုနှစ် (ဒုတိယစီမံချက်ကာလ)။

စီမံကိန်းမိတ်ဖက်အဖွဲ့များ။ ။ CIDKP နှင့် KORD (NPA ၏ ထောက်ပံ့မှုဖြင့်)

ထောက်ပံ့သော စီမံကိန်းရန်ပုံငွေ။ ။ဒေါ်လာ၁၆၀,၀၀၀ (ပထမ စီမံချက်ကာလ)၊ ဒေါ်လာ ၂၉၂,၀၀၀ (ဒုတိယ စီမံချက်ကာလ)။

အလှူရှင်။ ။ AusAid နှင့် Norwegian နိုင်ငံခြားရေး ဝန်ကြီးဌာန (စီမံချက်ကာလနှစ်ခုလုံးကို Norwegian ရန်ပုံငွေဖြင့် စတင်လုပ်ဆောင်သည်)

MPSI ၏ ပံ့ပိုးအားဖြည့်မှုပမာဏ- **မြင့်မား**။ ။ ဆွေးနွေးမှုနှင့် ညှိနှိုင်းတိုင်ပင်မှုများတွင် လွယ်ကူချောမွေ့စေရန် ပံ့ပိုးမှုများကို တိုက်ရိုက်ဆောင်ရွက်ခြင်း၊ ဘေးအန္တရာယ်ကျရောက်သော ဒေသများတွင် ကြားခံအဖြစ် ဝင်ရောက်ခြင်း၊ အထောက်အပံ့ပေးသူများဘက်မှ လိုလားသော လုပ်ဆောင်ချက်များနှင့် ငွေကြေးသုံးစွဲမှုများအတိုင်း လုပ်ကိုင်အသုံးပြုရန် ဒေသခံမိတ်ဖက်အဖွဲ့များကို ဝိုင်းဝန်းကူညီခြင်းနှင့် အလှူရှင်များနှင့် ဖြည့်ဆည်းလုပ်ဆောင်မည့် မိတ်ဖက်အဖွဲ့များနှင့် ချိတ်ဆက်ပေးခြင်း။

- ပြည်တွင်းပဋိပက္ခများကြောင့် ယခင်က လက်လှမ်းမမီနိုင်သော ဒေသအတွင်းရှိ စစ်ဒဏ်သင့် ရွှေ့ပြောင်းဒုက္ခသည်လူထုအား အထောက်အပံ့ပေးခြင်း။ KNU၊ အစိုးရနှင့် အောက်ခြေလူထုများ ပူးပေါင်းသဘောတူညီမှုဖြင့် စီမံကိန်းလုပ်ကွင်းနေရာဒေသ သတ်မှတ်ခြင်း၊ စီမံကိန်း ဒီဇိုင်းရေးဆွဲခြင်း။

## နိုင်ငံရေး အခင်းအကျင်း

အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်ကို ၂၀၁၂ ဇန်နဝါရီလနှင့် ဧပြီလထဲတွင် မြန်မာအစိုးရနှင့် KNU တို့က စစ်ရေးနှင့် လုံခြုံရေးဆိုင်ရာ အာမခံချက်နှင့် အဓိကစပ်လျဉ်း၍ လက်မှတ်ရေးထိုးခဲ့ကြသည်။ ရရှိလာသော သဘောတူညီမှုများမှ အပိုဒ်နှစ်ပိုဒ်ပါ ဖော်ပြချက်အရ ပြည်သူလူထု၏ အသက်အိုးအိမ် စည်းစိမ်များ အာမခံရရှိရေး၊ ရပ်ရွာလုံခြုံမှုနှင့် ကြောက်ရွံ့မှု ကင်းစင်ရေး၊ ရပ်ရွာပြန်လည် ထူထောင်ရေး စသည်တို့အတွက် ပဋိပက္ခဇုန်အတွင်းရှိ လူထုအား အကူအညီပေးရေးတို့ကို နှစ်ဦးနှစ်ဖက်ကြား ဝန်ခံကတိပြုခဲ့ကြသည်။

စီမံကိန်းဖော်ဆောင်ရန် နေရာဒေသ သတ်မှတ်ရေး အပါအဝင် ကျောက်ကြီး စမ်းသပ်စီမံကိန်းပရိုဂျက်အား အကောင်အထည်ဖော်ရန် KNU ၏ တောင်းဆိုချက်ကို မြန်မာအစိုးရ (ဝန်ကြီး ဦးအောင်မင်း) မှ သဘောတူခွင့်ပြုခဲ့သည်။ စီမံကိန်းရည်ရွယ်ချက်များမှာ စမ်းသပ်စီမံကိန်း ဧရိယာအတွင်းရှိ ရွှေ့ပြောင်းဒုက္ခသည်များအတွက် ရပ်ရွာပြန်လည် ထူထောင်ရေး လုပ်ငန်းစဉ်အား အလျင်အမြန် အကူအညီပေးခြင်း၊ စစ်ဘက်ဆိုင်ရာတာဝန်ရှိသူများ၊ KNU ၊ ပြည်နယ်နှင့် ရွှေ့ပြောင်းဒုက္ခသည်လူထုများတို့အကြား ပုံမှန်အနေအထားသို့ ပြန်ရောက်ရှိလာစေရန် တွန်းအားပေးခြင်း၊ မိမိဇာတိရပ်ရွာ၌ ပြန်လည်အခြေချနေထိုင်လိုသော စစ်ဘေးဒဏ်သင့် ရွှေ့ပြောင်းဒုက္ခသည်လူထုအတွက် စီစဉ်ဆောင်ရွက်ပေးခြင်း စသည်တို့ဖြစ်သည်။ နိုင်ငံရေးလုပ်ငန်းစဉ်၌ စီမံကိန်း၏ ရည်ရွယ်ချက်ပန်းတိုင်မှာ အောက်ခြေခိုင်မာမှုရရှိစေရန် လုပ်ဆောင်ခြင်းဖြင့် KNU နှင့် မြန်မာအစိုးရကြား တည်ငြိမ်ခိုင်မာသော ငြိမ်းချမ်းရေးဖြစ်စဉ် ဖြစ်ပေါ်လာစေရေးကို အထောက်အကူပြုရန် ဖြစ်ပါသည်။ ထို့ကြောင့် နိုင်ငံရေးလုပ်ငန်းစဉ်၌ စစ်ဘက်ဆိုင်ရာ တာဝန်ရှိသူများနှင့် ပြည်သူလူထုအကြား အပြန်အလှန် ယုံကြည်မှုများ တိုးတက်လာမည် ဖြစ်သည်။

သဘောတူညီချက်အရ အောက်ခြေရပ်ရွာ လူထုအတွင်း စီမံကိန်းဖော်ဆောင်သော အသင်းအဖွဲ့များအဖြစ် Committee for Internally Displaced Karen People (CIDKP) နှင့် Karen Organization for Relief and Development (KORD) တို့မှ အကောင်အထည်ဖော် လုပ်ဆောင်မည် ဖြစ်သည်။ လွတ်မြောက်နယ်မြေအတွင်း လှုပ်ရှားဆောင်ရွက်နေသည့် KNU မှ ဖွဲ့စည်းထားသော လူသားချင်းစာနာထောက်ထားမှုဆိုင်ရာအင်အားစုကဲ့သို့ နိုင်ငံရေးလုပ်ငန်းစဉ်အမြင်ရှိပြီး လက်တွေ့အကောင်အထည်ဖော်နိုင်သော ကျွမ်းကျင်လုပ်သားများကိုသာ CIDKP မှ ရွေးချယ်စေလွှတ်မည် ဖြစ်သည်။

## စီမံကိန်းဆောင်ရွက်ချက်များ

MPSI နှင့် Norwegian People's Aid (NPA) တို့၏ ပံ့ပိုးကူညီမှုဖြင့် CIDKPမှ ကမကထပြုလုပ်သော လူထုများ ပါဝင်သည့် ရပ်ရွာလိုအပ်ချက်များ ဆန်းစစ်လေ့လာခြင်း လုပ်ငန်းစဉ်မှ တွေ့ရှိချက်များ အပေါ်မူတည်၍ မျှော်မှန်းရလဒ်နှစ်ခုရရှိရန် စီမံကိန်းရေးဆွဲခဲ့သည်။ ၁) ရွှေ့ပြောင်း ဒုက္ခသည်လူထုများ လက်ငင်းလိုအပ်သော အထောက်အပံ့ပစ္စည်းများကို လူထုသို့

အောင်မြင်စွာ ပို့ဆောင်ပေးနိုင်ခြင်းအားဖြင့် ပြန်လည်နေရာချထားရေးနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းစဉ်အား ပိုမိုကျယ်ပြန့်စွာ လုပ်ဆောင်နိုင်စေသည့် နိုင်ငံတော်အစိုးရနှင့် စစ်တပ်အခန်းကဏ္ဍ ငြိမ်းချမ်းရေး ဖော်ဆောင်မှုလုပ်ငန်းများအား ခိုင်ခိုင်မာမာ ပံ့ပိုးပေးနိုင်ရန်၊ ၂) ရွှေ့ပြောင်းဒုက္ခသည်လူထုများ လက်ငင်းလိုအပ်သောအထောက်အပံ့ပစ္စည်းများကို လူထုသို့ အောင်မြင်စွာ ပို့ဆောင်ပေးနိုင်ခြင်းအားဖြင့် အကူအညီ အထောက်အပံ့ရရှိသော လူထုကိုယ်တိုင် ပြန်လည်ထူထောင်ရေးလုပ်ငန်းစဉ် အဆင့်ဆင့်အတွက် ကြိုတင်ပြင်ဆင်နိုင်ရန်နှင့် ၎င်းတို့၏ နဂိုအခြေအနေသို့ ပြန်ရောက်စေရန် အားပေးခြင်း၊ စသည်တို့အပြင် (မြေမြှုပ်မိုင်းများ ဖယ်ရှားခြင်း မရှိသေးသော မိမိ၏ ဇာတိရပ်ရွာတွင် ပြန်လည်နေထိုင်ခြင်းထက်) မြေမြှုပ်မိုင်းများ ဖယ်ရှားပြီးသည့် အချိန်အထိ လက်ရှိနေထိုင်လျက်ရှိသော ကျေးရွာများအတွင်း၌ စိတ်ချလုံခြုံစွာ သက်ရှင်နေထိုင် လုပ်ကိုင်စားသောက်နိုင်ရန်။

ကျောက်ကြီး စမ်းသပ်စီမံကိန်း ပရိုဂျက်သည် MPSI ၏ ခွင့်ပြုချက်ဖြင့် ပထမဦးဆုံး အကောင်အထည်ဖော်လုပ်ဆောင်သော လုပ်ကွင်းဖြစ်သည်။ ပဲခူးတိုင်းဒေသကြီး အရှေ့ဘက်ခြမ်း၊ KNU နှင့် ကရင်အမျိုးသားလွတ်မြောက်ရေး တပ်မတော် တပ်မဟာ (၃) ၏ ထိန်းချုပ်ဧရိယာအတွင်း၊ ထိုင်းမြန်မာ နယ်စပ်သို့သွားသည့် လမ်းမပေါ်၊ ကျောက်ကြီး၏ အရှေ့မိုင်နှစ်ဆယ်ခန့် ဝေးကွာသော တောင်ကုန်း တောင်တန်းရှိ မူးသဲ/ကဲဒါး ကျေးရွာအုပ်စုအတွင်းတွင် စီမံကိန်းကို အကောင်အထည်ဖော်ခြင်းဖြစ်သည်။ မပြီးဆုံးနိုင်သေးသော ပြည်တွင်းစစ်ပွဲပဋိပက္ခများကြောင့် ကျောက်ကြီးမြို့နယ်သည် ပြင်ပကူညီသူများ (နိုင်ငံတကာ လူသားချင်းစာ နာထောက်ထားမှု အကူအညီပေးသော ဌာနများအပါအဝင်) လက်လှမ်းမမီနိုင်သော ဒေသအဖြစ် တည်ရှိခဲ့သည်မှာ နှစ်ပေါင်းများစွာ ကြာမြင့်ခဲ့ပြီ ဖြစ်သည်။ ဇွန်လ ၂၀၁၂ ခုနှစ်မှ စတင်၍ ဒီဇင်ဘာလ ၂၀၁၂ ခုနှစ်အထိ ပထမစီမံချက်ကာလတွင် စစ်ဘေးဒဏ်သင့် ရွှေ့ပြောင်းဒုက္ခသည်လူထု ၁၅၈၅ ဦးအား ဆန်နှင့် စားနပ်ရိက္ခာ မဟုတ်သော ပစ္စည်းများ (အဝတ်အထည်၊ ကျောင်းသားကျောင်းသူများအတွက် ကျောင်းသုံးကိရိယာများ၊ ဆေးဝါးပစ္စည်းများ၊ စိုက်ပျိုးရေး ကိရိယာများ)ကို ကူညီထောက်ပံ့နိုင်ခဲ့သည်။ NPA မှ နေ၍ ငွေကြေးစီမံခန့်ခွဲမှုဆိုင်ရာ ဘာသာရပ်နှင့် လူထုစွမ်းဆောင်ရည် မြှင့်တင်ရေးသင်တန်းကို ပြုလုပ်နိုင်ခဲ့ပါသည်။

ဧပြီလ ၂၀၁၂ ခုနှစ်အတွင်း၌ CIDKPမှ စစ်ဘေးဒဏ်သင့် ရွှေ့ပြောင်းဒုက္ခသည်လူထုနှင့် လက်တွဲပူးပေါင်း၍ ရပ်ရွာလူထု လိုအပ်ချက်လေ့လာဆန်းစစ်မှုလုပ်ငန်းစဉ်ကို (FAFO နှင့် Norwegian Research Foundation တို့ကပံ့ပိုး) ပြုလုပ်ခဲ့ပါသည်။ မိသားစု (၄)စုတွင် (၃)စုက နောင်အခါ တွင် မိမိနေရင်း ဇာတိရပ်ရွာသို့ ပြန်သွားလိုခြင်း (အချို့သော မိသားစုများက မိမိနေရင်း ဒေသသို့ ပြန်သွားပြီး အချို့က အခြေအနေကို လေ့လာသုံးသပ်နေဆဲ)၊ ၂၃% က နေရာဒေသသစ်သို့ ပြောင်းရွှေ့နေထိုင်လိုခြင်းနှင့် ၄% က မိမိရှိရင်း စွဲနေရာဒေသတွင် အခြေချနေထိုင်လိုကြောင်း စသည်တို့ကို လေ့လာတွေ့ရှိခဲ့သည်။ သို့သော်လည်းပဲ မြေမြှုပ်မိုင်းများ ဖယ်ရှားခြင်းမရှိသေးသည့်အတွက် မိမိနေရင်း ဇာတိရပ်ရွာသို့ ပြန်လည်အခြေချနေထိုင်လိုသူများအတွက် အသက်မွေးဝမ်းကျောင်းလုပ်ငန်း ရေရှည်လုပ်ကိုင်ရန် အသက်လုံခြုံ စိတ်ချမှု မရှိပါ။ ပြီးသည့်နောက် စားနပ်ရိက္ခာလုံလောက်မှု မရှိခြင်းနှင့် အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်သည် အချိန်မရွေး ပျက်ပြယ်သွားနိုင်ပြီး ဗမာစစ်တပ်က ကျေးရွာလူထုအပေါ် ထပ်မံတိုက်ခိုက်လာနိုင် ချေရှိခြင်း ကဲ့သို့သော စိုးရိမ်ကြောက်လန့်မှု စသည်တို့ကို လေ့လာဆန်းစစ်မှုလုပ်ငန်းစဉ်မှ ထပ်မံတွေ့ရှိခဲ့သည်။ ရပ်ရွာလူထုမှ တက်ကြွစွာ ပူးပေါင်းပါဝင်မှု၊ MPSI နှင့် NPA တို့၏ ပံ့ပိုးကူညီမှုများဖြင့် စီမံကိန်းအဆိုပြုလွှာကို CIDKPမှ လူထုလိုအပ်ချက် လေ့လာဆန်းစစ်မှု လုပ်ငန်းစဉ်အပေါ် အခြေတည် ရေးဆွဲခဲ့ပါသည်။ ထိုင်းနိုင်ငံအခြေစိုက် ကရင်လူထုအခြေပြုအသင်းအဖွဲ့များ၊ ပြည်တွင်း ကရင်လူထု အခြေပြုအသင်းအဖွဲ့များ စသည့်သို့ အသင်းအဖွဲ့များ၊ ပူးပေါင်းပံ့ပိုးကူညီသူများ အားလုံးနှင့် MPSI က အစည်းအဝေးများစွာ ပြုလုပ်ခဲ့ရသည်။ လျင်မြန်စွာ ရွေ့လျားနေသော ငြိမ်းချမ်းရေး တည်ဆောက်ခြင်း လုပ်ငန်းစဉ်အား အထောက်အကူဖြစ်စေရန် ဆွေးနွေးညှိနှိုင်း ကြိုးစားလုပ်ဆောင်နေသောအရာများသည် လူထု၏ အဆောတလျင် လိုအပ်ချက်များနှင့်လည်း ကိုက်ညီမှုရှိရပါမည်။ ပြီးသည့် နောက်ကျေးရွာလူထုက လွန်စွာလိုအပ်လျက်ရှိသော ထောက်ပံ့ပစ္စည်းများကို မိုးရာသီ မတိုင်ခင်၌ အရောက်ပို့ဆောင်ပေးအပ်နိုင်ခဲ့သည်။ သို့သော်လည်း မိုးရာသီကာလဖြစ်သည့်အတွက် နှောင့်နှေးကြန့်ကြာမှု

များနှင့် အခက်အခဲ ပေါင်းများစွာ ကြုံတွေ့ခဲ့ရပါသည်။ CIDKP အောက်ခြေ ဝန်ထမ်းများ၏ တူနိုင်းမဲ့ ကြိုးစား အားထုတ်မှုများကြောင့်သာ စီမံကိန်းသည် ကြီးစွာသော အောင်မြင်မှုကို ရရှိခဲ့ခြင်း ဖြစ်ပါသည်။ ကျေးဇူးအထူး တင်ကြောင်း ဖော်ပြလိုပါသည်။

**စောင့်ကြည့်ထိန်းသိမ်းခြင်း၊ လေ့လာသင်ယူခြင်းနှင့် ပြန်လည်သုံးသပ်ခြင်း**

စီမံကိန်းသည် သက်ဆိုင်ရာ ကျေးရွာလူထု၊ KNU/ KNLA နှင့် ဗမာစစ်တပ် စသည်တို့အကြား မျှော်မှန်းထားသည့် အတိုင်းအတာထက် ကျော်လွန်လျက် ဆက်သွယ်ဆောင်ရွက်ခြင်းနှင့် စေ့စပ်ညှိနှိုင်းခြင်း လမ်းကြောင်းတစ်ခုကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့သည်။ စစ်ဘေးဒဏ်သင့်ရွှေ့ပြောင်းဒုက္ခသည်လူထု အဖွဲ့ဝင်များသည် ဒေသအတွင်းရှိ စစ်ဖက်အာဏာပိုင်များ၊ ပဲခူးတိုင်းနယ်စပ်ရေးရာနှင့် လုံခြုံရေးဝန်ကြီး အပါအဝင် သက်ဆိုင်ရာအာဏာပိုင်များဆီသို့ ၎င်းတို့၏ ပြဿနာအခက်အခဲများကို တိုက်ရိုက် တင်ပြနိုင်ခဲ့သည်။ ဤအချက်သည် စီမံကိန်းအတွက် လွန်စွာအရေးပါသော အချက်တစ်ခု ဖြစ်ပါသည်။ အဘယ်ကြောင့်ဆိုသော် လက်နက်ကိုင်ပဋိပက္ခကြောင့် ဆိုးကျိုးခံစားနေရလျက်ရှိသော စစ်ဘေးဒဏ်သင့်ရွှေ့ပြောင်းဒုက္ခသည် ကရင်လူထုသည် ပထမဆုံးအကြိမ်အဖြစ် ၎င်းတို့၏ လိုလားချက်များနှင့် ဒုက္ခပြဿနာများကို ဖော်ထုတ်တင်ပြသည့် တွေ့ဆုံမှုများကို အကြိမ်များစွာ ပြုလုပ်နိုင်ခဲ့သည်။

မေလ ၁၆ ရက်နေ့ ၂၀၁၂ ခုနှစ်တွင် KNU/ KNLA ခေါင်းဆောင်များ (ထူးထူးလေး, KNU စစ်ဘက်ရေးရာ ကော်မတီအတွင်းရေးမှူး၊ KNLA တပ်မဟာ ၃ ဗျူဟာမှူး၊ KNUခရိုင်သဘာပတိ)၊ နော်ဝေနိုင်ငံ နိုင်ငံခြားရေး ဒုဝန်ကြီးနှင့် သံအမတ်ကြီး၊ မြန်မာအစိုးရ (လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်ရီ၊ တိုင်းဒေသ/မြို့နယ်အရာရှိများ)၊ စစ်ဘေးဒဏ်သင့်ရွှေ့ပြောင်းဒုက္ခသည်လူထု ကိုယ်စားလှယ်များ (အများအားဖြင့် ကျောက်ကြီးကို ရောက်ဖူးခြင်း မရှိ)၊ စသည်တို့ ပါဝင်သော တွေ့ဆုံအစည်းအဝေးကို ကျောက်ကြီး၌ ကျင်းပနိုင်ခဲ့သည်။ ဤအစည်းအဝေး၌ ကျောက်ကြီးတွင် CIDKP စီမံကိန်း ရုံးခန်းဖွင့်လှစ်ရန် ခွင့်ပြုချက်ရစေသည့် သာမက အခြားအလားအလာကောင်းသော ရည်မှန်းချက်များ ချမှတ်နိုင်ခဲ့သည်။ သို့သော်လည်းပဲ တချို့ကိစ္စများ၌ စစ်ဘေးဒဏ်သင့် ရွှေ့ပြောင်းဒုက္ခသည်လူထုများက စိုးရိမ်ကြောက်လန့်မှု ရှိနေသေးကြောင်း တွေ့ရှိရသည်။ ထို့ကြောင့် စစ်ဘေးဒဏ်သင့် ရွှေ့ပြောင်းဒုက္ခသည်လူထု ကိုယ်စားလှယ် ၃၀ ဦးခန့်၊ KNU/KNLA တပ်မဟာ ၃ ဗျူဟာမှူး၊ KNU၏ ခရိုင်နှင့် မြို့နယ်သဘာပတိများ)၊ ဗမာစစ်တပ် (တပ်ရင်းမှူး)၊ နိုင်ငံတော်အစိုးရ (ပဲခူးတိုင်းနယ်စပ်နှင့် လုံခြုံရေးဝန်ကြီး) စသည်တို့ တက်ရောက်ပြီး လက်ရှိပကတိဖြစ်ပျက်နေသည့် အခြေအနေမှန်ကို ဆွေးနွေးသုံးသပ်သည့် နောက်ဆက်တွဲ အစည်းအဝေးအား ဇွန်လ ၁၁ ရက်နေ့၌ စမ်းသပ်စီမံကိန်း ပရိုဂျက်နှင့်နီးသော မူးသဲရွာတွင် ဆက်လက်ကျင်းပခဲ့သည်။ အစည်းအဝေး၌ ဘက်ပေါင်းစုံ၏ အမြင်သဘောထားများ အခက်အခဲများကို ဖော်ထုတ်ဆွေးနွေးခွင့်ရစေသည့် သာမက စီမံကိန်းတိုးတက်အောင်မြင်မှုအကြောင်းကိုလည်း အကျဉ်းချုံး တင်ပြနိုင်ခဲ့သည်။ ဤထူးခြားသော တွေ့ဆုံပွဲတွင် စစ်ဘေးဒဏ်သင့် ရွှေ့ပြောင်းဒုက္ခသည် လူထုခေါင်းဆောင်တစ်ဦးက မြန်မာ့တပ်မတော် ဗိုလ်မှူးကြီး (ပဲခူးတိုင်းဒေသဝန်ကြီး)အား "နောင်အခါမှာ ခင်ဗျားတို့က ကျွန်တော်တို့ ရွာတွေကို မီးမရှို့ဘူးလို့ အာမခံနိုင်လား" ဟူ၍ မေးမြန်းခဲ့သည်။ ဗမာစစ်တပ်သည် ကျေးရွာများကို မီးရှို့ဖျက်ဆီးခြင်း ပြုလုပ်တော့မည် မဟုတ်ကြောင်း၊ ရပ်ရွာလူထုမှ ယုံကြည်ရန် ခက်ခဲလိမ့်မည်ကို နားလည်ကြောင်း ဤကဲ့သို့ ဝန်ကြီးမှ ပြန်လည်ဖြေကြားခဲ့သည်။ ၎င်းကိုယ်တိုင် အစည်းအဝေး တက်ရောက်လာခြင်းသည် ငြိမ်းချမ်းရေး တည်ဆောက်နေသော နိုင်ငံတော်အစိုးရသစ်၏ သဘောထားအမှတ်သင်္ကေတဖြစ်ကြောင်း၊ ထို့နောက် ယုံကြည်မှုတည်ဆောက်ခြင်းသည် အချိန်များစွာ ယူ၍ ဆွေးနွေးညှိနှိုင်းရန် လိုအပ်သည်ဟု မိမိ ယုံကြည်ကြောင်း ဆက်လက်ပြောကြားခဲ့သည်။

၂၀၁၂ ခုနှစ် စက်တင်ဘာလ MPSI ၏ ကြည့်ရှုစစ်ဆေးခြင်း ခရီးအတွင်းတွင် ပူးတွဲအစည်းအဝေးတစ်ခုကို ကျင်းပနိုင်ခဲ့သည်။ ထိုအစည်းအဝေးတွင် ပဲခူးတိုင်းဒေသကြီး နယ်စပ်ရေးရာနှင့် လုံခြုံရေးဝန်ကြီး၊ ဗမာစစ်တပ်မှ တပ်ရင်းမှူး၊ KNDO ဗိုလ်ကြီး (KNU စစ်ရေးညာတောင်ပံ)၊ KNU မြို့နယ်အရာရှိများ၊ CIDKP တာဝန်ရှိ

ပုဂ္ဂိုလ်များနှင့် ကဲဒါးမှ စစ်ဘေးဒဏ်သင့် ရွှေ့ပြောင်းဒုက္ခသည် လူထု ၃၀ဦးဝန်းကျင်ခန့် တက်ရောက်ခဲ့သည်။ အခြားအစည်းအဝေးများနှင့် အလားတူပင် KNU ထိန်းချုပ်နယ်မြေအတွင်းရှိ စစ်ဘေးဒဏ်သင့် ရွှေ့ပြောင်းဒုက္ခသည်လူထုများက နိုင်ငံတော်အစိုးရ ကိုယ်စားလှယ်များသို့ တိုက်ရိုက်ဆက်သွယ် ပြောဆိုတင်ပြခွင့်ကိုသော်လည်းကောင်း၊ မိမိလုံခြုံရေးအတွက် အာမခံချက်ရရှိရေး တိုက်ရိုက်တောင်းဆိုခွင့်နှင့် မိမိပြဿနာ အခက်အခဲများကို ထုတ်ဖော်တင်ပြခွင့် စသည့်အခွင့်အရေးများ ရရှိခဲ့သည်။ အစိုးရ ထိန်းချုပ်နယ်မြေအတွင်း မိမိတို့ ဖြတ်သန်းသွားလာသည့်အခါတွင် ဗမာစစ်တပ်က ခေါ်ယူစစ်ဆေးမေးမြန်းမည်ကို ကြောက်ရွံ့ထိတ်လန့်ကြောင်း ရွာသူ၊ ရွာသားများက ခရီးစဉ်ဖြင့် ရောက်ရှိလာကာ အစိုးရဝန်ကြီးအား တင်ပြခဲ့ကြသည်။ တင်ပြချက်များကို ကြားနာပြီးနောက် နောင်အခါတွင် ရွာသူရွာသားများအား ခေါ်ယူစစ်ဆေး မေးမြန်းခြင်း မပြုလုပ်ရန် နယ်မြေတပ်ရင်းမှူးအား တိုက်ရိုက်ညွှန်ကြားထားပြီးဖြစ်ကြောင်း ဝန်ကြီးမှ ပြန်လည်ချေပပြောဆိုခဲ့သည်။ တွေ့ဆုံဆွေးနွေးပွဲ ပြီးသည့်နောက်ပိုင်း မိုးတွင်းကာလဖြစ်ခြင်းကြောင့် စီမံကိန်း လုပ်ကွင်းတည်နေရာအထိ ထောက်ပံ့ပစ္စည်းများ ပို့ဆောင်ရန် ခက်ခဲသည်။ ထို့ကြောင့် အစိုးရစစ်စခန်းနှင့် အနီးဆုံးနေရာတွင်သာ ပို့ပေးနိုင်ခဲ့သည့် ထောက်ပံ့ပစ္စည်းများကို ဟန့်တားမှု တစ်စုံ တစ်ရာမရှိဘဲ လက်ခံရရှိကြောင်း စစ်ဘေးဒဏ်သင့် ရွှေ့ပြောင်းဒုက္ခသည်လူထုမှ အစီရင်ခံတင်ပြခဲ့သည်။

စီမံကိန်းထိရောက်မှုကို လေ့လာဆန်းစစ်ရန်နှင့် စီမံကိန်း အသစ်များ ထပ်မံရေးဆွဲနိုင်ရန်အတွက် နောက်ဆုံးအကြိမ် လေ့လာဆန်းစစ်ခြင်း ခရီးစဉ်ကို ၂၀၁၂ ခုနှစ်၊ နိုဝင်ဘာလ အတွင်းတွင် ပြုလုပ်ခဲ့သည်။ ဗမာစစ်တပ်၊ မူးသဲရှိ KNU ခေါင်းဆောင်များ၊ KNLAတပ်မဟာ ၃ မှ အရာရှိများတို့နှင့် တွေ့ဆုံ၍ လေ့လာဆန်းစစ်ခြင်း အင်တာဗျူးများ ပြုလုပ်ခဲ့သည်။ ငြိမ်းချမ်းရေးဖော်ဆောင်မှုလုပ်ငန်း (စီမံကိန်း ပရိုဂျက်) အပေါ် နှစ်ဘက်စလုံးရှိ စစ်ရေးအာဏာပိုင်များက အပြုသဘောအကောင်းမြင်ဝါဒရှိကြောင်း တွေ့ရှိရသည်။ လေ့လာဆန်းစစ်ခြင်း ခရီးစဉ်အစီရင်ခံစာအရ KNDO ဗိုလ်ကြီးကဲ့သို့ KNU နယ်မြေတပ်ရင်းမှူးများ၏ ထင်မြင် ယူဆချက်များကို CIDKP က ကိုးကားဖော်ပြသည်မှာ စမ်းသပ်စီမံကိန်းသည် ငြိမ်းချမ်းရေးဖော်ဆောင်မှုလုပ်ငန်းစဉ် ပထမစီမံချက်ကာလမှ စတင်၍ ဒေသတွင်း၌ အကျိုးကျေးဇူးများစွာ ဖြစ်ထွန်းစေကြောင်း၊ မတူကွဲပြားခြားနားသော အဖွဲ့များအကြား ယုံကြည်မှုတည်ဆောက်ခြင်း လုပ်ငန်းစဉ် အားကောင်းစေကြောင်း တွေ့ရှိရသည်ဟု ဖော်ပြထားသည်။ “စစ်ဘေးဒဏ်သင့် ရွှေ့ပြောင်းဒုက္ခသည် လူထုက တည်ငြိမ်အေးချမ်းစွာ နေထိုင်နိုင်ပြီ၊ အပစ်အခတ် ရပ်စဲရေးက ပြည်သူလူထုရဲ့ ကြောက်ရွံ့ထိတ်လန့်မှုတွေကို လျှော့ချနိုင်လိမ့်မယ်၊ ပြီးတော့ ရွှေ့ပြောင်းဒုက္ခသည်လူထုကလည်း လက်ရှိအခြေအနေတွေကို လေ့လာသုံးသပ်ပြီး မိမိနေရင်းဇာတိရပ်ရွာမှာ ပြန်လည်အခြေချနေထိုင်နိုင်ပြီ၊ ပြီးတော့ စစ်တပ်၊ အစိုးရနဲ့ KNU အကြား ယခင်ထက် ပိုမိုပူးပေါင်းဆောင်ရွက်ခြင်းလုပ်ငန်းကို စမ်းသပ်စီမံကိန်းက အကောင်အထည်ဖော်ပေးနိုင်ခဲ့တယ်”၊ စသည်ဖြင့် နယ်မြေတပ်ရင်းမှူးက ဤကဲ့သို့ ပြောကြားခဲ့သည်။ လေ့လာဆန်းစစ်ခြင်း ခရီးစဉ်အတွင်း တွေ့ဆုံမေးမြန်းခဲ့ရသော စစ်ဘေးဒဏ်သင့် ရွှေ့ပြောင်းဒုက္ခသည်လူထုများက ထုတ်ဖော်ပြော ဆိုသည်မှာ ယခင်ထက် လုံခြုံစိတ်ချမှု ပိုမိုရရှိလာကြောင်းပြီးသည့်နောက် ငြိမ်းချမ်းရေးဖော်ဆောင်မှုလုပ်ငန်းစဉ်နှင့် ပတ်သက်၍လည်း အကြံဉာဏ်များပေးခဲ့သည်။ အပစ်အခတ်ရပ်စဲရေး သဘောတူညီချက် ပျက်ပြယ်ပြီး နောက်တစ်ဖန် စစ်ပွဲများ ပြန်လည်ဖြစ်ပွားလာမည်ကိုလည်း အများက စိုးရိမ်မှုများရှိနေသည်။ ဤကဲ့သို့သော စိုးရိမ်မှုများ ရှိနေကြောင်း ပြီးခဲ့သည့် ၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလအတွင်းတွင် ပြုလုပ်ခဲ့သော စီမံကိန်း ပြန်လည်သုံးသပ်ခြင်း လုပ်ငန်းစဉ်၌ လေ့လာတွေ့ရှိခဲ့ရသည်။

ကဲဒါးနှင့် တိုးချဲ့လုပ်ကွင်း ၃ နေရာ၊ ဒုတိယ စီမံချက်ကာလ၊ ၂၀၁၃ ခုနှစ်၊ စက်တင်ဘာလ၊ ကွီးလား (ကဲဒါးနှင့် ကပ်လျက် အခြားရွှေ့ပြောင်းဒုက္ခသည်လူထု ကျေးရွာအုပ်စု)နှင့် အစိုးရထိန်းချုပ်နယ်မြေအတွင်းရှိ အခြားရွှေ့ပြောင်း လုပ်ကွင်း ၂ နေရာ၊ ဒုတိယစီမံချက်ကာလတွင် ပဋိပက္ခနယ်မြေအတွင်းကျရောက်နေသော လူထု၏ အသက်မွေးဝမ်းကျောင်းလုပ်ငန်း ပြန်လည်ထူထောင်ရေးကို အရေးပေးလုပ်ဆောင်ခဲ့သည်။ စစ်ဘေးဒဏ်သင့် ရွှေ့ပြောင်းဒုက္ခသည် လူထုက မိမိဇာတိရပ်ရွာသို့ ပြန်လည်အခြေချနေထိုင်နိုင်ရေးနှင့် မိမိ၏ ရိုးရာအသက်မွေးဝမ်းကျောင်း လုပ်ငန်းများကို ပြန်လည်လုပ်ကိုင်နိုင်ရေးအတွက် CIDKPက အခြား အောက်ခြေလူထုအဖွဲ့အစည်းများ၊

KORD နှင့် ပူးပေါင်း ဆောင်ရွက်ခဲ့သည်။ ငြိမ်းချမ်းရေး ဖော်ဆောင်မှုလုပ်ငန်းစဉ်၏ အဓိက သော့ချက်မှာ လူထု နှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊ ကောင်းမွန်ရန် နည်းလမ်း ရှာဖွေခြင်း၊ ရနိုင်သမျှ အခွင့်အလမ်းများကို အသုံးပြုခြင်း၊ ဒေသခံပြည်သူများက မိမိတို့၏ ဘဝကို မိမိတို့ ကိုယ်တိုင် စီမံခန့်ခွဲပိုင်ခွင့် ရရှိခြင်းနှင့် ရပ်ရွာဖွံ့ဖြိုးရေးလုပ်ငန်းများ လုပ်ဆောင်ခြင်း စသည်တို့ ဖြစ်သည်။ သို့သော် မြေမြှုပ် မိုင်းများ ဖယ်ရှားပစ်နိုင်ခြင်း မရှိသေးသည့်အတွက်ကြောင့် စစ်ဘေးဒဏ်သင့် ရွှေ့ပြောင်းဒုက္ခသည် လူထုက မိမိ ဇာတိရပ်ရွာ၌ အပြည့်အဝ ပြန်လည်အခြေချ နေထိုင် နိုင်ရန်အတွက် အခက်အခဲ အဟန့်အတားများ ရှိနေဆဲ ဖြစ်ပါသည်။

## တနင်္သာရီ - ထားဝယ်နှင့် ပုလောစီမံကိန်း

စီမံကိန်းနယ်မြေ။ ။ ကျိုက်ပီးလောင်နှင့် သာမယ်ပုလော၊ ပရိုဂျက်ငယ် ၂ နေရာ၊ မြစ်သာ တောင်ဘက် ပုလောမြို့နယ် အရှေ့ဘက်၊ တနင်္သာရီ တိုင်းဒေသကြီး၊ ဒုတိယစီမံချက် ကာလ တိုးချဲ့လုပ်ကွင်း ၂ နေရာ၊ KNU ထိန်းချုပ်နယ်မြေ ၏ အရှေ့တောင်စွန်း၊ ၁၉၉၀ ခုနှစ် ဝန်းကျင်ကတည်းက ကျေးရွာလူထုများ ပုန်းအောင်းနေထိုင်သည့် နေရာ။

စီမံကိန်းကာလ။ ။ ပထမစီမံချက်ကာလ၊ ၂၀၁၂ ခုနှစ်၊ နိုဝင်ဘာလ မှ ၂၀၁၃ ခုနှစ် အောက်တိုဘာလအထိနှင့် ဒုတိယစီမံချက်ကာလ ၂၀၁၄ ခုနှစ်။

စီမံကိန်းတွင်း မိတ်ဖက်အဖွဲ့များ။ ။ Tanintharyi Karen Peace Support Initiative (TKPSI, CIDKP အပါ အဝင်နှင့် တနင်္သာရီရှိ အဓိက ပါဝင်လှုပ်ရှားသူများ ပူးပေါင်း ပါဝင်ထားသော ယာယီလုပ်ငန်းဖော်ဆောင်ရေး ညွှန့်ပေါင်း အဖွဲ့, Karen Development Network (KND), Catholic and Baptist Churches, နှင့် ထားဝယ်ရှိ KNU အပစ်အခတ်ရပ်စဲရေး ဆက်ဆံရေးရုံး) NPA ထောက်ပံ့ကူညီမှုဖြင့်။

စီမံကိန်းရန်ပုံငွေ။ ။ ဒေါ်လာ ၂၆၆၂၆၀ (ပထမ စီမံချက်ကာလ)၊ ဒုတိယစီမံချက်ကာလအတွက် ရန်ပုံငွေ လိုအပ်နေဆဲ။

အလှူရှင်များ။ ။ ဖင်လန်နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် နော်ဝေနိုင်ငံခြားရေး ဝန်ကြီးဌာန။

MPSI ၏ ပံ့ပိုးအားဖြည့်မှုပမာဏ- **မြင့်မား။** ။ ယာယီ လုပ်ငန်းဖော်ဆောင်ရေး ညွှန့်ပေါင်းအဖွဲ့နှင့် မူဝါဒများ ဖွဲ့စည်းချမှတ်ခြင်း၊ ဘေးအန္တရာယ်ကျရောက်သော ဒေသ များတွင် ကြားခံအဖြစ် ဝင်ရောက်ခြင်း၊ အထောက်အပံ့ ပေးသူများဘက်မှ လိုလားသော လုပ်ဆောင်ချက်များနှင့် ငွေကြေးသုံးစွဲမှုများအတိုင်း လုပ်ကိုင်အသုံးပြုရန် ဒေသခံ မိတ်ဖက်အဖွဲ့များကို ဝိုင်းဝန်းကူညီခြင်းနှင့် အလှူရှင်များ နှင့် ဖြည့်ဆည်းလုပ်ဆောင်မည့် မိတ်ဖက်အဖွဲ့များနှင့် ချိတ်ဆက်ပေးခြင်း။

- ပြန်လည်ထူထောင်ရေးနှင့် တည်ဆောက်ရေးလုပ်ငန်း အတွက် စစ်ဒဏ်သင့် ပြည်သူစုစုပေါင်း ၁၁၃၅ ဦးကို ကူညီခြင်း၊ သက်ဆိုင်ရာ အဓိကပုဂ္ဂိုလ်များအကြား ဆွေးနွေးပွဲ စကားဝိုင်းပြုလုပ်ခြင်းနှင့် အောက်ခြေ လူထု အဖွဲ့အစည်းများကြား ယုံကြည်မှုတည်ဆောက် ခြင်းလုပ်ငန်းစဉ် ဆောင်ရွက်ခြင်း။ KNUနှင့် အောက် ခြေလူထုအဖွဲ့အစည်းများ၏ တောင်းဆိုချက်အရ စစ်ဘေးဒဏ်သင့် ကျေးရွာလူထုနှင့် စေ့စပ်ညှိနှိုင်းပြီး တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ်၏ ခွင့်ပြုချက်ဖြင့် လုပ်ငန်း အကောင်အထည်ဖော်သည်။

## နိုင်ငံရေး အခင်းအကျင်း

KNU၏ တောင်းဆိုချက်အရ၊ ဒုတိယအကြိမ်အဖြစ် ကရင်စမ်းသပ်စီမံကိန်းကို KNLAတပ်မဟာ ၄ နယ်မြေ၊ ပုလောအရှေ့ဘက် (သာမယ်ပုလော)နှင့် မြစ်သာတောင် ဘက် (ကျိုက်ပီးလောင်)၊ တနင်္သာရီတိုင်းဒေသကြီးတွင် လုပ်ဆောင်သည်။ MPSI က အလုပ်ရုံဆွေးနွေးပွဲများစွာကို အစပြု အကောင်အထည်ဖော်ပြီးနောက် လူထုလိုအပ်ချက် လေ့လာဆန်းစစ်မှု လုပ်ငန်းစဉ် အကောင်အထည်ဖော် ဆောင်ပြီး တစ်ဆက်တည်း ၎င်းစီမံကိန်းကို ၂၀၁၂ ခုနှစ် နိုဝင်ဘာလအတွင်းတွင် စတင်ဆောင်ရွက်ခဲ့သည်။ စီမံကိန်း ကို အောက်ခြေလူထုအဖွဲ့အစည်းများ ပူးပေါင်းဆောင်ရွက် မှုဖြင့် အကောင်အထည်ဖော်ခဲ့သည်။ တချို့မှာ အတွေ့ အကြုံ ပြည့်ဝသော ပြည်တွင်းအောက်ခြေ လူထုအဖွဲ့ အစည်းများ (ဥပမာ-KDN and the Catholic Baptist

Churches) ဖြစ်ပြီး တချို့မှာ ထိုင်းမြန်မာနယ်နိမိတ်အတွင်းတွင် လှုပ်ရှားဆောင်ရွက်နေသော အဖွဲ့များဖြစ်ကြသည်။ Tanintharyi Karen Peace Support Initiative (TKPSI) ပူးပေါင်းဆောင်ရွက်ရေး ညွှန့်ပေါင်းအဖွဲ့တွင် ပါဝင်သော အဖွဲ့ဝင်အဖွဲ့အစည်းများမှာ KNU, CIDKP, Yangon-based Karen Development Network နှင့် ဒေသအတွင်း (ထားဝယ်နှင့် မြိတ်-ပုလော) Catholic Karen Baptist Churches တို့ဖြစ်ကြသည်။

## စီမံကိန်းဆောင်ရွက်ချက်များ

NPA ၏ ပံ့ပိုးမှုဖြင့် TKPSI သည် လုပ်ကွင်းနှစ်နေရာအတွင်းရှိ စစ်ဘေးသင့် ပြည်သူ ၁၃၅၃ ဦး၏ ပကတိကွင်းဆက် လိုအပ်ချက်များကို ဖော်ထုတ်နိုင်ခဲ့သည်။ ပထမစီမံချက်ကာလအတွင်းတွင် ရေတိုကာလအတွက် စားနပ်ရိက္ခာ ပံ့ပိုးမှု၊ မရှိမဖြစ်အိမ်သုံးပစ္စည်းများ၊ သန့်ရှင်းသောသောက်သုံးရေ ရရှိရေး၊ ပညာရေးအထောက်အပံ့၊ psycho-social support initiatives (စိတ်ဒဏ်ရာပြေလျော့ရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲများ မှတစ်ဆင့်) နှင့် လူထုစွမ်းရည် တည်ဆောက်ခြင်းနှင့် စုစည်းလှုပ်ရှားခြင်း (လူထုဆွေးနွေးပွဲများ မှတစ်ဆင့်) စသည်တို့ကို အကောင်အထည်ဖော်နိုင်ခဲ့သည်။ နောက်ဆက်တွဲပြန်လည်သုံးသပ်ခြင်း လုပ်ငန်းစဉ်နှင့် လူထုလိုအပ်ချက်လေ့လာဆန်းစစ်မှုလုပ်ငန်းစဉ်များကိုမူ ၂၀၁၃ ခုနှစ်၊ စက်တင်ဘာလတွင် ပြုလုပ်ခဲ့ပြီး ဤလုပ်ငန်းစဉ်မှ ဒုတိယစီမံချက်ကာလအတွက် TKPSIအဆိုပြုလွှာ ပြင်ဆင်ရေးသားခြင်း၊ မူလလုပ်ကွင်းနှစ်နေရာအတွင်းရှိ စစ်ဘေးသင့်ကျေးရွာလူထုအား ပိုမို၍ ပံ့ပိုးကူညီခြင်း၊ လုပ်ကွင်းအသစ် ၂နေရာ တိုးချဲ့ဆောင်ရွက်ခြင်း စသည်တို့ကို ဆက်လက်ဆောင်ရွက်ရန် အစီအစဉ်များ ချမှတ်နိုင်ခဲ့ပြီး KNU ထိန်းချုပ်နယ်မြေ၏ တောင်ဘက်အစွန်း၊ ဆယ်စုနှစ်တစ်ခုနီးပါး ဆိုးရွားသော အခြေအနေအောက်တွင် ရောက်ရှိနေသော စစ်ဘေးဒဏ်သင့် ရွှေ့ပြောင်းဒုက္ခသည်လူထုများ ပုန်းအောင်းအခြေချ နေထိုင်လျက်ရှိသည့်နေရာတွင် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့သည်။

## စောင့်ကြည့်ထိန်းသိမ်းခြင်း၊ လေ့လာသင်ယူခြင်းနှင့် ပြန်လည်သုံးသပ်ခြင်း

ကျောက်ကြီးစီမံကိန်းနှင့် TKPSI စမ်းသပ်စီမံကိန်းပရိုဂျက် အဓိက ကွာခြားချက်မှာ အပစ်အခတ်ရပ်စဲထားသော KNU ထိန်းချုပ်နယ်မြေဒေသ မဖြစ်ခင်အချိန်၌ အောက်ခြေလူထုအတွင်း လှုပ်ရှားဆောင်ရွက်နေသော CIDKP အဖွဲ့နှင့်ပြည်တွင်းတွင် လှုပ်ရှားဆောင်ရွက်နေသော အဖွဲ့အစည်းများသာမက ထိုင်းမြန်မာနယ်စပ်ဒေသတွင် လှုပ်ရှားဆောင်ရွက်နေသော အဖွဲ့အစည်းများကယခင်ထက် ပိုမို၍ ကျယ်ကျယ်ပြန့်ပြန့် ပူးပေါင်းပါဝင်လာခြင်းဖြစ်သည်။ နှစ်ဘက်စလုံးရှိ ကရင်လူထုစမ်းသပ်စီမံကိန်းများ လုပ်ဆောင်နိုင်ရန်အတွက် အစိုးရထိန်းချုပ်နယ်မြေအတွင်းတွင် CIDKP အဖွဲ့ရုံးများအား တည်ထောင်ခွင့်ရခဲ့ပြီး ပြည်တွင်းတွင် နဂိုပုံမှန်အနေအထားသို့ပြန်ရောက်ရှိလာနိုင်စေရန် ဆောင်ရွက်နိုင်ခဲ့သည်။ ယုံကြည်မှုနှင့် ငြိမ်းချမ်းရေး ဖော်ဆောင်မှုလုပ်ငန်းစဉ်တိုးတက်ဖြစ်ထွန်းလာခြင်းနှင့်အတူ KNU နှင့် ပူးပေါင်းဆောင်ရွက်ခြင်းကြောင့် ဖမ်းဆီးခြင်း ခံရနိုင်သောနေရာဒေသများအတွင်းတွင် CIDKP အဖွဲ့ကိုယ်စားလှယ်သည်ယခုအချိန်၌ လွတ်လပ်စွာ သွားလာဆောင်ရွက်ခွင့် ရရှိနေပြီဖြစ်သည်။ ကျေးရွာလူထုနှင့် ကျယ်ပြန့်သော ဆွေးနွေးမှုများ ပြုလုပ်ခဲ့သည့် စောင့်ကြည့်ထိန်းသိမ်းခြင်းနှင့်ပြန်လည်သုံးသပ်ခြင်း ခရီးစဉ်တွင် ရရှိခဲ့သည့် အချက်အလက်များအရ တွေ့ရှိရသည်မှာ ဗမာစစ်တပ်နှင့် KNU ကြား အပစ်ခတ်ရပ်စဲရေး သဘောတူညီချက်သည် ဆယ်စုနှစ်တစ်ခုနီးပါး တည်ရှိနေသော သာမယ် ပုလောနှင့် ကျိုက်ပီးလောင် ကျေးရွာလူထုများအတွက် စီမံကိန်းဖော်ဆောင်ခြင်း အကျိုးကျေးဇူးများ ရရှိစေခဲ့သည်။ သတင်းအချက်အလက်များ ရယူခြင်းနှင့် လွတ်လပ်စွာသွားလာဆောင်ရွက်ခွင့် တိုးတက်လာသည်ကိုအပြင် ၁၉၉၇ ခုနှစ် ကတည်းက မိမိ၏ ဇာတိရပ်ရွာမှ ရှောင်ခွာထွက်ပြေးခဲ့ရပြီး သာမယ်ပုလောပတ်ဝန်းကျင်ရှိ တောတောင်များထဲတွင် ပြန့်ကျဲပုန်းခိုနေထိုင်ခဲ့ရသော လူထု၏ စိုးရိမ်ကြောက်လန့်မှုများသည်လည်း လျော့ကျလာခဲ့သည်။ ကျေးရွာလူထုသည် ငြိမ်းချမ်းသာယာသည့် အခြေအနေကို ပိုမိုရရှိခံစားလာရသည့်အပြင် စိတ်ချလုံခြုံသည့် ဘဝပိုင်ဆိုင်ရရှိလာခြင်း၊ ပြင်ပကမ္ဘာနှင့် ပိုမိုထိတွေ့မှု ရရှိလာခြင်း စသည်တို့ကို စီမံကိန်းမှ ဖော်ဆောင်ပေးနိုင်ခဲ့ကြောင်း

ပြန်လည်သုံးသပ်ခြင်း လုပ်ငန်းစဉ်မှ ဖော်ထုတ်တွေ့ရှိခဲ့သည်။ သို့သော် တခြားတစ်ဘက်တွင် အပစ်ခတ်ရပ်စဲရေး လုပ်ငန်းဖော်ဆောင်မှု လုပ်ငန်းစဉ်က ကျေးရွာလူထုအတွက် ပြဿနာသစ်များကို ဖြစ်ပေါ်စေခဲ့သည်။

၂၀၁၃ခုနှစ် ဖေဖော်ဝါရီလ လဆန်းပိုင်းတွင် မြစ်သားမြို့နယ်သစ်တောရေးရာဌာနက အစိုးရဌာနတာဝန်ရှိသူများသည် ကျိုက်ပီးလောင်သို့ ရောက်ရှိလာ၍ ရွာဘေးပတ်ဝန်းကျင်ရှိ သစ်တောများအား သစ်တောကြိုးဝိုင်းအဖြစ် သတ်မှတ်မည့် အစီအစဉ်ကို ကျေးရွာလူထုအား အကြောင်းကြားခဲ့သည်။ ဤကိစ္စရပ်သည် ကျေးရွာလူထုအား စိုက်ပျိုးမွေးမြူခွင့်မရရှိစေဘဲ မိမိ ဇာတိရပ်ရွာမှ ထွက်ခွာသွားစေလိုသည့် သဘောသက်ရောက်လျက် ဒေသခံလူထုပိုင်ဆိုင်သည့် လယ်ယာမြေများကို စိုက်ပျိုးရေး ကုမ္ပဏီများက ဒေသခံမြေယာများကို အဓမ္မသိမ်းပိုက်မှုကိစ္စများ ပေါ်ပေါက်လာပြီးနောက် မြေယာသိမ်းမှုများအပေါ် ကျေးရွာလူထု၏ စိုးရိမ်မှုများသည် လွန်ခဲ့သောလအနည်းငယ်မှစ၍ တစစ တိုးတက်မြင့်မားလာခဲ့သည်။ "အပစ်ခတ်ရပ်စဲရေး သဘောတူလိုက်တဲ့အတွက် အခု ကျွန်တော်တို့ ကြောက်စရာမလိုတော့ဘူး. . . ကျွန်တော်တို့ ပျော်ပျော်ရွှင်ရွှင်နဲ့ ကိုယ့်မြေကိုယ့်ယာပေါ်မှာ လွတ်လပ်စွာ လုပ်ကိုင် စားသောက်နိုင်တော့မယ်. . . ဒါပေမယ့် ကံဆိုးတာက ရာဘာပင်စိုက်ပျိုးရေး ကုမ္ပဏီတွေရဲ့ ကျူးကျော်သိမ်းပိုက်မှုတွေကြောင့် ကျွန်တော်တို့ မြေယာတွေ နောက်တခါထပ် ဆုံးရှုံးရတော့မယ်. . . ကျွန်တော်တို့ ဘာတတ်နိုင်မလဲဗျာ. . . သူတို့က အစိုးရဆီကနေ လုပ်ပိုင်ခွင့်ရထားတယ်လို့ ပြောတယ်. . . သူတို့ထပ်ပြောတာက ဒီလယ်ယာတွေ မြေတွေက ကျွန်တော်တို့ အပိုင် မဟုတ်ဘူးတဲ့. . . ဘာကြောင့်လဲဆိုရင် ဒီမြေယာတွေ ပိုင်ဆိုင်ကြောင်း တရားဝင်သက်သေခံ အထောက်အထား မရှိလို့တဲ့ ဗျာ"ဟု ကျေးရွာလူထုမိသားစုတစ်စု မှ TKPSI အား ဤသို့ ဖွင့်ဟပြောဆိုခဲ့သည်။ စီမံကိန်းလုပ်ကွင်းနှစ်နေရာစလုံးသည် စစ်ဘေးဒဏ်သင့်နေသော တိုင်းရင်းသားမျိုးနွယ်စုများ နေထိုင်ရာဒေသဖြစ်ပြီး ဇင်းတိုင်းရင်းသားလူထုများ၏ နေထိုင်အသက်ရှင်ရေးအတွက် KNU သည် အဓိကကျသော နယ်မြေပိုင်ဆိုင်သူ ဖြစ်နေပေသည်။

သာမယ်ပုလောရှိ ပြည်သူများလည်း သတ္တုတူးဖော်ရေးနှင့် သစ်ထုတ်လုပ်ရေး ကုမ္ပဏီများ ဝင်ရောက် ရင်းနှီးမြှုပ်နှံမှုပြုလာမည့် စိုးရိမ်နေကြသည်။ သက်ဆိုင်ရာ အာဏာပိုင်များ (ဒေသဆိုင်ရာ အစိုးရနှင့် အထူးရဲဌာနမှ တာဝန်ရှိသူများ) ၏ နောက်ဆက်တွဲ ခရီးစဉ်များတွင် မြေယာကျူးကျော်သိမ်းပိုက်မှုများ ကိစ္စကို မှတ်ချက်ပြုပြီး ဤကိစ္စရပ်အပေါ် အလေးအနက်ထားသည့်အကြောင်း အရိပ်အမြွက်ပေးခဲ့သည်။ ထို့ထက်မက ၂၀၁၃ခုနှစ်၊ စက်တင်ဘာလနှင့် အောက်တိုဘာလအတွင်းတွင် ဗမာစစ်ကြောင်းများက သာမယ်ပုလော ဘေးပတ်ဝန်းကျင် အနီးအနားတွင် ဖြတ်သန်းသွားလာလှုပ်ရှားခြင်းကြောင့် ဒေသခံလူထုအား ထိတ်လန့်စေခဲ့သည်။ "ကျွန်တော်တို့ရဲ့ ရပ်ရွာဇာတိ အသက်မွေးဝမ်းကျောင်းလုပ်ငန်း စတာတွေကို စွန့်ပစ်ထားခဲ့ရပြီးတော့ တောတောင်တွေထဲမှာ နှစ်ပေါင်းများစွာ လှည့်လည်ပုန်းအောင်းပြီး နေထိုင်အသက်ရှင်ခဲ့ရတယ်. . . အခု ကျွန်တော်တို့ ထင်တာက အစိုးရနဲ့ KNU ကြားမှာ တိုက်ပွဲတွေ မရှိတော့ဘူး. . . ဒါကြောင့် ကျွန်တော်တို့ရဲ့ ဇာတိရပ်ရွာကို ပြန်လည်တည်ဆောက်နိုင်မယ်ဆိုပြီး ယုံကြည်ခဲ့တယ်. . . ကျွန်တော်တို့ ပြန်ပြီးထူထောင်ဖို့ ကြိုးစားနေ တုန်းပဲတစ်ခါမှ မမြင်ဖူးတဲ့ အစိုးရဘက်က အုပ်စုတွေနဲ့ စီးပွားရေးလုပ်ငန်းတွေက ကျွန်တော်တို့ဆီလာပြီး ဓာတ်ပုံရိုက်၊ မြေတွေစမ်းသပ်၊ သူတို့က ကျွန်တော်တို့ကို ဘာတွေထပ်လုပ်မယ်ဆိုတာ မသိပါဘူးဗျာ. . . တကယ်လို့ သူတို့က မဟုတ်တာ ထပ်လုပ်မယ်ဆိုရင်. . ကျွန်တော်ထင်တယ်. . . စားဝတ်နေရေး အသက်ရှင်ရေးအတွက် သိပ်ခက်ခဲမှာပဲ. . . ပြီးတော့ ဇာတိရပ်ရွာမှာ နေထိုင်ရတာ လွတ်လပ်ခွင့်ရှိမှာ မဟုတ်ဘူး.. ဒီလိုသာဖြစ်လာရင် တောထဲ ပြန်သွားနေတာ အကောင်းဆုံးဖြစ်လိမ့်မယ်. . . တောတောင်ထဲမှာနေရတာ ပိုပြီးတော့တောင် ငြိမ်းချမ်းအုန်းမယ်"ဟု TKPSI နှင့် ကျေးရွာလူထုအစည်းအဝေးတွင် ဒေသခံရွာသားတစ်ဦးမှ ဖွင့်ဟပြောဆိုခဲ့သည်။

တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ စစ်ဘေးသင့် ကျေးရွာ လူထုများက ငြိမ်းချမ်းရေးအသီးအပွင့်များ ခံစားကြရသော်လည်း အပစ်အခတ်ရပ်စဲရေးသည် အဆက်အသွယ်သော ကုမ္ပဏီများ (ဗမာစစ်တပ် အာဏာပိုင်များ၊ ဒေသဆိုင်ရာ အစိုးရနှင့် ကေအန်ယူ စသည့် အဖွဲ့အစည်းများက နောက်ကွယ်တွင် ပူးပေါင်း

ရေးဆွဲထားသော အစီအစဉ်) က မြေယာသိမ်းယူမှုများ ဆတိုးလုပ်ဆောင်လာမည့် စိုးရိမ်နေကြသည်။ ထို့ပြင် နိုင်ငံတော်အစိုးရသည် ငြိမ်းချမ်းရေး ဖော်ဆောင်မှု လုပ်ငန်းကို အကြောင်းပြလျက် ယခင် အစိုးရ၏ အုပ်ချုပ်မှု ယန္တရားကို လက်လှမ်းမမီသော နေရာဒေသများတွင် အုပ်ချုပ်မှု အာဏာချဲ့ထွင်လာမည့် ဒေသခံကျေးရွာ လူထုနှင့် တိုင်းရင်းသားလက်နက်ကိုင် တပ်ဖွဲ့များက စိုးရိမ်နေကြသည်။ အဘယ်ကြောင့်ဆိုသော် ယုံကြည်မှုနှင့် ငြိမ်းချမ်းရေး ဖော်ဆောင်မှုလုပ်ငန်းစဉ်ကို ဆိုးရွားစွာ ထိခိုက်စေနိုင်သည့် ဗမာစစ်တပ်၏ ရက်စက်ယုတ်မာသော ညှဉ်းပန်းနှိပ်စက်မှု မျိုးစုံကို ကျေးရွာလူထုများက ဆယ်စုနှစ်များစွာ တွေ့ကြုံ ခံစားလာခဲ့ရသောကြောင့်ဖြစ်သည်။ လူ့အခွင့်အရေး ချိုးဖောက်မှုကိစ္စများကို MPSI က NPA၊ TKPSI အဖွဲ့တို့နှင့် ပူးပေါင်းရှာဖွေ ဖော်ထုတ်လျက်ရှိပြီး ဤဒေသတွင် ဆောင်ရွက်မည့် အစိုးရစီမံချက်များ အကြောင်းကို ဒေသခံကျေးရွာ လူထုများဆီသို့ သတင်း အချက်အလက် ရောက်ရှိနိုင်ရန်အတွက်လည်း ဆောင် ရွက်လျက်ရှိသည်။ ထို့နောက် မြေယာပိုင်ဆိုင်သည့် ဥပဒေသစ် သက်ဝင်လာစေခြင်းအပေါ် ပြည်တွင်းပြည်ပ အဖွဲ့အစည်းများ အာရုံစိုက်လာရန် ဆောင်ရွက်ခြင်းသည် လည်း ဒေသတွင်း ငြိမ်းချမ်းရေးကို ထိခိုက်စေသည့်အပြင် ငြိမ်းချမ်းရေးဖော်ဆောင်မှု လုပ်ငန်းကိုလည်း ရပ်တန့်သွား စေနိုင်ပါသည်။

ဤကိစ္စရပ်များကို TKPSI ၏ ဒုတိယစီမံချက်ကာလ တွင် ပိုမိုကျယ်ပြန့်စွာ ဆက်လက်စူးစမ်းရှာဖွေဖော်ထုတ်ရန် ရည်ရွယ်ပါသည်။ ဆိုးရွားသော အခြေအနေအတွင်းတွင် ရောက်ရှိနေသော ကျေးရွာလူထုများအတွက် ပြန်လည် ထူထောင်ရေးလုပ်ငန်းများအား ပံ့ပိုးကူညီခြင်း၊ ယုံကြည်မှု တည်ဆောက်ခြင်းနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုလုပ်ငန်း များ ဆောင်ရွက်ခြင်း စသည်တို့ကို အကောင်အထည်ဖော် ရင်း ၂၀၁၄ တွင် လုပ်ငန်းများကို တိုးချဲ့လုပ်ဆောင်ရန် တနင်္သာရီတိုင်းဒေသကြီး၏ တောင်ဘက်ခြမ်း သစ်တော များအတွင်းတွင် ပုန်းခိုလျက်ရှိသော စစ်ဘေးဒဏ်သင့် ရွှေ့ပြောင်းဒုက္ခသည်လူထုများနှင့် ပူးပေါင်း၍ လုပ်ငန်းများ အကောင်အထည်ဖော်ရန် TKPSI မှ စီမံချက် ရေးဆွဲလျက် ရှိပါသည်။

## မွန် - ကရိန်းဗတွဲ စမ်းသပ်စီမံကိန်း ပရိုဂျက်

စီမံကိန်းနယ်မြေ ။ ။ ဒုတိယစီမံချက်ကာလ တိုးချဲ့စီမံကိန်း ၅ နေရာနှင့်အတူ ကရိန်းဗတွဲနယ်မြေ အတွင်းရှိ ရွာပေါင်း ၄ ရွာ၊ ရေဖြူမြို့နယ်၊ တနင်္သာရီတိုင်းဒေသကြီး။

စီမံကိန်းကာလ။ ။ ၂၀၁၂ခုနှစ် ဇွန်လ (လူထုလိုအပ်ချက် လေ့လာဆန်းစစ်မှု)၊ ၂၀၁၃ ဇန်နဝါရီလမှ ဩဂုတ်လအထိ (ပထမစီမံချက်ကာလ)၊ ၂၀၁၄ခုနှစ် (ဒုတိယစီမံချက် ကာလ၊ စီမံကိန်းကာလကို ပြန်လည်အတည်ပြုရန်)။

စီမံကိန်းတွင်း မိတ်ဖက်အဖွဲ့များ။ ။ KBPPWG (မွန်အောက်ခြေလူထု အဖွဲ့အစည်းများနှင့် NMSP ဌာန လုပ်ကိုင်ဆောင်ရွက်သူများအဖွဲ့) (NPA နှင့် ILO အဖွဲ့ အစည်းများ၏ ပံ့ပိုးကူညီမှုဖြင့်)

စီမံကိန်းရန်ပုံငွေ။ ။ ဒေါ်လာ ၈၅၆၇၅ (ပထမ စီမံချက်ကာလ)၊ ဒုတိယစီမံချက်ကာလအတွက် အလှူငွေ လိုအပ်ဆဲ။

အလှူရှင်။ ။ နော်ဝေနိုင်ငံခြားရေးဝန်ကြီးဌာန။

MPSI ၏ ပံ့ပိုးအားဖြည့်မှု ပမာဏ – **မြင့်မား** ။ ။ ယာယီလုပ်ငန်းဖော်ဆောင်ရေး ညွှန့်ပေါင်းအဖွဲ့နှင့် မူဝါဒ များဖွဲ့စည်းချမှတ်ခြင်း၊ ဘေးအန္တရာယ်ကျရောက်သော ဒေသများတွင် ကြားခံအဖြစ် ဝင်ရောက်ခြင်း၊ အထောက် အပံ့ပေး သူများဘက်မှ လိုလားသော လုပ်ဆောင်ချက် များနှင့် ငွေကြေးသုံးစွဲမှုများအတိုင်း လုပ်ကိုင်အသုံးပြုရန် ဒေသခံမိတ်ဖက်အဖွဲ့များကို ဝိုင်းဝန်းကူညီခြင်းနှင့် အလှူရှင်များနှင့် ဖြည့်ဆည်းလုပ်ဆောင်မည့် မိတ်ဖက် အဖွဲ့များနှင့် ချိတ်ဆက်ပေးခြင်း။

- NMSP ထိန်းချုပ်နယ်မြေအောက်ရှိ စစ်ဘေးသင့် ကျေးရွာ၄ရွာမှ လူထုများအား အကူအညီပေးခြင်း– အသိအမြင်နိုးကြားရေး အစီအစဉ်များ ပြုလုပ်ခြင်းနှင့် အောက်ခြေလူထုစည်းရုံး လှုံ့ဆော်ခြင်း၊ အမျိုးသမီး စွမ်းရည် မြင့်တင်ရေး၊ ကျေးရွာအသက် မွေးဝမ်း ကျောင်းလုပ်ငန်းဖွံ့ဖြိုးကောင်းမွန်ရေး၊ သန့်ရှင်းသော

သောက်သုံးရေ ရရှိရေး၊ ကျန်းမာရေး ကဏ္ဍနှင့် ပညာရေး ကဏ္ဍ။

## နိုင်ငံရေး အခင်းအကျင်း

မွန်ပြည်သစ်ပါတီ NMSP နှင့် မြန်မာ အစိုးရကြား အပစ်ခတ်ရပ်စဲရေး သဘောတူညီချက် အသစ်ကို ၂၀၁၂ ခုနှစ် ဖေဖော်ဝါရီလအတွင်းတွင်သော်လည်းကောင်း၊ ပိုမိုကျယ်ပြန့်သည့် ဆွေးနွေးညှိနှိုင်းမှုကို ၂၀၁၂ခုနှစ် ဧပြီလအတွင်းတွင် ပြုလုပ်ခဲ့သည်။ နိုင်ငံတော်အစိုးရသစ်နှင့် အပစ်ခတ်ရပ်စဲရေးလုပ်ငန်းစဉ်အပေါ် မွန်အောက်ခြေလူထုအဖွဲ့အစည်းများက သံသယရှိနေဆဲအချိန်တွင် အပစ်အခတ်ရပ်စဲရေး သဘောတူညီချက် အသစ်သည် မွန်ပြည်သစ်ပါတီ ထိန်းချုပ်နယ်မြေအတွင်းရှိ စစ်ဘေးသင့်ကျေးရွာများအား ပိုမိုထောက်ပံ့ကူညီနိုင်သည့် အခွင့်အရေးတစ်ရပ်ဖြစ်စေသည်ဟု ဒေသတွင်းလူမှုအခြေပြု အသင်းအဖွဲ့များက ရှုမြင်သည်။

## စီမံကိန်းဆောင်ရွက်ချက်များ

အဖွဲ့အစည်း ၉ ဖွဲ့ပါဝင်သော ပူးပေါင်းဆောင်ရွက်ရေးညွှန့်ပေါင်းအဖွဲ့တစ်ခု ဖွဲ့စည်းရေးအတွက် MPSIမှ ပံ့ပိုးကူညီခဲ့သည် – NMSP ၏ အဓိကဌာနများ (ကျန်းမာရေး၊ ပညာရေး)၊ NMSP၊ ဒေသတွင်း လူမှုအခြေပြု အသင်းအဖွဲ့ငယ်လေးများ (ပြည်တွင်း အခြေပြုအဖွဲ့များနှင့် နယ်စပ်တွင် လှုပ်ရှားဆောင်ရွက်နေသော အဖွဲ့များ) စသည့် အသင်းအဖွဲ့များ စုစည်း၍ ကရိန်းဗတွဲ စမ်းသပ်စီမံကိန်း အလုပ်အမှုဆောင်အဖွဲ့ဟု ဖွဲ့စည်းခဲ့သည်။ တချို့အဖွဲ့ အစည်းများက NMSP နှင့် နီးကပ်စွာ ချိတ်ဆက်လုပ်ဆောင် လျက်ရှိနေပြီး တချို့သော အဖွဲ့အစည်းများမှာ NMSPနှင့် ချိတ်ဆက်မှု သိပ်မရှိဘဲ အမှီအခိုကင်းစွာ လှုပ်ရှားဆောင်ရွက်နေကြသည်။ ကရိန်းဗတွဲ စမ်းသပ်စီမံကိန်းသည် လူမှုအခြေပြု အသင်းအဖွဲ့များ၊ NMSP နှင့် ၎င်းဌာနတို့အကြား ရင်းနှီးချစ်ခင်မှုနှင့် ဆက်သွယ်ဆောင်ရွက်မှုများကို အားကောင်းစေခဲ့သည်။ စီမံကိန်း၏ အဓိကစီမံခန့်ခွဲမှုကို NMSP ၏ ဗဟိုဦးစီးဖြစ်သော Rehmonya Peace Foundation က ဆောင်ရွက်ခဲ့သည်။

၂၀၁၂ ဇူလိုင်လတွင် NMSP၏ ဦးတည်စီမံကိန်းဖြစ်သော ကရိန်းဗတွဲရှိ စစ်ဘေးသင့် ကျေးရွာလူထုလိုအပ်ချက် လေ့လာ ဆန်းစစ်ခြင်းလုပ်ငန်းစဉ်ကို အသစ်ဖွဲ့စည်းထားသော ပူးပေါင်းဆောင်ရွက်ရေး ညွှန့်ပေါင်းအဖွဲ့မှ လုပ်ဆောင်ခဲ့သည်။ ကျောက်ကြီးစမ်းသပ်စီမံကိန်းနှင့် ကွာခြားသည်မှာ ၉၆%သော ကျေးရွာလူထုသည် လက်ရှိနေထိုင်လျက်ရှိသော ကျေးရွာများတွင်သာ အခြေချနေထိုင်လိုသော စစ်ဘေးဒဏ် သင့်ရွှေ့ပြောင်းဒုက္ခသည်လူထုဖြစ်နေခြင်းဖြစ်သည်။ ၂၀၁၂ အောက်တိုဘာလအတွင်းတွင် ပြုလုပ်သော လူထုလိုအပ်ချက် လေ့လာဆန်းစစ်ခြင်းလုပ်ငန်းစဉ်နှင့် နောက်ဆက်တွဲ ကွင်းဆင်းလေ့လာသုံးသပ်ခြင်း ခရီးစဉ်အရ ဦးတည်လုပ် ကွင်းအတွင်းရှိ ရွာပေါင်း ၄ ရွာသည် သန့်ရှင်းသော သောက်သုံးရေ မရရှိခြင်း၊ ကျန်းမာရေးနှင့် တစ်ကိုယ်ရည်သန့်ရှင်းရေးနှင့် သက်ဆိုင်သော ကျန်းမာရေးအသိအမြင်များ လိုအပ်နေခြင်း စသည်တို့ကို လေ့လာတွေ့ရှိခဲ့ရသည်။ သည့်အပြင် ကျေးရွာလူထုများကြား ရပ်ရွာအရေးကိစ္စများတွင်သော်လည်းကောင်း ရပ်ရွာဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ရာတွင်လည်းကောင်း အမျိုးသမီးများ ပါဝင်ခွင့်မရရှိခြင်းနှင့် မိမိရပ်ရွာ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် တိကျရှင်းလင်းစွာ နားလည်သဘောပေါက်မှု သို့မဟုတ် မျှော်မှန်းချက်မရှိသည့် တွေ့ရှိခဲ့ရသည်။ ကွင်းဆင်းလေ့လာသုံးသပ်ခြင်း ခရီးစဉ်၏ တစိတ်တပိုင်းအားဖြင့် ကျေးရွာလူထုကိုယ်စားလှယ်များ၊ ကျေးရွာခေါင်းဆောင်များနှင့် NMSP ၏ ဒေသခံခေါင်းဆောင်များ စသည်တို့နှင့် ဆွေးနွေးသည့်အခါတွင် ထာဝရငြိမ်းချမ်းရေး ရရှိနိုင်ရန် နိုင်ငံရေးနည်းအားဖြင့် ဆွေးနွေးအဖြေရှာခြင်းသည် ရေရှည်တည်တံ့ ခိုင်မြဲနိုင်မည့် တစ်ခုတည်းသော နည်းလမ်းသာဖြစ်သည်ဟု ရှုမြင်သော်လည်းပဲ အပစ်ခတ်ရပ်စဲရေး သဘောတူညီချက် လုပ်ငန်းစဉ်အပေါ် ယုံကြည်မှု နည်းပါးနေသေးကြောင်း ၎င်းတို့က ဖွင့်ဟပြောကြားခဲ့သည်။

NMSP ထိန်းချုပ်နယ်မြေများဖြစ်သည့် တနင်္သာရီတိုင်းဒေသကြီးမြောက်ပိုင်း၊ ရေဖြူမြို့နယ်၊ ကရိန်းဗတွဲဧရိယာအတွင်းရှိ ကျေးရွာလူဦးရေ စုစုပေါင်း ၁၃၅၅ ဦး (အိမ်ခြေ ၃၅၇ အိမ်) ရှိသော ရွာပေါင်း ၄ ရွာတွင် ၂၀၁၃ ဇန်နဝါရီလ၌ စမ်းသပ်စီမံကိန်း စတင်လုပ်ဆောင်ခဲ့သည်။ ပထမစီမံချက်ကာလတွင် ကျေးရွာသောက်သုံးရေရရှိရေး၊ လူထုစွမ်းရည် မြှင့်တင်ရေး၊ အသိအမြင် ဖွင့်သင်တန်းများ

ပြုလုပ်ခြင်းနှင့် အမျိုးသမီးခေါင်းဆောင်မှု သင်တန်းများ စသည်တို့ကို အဓိကဦးစားပေး ဆောင်ရွက်ခဲ့သည်။ အပြည်ပြည်ဆိုင်ရာ အလုပ်သမားသမဂ္ဂမှနေ၍ ကျေးရွာလူထုကို လူ့အခွင့်အရေး အခြေပြု လူမှုအဆောက်အဦ တည်ဆောက်ရေး အသိအမြင်များ ရရှိစေသည် သာမက NPA နှင့် ပူးပေါင်း၍ ဒေသခံလူထုအခြေပြု အသင်းအဖွဲ့များ စွမ်းရည်တည်ဆောက်ရေးနှင့် နည်းပညာပိုင်းပံ့ပိုးမှုကိုလည်း ပြုလုပ်ဆောင်ရွက်ခဲ့သည်။

## စောင့်ကြည့်ထိန်းသိမ်းခြင်း၊ လေ့လာသင်ယူခြင်းနှင့် ပြန်လည်သုံးသပ်ခြင်း

စီမံကိန်းစတင်ပြီး တစ်လအကြာ ပထမအကြိမ် စောင့်ကြည့်ထိန်းသိမ်းခြင်း ခရီးစဉ်တွင် ဦးတည်အုပ်စုဆွေးနွေးခြင်း နည်းစနစ်အားဖြင့် ရွာသူရွာသားများနှင့် လေ့လာဆန်းစစ်ခြင်း လုပ်ငန်းစဉ်ကို ၂၀၁၃ ဖေဖော်ဝါရီလအတွင်းတွင် ပြုလုပ်ခဲ့သည်။ နိုင်ငံခြားထောက်ပံ့မှု ရရှိသော ဝန်ထမ်းများသည် ဒေသတွင်း၌ လွတ်လပ်လုံခြုံစွာ သွားလာနေထိုင် လျက်ရှိနေသည်ဟု ဆွေးနွေးပွဲတွင် ရွာသားများက ဖွင့်ဟပြောဆိုခဲ့သည်။ အမျိုးသမီး အများစု ပါဝင်သော (နောင်အခါတွင် ဆုံးဖြတ်ချက်ချမှတ်ခြင်း လုပ်ငန်းစဉ်၌ အမျိုးသမီးများ၏ ပါဝင်မှုနှုန်းမြင့်မားလာစေရန် အရေးကြီးသော ခြေလှမ်းတစ်ရပ်) ကော်မတီအဖွဲ့ဝင်များ အားလုံး၏ ၆၀%ကို ကျေးရွာဖွံ့ဖြိုးရေး ကော်မတီအဖြစ် ဖွဲ့စည်းခဲ့သည်။ စားနပ်ရိက္ခာလုံလောက်စွာ ရရှိခြင်းကိစ္စသည် ကျေးရွာလူထုအတွက် အလွန်အရေးကြီးသော လိုအပ်ချက်ဖြစ်နေသည်။

စီမံကိန်း ပြန်လည်သုံးသပ်ခြင်းလုပ်ငန်းစဉ်နှင့် လူထုလိုအပ်ချက် လေ့လာဆန်းစစ်ခြင်း လုပ်ငန်းစဉ် ထပ်မံပြုလုပ်ခြင်းကို ၂၀၁၃ခုနှစ် မိုးနှောင်းပိုင်းတွင် အကောင်အထည် ဖော်ဆောင်ရွက်ခဲ့သည်။ ကနဦး၌ တွေ့ရှိသော အချက် အလက်များအရ လူထုစွမ်းရည်မြှင့်တင်ရေးနှင့် အသိအမြင် နိုးကြားရေး အစီအစဉ်များ အောင်မြင်မှုများစွာ ရရှိသည်ကို တွေ့ရှိရသည်။ ထိုအစီအစဉ်များကြောင့် ရရှိလာသော အောင်မြင်မှု အသီးအပွင့်များမှာ စစ်ဘေး သင့်ကျေးရွာ လူထုအတွင်း စီမံအုပ်ချုပ်မှုကိစ္စများ၌သော်လည်းကောင်း၊ ရပ်ရွာဖွံ့ဖြိုးရေးဖော်ဆောင်မှု လုပ်ငန်းများ၌လည်းကောင်း ဒေသခံလူထု (အထူးသဖြင့် အမျိုးသမီးများ)က ပြောရေးဆိုခွင့်များ ရရှိလာခြင်းပင်ဖြစ်သည်။ ကျေးရွာသောက်သုံးရေ ရရှိရေး အကောင်အထည်ဖော်မှုလုပ်ငန်းသည် ကျေးရွာလူထုဘက်မှ အပြုသဘောဆောင်သည့် တုံ့ပြန်မှုများဖြစ်ပေါ်စေသည် သာမက ရေရှည် အကျိုးရလဒ်ရရှိစေသည့် အခြားသော အရေးကြီးအကြောင်းရင်းလည်း ဖြစ်သည်။ ထို့ပြင် ဒေသတွင်း၌ စိတ်ချလုံခြုံမှုရှိလာသည်ကို ထိတွေ့ခံစားရကြောင်း ကျေးရွာလူထုများကြား မြင်တွေ့လာခဲ့သည်။ ကရိန်းဇတွဲဧရိယာအတွင်းရှိ ကျေးရွာလူထုများအား သက်သေခံကတ်ပြားများကို တနင်္သာရီတိုင်းဒေသကြီး အာဏာပိုင်များက ပြုလုပ်ပေးခြင်းကြောင့်လည်း ပါဝင်ပါသည်။

ဒုတိယစီမံချက်ကာလအတွက် စီမံကိန်းအဆိုပြုလွှာကို ပြင်ဆင်ရေးသားနေဆဲ ဖြစ်ပါသည်။ ရွာပေါင်း ၅ ရွာတွင် အသက်မွေးဝမ်းကျောင်းကဏ္ဍ၊ ဒေသအတွင်းနှင့် လိုက်လျောညီထွေမှုရှိသော လူမှုအဆောက်အဦ တည်ဆောက်ရေးကဏ္ဍနှင့် လူထုစည်းရုံးလှုံ့ဆော်မှုသင်တန်းများ စသည့် လုပ်ငန်းတို့ကို အရေးကြီး ဦးစားပေးလုပ်ငန်းများအဖြစ် စီမံကိန်းရေးဆွဲသွားမည် ဖြစ်သည်။

## ကယား၊ ကရင်နီ - ရှားဒေါ် စမ်းသပ်စီမံကိန်း

စီမံကိန်းနယ်မြေ။ ။ ရွာပေါင်း ၁၀ရွာ၊ ရှားဒေါ်မြို့နယ်၊ ကယားပြည်နယ်၊ မြန်မာ။

စီမံကိန်းကာလ။ ။ ၂၀၁၃ ခုနှစ်၊ စက်တင်ဘာလမှ ၂၀၁၄ ခုနှစ်၊ ဇွန်လအထိ။

စီမံကိန်းမိတ်ဖက်အဖွဲ့များ။ ။ Kainayah Rural Social Development Organization

စီမံကိန်းရန်ပုံငွေ။ ။ ဒေါ်လာ ၇၉၀၀၀။

အလှူရှင်။ ။ ဖင်လန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန။

MPSI ၏ ပံ့ပိုးအားဖြည့်မှုပမာဏ-**အလယ်အလတ်**။ ။ အထောက်အပံ့ပေးသူများဘက်မှ လိုလားသော လုပ်ဆောင်ချက်များနှင့် ငွေကြေးသုံးစွဲမှုများအတိုင်း လုပ်ကိုင်အသုံးပြုရန် ဒေသခံပူးပေါင်းလုပ်ကိုင်သူများကို

ဝိုင်းဝန်းကူညီခြင်းနှင့် အလှူရှင်များနှင့် ဖြည့်ဆည်း လုပ်ဆောင်မည့် ပူးပေါင်းလုပ်ကိုင်သူများနှင့် ချိတ်ဆက်ပေးခြင်း။

- မြို့အလှမ်းကွာဝေးလှသည့် ဒေသအတွင်းတွင် တည်ရှိနေပြီး မိမိ၏ နေရပ်ဇာတိသို့ ပြန်လည်ရွှေ့ပြောင်းလာသော စစ်ဘေးဒဏ်သင့် ရွှေ့ပြောင်းဒုက္ခသည် လူထုအား KNPP သော်လည်းကောင်း တိုင်းဒေသနှင့် နိုင်ငံတော် အဆင့်တွင်သော်လည်းကောင်း အသိအမှတ်ပြု လက်ခံနိုင်ရန်နှင့် ၎င်းတို့၏ အသက်မွေးဝမ်းကျောင်းကဏ္ဍ၊ ဒေသခံလူထု၏ စွမ်းရည်များ မြှင့်တင်ခြင်းလုပ်ငန်းများ စသည်တို့ကို ပံ့ပိုးကူညီခြင်း။

## နိုင်ငံရေး အခင်းအကျင်း

၂၀၁၁ နှစ်ကုန်ပိုင်းနှင့် ၂၀၁၂ ခုနှစ် အတွင်းတွင် များစွာသော တွေ့ဆုံဆွေးနွေးမှုများ လုပ်ခဲ့ပြီးနောက် နိုင်ငံတော်အစိုးရနှင့် ကရင်နီအမျိုးသား တိုးတက်ရေးပါတီ (KNPP) တို့အကြား အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်ကို လက်မှတ်ရေးထိုးနိုင်ခဲ့သည်။ ပြည်ထောင်စုအဆင့် သဘောတူညီချက်တွင် စစ်ဘေးဒဏ်သင့် ရွှေ့ပြောင်းဒုက္ခသည် လူထုအား ပြန်လည်နေရာချထားရေး ကိစ္စများ ဆွေးနွေးညှိနှိုင်းရန် လိုအပ်ကြောင်း နှစ်ဦးနှစ်ဘက် သဘောတူညီခဲ့ကြသည်။ ပြီးခဲ့သည့် အောက်တိုဘာလ ဆွေးနွေးမှုများကို ၂၀၁၃ခုနှစ် အတွင်းတွင် ပြုလုပ်ခဲ့သည်။

နှစ်ပေါင်းများစွာ နေရာအတည်တကျ မရှိဘဲ ရွှေ့ပြောင်းသွားလာနေရသော ရှာသော်ဧရိယာအတွင်းရှိ စစ်ဘေးဒဏ်သင့်ရွှေ့ပြောင်းဒုက္ခသည် လူထုများက မိမိနေရပ်ဇာတိသို့ မိမိဆန္ဒဖြင့် ပြန်လည်ရွှေ့ပြောင်းလာနေသည့် MPSI မှ သတိပြုမိခဲ့သည်။ ၎င်းတို့၏ နေရပ်ဇာတိရပ်ရွာသည် အခုအချိန်၌ ဒေသတွင်း၌ မြေမြှုပ်မိုင်းများ မြှုပ်နှံထားခြင်း မရှိသေးပါ။ အရေးပေါ် အကူအညီများပေးရန် လူထုအခြေပြု ဖွံ့ဖြိုးရေးချဉ်းကပ်နည်းစဉ် အတွေ့အကြုံရှိပြီး ကယားကျေးရွာများနှင့် လက်တွဲလုပ်ဆောင်နေသော ဒေသခံလူထု အခြေပြုအသင်းအဖွဲ့ တစ်ခုဖြစ်သည့် Kainayah Rural Social Development Organization အား ဒေသခံလူထုများက ချဉ်းကပ်တောင်းဆိုခဲ့သည်။ ပျက်စီးသွားခဲ့သော ရပ်ရွာအသက်မွေးဝမ်းကျောင်းလုပ်ငန်းနှင့် ရပ်ရွာဖွံ့ဖြိုးရေးအား ပြန်လည်ထူထောင်ရန်နှင့် ရိုးရှင်းသည့် လူမှုအသိုင်းအဝိုင်း၏ မိမိကိုယ် မိမိမှီခိုအားထားသည့် စိတ်ဓာတ်ကို အားပြုလျက် လူထုအခြေပြု အဖွဲ့အစည်းသည် အကူအညီများ ရရှိနိုင်ရန် MPSI ကို ချဉ်းကပ်ခဲ့သည်။ ၎င်းတို့တောင်းဆိုသော အကူအညီများအား ကူညီပေးမည့် ကိစ္စအတွက် MPSI ဘက်မှ အဓိက လေးလေးနက်နက် စဉ်းစားနေသည့် အချက်မှာ ပံ့ပိုးကူညီမှု ရရှိထားသော လက်ရှိ စီမံကိန်းမှနေ၍ နိုင်ငံတကာ ထောက်ပံ့မှုများ ရရှိလာစေသော စီမံကိန်း များဖြစ်လာစေရန် တွန်းအားပေးခြင်းဖြစ်သည်။ ဤကဲ့သို့ နိုင်ငံတကာထောက်ပံ့မှုများ ရရှိခြင်းဖြင့် ပဋိပက္ခလွန် အခြေအနေတွင် ဒေသခံပြည်သူများ၏ စွမ်းရည်များ မြှင့်တင်ပေးနိုင်မည့် အစီအစဉ်များ (သင့်လျော်သော အောက်ခြေလူထု အသင်းအဖွဲ့တစ်ခု၏ ပံ့ပိုးကူညီမှုဖြင့်) လုပ်ဆောင်ခြင်းဖြင့် အဖွဲ့များကြား စုစည်းညီညွတ်မှုကို ဖြစ်ပေါ်စေနိုင်ပြီး မိမိကိုယ် မိမိ မှီခိုအားထားသည့် စိတ်ဓာတ်တို့ကိုလည်း မွေးဖွားလာစေမည်ဖြစ်သည်။

## စီမံကိန်းဆောင်ရွက်ချက်များ

ဤစီမံကိန်းသည် ရှာသော်မြို့နယ်အတွင်းရှိ ကျေးရွာ ၁၀ရွာတွင် ပြန်လည် အခြေချနေထိုင်သော လူဦးရေ စုစုပေါင်း ၁၄၃၁ဦးရှိသည့် ရွှေ့ပြောင်းမိသားစု ၂၅၁စုကို ထောက်ပံ့ကူညီမည် ဖြစ်သည်။ အလှမ်းကွာဝေးပြီးသော ဒေသ၌ အေဂျင်စီတစ်ခုဖြစ်သော UNHCR မှ ၎င်းရွေးချယ်ထားသော တချို့ကျေးရွာများတွင် သောက်သုံးရေနှင့် ကျန်းမာရေးဆိုင်ရာ ကူညီပံ့ပိုးမှုများ လုပ်ဆောင်လျက်ရှိသည်။

ကျေးရွာလူထု စွမ်းဆောင်ရည်မြှင့်တင်မှု အစီအစဉ်အပေါ် အားစိုက်လုပ်ဆောင်လျက် ၎င်းတို့၏ မိရိုးဖလာလယ်ယာလုပ်ငန်းနှင့် အသက်မွေးဝမ်းကျောင်းကဏ္ဍ စသည်တို့ကို ပံ့ပိုးကူညီခဲ့သည်။ စားနပ်ရိက္ခာဖူလုံရေးအတွက် ရည်ရွယ်လုပ်ဆောင်ခြင်းသည်သော်လည်းကောင်း ရိုးရာပွဲတော်များ ကျင်းပခြင်းကိစ္စရပ်များကို အထောက်အပံ့ဖြစ်စေခြင်းသည်သော်လည်းကောင်း မိရိုးဖလာဖြစ်သော စုပေါင်းဆန်သိုလှောင်ထားရှိသည့် ဓလေ့ကို စီမံကိန်းမှ ပြန်လည်ဖော်ထုတ်ခဲ့သည်။ မျိုးစေ့ဘဏ် အစီအစဉ်နှင့် စိုက်ပျိုးသီးနှံမျိုးစေ့များ ပေးဝေခြင်း

စသည့် လုပ်ဆောင်ချက်များ ဖော်ဆောင်ခြင်းအားဖြင့် လူထုကိုယ်တိုင် မိမိခြေထောက်ပေါ် ရပ်တည်နိုင်စေမည်ဖြစ်သည်။ ထို့ပြင် ကျေးရွာမူလတန်းကျောင်းကို ပြန်လည်ဆောက်လုပ်ခြင်း၊ စီမံကိန်းပရိုဂျက်ဧရိယာဖြစ်သော ရွာ ၁၀ ရွာမှ ဒေသခံအမျိုးသမီး ၅ ဦးအား လူထုကျန်းမာရေးဆိုင်ရာ သင်တန်းပေးခြင်း စသည်တို့ပြင် သောက်သုံးရေကြောင့် ဖြစ်ပွားတတ်သော ရောဂါကာကွယ်ခြင်း၊ ရှေ့ဆက်လုပ်ငန်းစဉ်များအတွက် အတူတကွ ချမှတ်ခြင်း စသည်တို့ကိုလည်း လုပ်ဆောင်ခဲ့သည်။

## ကရင် - DKBA စီမံကိန်း ပရိုဂျက်

စီမံကိန်းနယ်မြေ။ ။ DKBA အပစ်အခတ်ရပ်စဲရေးဒေသများ- လှိုင်းဘွဲ၊ ကော့ကရိတ်၊ မြဝတီနှင့် ရေးမြို့နယ်များ

စီမံကိန်းကာလ။ ။ ၂၀၁၄ မတ်လမှ ဒီဇင်ဘာလ

စီမံကိန်းမိတ်ဖက်အဖွဲ့များ။ ။ ကရင်လူထု အခြေပြုကွန်ရက်အဖွဲ့ (KCBNG), DKBA နှင့် ကလိုထူးဘောကရင်အစည်းအရုံး KKO

စီမံကိန်း ရန်ပုံငွေ။ ။ (စုစုပေါင်းကို ပြသရန် လိုအပ်) ဒေါ်လာ ၁၀၀,၀၀၀-၁၂၀,၀၀၀

အလှူရှင်။ ။ ကာလလိုက် အစီအစဉ်ဆွဲထားသော စီမံကိန်း၊ ရန်ပုံငွေများ လိုအပ်ဆဲ

MPSI ၏ ပံ့ပိုးအားဖြည့်မှု ပမာဏ - **မြင့်မား**။ ။ ယာယီလုပ်ငန်းဖော်ဆောင်ရေး ညွှန့်ပေါင်းအဖွဲ့နှင့် မူဝါဒများ ဖွဲ့စည်းချမှတ်ခြင်း၊ ဘေးအန္တရာယ်ကျရောက်သော ဒေသများတွင် ကြားခံအဖြစ် ဝင်ရောက်ခြင်း၊ အထောက်အပံ့ပေးသူများဘက်မှ လိုလားသော လုပ်ဆောင်ချက်များနှင့် ငွေကြေးသုံးစွဲမှုများအတိုင်း လုပ်ကိုင်အသုံးပြုရန် ဒေသခံမိတ်ဖက်အဖွဲ့များကို ဝိုင်းဝန်းကူညီခြင်းနှင့် အလှူရှင်များနှင့် ဖြည့်ဆည်းလုပ်ဆောင်မည့် မိတ်ဖက်အဖွဲ့များနှင့် ချိတ်ဆက်ပေးခြင်း။

- ဤစီမံကိန်းသည် DKBAနှင့် ဆက်စပ်နေသော နယ်မြေများရှိ ကျေးလက်လူထုတို့၏ လုပ်ဆောင်နိုင်စွမ်းရည်တိုးမြှင့်လာစေရန်နှင့် ရှေ့ဆက်နေသော ငြိမ်းချမ်းရေးဖြစ်စဉ်ကိုလည်း ဝေမျှမှုပြုနိုင်စေရန် အရည်အသွေးပြည့်မီပြီး တိုင်းရင်းသားရေးရာကို နားလည်စေသော ပညာရေးတို့ ပေးဆောင်ရန် ပြုလုပ်သည်။

## နိုင်ငံရေး အခင်းအကျင်း

၂၀၁၁ နိုဝင်ဘာလ ၃ ရက်တွင် DKBA သည် မြန်မာအစိုးရနှင့် အပစ်အခတ်ရပ်စဲရေး သဘောတူညီမှု လက်မှတ်ထိုးခဲ့သည်။ သဘောတူညီမှုများတွင် ဖွံ့ဖြိုးရေးစီမံကိန်းများကို အတူတကွလုပ်ဆောင်ရန် ကတိကဝတ်ပြုခြင်း ပါဝင်သည်။ ဤအပိုင်းနှင့် ဆက်စပ်သော ဒေသများရှိ DKBA နှင့် လုပ်ဆောင်သူ ကျေးလက်လူထုများသည် အတိတ်တွင် နိုင်ငံတကာ လုပ်ဆောင်သူများနှင့် လူသားချင်း စာနာထောက်ထားမှုများနှင့် တော်တော်ကြာကြာ ကင်းဝေးနေခဲ့ရသည်။ MPSI ၏ အကူအညီဖြင့် ၂၀၁၃ နှစ်ကုန်ပိုင်းတွင် DKBA ခေါင်းဆောင်များနှင့် ကျေးလက်လူထုများ ဆွေးနွေးတိုင်ပင်ခြင်း အစည်းအဝေးအမျိုးမျိုး လုပ်ဆောင်ရာမှ စမ်းသပ်စီမံကိန်းများ တိုးပွားခဲ့သည်။ အစည်းအဝေးသို့ တက်ရောက်လာသူများမှာ ရေး၊ ကော့ကရိတ်၊ မယ်ဒဝနှင့် ဆုံစည်းမြိုင်မှ သူများအပြင် DKBA နှင့် ဆက်စပ်နေသော နယ်မြေ ၄ ခုမှ သူများလည်းဖြစ်ကြသည်။ အပစ်အခတ်ရပ်စဲရေးနောက်ပိုင်းတွင် နေထိုင်မှုအနေအထားများ အားလုံးကို ခြုံငုံကြည့်ရလျှင် တိုးတက်လာကြောင်း တက်ရောက်လာသူများက ဆိုကြသည်။ သို့သော်လည်း အတင်းအဓမ္မလုပ်အားစေခိုင်းခြင်းနှင့် မြန်မာစစ်တပ်များ DKBA နယ်မြေများတွင် ဆက်လက်ရှိနေခြင်းနှင့် ပတ်သက်ပြီး ရင်ဆိုင်စရာများ ကျန်ရှိသေးသည်။ အကြမ်းဖျင်းဆိုရလျှင် DKBA ထိန်းချုပ်နယ်မြေများတွင် လူမှု-စီးပွားအခြေအနေများ တော်တော် မပြောင်းလဲသေးသည့်အပြင် ပညာရေး၊ ကျန်းမာရေး အစရှိသော လူမှုဝန်ဆောင်မှုများ နိမ့်ကျနေသေးသည်။ တက်ရောက်လာသူများက ငြိမ်းချမ်းရေး ဆက်လက်တည်ရှိ နေမည့် မသိသောကြောင့် အနာဂတ်အတွက် စီမံမှုများပြုလုပ်ရန် ခက်ခဲမှုဖြစ်သည်ဟု ဆိုကြသည်။

## စီမံကိန်းဆောင်ရွက်ချက်များ

ဤစီမံကိန်းသည် DKBA နှင့် ဆက်စပ်နေသော နယ်မြေများရှိ ကျေးလက်လူထုတို့၏ လုပ်ဆောင်နိုင်စွမ်းရည်တိုးမြှင့်လာစေရန်နှင့် ရေရှည်ဆက်နေသော ငြိမ်းချမ်းရေးဖြစ်စဉ်ကိုလည်း ဝေမျှမှုပြုနိုင်စေရန် အရည်အသွေးပြည့်မီပြီး တိုင်းရင်းသားဆိုင်ရာ အမှားမခံသင့်သော ပညာရေးတို့ ပေးဆောင်ရန် ပြုလုပ်သည်။ ၂၀၁၃ စက်တင်ဘာလနှင့် အောက်တိုဘာလတွင် MPSI သည် DKBA၊ ကလိုထူးဘော ကရင်အစည်းအရုံးနှင့် ဒေသတွင်းရှိ ကျေးလက်လူထုများအား ၎င်းဒေသများတွင် စမ်းသပ်စီမံကိန်းများ လုပ်ဆောင်နိုင်ချေရှိအောင် တိုးချဲ့မှုအနေနှင့် အလုပ်ရုံ ၂၃ လုပ်ဆောင်ပေးခဲ့သည်။ သင်တန်းသားများ ဗဟိုပြုနည်းကြောင့် DKBA နှင့် ဆက်စပ်သော နယ်မြေများတွင် ပညာရေးသည် အခြေခံလိုအပ်ချက်တစ်ခုဖြစ်ကြောင်း သင်တန်းတက်ရောက်သူများက ဖော်ပြခဲ့သည်။ ထို့ကြောင့် ဦးတည်ထားသော ၄ ဒေသတွင် ပညာရေးဆိုင်ရာ လိုအပ်ချက်များ ရွေးထုတ်ရန်အတွက် လူထုလိုအပ်ချက် လေ့လာဆန်းစစ် ချက်များ ပြုခဲ့ကြသည်။ စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်ရန် KCBNG က ဦးဆောင်ပြုလုပ်မည်ဖြစ်ပြီး ကျောင်းဆောင် ၂ ဆောင် တည်ဆောက်ခြင်း၊ မိဘ–ဆရာ အစည်းအရုံးဖွဲ့စည်းခြင်း၊ ကျောင်းတွင်း ပန်းခြံစိုက်သင်တန်းများ၊ ကျောင်းသူ/သားများအတွက် ကျန်းမာရေးနှင့် တစ်ကိုယ်ရေ သန့်ရှင်းရေးသင်တန်းများနှင့် ကျောင်းသုံးပစ္စည်းများ ထောက်ပံ့မှုကို အာရုံထားဆောင်ရွက်သွားမည် ဖြစ်သည်။ ထို့အပြင် DKBA နှင့် ဆက်စပ်သော ဒေသများမှ လုပ်ဆောင်သူ ကျေးလက်လူထုများ၏ အသိပညာနှင့် စွမ်းဆောင်နိုင်မှု စွမ်းရည်ကို တိုးမြှင့်ပေးရန် အထောက်အပံ့ဖြစ်သည့် စွမ်းရည်တည်ဆောက်သော ဆွေးနွေးပွဲကို ကျင်းပပြုလုပ်ရန်ရှိသည်။ စီမံကိန်းမှ ၃.၆၀၀ ဝန်းကျင် ကျောင်းကလေးများနှင့် ၁၈၀ ဆရာ/ဆရာမများသည် တိုက်ရိုက်အကျိုးရှိသူများအနေနှင့် ပါဝင်သည်။ စီမံကိန်း၏ ရပ်ရွာလူထုများ ကိုယ်ပိုင်ဖြစ်မှုသည် အားကောင်းသည့်အပြင် DKBA ကလည်း စီမံကိန်းတွင် ရပ်ရွာလူထုများ ပါဝင်တက်ရောက်နိုင်ရန် နေရာများ ပေးအပ်ထားသည်။

စီမံကိန်းသည် (၂၀၁၄ မတ်လလယ်အရ) ရန်ပုံငွေရှာဖွေသည့် အဆင့်တွင် ရှိနေသည်။

## သက်သေခံကတ်ပြား ပြုလုပ်ရေး အစီအစဉ်

စီမံကိန်းနယ်မြေ။ ။ ကရင်ပြည်နယ်၊ ကယား(ကရင်နီ)၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်တောင်ပိုင်း စသည့် အပစ်ခတ်ရပ်စဲထားသော တိုင်းရင်းသားလက်နက်ကိုင် တပ်ဖွဲ့များ ထိန်းချုပ်နယ်မြေအတွင်းရှိ စစ်ဘေးဒဏ်သင့် ဒေသများ။

စီမံကိန်းကာလ။ ။ ၂၀၁၂ခုနှစ်၊ ဇူလိုင်လ – ဆက်လက်၍ လုပ်ကိုင်သည်။

စီမံကိန်းမိတ်ဖက်အဖွဲ့များ။ ။ Norwegian Refugee Council (လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ လက်တွဲဆောင်ရွက်)။

စီမံကိန်းရန်ပုံငွေ။ ။ ဒေါ်လာ ၁၉၉၂၀၀၀ (၂၀၁၃ခုနှစ်၊ ဩဂုတ်လ ၃၀ ရက်နေ့အရ)။

အလှူရှင်များ။ ။ နော်ဝေနိုင်ငံခြားရေး ဝန်ကြီးဌာန၊ ဩစတြေးလျအထောက်အပံ့၊ Switzerland ဖွံ့ဖြိုးတိုးတက်မှု ကော်ပိုရေးရှင်းနှင့် Norwegian Ministry of Foreign Affairs, AusAid, SCD နှင့် EuropeAid။

MPSI ၏ ပံ့ပိုးအားဖြည့်မှုပမာဏ-**အနည်းအကျဉ်း**။ ။ ဘေးအန္တရာယ်ကျရောက်သော ဒေသများတွင် ကြားခံအဖြစ် ဝင်ရောက်ခြင်း၊ အလှူရှင်များနှင့် ဖြည့်ဆည်းလုပ်ဆောင်မည့် မိတ်ဖက်အဖွဲ့များနှင့် ချိတ်ဆက်ပေးခြင်း။

- ကျေးရွာလူထုများ၊ တိုင်းရင်းသားလက်နက်ကိုင် တပ်ဖွဲ့များနှင့် နိုင်ငံတော် အစိုးရအကြားသဘောတူညီချက်အရ မြို့နှင့် အလှမ်းကွာဝေးလှသော စစ်ဘေးဒဏ်သင့် ဒေသအတွင်းရှိ သက်သေခံကတ်ပြားပြုလုပ်နိုင်ခြင်း မရှိသေးသော ပြည်သူများအား နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပြုလုပ်ပေးရန်။ သက်သေခံကတ်ပြားများ ထုတ်ပေးခြင်းကို နိုင်ငံတော် လူဦးရေနှင့် လူဝင်မှုကြီးကြပ်ရေးဝန်ကြီးဌာနမှ လုပ်ဆောင်ပေးရန်။

## နိုင်ငံရေး အခင်းအကျင်း

မြို့နှင့် အလှမ်းကွာဝေးပြီး စစ်ဘေးသင့်ဒေသတွင်း ကျရောက်နေသည့် ကျေးရွာလူထုများကို နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပြုလုပ်ပေးနိုင်ရန် လူဦးရေနှင့် လူဝင်မှုကြီးကြပ်ရေး ဝန်ကြီးဌာနအား Norwegian Refugee Council (NRC) က ထောက်ပံ့ကူညီခဲ့သည်။ အခမဲ့ နေ့ချင်းပြီး နိုင်ငံသားစိစစ်ရေးကတ်ပြား ပြုလုပ်ခြင်းစနစ်ဖြင့် NRC နှင့် နိုင်ငံတော်အစိုးရတို့က ပူးပေါင်းဆောင်ရွက်ခဲ့ရသည်။ လုပ်ငန်းရန်ပုံငွေ ရရှိနိုင်ရန် MPSI ဘက်မှ တာဝန်ယူခဲ့သည်။

## စီမံကိန်းဆောင်ရွက်ချက်များ

၂၀၁၂ခုနှစ်၊ ဇွန်လ မှ ၂၀၁၃ခုနှစ် စက်တင်ဘာလအထိ နိုင်ငံသားမှတ်ပုံတင်ကတ်ပြား ၇၉၃၉၉ ခုကို ကရင်ပြည်နယ်အတွင်းရှိ စစ်ဘေးသင့်ဒေသကျေးရွာပြည်သူများအားလည်းကောင်း၊ ၂၀၁၂ခုနှစ်၊ နိုဝင်ဘာလမှ ၂၀၁၃ခုနှစ် စက်တင်ဘာလအထိ သက်သေခံကတ်ပြား ၁၄၄၀၂ ခုကို ကယားပြည်နယ်အတွင်းရှိ စစ်ဘေးသင့်ဒေသကျေးရွာ ပြည်သူများအားလည်းကောင်း၊ ၂၀၁၃ ခုနှစ်၊ ဧပြီလမှ ၂၀၁၃ ခုနှစ် စက်တင်ဘာလအထိ သက်သေခံကတ်ပြား ၁၁၀၃၈ ခုကို ရှမ်းပြည်တောင်ပိုင်းအတွင်းရှိ စစ်ဘေးဒဏ်သင့်ဒေသကျေးရွာ ပြည်သူများအားလည်းကောင်း စသည်ဖြင့် အသီးသီးပြုလုပ်ပေးနိုင်ခဲ့သည်။ တနင်္သာရီတိုင်းဒေသကြီး အတွင်းနှင့် ရှမ်းပြည်အရှေ့တောင်ဘက်ကျသော ဒေသများတွင် ဆက်လက်၍ လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်ရန် စီစဉ်ရေးဆွဲလျက်ရှိသည်။

## စောင့်ကြည့်ထိန်းသိမ်းခြင်း၊ လေ့လာသင်ယူခြင်းနှင့် ပြန်လည်သုံးသပ်ခြင်း

ပြည်တွင်းရှိ များစွာသော စစ်ဘေးဒဏ်သင့်ဒေသ (အချို့သော ကိစ္စများသည် နိုင်ငံလွတ်လပ်ရေး ရရှိခဲ့သည့်အချိန်မှစ၍ ယနေ့အချိန်ထိတိုင် နိုင်ငံတော်၏ ထိန်းချုပ်မှုအောက်မှ ကင်းလွတ်နေသည်)များတွင် နေထိုင်လျက်ရှိသော စစ်ဘေးဒဏ်သင့် ရွှေ့ပြောင်းဒုက္ခသည် လူထုသည် စစ်ပွဲ ပဋိပက္ခများဖြစ်ပွားနေခြင်းကြောင့် နေရာအတည်တကျမရှိဘဲ ရွှေ့ပြောင်းနေထိုင်နေရခြင်းဖြင့် သက်သေခံအထောက်အထား စာရွက်စာတမ်းများ မရှိခြင်းနှင့် ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများနှင့် အလှမ်းကွာလျက်ရှိခြင်း စသည့် ပြဿနာ အခက်အခဲများ ရှိနေကြသည်။ သက်သေခံအထောက်အထား စာရွက်စာတမ်းများ မရှိခြင်းသည် အစိုးရထိန်းချုပ်နယ်မြေအတွင်းတွင် ခရီးသွားလာရန်သော်လည်းကောင်း၊ အစိုးရဌာနဝန်ဆောင်မှုများနှင့် အခြားဝန်ဆောင်မှုများ ရရှိရန်သော်လည်းကောင်း၊ နိုင်ငံတော်အုပ်ချုပ်ရေးစနစ်တွင် ပါဝင် အရွေးခံရန်သော်လည်းကောင်း ၎င်းဒေသခံ ပြည်သူများအတွက် အခက်အခဲအတားအဆီးဖြစ်နေပေသည်။ ခရီးသွားသည့်အခါ သက်သေခံကတ်ပြားများ ပြုလုပ်ပေးခြင်းအားဖြင့် ရွှေ့ပြောင်း ကျေးရွာလူထုသည် ကလေးများ ကျောင်းထားပေးခြင်းနှင့် မဲပေးခြင်း ကဲ့သို့သော စသည့် အခြေခံအခွင့်အရေးများ ရရှိစေပါသည်။ သက်သေခံကတ်ပြားများ ပြုလုပ်ခြင်း စီမံကိန်း မတိုင်ခင်၌ ကျေးရွာလူထုများက သက်သေခံကတ်ပြားများ ပြုလုပ်မည်ဆိုလျှင် မိမိတို့၏ အလုပ်များကို ရပ်ဆိုင်းထားရခြင်း၊ ကိုယ်ပိုင်အသုံးစရိတ်များဖြင့် အစိုးရဌာနသို့ သွားရောက်ရခြင်းနှင့် အခက်အခဲများ ကြုံတွေ့ရခြင်း၊ ပြီးနောက် ဆက်စပ်ပတ်သက်သော အသုံးစရိတ်များ ကုန်ကျရသည့်အပြင် သက်သေခံကတ်ပြားများ ချက်ချင်းလက်ငင်းမရရှိခြင်း စသည့် အခက်အခဲပေါင်းစုံ ကြုံတွေ့ကြရသည်။ MPSI မှ လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်နေသော ဧရိယာများအတွင်းရှိ ကျေးရွာလူထုများက သက်သေခံကတ်ပြား လက်ဝယ်ပိုင်ဆိုင်နိုင်စေရန် အဓိကလုပ်ဆောင်ခဲ့သည်။ ဤလုပ်ဆောင်ချက်သည် ယုံကြည်မှုတည်ဆောက်ခြင်းနှင့် ငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းစဉ်တွင် ထူးထူးခြားခြား အထောက်အကူပြုနိုင်ခဲ့သည်။ သို့သော် တိုင်းရင်းသားလက်နက်ကိုင်ထိန်းချုပ်နယ်မြေအတွင်းတွင် နေထိုင်လျက်ရှိသော ကျေးရွာလူထုများကို သက်သေခံကတ်ပြားပြုလုပ်ပေးနိုင်ရေး ကိစ္စနှင့်ပတ်သက်၍ နိုင်ငံတော်အစိုးရကို အကူအညီပေးနေသော NRC အဖွဲ့အတွက် အခက်အခဲအတားအဆီးများ ရှိနေသည်။ လက်တွေ့၌ နိုင်ငံတကာအသိုင်းအဝိုင်းနှင့် နိုင်ငံတော်အစိုးရတို့ ပူးပေါင်းပြီး ယခင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ အုပ်ချုပ်သော အထူးဒေသများတွင် နိုင်ငံတော်၏ အခန်းကဏ္ဍ ပိုမိုကျယ်ပြန့်ရန် တိုးမြှင့်လုပ်ဆောင်လျက်ရှိသည့် တွေ့ရသည်။ ဤဒေသများအတွင်း ထိုးဖောက်ဝင်ရောက်ရန် ကြိုးစားနေသော အစိုးရ၏ ခြေလှမ်းများသည် ဆိုးရွား

သော အခြေအနေအောက်တွင် ရောက်ရှိနေသော ဒေသခံပြည်သူများကိုသော်လည်းကောင်း၊ လူမှုအခြေပြု အသင်းအဖွဲ့များကိုသော်လည်းကောင်း၊ တိုင်းရင်းသား လက်နက်ကိုင်တပ်ဖွဲ့များကိုသော်လည်းကောင်း ခြိမ်းခြောက်မှုတစ်ခုဖြစ်စေခဲ့သည်။ ဤအခင်းအကျင်းတွင် စီမံကိန်းအကောင်အထည်ဖော်ခြင်းသည် ဒေသခံပြည်သူများ စိုးရိမ်သကဲ့သို့ ရန်လိုခြိမ်းခြောက်မှုတစ်ခု မဟုတ်ကြောင်း ခံစားသိမြင်စေရန် တိုင်းရင်းသားလက်နက်ကိုင်တပ်ဖွဲ့များ (ဥပမာ- KNU)၊ ဆိုးရွားသော အခြေအနေအောက်တွင် ရောက်ရှိနေသော ဒေသခံပြည်သူများနှင့် NRC အဖွဲ့အကြား ပူးပေါင်းဆောင်ရွက်နိုင်ရန် MPSI မှ ကြိုးစားနည်းလမ်းရှာဖွေခဲ့သည်။ အလှမ်းကွာဝေးပြီး စစ်ဘေးသင့် ဒေသများတွင် ဒေသခံအုပ်ချုပ်ရေး အခန်းကဏ္ဍ၌ လက်ရှိနေရာယူထားသော တိုင်းရင်းသားလက်နက်ကိုင်တပ်ဖွဲ့များကို ငြိမ်းချမ်းရေးဖော်ဆောင်ရေး လုပ်ငန်းစဉ်တွင် အဓိကပူးပေါင်းပါဝင်လုပ်ဆောင်သူများ ဖြစ်စေရန်အတွက်လည်း ဆွေးနွေးညှိနှိုင်းခဲ့သည်။

**ချဉ်းကပ်ခြင်းနည်းလမ်း ၂။ ။ ယုံကြည်မှု တည်ဆောက်ခြင်းနှင့် ငြိမ်းချမ်းရေးဖြစ်စဉ်ကို စမ်းသပ်မှုပြုလုပ်ခြင်း - အောက်ခြေကျေးရွာလူထုများ၊ အောက်ခြေလူမှု အသင်းအဖွဲ့များ၊ နိုင်ငံရေးပါတီများနှင့် တိုင်းရင်းသားလက်နက်ကိုင်တပ်ဖွဲ့များအကြား အချေအတင် ဆွေးနွေးညှိနှိုင်းခြင်းနှင့် လူထုအစည်းအဝေးများ ဖြစ်ပေါ်စေရန် ပံ့ပိုးကူညီခြင်း။**

## NMSP ဆွေးနွေးပွဲ အကောင်အထည်ဖော်မှု လုပ်ငန်းစဉ်

စီမံကိန်းနယ်မြေ။ ။ တနင်္သာရီတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ကရင်ပြည်နယ် ထိစပ်နေသော ဒေသများအတွင်းရှိ မွန်ပြည်သူလူထု။

စီမံကိန်းကာလ။ ။ ၂၀၁၂ခုနှစ်၊ ဇွန်လ မှ ၂၀၁၃ခုနှစ်၊ ဇူလိုင်လအထိ။

စီမံကိန်းမိတ်ဖက်အဖွဲ့များ။ ။ NMSP (NPA ၏ ပံ့ပိုးမှုဖြင့်)

စီမံကိန်းရန်ပုံငွေ။ ။ ဒေါ်လာ ၁၉၀၉၂၅။

အလှူရှင်များ။ ။ Netherlands နိုင်ငံဖွံ့ဖြိုးရေးပူးပေါင်းဆောင်ရွက်မှု ဝန်ကြီးဌာနနှင့် နော်ဝေနိုင်ငံခြားရေးဝန်ကြီးဌာန။

MPSI ၏ ပံ့ပိုးအားဖြည့်မှုပမာဏ-**အလယ်အလတ်**။ ။ အထောက်အပံ့ပေးသူများဘက်မှ လိုလားသော လုပ်ဆောင်ချက်များနှင့် ငွေကြေးသုံးစွဲမှုများအတိုင်း လုပ်ကိုင်အသုံးပြုရန် ဒေသခံပူးပေါင်းလုပ်ကိုင်သူများကိုဝိုင်းဝန်းကူညီခြင်းနှင့် အလှူရှင်များနှင့် ဖြည့်ဆည်းလုပ်ဆောင်မည့် ပူးပေါင်းလုပ်ကိုင်သူများနှင့် ချိတ်ဆက်ပေးခြင်း။

- နိုင်ငံရေးပါတီများ၊ အောက်ခြေလူမှု အသင်းအဖွဲ့များ၊ ဒေသခံမွန်လူထုနှင့် NMSP တို့ အကြား ငြိမ်းချမ်းရေးဖော်ဆောင်ရေး လုပ်ငန်းစဉ်နှင့် ပတ်သက်၍ ပိုမိုကျယ်ပြန့်သော ပူးပေါင်းဆောင်ရွက်ခြင်းနှင့် ပိုမိုခိုင်မာသော နားလည်မှု တည်ဆောက်ခြင်း။

## နိုင်ငံရေး အခင်းအကျင်း

၂၀၁၂ခုနှစ် ဖေဖော်ဝါရီလတွင် NMSPနှင့် နိုင်ငံတော်အစိုးရတို့အကြား အပစ်ခတ်ရပ်စဲရေး သဘောတူညီချက်ကို ထပ်မံအတည်ပြုခဲ့ပြီး နောက်ဆက်တွဲ ဆွေးနွေးညှိနှိုင်းမှုများကို ၂၀၁၂ ခုနှစ် ဧပြီလအတွင်းတွင် ပြုလုပ်ခဲ့သည်။

## စီမံကိန်းဆောင်ရွက်ချက်များ

၂၀၁၂ခုနှစ် ဇွန်လမှ ၂၀၁၃ခုနှစ် ဇူလိုင်လအထိ တစ်နှစ်တာ ကာလအတွင်း ဒေသခံအာဏာပိုင်များ၊ မွန်နိုင်ငံရေးပါတီများ၊ အောက်ခြေလူထုအဖွဲ့အစည်းများ၊ အောက်ခြေ ကျေးရွာလူထုများနှင့် အစည်းအဝေးအကြိမ်ပေါင်း (၄၀၀) ကျော်ပြုလုပ်ခဲ့သည့် တွေ့ဆုံဆွေးနွေးမှု လုပ်ငန်းစဉ်ကို NMSP မှ အကောင်အထည်ဖော်ဆောင်ရွက်ရန် MPSI က ပံ့ပိုးကူညီခဲ့သည်။ တွေ့ဆုံဆွေးနွေးမှု လုပ်ငန်းစဉ်၏ ဦးတည်ချက်များမှာ သဘောသဘာဝကွဲပြား ခြားနားသော မွန်အောက်ခြေလူထုအဖွဲ့အစည်းများနှင့် NMSP အကြား ချိတ်ဆက်မှု ပိုမိုခိုင်မြဲစေရန်၊ NMSP နှင့် မွန်လူထုခေါင်းဆောင်များ ပူးပေါင်းဆောင်ရွက်ရန်၊ အောက်ခြေလူထုနှင့် ဘာသာ

ရေးခေါင်းဆောင်တို့မှ ပြန်လည်သင့်မြတ်ခြင်းနှင့် ပဋိပက္ခဖြေရှင်းနိုင်ရေး နည်းလမ်းများ ကူညီရှာဖွေ ဖော်ထုတ်ရန်၊ နိုင်ငံရေး ဖြစ်စဉ်တိုးတက်ပြောင်းလဲမှုနှင့် ငြိမ်းချမ်းရေးဖော်ဆောင်ရေး လုပ်ငန်းစဉ်နှင့် ပတ်သက်သော သတင်းအချက်အလက်များ ဖြန့်ဖြူးရန်၊ ငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းစဉ်နှင့် ပတ်သက်သော မွန်အောက်ခြေလူထုများ၏ မျှော်လင့်ချက်များနှင့် သဘောထားမှတ်ချက်များကို NMSP က ပိုမိုသိရှိရန် စသည်တို့ဖြစ်သည်။ တွေ့ဆုံဆွေးနွေးပွဲများကို NMSPအထက်တန်း အရာရှိများဦးဆောင်ပြီး NMSP ဆက်ဆံရေးရုံး ၁၀ နေရာရှိ ဝန်ထမ်းများမှ စည်းရုံးလှုံ့ဆော် အကောင်အထည်ဖော်ခဲ့သည်။ စီမံကိန်းအကောင်အထည်ဖော်ရာတွင် အစီရင်ခံစာရေးသားခြင်းနှင့် ဘဏ္ဍာရေးဆိုင်ရာ စာရင်းအင်းများ အဆင်ပြေချောမွေ့မှုရှိစေရန် NMSP က မွန်အမျိုးသမီးအသင်းအဖွဲ့ (MWO)နှင့် ပူးပေါင်းဆောင်ရွက်ခဲ့ရသည်။ မွန်အမျိုးသမီး အသင်းအဖွဲ့နှင့် ပူးပေါင်းလုပ်ဆောင်ခြင်းဖြင့် အမျိုးသမီးများနှင့် လူမှုအသိုင်းအဝိုင်းမှ ဖယ်ကျဉ်ခြင်းခံနေရသော ပြည်သူများ၏ ရင်တွင်းခံစားချက်များ၊ ၎င်းတို့၏ အလေးပြုမှုများကို သိရှိနိုင်မည်ဖြစ်သည်။ စီမံကိန်း အလျှုငွေရှိရန် နည်းလမ်းများနှင့် ပညာပိုင်းဆိုင်ရာနည်းစနစ်များ စသည်တို့ကိုလည်း NPA မှ ပံ့ပိုးခဲ့သည်။

## စောင့်ကြည့်ထိန်းသိမ်းခြင်း၊ လေ့လာသင်ယူခြင်းနှင့် ပြန်လည်သုံးသပ်ခြင်း

၂၀၁၃ ဖေဖော်ဝါရီလအတွင်း ပေးပို့လာသောလုပ်ငန်းပိုင်းဆိုင်ရာကြာကာလ အစီရင်ခံစာအရ၊ တွေ့ဆုံဆွေးနွေးမှုများစွာမှ တင်ပြလာသော လူထု၏ သဘောထားမှတ်ချက်များနှင့် မျှော်လင့်ချက်များကို NMSP က ထောက်ပြခဲ့သည်။ တုံ့ပြန်မှုအားဖြင့် မွန်အမျိုးသားလွတ်မြောက်ရေး တပ်မတော်မှ ၎င်း၏ လုပ်ထုံးလုပ်နည်းများကို ပြန်လည် သုံးသပ်သော အစည်းအဝေးတစ်ခုကိုကျင်းပပြီး အောက်ခြေလူထုများ၏ တောင်းဆိုချက်အရ NMSP မှနေ၍ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်တစ်ခုကို အကောင်အထည်ဖော်ခဲ့သည်။ ဒေသတွင်း ယာဘခေါ် မယ်သယ်အမ်ဖီသာမင်း ဆေးပြားများ ပျံ့နှံ့မှုဆတိုးကြီးထွားလာနေခြင်းအပေါ် စိုးရိမ်လျက်ရှိကြောင်း အောက်ခြေလူထုများက ဖွင့်ဟဝန်ခံခဲ့သည်။ မူးယစ်ဆေးဝါးကာကွယ်တားဆီးရေးနှင့်ဆိုင်သည့် အစိုးရမဟုတ်သော အသင်းအဖွဲ့များကို NMSP မှ ချိတ်ဆက်ဆောင်ရွက်ပေးခြင်းဖြင့် ဒေသတွင်းမူးယစ်ဆေးဝါး ပျံ့နှံ့ကြီးထွားလာမှု အခြေအနေကို ထိန်းချုပ်ရန် MPSI မှစီစဉ်ဆောင်ရွက်မှုသည်လည်းကောင်း၊ NPA ၏ ပံ့ပိုးမှုဖြင့် မူးယစ်ဆေးဝါးပြဿနာများနှင့် ပတ်သက်သော အလုပ်ရုံဆွေးနွေးပွဲကျင်းပရန် ငွေကြေးဆိုင်ရာထောက်ပံ့မှုကိုသော်လည်းကောင်း စသည်ဖြင့်လုပ်ငန်း အကောင်အထည်ဖော်နိုင်ခဲ့သည်။ တိုင်းရင်းသားကြားပဋိပက္ခများ ပေါ်ပေါက်နေခြင်း ချုပ်ငြိမ်းရန် နိုင်ငံရေးတည်ငြိမ်မှုသည်မရှိမဖြစ်လိုအပ်ကြောင်း လူထုတွေ့ဆုံဆွေးနွေးပွဲများမှရရှိသော အဖြေများက ဖော်ပြနေသည်။ ထို့အပြင် NMSP ခေါင်းဆောင်မှုဖြင့် ဦးစားပေးဆောင်ရွက်ခဲ့သော အတိတ်ဖြစ်ရပ်များကြောင့် ပါတီနှင့် လမ်းခွဲခဲ့သည့် စစ်တပ်ပိုင်းနှင့် NMSP တို့အကြား ပြန်လည်သင့်မြတ်ရေးကိုလည်း အောက်ခြေလူထုများက လိုလားကြသည်။

လူထုဆွေးနွေးပွဲတွင် ပါဝင်ရန်သော်လည်းကောင်း၊ တက်ရောက်ရန်သော်လည်းကောင်း တရားမဝင်အဖွဲ့အစည်းနှင့် ဆက်သွယ်ခြင်း ဥပဒေပုဒ်မအရ အစိုးရအာဏာပိုင်ဘက်မှ ဖမ်းဆီးအရေးယူမည့် ကျေးရွာလူထုများက စိုးရိမ်ကြောက်ရွံ့လျက်ရှိကြောင်း NMSP နှင့် မွန်အောက်ခြေလူထုအသင်း အဖွဲ့များမှ အစီရင်ခံတင်ပြခဲ့သည်။ မဟာဗျူဟာအရ ကျေးရွာလူထုများကNMSP နှင့် တိုက်ရိုက်ဆက်သွယ်ရန် မလိုဘဲ အောက်ခြေလူထုအသင်းအဖွဲ့များမှတစ်ဆင့် ကျေးရွာလူထုအား လူထုဆွေးနွေးပွဲ တက်ရောက်ရန် ဖိတ်ကြားခြင်းဖြင့် ၎င်းတို့၏ စိုးရိမ်ကြောက်ရွံ့မှုများ ပြေပျောက်သွားစေလိမ့်မည်။ ၂၀၁၃ ဇွန်လအတွင်း NMSP ၏ အစီရင်ခံစာအရ နောက်ပိုင်း အစည်းအဝေးများ၌ ရွာသူရွာသားများက ပိုမိုတက်ကြွစွာ ပါဝင်တက်ရောက်ကြောင်း တွေ့ရှိရပြီး ဤကဲ့သို့ လူထုဆွေးနွေး ပွဲကျင်းပခြင်းအားဖြင့် ကျေးရွာလူထုများနှင့် NMSP တို့အကြားဆက်ဆံရေး ပိုမိုကောင်းမွန်စေခဲ့သည်။

စီမံကိန်းမစတင်ခင်၌ ကျေးရွာလူထုနှင့် အပြန်အလှန်ဆက်သွယ်ဆောင်ရွက်နိုင်မည့် လမ်းညွှန်ချက်များကို NMSP ဗဟိုအလုပ်အမှုဆောင်ကော်မတီက ချမှတ်ခဲ့သည်။ လမ်းညွှန်ချက်များထဲတွင် NMSP ပေါ်လစီရေးရာ မူဝါဒ ရှင်းလင်းချက်များသာ ပါဝင်ပြီး ကျေးရွာလူထုများ၏

ဝေဖန်အကြံပေးမှုများ လက်ခံရယူသော အခန်းကဏ္ဍကို ထည့်သွင်းရေးဆွဲထားခြင်း မရှိပါ။ ရွာသူရွာသားများမှ မေးမြန်းဆွေးနွေးရန် NMSP ခေါင်းဆောင်များက လမ်းဖွင့်ပေးခြင်း၊ ၎င်းတို့၏ ဝေဖန်အကြံပေးမှုများ၊ သဘောထားမှတ်ချက်များ လက်ခံရယူခြင်း စသည့် ချဉ်းကပ်မှု နည်းစနစ်များကို စီမံကိန်းစတင် အကောင်အထည်ဖော်စဉ်ကာလ၌ ထည့်သွင်းနိုင်ခဲ့သည်။ NMSP ၏ လူထုဆွေးနွေးပွဲဖြစ်မြောက်ရေး အဖွဲ့ဝင်များအကြား ချိတ်ဆက်ဆောင်ရွက်ခြင်းနှင့် ပူးပေါင်းဆောင်ရွက်ခြင်း ကဏ္ဍများကို မြှင့်တင်နိုင်ခဲ့သည်။ စီမံကိန်းမစတင်ခင်၌ ခေါင်းဆောင်များသည် လူထုဆွေးနွေးပွဲနှင့် သက်ဆိုင်သည့် စီမံခန့်ခွဲမှုအတွေ့အကြုံများ မရှိသေးပါ။ သို့သော်လည်း လူထုဆွေးနွေးပွဲ ကျင်းပပြီးစီးပြီးအချိန်တိုင်း ဆွေးနွေးပွဲအပေါ် ဆွေးနွေးပွဲမှ ရရှိလာသော အတွေ့အကြုံများ မျှဝေခြင်း စသည့် နည်းစနစ်များ အသုံးပြုခြင်းဖြင့် အဖွဲ့အစည်းအတွင်း ချိတ်ဆက်ဆောင်ရွက်ခြင်းနှင့် ပူးပေါင်းဆောင်ရွက်ခြင်းများကို ပိုမိုခိုင်မြဲလာစေခဲ့သည်။ မွန်ပြည်သူလူထု၏ လိုအပ်ချက်များကို NMSP က ပိုမိုသဘောပေါက် နားလည်လာခြင်း၊ ပြီးသည့်နောက် စီမံကိန်းများစွာ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် မွန်အောက်ခြေလူထုအဖွဲ့အစည်းများ၊ မွန်လူမှုအသင်းအဖွဲ့များနှင့် နီးကပ်စွာ ပူးပေါင်းဆောင်ရွက်မှုရှိလာခြင်း (ဥပမာ- မွန်အမျိုးသား ညီလာခံကျင်းပခြင်း၊ နောက်ဆက်တွဲစာမျက်နှာတွင်ကြည့်) စသော တိုးတက်မှုဖြစ်စဉ်များသည် လူထုဆွေးနွေးပွဲများ ပြုလုပ်ခြင်း၏ ရလဒ်များပင်ဖြစ်သည်။

လူထုဆွေးနွေးပွဲများ၏ သတင်းအချက်အလက် ဝေမျှခြင်း အစီအစဉ်သည် ငြိမ်းချမ်းရေးဖော်ဆောင်မှုလုပ်ငန်းစဉ်နှင့် နိုင်ငံရေးအခြေအနေအပေါ် ကျေးရွာလူထုများ၏ အသိအမြင် နိုးကြားလာခြင်းနှင့် ပိုမိုသဘောပေါက် နားလည်လာခြင်းတို့ NMSP နှင့် MWO တို့က လေ့လာတွေ့ရှိခဲ့သည်။ ခေါင်းဆောင်မှုဆိုင်ရာ ကဏ္ဍအပေါ် မေးမြန်းဆွေးနွေးစေခြင်း၊ နိုင်ငံရေးစကားဝိုင်းများတွင် ပိုမိုပါဝင်စေခြင်းနှင့် ဆုံးဖြတ်ချက်ချမှတ်ခြင်း လုပ်ငန်းစဉ်တွင် ပိုမိုပါဝင်စေခြင်းဖြင့် ကျေးရွာလူထုကို လမ်းဖွင့်ပေးခဲ့သည်။ မွန်တိုင်းရင်းသားလူထုများက ၎င်းတို့၏ အလေးဂရုပြုမှုများ၊ မျှော်လင့်ချက်များကို NMSP သို့ တင်ပြမှုများ ပိုမိုများပြားလာခဲ့သည်။ ဤတိုးတက်ပြောင်းလဲမှုဖြစ်စဉ်သည် မြန်မာနိုင်ငံတွင် ငြိမ်းချမ်းရေးဖော်ဆောင်မှုလုပ်ငန်းစဉ်တွင် ပူးပေါင်းဆောင်ရွက်သော အခြားလူပုဂ္ဂိုလ်များ အခြားအသင်းအဖွဲ့များနှင့် အစိုးရအတွက် လာမည့် နိုင်ငံရေးစကားဝိုင်းတွင် ဆွေးနွေးနိုင်ရန် အထောက်အကူဖြစ်စေလိမ့်မည်။

လူထုဆွေးနွေးပွဲများမှ ကျေးရွာလူထုများ၏ တောင်းဆိုချက်များအရ NMSP ၏ စဦးဆောင်ရွက်ချက်များနှင့် နောက်ဆက်တွဲလုပ်ဆောင်ရမည့် စီမံကိန်းများစွာ ထွက်ပေါ်လာခဲ့သည်။

- ဒေသတွင်းတွင် မူးယစ်ဆေးဝါးပြဿနာများ ကျယ်ပြန့်လာခြင်းအပေါ် လူထုဆွေးနွေးပွဲများ၌ ကျေးရွာလူထုများက ဖွင့်ဟထုတ်ဖော်ခဲ့သည်။ (၁) NPA ၏ ပံ့ပိုးကူညီမှုဖြင့် ကျေးရွာခေါင်းဆောင်များ၊ အောက်ခြေလူထုအဖွဲ့အစည်းကိုယ်စားလှယ်များ၊ NMSP အဖွဲ့ဝင်များအတွက် မူးယစ်ဆေးဝါး ကာကွယ်တားဆီးရေးသင်တန်းများနှင့် အလုပ်ရုံဆွေးနွေးပွဲများကို ပြုလုပ်ဆောင်ရွက်ခြင်း၊ (၂) မူးယစ်ဆေးဝါးရောင်းဝယ်ဖောက်ကားသူများကို ထိရောက်စွာ အရေးယူနိုင်ရန် ပြစ်ဒဏ်ပေးခြင်းဆိုင်ရာ NMSP ၏ မူးယစ်ဆေးဝါး ကာကွယ်တားဆီးရေးဥပဒေကို ပြန်လည်ပြင်ဆင်ခြင်း စသည့် ပြဿနာများကို ဖြေရှင်းနိုင်မည့် နည်းလမ်းများကို NMSP က စတင်လုပ်ဆောင်ခဲ့သည်။

- မြေယာပြဿနာနှင့် ပတ်သက်သည့် အရေးကြီးကိစ္စနှစ်ခုကိုလည်း ကျေးရွာလူထုများက တင်ပြခဲ့သည်။ မြေယာပိုင်ဆိုင်မှုနှင့် ပတ်သက်၍ ရွာသူရွာသားများကြား အငြင်းပွားမှု၊ ပုဂ္ဂလိကကုမ္ပဏီ များ၊ ဗမာတပ်မတော်နှင့် အစိုးရအာဏာပိုင်များက မြေယာသိမ်းဆည်းမှုကိစ္စများ စသည်တို့ ဖြစ်သည်။ နိုင်ငံတော်အစိုးရနှင့် ပြုလုပ်ဆောင်ရွက်သော အစည်းအဝေးများ၌ NMSP သည် ဖြစ်ပေါ်လာမည့် နောက်ဆက်တွဲပြဿနာကို တင်ပြခဲ့ပြီး ကျေးရွာလူထုများက မြေယာပိုင်ဆိုင်မှု အထောက်အထားများ ရရှိရန် GPS အစီအစဉ်များကို ချမှတ်ခဲ့သည်။

- တချို့ဒေသများ၌ ကျေးရွာလူထုက မြေမြှုပ်မိုင်းပြဿနာနှင့် ပတ်သက်၍ တင်ပြလာခဲ့သည်။ မြေမြှုပ်

မိုင်းအန္တရာယ်ကင်းဝေးရေးပညာပေး စီမံကိန်းကို NPA နှင့် DCA အဖွဲ့တို့၏ ပံ့ပိုးကူညီမှုဖြင့် အကောင်အထည်ဖော်ခဲ့ပြီးဖြစ်သည်။ ပညာရပ်ဆန်ဆန် မဟုတ်သော ကွင်းဆင်းလေ့လာမှုတစ်ခုပြုလုပ်ရန် MPC သို့ NMSP မှ တောင်းဆိုမှု တစ်ခုပြုလုပ်ခဲ့သည်။ ၎င်းတောင်းဆိုချက်ကို အစိုးရပိုင်းမှ အတည်ပြုလက်ခံခဲ့သည်။ (နောက်ဆက်တွဲ အသေးစိတ်ကို ကြည့်ရန်)

- မွန်နိုင်ငံရေးပါတီနှစ်ခုဖြစ်သော မွန်ဒီမိုကရေစီပါတီနှင့် မွန်ဒေသလုံးဆိုင်ရာဒီမိုကရေစီပါတီ (Mon Democracy Party and All Mon Regions Democracy Party) ပေါင်းစည်းရေးကို ကျေးရွာလူထုများက လိုလားကြသည်။ ပါတီနှစ် ပါတီအကြားတွေ့ဆုံဆွေးနွေးမှုများကို NMSP က ကြားနေ ပံ့ပိုးဆောင်ရွက်ခဲ့သော်လည်း သိမ်မွေ့စွာ ကိုင်တွယ်ရမည့်ကိစ္စရပ်ဖြစ်သောကြောင့် တွေ့ဆုံဆွေးနွေးမှုများစွာပြုလုပ်ရန်လိုအပ်လျက်ရှိသည်။ မွန်တစ်မျိုးသားလုံးစည်းလုံးညီညွတ်ရေးအတွက် တောင်းဆိုမှုများကိုတုံ့ပြန်သောအားဖြင့် မွန်အောက်ခြေလူထုအသင်းအဖွဲ့များနှင့် မွန်နိုင်ငံရေး ပါတီများ ပူးပေါင်းပါဝင်စေသည့် မွန်အမျိုးသားလုံးဆိုင်ရာ ညီလာခံကို NMSP က စည်းရုံးလှုံ့ဆော် အကောင်အထည်ဖော်ခဲ့သည်။ ဤညီလာခံ ကို ၂၀၁၃ခုနှစ် စက်တင်ဘာလ ၂၈ ရက်နေ့မှ ၃၀ ရက်နေ့အထိ မော်လမြိုင်မြို့တွင် ကျင်းပနိုင်ခဲ့သည်။

- NMSP၏ လူထုဆွေးနွေးပွဲ ဖြစ်မြောက်ရေးအဖွဲ့ဝင်များသည် လူ့အခွင့်အရေးချိုးဖောက်မှု သက်သေအထောက်အထားများကို ရှာဖွေစုစည်း၍ မှတ်တမ်းမှတ်ရာ အဖြစ်ပြုလုပ်ပြီး ဒေသဆိုင်ရာ ဆက်ဆံရေးရုံးများသို့ ပေးပို့ခဲ့သည်။ အချို့သော အငြင်းပွားမှုဖြစ်ရပ်များအတွက် မြို့နယ်အဆင့်တွင် ဖြေရှင်းပေးခဲ့ပြီး အချို့သော ဖြစ်ရပ်များအတွက်ကိုမူ နိုင်ငံတော်အဆင့်အထိ ဆက်လက် တင်ပြခဲ့သည်။

- စွမ်းရည်မြှင့်တင်ရေးသင်တန်းများ ပြုလုပ်ပေးပါရန် မွန်အောက်ခြေလူထု အသင်းအဖွဲ့များက လူထုဆွေးနွေးပွဲများ၌ တင်ပြတောင်းဆိုခဲ့သည်။ ထို့ကြောင့် NPA ၏ ပံ့ပိုးကူညီမှုဖြင့် အောက်ခြေလူထုအသင်းအဖွဲ့များမှ လူငယ်မောင်မယ်များအတွက်(၆)ပတ်ကြာ စွမ်းရည်မြှင့်တင်ရေးသင်တန်းတစ်ခုကို ပြုလုပ်ပေးခဲ့သည်။ သင်တန်းအစီအစဉ်တွင် လူငယ်မောင်မယ် (၂၀) ယောက်မှ NMSP ဌာနချုပ်များနှင့် ဆန်ခရပူရီ ဆက်ဆံရေးရုံးများသို့ သွားရောက်ပြီး လက်တွေ့ကွင်းဆင်းလုပ်ဆောင်ခြင်းများ ပါဝင်ပါသည်။

နောင်အခါ ကျင်းပမည့်ဆွေးနွေးပွဲများမှာ အကြောင်းဖြစ်ရပ်များ (ဥပမာ- ဖက်ဒရယ်ပြည်ထောင်စုနှင့် အခြေခံစည်းမျဉ်း ဥပဒေပြင်ဆင်ရေး)အပေါ် အခြေပြုဆွေးနွေးသော ဆွေးနွေးပွဲများ ပြုလုပ်နိုင်ချေများသည်။ မော်လမြိုင်မြို့တွင်သော်လည်းကောင်း၊ ရေးမြို့တွင်လည်းကောင်း၊ သံဖြူဇရပ်မြို့တွင် သော်လည်းကောင်း ဖွင့်လှစ်ထားသော ဆက်ဆံရေးရုံးများ တစ်ခုစီနှင့် နီးကပ်စွာတည်ရှိသော အောက်ခြေလူမှု အသင်းအဖွဲ့များက အတူတကွတွေ့ဆုံနိုင်ပြီး လုပ်ငန်းစဉ်များ စုစည်းဆောင်ရွက်နိုင်သော ကျေးရွာခန်းမ (၃) ခုကို တည်ဆောက်ရန် NMSP က စီစဉ်ဆောင်ရွက်လျက်ရှိသည်။

**မွန်တစ်မျိုးသားလုံးဆိုင်ရာညီလာခံ**

စီမံကိန်းနယ်မြေ။ ။ မော်လမြိုင်မြို့၊ မွန်ပြည်နယ်။

စီမံကိန်းကာလ။ ။ ၂၈ ရက်နေ့မှ ၃၀ ရက်နေ့အထိ၊ စက်တင်ဘာလ ၂၀၁၃ ခုနှစ်။

စီမံကိန်းမိတ်ဖက်အဖွဲ့များ။ ။ မွန်တစ်မျိုးသားလုံးဆိုင်ရာ ညီလာခံရှေ့ဆောင်ကော်မတီ။

စီမံကိန်းရန်ပုံငွေ။ ။ ဒေါ်လာ ၄၇၈၂၅။

အလှူရှင်။ ။ နော်ဝေနိုင်ငံခြားရေးဝန်ကြီးဌာန (NPA မှတစ်ဆင့်)။

MPSI ၏ ပံ့ပိုးအားဖြည့်မှုပမာဏ-**အလယ်အလတ်**။ ။ အထောက်အပံ့ပေးသူများဘက်မှ လိုလားသော လုပ်ဆောင်ချက်များနှင့် ငွေကြေးသုံးစွဲမှုများအတိုင်း လုပ်ကိုင်အသုံးပြု ရန် ဒေသခံပူးပေါင်း လုပ်ကိုင်သူများကို

ဝိုင်းဝန်းကူညီခြင်းနှင့် အလှူရှင်များနှင့် ဖြည့်ဆည်း လုပ်ဆောင်မည့် မိတ်ဖက်အဖွဲ့များနှင့် ချိတ်ဆက်ပေးခြင်း။

- မိမိ၏ ထင်မြင်ယူဆချက်များ ဝေမျှရန်၊ လူထု ကိုယ်တိုင်ရင်ဆိုင်နေရသော အကြောင်းခြင်းရာများ နှင့် ပြဿနာများအပေါ် ဆွေးနွေးအဖြေရှာရန်၊ တစ်ဦးနှင့် တစ်ဦးအကြား ခိုင်မာသော နားလည်မှုနှင့် ယုံကြည်မှုတည်ဆောက်ရန် စသည့် ဦးတည်ချက် များကို အကောင်အထည် ဖော်ပါဝင်ဆောင်ရွက်မည့် လူပုဂ္ဂိုလ်များ၊ အသင်းအဖွဲ့များက ကျယ်ပြန့်စွာအတူ တကွ လက်တွဲလုပ်ဆောင်ခြင်း။

## နိုင်ငံရေး အခင်းအကျင်း

မွန်ပြည်နယ်အတွင်း ငြိမ်းချမ်းရေး ဖော်ဆောင်မှု လုပ်ငန်းစဉ်တွင် အတူကွဲပြားခြားနားသော အဖွဲ့များ အကြား စေ့စပ်ညှိနှိုင်းဆောင်ရွက်မှု ရှေ့ဆက်နိုင်မည့် မွန်တစ်မျိုးသားလုံးဆိုင်ရာညီလာခံကို ကျင်းပရန် NMSP လူထုဆွေးနွေးပွဲများ (အထက်တွင်ဖော်ပြပြီး)၌ ဆုံးဖြတ် ချက်ချမှတ်ခဲ့သည်။ ပြည်တွင်းစစ်ဖြစ်ပွားနေခြင်းနှင့် နိုင်ငံရေးအခြေအနေများကြောင့် ယခင်အချိန်၌ ဤကဲ့သို့ မွန်အဖွဲ့အစည်းများ အားလုံးပါဝင်သော စုစည်းခြင်းမျိုးကို အကောင်အထည်ဖော်နိုင်ခဲ့ ခြင်းမရှိပါ။

## စီမံကိန်းဆောင်ရွက်ချက်များ

ညီလာခံကို မွန်ပြည်နယ်၏ မြို့တော် မော်လမြိုင်တွင် ၂၀၁၃ခုနှစ် စက်တင်ဘာလ ၂၈ ရက်မှ ၃၀ ရက်နေ့အထိ အောင်မြင်စွာ ကျင်းပနိုင်ခဲ့သည်။ မွန်တစ်မျိုးသားလုံး ဆိုင်ရာ ညီလာခံကျင်းပနိုင်ရန် အောက်ပါအဖွဲ့အစည်း များဖြစ်သည့် NMSP၊ မွန်တစ်မျိုးသားလုံးဆိုင်ရာ ဒီမိုကရေစီပါတီ၊ မွန်ဒီမိုကရက်တစ်နှင့် အောက်ခြေလူထု အဖွဲ့အစည်း ကိုယ်စားလှယ်များ စသည်တို့နှင့် ပူးပေါင်း ဖွဲ့စည်းထားသော မွန်တစ်မျိုးသားလုံးဆိုင်ရာညီလာခံဖြစ် မြောက်ရေးလုပ်ငန်း ကော်မတီက အစီအစဉ်များ ချမှတ် ဆောင်ရွက်ခဲ့သည်။ ညီလာခံကျင်းပရခြင်း၏ ရည်ရွယ်ချက် မှာ မွန်အရေးလှုပ်ရှား ဆောင်ရွက်သူများဖြစ်ကြသည့် မွန်နိုင်ငံရေးပါတီများ၊ NMSP ၊ လူမှုအခြေပြုအသင်း အဖွဲ့များ၊ ဘာသာရေးခေါင်းဆောင်များ စသည်တို့က ညီလာခံ၌ ၎င်းတို့၏ ထင်မြင်ယူဆချက်များကို ဝေမျှရန်၊ လူထုကြုံတွေ့ ရင်ဆိုင်နေရသော အကြောင်းအရင်းခံများ နှင့် ပြဿနာများအပေါ် ဆွေးနွေးရန်၊ ခိုင်မာသော နားလည်မှုနှင့် ယုံကြည်မှုတည်ဆောက်ရန် စသည်တို့ ဖြစ်သည်။

## စောင့်ကြည့်ထိန်းသိမ်းခြင်း၊ လေ့လာသင်ယူခြင်းနှင့် ပြန်လည် သုံးသပ်ခြင်း

ညီလာခံသို့ အဖွဲ့အစည်းအသီးသီးမှ ပညာရှင်များနှင့် လေ့လာသူ ၈၄ ဦး စသည်တို့ပါဝင်သော လူဦးရေ စုစုပေါင်း ၃၄၃ ဦး တက်ရောက်ခဲ့သည်။ မွန်လူမျိုးများ နေထိုင်သော ဒေသများတွင် တစ်ပြည်လုံးအတိုင်းအတာ စစ်မှန်သော ထာဝရငြိမ်းချမ်းရေးရရှိရန် မွန်နိုင်ငံရေး ပါတီများ၊ လက်နက်ကိုင်အဖွဲ့အစည်းများနှင့် လူမှုအခြေပြု အသင်းအဖွဲ့တို့မှ မည့်သို့ ပါဝင်လုပ်ဆောင်ကြမည့် ဆွေးနွေးခဲ့ကြသည်။ လူထုဆွေးနွေးပွဲများ၌ ရရှိလာသော ရလဒ်များ၊ ငြိမ်းချမ်းရေး ဖော်ဆောင်မှုလုပ်ငန်းစဉ်တွင် အမျိုးသမီးများပါဝင် ဆုံးဖြတ်ချက် ချနိုင်ခွင့်၊ ပညာရေး ကဏ္ဍ အမျိုးသားစည်းလုံးညီညွတ်ရေး၊ တိုင်းရင်းသား မျိုးနွယ်စု အဓိပ္ပာယ်သတ်မှတ်ချက်၊ လူထုမှကြုံတွေ့ရင်ဆိုင် နေရသော ပြဿနာများ၊ နိုင်ငံရေး အခြေအနေများ၊ ရေရှည်ငြိမ်းချမ်းရေး ဖြစ်ပေါ်လာရေး၊ စသည့် ခေါင်းစဉ် များ ပါဝင်သော မဟာဗျူဟာမြောက် အစီအစဉ်ကို ညီလာခံတက်ရောက်လာသော အဖွဲ့အစည်းများမှ ကြိုတင် ပြင်ဆင်ထားခဲ့ပြီးဖြစ်ပါသည်။ ပြင်ဆင်ထားသော အစီအစဉ်ကို အခြေတည်လျက် ညီလာခံ၌ ဆွေးနွေးမှုများ ပြုလုပ်ခဲ့ကြသည်။ ၂၀၁၄ခုနှစ်၊ ဇန်နဝါရီလတွင် မွန် တစ်မျိုးသားလုံးဆိုင်ရာ အသင်းကြီးဖွဲ့စည်းနိုင်မည့် အစီအစဉ်ကို ညီလာခံ၌ ရေးဆွဲချမှတ်နိုင်ခဲ့သည်။

## ချင်းလူထုဆွေးနွေးပွဲ လုပ်ငန်းစဉ်နှင့် ချင်းစာသင်ကျောင်းများ အတွက် အိုင်တီနည်းပညာ

စီမံကိန်းနယ်မြေ။ ။ ချင်းပြည်နယ်နှင့် အခြားဒေသ တွင်းရှိ ချင်းလူထုများ။

စီမံကိန်းကာလ။ ။ ၂၀၁၃ခုနှစ်၊ ဧပြီလမှ ၂၀၁၄ခုနှစ်၊ မတ်လအထိ။

စီမံကိန်းမိတ်ဖက်အဖွဲ့များ ချင်းအမျိုးသားတပ်ဦး။

စီမံကိန်းရန်ပုံငွေ။ ။ ဒေါ်လာ ၈၆၂၀၀၀။

အလှူရှင်များ။ ။ ဒိန်းမတ်နိုင်ငံခြားရေးဝန်ကြီးဌာန၊ နော်ဝေနိုင်ငံခြားရေးဝန်ကြီးဌာန (NIS မှတစ်ဆင့်) (အခြားဆက်စပ်အသုံးစရိတ်များကို နော်ဝေမှပံ့ပိုး)။

MPSI ၏ ပံ့ပိုးအားဖြည့်မှုပမာဏ-**အလယ်အလတ်**။ ။ အထောက်အပံ့ပေးသူများဘက်မှ လိုလားသော လုပ်ဆောင်ချက်များနှင့် ငွေကြေးသုံးစွဲမှုများအတိုင်း လုပ်ကိုင်အသုံးပြုရန် ဒေသခံပူးပေါင်း လုပ်ကိုင်သူများကို ဝိုင်းဝန်းကူညီခြင်းနှင့် အလှူရှင်များနှင့် ဖြည့်ဆည်း လုပ်ဆောင်မည့် ပူးပေါင်းလုပ်ကိုင်သူများနှင့် ချိတ်ဆက်ပေးခြင်း။

- ချင်းအမျိုးသားတပ်ဦးနှင့် အစိုးရအကြား အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်ပါ အချက်(၂) ချက်ကို အကောင်အထည်ဖော်ခြင်း။

၁။ ချင်းအောက်ခြေလူထုများနှင့် အမျိုးသားတပ်ဦးတို့အကြား တွေ့ဆုံဆွေးနွေးမှုများ ဖြစ်ပေါ်လာစေရန် ပံ့ပိုးကူညီခြင်း။

၂။ ချင်းပြည်နယ် အစိုးရနှင့်ပူးပေါင်းပြီး ချင်းအထက်တန်းကျောင်း စုစုပေါင်းကျောင်း (၃၀)အတွက် ကွန်ပျူတာစင်တာများ တည်ဆောက်ခြင်းနှင့် အင်တာနက်ချိတ်ဆက်မှုများ ဆောင်ရွက်ခြင်း။ (မှတ်ချက်- ဤစီမံကိန်းအလှူငွေမှနေ၍ ဒေါ်လာ ၃၅၀၀၀ ကို ချင်းတစ်မျိုးသားလုံးဆိုင်ရာညီလာခံအတွက် သုံးစွဲ-အောက်ပါတို့တွင် ကြည့်ပါ)

## နိုင်ငံရေး အခင်းအကျင်း

ချင်းပြည်နယ်သည် ပြည်ထောင်စုမြန်မာနိုင်ငံအတွင်းတွင် အဆင်းရဲဆုံးနှင့် ဖွံ့ဖြိုးမှုနောက်အကျဆုံး ပြည်နယ်ဖြစ်သည်။ ၆ ရက်နေ့၊ ဇန်နဝါရီလ၊ ၂၀၁၂ ခုနှစ်တွင် ချင်းအမျိုးသားတပ်ဦးသည် ဦးသိန်းစိန် အစိုးရနှင့် အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်ကို လက်မှတ်ရေးထိုးရန် ပြင်ဆင်ခဲ့သော ပထမဦးဆုံး တိုင်းရင်းသားလက်နက်ကိုင် တပ်ဖွဲ့ဖြစ်သည်။ လက်တွေ့အကောင်အထည်ဖော်နိုင်ရေးအတွက် အခြားသဘောတူညီမှုနှစ်ခုကို ၂၀၁၂ခုနှစ်၊ မေလနှင့် ဒီဇင်ဘာလအတွင်းတွင် လက်မှတ်ရေးထိုးခဲ့သည်။ သဘောတူညီချက်(၂) ချက်မှ တိတိကျကျ ညွှန်းဆိုထားသည်မှာ ချင်းအမျိုးသားတပ်ဦးအနေဖြင့် မတူကွဲပြားခြားနားလျက်ရှိသော ချင်းပြည်သူလူထုများနှင့် လူထုတွေ့ဆုံပွဲ ပြုလုပ်နိုင်သည့်အပြင် သီးခြားတည်ရှိနေခြင်းမှ လွတ်မြောက်ဖို့ရန် အကူအညီပေးခြင်းနှင့် လူမှုအဆောက်အဦ ဖွံ့ဖြိုးတိုးတက်ရန် မြှင့်တင်မှုများပြုလုပ်ခြင်း စသည် ကဲ့သို့သော ဖွံ့ဖြိုးရေးစီမံကိန်းများကို ပြုလုပ်ဆောင်ရွက်နိုင်သည်ဟု ပါရှိပါသည်။

## စီမံကိန်းဆောင်ရွက်ချက်များ

စီမံကိန်းရည်ရွယ်ချက်များ- ၁) ဒေသတွင်း အခြေအနေများနှင့် နိုင်ငံရေးစကားဝိုင်း ပေါ်ပေါက်လာစေမည့် တွန်းအားများကို ပိုမိုသဘောပေါက်နားလည်လာရန် လူမှုအခြေပြုအသင်းအဖွဲ့များ၊ ချင်းနိုင်ငံရေးပါတီများနှင့် လူထုများပါဝင်သော ချင်းအမျိုးသားတပ်ဦးမှ တာဝန်ယူကမကထ ပြုလုပ်သည့် တွေ့ဆုံဆွေးနွေးပွဲများ ကျင်းပနိုင်ရန် ပံ့ပိုးကူညီ ခြင်း။ ၂) လူမှုဆက်သွယ်ရေး လမ်းကြောင်းများမှ တစ်ဆင့် ပွင့်လင်းလူ့အဖွဲ့အစည်းဖြစ်ပေါ်လာရန်၊ ပူးတွဲသဘောတူညီချက်အရ ချင်းပြည်နယ်အစိုးရနှင့် ပူးပေါင်းပြီး ချင်းအထက်တန်းကျောင်း စုစုပေါင်းကျောင်း (၃၀) အတွက် ကွန်ပျူတာစင်တာများ တည်ဆောက်ခြင်းနှင့် အင်တာနက်ချိတ်ဆက်မှုများ ဆောင်ရွက်ခြင်း။

## စောင့်ကြည့်ထိန်းသိမ်းခြင်း၊ လေ့လာသင်ယူခြင်းနှင့် ပြန်လည်သုံးသပ်ခြင်း

၂၀၁၃ခုနှစ် ဧပြီလတွင် စီမံကိန်း စတင်အကောင်အထည်ဖော်ခဲ့ပြီး ၂၀၁၃ ခုနှစ် အောက်တိုဘာလတွင် စီမံကိန်းအစီရင်ခံစာကို အပြီးသတ်ရေးသားပြီးစီးခဲ့သည်။ ဤစီမံကိန်းကာလအတွင်း လုပ်ငန်းလုပ်ဆောင်ချက်များစွာ အောင်မြင်ပြီးစီးနိုင်ခဲ့သည်။ စီမံကိန်းဝန်ထမ်း ၈ ဦးကို ရွေးချယ်ခန့်ထားနိုင်ခဲ့ပြီး စာသင်ကျောင်း စုစုပေါင်း ၃၀ (သတ္တမတန်းနှင့် အထက်၊ ကျောင်းသားပေါင်း၁၂၄၆၃ ဦး) အတွက် လုပ်ငန်းဖော်ဆောင်ပေးနိုင်ခဲ့သည်။

လူထုတွေ့ဆုံဆွေးနွေးပွဲများ ကျင်းပနိုင်ရန်အတွက် ပံ့ပိုးကူညီနိုင်မည့်အဖွဲ့ကို ၂၀၁၃ ခုနှစ် ဧပြီလ၊ အိန္ဒိယနိုင်ငံ Aizawl မြို့တွင် သင်တန်းနှင့် အလုပ်ရုံဆွေးနွေးပွဲတစ်ခု ပြုလုပ်ပေးနိုင်ခဲ့သည်။ ငြိမ်းချမ်းရေးဖော်ဆောင်မှုလုပ်ငန်းစဉ်တွင် ချင်းပြည်သူလူထုများ၏ မျှော်လင့်ချက်များနှင့် လိုလားချက်များကို သေချာသိရှိနားလည်နိုင်စေရန် ရည်ရွယ်လျက် လူထုတွေ့ဆုံဆွေးနွေးပွဲများတွင် အသုံးပြုမည့် မေးခွန်းများ မေးမြန်းဆွေးနွေးခြင်းကဏ္ဍကိုလည်း သင်တန်းအလုပ်ရုံ ဆွေးနွေးပွဲ၌ သင်တန်းသူ/သားများကို လေ့ကျင့်ပေးနိုင်ခဲ့သည်။ ၂၀၁၃ မေလမှ ၂၀၁၃ အောက်တိုဘာလအထိ ချင်းပြည်နယ်အတွင်းရှိ မြို့နယ် ၉ မြို့နယ်၌ လူထုဆွေးနွေးပွဲ စုစုပေါင်း ၅၇ ကြိမ် ပြုလုပ်ပေးနိုင်ခဲ့သည်။ လူဦးရေ ၁၅၀၀၀ ဦးနီးပါး တက်ရောက်ခဲ့ပြီး တက်ရောက်သူများထဲမှ ၁၀၀၀၀ ဦးခန့် အပြန်အလှန် မေးခွန်းများ မေးမြန်းဆွေးနွေးခြင်းကို ပြုလုပ်ခဲ့သည်။ ချင်းပြည်သူလူထုများ၏ နိုင်ငံရေး အသိအမြင်များ နိုးကြားလာစေမှု ကဏ္ဍအနေဖြင့် ဖက်ဒရယ်စနစ်၊ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်နှင့် ဒီမိုကရေစီစနစ် (Dr. Lian Sakhong) စသည့် အကြောင်းအရာများ ပါဝင်သော လက်ကမ်းစာစောင် စောင်ရေပေါင်း ၃၀၀၀ကို ရိုက်နှိပ်ဖြန့်ဝေခဲ့သည်။

ချင်းပြည်နယ်အတွင်းရှိ အထက်တန်းကျောင်းများအား အင်တာနက်ချိတ်ဆက်ခြင်း၊ မီးစက်များတပ်ဆင်ခြင်းနှင့် ကွန်ပျူတာများ တပ်ဆင်ခြင်း လုပ်ငန်းများကို လုပ်ဆောင်ရာတွင် ဈေးကွက်လေလံဆွဲစနစ် ကျင့်သုံးလျက် အတွေ့အကြုံ ပြည့်ဝသော ကုမ္ပဏီတစ်ခုဖြစ်သည့် သစ္စာဦးကုမ္ပဏီနှင့် ချင်းအမျိုးသားတပ်ဦးက ကန်ထရိုက်စာချုပ် ချုပ်ဆိုခဲ့သည်။ ၂၀၁၃ခုနှစ် ဩဂုတ်လ ၂၈ရက်နေ့တွင် ချင်းအမျိုးသားတပ်ဦးနှင့် သစ္စာဦးကုမ္ပဏီတို့မှ ချင်းပြည်နယ်ဝန်ကြီးချုပ်နှင့်တကွ ချင်းပြည်နယ်ဝန်ကြီးများနှင့် တွေ့ဆုံခဲ့ပြီး ကွန်ပျူတာများ တပ်ဆင်ခြင်းလုပ်ငန်းနှင့် ဂြိုဟ်တုအင်တာနက် ချိတ်ဆက်ခြင်းလုပ်ငန်းစဉ် ပထမစီမံချက်ကာလ အကောင်အထည်ဖော်ရန် ဆွေးနွေးခဲ့ကြသည်။ ချင်းပြည်နယ်အတွင်းရှိ အထက်တန်းကျောင်း ၉ ခုအား ကွန်ပျူတာများ တပ်ဆင်ရန်နှင့် ဂြိုဟ်တုအင်တာနက် ချိတ်ဆက်ခြင်းလုပ်ငန်းများ၊ လုပ်ငန်းဖော်ဆောင်မည့် စာသင်ကျောင်းရှိကျောင်း ဆရာ/မများအား ကွန်ပျူတာကျွမ်းကျင်မှု သင်တန်းများကို ပထမစီမံချက်ကာလတွင် စတင်အကောင်အထည်ဖော်ရန် နှစ်ဘက်သဘောတူခဲ့ကြသည်။ ကျောင်းမိဘ ဆရာအသင်းဝင်များ၊ ချင်းအမျိုးသားတပ်ဦး ကိုယ်စားလှယ်များ၊ ချင်းပြည်နယ်အစိုးရအဖွဲ့ဝင်များ ပါဝင်သော ပူးတွဲစီမံခန့်ခွဲမှုကော်မတီ ဖွဲ့စည်းရန်လည်း သဘောတူချက် ရရှိခဲ့ကြသည်။ ကွန်ပျူတာတင်စားပွဲများနှင့် ထိုင်ခုံများအတွက် ကုန်ကျစရိတ်ကို စီမံကိန်း ဘတ်ဂျက်ငွေမဟုတ်ဘဲ ချင်းပြည်နယ်အစိုးရမှ ကျပ် ၉၀၀၀၀၀၀ ထောက်ပံ့လှူဒါန်းခဲ့သည်။ ကွန်ပျူတာအလုံးပေါင်း ၄၄၅ လုံးနှင့် အညီ ကွန်ပျူတာ တင်စားပွဲများနှင့် ထိုင်ခုံများကို စာသင်ကျောင်းများသို့ ပေးလှူနိုင်ခဲ့ပြီး ပရင်တာစက်များ၊ ဂြိုဟ်တုအင်တာနက် ချိတ်ဆက်ခြင်းနှင့် မီးစက်များကိုလည်း ပေးအပ်နိုင်ခဲ့သည်။

လူထုတွေ့ဆုံဆွေးနွေးပွဲများကို ချင်းပြည်နယ်အတွင်း၌သာ ပြုလုပ်နိုင်ခဲ့ပြီး အခြားပြည်နယ်နှင့် တိုင်းဒေသကြီးများ အတွင်း ပျံ့နှံ့နေထိုင်လျက်ရှိသော ချင်းပြည်သူလူထုများ အတွက် အလားတူ လူထုတွေ့ဆုံဆွေးနွေးပွဲများ ပြုလုပ်ပေးနိုင်ရန် ချင်းအမျိုးသားတပ်ဦးမှ စီစဉ်လျက်ရှိသည်။ လူထုတွေ့ဆုံဆွေးနွေးပွဲများကို ရန်ကုန်နှင့် မန္တလေးတိုင်း ဒေသအစိုးရများက ခွင့်ပြုမိန့်ပေးခဲ့သည်။

## ချင်းတစ်မျိုးသားလုံးဆိုင်ရာ ညီလာခံ

စီမံကိန်းနယ်မြေ။ ။ ဟားခါးမြို့၊ ချင်းပြည်နယ်။

စီမံကိန်းကာလ။ ။ ၁၂ရက်နေ့မှ ၁၅ ရက်နေ့အထိ၊ နိုဝင်ဘာလ ၂၀၁၃။

စီမံကိန်းမိတ်ဖက်အဖွဲ့များ။ ။Chin Affairs Partnership (အောက်ခြေလူထုအသင်းအဖွဲ့ ၉ ခု ဖြင့် ကွန်ရက်ဖွဲ့ထားခြင်း)

စီမံကိန်းရန်ပုံငွေ။ ။ ဒေါ်လာ ၆၃၄၈၈(+ ဒေါ်လာ ၃၅၀၀၀ ကို ချင်းပြည်နယ် စာသင်ကျောင်းများအတွက် အိုင်တီစီမံကိန်းနှင့် ချင်းလူထုတွေ့ဆုံဆွေးနွေးပွဲ အကောင်အထည်ဖော်မှု လုပ်ငန်းစဉ်မှ မျှဝေသုံးစွဲ)။

အလှူရှင်များ။ ။ နော်ဝေနိုင်ငံခြားရေးဝန်ကြီးဌာန (NIS မှတစ်ဆင့်)။

MPSI ၏ ပံ့ပိုးအားဖြည့်မှုပမာဏ–**အနည်းအကျဉ်း**။ ။ အလှူရှင်များနှင့် အကောင်အထည်ဖော်မည့် မိတ်ဖက်အဖွဲ့များနှင့် ချိတ်ဆက်ပေးခြင်း။

- ချင်းလူထုများအကြား ခိုင်မာသော နားလည်မှုနှင့် ယုံကြည်မှုတည်ဆောက်ရေးလုပ်ငန်းအပြင် နိုင်ငံရေးစကားဝိုင်းများဖြစ်ပေါ်လာရေးအတွက် ချင်းအသင်းအဖွဲ့များ၊ ပုဂ္ဂိုလ်များ အားလုံးပါဝင် လက်ခံသောစံနှုန်းတစ်ခုရရှိရေးနှင့် အတွင်းစည်း ပူးပေါင်းဆောင်ရွက်ရေး ယန္တရားတစ်ခု တည်ဆောက်နိုင်ရေး။

## နိုင်ငံရေး အခင်းအကျင်း

လူမှုအခြေပြု အသင်းအဖွဲ့ဦးဆောင်လှုပ်ရှားနေသူများနှင့် ချင်းနိုင်ငံရေးပါတီများတို့၏ တောင်းဆိုမှုများကို ထည့်သွင်းစဉ်းစားသော ချင်းတစ်မျိုးသားလုံးဆိုင်ရာ ညီလာခံ သည် ငြိမ်းချမ်းရေးဖော်ဆောင်မှုလုပ်ငန်းစဉ်ကို အလေးအနက်ပြုပါသည်။ ညီလာခံဖြစ်မြောက်ရေး အကောင်အထည်ဖော်ရာတွင် ချင်းအောက်ခြေလူထုအဖွဲ့အစည်းများ၊ ချင်းနိုင်ငံရေးပါတီများနှင့် ချင်းအမျိုးသားတပ်ဦးတို့ ပူးပေါင်းပြီး လိုအပ်သော အသုံးစရိတ်အဝကို ချင်းပြည်နယ် စာသင်ကျောင်းများအတွက် အိုင်တီစီမံကိန်းနှင့် ချင်းလူထု တွေ့ဆုံဆွေးနွေးပွဲ အကောင်အထည်ဖော်မှုလုပ်ငန်းစဉ်အတွက် ချင်းအမျိုးသားတပ်ဦးမှ ပေးလှူထောက်ပံ့သော အလှူဖြင့် မျှဝေသုံးစွဲခဲ့သည်။အခြားလိုအပ်သည့် ဆက်စပ်အသုံးစရိတ်များ ရရှိနိုင်ရန် ချင်းအောက်ခြေလူထုအဖွဲ့အစည်းများ ပူးပေါင်းဆောင်ရွက်ရေးကွန်ရက်နှင့် Chin Affairs Partnership အဖွဲ့တို့က MPSI ဆီ ချဉ်းကပ်ခဲ့သည်။

## စီမံကိန်းဆောင်ရွက်ချက်များ

ဘာသာရေးအဖွဲ့အစည်းများ၊ အမျိုးသမီးနှင့် မျိုးဆက်သစ်လူငယ်အုပ်စုများ အပါအဝင် ချင်းလူမှုအခြေပြုအသင်းအဖွဲ့များ၊ ချင်းပြည်နယ်အစိုးရ၊ ချင်းနိုင်ငံရေးပါတီများ၊ ချင်းအမျိုးသားတပ်ဦး စသည့် အဖွဲ့အစည်းအသီးသီးမှ လူဦးရေ စုစုပေါင်း ၅၇၀ ဦးသည် ၁၂ရက်နေ့ မှ ၁၅ ရက်နေ့ အထိ၊ နိုဝင်ဘာလ ၂၀၁၃ခုနှစ်တွင် ကျင်းပသော ချင်းတစ်မျိုးသားလုံးဆိုင်ရာညီလာခံသို့ တက်ရောက်ခဲ့သည်။ စစ်မှန်သော ဖက်ဒရယ်ပြည်ထောင်စု ဖြစ်ပေါ်လာရေး၊ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေး စသည့် အရေးကိစ္စရပ်များကို ဆွေးနွေးရန်ညီလာခံတွင် မဲပေးထောက်ခံခဲ့ကြသည်။ ယခင်အချိန်၌ နိုင်ငံရေးအကွဲအပြဲများ ဖြစ်ပေါ်ခဲ့သော ပြည်သူလူထုကြားတွင် ဤကဲ့သို့ လူထုက တစ်ရပ်လုံး ပါဝင်နိုင်သည့် ညီလာခံမျိုး သမိုင်းကြောင်းတစ်လျှောက်၌ ကျင်းပနိုင်ခဲ့ခြင်း မရှိပါ။

## KNPP လူထုဆွေးနွေးပွဲဖော်ဆောင်မှု လုပ်ငန်းစဉ်

စီမံကိန်းနယ်မြေ။ ။ ကယားပြည်နယ် (ကရင်နီ)

စီမံကိန်းကာလ။ ။ စက်တင်ဘာလ ၂၀၁၂ ခုနှစ် ပထမ လုပ်ငန်းဖော်ဆောင်မှုအဆင့်၊ ဇန်နဝါရီလ ၂၀၁၃ ခုနှစ်မှ ဇွန်လ ၂၀၁၃ အထိ ဒုတိယလုပ်ငန်းဖော်ဆောင်မှု အဆင့်၊ နိုဝင်ဘာလ ၂၀၁၃ ခုနှစ်မှ ဧပြီလ ၂၀၁၄ အထိ တတိယလုပ်ငန်းဖော်ဆောင်မှု အဆင့်၊

စီမံကိန်းတွင်း မိတ်ဖက်အဖွဲ့များ။ ။ KNPP (NPA ၏ ပံ့ပိုးမှုဖြင့်)။

စီမံကိန်းရန်ပုံငွေ။ ။ ဒေါ်လာ ၁၇၃၄၀ ပထမလုပ်ငန်းဖော်ဆောင်မှုအဆင့်၊ ဒေါ်လာ ၃၇၈၄၇ ဒုတိယလုပ်ငန်းဖော်ဆောင်မှု အဆင့်၊ ဒေါ်လာ ၂၂၃၈၀ + ၆၆၃၉၀၀၀၀ ကျပ် တတိယလုပ်ငန်း ဖော်ဆောင်မှုအဆင့်။

အလှူရှင်များ။ ။ နော်ဝေနိုင်ငံခြားရေးဝန်ကြီးဌာန (ပထမလုပ်ငန်းဖော်ဆောင်မှု အဆင့်အတွက် ရန်ပုံငွေကို NISမှ တစ်ဆင့်သော်လည်းကောင်း၊ ဒုတိယလုပ်ငန်းဖော်ဆောင်မှု အဆင့်များအတွက် ရန်ပုံငွေကို NPA မှ တစ်ဆင့်သော်လည်းကောင်း)။

MPSI ၏ ပံ့ပိုးအားဖြည့်မှုပမာဏ– **အနည်းအကျဉ်း– အလယ်အလတ်**။ ။ ဆွေးနွေးမှုများကို လွယ်ကူစွာဖြစ်မြောက်ရေးအတွက် တိုက်ရိုက်ကူညီပံ့ပိုးပေးခြင်း၊ အထောက်အပံ့ပေးသူများဘက်မှ လိုလားသော လုပ်ဆောင်ချက်များနှင့် ငွေကြေးသုံးစွဲမှုများအတိုင်း လုပ်ကိုင်အသုံးပြုရန် ဒေသခံပူးပေါင်းလုပ်ကိုင်သူများကို ဝိုင်းဝန်းကူညီခြင်းနှင့် အလှူရှင်များနှင့် ဖြည့်ဆည်း

လုပ်ဆောင်မည့် ပူးပေါင်းလုပ်ကိုင်သူများနှင့် ချိတ်ဆက်ပေးခြင်း။

- အပစ်ခတ်ရပ်စဲရေး သဘောတူညီချက် လက်မှတ်ထိုးနိုင်ရေးနှင့် လက်ရှိနိုင်ငံရေး ပြောင်းလဲတိုးတက်မှု အခြေအနေများ စသည်တို့ကို ဆွေးနွေးရန် လူထုနှင့် KNPPကြား ချစ်ကြည်ရင်းနှီးသော တွေ့ဆုံဆွေးနွေးမှုများ ဖြစ်မြောက်ရေး၊ ထို့ပြင် ဒေသတွင်း၌ လူ့အခွင့်အရေး အကဲခတ်စောင့်ကြည့်လေ့လာခြင်းနှင့် အောက်ခြေလူထုမှ အခြေတည် တောင်းဆိုသည့် အပစ်ခတ်ရပ်စဲရေးကို အကောင်အထည်ဖော်နိုင်မည့် စနစ်တစ်ခု တည်ဆောက်ရေး။

## နိုင်ငံရေး အခင်းအကျင်း

ပြည်နယ်အဆင့် တွေ့ဆုံဆွေးနွေးပွဲကို ၇ ရက်နေ့ မတ်လ ၂၀၁၁ခုနှစ်၊ လွိုင်ကော်မြို့တွင် ကျင်းပနိုင်ခဲ့ပြီး အစိုးရနှင့် KNPP တို့အကြား အပစ်ခတ်ရပ်စဲရေးပဏာမသဘော တူညီချက်ကို လက်မှတ်ထိုးနိုင်ခဲ့သည်။ ထိုတွေ့ဆုံဆွေးနွေးပွဲအပြီး သုံးလအကြာ၊ ၉ ရက်နေ့ ဇွန်လ ၂၀၁၂ခုနှစ်တွင် ပြည်ထောင်စုအဆင့် ပထမအကြိမ် တွေ့ဆုံဆွေးနွေးပွဲကို လွိုင်ကော်မြို့တွင် ကျင်းပနိုင်ခဲ့ပြီး ပဏာမ သဘောတူညီချက်ပါ အချက် ၁၄ ချက် (KNPP က အဆိုပြုထားသော မူလအချက် ၂၀ မှ အခြေပြု)ကို နှစ်ဦးနှစ်ဖက်သဘောတူ လက်မှတ်ရေးထိုးနိုင်ခဲ့သည်။ KNPP နှင့် အစိုးရတို့အကြား ပြည်ထောင်စုအဆင့် ဒုတိယအကြိမ် တွေ့ဆုံဆွေးနွေးပွဲကို ၁၉ ရက်နေ့မှ ၂၀ ရက်နေ့အထိ၊ ဇွန်လ ၂၀၁၃ တွင် ပြုလုပ်ခဲ့သည်။ ကယားပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးနှင့် ရေရှည်တည်တံ့ ခိုင်မြဲသော အပစ်အခတ်ရပ်စဲရေးလုပ်ငန်းဖော်ဆောင်ရန်အတွက် အချက် ၈ ချက်ပါ သဘောတူညီချက်ကို ဤတွေ့ဆုံဆွေးနွေးပွဲတွင် လက်မှတ်ရေးထိုးနိုင်ခဲ့သည်။ ရှေ့ဆက်တွေ့ဆုံဆွေးနွေးမှုများကို ၂၀၁၃ ခုနှစ် အောက်တိုဘာလအတွင်းတွင် ပြုလုပ်နိုင်ခဲ့သည်။ ပြည်ထောင်စုအဆင့်ပဏာမ သဘောတူညီချက် လက်မှတ်ရေးထိုးပြီးသည့်နောက် ဆက်ဆံရေးရုံးသုံးခုအား ကယားပြည်နယ်အတွင်းတွင် KNPP မှ ဖွင့်လှစ်နိုင်ခဲ့ပြီး ပေါ်လယ်ခယ်တွင် လေးကြိမ်မြောက် ဆက်ဆံရေးရုံးဖွင့်လှစ်ရန် လျာထားခဲ့သည်။

ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်ပတ်သက်သော အကြောင်းခြင်းရာများ၊ လူ့အခွင့်အရေးနှင့် ဒီမိုကရေစီစနစ် စသည့်အကြောင်းအရာများကို ကယားပြည်နယ်အတွင်းတွင် လူထုအသိအမြင် နိုးကြားရေးသင်တန်းများနှင့် လူထုဆွေးနွေးပွဲများကို KNPPမှ ပြုလုပ်ဆောင်ရွက်နိုင်ကြောင်း အစိုးရက သဘောတူခွင့်ပြုသည်။ ငြိမ်းချမ်းရေးဖော်ဆောင်မှုလုပ်ငန်းစဉ် တိုးတက်ပြောင်းလဲလာစေရန် ပြည်သူလူထုများ၏ အရေးကိစ္စများကို အလေးထားရန်နှင့် ပွင့်လင်းထင်သာမှုရှိရန်တို့ လိုအပ်ကြောင်း ကောင်းစွာသဘောပေါက်လာခဲ့သည်။

## စီမံကိန်းဆောင်ရွက်ချက်များ

လူထုတွေ့ဆုံ ဆွေးနွေးပွဲများ ဖြစ်မြောက်ရေး၊ လူထုများက အကဲခတ်လေ့လာစောင့်ကြည့်သော အပစ်အခတ်ရပ်စဲရေး ဖြစ်ပေါ်လာစေရန်၊ အစီအစဉ်ရေးဆွဲချမှတ်နိုင်ရန် စသည်တို့ကို KNPP နှင့် ကရင်နီ အောက်ခြေလူထု အဖွဲ့အစည်းများပါဝင်သော အလုပ်ရုံဆွေးနွေးပွဲစီမံကိန်းမှ အစီအစဉ်ချမှတ်ခဲ့သည်။ ပထမခြေလှမ်းအဖြစ် KNPP နှင့် ပြုလုပ်သော နှစ်ရက်ကြာ အလုပ်ရုံဆွေးနွေးပွဲကို ထိုင်းနိုင်ငံနယ်စပ် မဲဟောင်စောင်မြို့တွင် ၂၀၁၂ခုနှစ် စက်တင်ဘာလ၌ ပြုလုပ်ခဲ့ပြီး KNPP နှင့် အစိုးရကြား အပစ်အခတ်ရပ်စဲရေး သဘောတူညီချက် လုပ်ငန်းဖော်ဆောင်မှုကို အကဲခတ်လေ့လာစောင့်ကြည့်ရန် လူထုအခြေပြု လေ့လာစောင့်ကြည့် ရေးကွန်ရက်ကြီးတစ်ခု တည်ဆောက်နိုင်ရေး နည်းလမ်းများနှင့် လိုအပ်ချက်များကို ထိုအလုပ်ရုံဆွေးနွေးပွဲတွင် ရှာဖွေဖော်ထုတ်ခဲ့သည်။ MPSIက ကယား၊ ကရင်နီအောက်ခြေလူထုအဖွဲ့အစည်း ၇ ဖွဲ့ (ပြည်တွင်းနှင့် ပြည်ပအုပ်စုများ)မှ ပူးပေါင်းဖွဲ့စည်းထားသော ပူးပေါင်းဆောင်ရွက်ရေး ကွန်ရက်နှင့် ချိတ်ဆက်ပြီး အလုပ်ရုံဆွေးနွေးပွဲကို ပြုလုပ်ခဲ့ခြင်းဖြစ်သည်။ ဤအလုပ်ရုံဆွေးနွေးပွဲ ကျင်းပနိုင်ခဲ့ခြင်းသည် ပြည်တွင်းတွင် လှုပ်ရှားဆောင်ရွက်နေသော အောက်ခြေလူထုအဖွဲ့အစည်းများ၊ ထိုင်း-မြန်မာနယ်စပ်ဒေသများတွင် အခြေပြု လှုပ်ရှားဆောင်ရွက်နေသော အောက်ခြေလူထုအဖွဲ့အစည်းများနှင့် KNPP တို့အတွက် ရတောင့်ရခဲအခွင့်အလမ်းတစ်ခုပင် ဖြစ်သည်။ ဤသို့ဖြင့် မတူကွဲပြားသော ကရင်နီ လူမှုအသိုင်းအဝိုင်းများအကြား ဆက်သွယ်ပူးပေါင်းဆောင်ရွက်ခြင်းကို ပိုမိုအားကောင်းစေခဲ့သည်။

နိုင်ငံရေးပါတီများနှင့် အောက်ခြေလူထု အဖွဲ့အစည်းများ၏ တွေ့ဆုံဆွေးနွေးပွဲများအပြင် ပြည်သူလူထုများက ကျယ်ပြန့်စွာ ပူးပေါင်းပါဝင်သည်ဟု ကောက်ချက်ဆွဲနိုင်သော လူထုဆွေးနွေးပွဲများစွာကို ၂၀၁၃ ဇန်နဝါရီလမှ စတင်၍ စီမံကိန်း၏ ဒုတိယခြေလှမ်းအဖြစ် အကောင်အထည်ဖော်နိုင်ခဲ့သည်။ KNPP မှ စီစဉ်ဆောင်ရွက်သော လူထုတွေ့ဆုံ ဆွေးနွေးပွဲများ၏ ရည်ရွယ်ချက်များမှာ ပြည်သူလူထုအား တွန်းအားပေးရန်၊ ငြိမ်းချမ်းရေး ဖော်ဆောင်မှုလုပ်ငန်းစဉ်နှင့် ပတ်သက်၍ ပြည်သူများ၏ လိုအပ်ချက်များ၊ အလေးထားမှုများနှင့် အကြံဉာဏ်များကို လက်ခံနားထောင်ပေးရန် စသည်တို့အတွက် အပစ်ခတ်ရပ်စဲရေး သဘောတူညီချက်နှင့် ပတ်သက်၍ အများပြည်သူအား အသိပေးခြင်း၊ KNPP ၏ လက်ရှိနိုင်ငံရေးရပ်တည်ချက်၊ ဒေသဖွံ့ဖြိုးရေး အစီအစဉ်များ၊ နောက်လူ့အခွင့်အရေး ချိုးဖောက်မှု အကဲခတ်လေ့လာ စောင့်ကြည့်ရေး ကော်မတီများ ဖွဲ့စည်းခြင်းနှင့် ဒေသတွင်း အကဲခတ်လေ့လာစောင့်ကြည့်ရေးအဖွဲ့များ ဖွဲ့စည်းခြင်းတို့ ဖြစ်သည်။

ပထမခြေလှမ်း စီမံကိန်းဖော်ဆောင်မှုအဆင့်တွင် လုပ်ငန်းလုပ်ဆောင်ချက် လေ့လာစောင့်ကြည့်ရေးအတွက် ဖွဲ့စည်းထားခဲ့သော ဒေသတွင်း အကဲခတ် လေ့လာစောင့်ကြည့်ရေးကော်မတီ၏ သတင်းအချက်အလက်ဖလှယ်ခြင်း အလုပ်ရုံဆွေးနွေးပွဲကို ဒုတိယခြေလှမ်း စီမံကိန်းဖော်ဆောင်မှု အဆင့်တွင် ပြုလုပ်နိုင်ခဲ့သည်။ ကျေးရွာစုစုပေါင်း ၂၀ ရွာနှင့် မြို့နယ် ၃ မြို့နယ်၌ လူထုတွေ့ဆုံ ဆွေးနွေးပွဲများကို တတိယခြေလှမ်း စီမံကိန်းဖော်ဆောင်မှုအဖြစ် ၂၀၁၃ နိုဝင်ဘာလအတွင်းတွင် KNPP မှ စီမံကျင်းပပြုလုပ်မည်ဖြစ်သည်။ ထိုဆွေးနွေးပွဲများသို့ အနည်းဆုံး ပြည်သူလူထု ၂၀၀၀၀ ဦးခန့် တက်ရောက်နိုင်လိမ့်မည်ဟု KNPP ဘက်မှ မျှော်မှန်းထားပါသည်။ သင်တန်းသားများ၏ ဆရာဖြစ်သင်တန်းကိုလည်း ပြုလုပ်မည်ဖြစ်ပြီး ငြိမ်းချမ်းရေးဖော်ဆောင်မှု လုပ်ငန်းစဉ်တွင် ကယားပြည်နယ်လူထုများမှ ပိုမို ပါဝင်ဆောင်ရွက်လာရန်နှင့် မိမိတို့ အခွင့်အရေးများကို မိမိ တို့ကိုယ်တိုင် ကာကွယ်နိုင်စေရန် ဤဆရာဖြစ်သင်တန်းပြီး မြောက်သူများက အသိအမြင်နိုးကြားရေး အလုပ်ရုံဆွေးနွေးပွဲများကို ပြန်လည်အကောင်အထည်ဖော်မည်ဖြစ်သည်။

## စောင့်ကြည့်ထိန်းသိမ်းခြင်း၊ လေ့လာသင်ယူခြင်းနှင့် ပြန်လည်သုံးသပ်ခြင်း

၂၀၁၃ ဇွန်လတွင် NPA မှ ထုတ်ပြန်သော ကယားလူထုဆွေးနွေးပွဲများအပေါ် လေ့လာသုံးသပ်မှု အစီရင်ခံစာတွင် ပြည်သူလူထုသည် မိမိတို့၏ ဝေဖန်မှုသဘောထားမှတ်ချက်များကို တင်ပြရန် အခွင့်အရေးများပေးထားသော်လည်း အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်အပေါ် ယုံကြည်မှုမရှိသည့်အတွက် လူအများ ရှေ့၌ ဖွင့်ဟပြောဆိုရန် ကြောက်ရွံ့လျက်ရှိကြောင်း တင်ပြထားသည်။ ကွင်းဆင်းလေ့လာရေး ခရီးစဉ်အတွင်း ဒီမောဆိုးမြို့နယ်၊ ဘာလိတ်မြို့နယ်နှင့် ရှားဒေါမြို့နယ်တို့မှ ပြည်သူလူထုများဖြင့် ဒေသတွင်း လွတ်လပ်စွာ လှုပ်ရှားဆောင်ရွက်နိုင်ရန် ရည်ရွယ်ကာ အကဲခတ်လေ့လာ စောင့်ကြည့်ရေးအဖွဲ့တစ်ခုကို ဖွဲ့စည်းခဲ့သဖြင့် KNPP ပါဝင် ပတ်သက်ခြင်းမရှိပါ။

၂၀၁၃ ခုနှစ်၊ ဇွန်လတွင် KNPP မှ စီမံကိန်း အကောင်အထည်ဖော်မှု၏ နောက်ဆုံး အစီရင်ခံစာမှာ လူထုဆွေးနွေးပွဲများ ကျင်းပခြင်းကြောင့် ပြည်သူများ၏ ပါဝင်မှုကို ရရှိလာခြင်း၊ ငြိမ်းချမ်းရေးဖော်ဆောင်မှုလုပ်ငန်းစဉ်အပေါ် ယုံကြည်မှုများ ရရှိလာခြင်း၊ ပြည်သူ၏ တောင်းဆိုချက်ကိုလည်း KNPPမှ အရေးယူ ဆောင်ရွက်ပေးနိုင်ခြင်းအပြင် ပြည်နယ်အစိုးရ၊ လူထုနှင့် KNPPတို့ အကြားအပြန်အလှန်ပူးပေါင်းဆောင်ရွက်ခြင်း စသည့် အကျိုးရလဒ်များ ရှိစေခဲ့သည်ဟု တင်ပြထားသည်။ ပြည်သူများသည် ဒေသတွင်းတွင် အကြောက်အရွံ့မရှိ ယခုအချိန်၌ သွားလာနိုင်ကြောင်း KNPP က ဆက်လက်ပြောကြားခဲ့သည်။ လူထုဆွေးနွေးပွဲ တစ်ခုစီတိုင်းတွင် ဒေသတွင်း လေ့လာစောင့်ကြည့်ရေး အဖွဲ့ကိုယ်စားလှယ်နှစ်ဦးမှ ပါဝင်တက်ရောက်ခြင်းအားဖြင့် အပစ်ခတ်ရပ်စဲရေး လုပ်ငန်းစဉ်နှင့် ပတ်သက်၍ ရွာသားများ၏ စိုးရိမ်သံသယဖြစ်မှုများကို ဖြေဖျောက်ပေးနိုင်သည်ဟု KNPPက ဆက်လက်ပြောကြားခဲ့သည်။

လူထု၏ အသနားခံတောင်းဆိုချက်များအား လိုက်လျောပေးသည့်အနေဖြင့် ဒေသခံပြည်သူများအပေါ် ကောက်ခံသော ပုံမှန်အခွန်ငွေပမာဏ၏ ၅၀% ကို KNPP ဗဟိုကော်မတီက လျှော့ချပေးခဲ့သည်။ ရွာသစ်ကျေးရွာ

တွင် တည်ဆောက်လျက်ရှိသော ဘီလပ်မြေစက်ရုံစီမံကိန်း၊ ရေအားလျှပ်စစ်စီမံကိန်းနှင့် ဆည်တည်ဆောက်ရေး စီမံကိန်း စသည်တို့ကို ဆက်လက်တည်ဆောက်ခြင်း မပြုရန် ပြည်သူများက တောင်းဆိုခဲ့ကြသည်။ ဤစီမံကိန်းများကို အကောင်အထည်ဖော်ခြင်းကြောင့် သဘာဝပတ်ဝန်းကျင် ပျက်စီးမှုနှင့် မြေယာသိမ်းဆည်းမှုများ ဖြစ်ပွားလာမည့် ကျေးရွာလူထုများက အကြီးအကျယ် စိုးရိမ်နေကြသည်။ ထို့ကြောင့် KNPPက ပြည်နယ်အစိုးရနှင့် ဆွေးနွေးညှိနှိုင်းပြီး ဘီလပ်မြေစက်ရုံ စီမံကိန်းနှင့် ဆည်တည်ဆောက်ရေးစီမံကိန်းကို ခေတ္တရပ်ဆိုင်းလိုက်ရသည်။

## ငြိမ်းချမ်းရေးအတွက် ယုံကြည်မှု တည်ဆောက်ခြင်း ညီလာခံ

စီမံကိန်းနယ်မြေ။ ။ လားရှိုးမြို့နှင့် တောင်ကြီး၊ ရှမ်းပြည် နယ်။

စီမံကိန်းကာလ။ ။ မတ်လ ၂၀၁၃ ခုနှစ်နှင့် စက်တင်ဘာလ ၂၀၁၃ခုနှစ်။

စီမံကိန်းမိတ်ဖက်အဖွဲ့များ။ ။ ငြိမ်းချမ်းရေးအတွက် ယုံကြည်မှုတည်ဆောက်ခြင်း လုပ်ငန်းဖော်ဆောင်မှုကော်မတီ၊ ရှမ်းနှင့် ကယားပြည်နယ် (NPA၏ ပံ့ပိုးမှုဖြင့်)

စီမံကိန်းရန်ပုံငွေ။ ။ ဒေါ်လာ ၇၁၀၀၀

အလှူရှင်များ။ ။ ဗြိတိသျှသံရုံးနှင့် နော်ဝေနိုင်ငံခြားရေးဝန်ကြီးဌာန။

MPSI ၏ ပံ့ပိုးအားဖြည့်မှုပမာဏ – **အနည်းအကျဉ်း-အလယ်အလတ်**။ ။ အလှူရှင်များနှင့် အကောင်အထည်ဖော်မည့် ပူးပေါင်းလုပ်ကိုင်သူများနှင့် ချိတ်ဆက်ပေးခြင်း။

- ရှမ်းပြည်နယ်နှင့် ကယားပြည်နယ်အတွင်းရှိ တိုင်းရင်းသားလက်နက်ကိုင်တပ်ဖွဲ့များနှင့် တိုင်းရင်းသားလူမျိုးစုနိုင်ငံရေးပါတီခေါင်းဆောင်များ၊ အဖွဲ့ဝင်များမှ ၎င်းတို့၏ အမြင်သဘောထားများ ဖလှယ်နိုင်ရန်။ အပြန်အလှန် နားလည်မှုနှင့် ယုံကြည်မှု တည်ဆောက်နိုင်ရန်။

## နိုင်ငံရေး အခင်းအကျင်း

စစ်မှန်သော ဖက်ဒရယ်ပြည်ထောင်စု ပေါ်ပေါက်လာရန်နှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုလုပ်ငန်းစဉ်ကို အထောက်အပံ့ဖြစ်နိုင်ရန် နိုင်ငံရေးလုပ်ရှားသူများ၏ အမြင်သဘောထားများ ဖလှယ်ခြင်းနှင့် တိုင်းရင်းသားလူမျိုးစုအသင်း အဖွဲ့များအကြား ကျယ်ပြန့်သော ပူးပေါင်းဆောင်ရွက်မှု ကွန်ရက်အတွင်း အပြန်အလှန်နားလည်မှုတည်ဆောက်နိုင်ရန် ရည်ရွယ်၍ ရှမ်းပြည်နယ်နှင့် ကယားပြည်နယ်များတွင် ယုံကြည်မှုတည်ဆောက်ခြင်း ညီလာခံများကို ပြုလုပ်ကျင်းပခဲ့သည်။ လုပ်ငန်းဖော်ဆောင်ရေးကော်မတီမှ တောင်းခံလာသော ရန်ပုံငွေပမာဏအတိုင်း အမြန်ရရှိရေးအတွက် MPSI သည် စီမံကိန်း ပံ့ပိုးသူ အခန်းကဏ္ဍတွင် အဆောတလျင် တုံ့ပြန်ဆောင်ရွက်ခဲ့သည်။

## စီမံကိန်းဆောင်ရွက်ချက်များ

KNPP နှင့် ၁၉၉၀ တွင် ဖွဲ့စည်းတည်ထောင်ခဲ့သော ပါတီ ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ် (SNLD) အပါအဝင် တိုင်းရင်းသားနိုင်ငံရေးပါတီအဖွဲ့ဝင်များ ပါဝင်သော လုပ်ငန်းဖော်ဆောင်ရေး ကော်မတီမှ ၂၀၁၃ မတ်လတွင်း၌ လားရှိုးမြို့တွင် ငြိမ်းချမ်းရေးအတွက် ယုံကြည်မှုတည်ဆောက်ခြင်းညီလာခံကို ကျင်းပနိုင်ခဲ့သည်။ ကယားပြည်နယ်နှင့် ရှမ်းပြည်နယ်အတွင်းရှိ အဖွဲ့အစည်း ၂၃ ဖွဲ့မှ ကိုယ်စားလှယ်များ၊ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့ ၁၁ ဖွဲ့မှ ကိုယ်စားလှယ်များ၊ နိုင်ငံရေးပါတီ ၁၂ဖွဲ့မှ စေလွှတ်လာသော ကိုယ်စားလှယ် ၂၃၅ ဦးတို့ အပြင်တချို့ဒေသမှ နေ၍ ညီလာခံသို့ တက်ရောက်လာသော သူများ (ဥပမာ-မွန်ပြည်နယ်) စသည်တို့ဖြင့် ညီလာခံသို့ အသီးသီး တက်ရောက်ခဲ့ကြသည်။ MPSI ၏ ပံ့ပိုးမှုဖြင့် ၂၀၁၂ နိုဝင်ဘာလတွင် ပြုလုပ်ခဲ့သော ရှမ်းပြည်နယ်တွင်းရှိ အသင်းအဖွဲ့များ အလုပ်ရုံဆွေးနွေးပွဲအပေါ် အခြေတည်လျက် ဤညီလာခံကြီး ဖြစ်ပေါ်ခြင်းဖြစ်သည်။ ညီလာခံ တက်ရောက်လာသူများ အားလုံးမှ ပါဝင်သူများ အားလုံး လက်ခံသဘောတူနိုင်သော အထူးသဖြင့် စစ်မှန်သော ပြည်ထောင်စုဖြစ်ပေါ်ရေးနှင့် ၂၀၀၈ အခြေခံဖွဲ့စည်းပုံ ဥပဒေပြင်ဆင်ရေးဆွဲရေး ကဲ့သို့သော လုပ်ငန်းအစီအစဉ်များနှင့် အမြင့်ဆုံး နိုင်ငံရေး ရည်မှန်းချက်တစ်ခုကို

စုပေါင်းချမှတ်နိုင်ခဲ့ကြသည်။

ဒုတိယအကြိမ်ညီလာခံကို ရှမ်းပြည်နယ်၊ တောင်ကြီးမြို့တွင် ၂၀၁၃ခုနှစ် စက်တင်ဘာလအတွင်း၌ ကျင်းပနိုင်ခဲ့ပြီး ဒေသတွင်းဖွံ့ဖြိုးရေးနှင့် ငြိမ်းချမ်းရေး တည်ဆောက်နိုင်ရန် စစ်မှန်သော ပြည်ထောင်စု တည်ဆောက်နိုင်ရန် စသည်တို့ကို ကယားပြည်နယ်နှင့် ရှမ်းပြည် နယ်အတွင်းရှိ နိုင်ငံရေးပါတီများအားလုံး အတူတကွ ပူးပေါင်းဆောင်ရွက်နိုင်မည့် နည်းလမ်းကို ဤညီလာခံကြီးတွင် ဦးတည်ဆွေးနွေးခဲ့ကြသည်။

ဤညီလာခံကြီးသို့ တိုင်းရင်းသားလက်နက်ကိုင်တပ်ဖွဲ့များ၊ လူမှုအခြေပြု အသင်းအဖွဲ့များနှင့် မတူကွဲပြားသော နိုင်ငံရေးပါတီပေါင်း(၅၀)ဖွဲ့တို့မှ ကိုယ်စားလှယ်များစသည့် အဖွဲ့အစည်းအသီးသီးမှ ကိုယ်စားလှယ် (၃၀၀) ကျော် တက်ရောက်ခဲ့ကြသည်။

### ကရင်ဒေသလူထုဖွံ့ဖြိုးရေးနှင့် သတင်းအချက်အလက် ဖလှယ်ရေးအစီအစဉ်

စီမံကိန်းနယ်မြေ။ ။ ပဲခူး၊ ဘားအံနှင့် လယ်ဝေး (အလုပ်ရုံ ဆွေးနွေးပွဲ)။

စီမံကိန်းကာလ။ ။ ဖေဖော်ဝါရီလ၊ ၂၀၁၃ခုနှစ် မှ ဇွန်လ၊ ၂၀၁၃ခုနှစ်။

စီမံကိန်းမိတ်ဖက်အဖွဲ့များ။ ။ ရွှေ့ပြောင်းနေထိုင်သော ကရင်လူထုကော်မတီ (FLD မှ NPA) တို့ ပံ့ပိုးကူညီ)

စီမံကိန်းရန်ပုံငွေ။ ။ ဒေါ်လာ ၁၃၃၂၉။

အလှူရှင်။ ။ နော်ဝေနိုင်ငံခြားရေးဝန်ကြီးဌာန။

MPSI ၏ ပံ့ပိုးအားဖြည့်မှုပမာဏ - **မြင့်မား** ။ ။ ဆွေးနွေးမှု များကိုလွယ်ကူစွာဖြစ်မြောက်ရေးအတွက် တိုက်ရိုက်ကူညီ ပံ့ပိုးပေးခြင်း၊ အထောက်အပံ့ပေးသူများဘက်မှ လိုလားသော လုပ်ဆောင်ချက်များနှင့် ငွေကြေးသုံးစွဲမှုများအတိုင်း လုပ်ကိုင်အသုံးပြုရန် ဒေသခံပူးပေါင်းလုပ်ကိုင်သူများကို ဝိုင်းဝန်းကူညီခြင်းနှင့် အလှူရှင်များနှင့် ဖြည့်ဆည်းလုပ်ဆောင်မည့် ပူးပေါင်းလုပ်ကိုင်သူများနှင့် ချိတ်ဆက်ပေးခြင်း။

- အပစ်အခတ်ရပ်စဲရေး လုပ်ငန်းစဉ်ဖော်ဆောင်နေစဉ် လူထုဖွံ့ဖြိုးရေး လိုအပ်ချက်များနှင့် အခွင့်အလမ်းများ ဖော်ထုတ်နိုင်ရန်၊ ကေအန်ယူထိန်းချုပ်နယ်မြေတွင်းရှိ လူထုကိုယ်စားလှယ်များ၊ ကေအန်ယူနှင့် CIDKP တို့အကြား တွေ့ဆုံဆွေးနွေးပွဲများ ပြုလုပ်နိုင်ရန် စသည့်လုပ်ငန်းများကို ပံ့ပိုးကူညီခြင်း။

### နိုင်ငံရေး အခင်းအကျင်း

၂၀၁၂ခုနှစ်၊ ဇန်နဝါရီလတွင် အပစ်အခတ်ရပ်စဲရေးသဘောတူညီချက်ကို ကေအန်ယူက အစဦး လက်မှတ်ရေးထိုးနိုင်ခဲ့ပြီး တဆက်တည်း၌ ပဋိပက္ခဇုန်အတွင်း ကျရောက်နေသော ဒေသခံလူထုအား CIDKP နှင့် KORD တို့မှ အကူအညီပေးနိုင်ရေးကို ရည်ရွယ်သည့် သာမက ငြိမ်းချမ်းရေး တည်ဆောက်မှုလုပ်ငန်းကိုလည်း စမ်းသပ်ဖော်ဆောင်နိုင်ရန် စမ်းသပ်စီမံကိန်း နှစ်နေရာ (ကျောက်ကြီးနှင့် ထားဝယ်-ပုလော၊ အထက်တွင် ဖော်ပြပြီး)ကို စတင်အကောင်အထည်ဖော်ခဲ့သည်။ ၂၀၁၂ ခုနှစ်အစွန်းပိုင်းတွင် ငြိမ်းချမ်းရေးဖော်ဆောင်မှု လုပ်ငန်းစဉ်ဆက်မပြတ် ဖြစ်စေရန်နှင့် စမ်းသပ်စီမံကိန်းများ ထပ်မံတိုးချဲ့ လုပ်ဆောင်နိုင်ရန်အတွက် KNUအတွင်း နိုင်ငံရေးသဘောထားတင်းမာမှုများကြောင့် မေးခွန်းထုတ်စရာဖြစ်လာခဲ့သည်။ ငြိမ်းချမ်းရေးဖော်ဆောင်မှုလုပ်ငန်းများကို ဆက်လက် အကောင်အထည်ဖော်ရန် ကတိကဝတ်ပြုမှုများကို ၂၀၁၂ခုနှစ်၊ ဒီဇင်ဘာလတွင် ပြုလုပ်ကျင်းပခဲ့သော ကေအန်ယူ၏ ဗဟိုဌာနချုပ် အစည်းဝေးတွင် အတည်ပြုနိုင်ခဲ့သည်။ ၎င်းအပြင် အခြားဒေသအတွင်းရှိ စစ်ဘေးသင့် ကရင်လူထုများအား အကူအညီရောက်ရှိနိုင်မည့် စမ်းသပ်စီမံကိန်းများအား ပိုမိုကျယ်ပြန့်စွာ ထပ်မံတိုးချဲ့လုပ်ဆောင်ရန်လည်း ဆုံးဖြတ်ချက်ချနိုင်ခဲ့သည်။

စစ်ဘေးသင့် ကရင်လူထုများအား အကူအညီပေးရန်အတွက် အကန့်အသတ်ဖြစ်နေခဲ့သည်။ အရေးပေါ်ကူညီရမည့် အခြေအနေနှင့် ကြုံတွေ့နေရခြင်းနှင့် ကြိုးစားအားထုတ်မှု မလုံလောက်ခြင်းကြောင့်ဖြစ်သည်။ ပိုမို၍ အားဖြည့် လုပ်ဆောင်နိုင်သော်လည်းပဲ နိုင်ငံရေးနယ်ပယ်

၌ ရှိနေသေးသော အကန့်အသတ်များနှင့် လုပ်နိုင်စွမ်း အကန့်အသတ်များ ရှိနေခြင်းကြောင့် စီမံကိန်းတိုးချဲ့နိုင်ရန် CIDKP နှင့် KORD အတွက် အခွင့်အလမ်း နည်းပါးလျက်ရှိသည်။ ကြာရှည်လှသော ဒေသတွင်း ပဋိပက္ခနှင့် ပြည်တွင်း ရွှေ့ပြောင်းနေထိုင်ရခြင်း အကြောင်းရင်းခံ အခြေအနေများကြောင့် အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်များ ရရှိပြီးသော်လည်း KNU အနေဖြင့် ဒေသတွင်းဖွံ့ဖြိုးရေးစတင် လုပ်ဆောင်နိုင်ရန် အခက်အခဲ အတားအဆီးများ ရှိနေဆဲဖြစ်သည်။ ပထမဆုံးဖြစ်သော စမ်းသပ်စီမံကိန်းများမှ ရရှိလာသော အတွေ့အကြုံများ အပေါ် အခြေခံ၍ ခြေလှမ်းသစ်တစ်ခု စတင်နိုင်ရန် KNU ၊ CIDKP နှင့် KORD တို့မှ ပြန်လည်သုံးသပ်လျက်ရှိသည်။ ထုတ်နုတ်ရရှိလာသော အချက်အလက်များအရ စစ်ဘေးသင့် ကရင်လူထုများအကြား သတင်းအချက်အလက် ဖလှယ်ရေး အစီအစဉ် လိုအပ်နေခြင်း၊ ဦးစားပေး လိုအပ်ချက်များ စီစစ်ရွေးချယ်ခြင်းနှင့် အကောင်အထည်ဖော်နိုင်မည့်စီမံကိန်း ပရိုဂျက်များ စသည်တို့ကိုဆောင်ရွက်နိုင်ရန် လိုအပ်သည့်အပြင် ရပ်ရွာပြန်လည်ထူထောင်ခြင်းလုပ်ငန်း၌ အကူအညီပေးမည့် အထောက်အပံ့များကိုလည်း အကျိုးရှိစွာ အသုံးပြုနိုင်ရန် လိုအပ်သည်။

## စီမံကိန်းဆောင်ရွက်ချက်များ

အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်ရရှိပြီး နောက်ပိုင်း ပြောင်းလဲလာသော အခြေအနေ အရပ်ရပ်ကို ကေအန်ယူထိန်းချုပ်နယ်မြေ(၇)ခုမှ ကိုယ်စားလှယ်များနှင့် ဆွေးနွေးညှိနှိုင်းမှု ပြုလုပ်နိုင်ရန် KNU (KNU အရေးပေါ် ကယ်ဆယ်ရေးအဖွဲ့)နှင့် CIDKP တို့အတွက် မူဘောင်တစ်ခုကို ၂၀၁၃ခုနှစ်၊ ဖေဖော်ဝါရီလမှ ၂၀၁၃ ခုနှစ်၊ ဇွန်လအထိ ပြုလုပ်ကျင်းပခဲ့သော သုံးပတ်ကြာ အလုပ်ရုံဆွေးနွေးပွဲတွင် ချမှတ်နိုင်ခဲ့သည်။ ထို့အပြင် ဒေသတွင်း စစ်ဘက်ပဋိပက္ခအခြေအနေမှ ပြန်လည်ထူထောင်ရေးလုပ်ငန်းစဉ်များနှင့် ရေရှည်လူထုဖွံ့ဖြိုးရေး အစီအစဉ်များကိုလည်း ချမှတ်နိုင်ခဲ့သည်။

စီမံကိန်းကို CIDKP က တာဝန်ခံစီစဉ်ဆောင်ရွက်ခဲ့ပြီး Foundation for Local Development အဖွဲ့နှင့် NPA အဖွဲ့က ပံ့ပိုးကူညီခဲ့သည်။ KNU ထိန်းချုပ်နယ်မြေ(၁)၊ (၂) နှင့် (၃)မှ တက်ရောက်လာသော စုစုပေါင်း (၃၃၄)ဦး ဖြင့် ၂၀၁၃ခုနှစ်၊ ဖေဖော်ဝါရီလတွင် ပထမအကြိမ် အလုပ်ရုံဆွေးနွေးပွဲကို ပဲခူးမြို့၌ ကျင်းပနိုင်ခဲ့သည်။ အလုပ်ရုံဆွေးနွေးပွဲသို့ ပဲခူးတိုင်းဒေသကြီး အစိုးရ ကိုယ်စားလှယ်များနှင့် ပဲခူးတိုင်းဒေသကြီးအတွင်းရှိ အောက်ခြေလူထုအဖွဲ့အစည်း ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြသည်။ ဆွေးနွေးပွဲ တက်ရောက်လာသူများက ၎င်းတို့အနေဖြင့် ငြိမ်းချမ်းရေးကို လိုလားကြောင်း၊ သို့သော်လည်းပဲ ငြိမ်းချမ်းရေးဖော်ဆောင်မှု လုပ်ငန်းစဉ် အောင်မြင်လိမ့်မည် မဟုတ်ကြောင်း တင်ပြခဲ့ကြသည်။ ဒေသခံလူထုအတွက် အကူအညီပေးခြင်းသည် အဓိကမကျဘဲ အသက်အိုးအိမ်စည်းစိမ်လုံခြုံရေးသည်သာ အဓိကဖြစ်ကြောင်း "အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်က ဖြစ်ရောဖြစ်နိုင်ရဲ့လား" ဟူသော လူထုများ၏ သံသယမေးခွန်းကို စီမံကိန်းအစီရင်ခံစာမှ ညွှန်ပြနေသည်။ ဒေသခံလူထု၊ စစ်တပ်နှင့် အစိုးရကြား ယုံကြည်မှု ရေးဦးစွာတည်ဆောက်ဖို့ရန်နှင့် KNLA ၊ KNU၊ ဗမာ့စစ်တပ်၊ နိုင်ငံတော်အစိုးရစသည်တို့၏ ရိုးသားမှန်ကန်မှုကို စစ်ဆေးနိုင်ဖို့ရန် MPSI မှ အသေးစားစီမံကိန်းများ စတင်လုပ်ဆောင်ခြင်းကို ဆွေးနွေးပွဲတက်ရောက်လာသူများဘက်က လိုလားခဲ့ကြသည်။ ကျောက်ကြီးစမ်းသပ်စီမံကိန်း အောင်မြင်သည့် တွေ့ရှိရသည်။ ပူးပေါင်းပါဝင်သင့်သော အဖွဲ့အစည်းများကြား အပြန်အလှန်ယုံကြည်မှုတည်ဆောက်နိုင်ခဲ့ပြီး လက်ရှိပြဿနာများကိုလည်း အတူတကွနည်းလမ်း ရှာဖြေရှင်းနိုင်ခဲ့ခြင်းကြောင့်ဖြစ်သည်။ ဒေသတွင်းခရီးသွားလာရေး ပိတ်ပင်တားဆီးမှုများ လျော့ချလိုက်ခြင်းသည် ဒေသခံလူထုအတွက် အဆင်ပြေ ချောမွေ့မှုဖြစ်စေခဲ့သော်လည်း တခြားတစ်ဖက်တွင် ကရင်ဒေသတွင်းသို့ ပြင်ပမှ ဝင်ရောက်လာပြီး လယ်မြေသိမ်းဆည်းမှုများ ရှိနေကြောင်း ဒေသခံများက ဖွင့်ဟပြောဆိုခဲ့သည်။

KNU ထိန်းချုပ်မှုနယ်မြေ(၄)၊ (၆) နှင့် (၇)မှ တက်ရောက်လာသူ စုစုပေါင်း(၂၈)ဦးဖြင့် ၂၀၁၃ခုနှစ်၊ မေလတွင် ဒုတိယအကြိမ်အလုပ်ရုံဆွေးနွေးပွဲကို ဘားအံမြို့၌ ကျင်းပနိုင်ခဲ့သည်။ အလုပ်ရုံဆွေးနွေးပွဲအခမ်းအနားသို့ တက်ရောက်ရန် ကရင်ပြည်နယ်အစိုးရကို ဖိတ်ကြားခဲ့သည်။ ဖွင့်ပွဲအခမ်းအနားပြီးသည့်နောက် ကရင်ပြည်နယ်အစိုးရအာဏာပိုင်များက အလုပ်ရုံဆွေးနွေးပွဲ ပြီးမြောက်သည်အထိ တက်ရောက်ရန် ရည်ရွယ်ခဲ့ကြသည်။ လူထု

ကိုယ်စားလှယ်များ၊ CIDKP နှင့် KNU တို့အကြား သတင်းအချက်အလက် ဖလှယ်မှုလုပ်ငန်းစဉ်၌ အားနည်း နေသေးကြောင်း ညွှန်ပြနေသည်။ အစိုးရနှင့် ဆက်ဆံရေး ပျက်ပြားစေခြင်း ကိစ္စများကို ရှောင်ရှားနိုင်ရန်အစီအစဉ် များကို ပြန်လည်ကိုက် ညှိနိုင်သော ညင်သာပျော့ပြောင်း သည့် မဟာဗျူဟာဖြစ်ရန် လိုအပ်ပါသည်။ ဖြစ်နိုင်ခြေ ရှိသော တိုင်းတာချက်အရ၊ နယ်စပ်မျဉ်း၌ တည်ရှိသည့် Lay Wah အတွင်းရှိ နယ်မြေ (၇)ခုမှ ကိုယ်စားလှယ် များ ပါဝင်နိုင်သော တတိယအကြိမ် အလုပ်ရုံဆွေးနွေးပွဲ ကို အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပါသည်။

တတိယအကြိမ်အလုပ်ရုံဆွေးနွေးပွဲကို ဇွန်လ၊ ၂၀၁၃ ခုနှစ်၊ KNU ၊ Lay Wah စစ်ဌာနချုပ်တွင် ကျင်းပနိုင် ခဲ့ပြီး အဖွဲ့ဝင်ပေါင်း ၃၃ ဦးတက်ရောက်ခဲ့ကြသည်။ KNU ထိန်းချုပ်နယ်မြေ(၇)ရှိ အဖွဲ့ဝင်များ အားလုံးကို ဖိတ်ကြားခဲ့သည်။ သို့သော် တောင်ငူအခြေစိုက် တပ်မဟာ (၂) ခေါင်းဆောင်မှာ ဆိုင်ကယ်အက်စီးဒင့်ကြောင့် ထိခိုက် ဒဏ်ရာရသည့်အတွက် ၎င်းတို့ဘက်မှ ဆွေးနွေးပွဲတက် ရောက်ရန် ငြင်းဆိုခဲ့သည်။ နယ်မြေကိုယ်စားလှယ်များ အားလုံးတက်ရောက်ခဲ့ကြပြီး ဒေသတွင်းမြေယာ သိမ်းဆည်းမှု ပြဿနာများကို ဆွေးနွေးခဲ့ကြသည်။ ပြီးသည့်နောက် KNU ၏ နိုင်ငံရေးပါဝါအပေါ် အားပြုပြီး ဓလေ့ထုံးတမ်း ဥပဒေဖြင့် ပြဿနာဖြေရှင်းလျှင် ပြေလည် နိုင်ကြောင်းကို အလုပ်ဆွေးနွေးပွဲ တက်ရောက်လာ သူများက သဘောတူထောက်ခံခဲ့သည်။ သို့သော်လည်း လယ်ယာမြေပိုင်ဆိုင်မှု အထောက်အထား စာရွက်စာတမ်း များကို အစိုးရဘက်က လက်ခံ၏ လက်မခံ၏နှင့် ပတ်သက်၍ နယ်မြေဒေသတစ်ခုနှင့်တစ်ခု တူညီခြင်း မရှိ ပါ။ နိုင်ငံတော်အစိုးရနှင့် KNU ကြား ဆွေးနွေးညှိနှိုင်း ထားခဲ့သော သဘောတူညီချက် စည်းမျဉ်းများ အကောင် အထည်ဖော်မည် မဖော်မည်ကို နယ်မြေဒေသအားလုံးက စောင့်ကြည့်လျက်ရှိသည်ဟု အစီရင်ခံတင်ပြခဲ့ကြသည်။ ၎င်းသဘောတူညီချက် စည်းမျဉ်းများသည် ယုံကြည်မှု တည်ဆောက်ခြင်းနှင့် မြေယာပိုင်ဆိုင်မှုပြဿနာများ ဖြေရှင်းနိုင်မည့် သော့ချက်အဖြစ် ရှုမြင်ခဲ့ကြသည်။ စစ်ဘေး ဒဏ်သင့် ရွှေ့ပြောင်းဒုက္ခသည်လူထုများသည် မိမိတို့၏ ဇာတိရပ်ရွာတွင် ပြန်လည်အခြေချ နေထိုင်နိုင်ရန် ဥပဒေသများနှင့် လမ်းညွှန်ချက်များ ရေးဆွဲချမှတ်ရန် နှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများ ရရှိနိုင်ရေး အဆိုပြုလွှာကို CIDKP/KORD သို့ တင်သွင်း ရန်လည်း သဘောတူထောက်ခံခဲ့ကြသည်။

## တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့များနှင့် လူထုတွေ့ဆုံ ဆွေးနွေးပွဲ

စီမံကိန်းနယ်မြေ။ ။ ချင်းမိုင်၊ ထိုင်းနိုင်ငံ။

စီမံကိန်းကာလ။ ။ ၁၁-၁၂ရက်နေ့ စက်တင်ဘာလ ၂၀၁၃ခုနှစ်။

စီမံကိန်းမိတ်ဖက်အဖွဲ့များ။ ။ Center for Peace and Conflict Studies and Ethnic Peace Resource Project။

စီမံကိန်းရန်ပုံငွေ။ ။ ဒေါ်လာ ၉၃၂၀။

အလှူရှင်။ ။ နော်ဝေနိုင်ငံခြားရေးဝန်ကြီးဌာန (NIS မှတစ်ဆင့်)။

MPSI ၏ ပံ့ပိုးအားဖြည့်မှုပမာဏ - **အလယ်အလတ်**။ ။ ဆွေးနွေးမှုများကို လွယ်ကူစွာဖြစ်မြောက်ရေးအတွက် တိုက်ရိုက်ကူညီပံ့ပိုးပေးခြင်း၊ အလှူရှင်များနှင့် ဖြည့်ဆည်း လုပ်ဆောင်မည့် မိတ်ဖက်အဖွဲ့များနှင့် ချိတ်ဆက်ပေးခြင်း။

- အရေးကြီးသော ရှေ့လုပ်ငန်းစဉ်များ ရွေးချယ် သတ်မှတ်နိုင်ခဲ့ခြင်း၊ လူထုလိုလားချက်များ စိစစ် သတ်မှတ်နိုင်ခဲ့ခြင်းစသည့် နိုင်ငံရေးဆောင်ရွက် ချက်များ၊ MPSIမှ ပံ့ပိုးကူညီပြီး UNFC၊ တိုင်းရင်း သားလက်နက်ကိုင်အဖွဲ့ခေါင်းဆောင်များ ပါဝင် တက်ရောက်သော လူထုတွေ့ဆုံ ဆွေးနွေးပွဲ အတွေ့ အကြုံများ စသည်တို့ကို ဆွေးနွေးဖလှယ်ရန် CNF၊ KNPP နှင့် NMSP တို့၏ အလုပ်ရုံ ဆွေးနွေးပွဲ။

### စီမံကိန်းဆောင်ရွက်ချက်များ

ထိုင်းနိုင်ငံ၊ ချင်းမိုင်မြို့၌ပြုလုပ်သည့် အလုပ်ရုံ ဆွေးနွေး ပွဲကို ၂၀၁၃ စက်တင်ဘာလတွင် MPSIမှ ကမကထပြုလုပ် ခဲ့သည်။ ရခိုင်အမျိုးသားကွန်ကရက် (ANC)၊ ရခိုင် တပ်မတော် (AA)၊ လားဟူဒီမိုကရက်တစ်တပ်ဦး (LDU)၊

ရှမ်းပြည်တိုးတက်ရေးပါတီ (SSPP)၊ ကချင်လွတ်မြောက်ရေးအဖွဲ့ (KIO)၊ ပအိုဝ့်အမျိုးသားလွတ်မြောက်ရေးအဖွဲ့ (PNLO)၊ KNU၊ KNPP၊ CNF၊ NMSP နှင့် ညီညွတ်သော တိုင်းရင်းသားများ ဖက်ဒရယ်ရှင်းကောင်စီ (UNFC) စသည့်အဖွဲ့အစည်းတို့မှ တက်ရောက်လာသူပေါင်း ၃၈ ဦးအပြင် တိုင်းရင်းသားလက်နက်ကိုင် ကိုယ်စားလှယ်များစွာ တက်ရောက်ခဲ့ကြသည်။

တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ သုံးဖွဲ့ဖြစ်သော CNF၊ NMSP နှင့် KNPP တို့ကို လူထုတွေ့ဆုံဆွေးနွေးပွဲများ အကောင်အထည်ဖော်ရန် MPSIက ပံ့ပိုးကူညီခဲ့သည်။ အလုပ်ဆွေးနွေးပွဲ ရည်ရွယ်ချက်မှာ ဤတိုင်းရင်းသားလက် နက်ကိုင်အဖွဲ့ သုံးဖွဲ့မှနေ၍ အရေးကြီးသော ရှေ့လုပ်ငန်းစဉ်များ ရွေးချယ်သတ်မှတ်နိုင်ခဲ့ခြင်း။ လူထုလိုလားချက်များ စိစစ်သတ်မှတ်နိုင်ခဲ့ခြင်းစသည့် နိုင်ငံရေး ဆောင်ရွက်ချက်များ၊ လူထုတွေ့ဆုံဆွေးနွေးပွဲ အတွေ့အကြုံများ စသည်တို့ကို အခြားတိုင်းရင်းသား လက်နက်ကိုင် အဖွဲ့များအား ပြန်လည်ဝေမျှရန်ဖြစ်ပါသည်။ အလုပ်ရုံ ဆွေးနွေးပွဲသည် ကမ္ဘာတစ်ဝန်းလုံးတွင် ပြုလုပ်သော လူထုတွေ့ဆုံ ဆွေးနွေးပွဲများမှ အတွေ့အကြုံများကို ဝေမျှဖလှယ်ရန်လည်း အခွင့်အလမ်းတစ်ခု ဖြစ်စေခဲ့သည်။ KNU နှင့် PNLO စသည့် အဖွဲ့အစည်းတို့၏ အရေးပါသော လုပ်ဆောင်မှုများနှင့် MPSI မှ ပံ့ပိုးသော လူထု တွေ့ဆုံဆွေးနွေးပွဲများအပေါ် CNF၊ KNPP နှင့် NMSP တို့က စောင့်ကြည့်လေ့လာပြီး ၎င်းတို့ တွေ့ရှိချက်များကို တင်ပြဆွေးနွေးလာခဲ့သည်။ ဤအလုပ်ရုံဆွေးနွေးပွဲတွင် Mindanao တွင် ပြုလုပ်ခဲ့သော ကျယ်ပြန့်သည့် လူထုတွေ့ဆုံ ဆွေးနွေးပွဲမှ ဆွေးနွေးစရာကိစ္စရပ်များနှင့် အခြားဒေသတွင်းတွင် လုပ်ဆောင်လျက်ရှိသော ငြိမ်းချမ်းရေး ဖော်ဆောင်မှုလုပ်ငန်းစဉ်များမှ နှိုင်းယှဉ်ဆွေးနွေးရမည့် ကိစ္စရပ်များ စသည့် တင်ပြချက်များ ပါဝင်သည်။ Center for Peace and Conflict Studies in Cambodiaက အဆိုပါ တင်ပြချက်များ တင်သွင်းခဲ့ခြင်း ဖြစ်သည်။

## စောင့်ကြည့် ထိန်းသိမ်းခြင်း၊ လေ့လာသင်ယူခြင်းနှင့် ပြန်လည်သုံးသပ်ခြင်း

အလုပ်ရုံ ဆွေးနွေးပွဲပြုလုပ်ခြင်းသည် တိုင်းရင်းသားလက်နက်ကိုင် ခေါင်းဆောင်အရာရှိကြီးများနှင့် အရာရှိငယ်များအကြား ၎င်းတို့၏ အတွေ့အကြုံများ ဖလှယ်မှုပြုနိုင်ရန်၊ ကွဲပြားခြားနားသော လူထုတွေ့ဆုံဆွေးနွေးပွဲများမှ တွေ့ရှိသော ကိစ္စရပ်များကို ဆင်ခြင်သုံးသပ်ရန်နှင့် စီမံကိန်းပရိုဂျက် တွင် အကောင်းဆုံးနည်းလမ်းတစ်ခုကို ရှာဖွေဖော်ထုတ် အသုံးချနိုင်ရန် ဖြစ်သည်။ လူထုအသံများကြားနိုင်သည့် သေးငယ်သော အစည်းအဝေးများ (ကျေးရွာအဆင့် အစည်းအဝေး)နှင့် လူထုတွေ့ဆုံဆွေးနွေးပွဲများမှ ပြန်လည် လေ့လာသုံးသပ်ရမည့် ကိစ္စရပ်များ အကြောင်းအရာများကို တိုင်းရင်းသားလက်နက်ကိုင်တပ်ဖွဲ့ခေါင်းဆောင်များက စိစစ်ရွေးချယ်နိုင်ခဲ့သည်။ အစည်းအဝေးများတွင် အောက်ခြေလူထုအဖွဲ့အစည်းများ ပါဝင်ခြင်း၊ ဒေသတွင်း စီမံကိန်းတွင် ပါဝင်ပံ့ပိုးသူများ၊ မျိုးဆက်သစ်လူငယ်များ စသည်တို့ ပူးပေါင်းပါဝင်ခြင်းကြောင့် ငြိမ်းချမ်းရေးဖော် ဆောင်မှုလုပ်ငန်းစဉ်ကို ပို၍အသက်ဝင်စေခဲ့သည်။ အပစ်ခတ်ရပ်စဲရေးကိစ္စတွင် အပြန်အလှန်လေ့လာစောင့်ကြည့်ရန်လိုကြောင်း သဘောတူအတည်ပြုခဲ့ကြပြီး ဤစောင့်ကြည့်လေ့လာရေးတွင် ပြည်သူလူထုအနေဖြင့် မည်သည့် အခန်းကဏ္ဍတွင် ပါဝင်နိုင်မည့်လည်း ဆွေးနွေးခဲ့ကြသည်။

**ချဉ်းကပ်ခြင်းနည်းလမ်း ၃။ ။ ယုံကြည်စိတ်ချမှုတည်ဆောက်ခြင်းနှင့် ငြိမ်းချမ်းရေးဖြစ်စဉ်ကို စမ်းသပ်မှုပြုလုပ်ခြင်း - ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးတို့၏ အခြေခံအုတ်မြစ်ကို ဝေမျှခြင်း ချင်းဖွံ့ဖြိုးရေး ဝန်ဆောင်မှုဌာန**

## ချင်းဖွံ့ဖြိုးရေး အေဂျင်စီ

စီမံကိန်းနယ်မြေ။ ။ ဟားခါး၊ ချင်းပြည်နယ်။

စီမံကိန်းကာလ။ ။ ဖေဖော်ဝါရီလ ၂၀၁၃ ခုနှစ်။

စီမံကိန်းမိတ်ဖက်အဖွဲ့များ။ ။ FAFO Research Foundation

အလှူရှင်များ။ ။ နော်ဝေနိုင်ငံခြားရေးဝန်ကြီးဌာန။

MPSI ၏ ပံ့ပိုးအားဖြည့်မှုပမာဏ - **အလယ်အလတ်**။ ။ အထောက်အပံ့ပေးသူများဘက်မှ လိုလားသော လုပ်ဆောင်ချက်များနှင့် ငွေကြေးသုံးစွဲမှုများအတိုင်း လုပ်ကိုင်အသုံးပြုရန် ဒေသခံပူးပေါင်း လုပ်ကိုင်သူများကို ဝိုင်းဝန်းကူညီခြင်းနှင့် အလှူရှင်များနှင့် ဖြည့်ဆည်းလုပ်ဆောင်မည့် ပူးပေါင်းလုပ်ကိုင်သူများနှင့် ချိတ်ဆက်ပေးခြင်း။

- ချင်းပြည်နယ်အစိုးရနှင့် CNFကြား ပူးပေါင်းဆောင်ရွက်ခြင်းအားဖြင့် လုပ်ငန်းစဉ် လိုအပ်ချက်များ၊ ဒေသဖွံ့ဖြိုးရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု လုပ်ငန်းများ FAFO Research Foundation မှ ပြုလုပ်သော ပဏာမ ကွင်းလေ့လာရေးတို့ကို ပံ့ပိုးကူညီရန်။

## နိုင်ငံရေး အခင်းအကျင်း

CNF နှင့် နိုင်ငံတော် အစိုးရအကြား အပစ်ခတ်ရပ်စဲရေး ညှိနှိုင်းဆွေးနွေးမှု အစောပိုင်းကာလတွင် လွတ်လပ်သော ချင်းဖွံ့ဖြိုးရေးအေဂျင်စီကို တည်ထောင်ရန် သဘောတူခဲ့ကြသည်။ အေဂျင်စီကို ဖွဲ့စည်းရာ၌ အစိုးရမှ ကိုယ်စားလှယ် များ၊ ချင်းပြည်နယ်ဆိုင်ရာ အာဏာပိုင်များ၊ ချင်းလူမှု အသင်းအဖွဲ့များ၊ နိုင်ငံရေးပါတီကိုယ်စားလှယ်များနှင့် CNF ကိုယ်စားလှယ်များ ပါဝင်စေမည်ဖြစ်သည်။ ဤအဆိုပြုလွှာကို ချင်းပြည်နယ်အစိုးရဝန်ကြီးချုပ်မှ သဘောတူလက်ခံခဲ့သည်။ ချင်းပြည်နယ်သည် အခြားဒေသများနှင့် နှိုင်းစာလျှင် စစ်ဘေးဒဏ်သင့်မှု အင်မတန်နည်းပါးသော်လည်း ပြည်ထောင်စုမြန်မာနိုင်ငံတွင် ဖွံ့ဖြိုးမှု အနည်းဆုံး ပြည်နယ်ဖြစ်နေခြင်းကြောင့် ဖွံ့ဖြိုးရေး အကူအညီများလိုအပ်ချက်သည် အရေးတကြီး ဦးစားပေးလုပ်ဆောင်ရမည့်ကိစ္စ ဖြစ်နေသည်။ ငြိမ်းချမ်းရေးဖော်ဆောင်မှု လုပ်ငန်းစဉ်အကောင် အထည်ဖော်နေစဉ်အတွင်း ပဋိပက္ခဖြစ်ပွားစေနိုင်သည့် အကြောင်းခြင်းရာများကို ကြိုတင်ကာကွယ်ထားရန်၊ နားလည်မှုလွဲမှားစေသော အရာများ ရှောင်ရှားနိုင်ရန်၊ တိုင်းရင်းသားဒေသတွင် ဂေဟစနစ်နှင့် လျော်ညီသော ဖွံ့ဖြိုးရေးကို အကောင်အထည်ဖော်နိုင်ရန်၊ ပြည်သူလူထုနှင့် လက်တွဲဆောင်ရွက်နိုင်သော နည်းလမ်းတစ်ခုဖော်ထုတ်နိုင်ရန် စသည်တို့ကို ဒေသတွင်းပူးပေါင်းပါဝင် ပံ့ပိုးသူများ အားလုံးနှင့်အတူတကွ စီစဉ်ရေးဆွဲ အကောင်အထည်ဖော်နိုင်မည့် ဖွံ့ဖြိုးရေး အကူအညီများ ရရှိရန် CNF က စီစဉ် ရေးဆွဲခဲ့သည်။

## စီမံကိန်းဆောင်ရွက်ချက်များ

CDA စီမံကိန်း၏ ယေဘုယျပန်းတိုင်သည် ချင်းဖွံ့ဖြိုးရေး အေဂျင်စီ ဖွဲ့စည်းရေးနှင့် ပတ်သက်သော ဆွေးနွေးမှုများနှင့် လုပ်ရှားခွင့် ဖော်ထုတ်ရန်၊ လူထုအခြေပြု လှုပ်ရှားဆောင်ရွက်သော ဂေဟစနစ်နှင့် လျော်ညီသည့် ဖွံ့ဖြိုးရေး အစီအစဉ်တစ်ခုဖြစ်ပေါ်လာရန်၊ စသည်တို့ကို ရည်ရွယ်ဦးတည်လျက် ချင်းပြည်နယ်အစိုးရနှင့် CNF အကြား ပူးပေါင်းဆောင်ရွက်မည့် အကောင်အထည်ဖော်မှု လုပ်ငန်းစဉ်တစ်ခုကို ပံ့ပိုးကူညီရန်ဖြစ်သည်။

မြန်မာနိုင်ငံအတွင်းနှင့် ချင်းပြည်နယ်မြို့တော်၊ ဟားခါးတွင် ပဏာမကွင်းလေ့လာရေးကို ၂၀၁၃ ခုနှစ်၊ ဖေဖော်ဝါရီလအတွင်း၌ MPSI ၏ ပံ့ပိုးမှုအားဖြင့် FAFO အသင်းအဖွဲ့မှ ကွင်းဆင်းသုတေသနပြုလုပ်မည့်သူနှစ်ဦးက သုတေသနပြုလုပ်ခဲ့သည်။ ၎င်းကွင်းဆင်းလေ့လာရေးခရီးစဉ်အတွင်း၊ ဒေသတွင်းရှိ သုတေသနနှင့် ဖွံ့ဖြိုးရေး ပညာရှင်များ၊ လူထုအခြေပြု အဖွဲ့အစည်းများ၊ ချင်းပြည်နယ်အစိုးရနှင့် CNF စသည်တို့နှင့် တွေ့ဆုံဆွေးနွေးခဲ့သည်။

## စောင့်ကြည့်ထိန်းသိမ်းခြင်း၊ လေ့လာသင်ယူခြင်းနှင့် ပြန်လည်သုံးသပ်ခြင်း

FAFO မှနေ၍ ပိုမိုကျယ်ပြန့်သော ကွင်းဆင်းလေ့လာရေး အစီအစဉ်တစ်ခုကို ထပ်မံပြုလုပ်နိုင်ရန် အဆိုပြုခဲ့သည်။ ချင်းပြည်နယ်၏ ခက်ခဲကြမ်းတမ်းသော ပထဝီဝင်အနေအထားကြောင့် အခွင့်အလမ်းများ၊ အကန့်အသတ်များနှင့် လိုအပ်ချက်များ စသည်တို့ မည်မျှအတိုင်းအတာထိရှိနေသည့် လေ့လာသုံးသပ်နိုင်ရန် ၎င်းကွင်းဆင်းလေ့လာရေး အစီအစဉ်က ရည်ရွယ်ပါသည်။ မူအားဖြင့် ဤအစီအစဉ်ကို ချင်းပြည်နယ်အစိုးရအာဏာပိုင်များဘက်က လက်ခံသဘောတူသော်လည်း အကောင်အထည်ဖော်ဖို့ရန်အတွက် မရှင်းမလင်း မသေချာမရေရာဖြစ်နေခဲ့သည်။ အကြောင်းမှာ ငြိမ်းချမ်းရေးတည်ဆောက်ခြင်းလိုအပ်ချက် လေ့လာဆန်းစစ်မှု ပူးတွဲအစီအစဉ်တစ်ရပ်ကို အကောင်အထည်ဖော်ရန် ရည်ရွယ်ချမှတ်ပြီးဖြစ်သည့်အတွက် ဤချဉ်းကပ်မှုနှစ်ခု အကြား၌ လစ်ဟာသွားမည့် စီမံကိန်းပံ့ပိုးသူများက စိုးရိမ်သံသယဖြစ်နေခဲ့ကြသည်။ ထို့ကြောင့် ငြိမ်းချမ်းရေး တည်ဆောက်ခြင်းလိုအပ်ချက် လေ့လာဆန်းစစ်မှု ပူးတွဲအစီအစဉ် မစတင်နိုင်ခင်အထိ ကွင်းဆင်းလေ့လာရေး အစီအစဉ်ကို လက်ရှိ၌ ဆိုင်းငံ့ထားနေဆဲဖြစ်သည်။ နိုင်ငံတဝန်း အပစ်ခတ်ရပ်စဲနိုင်ရေးကို ဦးစားပေးလုပ်ဆောင်နေသည့်အတွက် အခြားအစီအစဉ်များ အကောင်အထည်ဖော်ရာ၌ အနည်းငယ် နှောင့်နှေးကြန့်ကြာနိုင်ပါသည်။

## မွန်အမျိုးသားပညာရေး စီမံကိန်း

စီမံကိန်းနယ်မြေ။ ။ သထုံ၊ မော်လမြိုင်နှင့် ထားဝယ်ခရိုင်၊ မွန်ပြည်နယ်နှင့် တနင်္သာရီတိုင်း။

စီမံကိန်းကာလ။ ။ ဇန်နဝါရီလ ၂၀၁၃ ခုနှစ် မှ ဇွန်လ၊ ၂၀၁၃ခုနှစ်။

စီမံကိန်းမိတ်ဖက်အဖွဲ့များ။ ။ မွန်အမျိုးသားပညာရေး ကော်မတီ (ငြိမ်းဖောင်ဒေးရှင်းမှ အကြံဉာဏ်များ ရရှိပြီး NPA ၏ ပံ့ပိုးမှုအားဖြင့်)။

စီမံကိန်းရန်ပုံငွေ။ ။ ဒေါ်လာ ၁၃၆၄၉၆

အလှူရှင်များ။ ။ နော်ဝေနိုင်ငံခြားရေးဝန်ကြီးဌာန။

MPSI ၏ ပံ့ပိုးအားဖြည့်မှုပမာဏ – အလယ်အလတ်-**မြင့်မား။** ။ ဆွေးနွေးမှုများကို လွယ်ကူစွာဖြစ်မြောက်ရေးအတွက် တိုက်ရိုက်ကူညီပံ့ပိုးပေးခြင်း၊ အထောက်အပံ့ပေးသူများဘက်မှ လိုလားသော လုပ်ဆောင်ချက်များနှင့် ငွေကြေးသုံးစွဲမှုများအတိုင်း လုပ်ကိုင်အသုံးပြုရန်ဒေသခံပူးပေါင်း လုပ်ကိုင်သူများကို ဝိုင်းဝန်းကူညီခြင်းနှင့် အလှူရှင်များနှင့် ဖြည့်ဆည်းလုပ်ဆောင်မည့် ပူးပေါင်းလုပ်ကိုင်သူများ နှင့် ချိတ်ဆက်ပေးခြင်း။

- မွန်ပြည်နယ် ပညာရေး မူဝါဒပြင်ဆင်ရေးဆွဲနိုင်ရန် လူထုအား ပံ့ပိုးကူညီခြင်းနှင့် လူထုအသိအမြင်နိုးကြားလာစေခြင်းအားဖြင့် မွန်ဘာသာစကားနှင့် စာပေယဉ်ကျေးမှုကို ကာကွယ်မြှင့်တင်ရန်။

## နိုင်ငံရေး အခင်းအကျင်း

နိုင်ငံတော်အစိုးရနှင့် နိုင်ငံတကာလှုပ်ရှား ဆောင်ရွက်သူများအကြား အပြန်အလှန် ပူးပေါင်းဆောင်ရွက်ခြင်းကိစ္စရပ်များထဲမှ ပညာရေးကဏ္ဍ အရေးပါမှုကို NMSPက ကြောင်းကျိုးညီညွတ်စွာ ဝေဖန်ထောက်ပြခဲ့သည်။ မွန်ဘာသာစကား အခြေခံသော ကျောင်းပညာရေး ကိစ္စအပေါ် အလေးအနက်ထားသင့်ကြောင်း ၂၀၁၂ခုနှစ် ဧပြီလ မော်လမြိုင်မြို့၌ ပြုလုပ်ခဲ့သော တွေ့ဆုံဆွေးနွေးပွဲတွင် NMSP က တင်ပြဆွေးနွေးခဲ့သည်။ ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်း မှ အကောင်းဘက် အပြုသဘောဖြင့် နွေးထွေးစွာတုံ့ပြန်ခဲ့ပြီး ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်သို့ အလည်ရောက်ရှိလာသော နော်ဝေနိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ခရီးစဉ်အတွင်းတွင် အလားတူ ဆွေးနွေးပွဲမျိုးကိုလည်း ကျင်းပနိုင်ခဲ့သည်။ နော်ဝေနိုင်ငံခြားရေးသံတမန်များ၊ နိုင်ငံရေးပါတီများ၊ မွန်ပြည်နယ် အောက်ခြေလူထု အဖွဲ့အစည်းများနှင့် NMSP တို့ တက်ရောက်သော ထိုဆွေးနွေးပွဲ ၌ မွန်ပြည်နယ်ဝန်ကြီးချုပ် (ပြည်ထောင်စုအဆင့် မွန်ပြည်နယ်ငြိမ်းချမ်းရေးဖော်ဆောင်မှုတွင် တာဝန်ရှိသူ ရထားနှင့်ကုန်းပို့ဆောင်ရေးဝန်ကြီး)က မွန်အမျိုးသားပညာရေးစီမံကိန်းကို ထောက်ခံကြောင်းပြောဆိုခဲ့သည်။ မြန်မာနိုင်ငံစစ်အစိုးရက လူမျိုးကြီးဘာသာစကားနှင့် စာပေယဉ်ကျေး

မှ တစ်ခုတည်းကိုသာ တိုင်းရင်းသားလူမျိုးစုများအပေါ် ဇွတ် အတင်းကျင့်သုံးသည့် မူဝါဒကြောင့် မြန်မာနိုင်ငံအတွင်းရှိ တိုင်းရင်းသားလူမျိုးစုများသည် မိမိဘာသာစကားနှင့် စာပေယဉ်ကျေးမှုများကို ပြန်လည်ဖော်ထုတ်ထိန်းသိမ်းမြှင့်တင်ခြင်းကို အာရုံစူးစိုက် အလေးအနက်ထားခဲ့သည်။ ဤအခင်းအကျင်းတွင် တိုင်းရင်းသားလက်နက်ကိုင်တပ်ဖွဲ့ အများအပြား မိမိတို့နှင့် သင့်တော်ပြီး အစိုးရနှင့် အမှီအခိုကင်းသော ကိုယ်ပိုင်ပညာရေးစနစ်များကို အကောင်အထည်ဖော်ခဲ့ကြခြင်း ဖြစ်သည်။ မူပိုင်ပညာရေးစနစ်များ တည်ဆောက်ရေး၌ မွန်အမျိုးသားပညာရေးစနစ်သည် စစ်ဘေးသင့်ဒေသများရှိ တိုင်းရင်းသားလူမျိုးစုများအတွက် အရည်အသွေးပြည့်မီသော ပညာရေးစနစ်တစ်ခုအဖြစ် ဖန်တီးပေးနိုင်ခဲ့သည်။ အစိုးရပညာရေးစနစ်မှ သီးခြားခွဲထွက်ခြင်းမျိုး မဟုတ်ဘဲ မွန်အမျိုးသားကျောင်းများမှ အစိုးရအသိ အမှတ်ပြုထားသော ပညာရေးအောင်လက်မှတ်များကို ထုတ်ပေးနိုင်ခဲ့သည်။ ကျောင်းသင်ရိုးညွှန်းတမ်းများတွင် ဗမာဘာသာစကားကိုသာ အခြေခံထားသည်။ အစိုးရကျောင်းများနှင့် ဒေသတွင်းအကောင်အထည်ဖော်နေသော မွန်အမျိုးသားကျောင်းတို့အကြား စည်းစနစ်ကျသော ချိတ်ဆက်ဆောင်ရွက်မှုကြောင့် ဖြစ်သည်။ ငြိမ်းချမ်းရေးဖော်ဆောင်မှု အခင်းအကျင်းတွင် ပါဝင်လှုပ်ရှားဆောင်ရွက်နေသော အခြားတိုင်းရင်းသား အဖွဲ့အစည်းများလည်း မိမိတို့၏ ရေခံမြေခံနှင့် လျော်ညီစွာ အသုံးပြုနိုင်စေမည့် ပညာရေးစံတစ်ခုအဖြစ် မွန်အမျိုးသားပညာရေးစီမံကိန်းမှ ထုတ်ဖော်ပေးနိုင်ခဲ့သည်။ ငြိမ်းချမ်းရေးဖော်ဆောင်မှုလုပ်ငန်းနှင့် နိုင်ငံရေးတည်ငြိမ်ရေးလုပ်ငန်းစဉ်များ ရှေ့ဆက် ချီတက်နေသကဲ့သို့ တိုင်းရင်းသားလူမျိုးစုများက မျိုးစေ့တည်ခဲ့သော ဤပညာရေးစနစ်သည် ပြည်ထောင်စုပညာရေးစနစ်အတွင်း ပေါင်းစပ်ဖွဲ့စည်းနိုင်ရန်လည်း ရည်ရွယ်ထားခဲ့သည်။ ဤသို့ဆိုလျှင် မြန်မာနိုင်ငံအတွင်း ဖယ်ဒရယ်ပြည်ထောင်စု ပညာရေးစနစ်တစ်ခုဖြစ်တည်လာနိုင်ပါလိမ့်မည်။ မွန်အမျိုးသားကျောင်းသုံး ကျောင်းစာလုံးသည် အစိုးရအထက်တန်းကျောင်းများ၏ တွဲကျောင်းများဖြစ်ပြီး ကျောင်းသားများလည်း အစိုးရစာမေးပွဲ၌ ဝင်ရောက်ဖြေဆိုခွင့်ရှိသည်။

၁၉၉၅ ခုနှစ်နှင့် ၂၀၁၂ ခုနှစ် အပစ်ခတ်ရပ်စဲရေး မပြုလုပ်ခင်အချိန်၌ NMSP နှင့် ၎င်းတို့၏ ထိန်းချုပ်နယ်မြေဒေသအတွင်း ပညာရေးလိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ခဲ့ကြသည်။ ယခင်အခါတွင် ငွေကြေးထောက်ပံ့မှုများ ရတစ်လှည့် ပြတ်တစ်လှည့်ဖြစ်ခြင်းကြောင့် မွန်အမျိုးသား ပညာရေးအတွက် တာဝန်ရှိသူများက ရှေ့ဆက် လုပ်ငန်းစဉ်ရေးဆွဲရန် အခက်အခဲများဖြစ်စေခဲ့သည်။ ငြိမ်းချမ်းရေးဖော်ဆောင်မှု လုပ်ငန်းစဉ်အခင်းအကျင်းတွင် တိုင်းရင်းသားပညာရေးကဏ္ဍအတွက် ဤကဲ့သို့သော ပညာရေးစနစ်မျိုးကို ကျင့်သုံးနိုင်ရန် အားပေးခြင်းသည် အလွန်အရေးကြီးပါသည်။ နိုင်ငံရေးတိုးတက်ပြောင်းလဲမှု မြန်ဆန်သော်လည်း မြန်မာနိုင်ငံ၏ အကူးအပြောင်းကာလသည် သေချာရေရာမှု မရှိပါ။ MPSI က ထောက်ပံ့ကူညီသော စီမံကိန်းများနှင့် မွန်အမျိုးသားပညာရေးစနစ်အတွင်းတွင် ငြိမ်းချမ်းရေးဖော်ဆောင်မှုလုပ်ငန်းစဉ်၌လည်း ဦးဆောင်ဦးရွက်ပြုသည့် နေရာတွင် ကနဦး၌ ပါဝင်ဆောင်ရွက်ခဲ့ကြသော အမျိုးသမီးများ (NMSP ဗဟိုကော်မတီ၌ MNEC ဒါရိုက်တာသည် အမျိုးသမီးဖြစ်ခြင်းနှင့် အခြားအရေးပါသော ပညာရေးဆိုင်ရာ ကဏ္ဍများတွင်လည်း မွန်အမျိုးသမီးများက တာဝန်ယူ လုပ်ဆောင်နေခြင်း) အပေါ် ကျားမ မတူကွဲပြားခြင်းအပေါ် အခြေခံ၍ ခွဲခြားဆက်ဆံခြင်း မပြုမိရန် အလွန်အရေးကြီးပါသည်။

## စီမံကိန်းဆောင်ရွက်ချက်များ

MPSI ၏ ပထမစီမံချက်ကာလဖြစ်သော ၂၀၁၃ ခုနှစ် ဇန်နဝါရီလ မှ ၂၀၁၃ ခုနှစ် ဇွန်လအထိ အစိုးရ NMSP နှင့် ပြည်သူလူထုများအကြား တွေ့ဆုံဆွေးနွေးပွဲများ ကျင်းပခြင်းအားဖြင့် သင်ရိုးညွှန်းတမ်းများ ပြန်လည်ရေးဆွဲခြင်းနှင့် မွန်အမျိုးသားပညာရေး မူဝါဒချမှတ်နိုင်ရေးကိုသာ ဦးတည်ဆောင်ရွက်ခဲ့သည်။ မွန်အမျိုးသားပညာရေးကိစ္စ ဆွေးနွေးရန် လူထုတွေ့ဆုံဆွေးနွေးပွဲပေါင်း ၈ ကြိမ်ကို MNEC က ပြုလုပ်ခဲ့သည်။ တွေ့ဆုံဆွေးနွေးပွဲများသို့ သံဃာများ၊ NMSP၊ မွန်ဆရာ/မများအသင်း၊ ကျောင်းသား၊ မိဘများ၊ မီဒီယာများ၊ အမျိုးသမီးရေးရာ လှုပ်ရှားဆောင်ရွက်သူများ၊ မျိုးဆက်သစ်လူငယ်များ (အမျိုးသားစုစုပေါင်း ၂၈၈ ဦး၊ အမျိုးသမီးစုစုပေါင်း ၁၅၃ ဦး) မှနေ၍ တက်ရောက်သူ စုစုပေါင်း ၄၄၁ ဦး တက်ရောက်ခဲ့ကြသည်။ မတ်လ ၂၀၁၃ ခုနှစ်အတွင်း မွန်အမျိုးသားပညာရေး မူဝါဒရေးဆွဲရန်နှင့် လူထုတွေ့ဆုံ

ဆွေးနွေးပွဲများမှ ရရှိလာသော ရလဒ်များအပေါ် ဆွေးနွေးရန်သက်ဆိုင်သူများ အားလုံးပါဝင်သော မွန်အမျိုးသားပညာရေး စည်းဝေးတွေ့ဆုံပွဲတစ်ခုကို MNEC က ပြုလုပ်ခဲ့သည်။ မွန်အမျိုးသားပညာရေးနှင့် အမျိုးသားကျောင်းများ ဖွံ့လှစ်ရေးကို အသိအမှတ်ပြုရန် နိုင်ငံတော်အစိုးရ၊ ပြည်နယ်အစိုးရနှင့် NMSP တို့အကြား ညှိနှိုင်းဆွေးနွေးမှုများ အပါအဝင် တိုင်းရင်းသားလူမျိုးစုများ အားလုံးပါဝင်နိုင်သော ပညာရေးဆိုင်ရာ စည်းဝေးတွေ့ဆုံပွဲတစ်ခုကိုလည်း ကျင်းပရန်နှင့် တိုင်းရင်းသားလူမျိုးစုခေါင်းဆောင်များ ကွန်ရက်တစ်ခုကို တည်ဆောက်နိုင်ရန် စသည့် သဘောတူညီချက်များစွာ ရရှိခဲ့သည်။ အများသုံး ဘာသာစကားများအပေါ် အခြေပြုသင်ကြားသော ပညာရေးမူဝါဒနှင့် မိခင်ဘာသာစကားအပေါ်အခြေပြုသင်ကြားသော ပညာရေးကဏ္ဍများတို့၏ ကွဲပြားကွာခြားမှုများကို ကောင်းစွာသိမြင် သဘောပေါက်နိုင်ရန် MNEC အဖွဲ့က ၂၀၁၃ ခုနှစ် အောက်တိုဘာလတွင် အိန္ဒိယနိုင်ငံသို့ ၉ ရက်ကြာလေ့လာရေး ခရီးသွားရောက်ခဲ့သည်။ မွန်အမျိုးသား ပညာရေးစနစ်ကို ပြုပြင်ပြောင်းလဲနိုင်ရန်နှင့် ပိုမိုအဆင့်မြင့်ရန် ဤလေ့လာရေးခရီးစဉ်က မွန်အမျိုးသားပညာရေး လှုပ်ရှားဆောင်ရွက်သူများအတွက် တွန်းအားတစ်ခုဖြစ်စေခဲ့ပါသည်။

## စောင့်ကြည့်ထိန်းသိမ်းခြင်း၊ လေ့လာသင်ယူခြင်းနှင့် ပြန်လည်သုံးသပ်ခြင်း

လူထုများက ၎င်းတို့၏ ရပ်ရွာပညာရေး ဖွံ့ဖြိုးတိုးတက်ရန် အတွက် တက်ကြွစွာ ပါဝင်ဆွေးနွေးခဲ့သည့်အကြောင်း MNEC က အစီရင်ခံတင်ပြခဲ့သည်။ မွန်အမျိုးသားပညာရေး စည်းဝေးတွေ့ဆုံပွဲနှင့် လူထုတွေ့ဆုံဆွေးနွေးပွဲများကို ကျင်းပခြင်းအားဖြင့် ကျောင်းတွင်းပညာရေးနှင့် ကျောင်းပြင်ပ ပညာရေးစနစ်များ အကောင်အထည်ဖော်နိုင်ရန် ရရှိမည့် ပံ့ပိုးအားဖြည့်မှုများကို MNECက စုစည်းခဲ့သည်။ ပညာရေး အစီအစဉ်များမြှင့်တင်ဆောင်ရွက်နိုင်ရန်နှင့် ပြန်လည်သုံးသပ်ခြင်းများ၊ ပြုလုပ်နိုင်ရန် စီမံကိန်းကမ္ဘာများစွာ အကူအညီပေးခဲ့ကြောင်း MNEC ၏ အစီရင်ခံစာက ဖော်ပြခဲ့သည်။ နိုင်ငံရေးအကူးအပြောင်းကာလအတွင်း MNEC နှင့် မွန်အမျိုးသားပညာရေးကျောင်းများကို ပံ့ပိုးရန် ရည်ရွယ်သော ပိုမိုကြီးမားကျယ်ပြန့်ပြီး ဒေါ်လာငါးသန်းအသုံးပြုမည့် ဒုတိယသုံးနှစ်စီမံချက်ကာလ (ရရှိသော အလှူငွေပေါ်မူတည်)အတွက် စီမံကိန်းအဆိုပြုလွှာတစ်ခုကို MPSI က ရေးသားတင်သွင်းခဲ့သည်။ ဤအဆိုပြုလွှာတွင် ကဏ္ဍများစွာ ထည့်သွင်းထားသော်လည်း အဓိကအားဖြင့် မွန်ဆရာ/မများ စုစုပေါင်း ၈၀၀ ဦး၏ လစာများ ပံ့ပိုးခြင်းနှင့် ၎င်းတို့၏ စွမ်းဆောင်ရည်များ မြှင့်တင်ခြင်းကိစ္စများ၌သာ အသုံးပြုမည်ဖြစ်သည်။ ကံမကောင်းစွာဖြင့်၊ ပံ့ပိုးမည့် အလှူရှင်တစ်ဦးက အစပိုင်း၌ ဤစီမံကိန်းအပေါ် စိတ်ဝင်စားမှုများစွာ ပြသခဲ့သော်လည်း နောက်ပိုင်း၌ စိတ်ဝင်စားမှု လျော့နည်းသွားခဲ့သည့်အတွက် MNEC စီမံကိန်းရန်ပုံငွေ ရရှိရန် လက်ရှိအချိန်အထိ မသေချာ မရေရာ ဖြစ်နေခဲ့သည်။ MNEC စီမံကိန်း အလှူငွေရရှိရန် အလှူရှင်များ ရှာဖွေသည့်ကိစ္စ၌ ပျက်ကွက်ခြင်းသည် ဤအစီရင်ခံစာတွင် ဖော်ပြခဲ့သည့် အတိုင်း ကြီးမားကျယ်ပြန့်သည့် ငြိမ်းချမ်းရေးဖော်ဆောင်မှု လုပ်ငန်းစဉ်ကို စတင်ဖော်ဆောင်ရန်လည်းကောင်း၊ ၎င်းဆက်စပ်စမ်းသပ် စီမံချက်များစွာကိုသော်လည်းကောင်း အကောင်အထည်ဖော်နိုင်ရန် အခက်အခဲများစွာ ဖြစ်စေခဲ့ပါသည်။ နိုင်ငံတကာအသိုင်းအဝိုင်းသည် ဒေသခံလူထုများ၏ အကျိုးစီးပွားရေးကို မငဲ့ကွက်ဘဲ အစိုးရ၏ နိုင်ငံရေးကစားကွက်အတိုင်းသော်လည်းကောင်း ၎င်းတို့၏ သဘောဆန္ဒ အတိုင်းသော်လည်းကောင်း လုပ်ဆောင်ပြုမူသည်ဟု ဤကံမကောင်း ကြောင်းမလှသော အတွေ့အကြုံမှတစ်ဆင့် မွန်အမျိုးသား ပညာရေးလှုပ်ရှားဆောင်ရွက်သူများက ယုံမှတ်ခဲ့ကြပြီး ရေရှည်ငြိမ်းချမ်းရေး ရရှိနိုင်မှာ မိမိတို့နှင့်သာ သက်ဆိုင်သည်ဟူ၍ သဘောပိုက်လိုက်ကြသည်။

## တိုင်းရင်းသား ငြိမ်းချမ်းရေး အရင်းအမြစ် စီမံကိန်း (Ethnic Peace Resource Project)

စီမံကိန်းနယ်မြေ။ ။ တိုင်းရင်းသားလူထုများ။

စီမံကိန်းကာလ။ ။ ဧပြီလ ၂၀၁၃ ခုနှစ် မှ ဇန်နဝါရီလ၊ ၂၀၁၄ခုနှစ် (ပထမ စီမံချက်ကာလ)။

စီမံကိန်းမိတ်ဖက်အဖွဲ့များ။ ။ Foundation for Local Development (Dan Church Aid နှင့် ပူးပေါင်း လုပ်ဆောင်)။

စီမံကိန်းရန်ပုံငွေ။ ။ ဒေါ်လာ ၂၃၆၀၀၀။

အလှူရှင်များ။ ။ နော်ဝေနိုင်ငံခြားရေးဝန်ကြီးဌာန နှင့် ဆွစ်ဇာလန်နိုင်ငံခြားရေးဝန်ကြီးဌာန (ကျား၊ မ ခွဲခြား ဆက်ဆံခြင်းများ ပပျောက်ရေးအတွက်) ဆက်စပ်ပံ့ပိုး အလှူငွေ ဒေါ်လာ ၄၅၅၀၀)။

MPSI ၏ ပံ့ပိုးအားဖြည့်မှု – ၊ MPSI ၏ EPRPသို့ ထောက်ပံ့မှုများထည့်ဝင်ခြင်းသည် အခြား MPSI အစပျိုး ခဲ့သော သို့မဟုတ် ထောက်ပံ့ခဲ့သော စီမံကိန်းများနှင့် မတူ ကွဲပြားပါသည်။ အဘယ်ကြောင့်ဆိုသော် EPRP ၏ ငွေကြေးအထောက်အပံ့၊ အုပ်ချုပ်ပုံစနစ်နှင့် ဖြည့်ဆည်း အကောင်အထည်ဖော်မှုများသည် MPSIနှင့် သီးခြားဖြစ် သောကြောင့်ဖြစ်သည်။ ထို့ကြောင့် EPRP၏ စီမံကိန်း ဆောင်ရွက်ချက်များကို MPSI၏ ထောက်ပံ့မှုများ ထည့်ဝင်သောအခါတွင် EPRP ၏ ငွေကြေးအထောက် အပံ့နှင့် အုပ်ချုပ်ပုံစနစ် ကဏ္ဍအောက်သို့ ဝင်သည်။

- ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ချင်းပြည်နယ်၊ ကယားပြည်နယ်၊ မွန်ပြည်နယ်၊ ကရင်ပြည်နယ် (ဒုတိယစီမံချက်ကာလတွင် အကောင် အထည်ဖော်မည့် တိုးချဲ့စီမံကိန်းများ အပါအဝင်) စသည့် ပြည်နယ်များရှိ ဆက်ဆံရေးရုံ ၁၁ခု တည်ရှိ သော ဒေသများမှ တိုင်းရင်းသား လူထုခေါင်းဆောင် များနှင့် တိုင်းရင်းသားလူထုများအတွက် စည်းဝေးတွေ့ ဆုံပွဲများနှင့် အလုပ်ရုံဆွေးနွေးပွဲများ ပြုလုပ်ခြင်း၊ အင်တာနက်ကွန်ရက် အခြေပြုသတင်းရင်းမြစ်များ ဝေမျှဖလှယ်ရေး အစီအစဉ်တစ်ခု တည်ဆောက်ခြင်း။

## နိုင်ငံရေးအခင်းအကျင်းနှင့် MPSI ၏ ပါဝင်ပူးပေါင်းမှု

ငြိမ်းချမ်းရေးဖော်ဆောင်မှု ကာလအတွင်းတွင် လူထု များ၊ အသင်းအဖွဲ့များ၊ တိုင်းရင်းသား ခေါင်းဆောင်များတို့ နှင့် ညှိနှိုင်းဆွေးနွေး အတူတကွ လုပ်ဆောင်ခဲ့သော အတွေ့ အကြုံများအပေါ် အခြေခံလျက် MPSI က ဤစီမံကိန်းကို ရေးဆွဲခဲ့ခြင်းဖြစ်သည်။ လူမှုအခြေပြုအသင်းအဖွဲ့များ၊ တိုင်းရင်းသား နိုင်ငံရေးပါတီများ၊ တိုင်းရင်းသားလက်နက် ကိုင် တပ်ဖွဲ့အဖွဲ့ဝင်များနှင့် ခေါင်းဆောင်များတို့က သတင်းအချက်အလက်များ လက်ခံရရှိရန်၊ ငြိမ်းချမ်းရေး ဖော်ဆောင်မှုလုပ်ငန်းစဉ်၌ အဓိက ဖြေရှင်းရမည့် ကိစ္စရပ် များအပေါ် ယုံကြည်စွာ ပါဝင်ဆွေးနွေးရန်နှင့် တုံ့ပြန် လုပ်ဆောင်ရန် EPRP က ရည်ရွယ်ပံ့ပိုးကူညီခြင်း ဖြစ်သည်။

## စီမံကိန်းဆောင်ရွက်ချက်များ

ထူးခြားလုပ်ဆောင်ချက် လေးရပ်အပါအဝင် တိုင်းရင်း သား လက်နက်ကိုင်တပ်ဖွဲ့များ၏ ဆက်ဆံရေးရုံးများနှင့် ၎င်းတို့၏ ခေါင်းဆောင်မှု အရည်အသွေးများအပေါ် ဦးတည်လုပ်ဆောင်ခဲ့သည်။ ၎င်းမှာ အင်တာနက်ကွန်ရက် အခြေပြု သတင်းအရင်းမြစ်များ ဝေမျှဖလှယ်ရေးအစီ အစဉ်ဖြစ်သော www.eprpinformation.org အင်တာ နက်စာမျက်နှာ တည်ဆောက်ရန်၊ မတူကွဲပြားသော အုပ်စု များကြား စည်းဝေးတွေ့ဆုံပွဲများနှင့် အလုပ်ရုံဆွေးနွေးပွဲ များ (၃) ကြိမ်ပြုလုပ်ရန်၊ ငြိမ်းချမ်းရေးဖော်ဆောင်မှု လုပ်ငန်းစဉ်များအကြောင်းကို ဆက်ဆံရေးရုံးများမှ တစ်ဆင့် လူထုအားအသိပေးနိုင်ဖို့ရန် ဆက်ဆံရေးရုံးများ တွင် အင်တာနက်လိုင်းများ တပ်ဆင်ခြင်းနှင့် ဆက်ဆံ ရေးရုံးတာဝန်ခံများကို အင်တာနက် အသုံးပြုခြင်းအခြေခံ သင်တန်းများပေးရန်၊ ငြိမ်းချမ်းရေးဖော်ဆောင်မှု လုပ်ငန်း စဉ်၌ ကျားမ မတူ ကွဲပြားမှုအပေါ် အခြေပြု ခွဲခြားဆက်ဆံ ခြင်းမပြုဘဲ အမျိုးသမီးထု၏ ပါဝင်မှုကို အသိအမှတ်ပြု လက်ခံရန်နှင့် အမျိုးသမီးထု၏ တင်ပြချက်များကို ရယူရန် စသည်တို့ ဖြစ်သည်။

## စောင့်ကြည့်ထိန်းသိမ်းခြင်း၊ လေ့လာသင်ယူခြင်းနှင့် ပြန်လည် သုံးသပ်ခြင်း

ဧပြီလတွင် ကျင်းပသော ဆက်ဆံရေးရုံးများ အကြို သင်တန်း အလုပ်ရုံဆွေးနွေးပွဲတွင် အလုပ်ရုံဆွေးနွေးပွဲ များ ကျင်းပနိုင်ရန် WGEC လုပ်ငန်းကော်မတီကို ဖွဲ့စည်း ခဲ့သည်။ ဆက်ဆံရေးရုံး တာဝန်ခံများနှင့် ဝန်ထမ်းများ၏ ခေါင်းဆောင်မှု အရည်အသွေးများ မြှင့်တင်နိုင်ရန် ရည်ရွယ်လျက် သင်တန်းအလုပ်ရုံ ဆွေးနွေးပွဲများကို NSAG ခေါင်းဆောင်များအတွက် ဦးစွာ ဦးတည်ပြုလုပ် ပေးခြင်းဖြစ်သည်။ ဆက်ဆံရေးရုံးများကို ပံ့ပိုးပေးသော EPRP အကူအညီသည် လုပ်ငန်းလည်ပတ်မှုကို ထောက်ကူခြင်းအားဖြင့် ဆက်ဆံရေး ရုံးများအကြား ပူးပေါင်းဆောင်ရွက်မှုနှင့် ပွင့်လင်းမြင်သာမှုရှိခြင်းတို့

ဖြစ်ထွန်းစေခဲ့ပါသည်။ ပြည်ပနှင့် ပြည်တွင်း မိတ်ဖက်အဖွဲ့များများ ပါဝင်တက်ရောက်နိုင်သော သင်တန်းတစ်ခုကို ဆက်ဆံရေးရုံးအရာရှိများအတွက် ပြုလုပ်ပေးနိုင်ရန်နှင့် အလှူငွေများရရှိရန် ဆက်ဆံရေးရုံးများ ကိုယ်စား EPRP က အလှူရှင်များ သာမက အခြားပါဝင်ထည့်ဝင်နိုင်သူများသို့ တင်ပြခဲ့သည်။

ပထမအကြိမ် လူထုအလုပ်ရုံဆွေးနွေးပွဲကို Humanity Institute ၏ ပါဝင်ဆောင်ရွက်မှုအားဖြင့် ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့တွင် ၂၀၁၃ခုနှစ်၊ ဇူလိုင်လ၊ ၁၈ ရက်နေ့မှ ၂၃ ရက်နေ့ အထိကျင်းပနိုင်ခဲ့သည်။ ယေဘုယျ ဦးတည်ချက်များမှာ ဗဟိုချုပ်ကိုင်မှုစနစ်မှ ဖြေလျှော့ခြင်းနှင့် ဖယ်ဒရယ် ပြည်ထောင်စုစနစ် ကချင်လူမှုအခြေပြု အသင်းအဖွဲ့များက နားလည်သဘောပေါက်လာစေရန်နှင့် မေလ၊ ၂၀၁၃ ခုနှစ်တွင် အစိုးရနှင့် KIO အကြား ပဏာမ လက်မှတ်ရေးထိုးပြီးသည့် နောက်အသင်းအဖွဲ့များက ၎င်းတို့၏ ဦးတည်ချက် ပန်းတိုင်များကိုလာမည့် အခင်းအကျင်းများအတွက် လိုက်လျောညီထွေစွာ ချမှတ်ဆောင်ရွက်နိုင်စေရန်ဖြစ်သည်။ ပညာရေးနှင့် ပတ်သက်သော တိုင်းရင်းသား အရေးကိစ္စများ၊ ငြိမ်းချမ်းရေး ဖော်ဆောင်မှုလုပ်ငန်းစဉ်အတွင်း အမျိုးသမီးထု ပါဝင်ခွင့်၊ ဖယ်ဒရယ် ပြည်ထောင်စုစနစ် ကချင်လူမှုအခြေပြု အသင်းအဖွဲ့များက နားလည်သဘောပေါက်စေရန်နှင့် မေလ၊ ၂၀၁၃ ခုနှစ်တွင် အစိုးရနှင့် KIO အကြား ပဏာမလက်မှတ်ရေးထိုးပြီးနောက် အသင်းအဖွဲ့များက ၎င်းတို့၏ ဦးတည်ချက်ပန်းတိုင်များကိုလာမည့် အခင်းအကျင်းများအတွက် လိုက်လျောညီထွေစွာ ချမှတ်ဆောင်ရွက်နိုင်စေရန်ဖြစ်သည်။ ပညာရေးနှင့် ပတ်သက်သော တိုင်းရင်းသားအရေး ကိစ္စများ၊ ငြိမ်းချမ်းရေး ဖော်ဆောင်မှုလုပ်ငန်းစဉ်အတွင်း အမျိုးသမီးထုပါဝင်ခွင့်၊ ဖယ်ဒရယ် ပြည်ထောင်စုစနစ်နှင့် ဒေသတွင်းကိုယ်ပိုင် အုပ်ချုပ်ရေး အာဏာခွဲဝေမှု အချိုးအစားညီမျှမှုရှိခြင်းနှင့် အာဏာခွဲဝေမှုတို့ကို ကချင်လူမှုအသင်းအဖွဲ့ (၈) ဖွဲ့မှ တက်ရောက်သူစုစုပေါင်း (၄၇) ဦး ကျား (၂၇)၊ မ(၂၀) ရှိသော ၎င်းအလုပ်ရုံဆွေးနွေးပွဲတွင် ဆွေးနွေးခဲ့ကြသည်။

ဆက်ဆံရေးရုံးများမှတစ်ဆင့် သတင်းအချက်အလက်ပါ စာရွက်စာတမ်းများ လူထုလက်တွင်းသို့ ဖြန့်ဝေနိုင်ရန် သဘောတူညီချက်တစ်ခုကို Centre for Peace and Conflict Studies (Siem Riep) နှင့် လက်မှတ်ရေးထိုးခဲ့ပြီး ဖြန့်ဝေမည့် သတင်းအချက်အလက် စာရွက်စာတမ်းများကို အသုံးပြုမည့် လူထုနှင့် ထိတွေ့ဆက်ဆံနေသော ဆက်ဆံရေးရုံးများက တာဝန်ယူ စီစစ်ရွေးချယ်ရမည်ဖြစ်သည်။ အကောင်းဆုံးနည်းလမ်းများကို ရှာဖွေပြီး မတူကွဲပြားသော အုပ်စုများဆီသို့ သတင်းအချက်များ ရောက်ရှိနိုင်ရန်နှင့် လူထုများဆီသို့ သတင်းအချက်အလက်များ ရောက်ရှိရန် ဆက်ဆံရေးရုံးများသည် အဓိကလုပ်ဆောင်သူများဖြစ် ကြောင်း သိရှိနားလည်စေမည့် တက်ရောက်သူပေါင်း(၁၈)ဦးရှိသော ပထမအကြိမ် သတင်းအချက်အလက် ဖြန့်ချိရေး သင်တန်းကို တောင်ကြီးမြို့တွင် ကျင်းပနိုင်ခဲ့သည်။

နိုင်ငံရေး မဟာဗျူဟာ အပေါ် ဆင်ခြင်သုံးသပ်ခြင်းဟူသော ခေါင်းစဉ်ဖြင့် တိုင်းရင်းသားပါတီ (၈) ပါတီမှ တက်ရောက်သူပေါင်း(၂၄) ဦးရှိသော သုံးရက်ကြာ အလုပ်ရုံဆွေးနွေးပွဲကို ၂၀၁၃ ခုနှစ်၊ ဩဂုတ်လ၊ ၁ ရက်နေ့မှ ၃ ရက်နေ့အထိပြုလုပ်ခဲ့သည်။ နိုင်ငံရေးအခင်းအကျင်းတွင် မဟာဗျူဟာကျစွာ စီစဉ်လှုပ်ရှားဆောင်ရွက်တတ်ရန်နှင့် ဆင်ခြင်စဉ်းစားနိုင်စွမ်း ရှိစေရန် ရည်ရွယ်ပြီးပြုလုပ်ခြင်းဖြစ်သည်။ အပစ်အခတ်ရပ်စဲရေးလုပ်ငန်းစဉ်မှ စတင်၍ တိုင်းရင်းသား လက်နက်ကိုင်တပ်ဖွဲ့များက နိုင်ငံရေးအခင်းအကျင်းတွင် ပိုမို၍ ရှေ့ရောက်နေပြီး နိုင်ငံရေးပါတီများက ၎င်းတို့အနေဖြင့် ဘေးထွက်ထိုင်နေရသည်ဟု ခံစားနေသောကြောင့်ဖြစ်သည်။

အကဲခတ် စောင့်ကြည့်လေ့လာခြင်းဟူသော ခေါင်းစဉ်ဖြင့် တိုင်းရင်းသား လူမှုအခြေပြု အသင်းအဖွဲ့များနှင့် တိုင်းရင်းသားလက်နက်ကိုင်တပ်ဖွဲ့များမှ တက်ရောက်လာသူပေါင်း (၁၅) ဦးရှိသော လေးရက်ကြာ အလုပ်ရုံဆွေးနွေးပွဲကို မော်လမြိုင်မြို့တွင် ပြုလုပ်နိုင်ခဲ့သည်။ ယေဘုယျ ဦးတည်ချက်များမှာ အကဲခတ်စောင့်ကြည့် လေ့လာခြင်းနှင့်ပတ်သက်သော အသုံးဝင်သည့် သတင်းအချက်အလက်များကို လူထုအတွင်းသို့ ရောက်ရှိရန် မည့်သို့ဖြန့်ဖြူးမည်ကို ဆွေးနွေးခြင်း၊ တခြားသူများ၏ အခြေအနေအတွေ့အကြုံများကို အကဲခတ်လေ့လာခြင်းအားဖြင့် သင်ယူလေ့လာခြင်း စသည်တို့ကို နားလည်သဘောပေါက်ရန် ဖြစ်သည်။ အကဲခတ်စောင့်ကြည့်လေ့လာခြင်း ခေါင်းစဉ်အပေါ် နှစ်ရက်ကြာ ဆွေးနွေးမှုကို ငြိမ်းချမ်းစွာ

ပြီးဆုံးစေခဲ့သည်။ (မည်သည့်အရာကို အကဲခတ်စောင့်ကြည့်လေ့လာပြီး ကွဲပြားသည့် နည်းလမ်းများဖြင့် မည်သူများက မည့်သို့ စောင့်ကြည့် လေ့လာမည်နည်း။)

ဆက်ဆံရေးရုံးများသည် အများအားဖြင့် မြို့နှင့်အလှမ်းဝေးသောနေရာများတွင် တည်ရှိပြီး သတင်းအချက်အလက် နည်းပညာတွင် အားနည်းခြင်း၊ သုတေသနပြုလုပ်နိုင်သည့် စွမ်းရည်များအားနည်းခြင်းနှင့် အင်တာနက်ချိတ်ဆက်ထားမှု မရှိခြင်း စသည်တို့ကို တွေ့ရသည်။ EPRP ၏ ပထမခြေလှမ်းအနေဖြင့် သတ်မှတ်ရွေးချယ်ထားသော ဆက်ဆံရေးရုံးများကို အင်တာနက်လိုင်းများ ချိတ်ဆက်ပေးပြီး သတင်းအချက်အလက်နည်းပညာများ သင်တန်းများ ပြုလုပ်ရန်ဖြစ်သည်။

အခြားသော အပစ်အခတ်ရပ်စဲရေး ဆက်ဆံရေးရုံးများအတွက် များပြားပြီး ကုန်ကျစရိတ်ကြီးမြင့်သော အင်တာနက် လိုင်းချိတ်ဆက်မှုလုပ်ငန်းထက် လုံလုံလောက်လောက်ခွဲဝေ အသုံးပြုနိုင်မည့် ငွေကြေးလိုအပ်ချက်က လုပ်ငန်းအား နှောင့်နှေးကြန့်ကြာစေပါသည်။ အကျိုးဆက်အားဖြင့်စတင် လုပ်ဆောင်နိုင်ခြင်း မရှိသေးသည့် အင်တာနက်အသုံးပြုခြင်းဆိုင်ရာ ဆရာဖြစ်သင်တန်းကို အကောင်အထည်ဖော်နိုင်ရန် နှောင့်နှေးကြန့်ကြာခဲ့ရသည်။

၂၀၁၃ ခုနှစ် ဇွန်လတွင် စတင် တာဝန်ထမ်းဆောင်သော EPRP အဖွဲ့မှ ကျား-မ ခွဲခြားဆက်ဆံခြင်း ပပျောက်ရေး အကြံပေးအရာရှိသည် EPRP လုပ်ငန်းများ၌ အမျိုးသမီးထုမှ ပါဝင်ဆောင်ရွက်လာနိုင်ရန် အဟန့်အတားဖြစ်သည့် အကြောင်းခြင်းရာများကို သုံးသပ်ပြီး ကျား-မ ခွဲခြားဆက်ဆံခြင်း ပပျောက်ရေးဆိုင်ရာ စာရွက်စာတမ်းများ ထုတ်လုပ်ခြင်းနှင့် အဟန့်အတားများကို ကျော်လွှားနိုင်မည့် မဟာဗျူဟာများကိုချမှတ်နိုင်ရန် အင်တာနက်စာမျက်နှာပေါ်တွင် အကြံပြုထားပါသည်။ လူထုအလုပ်ရုံ ဆွေးနွေးပွဲများတွင် အမျိုးသမီးထု ပါဝင်လာစေရေးကိစ္စသည် ပထမဦးစားပေးလုပ်ဆောင်ရမည့် ကိစ္စဖြစ်သည်။ အိမ်ရှင်အဖွဲ့ဖြစ်သည့် Humanity Institute နှင့် ပူးပေါင်းအကောင်အထည်ဖော်သော မဟာဗျူဟာမြောက် မြစ်ကြီးနားအလုပ်ရုံဆွေးနွေးပွဲတွင် သင့်လျော်သော အမျိုးသမီးများကို စီစစ်ရွေးချယ် တက်ရောက်စေခဲ့သည်။ အမျိုးသမီးထုသည် တက်ရောက်လာသူ စုစုပေါင်း၏ လေးဆယ်ရာခိုင်နှုန်းရှိပြီး အလုပ်ရုံဆွေးနွေးပွဲ၏ ရလဒ်အဖြစ်ရရှိခဲ့သည်။ မဟာဗျူဟာအရ တိုင်းရင်းသား နိုင်ငံရေးပါတီများအား ဖိတ်ကြားရာတွင် တစ်ပါတီစီမှ ကိုယ်စားလှယ်နှစ်ဦး တက်နိုင်သည့်အကြောင်း၊ ကိုယ်စားလှယ်နှစ်ဦး တက်ရောက်လျှင် တစ်ဦးက အမျိုးသမီးဖြစ်ရမည် ဖြစ်ကြောင်း၊ အမျိုးသမီး တက်ရောက်နိုင်ခြင်းမရှိလျှင် အမျိုးသားတစ်ဦး တက်ရောက်နိုင်ကြောင်း ဤသို့ဖြင့် ဖိတ်ကြားခဲ့သည်။ တုံ့ပြန်မှုအားဖြင့် တက်ရောက်လာသူ စုစုပေါင်း (၂၄) ဦးမှ အမျိုးသမီး (၇)ဦး (၂၉)ရာခိုင်နှုန်း တက်ရောက်ခဲ့ပါသည်။

တိုင်းရင်းသားလူထုများအကြား လူထုတွေ့ဆုံဆွေးနွေးပွဲများပြုလုပ်ပြီးနောက် အစောပိုင်းသုံးသပ်ချက်အရ ငြိမ်းချမ်းရေးဖော်ဆောင်မှုလုပ်ငန်းစဉ်၌ တက်ကြွစွာ ပါဝင်နိုင်မည့် အမျိုးသမီးများအတွက် စွမ်းဆောင်ရည်များ မြှင့်တင်ခြင်း သင်တန်းများ များစွာ ပြုလုပ်ပေးရန် လိုအပ်ကြောင်း အထူးသဖြင့် ဆက်သွယ်ဆောင်ရွက်ခြင်းနှင့် လူထုအစည်းအဝေးများပြုလုပ်ခြင်း စွမ်းရည်အားနည်းနေသည့်အမျိုးသမီးထုအတွက် ပြုလုပ်ပေးရန်လိုကြောင်း စသည်တို့ကို တွေ့ရှိရသည်။ ကျား၊ မရေးရာ (ဂျန်ဒါ) အကြောင်းအရာပေါ် အဓိပ္ပာယ်ကောက်လွဲနေကြသည့် EPRP အဖွဲ့ ကျား၊ မ ခွဲခြားဆက်ဆံခြင်း ပပျောက်ရေးဆိုင်ရာ အကြံပေးအရာရှိက လေ့လာတွေ့ရှိခဲ့သည်။ အဘယ်ကြောင့်ဆိုသော် ကျား၊ မရေးရာ (ဂျန်ဒါ) ဟူသော အင်္ဂလိပ်စကားလုံးသည် ဒေသတွင်း ဘာသာစကားသို့လည်းကောင်း၊ ဗမာဘာသာစကားသို့လည်းကောင်း အဓိပ္ပာယ်ပြန်ဆိုရန် ခက်ခဲသည့်အတွက် အမျိုးသမီးအခွင့်အရေးဟု အဓိပ္ပာယ်ကောက်လွဲနေကြသည်ကို တွေ့ရသည်။ ကျား၊ မရေးရာ (ဂျန်ဒါ) နှင့်ပတ်သက်၍ ကျား-မ မတူညီမှုအပေါ် အခြေပြုခွဲခြားဆက်ဆံခြင်း မရှိဘဲ တန်းတူအဆင့်အတန်းရရှိရေးနှင့် သာတူညီမျှရေးအတွက် ချဉ်းကပ်အဖြေရှာရန်စသည့် အတွေ့အကြုံကောင်းများကို စီမံကိန်းဖော်ဆောင်မှုမှ ရရှိခဲ့သည်။

၁၈ လကြာမည့် EPRP စီမံကိန်း၏ ဒုတိယခြေလှမ်းသည် ကျား-မ မတူညီမှုအပေါ် အခြေပြုခွဲခြားဆက်ဆံခြင်း ပပျောက်ရေး လုပ်ငန်းအပေါ် စူးစိုက်လုပ်ဆောင်ခြင်းနှင့် အတူ ဆက်ဆံရေးရုံးများအား ပံ့ပိုးကူညီခြင်း၊ ဆက်ဆံရေးရုံးများအတွက် အင်တာနက်လိုင်းများ ချိတ်ဆက်ပေးခြင်း၊

လူထုနှင့်တိုင်းရင်းသား အသင်းအဖွဲ့များကြား ဆက်ဆံရေး ပြေပြစ်စေခြင်းနှင့် တိုင်းရင်းသား ခေါင်းဆောင်မှုစွမ်းရည်များ ထိန်းသိမ်းမြှင့်တင်ခြင်း စသည်တို့ကို ဦးတည် လုပ်ဆောင်ပါသည်။ ငြိမ်းချမ်းရေး ဖော်ဆောင်မှု လုပ်ငန်းစဉ်အပေါ် ဝေဖန်ထောက်ပြနိုင်ရန်သော်လည်းကောင်း၊ ပြည်သူလူထုများ၏ ခံစားချက်များကို တုံ့ပြန်အဖြေပေးနှစ်သိမ့်နိုင်စေရန်သော်လည်းကောင်း၊ ပြည်သူလူထုများ၏ တောင်းဆိုချက်များ ခံစားချက်များကို နားထောင်ရန်အတွက်သော်လည်းကောင်း နားလည်မှုစွမ်းရည်သင်တန်းကို ဆက်ဆံရေးရုံးများအတွက် ရှေ့ဆက်ပြုလုပ်ပေးရန် EPRP က ကြိုးစားလျက်ရှိသည်။

## နှစ်ဦးနှစ်ဖက်ကြား အပစ်ခတ်ရပ်စဲရေး ကောင်းမွန်အောင်လုပ်ဆောင်သော ဆက်ဆံရေးရုံးများ (Ceasefire Liaison Offices)

စီမံကိန်းနယ်မြေ။ ။ ချင်းပြည်နယ်၊ ကရင်ပြည်နယ်၊ ကယား ပြည်နယ်၊ရှမ်းပြည်နယ်၊ မွန်ပြည်နယ်အတွင်းရှိ ဒေသများ၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီ တိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးအတွင်းရှိ ဒေသများ။

စီမံကိန်းကာလ။ ။ ဇွန်လ ၂၀၁၂ ခုနှစ်မှ ဒီဇင်ဘာလ ၂၀၁၂ခုနှစ် (ပထမစီမံချက်ကာလ)၊ ဇန်နဝါရီလမှ ဒီဇင်ဘာလ ၂၀၁၃ခုနှစ် (ဒုတိယစီမံချက်ကာလ)။

စီမံကိန်းမိတ်ဖက်အဖွဲ့များ။ ။ Euro-Burma Office

စီမံကိန်းရန်ပုံငွေ။ ။ ဒေါ်လာ ၄၈၇၅၀၀ (ပထမစီမံချက်ကာလ)၊ ဒေါ်လာ ၁၂၈၃၀၀၀ (ဒုတိယစီမံချက်ကာလ၊ ဖော်ပြပါ စုစုပေါင်း ပမာဏလိုအပ်)။

အလှူရှင်များ။ ။ နော်ဝေနိုင်ငံခြားရေး ဝန်ကြီးဌာန

MPSI ၏ ပံ့ပိုးအားဖြည့်မှုပမာဏ- အနည်းအကျဉ်း-**အလယ်အလတ်**။ ။ အလှူရှင်များနှင့် ဖြည့်ဆည်းအကောင်အထည်ဖော်မည့် မိတ်ဖက်အဖွဲ့များနှင့် ချိတ်ဆက်ပေးခြင်း။

- တိုင်းရင်းသားလက်နက်ကိုင်တပ်ဖွဲ့များ၏ ဆက်ဆံရေးရုံးများအား ဖွင့်လှစ်နိုင်ရန် ပံ့ပိုးကူညီခြင်းနှင့် အပစ်ခတ်ရပ်စဲရေး လုပ်ငန်းစဉ်အား ပံ့ပိုးကူညီနိုင်ရန်၊ ချဉ်းကပ်အဖြေရှာရန်၊ တာဝန်ဝတ္တရားများ စသည်တို့ကို နားလည်သဘောပေါက်ရန် ဆက်ဆံရေးရုံးတာဝန်ခံအရာရှိများအတွက် သင်တန်းပြုလုပ်ခြင်း။

### နိုင်ငံရေး အခင်းအကျင်း

တိုင်းရင်းသားလက်နက်ကိုင်တပ်ဖွဲ့များနှင့် နိုင်ငံတော်အစိုးရကြား အပစ်ခတ်ရပ်စဲရေး သဘောတူညီချက်တွင် ဆက်ဆံရေးရုံးများတည်ထောင်ဖွင့်လှစ်ထားရှိရန် အတိအလင်းဖော်ပြထားသည်။ မွန်ပြည်နယ်၊ ကရင်ပြည်နယ်၊ ကယားပြည်နယ်၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်အတွင်းရှိ ဒေသများ၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးအတွင်းရှိ ဒေသများ စသည့်ဒေသများတွင် ဆက်ဆံရေးရုံးပေါင်း ၃၁ နေရာအား တည်ထောင်ဖွင့်လှစ်နိုင်ရန် ယခုအချိန်တွင် တိုင်းရင်းသားလက်နက်ကိုင် တပ်ဖွဲ့များက ရုံးနေရာ ရှာဖွေလျက်ရှိသည်။ ငြိမ်းချမ်းရေးဖော်ဆောင်မှု လုပ်ငန်းစဉ်တိုးတက်ရေးနှင့် အပစ်ခတ်ရပ်စဲရေးလုပ်ငန်းဆောင်ရွက်နိုင်ရန် အပြုသဘောဆောင်သော တည်ဆောက်မှုများကို လက်ခံအသိအမှတ်ပြုသည်။ ငြိမ်းချမ်းရေးဖော်ဆောင်မှု လုပ်ငန်းစဉ်အတွင်း လူထုက ပိုမိုကျယ်ပြန့်စွာ ပူးပေါင်းပါဝင်လာစေရန် နည်းလမ်းရှာဖွေခြင်းနှင့် ဗမာတပ်မတော်စစ်ခေါင်းဆောင်များနှင့် နိုင်ငံတော်အစိုးရတို့က ဦးတည်အကောင်အထည်ဖော်နေသော အပစ်ခတ်ရပ်စဲရေး လုပ်ငန်းစဉ်၌ တိုင်းရင်းသားလက်နက်ကိုင်တပ်ဖွဲ့များ ပူးပေါင်းစေရန် ဆက်ဆံရေးရုံးများကို ဖွင့်လှစ်ရခြင်းဖြစ်သည်။ တိုင်းရင်းသားလက်နက်ကိုင်တပ်ဖွဲ့များကို ငြိမ်းချမ်းရေးဖော်ဆောင်မှုလုပ်ငန်းစဉ်တွင် ပါဝင်လာစေခြင်း၊ အလှူငွေများ ရှာဖွေခြင်းနှင့် နိုင်ငံရေးကူညီမှုများ စသည်တို့ကို MPSI က တာဝန်ယူဆောင်ရွက်ပါသည်။

### စီမံကိန်းဆောင်ရွက်ချက်များ

၂၀၁၂ ခုနှစ် ဇွန်လမှစ၍ အပစ်ခတ်ရပ်စဲရေးဆိုင်ရာ ဆက်ဆံရေးရုံးများဖွင့်လှစ်နိုင်ရန် အလှူငွေများကို Euro-Burma Officeမှ တစ်ဆင့် နော်ဝေနိုင်ငံက ထောက်ပံ့ခဲ့

သည်။ တိုင်းရင်းသား လက်နက်ကိုင်တပ်ဖွဲ့ ၇ ဖွဲ့ဖြစ်သော ALP, CNF, KNU, KNPP, NMSP, RCSS နှင့် SSPP တို့က ၎င်းတို့၏ ဆက်ဆံရေးရုံးများအတွက် ရုံးခန်းငှားရမ်းခြင်း၊ ဝန်ထမ်းခန့်အပ်ခြင်း၊ အသုံး အဆောင် ပစ္စည်းများ၊ ခရီးသွားလာရေး စရိတ်နှင့် ဆက်စပ်အသုံးပြု ရမည့် အသုံးစရိတ်များကို ရရှိလာသော အလှူငွေများ ထဲမှ ထောက်ပံ့ပေးနိုင်ခဲ့သည်။ ဆက်ဆံရေးရုံးများ အားလုံးအတွက် ဘဏ္ဍာရေးစီမံခန့်ခွဲမှုသင်တန်းကို ပြုလုပ် ပေးနိုင်ခဲ့သည့်အပြင် ဆက်ဆံရေးရုံးများကြား သတင်း အချက်အလက် အပြန်အလှန်ဝေမျှဖလှယ်ရေး ပုံမှန်ဖိုရမ် များကိုလည်း ပြုလုပ်ပေးနိုင်ခဲ့သည်။ ဆက်ဆံရေးရုံးများ ၏ အဓိကကျသော ဆက်စပ်အသုံးစရိတ်များကိုသာ EBO မှ ကျခံခဲ့သည်။ တချို့ တိုင်းရင်းသားလက်နက်ကိုင်တပ်ဖွဲ့ များက ၎င်းတို့၏ ဆက်ဆံရေးရုံး အသုံးစရိတ်များအတွက် ၎င်းတို့ပင် အကုန်အကျခံခဲ့သည်။

## စောင့်ကြည့်ထိန်းသိမ်းခြင်း၊ လေ့လာသင်ယူခြင်းနှင့် ပြန်လည် သုံးသပ်ခြင်း

ဒေသခံလူထုများက တိုင်ကြားလာသော လူ့အခွင့် အရေးချိုးဖောက်မှုဖြစ်ရပ်များနှင့် မြေယာသိမ်းဆည်းမှု ဖြစ်ရပ်များကို တချို့သော ဆက်ဆံရေးရုံးများက မှတ်တမ်း တင်ပြုစုခဲ့သည်။ ဤအကြောင်းခြင်းရာများကို တိတိကျကျ သိရှိနိုင်စေရန် ဥပဒေကြောင်းအားဖြင့်လည်းကောင်း၊ နိုင်ငံ ရေး နည်းလမ်းအားဖြင့်လည်းကောင်း ချဉ်းကပ်အဖြေရှာ ခဲ့သည်။ ဆက်ဆံရေးရုံးများ၏ အဓိကတာဝန်မှာ အထူး သဖြင့် ဗမာစစ်ကြောင်းများနှင့် ထိပ်တိုက်ရင်ဆိုင်မှုမဖြစ် စေရန် ရှောင်ရှားခြင်းဖြစ်သည်။ ထို့အပြင် ဆက်ဆံရေးရုံး သည် လူထုတွေ့ဆုံ ဆွေးနွေးပွဲများ (အထက်ပါပေးထား သော ဥပမာများ)၊ လူမှုအခြေပြုအသင်းအဖွဲ့ ခေါင်းဆောင် များ၊ နိုင်ငံရေးပါတီများ၊ နိုင်ငံတကာမှ လာရောက်ပါဝင် ဆွေးနွေးစေ့စပ်သူများ စသည်တို့ ပါဝင်သော အစည်း အဝေးများတွင် တက်ရောက်ခြင်း စသည့်လုပ်ငန်းများ လည်း ပါဝင်ပါသည်။

- ဆက်ဆံရေးရုံးများ တည်ထောင်ဖွင့်လှစ်ပြီးသည့် နောက်ပိုင်း MPSI သည် စွမ်းဆောင်ချက်များစွာကို ပြီး မြောက်နိုင်ခဲ့သည်။ ဆက်ဆံရေးရုံးများသည် EPRP၏ အခြေခံကျသော ဦးတည်အုပ်စုဖြစ်သည်သာမက စွမ်းဆောင်ရည်တည်ဆောက်ခြင်း လုပ်ငန်းစဉ်များ၏ အစိတ်အပိုင်းလည်း တချို့ဖြစ်ပြီး အချို့သော ဆက်ဆံရေး ရုံးများအတွက် အင်တာနက်လိုင်းများ ချိတ်ဆက်တပ်ဆင် ပေးခြင်းကိုလည်း လုပ်ဆောင်ခဲ့သည်။ ၂၀၁၃ ခုနှစ် မေလ အတွင်းတွင် နော်ဝေနိုင်ငံ အထက်တန်း အရာရှိကြီးများ က မွန်ပြည်နယ်ရှိ ဒေသများနှင့် ကရင်ပြည်နယ်ရှိ ဒေသများသို့ အလည်အပတ်ရောက်ရှိလာသော ဖြစ်ရပ် များကဲ့သို့ နိုင်ငံတကာမှ လာရောက်သော သက်ဆိုင်ရာ အရာရှိများ၊ လူမှုအခြေပြု အသင်းအဖွဲ့များ၊ အစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင် တပ်ဖွဲ့များအကြား MPSIက ပံ့ပိုးဆောင်ရွက်သော အစည်းအဝေးများ ပြုလုပ်နိုင်သော ဖိုရမ်တစ်ခုဖြစ်ရန် ဆက်ဆံရေးရုံးများက စီစဉ်ဆောင်ရွက် ပေးရသည်။ ငြိမ်းချမ်းရေးကို ခြိမ်းခြောက်သော အတား ဆီးများ ဖယ်ရှားခြင်း ကဲ့သို့သော၊ MPSI ၏ စီမံကိန်းများ ကို အထောက်အကူပြုခြင်းကဲ့သို့သော ဆက်သွယ်ရေး လမ်းကြောင်းများစွာကို ဆက်ဆံရေးရုံးများက ပိုမို ကျယ်ပြန့်စွာ ဖန်တီးပေးနိုင်ခဲ့သည်။ ဥပမာအားဖြင့် ကျောက်ကြီးစီမံကိန်းတွင်၊ စီမံကိန်းအနား ရန်လိုခြိမ်း ခြောက်မှုများ မြင့်တက်လာနေခြင်းကို ဖယ်ရှားရန် သက်ဆိုင်ရာအာဏာပိုင်များမှတစ်ဆင့် MPSIက တုံ့ပြန် ဆောင်ရွက် ခြင်းအားဖြင့် စီမံကိန်းအကျိုးခံစားရသူများ တွေ့ကြုံနေရသော လုံခြုံရေးခြိမ်းခြောက်နေမှုများကို ဆက်ဆံရေးရုံးများက ကာကွယ်ပေးနိုင်ခဲ့သည်။

ထိပ်တိုက်ရင်ဆိုင်မှု မဖြစ်ပေါ်စေနိုင်သည့် နားလည်မှု လွဲမှားခြင်းများနှင့် ဒေသတွင်း တင်းမာမှုများကို အကောင်း ဆုံးလုပ်ဆောင်ခြင်းအားဖြင့် တိတိကျကျ ခွဲခြားသတ်မှတ်ပြီး ပြဿနာဖြစ်ပွားခြင်း မရှိစေရန် ဆက်ဆံရေးရုံးများက လိမ္မာပါးနပ်စွာ ကိုင်တွယ်နိုင်ခဲ့သည်။ ဥပမာအားဖြင့် ပဲခူး အရှေ့ဘက်၊ ဗမာစစ်တပ်မှ စစ်ကားတစ်စီးသည် ကားလမ်း ထောင်မိုင်းနင်းမိခြင်းကြောင့် စစ်သားလေးဦး သေဆုံးခဲ့ သော အဖြစ်အပျက်တွင် နားလည်မှု လွဲမှားစေနိုင်သော အခြေအနေတစ်ခုမှ ကေအန်ယူ ဆက်ဆံရေးရုံးသည် ချက်ချင်းတုံ့ပြန် ဖြေရှင်းနိုင်ခဲ့ပြီး ဗမာတပ်မတော်နှင့်လည်း ဆက်သွယ်ပူးပေါင်းဆောက်ရွက်မှုပြုနိုင်ခဲ့သည်။ တရား ဥပဒေစိုးမိုးရေးနှင့် အမျိုးသားလုံခြုံရေး ကဏ္ဍကိုလည်း ဆက်ဆံရေးရုံးများက ထောက်ခံပါသည်။ အခြားသက်သေ သာဓကပြရလျှင် ၂၀၁၂ နှစ်လယ်ပိုင်း၌ KNU အဖွဲ့သည် ကျောက်ကြီးအနီးတွင် သူခိုးတချို့ကို ဖမ်းဆီးခဲ့ပြီး ၎င်းတို့

ကိုယ်တိုင် တရားစီရင်ခြင်း မပြုဘဲ သက်ဆိုင်ရာ မြန်မာအစိုးရ အာဏာပိုင်များ လက်သို့ အပ်နှင်းခဲ့သည်။ နိုင်ငံတကာ အသိုင်းအဝိုင်း၊ တိုင်းရင်းသားလက်နက်ကိုင် တပ်ဖွဲ့များ၊ နိုင်ငံတော်အစိုးရနှင့် လူမှုအခြေပြု အသင်းအဖွဲ့များကြား တွေ့ဆုံဆွေးနွေးမှုများ ဖြစ်ပေါ်လာစေရန်လည်း အပစ်အခတ်ရပ်စဲရေး ဆက်ဆံရေးရုံးများက စီစဉ်ဆောင်ရွက်ခဲ့သည်။ ဥဒ္ဓန်းရလျှင် ၂၀၁၃မေလ အတွင်းတွင် နော်ဝေနိုင်ငံမှ အထက်တန်းအရာရှိများက နိုင်ငံတော်အစိုးရ၊ မွန်ပြည်နယ်အစိုးရ၊ မွန်ပြည်သစ်ပါတီနှင့် မွန်လူမှုအသင်းအဖွဲ့ ကိုယ်စားလှယ်များကို မော်လမြိုင်ဆက်ဆံရေးရုံး၌ တွေ့ဆုံနိုင်ရန် စီစဉ်ဆောင်ရွက်ပေးခဲ့သည်။ တရားဝင်အပစ်ခတ်ရပ်စဲရေး ဆွေးနွေးညှိနှိုင်းပြီးနောက် တိုင်းရင်းသားများအတွက် ပညာရေးကဏ္ဍ၊ မြေယာသိမ်းဆည်းခြင်းကိစ္စ စသည့်ခေါင်းစဉ်များ ပါဝင်သော ပထမအကြိမ် နိုင်ငံရေးပါတီများကြား ချစ်ကြည်ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးပွဲကိုလည်း ပြုလုပ်နိုင်ခဲ့ပါသည်။

- ၂၀၁၃ ခုနှစ်တွင်း UNHCR အရှေ့တောင် ဆွေးနွေးညှိနှိုင်းတိုင်ပင်မှု အစည်းအဝေး တော်တော်များများတွင် NRC က အပစ်အခတ်ရပ်စဲရေး ဆက်ဆံရေးရုံးများ တည်ဆောက်ခြင်းသည် သက်သေခံကတ်ပြား လုပ်ဆောင်သည့် အစီအစဉ်၊ အနက်ရောင်နယ်မြေ (တိုင်းရင်းသားလက်နက်ကိုင်တပ်ဖွဲ့များသာ အုပ်ချုပ်သော မြေနေရာပိုင်နက်)တွင်း ဝင်ရောက်ရန် ပံ့ပိုးကူညီပေးခြင်းတို့အတွက် အပြင် NRC ဝန်ထမ်းများ သည် လူဝင်မှုကြီးကြပ်ရေးဝန်ကြီးဌာနနှင့် သက်သေခံကတ်ပြား အစီအစဉ်ကို အကောင်အထည်ဖော်ရန် ထိုနယ်မြေများသို့ သွားရောက်ရန် အသုံးဝင်မည့် အကြောင်းရာဖြစ်ကြောင်း ပြောကြားသည်။ ဘားအံရှိ NRC ရုံးတွင် KNU, NMSP နှင့် DKBA တို့ထံမှ ထိုအစီအစဉ်ကို နယ်မြေတိတိကျကျသို့ ဝန်ဆောင်ပေးရန် တောင်းခံလွှာများ အကြိမ်များများ လက်ခံရရှိခဲ့သည်။ ထိုတောင်းခံလွှာများကို လူဝင်မှုကြီးကြပ်ရေး ဝန်ကြီးဌာနသို့ ပို့ဆောင်ပေးကာ ညှိနှိုင်းသဘောတူထားသော နယ်မြေများ၏ အပစ်အခတ်ရပ်စဲရေး ဆက်ဆံရေးရုံးများသို့ ဝန်ထမ်းများကို ခေါ်ဆောင်သွားသည်။ ဤဖြစ်စဉ်သည် ကရင်ပြည်နယ်တွင် အခက်အခဲမရှိဘဲ သက်သေခံကတ်ပြား စီမံကိန်းကို လုပ်ဆောင်နိုင်ခဲ့သည်။

- အထောက်အပံ့ရရှိထားသော ဆက်ဆံရေးရုံးများကြား လစဉ်အစည်းအဝေးပြုလုပ်နိုင်ရန် PDSG အတွင်းရေးမျိုးက ကြားဝင်ဆက်သွယ်ဆောင်ရွက်ခဲ့သည်။ ၂၀၁၃ အောက်တိုဘာလအတွင်း လုပ်ငန်းများကို အဓိက ပါဝင်အကောင်ထည်ဖော်သည့် အဖွဲ့အစည်းများမှာ EBO, EPRP, ILO, MPA နှင့် CPCS တို့ဖြစ်သည်။

- ဆက်ဆံရေးရုံးများအတွက် ပြင်ပမှ ရေရှည်အကူအညီရရှိရေးကိစ္စသည် အဓိကအကြောင်းရင်း ဖြစ်နေသည်။ ပြင်ပမှ အကူအညီများ ရရှိခြင်းမရှိလျှင် အခက်အခဲများစွာ ဖြစ်ပေါ်လာနိုင်ပါသည်။ တိုင်းရင်းသားလက်နက်ကိုင် တပ်ဖွဲ့များက ၎င်းတို့၏ ဆက်ဆံရေးရုံးရပ်တည်နိုင်ရန် ကြိုးစားနေခြင်းသည် ဆက်ဆံရေးရုံးများ၏ တည်ဆောက်ခြင်းသည်လည်း ၎င်းတို့၏ နိုင်ငံရေးရပ်တည်ချက်ကို တိမ်းပါးသွားစေနိုင်ပါသည်။

- ၂၀၁၃ နိုဝင်ဘာလ အစီရင်ခံစာအရ ဆက်ဆံရေးရုံးများ၏ ၂၀၁၄ ခုနှစ် ဘတ်ဂျက်ရရှိရန် သေချာရေရာမှု မရှိသေးပါ။ အချို့ဒေသတွင်းနှင့် ကချင်ပြည်နယ်တွင်းတွင် တည်ထောင်ဖွင့်လှစ်ရန် လိုအပ်လာမည့် ဆက်ဆံရေးရုံးများ အပါအဝင် ရုံးပေါင်း ၅၀ကျော်ကို ထောက်ပံ့နိုင်ရန် ဒေါ်လာ ၂.၅ သန်း လိုအပ်ပါလိမ့်မည်။ အကယ်၍ ကူညီထောက်ပံ့မှုရရှိလျှင် လူထုနှင့် လူမှုအသင်းအဖွဲ့များ အကြား စေ့စပ်ဆွေးနွေးရန် ဆက်ဆံရေးရုံးများသည် ပိုမိုတက်ကြွသော ဇာတ်ဆောင်တစ်ဦးကဲ့သို့ ဖြစ်လာပေလိမ့်မည်။ ထို့နောက် နိုင်ငံရေးဖြစ်စဉ် တိုးတက်ပြောင်းလဲမှု သတင်းအချက်အလက်များ ဖြန့်ဖြူးခြင်း လူထုတွေ့ဆုံဆွေးနွေးပွဲများတွင် ဆွေးနွေးနိုင်ရန် လူထုများ၏ ဝေဖန်အကြံပေးချက်များကိုလည်း စုစည်းနိုင်ပါလိမ့်မည်။ ပြီးနောက် ဆက်ဆံရေးရုံးများ၏ အခန်းကဏ္ဍသည် အချင်းချင်းကြား ယုံကြည်မှုနည်းပါးနေသေးသည့်အချိန်၌ အပစ်ခတ်ရပ်စဲရေး သဘောတူညီချက်ကို ပိုမိုခိုင်မာတောင့်တင်းစေရန် လုပ်ဆောင်ခြင်းကိုသော်လည်းကောင်း အကဲခတ်စောင့်ကြည့်လေ့လာခြင်းများကိုသော်လည်းကောင်း တာဝန်ယူ ဆောင်ရွက်ပါသည်။

## ရှမ်း မီဒီယာသင်တန်း

စီမံကိန်းနယ်မြေ။ ။ တောင်ကြီးမြို့ ရှမ်းပြည်နယ်။

စီမံကိန်းကာလ။ ။ ဇွန်လ ၂၀၁၃ ခုနှစ်မှ မေလ ၂၀၁၄ ခုနှစ်။

စီမံကိန်းတွင်း မိတ်ဖက်အဖွဲ့များ။ ။ RCSS ငြိမ်းချမ်းရေး ဖော်ဆောင်မှုကော်မတီ

စီမံကိန်းရန်ပုံငွေ။ ။ ဒေါ်လာ ၃၇၃၃၉

အလှူရှင်များ။ ။ နော်ဝေနိုင်ငံခြားရေးဝန်ကြီးဌာန NIS မှတစ်ဆင့်

MPSI၏ ပံ့ပိုးအားဖြည့်မှုပမာဏ- **အလယ်အလတ်**။ ။ အထောက်အပံ့ ပေးသူများဘက်မှ လိုလားသော လုပ်ဆောင်ချက်များနှင့် ငွေကြေးသုံးစွဲမှုများအတိုင်း လုပ်ကိုင်အသုံးပြုရန် ဒေသခံပူးပေါင်း လုပ်ကိုင်သူများကို ဝိုင်းဝန်းကူညီခြင်းနှင့် အလှူရှင်များနှင့် ဖြည့်ဆည်းလုပ်ဆောင်မည့် ပူးပေါင်းလုပ်ကိုင်သူများနှင့် ချိတ်ဆက်ပေးခြင်း။

- ရှမ်းပြည်နယ်မြို့နယ်များမှ ဒေသခံပြည်သူများအတွက် အခြေခံမီဒီယာ သင်တန်းများကို ပြုလုပ်ခြင်း။

## နိုင်ငံရေး အခင်းအကျင်း

အစိုးရကိုယ်စားလှယ်များနှင့် အဖြစ်သဘော တွေ့ဆုံမှုပြုပြီးနောက် RCSS နှင့် အစိုးရကြား အပစ်ခတ်ရပ်စဲရေး သဘောတူညီချက်ကို ၂၀၁၁ ခုနှစ် ဒီဇင်ဘာလ ၂ ရက်နေ့တွင် လက်မှတ်ထိုးခဲ့သည်။ သို့သော် ထိပ်တိုက်ရင်ဆိုင်တိုက်ပွဲများ အကြိမ်ပေါင်းများစွာ ဖြစ်ပွားနေဆဲပင်ဖြစ်သည်။ ရှမ်းပြည်တွင်းရှိ သတင်းများအားလုံးနီးပါး (တောင်ကြီးတွင် ပုံနှိပ်သော ပြည်တွင်းထုတ် ဂျာနယ်တစ်စောင် (အစိုးရနှင့် မကင်း)မှ လွဲ၍) သည် ရှမ်းပြည်၏ ပြင်ပမှ ဝင်လာခြင်းသာဖြစ်ပြီး တရားဝင် အပစ်ခတ်ရပ်စဲရေး ဆွေးနွေးညှိနှိုင်းပြီးနောက် အချိန်နှင့် တပြေးညီ ယုံကြည်စိတ်ချရသော သတင်းများကို ပြည်သူလူထုအား အသိပေးနိုင်ရန်အတွက် ဆောင်ရွက်နိုင်မည့် နည်းလမ်းများကို RCSSက ထောက်ပြခဲ့သည်။

ရှမ်းပြည်မြို့နယ်များ အားလုံးရှိ ကိုယ်စားလှယ်များအကြား ကွန်ရက်တစ်ခုတည်ဆောက်မည့် အစီအစဉ်အတွက် RCSS ငြိမ်းချမ်းရေး ဖော်ဆောင်မှုကော်မတီနှင့် ပူးပေါင်းဆောင်ရွက်ပြီး မီဒီယာ အသင်းအဖွဲ့များစွာ၏ ပံ့ပိုးမှုများဖြင့် အခြေခံမီဒီယာသင်တန်းများစွာကို အကောင်အထည်ဖော်ရန် လိုအပ်သော ငွေကြေးဆိုင်ရာကိစ္စကို MPSI က တာဝန်ယူဆောင်ရွက်ပါသည်။ ပြည်သူများကို စည်းရုံးလှုံ့ဆော်ပြီး ယုံကြည်စိတ်ချသော သတင်းအချက်အလက်များကို စုစည်းရယူရန်နှင့် ပြည်သူများကြား ဖြန့်ဝေပေးရန်တို့ကို မီဒီယာသင်တန်းတက်ရောက်ပြီးသူများ ဦးတည်လုပ်ဆောင်ပါမည်။ ပြည်သူလူထုမှ တက်ကြွစွာပါဝင်လာပြီး သက်ဆိုင်သူအဖွဲ့အစည်းများ (လူမှုအခြေပြု အသင်းအဖွဲ့နှင့် နိုင်ငံရေးပါတီများ)လည်း ပါဝင်သော စေ့စပ်ညှိနှိုင်းရေးလုပ်ငန်းစဉ်သည် ငြိမ်းချမ်းရေးဖော်ဆောင်မှုလုပ်ငန်းစဉ်အတွက် နမူနာကောင်းတစ်ခု ဖြစ်စေခဲ့သည်။

## စီမံကိန်းဆောင်ရွက်ချက်များ

ရှမ်းပြည်တွင်းရှိ မြို့နယ်များစွာ၌ ပြည်သူများအတွက် အခြေခံမီဒီယာသင်တန်း (ရက်နှစ်ဆယ်ကြာသင်တန်း ၃ ကြိမ်၊ သင်တန်း ၁ ကြိမ်ပြီးတိုင်း ၃ လနား) များစွာကို အကောင်အထည်ဖော်မည်ဖြစ်သည်။

ရက်နှစ်ဆယ်ကြာသော အဆင့်မြင့် မီဒီယာသင်တန်းကို အခြေခံမီဒီယာသင်တန်းများ တက်ရောက်ပြီးသူများထဲမှ ပြန်လည်ရွေးချယ်ခံရသော သင်တန်းသားများက ထပ်မံတက်ရောက်ရမည်ဖြစ်သည်။ RCSS မီဒီယာသင်တန်းစင်တာအတွက် ကွန်ပျူတာများ၊ ပရင်တာများ၊ စကင်နာများ၊ ပရိုဂျက်တာများ၊ ဓာတ်ပုံကင်မရာများနှင့် ဗွီဒီယိုကင်မရာများကို စီမံကိန်းမှ တပ်ဆင်ပေးမည် ဖြစ်ပါသည်။

ပထမအကြိမ်သင်တန်းကို ၂၀၁၃ ဇူလိုင်လ ၁၁ ရက်နေ့ မှ ၃၀ရက်နေ့အထိ၊ တက်ရောက်သူပေါင်း ၂၅ ဦး (ကျား ၁၄၊ မ ၁၁) ဖြင့်ပြုလုပ်ခဲ့သည်။ RCSS တောင်ကြီးဆက်ဆံရေးရုံးဝန်ထမ်းနှစ်ဦးမှ လေ့လာသူ

အဖြစ် တက်ရောက်ခဲ့သည်။ ကွန်ပျူတာနှင့် အင်တာနက်၊ ဗွီဒီယိုပစ္စည်းများ ကိုင်တွယ်အသုံးပြုခြင်း၊ မီဒီယာသုံး အရေးအသားများနှင့် နိုင်ငံသား ဂျာနယ်လစ်ဇင် စသည့် အကြောင်းအရာများကို သင်တန်းသူ၊ သားများက သင်ယူ ကြရသည်။ သင်တန်းဆရာများထဲမှ တစ်ဦးမှာ ဆက်ဆံ ရေးနှင့် နိုင်ငံတကာ ဂျာနယ် လစ်ဇင် ဝိဇ္ဇာဘွဲ့ (Hong Kong Baptist University) ရရှိထားသောသူဖြစ်ပြီး ကျန်သည့် သင်တန်းဆရာများမှာ ချင်းမိုင်အခြေစိုက် Youth Power Mediaမှ ဖြစ်ပါသည်။

ဒုတိယအကြိမ်သင်တန်းကို တက်ရောက်သူသင်တန်း သား စုစုပေါင်း ၃၀ (မ ၁၂၊ ကျား ၁၈)ဦးဖြြင့် စက်တင် ဘာလ ၂ရက်နေ့ မှ ၂၁ ရက်နေ့ထိ ပြုလုပ်ခဲ့သည်။ ဤအကြိမ်တွင် ပြုလုပ်သော သင်တန်းတွင် ရုပ်ရှင်ရိုက်ကူး ထုတ်လုပ်ခြင်း (သတင်းရိုက်ကူးခြင်းနှင့် တည်းဖြတ်ခြင်း) ဘာသာရပ်ကို ချင်းမိုင်းအခြေစိုက် Tai Freedom Media အဖွဲ့မှ အတွေ့အကြုံ ရင့်ကျက်သော သတင်း သမားများက လာ ရောက်သင်ကြားပေးခဲ့သည်။ တတိယ အကြိမ် သင်တန်းအား ၂၀၁၃ ခုနှစ် ဒီဇင်ဘာလတွင် ပြုလုပ်ရန် စီစဉ်ထားပါသည်။

## KNU ပြည်နယ်နိုင်ငံရေးနှင့် မဟာဗျူဟာကျကျ စဉ်းစားခြင်း အလုပ်ရုံဆွေးနွေးပွဲ

စီမံကိန်းနယ်မြေ။ ။ သုံးရက်ကြာ အလုပ်ရုံဆွေးနွေးပွဲ နှစ်ကြိမ်၊ ပဲခူးတိုင်းဒေသကြီး

စီမံကိန်းကာလ။ ။ စက်တင်ဘာလ ၂၀၁၃ ခုနှစ်မှ အောက်တိုဘာလ ၂၀၁၃ ခုနှစ်။

စီမံကိန်းမိတ်ဖက်အဖွဲ့များ။ ။ Karen Strategic Studies Group

စီမံကိန်းရန်ပုံငွေ။ ။ ဒေါ်လာ ၁၁၁၀၀

အလှူရှင်များ။ ။ နော်ဝေနိုင်ငံခြားရေးဝန်ကြီးဌာန (NIS မှတစ်ဆင့်)

MPSI ၏ ပံ့ပိုးအားဖြည့်မှု ပမာဏ- **မြင့်မား။** ။ဆွေးနွေး ညှိနှိုင်းတိုင်ပင်မှုကို ပံ့ပိုးကူညီမှု တိုက်ရိုက်ပေးခြင်းနှင့် အလှူရှင်များနှင့် ဖြည့်ဆည်းလုပ်ဆောင်မည့် ပူးပေါင်း လုပ်ကိုင်သူများနှင့် ချိတ်ဆက်ပေးခြင်း။

- KNU/KNLA တပ်မဟာ ၃ နှင့် တပ်မဟာ ၆ မှ ဗျူဟာမှူးအဆင့်ခေါင်းဆောင်များအတွက် "ပါဝါ- စွမ်းအားအကြောင်း တွေးတောခြင်း" ဟူသော ခေါင်းစဉ်နှင့် "မဟာဗျူဟာ မြောက်စဉ်းစားခြင်း မိတ်ဆက်နှင့် စီစဉ်ခြင်း အဖွင့်မိတ်ဆက်" ဟူသော ခေါင်းစဉ်များဖြင့် အလုပ်ရုံဆွေးနွေးပွဲ ၂ ကြိမ် ပြုလုပ် ခြင်း။ Karen Destrict Information Sharing and Planning for Community Development အစည်းအဝေးမှ ဤစီမံကိန်း ဖြစ်ပေါ်လာခြင်းဖြစ် သည်။

အလုပ်ရုံဆွေးနွေးပွဲသည် တက်ရောက်လာသူများ (ကရင် လူမှုအခြေပြုအသင်းအဖွဲ့များမှ အဖွဲ့ဝင်များ အပါအဝင်) က ငြိမ်းချမ်းရေးဖော်ဆောင်မှုလုပ်ငန်း၊ အပစ်ခတ်ရပ်စဲရေးလုပ်ငန်းစဉ်များ အကြောင်းများနှင့် ပတ်သက်သော အကြောင်းအရာများ၊ မသိရှိရကြောင်းကို ချစ်ခင်ရင်းနှီး ပွင့်လင်းစွာ ပြောဆိုဆွေးနွေးနိုင်ခဲ့သည့် အတွက် လွန်စွာအကျိုးများစေခဲ့သည်။ အစီအစဉ်က နိုင်ငံရေးနှင့် ဖြစ်စဉ်များ လေ့လာဆန်းစစ်မှု မဟာဗျူဟာ မြောက်စဉ်းစားခြင်း မိတ်ဆက်ဟူသောခေါင်းစဉ်အပေါ် အာရုံစူးစိုက်လုပ်ဆောင်ခဲ့သည်။ KNU ၏ ငြိမ်းချမ်းရေး ဖော်ဆောင်မှုကော်မတီ၏ အဓိကအကြံပေး ပုဂ္ဂိုလ်ဖြစ် သော စောထူးထူးဝါးမှ ဤခေါင်းစဉ်ဖြင့် ရှင်းလင်းတင်ပြ ခြင်းဖြစ်သည်။ နောက်ဆုံး ကောက်ချက်အရ ပြည်သူများ က ငြိမ်းချမ်းရေးဖော်ဆောင်မှုနှင့် လူမှုအခြေပြု အသင်း အဖွဲ့များ ကျယ်ပြန့်စွာ ပူးပေါင်းဆောင်ရွက်ခြင်း များစွာ ဆောင်ရွက်ရန် လိုအပ်ကြောင်း တွေ့ရှိရသည်။ ဒုတိယ အကြိမ်အလုပ်ရုံဆွေးနွေးပွဲကို အောက်တိုဘာလတွင် ကျင်းပရန် စီစဉ်ထားသော်လည်း KNUအနေဖြင့် တစ်နိုင်ငံ လုံး အတိုင်းအတာ အပစ်ခတ်ရပ်စဲရေးတွေ့ဆုံ ဆွေးနွေးပွဲ များ ဖြစ်ပေါ်ရေးကို ပါဝင် ဦးဆောင်နေသောကြောင့် ရွှေ့ဆိုင်းခဲ့ရသည်။

## KNU ၏ စီးပွားရေးမူဝါဒ အလုပ်ရုံဆွေးနွေးပွဲ (KNU Economic Policy Workshops)

စီမံကိန်းနယ်မြေ။ ။ မဲဆောက်မြို့တွင် အလုပ်ရုံ ဆွေးနွေးပွဲများ ကျင်းပခြင်း

စီမံကိန်းကာလ။ ။ ၃၀ရက်နေ့ အောက်တိုဘာလ ၂၀၁၃ ခုနှစ်မှ ၁ ရက်နေ့ နိုဝင်ဘာလ ၂၀၁၃၊ ၉ ရက်နေ့မှ ၁၀ ရက်နေ့ထိ ဒီဇင်ဘာလ ၂၀၁၃ ခုနှစ်။

စီမံကိန်းမိတ်ဖက်အဖွဲ့များ။ ။ Karen Strategic Studies Group

စီမံကိန်းရန်ပုံငွေ။ ။ ဒေါ်လာ ၁၃၀၀၀

အလှူရှင်များ။ ။ နော်ဝေနိုင်ငံခြားရေးဝန်ကြီးဌာန FID ၏ အကူအညီရယူလျက် NIS မှ တစ်ဆင့်

MPSI ၏ သွင်းအားစု အများအပြား အတိုင်းအတာ။ ။ ဆွေးနွေးညှိနှိုင်းတိုင်ပင်မှုကို ပံ့ပိုးကူညီမှု တိုက်ရိုက်ပေးခြင်းနှင့် အလှူရှင်များနှင့် ဖြည့်ဆည်းလုပ်ဆောင်မည့် ပူးပေါင်းလုပ်ကိုင်သူများနှင့် ချိတ်ဆက်ပေးခြင်း။

- မြန်မာနိုင်ငံ၏ လက်ရှိစီးပွားရေးလုပ်ငန်းဝန်းကျင်နှင့် နိုင်ငံစီးပွားရေး အနေအထားအပေါ် KNU ခေါင်းဆောင်များကိုယ်တိုင် လေ့လာသုံးသပ်မှုပြုစေခြင်း၊ ထို့နောက် KNU မှ ရေးဆွဲမည့် စီးပွားရေး မူဝါဒ အခင်းအကျင်းတွင် အနာဂတ်ကာလ စီးပွားရေးဆိုင်ရာ ဆုံးဖြတ်ချက်များ ချမှတ်ရာ၌ ဖြစ်လာနိုင်သော ကွဲပြားသည့် ရွေးချယ်နိုင်ခွင့်များအကြောင်း ရှင်းလင်းတင်ပြခြင်း။

KNU စီးပွားရေး မူဝါဒနှင့်ဆိုင်သော နှစ်ရက်ကြာ အလုပ်ရုံ ဆွေးနွေးပွဲ ၂ ကြိမ်ပြုလုပ်နိုင်ရန်အတွက် MPSI မှ ပံ့ပိုးကူညီခဲ့သည်။ KNU မှ ရေးဆွဲမည့် စီးပွားရေး မူဝါဒ အခင်းအကျင်းနှင့် ပတ်သက်၍ စီးပွားရေးအကြောင်းတရာများဆိုင်ရာ သတင်းအချက်အလက်နှင့် ငြိမ်းချမ်းရေးသို့ ဦးတည်သော စီးပွားရေးလုပ်ငန်းများ တည်ထောင်ခြင်း စသည့် ခေါင်းစဉ်များဖြင့် KNU ခေါင်းဆောင်ပိုင်းများက ထိုအလုပ်ရုံဆွေးနွေးပွဲတွင် ဆွေးနွေးတင်ပြခဲ့သည်။

## NMSP ၏ မြေမြှုပ်မိုင်းနှင့် ပတ်သက်၍ နည်းပညာရပ်ပိုင်းဆိုင်ရာ မဟုတ်သော သာမန်စစ်တမ်းကောက်ယူခြင်း (စမ်းသပ် စီမံကိန်း) (NMSP Non-technical survey of landmines)

စီမံကိန်းနယ်မြေ။ ။ ရေးမြို့နယ်အတွင်းရှိ ၈ ရွာ၊ မွန်ပြည်နယ်

စီမံကိန်းကာလ။ ။ ဒီဇင်ဘာလ ၂၀၁၃ ခုနှစ်မှ ဖေဖော်ဝါရီလ ၂၀၁၄ ခုနှစ်။

စီမံကိန်းမိတ်ဖက်အဖွဲ့များ။ ။ NPA Mine Action

စီမံကိန်းရန်ပုံငွေ။ ။ ဒေါ်လာ ၂၅၀၀၀ (ညွှန်းဆိုထားသော ပမာဏအတိုင်းလိုအပ်)

အလှူရှင်များ။ ။ နော်ဝေနိုင်ငံခြားရေးဝန်ကြီးဌာန။

MPSI ၏ ပံ့ပိုးအားဖြည့်မှုပမာဏ – အနည်းအကျဉ်း-**အလယ်အလတ်**။ ။ ဆွေးနွေးညှိနှိုင်းတိုင်ပင်မှုကို ပံ့ပိုးကူညီမှု တိုက်ရိုက်ပေးခြင်း။

- မွန်ပြည်နယ်၊ ရေးမြို့နယ် ဧရိယာအတွင်း နည်းပညာရပ်ပိုင်းဆိုင်ရာ မဟုတ်သော သာမန်စစ်တမ်းကောက်ယူခြင်းကို NPA က အကောင်အထည် ဖော်ခဲ့သည်။ ကွင်းဆင်းလေ့လာခြင်းကို စီမံကိန်း နယ်မြေအတွင်းရှိ မြေမြှုပ်မိုင်း ပြဿနာအတိုင်းအတာ ကိုသိရှိရန် NMSP နှင့် လက်တွဲဆောင်ရွက် လေ့လာဆန်းစစ်ခဲ့သည်။ စမ်းသပ်စီမံကိန်းဖြစ်သည့် အလျောက် နိုင်ငံအဆင့် မြန်မာရှိ မြေမြှုပ်မိုင်း လုပ်ဆောင်ချက်ကို စမ်းသပ်သည့်အနေနှင့်သာ လုပ်ဆောင်ခဲ့ပြီး ယခုတွင် မြန်မာအစိုးရ၏ ခွင့်ပြုချက်ကို စောင့်ဆိုင်းလျက်ရှိသည်။

## နိုင်ငံရေး အခင်းအကျင်း

မြန်မာနိုင်ငံသည် ကမ္ဘာပေါ်တွင် မြေမြှုပ်မိုင်းပြဿနာ ကြီးမားစွာ ရှိနေသော နိုင်ငံတစ်ခုဖြစ်သည်။ သို့သော် ယင်းပြဿနာသည် မည်မျှ အတိုင်းအတာအထိရှိသည့် မည်သူတစ်ဦးတစ်ယောက်မျှ အတိအကျသိရှိခြင်း မရှိပါ။ ဖယ်ရှားခြင်း မပြုရသေးသည့် မြေမြှုပ်မိုင်းများသည် ဒေသခံ ပြည်သူ ၅ သန်းကျော်နီးပါး၏ အသက်အိုးအိမ်စည်းစိမ်များ၊ အသက်မွေးဝမ်းကျောင်းများကို အန္တရာယ်ဖြစ်စေနိုင်သည့် အပြင် စစ်ဘေးသင့် ဒုက္ခသည်များက နေရပ်ဇာတိတွင် အခြေအနေပေးခဲ့လျှင် ပြန်လည် အခြေချနေထိုင်ခြင်း ရပ်ရွာ ပြန်လည်ထူထောင်ခြင်းနှင့် လူမှုအဆောက်အဦများ ပြန်လည်တည်ဆောက်ခြင်း စသည့်လုပ်ငန်းများအတွက် များစွာ အခက်အခဲဖြစ်စေလိမ့်မည်ဟု ခန့်မှန်းထားသည်။ မြေမြှုပ်မိုင်းများ ဖယ်ရှားရေးသည် ဖြေရှင်းရမည့် ကိစ္စတစ်ခု ဖြစ်ပြီး အပစ်ခတ်ရပ်စဲရေးလုပ်ငန်းစဉ်၌လည်း သဘော တူညီချက်မူဘောင်တစ်ခုအဖြစ် ထည့်သွင်းထားခဲ့သည်။

အစိုးရနှင့် ငြိမ်းချမ်းရေး တွေ့ဆုံဆွေးနွေးပွဲများ ပြုလုပ်ပြီးသည့်နောက် NMSP က မြေမြှုပ်မိုင်း အန္တရာယ်ပညာပေး အစီအစဉ်ပြုလုပ်လိုသည့် စိတ်ထက်သန်မှုပြခဲ့ပြီး ထိုထိန်းချုပ်နယ်မြေအတွင်းတွင် မြေမြှုပ်မိုင်းနှင့် ပတ်သက်၍ နည်းပညာရပ်ပိုင်းဆိုင်ရာ မဟုတ်သော သာမန်စစ်တမ်းကောက်ယူခြင်း ပြုလုပ်လိုကြောင်း တင်ပြလာခဲ့သည်။ ၂၀၁၃ မေလ ၁၄ ရက်နေ့ နော်ဝေ လက်ထောက် နိုင်ငံခြားရေးဝန်ကြီး မစ္စတာလာစန်၏ မော်လမြိုင်သို့ လာရောက်လည်ပတ်မှုကာလအတွင်း၊ မြေမြှုပ်မိုင်းနှင့် ပတ်သက်၍ နည်းပညာရပ်ပိုင်းဆိုင်ရာ မဟုတ်သော သာမန်စစ်တမ်းကောက်ယူခြင်း ပြုလုပ်လိုကြောင်း NMSP က ဆွေးနွေးတင်ပြခဲ့သည်။ ရလဒ်မှာ မွန်ပြည်နယ်တွင်း မြေမြှုပ်မိုင်းများ ဖယ်ရှားရေးလုပ်ငန်း အကောင်အထည်ဖော်ရန် MPSI က ပံ့ပိုးကူညီ၍ NPA က အစိုးရနှင့် ပထမအကြိမ် နားလည်မှုစာချွန်လွှာရေးထိုး နိုင်ခဲ့သည်။

## စီမံကိန်းဆောင်ရွက်ချက်များ

လက်ရှိအချိန်တွင် မွန်ပြည်နယ်အတွင်းရှိ မြေမြှုပ်မိုင်း များရှိနိုင်သော ဧရိယာများအပေါ် မှန်ကန်သော သုံးသပ် ခြင်းနှင့် မြေမြှုပ်မိုင်းများ ပြဿနာရပ်အပေါ် စနစ်ကျသော ကွင်းဆင်းလေ့လာဆန်းစစ်ချက်များ လုပ်ဆောင်ရခြင်း မရှိသေးပါ။ မြေမြှုပ်မိုင်းအန္တရာယ်ရှိခြင်းကြောင့် ဧရိယာ တော်တော်များများတွင် ထွန်ယက်စိုက်ပျိုးခြင်းနှင့် အခြား လုပ်ငန်းများ လုပ်ဆောင်ခြင်းမရှိကြောင်း တွေ့ရသည်။ မွန်ပြည်နယ်၊ ရေးမြို့နယ်အတွင်းတွင် မြေမြှုပ်မိုင်းနှင့် ပတ်သက်၍ နည်းပညာရပ်ပိုင်းဆိုင်ရာ မဟုတ်သော သာမန်စစ်တမ်းကောက်ယူခြင်း အကောင်အထည်ဖော် ခြင်းအားဖြင့် မပျက်စီးသေးသော စစ်လက်နက်ပစ္စည်း များနှင့် ဖယ်ရှားခြင်း မပြုရသေးသည့် မြေမြှုပ်မိုင်းများ ရှိနိုင်သော ဧရိယာအကျယ်အဝန်းကို မြေပုံဆွဲသတ်မှတ် မည်ဖြစ်သည်။ ဤလုပ်ဆောင်ချက်သည် ဒေသတွင်းတွင် မြေမြှုပ်မိုင်းများ ဖယ်ရှားပြီးဖြစ်ကြောင်းနှင့် မပျက်စီး သေးသော စစ်လက်နက်ပစ္စည်းများ ကင်းစင်ကြောင်း သေချာစေလျက် မြေယာများကို ဒေသခံပြည်သူများက စိတ်ချလုံခြုံစွာ အသုံးပြုနိုင်စေမည်ဖြစ်သည်။

NPA မှ အသင်းအဖွဲ့ဖွဲ့စည်းပြီး စီမံကိန်းဧရိယာ အတွင်း မြေမြှုပ်မိုင်းများ အခြေအနေအပေါ် လေ့လာ သုံးသပ်ခြင်းနှင့် စာရင်းပြုစုခြင်း အပါအဝင် ဧရိယာ အတွင်း လူမှုစီးပွားအကျိုးသက်ရောက်မှုများကိုလည်း လေ့လာမည်ဖြစ်သည်။ အဖွဲ့ဖွဲ့စည်းရာတွင် နိုင်ငံတကာ ကွင်းဆင်းလေ့လာရေး ဆက်စပ်ဆောင်ရွက်သူတစ်ဦး၊ မွန်အမျိုးသားကွင်းဆင်း လေ့လာရေးအဖွဲ့ ခေါင်းဆောင် တစ်ဦးနှင့် မွန်အမျိုးသား ကွင်းဆင်းလေ့လာရေးဝန်ထမ်း များ ပါဝင်ပါသည်။ ကွင်းဆင်းလေ့လာမည့်အဖွဲ့အား ဒီဇင်ဘာလ ၂၀၁၃ခုနှစ်တွင် သင်တန်းပြုလုပ်ပေးပြီး မြေမြှုပ်မိုင်းနှင့် ပတ်သက်၍နည်းပညာရပ်ပိုင်းဆိုင်ရာ မဟုတ်သော သာမန်စစ်တမ်းကောက်ယူခြင်းကို ဇန်နဝါရီ လ ၂၀၁၄ ခုနှစ်တွင် စတင်အကောင်အထည် ဖော်မည် ဖြစ်သည်။ မြေမြှုပ်မိုင်းနှင့် ပတ်သက်၍နည်းပညာရပ်ပိုင်း ဆိုင်ရာ မဟုတ်သော သာမန်စစ်တမ်းကောက်ယူခြင်း အကောင်ထည်ဖော်ခြင်းသည် ရရှိသည့် ရန်ပုံငွေ အပေါ် မူတည်၍ ၂ ပတ်မှ ၆ ပတ်ထိကြာမြင့်မည် ဖြစ်သည်။

ကွင်းဆင်းလေ့လာရေးအဖွဲ့သည် NMSP နှင့်သော်လည်းကောင်း၊ ဗမာစစ်တပ်နှင့်သော်လည်းကောင်း။ မွန်ပြည်နယ်အစိုးရနှင့်သော်လည်းကောင်း စီမံကိန်းဖော်ဆောင်နေသည့် ကာလတစ်လျှောက်လုံး၌ တွေ့ဆုံဆွေးနွေးခဲ့သည်။ နည်းပညာရပ်ပိုင်းဆိုင်ရာ မဟုတ်သောသာမန်စစ်တမ်းကောက်ယူခြင်း လုပ်ငန်းစဉ်တစ်ခုလုံးအတွက် အဖွဲ့အစည်းနှစ်ဖက်စလုံးနှင့် နီးကပ်စွာ ပူးပေါင်းဆောင်ရွက်ခဲ့ရပြီး စီမံကိန်းသည် NMSP/ MNLA နှင့်အစိုးရကြား ငြိမ်းချမ်းရေးဖော် ဆောင်မှုလုပ်ငန်းစဉ်၌ယုံကြည်မှုတည်ဆောက်ခြင်းနှင့် နိုင်ငံရေးတည်ငြိမ်ခြင်းများတိုးတက်ဖြစ်ပေါ်လာနိုင် လိမ့်မည်ဟု ယုံကြည်သည်။ မြေမြုပ်မိုင်းနှင့် ပတ်သက်၍နည်းပညာရပ်ပိုင်းဆိုင်ရာ မဟုတ်သော သာမန်စစ်တမ်းကောက်ယူခြင်း လုပ်ဆောင်ချက်များ၏ တိုက်ရိုက်ရလဒ်များအဖြစ် လုံခြုံစိတ်ချစွာသွားလာလုပ်ကိုင်နိုင်မည့် ဧရိယာနှင့် ရှောင်ရှားရမည့်ဧရိယာများကို ရွာပေါင်း ၈ ရွာ ရှိ ကျေးလက်ပြည်သူများက ကောင်းစွာ သိမြင်သွားမည်ဖြစ်သည်။ ကွင်းဆင်းလေ့လာခြင်း လုပ်ငန်းစဉ်သည် ဒေသတွင်းတွင် လုံခြုံစိတ်ချစွာ သွားလာနိုင်စေရန် လမ်းဖွင့်ပေးနိုင်ခဲ့ပြီး အထူးသဖြင့် ရေးမြို့နယ်တစ်ခုလုံးအတွက် အကျိုးများစွာဖြစ်ထွန်းစေခဲ့သည်။ ရှေ့လုပ်ငန်းစဉ်များအတွက်သော်လည်းကောင်း၊ စီမံကိန်းဧရိယာအတွင်း ဖွံ့ဖြိုးရေးလုပ်ငန်းများဖော်ဆောင်ရန်အတွက်သော်လည်းကောင်း ကွင်းဆင်းလေ့လာခြင်းလုပ်ငန်းစဉ်သည် အစကနဦး ဆောင်ရွက်ချက်ဖြစ်သည်။ သို့သော် အခြားတဘက်တွင် မြေမြုပ်မိုင်းကင်းစင်ဧရိယာများ ပိုမိုကျယ်ပြန့်လာသည်နှင့်အမျှ စီးပွားရေးရင်းနှီးစွန့်စားသူများနှင့် ဖြစ်နိုင်ချေရှိသည့် ဒေသတွင်းအာဏာရှင်များအား ဖိတ်ခေါ်နေသကဲ့သို့ဖြစ်စေပါသည်။

နိုင်ငံတကာအထောက်အပံ့များသည် ယုံကြည်မှု တည်ဆောက်ခြင်းကို အထောက်အပံ့ပြုရန် အခွင့်အရေး ဖြစ်သော သက်ဆိုင်သူများကြား အပြန်အလှန်ပြောဆိုမှု ပြုနိုင်သော နေရာဖန်တီးပေးရန်၊ ဒေသခံရပ်ရွာများ၏ ကိုယ့်ကိုယ်ကို ယုံကြည်မှုနှင့် မိမိတို့ဘာသာလုပ်ကိုင် နိုင်သည်ဟု စိတ်အင်အားတိုးတက်ခိုင်မာလာစေရန် ကူညီသင့်သကဲ့သို့ ရပ်ရွာ၏ လက်တွေ့လူမှုရေး၊ စီးပွားရေး လိုအပ်ချက်များကိုလည်း ကူညီသင့်သည်။

ပဋိပက္ခထိခိုက်သော ဒေသတွင်း လုပ်ငန်းလုပ်ဆောင် သော အလှူရှင်များနှင့် အထောက်အပံ့ပေးသော ကိုယ်စား လှယ်အဖွဲ့များသည် ယင်းတို့ လုပ်ငန်းလုပ်ဆောင်သော ဒေသ၏ အခြေအနေများကိုနားလည်ရန် ကြိုးစားသင့်ကာ ဒေသန္တရနိုင်ငံရေးယဉ်ကျေးမှု၊ သိမြင်နားလည်မှု (အခြေ အနေနှင့် ပြင်ပအထောက်အပံ့)နှင့် ငြိမ်းချမ်းရေးနှင့် အပစ် အခတ်ရပ်စဲရေး၏ အရွေ့များ အပါအဝင် မိမိတို့လုပ် ဆောင်ရန် ကြိုးစားသော ဒေသနယ်မြေနှင့် တစ်နိုင်ငံလုံး ဆိုင်ရာ ငြိမ်းချမ်းရေးဖြစ်စဉ် ကြိုးပမ်းမှုနှစ်ခုလုံးတွင် နားလည်မှုရှိရန် ကြိုးစားသင့်သည်။ ဤနားလည်ရန် လိုအပ်မှုကို ထောက်ပံ့မှုပြုသော စီမံကိန်းကာလ စက်ဝန်း တစ်လျှောက် အချိန်ကာလအားဖြင့်ရော၊ ထောက်ပံ့မှုများ ၏ ငြိမ်းချမ်းရေးနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်လိုအပ်ချက် နှင့် ကိုက်ညီမှုရှိအောင် ချိန်ညှိရန်ပါ ဆက်လက်နားလည်မှု ရှိရန် လိုအပ်သည်။

အဖွဲ့အစည်းများသည် ယင်းတို့၏ အခြေအနေ နားလည်မှုရှိအောင် ကြိုးစားမှုလိုအပ်သကဲ့သို့ ထိုနားလည် သိရှိလာသည်များကို လက်တွေ့လုပ်ဆောင်ရာတွင် ထည့်သွင်းကျင့်သုံးရန်နှင့် လုံလောက်သော အရင်းအမြစ် များဖြည့်တင်းထားရန်လည်း အရေးတကြီးလိုအပ်သည်။ ဝန်ထမ်းများအား ပဋိပက္ခနှင့်ပတ်သက်သော ထိခိုက်လွယ်မှု နှင့် ဘေးအန္တရာယ် မဖြစ်စေရန်လုပ်ဆောင်ရန်လိုမှုကို သေချာစွာလမ်းညွှန်ရန် အပါအဝင် ဒေသခံလူထု ယုံကြည် လက်ခံနိုင်သော ဝန်ထမ်းများကို ရှာဖွေခန့်ထားရန်လည်း လိုအပ်သည်။ လုပ်ငန်းလုပ်ဆောင်ရန် ရည်မှန်းသော ရပ်ရွာလူထုထဲမှ ဝန်ထမ်းအဖြစ်ခန့်အပ်မှုပြုရန်လည်း အထူးကြိုးစားဆောင်ရွက်သင့်သည်။ ပြင်ပမိတ်ဖက် အဖွဲ့အစည်းများသည် မိမိတို့၏ အထောက်အပံ့များအား ထိရောက်မှုအရှိဆုံးနှင့် နည်းပညာ ပိုင်းအရမှန်ကန်သည့် ချဉ်းကပ်မှုတို့က လမ်းညွှန်မှုမဖြစ်သင့် ဘဲ အခြေအနေနှင့် အကိုက်ညီဆုံး၊ တုံ့ပြန်နိုင်မှုအကောင်းဆုံးဖြစ်ရန် လိုသည်။

ပဋိပက္ခထိခိုက်မှုရှိသော ဒေသတွင် အကူအညီပေး သည့် မိတ်ဖက်အဖွဲ့များအတွက် စဉ်းစားရန် စာရင်းသည် MPSI ၏ နှစ်နှစ်တာကာလ စမ်းသပ်စီမံကိန်းများမှ ရရှိ သော အောက်ပါအချက်များမှာ ဒေသအခြေအနေကို ထည့်သွင်းစဉ်းစားထားသော ယုံကြည်မှုတည်ဆောက်ခြင်း လုပ်ငန်း လုပ်ဆောင်ရန်ရေးဆွဲရာတွင် အထောက်အကူ ဖြစ်လိမ့်မည်။ စာရင်းမှာ ပြည့်စုံစေ့စပ်သော စာရင်း မဟုတ်သော်လည်း ပဋိပက္ခထိခိုက်မှုရှိသော ဒေသတွင် အကူအညီပေးရန် လုပ်ဆောင်နေသူများအတွက် အသုံးဝင် လိမ့်မည်ဟု မျှော်လင့်သည်။

### (၁) စီမံကိန်းကို (အနည်းဆုံးမှုအားဖြင့်) အစိုးရ၊ တိုင်းရင်းသားလက်နက်ကိုင်တပ်ဖွဲ့များ နှင့် ရပ်ရွာများမှ သဘောတူညီမှု ရရှိပြီးပြီလား။

- စီမံကိန်းမှာ တိုင်းရင်းသားအဖွဲ့ကိုယ်စားလှယ်များမှ တောင်းဆိုသော၊ ဆန္ဒပြုသော စီမံကိန်းဖြစ်သလား။
- ထိုစီမံကိန်းသည် အပစ်အခတ်ရပ်စဲရေးနှင့် ရှေ့ဆက် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် ယင်းတို့၏ လုပ်နိုင်စွမ်း ကို အားကောင်းစေသလား။

သက်ဆိုင်သူများနှင့် တွေ့ဆုံညှိနှိုင်းတိုင်ပင်ခြင်းသည် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ကဲ့သို့သော အဓိက ပါဝင် ပတ်သက်သူများနှင့် ဆက်ဆံရန် အဓိကနည်းလမ်းဖြစ် သည်။ လုပ်ဆောင်မှုများကို ဒေသအခြေအနေအရပုံဖော် ရန်၊ လုပ်ဆောင်မည့်အရာများကို အသိပေးခြင်းထက်

ပိုမိုပြည့်စုံသော ဒေသတွင်သက်ဆိုင်သူများနှင့် ညှိနှိုင်းဆောင်ရွက်ရန် စသည် တို့ကိုနိုင်ငံတကာ အခြေခံမူဖြစ်သော ဘေးအန္တရာယ်မဖြစ်စေရန် အခြေခံမူနှင့် အသစ်သဘောတူညီမှု မူဘောင်က ထင်ဟပ်ပြသည်။

**(၂) စီမံကိန်းသည် ပဋိပက္ခထိခိုက်သော ရပ်ရွာများ၏ စိုးရိမ်မှုနှင့် ဦးစားပေးမှုတို့မှတစ်ဆင့် ယုံကြည်မှု တည်ဆောက်ခြင်းနှင့် အပစ်အခတ်ရပ်စဲမှုအပေါ် ယုံကြည်မှု တိုးတက်လာစေခြင်း ရှိသလား။**

ပဋိပက္ခထိခိုက်သော ရပ်ရွာများ၏ အခြေအနေမှာ ခြားနားသော ရာဇဝင်၊ အတွေ့အကြုံနှင့် ဆန္ဒများဖြင့် တစ်မူ ထူးနေသည်။ အထောက်အပံ့များသည် ရပ်ရွာများ၏ ခံနိုင်ရည်ရှိမှု၊ ရင်ဆိုင်ကျော်လွှားသည့် မဟာဗျူဟာနှင့် ကပ်ဘေးကို ယင်းတို့နည်း ယင်းတို့ဟန်ဖြင့်ကျော်လွှားမှု တို့ကို တိုက်ရိုက်အကူအညီဖြစ်သင့်သည်။

တိုင်းရင်းသားများ၏ နာကျင်ခံစားနေရသည်များမှာ ပဋိပက္ခ၏ ဗဟိုချက်ဖြစ်သောကြောင့်အပေါ်မှ ခိုင်းစေလုပ်ဆောင်သော ချဉ်းကပ်မှုမှာ ထိုနာကျင်ခံစားမှုများကို အသိအမှတ်ပြုရာ တုံ့ပြန်ရာရောက်မည်မဟုတ်ဘဲ ပဋိပက္ခတွေ့ကြုံခဲ့ဖူးသော ရပ်ရွာအတွက် အပြုသဘောမဆောင်သောအရာအဖြစ် ယူဆထင်မြင်ခံရနိုင်သည်။ တစ်ဖက်သတ် ကြိုတင်စဉ်းစားသတ်မှတ်ပိုင်းခြားထားသည့် အဖြေမဟုတ်ဘဲ အောက်ခြေမှစတင်သည့် တွေ့ဆုံညှိနှိုင်းတိုင်ပင်ခြင်းလုပ်ငန်းစဉ်မှတစ်ဆင့် နာကျင်ခံစားမှုများကို စတင်ဖြေရှင်းနိုင်သည်။ ထိခိုက်ခံရသော ရပ်ရွာများမှ မိမိတို့ကိုယ်ပိုင်ဆန္ဒဖြင့် မိမိတို့ကိစ္စဟု အပြည့်အဝမှတ်ယူကာ အထောက်အပံ့ပေးလျှင် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်မှာ ပို၍သင့်လျော်မည်။

**(၃) စီမံကိန်းသည် ဒေသတွင်းလုပ်ဆောင်သူများအား ယင်းတို့၏ လိုအပ်ချက်နှင့် စိုးရိမ်မှုများကို ရှင်းလင်းစွာ ပြောဆိုရန် ရင်ဆိုင်ရန် စွမ်းအားကို တည်ဆောက်ပေးသလား။**

နိုင်ငံတကာအကူအညီသည် ရပ်ရွာတွင်း စွမ်းအားကို အသိအမှတ်ပြုရန်နှင့် ဒေသတွင်းလုပ်ဆောင်သူများအတွက် ယင်းတို့၏ လိုအပ်ချက်နှင့် စိုးရိမ်မှုများကို ရှင်းလင်းစွာ ပြောဆိုလာနိုင်စေရန် အခွင့်အရေးပေးရန် အဓိကအာရုံ စိုက်ရာဖြစ်သင့်သည်။ ဤအရာမှာ အထောက်အပံ့ပေးရေး အစီအစဉ်တွင် လက်တွေ့ကျကျ ထည့်သွင်းစဉ်းစားရန် လိုအပ်ကာ အချိန်ယူရပြီး အရင်းအမြစ်များစွာလည်းသုံးရန် လိုသည်။ ဤလိုအပ်ချက်ထဲတွင် အဓိကသက်ဆိုင်သူများအကြား ကြိုတင်နှင့် ပုံမှန်ဆက်လက် တွေ့ဆုံညှိနှိုင်းတိုင်ပင်ရန် လိုအပ်ကာ ယင်းညှိနှိုင်းတိုင်ပင်မှုမှာလည်း လိုအပ်ချက်နှင့် စိုးရိမ်မှုများကို ပြောပြခွင့်၊ ကျယ်ပြန့်သော အမြင်များကို ပြောဆိုကြားနာခွင့်နှင့် နားလည်ပြီး တုံ့ပြန်မှုရှိသော အခွင့်အရေးရှိသင့်သည်။ တတ်နိုင်သမျှ စီမံကိန်းများသည် ဒေသခံများက ပိုင်ဆိုင်သော ရပ်ရွာတွင်း စွမ်းအားကို အသိအမှတ်ပြုသော စီမံကိန်းများဖြစ်သင့်သည်။ ဒေသခံလုပ်ဆောင်သူများ ကိုယ်တိုင် မိမိတို့အဖွဲ့အစည်းအတွက် စွမ်းအင်မြှင့်တင်ရန် လိုအပ်ကြောင်း အသိအမှတ်ပြုသော်လည်း ယင်းတို့ကို ပြည်တွင်း၊ ပြည်ပ လူမှုရေးအဖွဲ့အစည်း၊ ကုလသမဂ္ဂအဖွဲ့ အစည်းများက အပြည့်အဝ ပူးပေါင်းပါဝင်လုပ်ဆောင်သော စီမံကိန်းဖြစ်စဉ်အဖြစ် တန်းတူမိတ်ဖက်အဖွဲ့အစည်းအဖြစ် မြင်သင့်သည်။ ဒေသခံအဖွဲ့အစည်းများအတူလုပ်ငန်းလုပ်ဆောင်သောအခါ နိုင်ငံတကာအလှူရှင်များ၏ တောင်းဆိုမှုဖြစ်သော စီမံကိန်းတောင်းခံလွှာ၊ ရသုံးမှန်းခြေငွေစာရင်း၊ အစီရင်ခံစာ စသည်တို့ကို လုပ်ဆောင်ရေးသားရန် ဒေသခံအဖွဲ့အစည်းများက စွမ်းအားအမြဲရှိနိုင်မည် မဟုတ်သော်လည်း တာဝန်ခံမှုရရှိရန် ပြုပြင်ပြောင်းလဲလွယ်သော နည်းလမ်းရှာဖွေရန်လိုအပ်သည်။ ဤစွမ်းအင်ကွာဟမှုကို ပြည်တွင်း၊ ပြည်ပ လူမှုရေးအဖွဲ့များက စိုးမိုးခြယ်လှယ်ခြင်း မဟုတ်ဘဲ စီမံကိန်းစီမံခန့်ခွဲမှုနှင့် နည်းပညာအကူအညီပေးမှု အထောက်အပံ့များ ပေါင်းကူးပေးနိုင်သည်။

**(၄) စီမံကိန်းသည် သဘောတူညီထားသော အပစ်အခတ်ရပ်စဲရေး၊ ငြိမ်းချမ်းရေး သဘောတူညီမှု၏အစိတ်အပိုင်းကို လက်တွေ့အကောင်အထည်ဖော်ရာတွင် သေချာစွာ ဖော်ပြထားသော လက်တွေ့အထောက်အပံ့ပေးသလား။**

အပစ်အခတ်ရပ်စဲရေး (အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်အများအပြားသည် ဝန်ဆောင်မှုနှင့်

အထောက်အပံ့အစီအမံများကို ရည်ညွှန်း)တွင် သဘောတူထားသည့် အဓိကအစိတ်အပိုင်းများထဲမှ အချို့ကို စီမံကိန်းက အထောက်အကူပြုသောအခါ ယင်းတို့သည် ဤအပစ်အခတ်ရပ်စဲရေး အစိတ်အပိုင်း၏ ကတိကဝတ်ကိုလည်း ဆန်းစစ်ကာ ကတိကဝတ်များ စောင့်ထိန်းကြောင်း ထင်ရှားအောင် ပြသနိုင်လျှင် ယင်းပြသနိုင်မှုသည် အရေးကြီးသော ယုံကြည်မှုတည်ဆောက်ခြင်း အတိုင်းအထွာအနေဖြင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်၏ ယုံကြည်မှုညွှန်းကိန်းများ ဖြစ်လာနိုင်ပေသည်။ အပစ်အခတ်ရပ်စဲရေးသဘောတူညီချက်၏ အစိတ်အပိုင်းများကို အထောက်အပံ့ပေးရာတွင် မည်သည့်အတိုင်းအတာအထိ စောင့်ကြည့်နိုင်၊ မှန် မမှန်စစ်ဆေးနိုင်မည်ကိုလည်း စဉ်းစားသင့်သည်။

### (၅) စီမံကိန်းသည် ရပ်ရွာအခြေပြုအဖွဲ့အစည်းများနှင့် ရပ်ရွာများကြား ဆက်နွယ်ထားသော လူမှုအချိတ် အဆက်များကို ကာကွယ်သလား။ စီမံကိန်းသည် ဒေသခံသက်ဆိုင်သူများကို ကျော်ပြီး အားပျက်စေခြင်း၊ လွှမ်းမိုးလွန်းခြင်းကို ကာကွယ်ပေးထားသော အစိတ်အပိုင်းပါဝင်မှုရှိသလား။

ရပ်ရွာအခြေပြုအဖွဲ့အစည်းများကို အထောက်အပံ့ပေးရာတွင် ဤအဖွဲ့အစည်းများနှင့် ရပ်ရွာများအကြား ချိတ်ဆက်ပေးထားသော လူမှုအချိတ်အဆက်များကို မရှိမဖြစ်အဖြစ် စဉ်းစားကာ ကာကွယ်သင့်သည်။ ကာကွယ်ရာတွင် ယင်းတို့၏ နေရာကို ပြင်ပလှုပ်ရှားသူများမှ စီးဝင်လာခြင်းကိုကာကွယ်ရန်၊ ယင်းတို့၏ ဖွဲ့စည်းတည်ဆောက်ပုံ(သို့) ကွန်ရက်များကို အလွန်အမင်းစနစ်တကျတရားဝင်ဖြစ်စေရန်ပြုလုပ်စေခြင်းမျိုး ရှောင်ရှားခြင်း၊ ယင်းတို့ကို ဝန်မပိစေခြင်း (ကိုယ့်ကိုကိုယ်အားကိုးမှု ကျဆင်းစေသော အထောက်အပံ့လိုအပ်သည်များစွာပေးခြင်းနှင့် ကိုယ့်ကိုကိုယ်ယုံကြည်မှု အားနည်းစေသော စီမံခန့်ခွဲမှုဆိုင်ရာ အတိုင်းအတာ များစွာ တောင်းဆိုခြင်း အပါအဝင်) တို့ပါဝင်သည်။ နိုင်ငံတကာ လုပ်ဆောင်သူများ၏ ဒေသခံသက်ဆိုင်သူများကို ကျော်ပြီး အားပျက်စေခြင်း၊ လွှမ်းမိုးလွန်းခြင်းစသော ဘေးအန္တရာယ်ဖြစ်စေသော အကျိုးသက်ရောက်မှုသည် ပဋိပက္ခထိခိုက်သော ဒေသတွင် ချဲ့ကားသွားနိုင်သည်။ စီမံကိန်း အစီအစဉ်ရေး ဆွဲရာတွင် အဓိပ္ပာယ်ပြည့်ဝသော ညှိနှိုင်းတိုင်ပင်မှုနှင့် လုပ်ငန်းအကောင်အထည်ဖော်ရာတွင် အဓိပ္ပာယ်ရှိသော စပ်တူလုပ်ဆောင်မှုတို့အတွက် အချိန်ပေးခြင်းအားဖြင့် ထိုဘေးများကို လျှော့ချနိုင်သည်။

### (၆) စီမံကိန်းသည် ရပ်ရွာအခြေပြု အဖွဲ့များ စုပေါင်းခြင်းနည်းလမ်းဖြင့် စီစဉ်ပြီး အကောင်အထည်ဖော်သင့်၊ မသင့်ကို စဉ်းစားပါသလား။ ထိုသို့ ပြုလုပ်ရန် သင့်လျော်ပါသလား။

ဒေသခံများပိုင်ဆိုင်သော အကျိုးတူရပ်ရွာတွင်းအခြေပြု အဖွဲ့များစုပေါင်းခြင်း ချဉ်းကပ်မှုသည် ကောင်းမွန်စွာအလုပ်ဖြစ်နိုင်ကာ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ၊ နိုင်ငံတကာအဖွဲ့များ၊ အလှူရှင်များနှင့် ပဋိပက္ခထိခိုက်သော ရပ်ရွာများကြား ယုံကြည်မှုတိုးတက်လာစေသည်။

ရပ်ရွာတွင်းအကျိုးတူအဖွဲ့များတွင် အမျိုးသမီးအဖွဲ့များနှင့် ကျား၊ မ ရေးရာ (ဂျန်ဒါ) ကိစ္စလုပ်ဆောင်သော အဖွဲ့များ ပါဝင်ခြင်းအားဖြင့် အခြားရပ်ရွာတွင်း အကျိုးတူအဖွဲ့ဝင်များအား ကျား၊ မ ရေးရာ(ဂျန်ဒါ) ကိစ္စရပ်များ ပိုမို နားလည်စေရန် အထောက်အကူပြုပြီး ဆုံးဖြတ်ချက်များ ချမှတ်ရာတွင် အမျိုးသမီးများ၏ အခန်းကဏ္ဍနှင့် အမျိုးသမီးများပါဝင်ရန် အရေးကြီးကြောင်းကို သိသာထင်ရှားစေသည်။

## ဇယားကွက် ၁၁ - ပဋိပက္ခနှင့် ပတ်သက်သော ထိခိုက်လွယ်မှုနှင့် ဘေးအန္တရာယ် မဖြစ်စေရန် လုပ်ဆောင်မှု ခြုံငုံသုံးသပ်ချက်

၁။ ဒေသန္တရအခြေအနေကိုနားလည်ရန် (ဒေသတွင်းရှိ အဓိကသက်ဆိုင်သူများနှင့် ဆက်သွယ်လုပ်ဆောင်ခြင်းနှင့် ပဋိပက္ခဖြစ်စေနိုင်သော အကြောင်းအရင်းကို ဆန်းစစ်ခြင်းနှင့် ငြိမ်းချမ်းရေးအတွက် ဒေသတွင်းရှိ လုပ်နိုင်စွမ်းအားကို ဆန်းစစ်ခြင်း နည်းလမ်းဖြင့်)

၂။ လုပ်ဆောင်ရန်ရည်ရွယ်သော လုပ်ငန်းနှင့် အခြေအနေကြား ဆက်သွယ်မှုကို နားလည်ရန် (အကြံပြုသော လုပ်ဆောင်ရန် ရည်ရွယ်သည့် လုပ်ငန်းနှင့် ပဋိပက္ခဖြစ်စေနိုင်သော အကြောင်းအရင်းများနှင့် ဆက်နွယ်မှုရှိသော အကြောင်းအရင်းများကို မည်သို့ အကျိုးသက်ရောက်မှုရှိမည် ဆန်းစစ်ခြင်းဖြင့်)

၃။ အဆင့် ၁ နှင့် ၂ အပေါ်အခြေခံ၍ လက်တွေ့တွင် ပြောင်းလဲနေသော အခြေအနေအရ ပြောင်းလွယ် ပြင်လွယ်ပြီး ဆီလျော်အောင် လုပ်ဆောင်နိုင်စွမ်းနှင့် ဘေးအန္တရာယ်ဖြစ်စေမှုကို လျှော့နည်းစေကာ ကောင်းမွန်မှုကို များပြားလာစေရန် မဟာဗျူဟာကျသော စီမံကိန်းများရေးဆွဲရန်။

## ဇယားကွက် ၁၂ - ပဋိပက္ခထိခိုက်သော ဒေသများတွင် တာဝန်ခံမှု သေချာရရှိစေရန် လက်တွေ့အသုံးချ ကိရိယာများ။

Conlfict Sensitive Consortium (2012) How to Guide to Conflict Sensitivity? (http://www.conflictsensitivity.org/content/how-guide)

Helvetas/ Swisspeace (2013) Manual : 3 steps for working in Fragile and Conflict-affected Situations (https://assets.helvetas.ch/downloads/2013 hsi manual 3 steps wfcs.pdf)

CDA - DNH in Land Tenure and Property Rights Programming Tool (http://www.cdacollaborative.org/publications/search/?as=2&bs=&publisher=&pubTypes=1732&programs=1149-1336-1337-1338-1642-2804& country=0&tags=1151&author=&pubYear=&sort=date-.UvsxwOKSzLB)

***မှတ်ချက်*** – *နားထောင်ခြင်းစီမံကိန်းသည် ပဋိပက္ခဘေးဒဏ်ခံ ရပ်ရွာပြည်သူလူထု၏ ရင်တွင်းစကားသံများကို မှတ်တမ်း တင်ပြုစုထားခြင်းဖြစ်ပါသည်။ လူပုဂ္ဂိုလ်တစ်ဦးချင်းအလိုက်၊ အဖွဲ့အလိုက် အင်တာဗျူးထားပြီး တုံ့ပြန်ဖြေဆိုချက်များ၊ ဖော်ညွှန်းထားသော အဖြစ်အပျက်များကို စစ်ဆေးအတည် ပြုချက်ရယူထားခြင်း မရှိပါ။*

## တွေ့ရှိချက် အကျဉ်း

အပစ်အခတ်ရပ်စဲရေးနှင့် ဖြစ်ပေါ်လာသော ငြိမ်းချမ်းရေးလုပ်ငန်းစဉ်မှာ ရာစုနှစ်များစွာ ပဋိပက္ခ၏ ဒဏ်ခံစားရသော ပြည်သူလူထုတို့ ဘဝပြောင်းလဲလာစေရန် အထောက်အကူပြုသည်။ သို့သော် လူတစ်စုဦးဆောင်သော ပြောဆိုရေးသားနေသည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် ပဋိပက္ခထိခိုက်ခံရသော ရပ်ရွာများ၏ အသံပျောက်ဆုံးနေသည်။

၂၀၁၃ ခုနှစ်နှစ်ဝက်ကျော်တွင် MPSI က မြန်မာငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် စိတ်ဝင်စားသက်ဆိုင်သည့် ရပ်ရွာများနှင့် အဖွဲ့များ၏ အသံတစ်ချို့ကို ကြားသိမှတ်တမ်း ရရှိစေရန် နားထောင်ခြင်းစီမံကိန်းငယ်တစ်ခု စတင်ခဲ့သည်။ ယခုစာတမ်းသည် ယင်းနားထောင်ခြင်းစီမံကိန်း ပထမပိုင်းမှ ရရှိသော တွေ့ရှိချက်များကို ဖော်ပြထားသည်။ ရည်ရွယ်ချက်မှာ ကရင်၊ မွန်၊ ရှမ်း၊ ကရင်နီ (ကယား) ရပ်ရွာများနှင့် အဖွဲ့များမှ အဓိကအားဖြင့် အမျိုးသမီးများ၏ အပစ်အခတ်ရပ်စဲမှု မရှိခင်နှင့် ရှိပြီးနောက် ၎င်းတို့၏ အတွေ့အကြုံကို ပိုမိုနားလည်စေရန်နှင့် ပြောဆိုရေးသားနေသည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် ဤမှတ်တမ်းများကို စတင်မိတ်ဆက် ဖော်ပြရန်ဖြစ်သည်။

ကနဦးတွေ့ရှိချက်များအရ အစိုးရနှင့် ကရင်အမျိုးသားအစည်းအရုံး KNU, မွန်ပြည်သစ်ပါတီ NMSP၊ ကရင်နီအမျိုးသား တိုးတက်ရေးပါတီ KNPP တို့အကြားကနဦးအပစ်အခတ်ရပ်စဲရေးသည် လူအများကို အကျိုးပြုကြောင်းတွေ့ရသည်။ ဥပမာ– KNU အပစ်အခတ်ရပ်စဲရေးမရှိခင်ရွာသားများမှ အပစ်အခတ်များကြားမှ ထွက်ပြေးကာ အတင်းအကျပ် စစ်မှုထမ်းခိုင်းခြင်းနှင့် ပေါ်တာဆွဲခြင်းတို့မှ မကြာခဏရှောင်ရှားရသည်။ ယနေ့တွင် လူထုက အကြောက်တရားများ များစွာ လျော့ကျသွားကြောင်း ပြောသည်။ MPSI နှင့် တွေ့ဆုံခဲ့ကြသူအများက ဆယ်စုနှစ်ပေါင်းများစွာ ပထမ ဆုံးအကြိမ်အဖြစ် ဆိုးရွားသော လူ့အခွင့်အရေးချိုးဖောက်ခံရမှုတို့၏ သားကောင်အဖြစ်မှ ရှောင်ရှားရန် တောထဲတောင်ထဲ ထွက်ပြေးရန် စိုးရိမ်ရမှု မရှိတော့ခြင်းဖြစ်ကြောင်း ပြောသည်။

အချို့ကိစ္စများတွင် ဒုက္ခသည်များမှာ မိမိတို့ မူလနေရပ်သို့ စတင်ပြန်လာကာ မိမိတို့ဘဝများ ပြန်လည်ထူထောင်ကြသည်လည်းရှိသည်။ ရွာသားအတော်များများက အပစ် အခတ်ရပ်စဲမှု မရှိခင်တွင် ၎င်းတို့၏ လယ်ယာသို့ မသွားနိုင်ဘဲ (သို့မဟုတ်) လာဘ်ပေးမှသာသွားနိုင်ကြောင်း ပြောသည်။ ယင်းသို့ သွားလာလျှင်ပင် ရွာသားများခရီးသွားရာ၌ တောတွင်းလက်နက်ကိုင်အဖွဲ့အစည်းများကို ထောက်ပံ့သည်ဟူသော စွပ်စွဲခံရနိုင်ဖွယ်ဘေးရှိသဖြင့် မိမိတို့သယ်ဆောင်ခွင့်ရှိသော အစားအသောက်နှင့် အခြားရိက္ခာများကို တင်းကြပ်စွာ ကန့်သတ်သယ်ဆောင်ခဲ့ကြရသည်။ သို့သော် အပစ်အခတ်ရပ်စဲပြီးနောက် ရွာသားများမှ လွတ်လပ်စွာသွားလာနိုင်ကာ ယင်းတို့၏ စပါးခင်းများကိုလည်း ပြုစုပျိုးထောင် စိုက်ပျိုးနိုင်ပေသည်။ လွန်ခဲ့သောနှစ်နှစ်အတွင်း အစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များကို ပေးဆောင်ရသော အခွန်မှာလည်း လျော့နည်းလာသည်။ ရပ်ရွာတော်တော်များများတွင် လယ်ယာများကို ပိုမိုသွားရောက်လုပ်ကိုင်နိုင်ကာ အခွန်နှင့် ဆက်ကြေးများလည်း လျော့နည်းလာသည်ကိုအတွက် စားဝတ်နေရေးများ တိုးတက်လာသည်။ ရွာသားများမှ ဤ အပြောင်းအလဲကို အသိမှတ်ပြုကြိုဆိုသော်လည်း အပစ် အခတ်ရပ်စဲရေးနှင့် ဖြစ်ပေါ်လာသော ငြိမ်းချမ်းရေးလုပ်ငန်းစဉ်က ဆက်လက်တည်တံ့ပါ့မလားဆိုသည့် စိုးရိမ်ကြသည်။

ကရင်အမျိုးသား ရွာသားတစ်ဦးက “အပစ်အခတ်ရပ်စဲပြီးကတည်းက ကျွန်တော့်လယ်ထဲသွားပြီး ပုံမှန်

ပေါင်းရှင်းနိုင်တော့ ကျွန်တော့် မိသားစုအတွက် ဆန်ပို ရတာပေ့ါ။ ကျွန်တော် လွတ်လွတ်လပ်လပ်သွားလာလို့ ရပြီး လယ်တဲမှာလည်း အသက်အန္တရာယ်မစိုးရိမ်ရဘဲ အိပ်လို့ရတယ်။ ခု ဗမာစစ်တပ်က ဆက်ပြီးသွားလာနေ ပေမယ့် သူတို့ကို တွေ့မှာ ကြောက်စရာ မလိုတော့ဘူး။" ဟုဆိုသည်။ ကရင်အမျိုးသမီးတစ်ဦးကလည်း MPSI ကို "ကျွန်မတို့ရွာသားတွေဟာ ဂူထဲမှာ အကြာကြီးနေခဲ့ရတဲ့ ဘဲတွေလိုပဲ. . . ခုတော့သူတို့ လွတ်လာပြီ။ သူတို့ ဂူထဲက ထွက်လာရတာကို တအားပျော်တယ်။ ကျွန်မတို့ ရွာသား တွေဟာ အရင်ကထက်ပိုပြီး နေ့ရော ညပါသွားလာနိုင် တဲ့အတွက် ပိုအလုပ်များပြီး ပိုအလုပ်ဖြစ်လာတယ်။" ကရင်နီ (ကယား) ပြည်နယ်မှ ရပ်ရွာများလည်း ထိုသို့သော ယင်းတို့ဘဝပြောင်းလဲမှုကို ပြောဆိုသည်။ ကရင်နီ ရွာသားတစ်ဦးက "အပြောင်းအလဲကတော့ စစ်တပ်ခြိမ်း ခြောက်မှုလည်း မရှိတော့ဘူး။ ပေါ်တာဆွဲတာလည်း မရှိ တော့ဘူး။"ဟု ပြောသည်။

အပစ်အခတ်ရပ်စဲရေးသဘောတူညီချက်သည် တိုင်းရင်းသားအဖွဲ့များအား ရပ်ရွာလူထုများနှင့် တွေ့ဆုံ ဆွေးနွေးမှု အစီအစဉ်နှင့် မော်လမြိုင်တွင် ကျင်းပသော မွန်အမျိုးသားညီလာခံ၊ ရှမ်းပြည်တွင် ကျင်းပသော ငြိမ်းချမ်းရေးအတွက် ယုံကြည်မှုတည်ဆောက်ခြင်း ညီလာခံတို့ ကဲ့သို့သော ညီလာခံများ ကျင်းပစေနိုင်ခဲ့ သည်။ ဤလုပ်ဆောင်မှုများက တိုင်းရင်းသား လက်နက် ကိုင်အဖွဲ့များ၊ နိုင်ငံရေးအဖွဲ့အစည်းများနှင့် လူမှုလုပ်ရှား သူများအကြား ပိုမိုတွေ့ဆုံဆွေးနွေးရန် နေရာပေးသည်။ MPSI နှင့် တွေ့ဆုံခဲ့သူများက အတိတ်က ထိုသို့ ပြုလုပ်ရန် မဖြစ်နိုင်ကြောင်း ပြောကြသည်။

ထိုသို့ အပြုသဘောအမြင်များရှိသော်လည်း အစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင်အကြား နိုင်ငံရေးသဘော တူညီမှုမရဘဲ ငြိမ်းချမ်းရေးဖြစ်စဉ် ပြိုပျက်မည့် စိုးရိမ်မှုပူပန် မှု ကျယ်ကျယ်ပြန့်ပြန့်တွေ့ရသည်။ "အပစ်အခတ်ရပ်စဲရေး ပျက်သွားရင်တော့ ကျွန်တော့်အတွက် ဆက်အသက်ရှင်ဖို့ မတန်တော့ဘူး။" ဟု အမျိုးသားတစ်ဦးကဆိုသည်။ မြန်မာနိုင်ငံတွင် လုံလောက်သော နိုင်ငံရေးဆွေးနွေးမှုနှင့် အစိုးရ-လူမှု ဆက်ဆံရေးပြန်လည်ညှိနှိုင်းမှုတို့ ကသာလျှင် ရေရှည်တည်တံ့သော မျှတသည့် ငြိမ်းချမ်းရေးကို ဆောင် ယူလာနိုင်သည်ဟု ကျယ်ပြန့်စွာ နားလည်ထားကြသည်။

ကရင်နီရွာမှ (အမျိုးသား) တစ်ဦးက "လူတွေက ငြိမ်းချမ်း ရေးလိုချင်တယ်။ အားလုံးအတူလာပြီး ငြိမ်းချမ်းရေးကို အထောက်အကူပြုဖို့နဲ့ ထိန်းသိမ်းဖို့လုပ်ရမယ်။ ကျွန်တော် တို့ ကြိုးစားမှသာ ဖြစ်နိုင်မယ်။ ကျွန်တော်တို့ ကြောက်နေ ရင် ဒီတစ်ခါ ဘာမှရမှာ မဟုတ်ဘူး။" ဟု ဆိုသည်။

မေးမြန်းခံရသူအချို့က MPSI ထောက်ပံ့သော စီမံကိန်းများဖြစ်သော NMSP ၏ ရပ်ရွာတိုင်ပင်ဆွေးနွေး မှု၊ မွန်အမျိုးသားညီလာခံ၊ ကရင်နှင့် မွန်ဒုက္ခသည်များ နေထိုင်ရာ၌ ပြုလုပ်သော စမ်းသပ်စီမံကိန်း၊ ရှမ်းပြည် တွင်ကျင်းပသော ငြိမ်းချမ်းရေးအတွက် ယုံကြည်မှု တည်ဆောက်ခြင်းညီလာခံ၊ မွန်အမျိုးသားကျောင်းစနစ် နှင့် ရင်းနှီးမှုရှိကြသော်လည်း အများစုသော မေးမြန်းခံ ရသူများက MPSI ကို မကြားဖူးပေ။ စီမံကိန်းများသည် ဒေသခံမိတ်ဖက်အဖွဲ့အစည်းများက ပိုင်ဆိုင်သော စီမံကိန်း များအဖြစ် ပြသနေရာ MPSI က ဤအရာကို အောင်မြင်မှု ၏ ညွှန်းကိန်းအဖြစ် မှတ်ယူသည်။

ရပ်ရွာများက နိုင်ငံတကာအဖွဲ့အစည်းများကို ဖွံ့ဖြိုး ရေး လိုအပ်ချက်ဖြစ်သော အခြေခံအဆောက်အဦ၊ စားနပ် ရိက္ခာလုံခြုံမှု၊ ကျန်းမာရေးစောင့်ရှောက်မှု၊ ပညာရေး အထောက်အပံ့နှင့် အသက်မွေးဝမ်းကျောင်း သင်တန်းများ အပါအဝင် ကျား၊ မ ရေးရာ(ဂျန်ဒါ) ဆိုင်ရာလုပ်ဆောင်မှု နှင့် အမျိုးသမီးများ ဘဝတိုးတက်ဖွံ့ဖြိုးလာမှုတို့ကို အာရုံ စိုက်သည့် လုပ်ဆောင်မှုများ စသည်တို့ကို ကူညီရန် အကြံပေးသည်။ အပစ်အခတ်ရပ်စဲရေး တည်တံ့စေရန် အတွက် နိုင်ငံတကာအဖွဲ့များမှ မြန်မာအစိုးရကို စစ်မှန် သော ဒီမိုကရေစီဖြစ်အောင်လုပ်ရန် ဖိအားပေးရန်လည်း အကြံပြုအားပေးသည်။ တွေ့ဆုံမေးမြန်းမှု၏ အဓိကအာရုံ စိုက်ရာမှာ လွန်ခဲ့သောနှစ်နှစ်အတွင်း ဖြစ်ပေါ်ခဲ့သည့် ပြောင်းလဲမှု (ရပ်ရွာများအတွက် ယင်းတို့၏ နေ့စဉ်ဘဝ များနှင့် ယခုလက်ရှိ စိုးရိမ်မှုများကို မေးမြန်းခြင်း ပါဝင် သည်)၊ အပစ်အခတ်ရပ်စဲရေးနှင့် ပတ်သက်သော ယုံကြည် မှုနှင့် ပဋိပက္ခဖြစ်ပွားထိခိုက်နိုင်ချေကို ဂရုပြုခြင်းများ၊ MPSI စီမံကိန်းများ၏ အကျိုးသက်ရောက်မှု (ရှိလျှင်)နှင့် မြန်မာ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် ကူညီရန်လုပ်ဆောင်နေ သော MPSI နှင့် နိုင်ငံတကာအဖွဲ့များအား အကြံပြုချက် များ စသည်တို့ဖြစ်သည်။

တွေ့ဆုံမေးမြန်းမှုမှာ NMSP၊ ရှမ်းအမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ် SNLD၊ MNEC, MWO, မွန်အမျိုးသားညီလာခံအလုပ်အဖွဲ့၊ ရှမ်းပြည်တွင်ပြုလုပ်သော ငြိမ်းချမ်းရေးအတွက် ယုံကြည်မှုတည်ဆောက်ခြင်းညီလာခံ အလုပ်အဖွဲ့နှင့်အတူ ပဋိပက္ခထိခိုက်သော ရပ်ရွာများဖြစ်သည့် (က) ကျောက်ကြီးမြို့နယ်၊ ပဲခူး(အရှေ့)၊ (ခ) ကရိန်းဗတွဲ (သဲဖြူ ချောင်း) ဒေသ၊ ရေဖြူမြို့နယ်၊ တနင်္သာရီတိုင်းနှင့် (ဂ) ကရင်နီ (ကယား)ပြည်နယ်မှ ကျေးရွာ (၁၂) ရွာတို့တွင် မေးမြန်းခဲ့သည်။

တစ်ခါတစ်ရံတွင် တွေ့ဆုံမေးမြန်းမှုသည် အစည်းအဝေး၊ ညီလာခံများတွင် အခွင့်အရေးရသော အခြေအနေ၌ မေးမြန်းဖြစ်သည်။ မှတ်တမ်းတင်ရန်အတွက် သီးသန့်ခရီးစဉ်များ ပါဝင်သော်လည်း တွေ့ဆုံမေးမြန်းမှုမှာ စနစ်တကျ (သို့) ကိန်းဂဏန်းစာရင်းဇယားအရအားကောင်းအောင်ကြိုးစားခြင်းမျိုး မဟုတ်ဘဲ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အပေါ်တွင် မြင်သော အမြင်နှင့် ယင်း၏ နေ့စဉ်ဘဝအပေါ် အကျိုးသက်ရောက်မှုအပေါ် ပိုမိုနားလည်သိမြင်ရန် အခွင့်အရေးရတိုင်း မေးမြန်းခဲ့သည်။

မေးမြန်းမှုများမှာ ၂၀၁၃ နှစ်ဝက်ကျော်တွင်ဖြစ်ပြီး တစ်နိုင်ငံလုံးဆိုင်ရာ အပစ်အခတ်ရပ်စဲရေး သဘောတူညီမှုအတွက် ဆွေးနွေးမှုများဖြစ်နေစဉ်ကာလတွင် မှတ်တမ်းတင်မှုများ ပြုလုပ်သည်။ ဤမေးမြန်းရရှိချက်များက ၂၀၁၃ ခုနှစ် နှောင်းပိုင်းအတွင်း ငြိမ်းချမ်းရေးအတွက် ထောက်ပံ့သူများအတွက် စိတ်ဝင်စားစရာဖြစ်လိမ့်မည်ဟု မျှော်လင့်ပြီး ဒေသခံသက်ဆိုင်သူများ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အပေါ် နားလည်မှုကို ပိုမိုသိရှိစေရန် အထောက်အကူပြုလိမ့်မည်ဟု မျှော်လင့်သည်။

တွေ့ဆုံမေးမြန်းမှု အချို့(မေးမြန်းမှုတစ်ခုလုံးမဟုတ်)ကို ဆက်လက်ဖော်ပြထားသည်။ မေးမြန်းခံရသူများတွင် တူညီစွာ မျှဝေခံစားသော ခံစားချက်များရှိပြီး ယင်းကို မှတ်တမ်းရေးထားသည်။ တုံ့ပြန်မှုအဖြေများကို ဒေသအလိုက် တင်ပြထားသည်။



## လွန်ခဲ့သော နှစ်နှစ်အတွင်းပြောင်းလဲမှု - နေ့စဉ်ဘဝပြောင်းလဲမှုနှင့် လက်ရှိစိုးရိမ်မှုများ

### မွန်ပြည်နယ် - စက်တင်ဘာမှ အောက်တိုဘာထိ ၂၀၁၃။

မွန်ဒေသတွင် အပစ်အခတ်ရပ်စဲရေးက လုံခြုံမှုကို တိုးစေပြီး၊ ရပ်ရွာတွင်း လွတ်လပ်စွာသွားလာနိုင်မှုကို ဖြစ်စေကာ ညှဉ်းပန်းနှိပ်စက်မှု၊ တရားဥပဒေမဲ့သတ်ဖြတ်မှု ကဲ့သို့သော ပြင်းထန်သည့် လူ့အခွင့်အရေးချိုးဖောက်မှုများ မရှိတော့ဟု မေးမြန်းခံရသူများက ပြောသည်။ အစိုးရနှင့် NMSP အပစ်အခတ်ရပ်စဲရေး ၂၀၁၂ သဘောတူညီမှုအသစ် လက်မှတ်ထိုးပြီးနောက် မွန်အမျိုးသားညီလာခံကျင်းပကာ NMSP က ရပ်ရွာဆွေးနွေးတိုင်ပင်မှုပြုလုပ်သည်။ မွန်လူမျိုးများ နေထိုင်ရာဒေသမှ သက်ဆိုင်သူများက ဤလုပ်ငန်းများသည် NMSP၊ နိုင်ငံရေးပါတီများနှင့် ရပ်ရွာများကြား ယုံကြည်မှုတည်ဆောက်ပေးပြီး နိုင်ငံရေးပြောင်းလဲမှုအပေါ် လူထု၏ အသိကို တိုးပွားစေခဲ့သည်။ မေးမြန်းခံရသူတစ်ဦးက အမျိုး သမီးများ၏ လူမှု-နိုင်ငံရေး အခြေအနေတိုးတက်လာသည် ဟုဆိုသော်လည်း ယင်းသည် အပစ်အခတ်ရပ်စဲရေးကြောင့် ဟုတ်ချင်မှ ဟုတ်မည်ဟုဆိုသည်။ မေးမြန်းခံရသူ အတော်များများက မွန်ကျောင်းများတွင် မွန်ဘာသာစကားအသုံးပြုရန် အရေးကြီးမှုကို အဓိကပြောဆိုကြသည်။

- "[မွန်များနေထိုင်ရာဒေသဖြစ်သော တောင်ပိုင်းအရှေ့ခြမ်း] လုံခြုံရေးနဲ့ လွတ်လပ်စွာသွားလာခွင့် တိုးတက်လာတယ်လို့ ခံစားရတယ်။" NMSP, MWO နှင့် MNEC မှ ကိုယ်စားလှယ်များ

- "မှတ်ပုံတင်ကတ်ကြောင့် မဲပေးခွင့်ရတာ၊ လွတ်လပ်စွာသွားလာနိုင်တာတွေက ယုံကြည်မှုတွေ တိုးတက်လာစေတယ်။ ဆွေးနွေးတိုင်ပင်တဲ့အလုပ် [NMSP မှလုပ်သော ရပ်ရွာဆွေးနွေးတိုင်ပင်မှု] ကတစ်ဆင့် ရွာသားတွေက ပါတီဝင်တွေနဲ့ သူတို့ အမြင်ကို ပြောရလာတယ်။ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ထဲမှာ သူတို့ပိုနားလည်ပြီး ပါဝင်လာဖို့ နိုင်ငံရေးအသိ အမြင်တွေ မြင့်တင်ဖို့ လိုနေသေးတယ်။ ၁၉၉၅ အပစ်အခတ်ရပ်စဲ

ရေးသဘောတူညီမှုကတည်းက အပြောင်းအလဲတွေ ဖြစ်ခဲ့တယ်။ အဲတုန်းက NMSP က ဒီထားဝယ်ခရိုင်ရုံး ထောင်ခွင့်မရခဲ့ဘူး။ ဒီ ၂၀၁၂ အပစ်အခတ်ရပ်စဲရေး သဘော တူညီမှုက NMSP ဒီထားဝယ်ခရိုင်ရုံး ထောင်လို့ရစေပြီး လုံခြုံရေးကြောင့် အရင်က မဖြစ်နိုင်တဲ့ နှစ်ရှည်စိုက်ပျိုးရေးအပါအဝင် ရပ်ရွာကောင်းကျိုးအတွက် လုပ်ပေးတယ်။" (NMSP ထားဝယ်ခရိုင် ဥက္ကဋ္ဌ)

- "ပြီးခဲ့တဲ့ နှစ်နှစ်တွင်းက အပြောင်းအလဲလား။ ကျန်းမာရေးကိစ္စတွေ ပိုနားလည်လာလို့ ရပ်ရွာနဲ့ ဆက်ဆံရေးပိုကောင်းလာတယ်။ ရပ်ရွာအတွက် အလုပ်အကိုင်အခွင့်အလမ်းတွေ ပေါ်လာတယ်။ အမျိုးသမီးတွေ လူမှု-နိုင်ငံရေးအခြေအနေနှင့် ဆက်ဆံခံရပုံ ဖြည်းဖြည်းချင်း တိုးတက်လာတယ်။ ဒါပေမယ့် အပစ်အခတ်ရပ်စဲတာနဲ့ နည်းနည်းပဲ ဒါမှမဟုတ် မဆိုင်ဘူးထင်တယ်။"(MWO အဖွဲ့ဝင်)

- "အမျိုးသမီးလေးတွေ ၁၅-၁၆ နှစ် အသက် ငယ်ငယ်နဲ့ အိမ်ထောင်ကျတာရွာတွေမှာ မြင်ရတုန်းပဲ။ အမျိုးသမီးတွေ အလုပ်ကောင်းကောင်းအတွက်နဲ့ ပညာရေးအတွက် ဆန္ဒတွေအပေါ် ကြီးမားတဲ့ အဟန့်အတားပဲ။" (MNEC နှင့် MWO အဖွဲ့ဝင်)

- "ကလေးက သူ့အမေဗိုက်ထဲကတည်းက ရင်းနှီးတဲ့ မိခင်ဘာသာစကားဖြစ်တဲ့ မွန်ဘာသာစကားသင်ဖို့ အရေးကြီးတယ်။ ဒီဘာသာစကားနဲ့ သူ့ကို ပျိုးထောင်မယ်၊ သင်မယ် သူ့အတန်းတစ်ခုရောက်တဲ့အထိပေါ့။ ဒါမှ ကျောင်းမှာ ဘာသာစကား အခက်အခဲ မရှိမှာလေ။" (MNEC အဖွဲ့ဝင်)

- "မွန်အမျိုးသားညီလာခံကိုယ်၌ကိုက အပစ်အခတ်ရပ်စဲပြီးနောက် အပြောင်းအလဲကြီးပဲ။ ဒီညီလာခံမျိုး အရင်က မဖြစ်နိုင်ဘူး ခုမြင်နေရပြီ။ ကျောင်းသင်ရိုးထဲ အဖွဲ့တည်ဆောက်တဲ့ အောက်မှာ ငြိမ်းချမ်းရေး တည်ဆောက်မှု ထည့်သင့်ဖို့ ဆွေးနွေးနေကြပြီ။ အတွေး အခေါ်ကတော့ ကလေးတွေကို အကြမ်းမဖက်ဘဲ ပဋိပက္ခကို အေးချမ်းစွာ ဖြေရှင်းနည်းကို ကလေးတွေ ရင်းနှီးစေဖို့။" (MNEC အဖွဲ့ဝင်)

- "ကျုပ်တို့ လွတ်လပ်စွာသွားလာခွင့်နှင့် လုံခြုံရေး တိုးခံစားလာရတယ်။ ညဥ့်ပန်းနှိပ်စက်မှု တရားရုံး ပြင်ပ သတ်ဖြတ်မှုလို ပြင်းထန်သည့် လူ့အခွင့်အရေး ချိုးဖောက်မှုတွေ မရှိတော့ဘူး။ ကျုပ်တို့ ကျောင်း တွေ အဆင့်မြင့်ချင်ပြီး ကျန်းမာရေး အဆင့်အတန်း တွေ အဆင့်မြင့်တာတွေ လိုချင်တယ်။" ကရိန်းဗတွဲ (သဲဖြူချောင်း)ဒေသ၊ ရေဖြူမြို့နယ်၊ တနင်္သာရီတိုင်းမှ ရွာသားများ

## ကျောက်ကြီးကျေးရွာအုပ်စု၊ ပဲခူးတိုင်းအရှေ့ အောက်တိုဘာ ၂၀၁၃။

KNU အပစ်အခတ်ရပ်စဲရေး မရှိခင် ရွာသားများမှာ အပစ်အခတ်များကြားမှ ထွက်ပြေးကာ အတင်းအကျပ်စစ်မှုထမ်းခိုင်းခြင်းနှင့် ပေါ်တာဆွဲခြင်းတို့မှ မကြာခဏ ရှောင်ရှားရသည်။ ယနေ့တွင် ကျောက်ကြီးဒေသရှိ ကရင်လူထုက အကြောက်တရားများ များစွာ လျှော့ကျသွားကြောင်း ပြောသည်။ အပစ်အခတ်ရပ်စဲရေး မရှိခင် ရွာသားတော်တော်များများက ခရီးသွား၍ မရ (သို့) လယ်ထဲသွား၍ မရဘူး (သို့) သွားလိုလျှင် လာဘ်ပေးပြီးမှ သွားခဲ့ရသည်ဟုဆိုသည်။ ထိုစဉ်တွင်ပင် ရွာသားများခရီးသွားရာ၌ တောတွင်းအဖွဲ့အစည်းများကို ထောက်ပံ့သည်ဟုသော စွပ်စွဲခံရနိုင်မှုဘေးရှိရာ သယ်ဆောင်ခွင့်ရှိသော အစားအသောက်နှင့် အခြားရိက္ခာများကို တင်းကျပ်စွာ ကန့်သတ်ထားသည်။ သို့သော် အပစ်အခတ်ရပ်စဲပြီးနောက် ရွာသားများမှ လွတ်လပ်စွာသွားလာနိုင်ကာ ယင်းတို့၏ စပါးခင်းများကိုလည်း ပြုစုပျိုးထောင်စိုက်ပျိုးနိုင်ပေသည်။ လွန်ခဲ့သော နှစ်နှစ်အတွင်း အစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များကို ပေးဆောင်ရသော အခွန်မှာလည်း လျော့နည်းလာသည်။ ရပ်ရွာတော်တော်များများတွင် လယ်ယာများကို ပိုမိုသွား ရောက်လုပ်ကိုင်နိုင်ကာ အခွန်နှင့် ဆက်ကြေးများလည်း လျော့နည်းလာသည်ကိုအတွက် စားဝတ်နေရေးများ တိုးတက် လာသည်။ ရွာသားများမှ ဤအပြောင်းအလဲကို အသိမှတ်ပြု ကြိုဆိုသော်လည်း အပစ်အခတ်ရပ်စဲရေးနှင့် ဖြစ်ပေါ်လာသော ငြိမ်းချမ်းရေး လုပ်ငန်းစဉ်ကို ဆက်လက်တည်တံ့ပါ့ မလားဆိုသည့် စိုးရိမ်ကြသည်။

- “ခု အပစ်အခတ်ရပ်စဲပြီးနောက် ကျွန်တော်တို့ နေရတာနည်းနည်းပိုကောင်းပြီး ပုံမှန်ဘဝဖြစ်လာတယ်။ အသက်ရှူချောင်လာတယ်။ အဲဒီလိုဆက် ဖြစ်ပါစေလို့ ကျွန်တော်တို့ မျှော်လင့်တယ်။” ဖိုးသောင်းစုရွာမှ ရွာသား

- “အပစ်အခတ်ရပ်စဲပြီးကတည်းက ကျွန်တော့် လယ်ထဲသွားပြီး ပုံမှန်ပေါင်းရှင်းနိုင်တော့ ကျွန်တော့် မိသားစုအတွက် ဆန်ပိုရတာပေ့ါ။ ကျွန်တော် လွပ်လွပ် လပ်လပ်သွားလာလို့ရပြီး လယ်တဲမှာလည်း အသက် အန္တရာယ်မစိုးရိမ်ရဘဲ အိပ်လို့ရတယ်။ ခုမြန်မာ စစ်တပ်က ဆက်ပြီးသွားလာနေပေမယ့် သူတို့ကို တွေ့မှာ ကြောက်စရာမလိုတော့ဘူး။. . . အရင်လို မဟုတ်ဘူး။ ခုကျွန်တော် ကျောက်ကြီးသွားပြီး အစားအသောက်နဲ့ အိမ်အသုံးအဆောင် ဝယ်လို့ရတယ်။ ခွင့်ပြုချက်မလို၊ အနှောင့်အယှက် မရှိဘဲ ဆွေမျိုးတွေဆီကို သွားလည်လို့ရတယ်။ ကြာကြာ နေချင်သလောက်နေလို့ရတယ်။ အခြားရွာတောင် သွားလို့ရတယ်။ ခရီးသွားရတာ လွယ်တယ်။” KNU ထိန်းချုပ်နယ်မြေ၊ ကဲဒါးကျေးရွာ အုပ်စုတွင်နေထိုင်သော အသက် ၃၀ ရှိ အမျိုးသား

- “အခု အပစ်အခတ်ရပ်စဲပြီးကတည်းက ဘုရား သခင်ရဲ့ ကျေးဇူးတော်ကြောင့် လွတ်လွတ်လပ်လပ် ခရီးသွားလို့ရတယ်။ စစ်တပ်ကိုလည်း ပိုက်ဆံအများကြီးပေးစရာ မလိုတော့ဘူး။ အလုပ်သွား ရဲတယ်။ ခရီးသွား ရဲတယ်။ ကောင်းချီးတံခါး ကျွန်တော်တို့အတွက် ဖွင့်ပေးသလိုပဲ။ ဒါကြောင့် ကျွန်တော်တို့ ဘဝက ခက်ခဲရာကလွယ်လာတယ်။ စိတ်ပိုချမ်းသာလာတယ်။ အတင်းအလုပ်ခိုင်းစေတာတွေ ကြုံရတာ မရှိတော့ဘူး။” ဖိုးသောင်းစုရွာမှ ရွာသား

- “ရွာကို ပြန်ပြောင်းလာကတည်းက လူငယ်မျိုးဆက်တွေပညာရေးတိုးတက်ဖို့ ရွာက လိုအပ်တယ်။ ၂၀၀၁-၀၂ ရွာအဝင်မှာ ကျောင်းဆောက်ပြီး ကျောင်းသားတွေကို သင်တယ်။ ကျွန်မတို့ ကလေးတွေကို ချစ်လို့လုပ်တာ။ ကျွန်မတို့ ကျောင်းကို အခု အစိုးရကလည်း အသိအမှတ်ပြုတယ်။ ကျွန်မတို့ တရားဟော ဆရာကတော်နဲ့ ဗဟုသုတရှိတဲ့ ရွာသားက ကျန်းမာရေးပြဿနာတွေကို ကူညီတယ်။ ဒါပေမယ့် ကျွန်မတို့ ဒေသမှာ မြွေတအားပေါတယ်။ အဲဒါက ပြဿနာကြီးပဲ။ ကျွန်မတို့ ပညာတတ်တွေနဲ့ ရွာဖွံ့ဖြိုးဖို့ လိုအပ်တယ်။” ဖိုးသောင်းစု ရွာမှ ရွာသူ

- “တစ်ခါတစ်လေ KNU ကလူတွေကို ရွာထဲ ဖွက်ထားရတယ်။ ခု ဗမာစစ်တပ်က KNU လူတွေ အနားရှိတောင် သတိမထားမိဘူး။” ဖိုးသောင်းစုရွာမှ ရွာသား

- “ရွာနားမှာ မြစ်ရှိတယ်။ အဲဒီကို သွားဖို့တောင် ရွာသားတွေက အဲဒီကို မသွားခင် ဗမာစစ်တပ်ဆီက ခွင့်ပြုစာလိုတယ်။ ခုတော့ ဘယ်လိုဖြစ်ဖြစ် ကျွန်တော်တို့ လွတ်လွတ်လပ်လပ်သွားလို့ရပြီ။” ဖိုးသောင်းစုရွာမှ ရွာသား

- “အရင်က ခွင့်ပြုစာအတွက် ရွာသားတွေက ငွေပေးရတယ်။ ကျွန်တော်တို့ လယ်ကိုသွားဖို့ ခွင့်ပြုချက်လိုတယ်။ သူတို့စစ်တပ် အပြောင်းအလဲဖြစ်ရင် ခွင့်ပြုစာအတွက် ငွေထပ်ပေးရတယ်။ ကျွန်တော်တို့ အမြဲပေးရတယ်။ ခု အပစ်အခတ်ရပ်စဲပြီးနောက် အဲလိုပေးစရာ မလိုတော့ဘူး။” ဖိုးသောင်းစုရွာမှ ရွာသား

- “မနှစ်က လူတစ်ယောက် မြွေကိုက်ခံရပြီး သွေးထွက်နေတယ်။ ရွာမှာ သူ့ကို ဘယ်သူမှ မကုနိုင်တော့ ကျောက်ကြီးဆေးရုံကို ပို့တယ်။ သူတို့က သူ့ကို နေပြည်တော်ဆေးရုံလွှဲပို့ဖို့ ကူညီတယ်။ အပစ်အခတ်မရပ်ခင်တုန်းက သူတို့ အဲလို ဘယ်ကူညီနိုင်မလဲ။” ဖိုးသောင်းစုရွာမှ ရွာသူ

- “အပစ်အခတ်ရပ်စဲပြီးနောက် ကျွန်မတို့ ရွာသားတွေဟာ ဂူထဲမှာ အကြာကြီးနေခဲ့ရတဲ့ ဘဲတွေလိုပဲ. . . ခုတော့သူတို့ လွတ်လာပြီ။ သူတို့ ဂူထဲက ထွက်လာရတာကို တအားပျော်တယ်။ ကျွန်မတို့ ရွာသားတွေဟာ အရင်ကထက်ပိုပြီး နေ့ရောညပါ သွားလာနိုင်တဲ့အတွက် ပိုအလုပ်များပြီး ပိုအလုပ်ဖြစ်လာတယ်။ အထူးသဖြင့် သူကြီးပေ့ါ။ ဒါပေမယ့် ရွာသားတွေကြားထဲမှာ စည်းလုံးမှုနဲ့ နားလည်မှု နည်းလာတော့ ရွာသားတွေကြားထဲ ဆက်ဆံရေး သိပ်မကောင်းဘူး။ ကိုယ့်တစ်ယောက်အတွက်ပဲ

စဉ်းစားပြီး တစ်ရွာလုံးဖွံ့ဖြိုးရေးအတွက် မစဉ်းစားဘူး။ ဒါကြောင့် ကျွန်မတို့ ကရင်ခေါင်းဆောင်၊ ဘုရားကျောင်းခေါင်းဆောင်နဲ့ ရွာသားတွေအတူ အလုပ်လုပ်၊ တစ်ယောက်နဲ့တစ်ယောက်ပို နားလည်၊ ပိုကြိုးစားပြီး ကျွန်မတို့ ပန်းတိုင်ရယူရမယ်။" ဖိုးသောင်းစုရွာမှ ရွာသူ

- "ဘေးကရွာက သုံးခါရွှေ့ရတယ်။ ကျွန်တော်တို့က ခြောက်ခါရွှေ့ရတယ်။ ရွှေ့လေလေ ပြေးရလေလေ ဘာမှ မကျန်လေလေဘဲ အိုးအဖုံးတောင် မကျန်ဘူး။ ခုလို ပွင့်ပွင့်လင်းလင်းပြောနိုင်တာ အပစ်အခတ်ရပ်စဲရေးကြောင့်ပေါ့။ အရင်ကဒီလို မပြောရဲဘူး။ ဒီကိစ္စနဲ့ ပတ်သက်ပြီး ပါးစပ်မဟရဲဘူး။ ခု ဘာမှ မကြောက်တော့ဘူး။" ဖိုးသောင်းစုရွာမှ ရွာသား

- "အရင်က ကျွန်တော်တို့ ဘဝက သူခိုးနဲ့တူတယ်။ အမျိုးတွေနဲ့ တွေ့တာ စကားပြောတာ သတိထားနေရတယ်။ ခုဘဝ ပိုအဆင်ပြေလာတယ်။ လွတ်လွတ်လပ်လပ် ခရီးသွား အလုပ်လုပ်လို့ရတယ်။ စိတ်ထဲငြိမ်းချမ်းရေးရတယ်။ အပစ်အခတ်ရပ်စဲရေး မတိုင်ခင် ရွာပြင်နဲ့ ရွာနားတစ်လျှောက်သွားရင် ခွေးဟောင်သံကို အမြဲနားထောင်ရတယ်။ ဗမာစစ်တပ်ဆီက ရောက်လာမယ့်အမိန့် (သို့) သတင်းဆိုးကို စောင့်ရတယ်။ တစ်ခါ ရွာသူကြီးလုပ်ဖို့ ကျွန်တော် အလှည့်ကျတယ်။ တစ်နေ့လယ်ထဲ အလုပ်လုပ်နေတုန်း ဒေသထဲက စစ်တပ်က လူတစ်ယောက်လွှတ်ပြီး တောင်းဆိုမှုတွေ အများကြီးနဲ့ ရောက်လာတယ်။ အမိန့်အတိုင်း ကျွန်တော် လိုက်နာလိုက်ရတာပဲ။ ဒါကြောင့် ဒီအတွေ့အကြုံက ခက်တယ်။ အပစ်အခတ်ရပ်စဲပြီးနောက် ရွာသူကြီးအဖြစ်နဲ့ စိတ်ပူစရာနည်းပြီး ခွေးဟောင်တာကို ဂရုတောင် မစိုက်တော့ဘူး။ ဘယ်သူမှ ကျွန်တော့်ကို လာတောင်းဆိုတာ၊ အမိန့်ပေးတာ နှောင့်ယှက်တာ မရှိဘူး။ ဘာအခွန်မှ ပေးစရာမလိုတော့ဘူး။ ဘုန်းကြီးလှူတယ်။ ဘုရားကျောင်းအဖွဲ့ဝင်တွေကလည်း သူတို့ ဘုရားကျောင်းလှူတယ်။ အရင်က ဗမာစစ်တပ်ပေးဖို့ ငွေစုပြီး မိသားစုဖို့ မကျန်ဘူး။ ကြက်များများမွေးလေ ကောင်းလေ..ဘာလို့လဲဆိုတော့ ဗမာစစ်တပ်ကို ကြက်ပေးလိုက်ရင် ရွာသားတွေ ဒုက္ခနည်းတယ်လေ။ ခုတော့ ကိုယ့်ဘာသာ စားတယ် ဒါမှမဟုတ် ရောင်းတယ်။" မြစ်ရေရွာမှ ရွာသား

- "အပစ်အခတ်ရပ်စဲပြီး နှစ်နှစ်အတွင်း ပေါ်တာဆွဲတာ၊ အတင်းလုပ်အားပေးခိုင်းတာ၊ နှစ်ဘက်လုံးက အခွန်ကောက်တာ မရှိတော့သလို ဘယ်သူမှ ကျွန်တော့်ကြက်ကို လာမတောင်းတော့ဘူး။ ဒါကြောင့် အရပ်သားတွေဘဝက ပိုကောင်းလာတယ်။ ကျွန်တော်တို့ လယ်တွေဆီသွားလို့ရတယ်။ ကြိုက်သလောက် အိပ်လို့ရတယ်။ ဘယ်သူမှ ကျွန်တော်တို့ လယ်ကိုသွားဖို့နဲ့ အစားအသောက် ဘယ်လောက်ပါတယ်ဆိုတဲ့ ခွင့်ပြုစာပြခိုင်းပြီး အနှောင့်အယှက် မပေးတော့ဘူး။ ကျွန်တော်တို့ အရပ်သားတွေက အပစ်အခတ်ရပ်စဲရေးလုပ်ငန်းစဉ်ကြောင့် ပျော်နေကြတယ်။" မြစ်ရေရွာမှ ရွာသား

- "ကျွန်မတို့ အခါခါ ထွက်ပြေးရတယ်။ ဒါကြောင့် ရွာသားတွေနဲ့ ဘုရားကျောင်းအဖွဲ့ဝင်တွေက ကျောက်ကြီးနားမှာ ပြန့်ကျဲနေတယ်။ ရွာသား၊ ဘုရားကျောင်းအဖွဲ့ဝင် အချို့က ဒုံးဒုံး၊ ကျောက်ကြီး၊ ဟောကိုကော၊ ရမျိုးအောင် (အိမ်ခြေ ၄၀)၊ ဒုက္ခသည် စခန်းနဲ့ နိုင်ငံခြားကို ရွှေ့ကြတယ်။ ခုဆိုရင် မူလရွာ (မြစ်ရေ) ကို ရွာသား သုံးပုံတစ်ပုံပဲ ပြန်ရွှေ့လာတယ်။ ဘုရားကျောင်းနဲ့ ရပ်ရွာအလုပ်အတွက် ရွာသားနဲ့ ဘုရားကျောင်းဝင်တွေကို ဆက်သွယ်ရတာခက်တယ်။ သူတို့ တစ်ကွဲတစ်ပြားဆီမှာနေကြလို့။ လျှို့ဝှက်ပြီး အသိပေးရတယ်။ ဒါပေမယ့် အပစ်အခတ်ရပ်စဲပြီးနောက် လွတ်လွတ်လပ်လပ် အသိပေးလို့ရတယ်။ အပစ်အခတ်ရပ်စဲရေး မတိုင်ခင် ဘုရားကျောင်းအဖွဲ့ဝင်နှစ်စဉ်ကြေးပေးဖို့ ခက်တယ်။ ဒါပေမယ့် ဘုရားကျောင်းခေါင်းဆောင်က အခြေအနေကို နားလည်တယ်။ ခုတော့ ပိုလွယ်လာတယ်။" မြစ်ရေရွာမှ ရွာသူ

- "တလောကပဲ ကွမ်းခြံထဲက ရှမ်းရွှေ့ပြောင်းအလုပ်သမားနဲ့ စကားပြောတယ်။ သူကျွန်တော့်ကို အစ်ကိုလို့ခေါ်ပြီး အရင်တုန်းက ဓားပြလူဆိုးတွေကလွဲလို့ ဘယ်သူမှ ဒီကို မလာရဲဘူး။ ခု ကျွန်တော်တို့ ဗမာစစ်တပ်ဆီက ခွင့်ပြုစာမလိုဘဲ ဒီကိုလာပြီး အလုပ်လုပ်လို့ရတယ်။ ဘဝက ပိုလွယ်လာပါစေလို့ ဆုတောင်းပါ

တယ်။ ကျွန်တော်တို့ ဒေသမှာ ကောင်းမလာရင် ဆက်အသက်ရှင်ရတာ အဓိပ္ပာယ်မရှိဘူး။ သေတာမှ ကောင်းဦးမယ်” မြစ်ရေရွာမှ ရွာသား

- အပစ်အခတ်မရပ်စဲခင်က ရွာသားတွေက ရွာကို ဗမာစစ်တပ်နဲ့ ပုံမှန်ပေါ်တာဆွဲတာ စောင့်ကြည့်နေရတယ်။ ဘုရားကျောင်းတက်တဲ့ ရွာသားတွေ သိပ်မရှိဘူး စစ်တပ်ကို အလုပ်လုပ်ပေးနေရလို့။ ဘုရားကျောင်းနဲ့ လုပ်ငန်းတွေကို အနှောင့်အယှက်ဖြစ်စေတယ်။ အတူဆုံပြီး အတူအလုပ်လုပ်ဖို့ သိပ်ခက်တယ်။ မိသားစုတိုင်း စားနပ်ရိက္ခာအတွက် ပူရတယ်။ ဘာသာရေးဧည့်သည်တွေလာရင် စုကျွေးရတယ်။ သင်းအုပ်ဆရာအတွက် အထူးဟင်းလျာ မရှိဘူး။ ငပိတောင်ဧည့်သည် ကျွေးဖို့ခက်တယ်။ ဧည့်သည်တွေနဲ့ အစားအသောက်မျှဝေရတာ ခက်တယ် ဘာလို့လဲဆိုတော့ ပိုတဲ့အစားအသောက်တွေကို စစ်တပ်ကိုပေးရတယ်။ အပစ်အခတ်မရပ်ခင်နဲ့ရပ်ပြီး ယှဉ်ကြည့်ရင် ရွာသားတွေ ဆင်းရဲတုန်းဆိုပေမယ့် ဧည့်သည်တွေကို ပိုကျွေးလာနိုင်တယ်။ အရင်ပြဿနာတွေ အများကြီးရှိပေမယ့် ရွာသားတွေအတူ ကျော်ဖြတ်ကြတယ်။ အခြေအနေကောင်းလာတော့ ရွာသားတွေက သူတို့ ဘ၀အတွက် အလုပ်ကြိုးစားလာတယ်။ တွေ့ဖို့ခက်လာတယ်။ ဘုရားကျောင်းတက်တာတာလည်း နည်းလာတယ်။ တိုက်ခိုက်နေတုန်းက ခုချိန်ထက်ဘုရားကျောင်းတက်တာများတယ်။” မြစ်ရေရွာမှ ရွာသူ

## ရှမ်းပြည်နယ် စက်တင်ဘာ ၂၀၁၃

ရှမ်းပြည်နယ်တွင် ပြုလုပ်သော ငြိမ်းချမ်းရေးအတွက် ယုံကြည်မှုတည်ဆောက်ခြင်းညီလာခံကို လားရှိုးမြို့၌ ၂၀၁၃ မတ်လတွင်လည်းကောင်း တောင်ကြီးမြို့၌ ၂၀၁၃ စက်တင်ဘာတွင်လည်းကောင်း ကျင်းပခဲ့သည်။ စက်တင်ဘာလတွင် MPSI ကညီလာခံအလုပ်အဖွဲ့၏ အတွင်းရေးမှူးလည်းဖြစ်သည့် ရှမ်းအမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ် အထွေထွေ အတွင်းရေးမှူးနှင့် စကားပြောခဲ့သည်။ ညီလာခံကို တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များ၊ လူမှုအဖွဲ့အစည်း လုပ်ရှားသူများ၊ ရှမ်း၊ ကယား၊ မွန်၊ ကချင်၊ ရခိုင်၊ ကရင်နှင့် ချင်းပြည်နယ်မှ နိုင်ငံရေးပါတီများ တက်ရောက်ကြသည်။ အထွေထွေအတွင်းရေးမှူးက ယခုကဲ့သို့ ညီလာခံမျိုး ယခင်က ကျင်းပရန် မဖြစ်နိုင်ရာ ယင်းသို့ ကျင်းပနိုင်ခြင်းကို ဖြစ်မြောက်ရေးကော်မတီက ငြိမ်းချမ်းရေးလုပ်ငန်းစဉ်၏ အထိမ်းအမှတ်ရလဒ်တစ်ခု အဖြစ်မြင်သည်။

- “SNLD ရဲ့ မူလရည်ရွယ်ချက်ကတော့ တစ်ဆင့်ပြီး တစ်ဆင့်အားလုံး (တိုင်းရင်းသားအဖွဲ့အစည်း ပါ၀င်မှု) တိုးချဲ့သွားဖို့ပါ။ ဒီစက်တင်ဘာ တတိယအကြိမ်မှာ ကျတော့ ဖိတ်ကြားဖို့ တိုင်းရင်းသားအဖွဲ့တွေ ပိုပြီး ပါ၀င်မှု များလာမယ်ပေါ့။ မြန်မာပြည် နိုင်ငံရေး အခြေအနေအရလည်း မြန်မြန်လုပ်သင့်တယ်လို့ ထင်တယ်။ အဲ့တော့ နာမည်အားဖြင့်တော့ ရှမ်း၊ ကယား၊ မွန်ပြည်နယ် ဆိုပေမယ့် ကရင်၊ ရခိုင်၊ ချင်း၊ ကချင်မှ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့တွေနဲ့ လူမှုအဖွဲ့အစည်းတွေ၊ နိုင်ငံရေးပါတီတွေ တဖြည်းဖြည်းနဲ့ တစ်ပြည်လုံးနီးပါးပါပဲ ဒီမှာ လာစုံတယ်။ . . အရင်က ဒီလိုညီလာခံမျိုး ကျင်းပလို့ ဘယ်ရမလဲ။ ဒါပေမယ့် အခုကျင်းပလို့ရပြီ. . ဒါပေမယ့် အစိုးရဘက်က အပြည့်အ၀ ပံ့ပိုးပေးမှုနဲ့ ပူးပေါင်းဆောင်ရွက်မှု အပိုင်းတွေမှာတော့ စိန်ခေါ်မှုတွေရှိနေသေးတာပေါ့လေ။ ဒီလိုညီလာခံမျိုးဟာ မတူညီတဲ့ အဖွဲ့တွေအတွက် ငြိမ်းချမ်းရေးတည်ဆောက်ရာမှာ ကိုယ့်အမြင်တွေကို ဖွင့်ပြဆွေးနွေးခွင့်ရတဲ့ နေရာလည်းဖြစ်တယ်။” ဦးစိုင်းညွှန့်လွင်၊ ရှမ်းအမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ် အထွေထွေ အတွင်းရေးမှူးနှင့် ငြိမ်းချမ်းရေးအတွက် ယုံကြည်မှု တည်ဆောက်ခြင်းညီလာခံ အလုပ်အဖွဲ့၏ အတွင်းရေးမှူး

## ကရင်နီ (ကယား) ပြည်နယ်၊ နိုဝင်ဘာ ၂၀၁၃။

KNPP အပစ်အခတ်ရပ်စဲရေးမတိုင်မီ ရွာသားများမှာ ဗမာစစ်တပ်နှင့် KNPP နှစ်ဘက်လုံး၏ ပေါ်တာဆွဲခံရခြင်း၊ အတင်းလုပ်အားပေးခိုင်းခံရခြင်းခံရပြီး မကြာခဏ စစ်တပ် လမ်းကြောင်းအတွက် ဒဏ်ကြေးတပ်ခံရသည့် အနေဖြင့် ဆန်၊ ကြက်တို့ကို ပေးရသည်။ အပစ်အခတ်ရပ်စဲရေးမတိုင်မီ ရွာသားအချို့မှာ လျှပ်စစ်တာ၀ါတိုင်များကို ညဘက်ကင်းစောင့်ရန် အတင်းခိုင်းစေခံရသည်။ ယခုအခါ ထိုသို့လုပ်ရန် မလိုတော့သော်လည်း တာ၀ါတိုင်ကို တစ်နှစ်တစ်ခါ ခြံစည်းရိုးကာရသည်။ မျက်မှောက်

တွင် ပေါ်တာဆွဲခြင်းများလည်း မရှိတော့သလို စစ်တပ်များ၏ ခြိမ်းခြောက်ခံရမှုများလည်း မရှိတော့ပေ။ လွတ်လပ်စွာသွားလာခွင့်မှာလည်း သိသာစွာ တိုးတက်လာသည်။

**မှတ်ရန်** – *ကရင်နီ (ကယား) ပြည်နယ်မှ ရွာသားများက အမည်မဖော်လိုကြရာ ယခုစာတမ်းတွင် ယင်းတို့ကို A, B စသဖြင့် ရည်ညွှန်းထားသည်။*

- "အပြောင်းအလဲကတော့ စစ်တပ်ကပေါ်တာ ဆွဲတာ ခြိမ်းခြောက်တာ မရှိတော့ဘူး။ KNPP အတွက် သူတို့ ဝန်ထုတ်ဝန်ပိုးလည်းသိပ် မရှိတော့ ဆန်လည်းပေးစရာမလိုတော့ဘူး။ လွိုင်ကော်ကို ကြိုက်တဲ့အချိန် သွားလို့ရတယ် အခု။ ဒီနေ့သွားပြီး ဒီနေ့ည ပြန်လာလို့ရတယ်။ ကြောက်စရာ မလိုတော့ဘူး။ စစ်တပ်ဝင်းထဲကနေလည်း လွတ်လွတ်လပ်လပ် ဖြတ်သွားလို့ရတယ်ခု. . . ဘယ်စစ်သားမှ ကျွန်တော့်ကို မစစ်ဆေးတော့ဘူး။" ကရင်နီပြည်နယ်မှ ၄၅ နှစ်အရွယ် ရွာသားတစ်ဦး H

- "ရွာသားတွေက သွားပြီးတော့ အစိုးရစစ်တပ်နဲ့ ကရင်နီလက်နက်ကိုင်အဖွဲ့ကြားက တိုက်ခိုက်မှုကြောင့် ဘယ်လို ထိခိုက်နာကျင်ရတယ်ဆိုတာ လွတ်လွတ်လပ်လပ်သွားပြောလို့ မရဘူး။ လူတွေက ဒါလုပ်၊ ဒါမလုပ်နဲ့ဆိုတဲ့ အမိန့်တွေကို လိုက်နာရတယ်။ ဘဝလုံခြုံမှုမရှိတဲ့အပြင် လွတ်လွတ်လပ်လပ် လုပ်ကိုင်စားသောက်လို့ မရဘူး။ ပေါ်တာဆွဲတဲ့ အချိန်တွေမှာဆို ကျောင်းသားတွေရော ဆရာတွေပါ ပေါ်တာဆွဲခံကြရတယ်။ ကျန်းမာရေးပြဿနာရှိရင်တောင် ဆေးရုံကိုမသွားနိုင်ဘူး... သွားဖြစ်ရင်လည်း တိုက်ခိုက်မှုတွေဖြစ်လို့ လမ်းတစ်ဝက်ကနေလှည့်ပြန်ခဲ့ရတယ်။ လူတွေတစ်ယောက်နဲ့ တစ်ယောက် အထင်လွဲပြီး မဟုတ်မမှန် သူကတော့ ကရင်နီအမာခံ၊ သူကတော့ စစ်တပ်သူလျှို အဲလိုတွေဖြစ်တယ်။ ရွာထဲမှာ စစ်ကြောင်းညအိပ်ရင် ရွာသားတွေက သူတို့အတွက် ကင်းစောင့်လုပ်ပေးရတယ်။ စစ်ကြောင်းလုံခြုံရေး အတွက် ကျွန်တော်တို့ ညစောင့် လုပ်ရတယ်။ လူတွေက ကြောက်ရွံ့နေရတယ် စစ်တပ်ကပဲလာလာ ကရင်နီကပဲ လာလာပေ့ါ။ လူသားချင်းအတူတူလို့ အမြင်မခံရဘူး။ သူတို့ကို ကြောက်ကြတယ်။ ခုတော့ အဲဒါနည်းနည်းပြောင်းလဲလာပါပြီ။ ကရင်နီပြည်နယ်မှ ရွာသားတစ်ဦး A

- "ကျွန်တော်တို့ လျှပ်စစ်ဓာတ်အားထွက်တဲ့ ကယားပြည်နယ်မှာ မွေးပြီး နေထိုင်နေတာတောင်မှ ဒေသတွင်း ငြိမ်းချမ်းရေးမရလို့ လျှပ်စစ်မီး မရဘူး။ ဒါပေမယ့် ကျွန်တော်တို့ မီးတိုင်တွေကို ကာကွယ် ပေးရတယ်။ အခု ဒါမျိုးမလုပ်ပေးရတာ သုံးနှစ်ပဲ ရှိသေးတယ်။ ဒါပေမယ့် လျှပ်စစ်တာဝါတိုင်တွေကို ခြံစည်းရိုးကာပေးရတုန်းပဲ။ အရင်တုန်းက အဲဒီ တာဝါတိုင်တွေဘေးမှာ တဲလေးထိုးပြီး မိုးရွာရွာ နေပူပူစောင့်ရတယ်။ အခု အဲလောက်တော့ မလုပ်ခိုင်းတော့ဘူး။ တာဝါတိုင်ကို တစ်နှစ်တစ်ခါ ခြံစည်းရိုးခတ်ပေးရတယ်။ အရင်တုန်းက တာဝါတိုင်ကို မစောင့်ရင် ရွာသူကြီး ဒဏ်ခတ်ခံရတယ်။ သူတို့ [ဗမာစစ်တပ်] က ကြက်တောင်းတယ်။ ခုတော့ အဲလိုမတောင်းတော့ပေမယ့် တာဝါတွေကို စောင့်ကြည့် ခြံခတ်ပေးရတုန်းပဲ။ ကရင်နီပြည်နယ်မှ ရွာသားတစ်ဦး G

"စစ်သားမြင်တာနဲ့ ရွာသားတွေက တန်းကြောက်တာပဲ။ တံတားတွေ၊ လမ်းတွေစောင့်ဖို့ အခွန်ပေးဖို့ စတာတွေဟာ မုဆိုးမတွေအတွက် ခက်ခဲစေတဲ့ တာဝန်ပိမှုတွေဖြစ်တယ်။ ဝါးတွေတောင်းခံရပြီး အတင်းပေါ်တာဆွဲတာတွေ စစ်သားလာစုဆောင်းတာတွေခံရတယ်။"ကရင်နီပြည်နယ်မှ ရွာသားတစ်ဦး A

## အပစ်အခတ်ရပ်စဲရေးတွင် ယုံကြည်မှုနှင့် ထိခိုက်နိုင်ချေကို ဂရုပြုခြင်း

### မွန်ပြည်နယ်၊ စက်တင်ဘာမှ အောက်တိုဘာ ၂၀၁၃

မွန်ပြည်နယ်မှ ရွာသားများက အပစ်အခတ်ရပ်စဲရေး တည်တံ့စေရန်မျှော်လင့်သော်လည်း ရွာသားများ ကြုံတွေ့ခံစားခဲ့ရသော အတွေ့အကြုံဆိုးများ၏ စိတ်ဒဏ်ရာများကြောင့် မြန်မာအစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့တို့၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အပေါ် ယုံကြည်မှု အတိုင်းအတာလျော့နည်းနေသေးသည်။ မွန်ဒေသရှိ ပါဝင်ပတ်သက်သူများက အပစ်အခတ်ရပ်စဲရေးမှာ အပြု

သဘောဆောင်သော အဆင့်အဖြစ်မှတ်ယူပြီး ယင်းတစ်ခုတည်းနှင့် မလုံ လောက်ဟုဆိုသည်။ နိုင်ငံရေးဆွေးနွေးမှု၊ ကိုယ့်ကြမ္မာကိုယ် ဖန်တီးနိုင်ခွင့်၊ နိုင်ငံရေးအခွင့်အရေးနှင့် လူ့အခွင့်ရေး လေးစားမှု၊ ဆုံးဖြတ်ချက်ချမှတ်ရာတွင် ရပ်ရွာ ပူးပေါင်းပါဝင်မှုတို့သည် ရေရှည်တည်တံ့သော ငြိမ်းချမ်းရေးရရန် လိုအပ်သည်ဟုဖြစ်သည်။

- "ကျွန်တော်တို့ ကြုံခဲ့ရတာတွေကြောင့် ငြိမ်းချမ်းရေး လုပ်ငန်းစဉ်အပေါ် ယုံကြည်မှုနည်းနေသေးတယ်။ စိတ်ဒဏ်ရာ ကြီးကြီးမားမားရပြီး အစိုးရကိုကော တိုင်းရင်းသားပါတီကိုပါ မယုံတဲ့ ရွာသား အတော်များများရှိတယ်။" ကရိန်းဗတွဲ(သဲဖြူချောင်း) ဒေသ၊ ရေဖြူမြို့နယ်၊ တနင်္သာရီတိုင်းမှ ရွာသားတစ်ဦး

- "အပြောင်းအလဲကိုမြင်ရပြီး အပစ်အခတ်ရပ်စဲရေးအတွက် ပိုမျှော်လင့်ချက်ရှိလာတယ်။ ဒါပေမယ့် အပစ်အခတ်ရပ်စဲရေးတစ်ခုတည်းက ငြိမ်းချမ်းရေး မဟုတ်ဘူး။ ငြိမ်းချမ်းရေးအစစ်အတွက် နိုင်ငံရေး ဆွေးနွေးမှု၊ ကိုယ့်ကြမ္မာ ကိုယ်ဖန်တီးနိုင်ခွင့်နှင့် ရပ်ရွာကို ဆွေးနွေးတိုင်ပင်ဖို့ ပါဝင်ခွင့်ပေးဖို့လိုတယ်။" NMSP ထားဝယ်ခရိုင်ဥက္ကဋ္ဌ

- "အစိုးရက မူလတန်းသုံးကျောင်းဆောက်ပေးဖို့နဲ့ ဆရာမပို့ဖို့ ကမ်းလှမ်းတယ်။ ဒါပေမယ့် MNEC နဲ့ လာညှိနှိုင်းတိုင်ပင်တာ မရှိဘူး။ တိုင်းရင်းသားရပ်ရွာ တွေပေါ် အစိုးရစနစ် လိုက်နာအောင် ပြဋ္ဌာန်းဖို့ ကြိုးစားတာလို့ မြင်တယ်။" NMSP ရေဖြူခရိုင်ဥက္ကဋ္ဌ

- "မွန်ယဉ်ကျေးမှုနဲ့ ဘာသာစကား အားပေးဖို့ အရေးကြီးတယ်။ မြန်မာမှာ ယဉ်ကျေးမှုနဲ့ တိုင်းရင်းသားများစွာရှိတယ်။ အစိုးရက ဒီယဉ်ကျေးမှုနဲ့ ဘာသာစကားအမျိုးမျိုးကို ကန့်သတ်မယ်ဆိုရင် ဒီနိုင်ငံမှာ ငြိမ်းချမ်းရေးမရနိုင်ဘူး။ တိုင်းရင်းသားအဖွဲ့တွေကြား အခွင့်အရေးတန်းတူရဖို့အရေးကြီးတယ်။ အချိန်တော့ပေးရမှာပေါ့။ စိတ်ရှည်ရှည်နဲ့ အဲဒီအခွင့်အရေး တွေရအောင် စိစစ်လုပ်ဆောင်ရမယ်။" MNEC အဖွဲ့ဝင်

**ကျောက်ကြီးကျေးရွာအုပ်စု၊ ပဲခူးအရှေ့ အောက်တိုဘာ ၂၀၁၃။**

အပစ်အခတ်ရပ်စဲရေး သဘောတူညီချက် တာရှည်ခံရေးနှင့် ပတ်သက်၍ ကျောက်ကြီးရှိ ရွာသား အားလုံးနီးပါး အပစ်အခတ်ရပ်စဲရေး ပျက်ပြားသွားမည်ကို ကြောက်ကြသည်။ MPSI တွေ့ဆုံခဲ့သော ရွာသားအားလုံးနီးပါး ၄င်းတို့ရရှိထားသော အပစ်အခတ်ရပ်စဲရေးအပြင် အခြားပြည်တွင်း အပစ်အခတ်ရပ်စဲရေးများကိုပါ မယုံရဲသေးဘဲ အချို့က မြန်မာစစ်တပ်ကို ကြောက်နေတုန်းဖြစ်သည်။ ရွာသားတစ်ဦးက "အချို့ရွာသားတွေက ရှေ့ရေးအတွက် စိတ်ပူပြီး ဘာဖြစ်မလဲ ကြောက်နေတုန်းပဲ။ ဒါကြောင့် သူတို့က လတ်တလောဖွံ့ဖြိုးရေးလုပ်ငန်းတွေ လုပ်ခြင်းရဲ့ တန်ဖိုးကို မမြင်ဘူး။ သူတို့အတွက် စိတ်ထိခိုက်ဒဏ်ရာ တွေက ရေရှည်ကုစားပေးရမယ့် ရောဂါလိုပဲ။" ဟုပြောသည်။

- "သူတို့ [မြန်မာစစ်တပ်]ကို ကြောက်တုန်းပဲ။ ဘာလို့လဲဆိုတော့ သူတို့စခန်းက ကျွန်တော်တို့နဲ့ နီးတယ်။ လမ်းမှာတွေ့မိရင်တောင်မှ စိတ်ပူတုန်းပဲ သူတို့ဘာသာ စကား [ဗမာစကား] မပြောတတ်ဘူးလေ။ အပစ်အခတ်ရပ်စဲရေး တည်တံ့ပြီး ကျွန်တော်တို့ရဲ့ မူလ ကဲဒါးရွာကို ပြန်တည်ဆောက်ဖို့ အခွင့်အရေးရချင်တယ်။ ကျွန်တော်တို့ ရွာသားတွေက သူတို့ လယ်ယာထဲ ပြန်သွားပြီး စိုက်ပျိုးလုပ်ကိုင်ရတာ အရမ်းပျော်ကြတယ်။ ကျွန်တော်တို့ ကျောင်းနဲ့ ဆေးခန်းရွာထဲမှာ လိုချင်တယ်. . . ။ အခု ဗမာစစ်တပ် စစ်ဆေးရေး ဂိတ်ကိုရောက်ရင် ကျွန်တော်တို့ နာမည်၊ ဘယ်ကနေ ဘယ်ကိုသွားမယ်ဆိုတာ ပြောရတယ်။ ကျွန်တော်တို့ အပစ်အခတ်ရပ်စဲရေး ပျက်သွားမှာ စိတ်ပူတယ်။ ဘာလို့လဲဆိုတော့ ဗမာစစ်တပ်က KNU တပ်မဟာ ငါး(အရှေ့ပိုင်း တောင်တန်း) ဒေသကို စစ်ကြောင်းတွေ ထပ်ပို့လို့ပဲ။ လုံခြုံရေးအတွက် စိတ်ပူတယ်။ ပြီးတော့ ဒုက္ခအခက်အခဲတွေ ထပ်မကြုံချင်တော့ဘူး။ ပိုကောင်းတဲ့ ဘဝကိုပဲ လိုချင်တော့တယ်။" KNU ထိန်းချုပ်နယ်မြေ၊ ကဲဒါးကျေးရွာအုပ်စုတွင် နေထိုင်သော အသက် ၃၀ ရှိ အမျိုးသား

- "ကျွန်မတို့ရွာက ၁၉၆၅၊ ၁၉၉၂၊ ၂၀၀၅ မှ စုစုပေါင်း သုံးခါထွက်ပြေးရတယ်။ ကျွန်မတို့ရဲ့ ရွာသမိုင်းကို ကရင်လိုကော ဗမာလိုပါ မှတ်တမ်းတင်ချင်တယ်" ဖိုးသောင်းစုရွာမှ ရွာသူ

- "အပစ်အခတ်ရပ်စဲရေး ဘယ်လောက်ကြာကြာခံမယ်ဆိုတာ ကျွန်တော်တို့ မသေချာဘူး။ အပစ်အခတ်ရပ်စဲရေး ပျက်သွားရင် ကျွန်တော် ထပ်ပြီး ပေါ်တာဆွဲတာခံရတဲ့ ဒဏ်မခံနိုင်တော့ဘူး။ တစ်နေ့တုန်းက ကျွန်တော်ပေါ်တာဆွဲခံရတာ ပင်ပန်းလွန်းလို့ သေတော့မလိုဖြစ်သေးတယ်။ နောက်ထပ်အဲလိုလုပ်ဖို့ အင်အားမရှိတော့ဘူး။" ဖိုးသောင်းစုရွာမှ ရွာသား

- "အစိုးရနှစ်ဘက် [မြန်မာအစိုးရနှင့် KNU] ကောင်းကောင်းနားလည်မှုရဖို့ လိုတယ်။ ဒီဟာက အပစ်အခတ်ရပ်စဲရေးအစစ်ဖြစ်သင့်တယ်။ အဲလိုဖြစ်ရင် ကျွန်တော်တို့ ပျော်မှာပဲ။ ခုအပစ်အခတ်ရပ်စဲရေး ပျက်သွားရင် အခြေအနေက အရင်ကထက် ပိုဆိုးနိုင်တယ်။ ပြီးတော့ ကျွန်တော့်အတွက် ဆက်အသက်ရှင်နေထိုင်ဖို့ အခိပ္ပာယ်ရှိမှာ မဟုတ်တော့ဘူး။" ဖိုးသောင်းစုရွာမှ ရွာသား

- "ကျွန်တော်တို့ အမြဲတမ်း သူကြီးမရှိဘူး။ အဲ့ဒီသူကြီး အလုပ်နဲ့အတူပါလာတဲ့ ဗမာစစ်တပ်ဆီက အပြစ်တင်တာ၊ အကြမ်းဖက်တာကို ဘယ်သူမှ မခံချင်ကြဘူး။ ရွာသားတွေက တစ်လတစ်ယောက် အလှည့်ကျ သူကြီးလုပ်ရတယ်။ လုပ်ရတဲ့လူကလည်း သူ့တာဝန်မြန်မြန်ပြီးဖို့ ဆုတောင်းရတယ်။ ခုထိ အပစ်အခတ်ရပ်စဲပြီးတာတောင် အမြဲတမ်း သူကြီးရွာမှာ မရှိသေးဘူး။ တစ်လတစ်ယောက် အလှည့်ကျလုပ်တုန်းပဲ။" မြစ်ရေရွာမှ ရွာသား

- "အချို့ရွာသားတွေက ရှေ့ရေးအတွက် စိတ်ပူပြီး ဘာဖြစ်မလဲ ကြောက်နေတုန်းပဲ။ ဒါကြောင့် သူတို့က ရွာဖွံ့ဖြိုးရေးအတွက် လုပ်ခြင်းရဲ့ တန်ဖိုးကို မမြင်ဘူး။ သူတို့အတွက် ရေရှည်စိတ်ထိခိုက်ခံစားရတဲ့ ရောဂါပဲ။" မြစ်ရေရွာမှ ရွာသား

- "ကချင်မြေက သတင်းတွေကြားရတော့ ကျွန်မ စိတ်ပူနေတုန်းပဲ။ ကျွန်မကလေးတွေကို [အတွေ့ မခံရအောင်] ညဘက် ဓာတ်မီးနဲ့ အပြင်မသွားဖို့နဲ့ သတိထားဖို့ သတိပေးတယ်။ ဗမာတွေက ညဏ်များတယ်။ ဒီငြိမ်းချမ်းရေး ကြာကြာခံချင်မှ ခံမယ်လေ။ ကျွန်မတို့ ဂရုစိုက်သတိထားရမယ်။" မြစ်ရေရွာမှ ရွာသူ

## ကရင်နီ (ကယား) ပြည်နယ်၊ နိုဝင်ဘာ ၂၀၁၃။

MPSI တွေ့ဆုံခဲ့သော ကရင်နီရပ်ရွာများမှာ ကရင်နီ (ကယား) ပြည်နယ် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အပေါ် ခိုင်မာစွာ မြင်ကြောင်း ပြောသည်။ ပဋိပက္ခဖြစ်ကြသူများကို ယင်းတို့က ပွင့်လင်းမြင်သာမှုနှင့် တာဝန်ယူမှုရှိသော ငြိမ်းချမ်းရေးအတွက် ဆက်ညှိနိုင်းရန်နှင့် လုပ်ငန်းစဉ်တွင် ရပ်ရွာပါဝင်မှုရှိရန် လိုအပ်ကြောင်း အလေးထားကာ တိုက်တွန်းပြောဆိုသည်။ အမျိုးသမီးတစ်ဦးက ရွာတွင်း လျှပ်စစ်မီးဖြတ်တောက်ခံရခြင်းကို သူနားမလည်ကြောင်း၊ မည်သို့ မီးပြန်လည်ရရှိရေးအတွက် ပြန်တောင်းဆိုရမည်မှန်းလည်း မသိကြောင်းပြောသည်။ သူက "ကျွန်မတို့ ဘာအခွင့်အရေးမှ မရှိဘူး။" ဟုပြောသည်။ ရွာသူကြီးက ပြန်လည်သင့်မြတ်ရန် လိုအပ်ကြောင်းကို "တစ်ဘက်က တိုက်ခိုက်သူတစ်ဘက်က လယ်သမား. . . ကျွန်တော့်ရဲ့ ရပ်ရွာအုပ်ချုပ်ရေးဘက်က အမြင်ကိုပြောရရင် မတူညီတဲ့ နောက်ခံရှိတဲ့ ဒီလူတွေကို ပြန်လည်သင့်မြတ်စေဖို့၊ ပြန်လည် ပူးပေါင်းပါဝင်လာစေဖို့ လုပ်ဖို့လိုတယ်။ တိုက်ခိုက်သူတွေကို သင်တန်းပေးပြီး သူတို့အတူ ပြန်လည်သင့်မြတ်စွာနေလို့ ရအောင်လုပ်ပေးရမယ်။ ဒီလိုမှမဟုတ်ရင် အချို့က သူတို့ တောတွင်း အမူအကျင့်ကို စွန့်လွှတ်နိုင်မှာ မဟုတ်ဘူး။" ဟု ပြောသည်။

- "စစ်တပ်လာလို့ လက်ခံရင် ကရင်နီက ခြိမ်းခြောက်တယ်။ ကရင်နီကို လက်ခံရင် စစ်တပ်က ကျွန်တော်တို့ကို ရိုက်တယ်။ ရွာထဲ ငြိမ်းချမ်းရေးမရှိတော့ ဒီလိုကြုံရတယ်။ ငြိမ်းချမ်းရေးရှိရင် အဲလိုဖြစ်မှာ မဟုတ်ဘူး။ လူတွေက ငြိမ်းချမ်းရေးလိုချင်တယ်။ အားလုံး အတူလာပြီး ငြိမ်းချမ်းရေးကို အထောက်အပံ့ပေးရမယ်။ ကြိုးစားမှ အောင်မြင်မယ်။ ကြောက်လို့ကတော့ ဒီတစ်ခါဘာမှ ရမှာမဟုတ်ဘူး။ စားပွဲဝိုင်းမှာ တင်ပြ တိုက်တွန်းရမယ်။ စစ်တပ်နဲ့ ကရင်နီကို

မကြောက်ပါနဲ့။ အတိတ်ကဖြစ်ခဲ့တာကို မေ့ပစ်ဖို့ လိုအပ်တယ်။ ရှေ့ကိုတွေးပြီး ကောင်းအောင်လုပ်ဖို့ လိုတယ်။” ကရင်နီ(ကယား)ပြည်နယ်မှ ရွာသား B

- “ရွာမှာ တစ်ခါလျှပ်စစ်မီးရဖူးတယ်။ ဘယ်သူ့ အတွက် ဘာကြောင့်လဲ မသိပေမယ့် အဖြတ်ခံလိုက်ရတယ်။ ကျွန်မတို့ ဘာအခွင့်အရေးမှ မရှိဘူး။ ပြန်လိုချင်ပေမယ့် ကျွန်မတို့ ပြန်တောင်းခွင့်ရှိလား မသိဘူး။ ဘယ်မှာ ဘယ်လိုတောင်းရမှန်းလည်း မသိဘူး။ မီးအဖြတ်ခံရတဲ့ အကြောင်းရင်းကို ရွာသားတွေကို အကြောင်းကြားသင့်တယ်လို့ ထင်တယ်။” ကရင်နီ(ကယား) ပြည်နယ်မှ ရွာသူ D

- “ခုကနေ ရှေ့ဆက်ပြီး ပွင့်လင်းမြင်သာပြီး ငြိမ်းချမ်းရေးညှိနှိုင်းမှုအဖြေကတစ်ဆင့် ကရင်နီပြည်နယ် ငြိမ်းချမ်းရေး တည်ဆောက်နိုင်မယ်။” ကရင်နီ (ကယား) ပြည်နယ်မှ ရွာသား D

- “ခုသူတို့ ငြိမ်းချမ်းရေး ညှိနှိုင်းနေကြတယ်။ ဘာဖြစ်ဖြစ် ကောင်းတယ်။ ကရင်နီကကော အစိုးရကကော တစ်ယောက်နဲ့တစ်ယောက် ရှင်းလင်းဖို့လိုတယ်။ ကျွန်တော်ပြောချင်တာက အရင် ကျွန်တော်တို့က နှစ်ဘက်ကြားညှပ်ဖြစ်တဲ့အတွက် တိုက်ခိုက်တာတွေ မလိုချင်ဘူး။ နှစ်ဘက်ကြားနေရတဲ့ ကျွန်တော်တို့ ရွာသားတွေ ဒုက္ခခံစားရတယ်။ ကရင်နီပြည်နယ် အတွက် ကြိုးစားရမယ်။ ငြိမ်းချမ်းရေးစကားပြောနေတော့ အခု ငြိမ်းချမ်းစွာနေရတယ်။” ကရင်နီ (ကယား) ပြည်နယ်မှ ရွာသား F

- “စစ်သားတွေက အရာအတော်များများကို ကန့်ကွက်တယ်။ မျှော်လင့်ထားတဲ့ ငြိမ်းချမ်းရေးရှိရင် ကရင်နီလူမျိုးနဲ့ တိုင်းရင်းသားတွေ အများကြီး အကျိုးရှိမယ်။” ကရင်နီ (ကယား) ပြည်နယ်မှ အသက် ၅၄ နှစ်ရှိ ရွာသား H

## MPSI စီမံကိန်းများ၏ အကျိုးသက်ရောက်မှု (ရှိလျှင်)

### မွန်ပြည်နယ်၊ စက်တင်ဘာမှ အောက်တိုဘာ ၂၀၁၃။

မွန်ပြည်နယ်တွင်း တွေ့ဆုံမေးမြန်းခံရသူများက ကရိန်းဗတွဲ (သဲဖြူချောင်း)ဒေသတွင်း စမ်းသပ်စီမံကိန်းတွင် အထူးသဖြင့် ရေပေးဝေရေးစနစ်အပေါ် များစွာကျေးဇူးတင်ကြောင်း ရွာသားများက ဆိုသည်။ တွေ့ဆုံမေးမြန်းခံရသူများက ပဋိပက္ခထိခိုက်ခံရသော ဒေသဖြစ်သောကြောင့် စီမံကိန်းလုပ်ရန် အရွေးခံရကြောင်း ရွာသားများသိကာ အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်နှင့် ချိတ်ဆက်မှုကို အသိအမှတ်ပြုသည်။ အမေးမြန်းခံရသူများ၏ အဆိုအရ ရပ်ရွာတွင်း တွေ့ဆုံတိုင်ပင်မှုက ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အပေါ် နားလည်မှုတိုးစေပြီး NMSP ၏ စွမ်းဆောင်ရည်ကိုလည်း တိုးတက်စေသည်ဟု ပြောသည်။

- “လုပ်လိုက်တဲ့ ရေပေးဝေးရေးစနစ်အပေါ် ရွာသားတွေက အများကြီး ကျေးဇူးတင်တယ်။ ဒါပေမယ့် ကျွန်တော်တို့ အလှူရှင် [နော်ဝေနိုင်ငံခြားရေးဝန်ကြီးဌာန] ဒါမှမဟုတ် MPSI ကို သတိမထားမိဘူး။ [ကရိန်းဗတွဲ(သဲဖြူချောင်း)ဒေသထဲမှာ] ပဋိပက္ခထိခိုက်ခံရသော ဒေသဖြစ်သောကြောင့် စီမံကိန်းလုပ်ရန် အရွေးခံရကြောင်း ရွာသားများ သိကာ အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်နှင့် ချိတ်ဆက်မှုကို ရှင်းရှင်းလင်းလင်းသိသည်။ နိုင်ငံခြားသားတွေ နိုင်ငံတကာအဖွဲ့ [MPSI, NPA နှင့် ILO] က ဝန်ထမ်းတွေ ခဏခဏလာတာကလည်း အပစ်အခတ်ရပ်စဲရေး လုပ်ငန်းစဉ်အပေါ် ယုံကြည်မှုတည်ဆောက်ရေးအတွက် အထောက်အပံ့ဖြစ်တယ်လို့ ကျွန်တော်တို့ မြင်တယ်။” ကရိန်းဗတွဲ (သဲဖြူချောင်း)ဒေသမှ ရွာသားများ

- “မွန်အမျိုးသားညီလာခံက ပြီးခဲ့တဲ့နှစ်က တိုင်ပင်ဆွေးနွေးမှုစီမံကိန်း လုပ်ခဲ့တာတွေရဲ့ ရလဒ်ပဲ။ အဲဒီ တိုင်ပင်ဆွေးနွေးမှုကတစ်ဆင့် မွန်ပြည်နယ်တွင်း မူးယစ်ဆေးဝါးကိစ္စတွေရဲ့ ကြီးမားတဲ့ ခြိမ်းခြောက်မှုကို သိလာရတယ်။ အရင်တုန်းက ကျွန်တော်တို့ မူးယစ်ဆေးကူးသန်းရောင်းဝယ်သူတွေကို ဖမ်းဆီး

အပြစ်ပေးတာ အာရုံစိုက်ခဲ့တယ်။ ခုတော့ ကျွန်တော်တို့ မူးယစ်ဆေးအလွဲသုံးစားခြင်းဆိုင်ရာ ကာကွယ်တာတွေ အသိပညာပေးတာတွေကို AHRN က သင်တန်းဆရာတွေနဲ့ လုပ်တယ်။" NMSP

- "[မွန်ပြည်သစ်ပါတီမှ ရပ်ရွာတွင်းလုပ်ဆောင် သော] တိုင်ပင်ဆွေးနွေးမှုလုပ်ငန်းကတစ်ဆင့် ပါတီဝင်တွေနဲ့ ရွာသားတွေကို သူတို့ ခံစားထင်မြင်ချက်ကို ပြောလာတယ်။ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို ပိုနားလည်ပြီး ပါဝင်လာဖို့ ရပ်ရွာထဲမှာ နိုင်ငံရေး အသိအမြင်၊ ဗဟုသုတမြှင့်တင်မှုလုပ်ဖို့လိုသေးတယ်။" NMSP ထားဝယ်ခရိုင်ဥက္ကဋ္ဌ

- "ငြိမ်းချမ်းရေးလုပ်ငန်းစဉ်က ရပ်ရွာထဲက သာမာန်လူတွေအပါအဝင် အားလုံး ပါဝင်ဖို့လိုတယ်။ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်၊ နိုင်ငံရေးအခြေအနေ၊ ငြိမ်းချမ်းရေးကိရိယာများစတဲ့ ဖြစ်ပျက်နေတာတွေ သူတို့ ပိုနားလည်လာအောင်လုပ်မှ အဓိပ္ပာယ်ရှိတဲ့ နားလည်မှုနဲ့ ပါဝင်လာနိုင်မယ်။ MPSI အထောက်အပံ့စီမံကိန်း အတွေ့အကြုံကြောင့် NMSP ဝန်ထမ်းတွေရဲ့ စွမ်းဆောင်ရည်မြင့်လာတယ်။ စီမံကိန်း အတွေ့အကြုံရသော ဒီစီမံကိန်းက ကျွန်တော်တို့ရဲ့ စွမ်းဆောင်ရည်ကို တိုးတက်ဖွံ့ဖြိုးစေတယ်။" NMSP နိုင်ငံတကာ ဆက်ဆံရေးနှင့် စီမံကိန်းညှိနှိုင်းရေးမှူး

## ကျောက်ကြီးကျေးရွာအုပ်စု၊ ပဲခူးအရှေ့ အောက်တိုဘာ ၂၀၁၃။

မေးမြန်းခံရသူရွာသား အနည်းငယ်ကဲဒါး MPSI ကြားဖူးသည်။ စီမံကိန်းများသည် ဒေသခံမိတ်ဖက်အဖွဲ့အစည်းများက ပိုင်ဆိုင်သော စီမံကိန်းများအဖြစ်ပြသနေရာ MPSI က ဤအရာကို အောင်မြင်မှုညွှန်းကိန်းဟု သတ်မှတ်သည်။ စီမံကိန်းအကြောင်းကြားဖူးသော မေးမြန်းခံရသူ တစ်ဦးက KNU၊ ရွာသားနှင့် မြန်မာစစ်တပ်တို့ကြား တိုင်ပင်မှု တွေ့ဆုံပွဲ အပစ်အခတ်ရပ်စဲရေးကို အားကောင်းစေသည်ဟု ပြောသည်။

- "MPSI စီမံကိန်းအကြောင်း ကျွန်တော် ကြားဖူးတယ်။ သိပ်အသုံးဝင်တယ်။ ရွာသားတွေ အစားအသောက်၊ ကိရိယာနဲ့ အိမ်အသုံးအဆောင်တွေ လက်ခံရတယ်။ အတိတ်က အခါခါထွက်ပြေးရတော့ ပိုင်ဆိုင်တာတွေ အကုန်ယူမသွားနိုင်ဘူး။ အကူအညီလက်ခံရတာ ပျော်ပါတယ်။ နောက်တော့ ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်တည်နိုင်အောင် ကြိုးစားနိုင်ဖို့ မျှော်လင့်တယ်။ MPSI စမ်းသပ်စီမံကိန်းကကောင်းတယ်။ ပြီးတော့ အပစ်အခတ်ရပ်စဲရေးကို အထောက်အကူပြုတော့ ခရီးသွားဖို့လွယ်လာတယ်။ လယ်ယာထဲသွားလို့ရတယ်။ ကျွန်တော် ပစ္စည်းဝေတဲ့နေရာမှာ ကူညီတယ်။ ရွာသားတွေနဲ့ ပစ္စည်းကူသယ်တယ်။ KNU၊ ရွာသားနှင့် မြန်မာစစ်တပ်တို့ကြား တိုင်ပင်မှုတွေ့ဆုံပွဲနဲ့ အပစ်အခတ်ရပ်စဲရေးကို ဒီစီမံကိန်းက အထောက်အကူပြုတာကို ကျေးဇူးတင်တယ်။သူတို့က ဆွေးနွေးပြီး အချင်းချင်းမျှဝေကြတယ်။" KNU ထိန်းချုပ်နယ်မြေ၊ ကဲဒါးကျေးရွာအုပ်စုတွင် နေထိုင်သော အသက် ၃၀ ရှိ အမျိုးသား

## ရှမ်းပြည်နယ် စက်တင်ဘာ ၂၀၁၃။

ငြိမ်းချမ်းရေးအတွက် ယုံကြည်မှုတည်ဆောက်ခြင်း ညီလာခံသည် မတူညီသော ပါဝင်ပတ်သက်သူ (အဖွဲ့အစည်းများ) အားလုံးကို အတူတကွ တွေ့ဆုံပေးပြီး သဘောတူညီချက်များရရှိစေကာ၊ ဆက်ဆံရေးကိုလည်း တည်ဆောက်ပေးကြောင်း ထိုညီလာခံ အလုပ်အဖွဲ့အတွင်းရေးမှူးက ပြောသည်။

- "*Norwegian People's Aid (NPA)* [MPSI ဆက်စပ်ရန်ပုံငွေ]ဖြင့် ပြုလုပ်တဲ့ ဒီညီလာခံဟာ ကောင်းမွန်တဲ့ အကျိုးသက်ရောက်မှုတွေ သယ်ဆောင်လာတယ်။ မတူညီတဲ့ နိုင်ငံရေးပါတီတွေ၊ အစိုးရမဟုတ်တဲ့ လက်နက်ကိုင်အဖွဲ့တွေဟာ ဟိုတယ်တစ်ခုထဲမှာတည်းကြတော့ မနက်စာ၊ နေ့လယ်စာ၊ ညစာစားချိန်တွေမှာ အလွတ်သဘော ဆွေးနွေးဖို့နဲ့ အဆက်အသွယ်ရဖို့ဖြစ်လာတယ်။ အချို့ဆိုရင် အဲလိုကြားအချိန်မှာပဲ သူများကို ကြေညာစရာ မလိုတဲ့ ရှေ့ဆက်အစီအစဉ်နဲ့ သဘောတူညီချက်တွေရကြတယ်။ ဒါကလည်း အလွတ်သဘောကော၊ စနစ်တကျပါ ပါဝင်တဲ့အဖွဲ့တွေ ကြားဆွေးနွေးမှု၊ မျှဝေမှု၊ ထုတ်ဖော်ပြောဆိုမှုတွေဖြစ်လာစေလိုတဲ့ ရည်ရွယ်ချက်တစ်ခုလည်းဖြစ်ပါတယ်။" ဦးစိုင်းညွန့်လွင်၊ ရှမ်း

အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူးနှင့် ငြိမ်းချမ်းရေးအတွက် ယုံကြည်မှုတည်ဆောက်ခြင်း ညီလာခံအလုပ်အဖွဲ့၏ အတွင်းရေးမှူး

## မြန်မာငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် ကူညီရန် လုပ်ဆောင်နေသော MPSI နှင့် နိုင်ငံတကာအဖွဲ့များအား အကြံပြုချက်များ

### မွန်ပြည်နယ်၊ စက်တင်ဘာမှ အောက်တိုဘာ ၂၀၁၃။

မွန်ပြည်နယ်တွင်း အဓိကသက်ဆိုင်သူများက ပိုမိုထိရောက်လျင်မြန်သော အထောက်အပံ့ပို့ဆောင်မှု၊ ကျား၊မ ရေးရာ(ဂျန်ဒါ)ဆိုင်ရာသိရှိမှု မြှင့်တင်ရေးနှင့် အမျိုးသမီးများ မိမိကိုယ်ကို ရပ်တည်လာနိုင်ရန်ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများကို ပိုမိုအာရုံစိုက်ရန် ပြောဆိုသည်။

- “ပိုပြီးထိရောက်လျင်မြန်တဲ့ အထောက်အပံ့ပို့ဆောင်မှုနဲ့ ရည်မှန်းရပ်ရွာပေါ် ပိုမိုဖြန့်ဝေနိုင်ဖို့လိုတယ်။ မွန်လူမျိုးတွေ စည်းလုံးညီညွတ်မှုကို အထောက်အပံ့ဖြစ်ရေးကို အားပေးတဲ့ အစီအစဉ်တွေ ပိုလုပ်ဖို့လိုတယ်။ ဥပမာ ခုလက်ရှိ စီမံကိန်း [ကရိန်းဗတွဲ (သဲဖြူချောင်း) စမ်းသပ်စီမံကိန်း]က လိုအပ်တဲ့ ဒေသ ၃၀% လောက်ကိုပဲ လွှမ်းခြုံတယ်။ လိုအပ်တဲ့ ဒေသ ၇၀% ကိုတော့ မလွှမ်းခြုံဘူး။ စီမံကိန်း အထောက်အပံ့တွေကို လိုအပ်တဲ့နေရာကို အချိန်နဲ့ တစ်ပြေးညီ ရောက်နိုင်ရင် ကောင်းမယ်။” NMSP ထားဝယ်ခရိုင် ဥက္ကဋ္ဌ

**မှတ်ရန်** - *ကရိန်းဗတွဲ(သဲဖြူချောင်း) စမ်းသပ်စီမံကိန်း ဒုတိယပိုင်းအတွက် အဆိုပြုချက်များ လုပ်ဆောင်နေပါသည်။ စီမံကိန်းဧရိယာမှာ ရွာငါးရွာထပ်တိုးချဲ့ပြီး သင့်တော်သော အဆောက်အဦ၊ ရပ်ရွာကိုယ်ထူ ကိုယ်ထဖြစ်မှု သင်တန်းနှင့် အသက်မွေးဝမ်းကျောင်းဆိုင်ရာ အထောက်အပံ့များအပေါ် အဓိက အာရုံစိုက်ထားသည်။*

- “အပြောလျှော့ အလုပ်လုပ်၊ အမျိုးသမီးနှင့် ကလေးများဆိုင်ရာ ကျား၊မ(ဂျန်ဒါ) အသိပညာပေးရေး သင်တန်းတွေနဲ့ ရပ်ရွာအဖွဲ့အစည်းငယ်တွေကို ပိုအထောက်အပံ့ပေး။” MNEC အဖွဲ့ဝင်

- “အမျိုးသားကြီးစိုးတဲ့ လူမှုအသိုင်းအဝိုင်းမှာ အမျိုးသမီးများ မိမိကိုယ်ကို ရပ်တည်လာနိုင်ရန် ဖွံ့ဖြိုးတိုးတက်ရေး အစီအစဉ်တွေ လုပ်ဖို့လိုတယ်။” MWO အဖွဲ့ဝင်

### ကျောက်ကြီးကျေးရွာ၊ ပဲခူးအရှေ့ အောက်တိုဘာ ၂၀၁၃။

ကျောက်ကြီးရွာသားများက နိုင်ငံတကာအဖွဲ့များသည် အခြေခံအဆောက်အဦ၊ စားနပ်ရိက္ခာ၊ လုံခြုံရေး၊ ကျန်းမာရေး၊ ပညာရေးနှင့် အသက်မွေးဝမ်းကျောင်းသင်တန်းများကို အထောက်အပံ့ပေးရန် လိုအပ်ကြောင်း ပြောသည်။ အပစ်အခတ်ရပ်စဲရေး တည်တံ့အောင် မြန်မာအစိုးရအား ဒီမိုကရေစီ အစစ်ဖြစ်အောင်လုပ်ရန် တွန်းအားပေးရန်လည်း နိုင်ငံတကာအဖွဲ့များကို တိုက်တွန်းသည်။

- “ခု ကျွန်တော်တို့ ဆေးရုံမရှိဘူး။ တစ်ခါတလေ ဆေးဝယ်လို့ရတယ်။ တစ်ခါတလေ KNU နဲ့ ကျောပိုးအိတ်လွယ်တဲ့လူ [နယ်စပ်ဖြတ်ကျော် အထောက်အပံ့ပေးရေးအဖွဲ့] တွေဆီကရတယ်။ ကလေးတွေ ပညာရေးအတွက် အဝေးကြီးမသွားစေချင်လို့ ကျောင်းလည်းလိုတယ်။ အိမ်လည်း ပိုကောင်းအောင်ဆောက်ပြီး သဟဇာတဖြစ်ဖြစ်နေချင်တယ်။ ရွာထဲမှာ လိုအပ်ချက်များတယ်။ စပါးနဲ့ ဟင်းသီးဟင်းရွက်ပိုစိုက်နိုင်ဖို့ အိမ်နဲ့ လယ်အတွက် ရေစတာတွေ. . . ကျွန်တော်တို့ အိမ်သာလည်းမရှိဘူး။ လျှပ်စစ်မီးလည်း မရှိဘူး။” KNU ထိန်းချုပ်နယ်မြေ၊ ကဲဒါးကျေးရွာအုပ်စုတွင် နေထိုင်သော အသက် ၃၀ ရှိ အမျိုးသား

- “ကျွန်တော်တို့ ငြိမ်းချမ်းရေးရဖို့ မျှော်လင့်တယ် ဆန္ဒရှိတယ်။ အစိုးရနှစ်ခု [မြန်မာအစိုးရနဲ့ KNU] က ပြဿနာကို မဖြေရှင်းနိုင်ရင်တောင်မှ နိုင်ငံတကာအဖွဲ့တွေက မြန်မာအစိုးရကို ဒီမိုကရေစီအစစ်ဖြစ်အောင် တွန်းအားပေးသင့်တယ်။ ဒါမှ ကျွန်တော်တို့လို အရပ်သားတွေ ပိုကောင်းတဲ့ ဘဝကို နေထိုင်နိုင်မယ်။ ဒီလိုမှမဟုတ်ရင် အပစ်အခတ်ရပ်စဲရေး ခဏပဲခံမယ်။ အပစ်အခတ်တွေ ပြန်ဖြစ်ရင် အရင်ထက်ပိုဆိုးမယ်။ အရပ်သားတွေက အခက်အခဲတွေ အကြာကြီးအများကြီး ကြုံပြီးပြီ။ ဒီထက်ပိုကြာကြာ မရှင်သန်နိုင်တော့ဘူး။” မြစ်ရေ ရွာမှ ရွာသား

**ကရင်နီ (ကယား) ပြည်နယ်၊ နိုဝင်ဘာ ၂၀၁၃။**

ကရင်နီ ရပ်ရွာများက နိုင်ငံတကာ အသိုင်းအဝန်းအား ပညာရေးလိုအပ်ချက်အပါအဝင် ကရင်နီပြည်နယ် ဖွံ့ဖြိုးရေး လိုအပ်ချက်ကို ပံ့ပိုးရန် အားပေးသည်။

- "နိုင်ငံတကာအဖွဲ့တွေကို ကလေးကျောင်းစရိတ် မတတ်နိုင်တဲ့ ဆင်းရဲတဲ့ မိဘရဲ့ ကလေးတွေရဲ့ ပညာရေးအကူအညီအတွက် တောင်းချင်တယ်။ ဉာဏ်ကောင်းတဲ့ ကလေးတွေများပေမယ့် မိဘတွေ မထောက်ပံ့နိုင်တဲ့အတွက် ကျောင်းထွက်လိုက်ရတာတွေရှိတယ်။ ငွေရေးကြေးရေးနဲ့ အခြားအခက်အခဲတွေကြောင့် အထက်တန်းပြီးပေမယ့် ပညာဆက်မသင်နိုင်တဲ့ကလေးတွေလည်း အများကြီးရှိသည်။ ကယားပြည်နယ်ထဲကရွာတိုင်း ဒီပြဿနာရှိတည်။" ကရင်နီ (ကယား) ပြည်နယ်မှ ၄၆ နှစ် အရွယ်ရွာသား

- "နိုင်ငံတကာ အသိုင်းအဝန်းကို ပြောချင်တာကတော့ ကျွန်တော်တို့ တိုင်းပြည်က ဆင်းရဲတယ်။ အစွန်အဖျားမှာရှိတဲ့ ကယားပြည်နယ်က ပိုဆင်းရဲတယ်။ ဒါကြောင့် ကျွန်တော်တို့ ရပ်ရွာကို ဖွံ့ဖြိုးအောင်လုပ်ဖို့ နိုင်ငံတကာ အကူအညီအများကြီး လိုတယ်။" ကရင်နီ (ကယား)ပြည်နယ်မှ ၆၀ နှစ် အရွယ်ရွာသူကြီး

သမ္မတ ဦးသိန်းစိန်က ယင်း၏ ၂၀၁၁ မတ်လပထမဆုံး သမ္မတမိန့်ခွန်းတွင် နိုင်ငံသားများ၏ အခြေခံအခွင့်အရေး ပေါ်မူတည်သည့် နိုင်ငံရေး၊ စီးပွားရေး ပြုပြင်ပြောင်းလဲမှုအတွက် ကြေညာခဲ့သည်။ ၄င်း၏ ဒေါ်အောင်ဆန်းစုကြည် နှင့် ပြန်လည်သင့်မြတ်ရေးလုပ်ငန်းစဉ်စတင်ခြင်းနှင့် ရာနှင့် ချီသော နိုင်ငံရေးအကျဉ်းသားများကို လွှတ်ပေးခြင်းအပြင် တိုင်းရင်းသားလက်နက်ကိုင်တပ်ဖွဲ့များ EAGs နှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်လုပ်ဆောင်ခြင်းသည် ယင်း၏ ပထမနှစ် ဦးစားပေးဆောင်ရွက်ချက်များဖြစ်သည်။ ဝန်ကြီးဦးအောင်မင်းကို စေ့စပ်ညှိနှိုင်းရေးကိုယ်စားလှယ်အဖြစ် တာဝန်ပေးအပ်ပြီး EAGs များနှင့်တွေ့ဆုံ ညှိနှိုင်းမှုပြုခဲ့သည်။ ၂၀၁၂ ဧပြီလထိ ကချင်မှလွဲ၍ အခြားသော အဖွဲ့ကြီးများနှင့် အပစ်အခတ်ရပ်စဲရေး လက်မှတ် ရေးထိုးနိုင်ခဲ့သည်။

၂၀၁၂ ခုနှစ်အစတွင် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အတွက် နိုင်ငံတကာအထောက်အပံ့ကို ကူညီစုစည်းပေးရန် သမ္မတ ဦးသိန်းစိန်က နော်ဝေနိုင်ငံခြားရေးဝန်ကြီးကို တောင်းဆိုသည်။ ထိုအချိန်တွင် မည်သည့်နိုင်ငံတကာအဖွဲ့ကမှ မပြုလုပ်လိုသော နိုင်ငံရေးစွန့်စားမှုဖြစ်သည့် ထိုကိစ္စကို နော်ဝေအစိုးရက စွန့်စားကာ ထိုတောင်းဆိုမှုကို အပြုသဘောသဘောတူတုံ့ပြန်သည်။ နော်ဝေနိုင်ငံခြားရေးဝန်ကြီးက သဘောတူညီထားသူအားလုံး၏ ရိုးသားကတိတည်မှုကို ဆန်းစစ်စစ်ဆေးမည့် မခက်ခဲလွန်းသော ပြောင်းလွယ်ပြင်လွယ်သော အစီအစဉ်ကို စတင်သည်။ တစ်ဘက်မှနေ၍လည်း နော်ဝေသည် မြန်မာနိုင်ငံတွင် ၂၀၀၃မှ ဒီဇင်ဘာ ၂၀၀၇ အထိ မြန်မာအစိုးရမှ သံအဖွဲ့ဝင်အဖြစ် အသိအမှတ်ပြုမှုမှ ရုပ်သိမ်းခံရသော မြန်မာနိုင်ငံဆိုင်ရာ ကမ္ဘာ့ကုလသမဂ္ဂကိုယ်စားလှယ်နှင့် လူသားချင်းစာနာမှုဆိုင်ရာ ယခင်ညှိနှိုင်းရေးမျိုးဟောင်း Charles Petrie နှင့် ဆက်သွယ်လုပ်ကိုင်သည်။ အစိုးရက သူ့အား ပြန်လည်ဝင်ရောက်ခွင့် ပြန်ပေးလိုက်ခြင်းအားဖြင့် နိုင်ငံတကာအသိုင်းအဝိုင်းနှင့် ပြန်လည်ဆက်ဆံရန် ဆန္ဒရှိကြောင်း ပြသရာရောက်သည်။

မြန်မာငြိမ်းချမ်းရေး အထောက်အကူပြုအဖွဲ့ MPSI သည် ယင်းဆုံးဖြတ်ချက်တို့၏ ရလဒ်ဖြစ်ပြီး ရေတိုယန္တရားအနေဖြင့် အပစ်အခတ်ရပ်စဲရေးနှင့် နယ်စပ်ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို အခြားဖွဲ့စည်းတည်ဆောက်မှုပုံစံတစ်ခုက လွှဲယူသည်အထိ အထောက်အပံ့ပေးရန်အတွက် မျှော်မှန်းသည်။ MPSI သည် အလှူရှင် မဟုတ်သကဲ့သို့ လုပ်ငန်းတိုက်ရိုက်လုပ်ဆောင်သူလည်း မဟုတ်ဘဲ တိုက်ရိုက်ပဋိပက္ခဖြစ်နေသော (သို့) တိုက်ရိုက်အဆက်အဆံ မရှိသော အဖွဲ့များအား ချိတ်ဆက်ပေးရန်သာဖြစ်သည်။

MPSI ၏ အခြေခံမူမှာ မြေပြင်ပေါ်မှ အခြေအနေအပေါ် တုံ့ပြန်မှုပေးနိုင်ရန်နှင့် ယင်း၏ ဆွေးနွေးတိုင်ပင်မှုက စီမံကိန်းများကို တိုက်ရိုက်အဆိုမပြုဘဲ EAGs များ၏ ဖော်ထုတ်လုပ်ဆောင်ရာတွင် အထောက်အပံ့ဖြစ်စေရန်ဖြစ်သည်။ စီမံကိန်းများသည် သေးငယ်လေ့ရှိသော်လည်း နိုင်ငံရေးအရ မဟာဗျူဟာကျသောနေရာတွင် ပြုလုပ်ကာ အပစ်အခတ်ရပ်စဲရေးတွင် ပါဝင်သူအားလုံး၏ ကတိကို တိုင်းတာစစ်ဆေးရန်နှင့် လက်လှမ်းမီမှုမရှိခဲ့သော ရပ်ရွာများ လုံခြုံစွာ လမ်းပွင့်လာစေရန် စီစဉ်ရေးဆွဲသည်။ ပထမဆုံး စမ်းသပ်စီမံကိန်းမှာ အနက်ရောင်နယ်မြေဟု ခေါ်ဆိုခဲ့သော နိုင်ငံအစိုးရမှ အချိန်ကာလကြာရှည်စွာ ထိန်းချုပ်နိုင်မှု မရှိသော၊ ပြင်ပမှ ဝင်ရောက်မှု မရှိသလောက်ဖြစ်သည့် ကျောက်ကြီးတွင်ဖြစ်သည်။ ထိုနေရာကို KNUမှ အကြံပြုပြီး အစိုးရနှင့် စစ်တပ်မှ သဘောတူသည်။

စီမံကိန်းသည် မတူညီသော သက်ဆိုင်သူများအားလုံး၏ မကြုံစဖူးဆက်သွယ်မှုနှင့် ဆက်စပ်ပတ်သက်မှုစင်မြင့် နေရာပေးပြီး ပါဝင်သူများအားလုံးက အခက်အခဲကို ချိုးဖောက်ကျော်လွှားနိုင်မှုဟု ထင်မြင်သည်။

ငြိမ်းချမ်းရေးလုပ်ငန်းစဉ်က ရှေ့သို့ တစ်ဖြည်းဖြည်း ရွေ့ရာ MPSI က ရေရှည်အထောက်အပံ့များဖြစ်သော နိုင်ငံအဆင့် တိုင်ပင်ဆွေးနွေးမှု၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် ပါဝင်ချိတ်ဆက်လုပ်ကိုင်နိုင်ရန် စွမ်းရည်မြင့်တင်မှု

နှင့် အစိုးရ (သို့) အလှူရှင်များဖြစ်သော အာဏာရှိသူများ ထံသို့ မြေပြင်မှ အသံများရောက်ရှိကြားရအောင် နည်းလမ်းရှာဖွေမှုတို့တွင် အထောက်အပံ့ပြု ပါဝင်ကူညီရန် လိုအပ်လာသည်ကို အသိအမှတ်ပြုသည်။ ယင်း၏ အချို့သော တိုင်ပင်ဆွေးနွေးမှုမှာလည်း ၂၀၁၂ နှစ်လယ်တွင် သမ္မတဦးသိန်းစိန်၏ တောင်းဆိုချက်ဖြစ်သော ငြိမ်းချမ်းရေးအလှူရှင် အထောက်အကူပြုအဖွဲ့ (PDSG) ၏ အတွင်းရေးမှူးအနေဖြင့် လုံလောက်သော အခန်းကဏ္ဍ အဖြစ် ဖြည့်ဆည်းသည်။ နောက်ဆုံးအနေဖြင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အတွက် အဓိကကိစ္စရပ်များကို စိစစ်ရာတွင် အရေးကြီးသော အခန်းကဏ္ဍကို ဖြည့်ဆည်းသည်။

MPSI ၏ အဓိကအားသာချက်မှာ ယင်း၏ အဓိကအဖွဲ့ဝင်များတွင်ရှိသော မြန်မာနိုင်ငံဆိုင်ရာ နက်နဲသည့် အသိပညာဗဟုသုတ၊ တိုင်းပြည်တွင်း နှစ်ရှည်ကြာတည်ဆောက်ခဲ့သော ဆက်ဆံရေးနှင့် ယုံကြည်မှုနှင့် Charles Petrie ၏ အဆင့်အတန်းအခြေအနေ၊ ယူဆောင်လာသော အခွင့်အလမ်းတို့ စုပေါင်းထားခြင်းဖြစ်သည်။ ဤအခြေခံ အားသာချက်ဖြစ်သော ဝန်ထမ်းများနှင့် ပြောင်းလွယ်ပြင်လွယ်သော လုပ်ငန်းလည်ပတ်မှုပုံစံတို့ ပေါင်းကာတီထွင် ဖန်တီးမှုကိုအားပေးပြီး MPSI အား နိုင်ငံရေးနှင့် လုပ်ငန်းလည်ပတ်ရေး စွန့်စားမှုယူနိုင်စေခဲ့သည်။ ဤအရာထဲတွင် ယင်း၏ အရှိန်အဝါကို အသုံးပြုပြီး ချိတ်ဆက်မှုလုပ်ကာ လက်တွေ့တွင် မကြုံစဖူးအခြေအနေ စသော အရေးကြီးသည့် အောင်မြင်မှုအချို့ပါဝင်သည်။ MPSI တွင် အရေးကြီးသော မိတ်ဖက်နှစ်ဖွဲ့ရှိကာ (MPSI ကို စီမံခန့်ခွဲသော) နော်ဒစ်နိုင်ငံတကာ အထောက်အပံ့ဖောင်ဒေးရှင်းနှင့် (နော်ဝေက MPSI ဆက်စပ်စီမံကိန်းများ အကောင်အထည်ဖော်ရန် သီးသန့် ရန်ပုံငွေပေးထားသော) နော်ဝေပြည်သူ့အထောက် အပံ့တို့ဖြစ်သည်။ ယင်းတို့ မပါဘဲ MPSI လုပ်ငန်းလည်ပတ်နိုင်မည် မဟုတ်ချေ။

MPSI တွင် အားနည်းချက်များလည်းရှိသည်။ ယင်း၏ ကြီးထွားလာမှုအတွက် အထူးသဖြင့် စတင်ကြီးထွားလာချိန်တွင် မဟာဗျူဟာမှာ တစ်ခါတစ်ရံ မရှင်းလင်းဘဲ လုပ်ငန်းလည်ပတ်မှုဆိုင်ရာ စီမံခန့်ခွဲမှုမဲ့နေသည်။ ၂၀၁၃ ခုနှစ်အထိ ရန်ကုန်တွင် အမြဲတမ်း ညှိနှိုင်းရေးမျိုးခန့်ထားရန် ပျက်ကွက်ခြင်းက သက်သေဖြစ်သည်။ ယင်း၏ ဆက်သွယ်မှုစနစ်နှင့် ပြင်ပသို့ လက်လှမ်းမီအောင် ချိတ်ဆက်လုပ်ဆောင်မှု ရှင်းရှင်းလင်းလင်း လုပ်ဆောင်နိုင်ခြင်း မရှိဘဲ ယင်း၏ ရည်ရွယ်ချက်နှင့် ဆန်းစစ်မှုကို လုံလောက်စွာမျှဝေခြင်းမရှိချေ။ နောက်ဆုံးတွင် စီမံကိန်းများအတွက် ရန်ပုံငွေရရှိရန် ခက်ခဲစေသည့် အလှူရှင်များ ညီညွတ်စွာ ဆက်လက်ပါဝင်နိုင်ရန် အခက်အခဲ စိန်ခေါ်မှုကြုံရသည်။ မလွှဲမရှောင်သာသော အပြောင်းအလဲကာလနှင့် လူအနည်းငယ်ကသာ ယုံကြည်ရန် ပြင်ဆင်ထားသော အစိုးရနှင့် လုပ်ဆောင်ရခြင်းမှာ MPSI သည်အပြစ် တင်ပြောဆိုမှုကို အထူးသဖြင့် ထိုင်းနိုင်ငံနယ်စပ်တွင် အခြေစိုက်သော အဖွဲ့အစည်းများထံမှ ဖိတ်ခေါ်သကဲ့သို့ဖြစ်နေသည်။ ယင်းတို့မှ အချို့ကို ပိုမိုကောင်းမွန်သော ဆက်သွယ်သတင်းဖြန့်ချိရေးရှိခဲ့လျှင် ရှောင်ရှားနိုင်ခဲ့လိမ့်မည်ဖြစ်သော်လည်း အချို့မှ ခုခံမှုမြင့်မားသော အခြေအနေတွင် လုပ်ဆောင်ရခြင်း၏ မလွှဲမရှောင်သာကြုံတွေ့ရမည့် အခက်အခဲကိစ္စဖြစ်သည်။

ဤပြဿနာများရှိသော်ငြားလည်း MPSI မှာ သင့်လျော်သည့် အချိန်တွင် အစပြုလုပ်ဆောင်ခဲ့သည့် သင့်လျော်သည့် အစပြုမှုတစ်ခုဖြစ်ကြောင်း ရှင်းလင်းသေချာသည်ဟု ခြုံငုံသုံးသပ်ရမည်။ ယင်း၏ ပြောင်းလွယ်ပြင်လွယ်လွန်းမှု၊ အဓိက အဖွဲ့ဝင်များ၏ အသိပညာဗဟုသုတ၊ ဝင်ရောက်နိုင်သည့် အခွင့်အလမ်းတို့က ပိတ်ထားသောဒေသကို ဝင်ရောက်ခွင့်ရစေပြီး စစ်ဖြစ်တိုက်ခိုက်ခဲ့သော သက်ဆိုင်သူများကြား ယုံကြည်မှုတည်ဆောက်နိုင်သည်။ သို့သော် ထောက်ပံ့ရေးလုပ်ငန်းမှာ မပြီးဆုံးသေးပေ။ ယာယီနှင့် တင်းကြပ်စွာဖွဲ့စည်းထားခြင်း မဟုတ်သည့် MPSI ရုပ်သိမ်းရန် လိုအပ်သော်လည်း ယင်းလုပ်ဆောင်ခဲ့သော လုပ်ငန်းများ ပျောက်ကွယ်မသွားရန် အရေးကြီးသည်။ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်မှာ အထိအခိုက်မခံသော အခြေအနေဖြစ်နေဆဲဖြစ်ပြီး နဂိုအတိုင်း ပြန်မဖြစ်နိုင်ဟု ပြောနိုင်စရာ မရှိသေးပေ။ စစ်တပ်နှင့် အခြေအနေတိုးတက်လာကာ အဖွဲ့အတော်များများ ယုံကြည်မှုပိုလာသည်ဟု ခံစားရသော်လည်း မြန်မာစစ်တပ်အပေါ် ယုံကြည်မှုမှာ ပြဿနာအဖြစ်ရှိနေသေးပြီး အချို့ဒေသများတွင် ပဋိပက္ခများဖြစ်နေသည်ကို တွေ့နေသေးသည်။ အပစ်အခတ်ရပ်စဲရေး စောင့်ကြည့်မှုစတင်ရန် သို့မဟုတ် လုံလောက်သော နိုင်ငံရေးဆွေးနွေးမှုလုပ်ဆောင်ရန် ကျရှုံးလျှင် အနာဂတ်ငြိမ်းချမ်းရေး လုပ်ငန်းစဉ်

တွင် ပြင်းထန်သော မေးခွန်းဖြစ်လာနိုင်ရန်ရှိသည်။ ဘေးအန္တရာယ်အသစ်များလည်း ဖြစ်ပေါ်လာသည်။ ရပ်ရွာတွင်း အုပ်စုလိုက် အကြမ်းဖက်မှုသည် တိုင်းပြည်တည်ငြိမ်ရေးကို ပျက်ပြားစေနိုင်သည်။ မတ်-ဧပြီ ၂၀၁၄ သန်းခေါင်စာရင်းကောက်ယူခြင်းသည် နိုင်ငံရေးအခွင့်အရေးနှင့် တိုင်းရင်းသားကိစ္စ၊ ဘာသာရေး ကိစ္စတို့ကြား ဆက်နွယ်မှုတို့ကြောင့် မလွဲမရှောင်သာ တင်းမာရန် အကြောင်းရင်းဖြစ်သည်။ ရွေးကောက်ပွဲမတိုင်မီ လှုပ်ရှားမှုအရွေ့များကလည်း တင်းမာရန် အကြောင်းရင်းပို၍ ဖြစ်လာမည်ဖြစ်ပြီး အားလုံးသဘောတူညီမှုရှာသော ပုံစံမှ ပြိုင်ဆိုင်မှုပုံစံသို့ ပြောင်းလာနိုင်ရာ ရွေးကောက်ပွဲရလဒ် (၂၀၁၅ တွင် ကျင်းပမည့်ရွေးကောက်ပွဲ) များကလည်း တိုင်းရင်းသားဒေသ ငြိမ်းချမ်းရေးပိုမိုတိုးတက်လာစေရန် ခက်ခဲစေမည်။ တိုင်းရင်းသားခေါင်းဆောင်များက ယင်းတို့၏ ငြိမ်းချမ်းရေးအခွင့်အရေးသည် မျက်မှောက်ဖြစ်သည်ဟု ခံစားရခြင်းမှာ အံ့သြစရာ မဟုတ်ပေ။

နောက်ဆုံး သဘောတူညီချက်စာသားများ သဘောမတူကြသေးသော်လည်း မြန်မာအစိုးရက ဧပြီလတွင် နိုင်ငံလုံးဆိုင်ရာ အပစ်အခတ်ရပ်စဲရေးသဘောတူညီမှု လက်မှတ်ထိုးရန်နှင့် ယင်းနောက်တွင် အားလုံးပါဝင်သော နိုင်ငံရေး တွေ့ဆုံဆွေးနွေးမှုစတင်ရန် မျှော်မှန်းသည်။ ထိုကိစ္စသည် ရွေးကောက်ပွဲ မဲဆွယ်စည်းရုံးမှု မစတင်မီ ပြီးမြောက်ရန် ဖြစ်နိုင်ချေနည်းသော်လည်း ငြိမ်းချမ်းရေးအတွက် လုပ်ဆောင်မှုသည် နောက်ပြန်မလှည့်ရန် အလွန်အရေးကြီးပေသည်။ တွေ့ဆုံဆွေးနွေးမှုသည် ပါဝင်သူများအားလုံးအတွက် နိုင်ငံတကာ အထောက်အပံ့လိုစေမည်ဖြစ်ရာ UN က ယုံကြည်ရသော လုပ်ဆောင်သူမဖြစ်သေးသည့် အခြေအနေတွင် ထိုအထောက်အပံ့များကို ပေးရန်လိုအပ်ရာ ပုံမှန်ညှိနှိုင်းမှု ယန္တရားပျောက်ဆုံးနေဦးမည်ဖြစ်သည်။ မြန်မာနိုင်ငံတွင်း လက်ရှိပဋိပက္ခချဉ်းကပ်မှု အပိုင်းအစဖြစ်နေသော အခြေအနေသည်လည်း ပြဿနာဖြစ်ကာ အလှူရှင်များသည် နိုင်ငံအားလုံး၏ နိုင်ငံသားတို့၏ အခြေခံအခွင့်အရေးပေါ် အခြေခံထားသော ပြည့်စုံသည့် အားလုံးလွှမ်းခြုံသော မူဘောင်တွင် ယင်းတို့ကို ထည့်သွင်းရန် လိုအပ်သည်။ ထိုသို့ဖြင့် MPSI ကို ဆက်ခံသူက အရေးပါသော အစိတ်အပိုင်းတွင် ပါဝင်နိုင်သည်။

## အကြံပြုချက်များ

### အတိတ်ကို ပြန်ကြည့်ခြင်း၊ MPSI မှ သင်ခန်းစာယူခြင်းနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ် အစပိုင်းထောက်ပံ့ရန် အနာဂတ်ကြိုးစားမှုတို့အတွက် အကြံပြုချက်များ

- MPSI မှသင်ခန်းစာတစ်ခုမှာ တိုင်းပြည်နှင့် ပတ်သက်သော နက်နဲသည့် အသိရှိသော ကျွမ်းကျင်သူများ၊ အဓိကပါဝင်သူများနှင့် ယုံကြည်သော ဆက်ဆံရေး၊ အလှူရှင်နှင့် အစိုးရနှစ်ခုလုံးထံ နိုင်ငံရေးအရဝင်ရောက်နိုင်သော ပုဂ္ဂိုလ်များကို အတူတကွစုစည်းခြင်းဖြစ်သည်။ ထိုအရာများ မပါဘဲ လုပ်ငန်းကို ဆွဲဆန့်လုပ်ဆောင်နိုင်မည် မဟုတ်ချေ။

- ကောင်းမွန်စွာ လုပ်ကိုင်နိုင်သည့် ယန္တရားလည်း အလွန်အရေးကြီးပေသည်။ ဤကိစ္စနှင့် ပတ်သက်လျှင် NPA၊ NIS နှင့် မိတ်ဖက်သည် MPSI ၏ အရေးကြီးသော အခြေခံအစိတ်အပိုင်းဖြစ်ပြီး အနာဂတ်လုပ်ဆောင်မှုများတွင်လည်း ဤကဲ့သို့သော စီစဉ်မှု အစိတ်အပိုင်းမျိုး ပါဝင်သင့်သည်။

- အဖွဲ့မှ တစ်ခုခုလုပ်လို့ဖြစ်နိုင်သလားဟု စမ်းသပ်ချိန် အစောပိုင်းကာလများတွင် ကနဦးကာလတို အချိန်ကာလသတ်မှတ်လုပ်ကိုင်သည်မှာ အဓိပ္ပာယ်ရှိသော်လည်း သုံးလမှ ခြောက်လအတွင်း ထိုသို့ လုပ်ခြင်းမှာ ထိုက်သင့်သလောက်အရာ မရောက်ချေ။ နှစ်နှစ် အချိန်ကာလသတ်မှတ်လုပ်ကိုင်ခြင်းက ပိုလက်တွေ့ကျပေမည်။

- စတင်လုပ်ဆောင်မှု ရည်ရွယ်ချက်၏ အလုံးစုံခြုံငုံချက်မှာ ပေါ့ပါးပြီး ပြောင်းလွယ်ပြင်လွယ်ခြင်းသည် အခြေခံအားဖြင့် မှန်သော်လည်း ဖွဲ့စည်းတည်ဆောက်မှုပုံစံအချို့ လိုအပ်သည်။ လုပ်ငန်းလည်ပတ်မှု အစီအစဉ်ဆိုင်ရာ စီမံခန့်ခွဲမှုအတွက် တာဝန်ယူရန် ပြည်တွင်းဆုံချက်အဖြစ် အချိန်ပြည့် ပုဂ္ဂိုလ်တစ်ယောက် လျင်မြန်စွာရရှိရန် အရေးကြီးသည်။

- စီမံကိန်းများသည် အလုံးစုံမဟာဗျူဟာ၏ အစိတ်အပိုင်းဖြစ်မည်ဆိုလျှင် အဖွဲ့မှ ယင်းကို ရှေ့ဆက်လုပ်

နိုင်ရန် ကျွမ်းကျင်မှုလုံလောက်စွာရှိရန် လိုအပ်ပြီး ချက်ခြင်းလိုအပ်ချက်နှင့် ရေရှည်အစီအစဉ် ဖွံ့ဖြိုးမှု အတွက် ရန်ပုံငွေယန္တရားရှာဖွေထားရှိရန် လိုအပ်သည်။ စုပေါင်းအလှူရှင်များ၏ ရန်ပုံငွေ ယန္တယားမှာ ရရှိထူထောင်ရန် ကြာလွန်းသည့်အတွက် အစပိုင်းတွင် အသုံးဝင်မည် မဟုတ်ဘဲ ရေရှည်အတွက် လိုအပ်လိမ့် မည် ဖြစ်သည်။

- ခုခံမှုရှိသော အခြေအနေတွင် ရှင်းလင်းသော ဆက်သွယ်ရေးမဟာဗျူဟာနှင့် အကောင်ထည်ဖော် ရန် ရည်ရွယ်ချက်က အလွန်အရေးကြီးသည်။

- အဆင့်တိုင်းတွင် ဖြစ်နိုင်သမျှ မိတ်ဖက်များ ထူထောင် ရန် အရေးကြီးသည်။ ဤအရာသည် အချိန်ကုန် မည်ဖြစ်သော်လည်း ယင်းမိတ်ဖက်များ မရှိလျှင် ခုခံ မှုများ ဖြစ်လာနိုင်သည်။

### အနာဂတ်ကို မျှော်ကြည့်ခြင်း - မြန်မာငြိမ်းချမ်းရေးလုပ်ငန်းစဉ် ထောက်ပံ့မှုအတွက် အကြံပြုချက်များ

MPSI အား အခြားယန္တရားတစ်ခုအဖြစ် ကူးပြောင်း ရန်အတွက် ရှင်းလင်းသော မဟာဗျူဟာရှိရန်လိုအပ်ပြီး ယင်းနှင့် ပတ်သက်သော ဆက်သွယ်သတင်းဖြန့်ချိရေး အစီအစဉ်ရှိရန် လိုအပ်သည်။ အစီအစဉ်များကို လာမည့် နှစ်နှစ်အတွက် လုပ်ဆောင်သင့်ပြီး ယင်းနောက် နိုင်ငံရေး အခြေအနေသစ်တွင် အထောက်အပံ့ယန္တရားအတွက် နောက်ထပ်ဆန်းစစ်မှု လိုအပ်မည်။

## PDSG အတွင်းရေးမှူးအဖွဲ့

- အတွင်းရေးမျိုး၏ သက်ဆိုင်မှုကို PDSG ကိုယ်တိုင် ရှင်းလင်းစွာ ဖော်ထုတ်နားလည်ရန် လိုအပ်ပြီး အတွင်းရေးမျိုးအဖွဲ့ကို ကြီးကြီးမားမား မဖွဲ့စည်းခင် နှင့် ရန်ပုံငွေများ မပေးခင် ယင်း၏ အဓိကရည်မှန်း ချက်တာဝန်နှင့် အခန်းကဏ္ဍကို မျှဝေနားလည်သင့် သည်။ မြန်မာငြိမ်းချမ်းရေးစင်တာနှင့် အစိုးရ၏ အခန်းကဏ္ဍဖြစ်သည့်နေရာမျိုးတွင် အတွင်းရေးမှူး အဖွဲ့က အတင်းဝင်ရောက်တာဝန်မယူမိစေရန် သေချာအောင် သတိထားသင့်သည်။

- အနာဂတ် အထွေထွေအတွင်းရေးမှူး၏ အခန်းကဏ္ဍ များတွင် အောက်ပါတို့ ပါဝင်နိုင်ခြေရှိသည်။

    - PDSG ကို အလှူရှင်အထောက်အပံ့၏ နိုင်ငံ ရေး၊ ငွေရေးကြေးရေးနှင့် နည်းပညာညှိနှိုင်းမှု တို့ကို ကူညီရန်။

    - လက်ရှိစီမံကိန်းများ၊ အစီအစဉ်များနှင့် ပတ်သက် သည့် ဆန်းစစ်မှု ရရှိသောသင်ခန်းစာနှင့် သိမြင်မှု တို့ကို စဉ်းစားဆင်ခြင်ပြီး ယင်းတို့ကို အနာဂတ် ရန်ပုံငွေအတွက် သတင်းအချက်အလက်ပေးရန်။

    - တွေ့ရှိလုပ်ဆောင်သင့်သော စီမံကိန်းများ ရန်ပုံ ငွေရရှိရေး ပိုသေချာအောင် ပူးတွဲရန်ပုံငွေ တည်ထောင်ရေးပုံစံ စူးစမ်းရှာဖွေရန်။

    - ကိစ္စတစ်ခုချင်းစီအတွက် လက်ရှိ ဆက်ဆံရေးရုံး များကို အထောက်အပံ့ပေးရေးညှိနှိုင်းမှုကဲ့သို့ သီးသန့် အလုပ်အဖွဲ့များ ကြည့်ရှုလုပ်ဆောင်ရန်။ ဖြစ်လာ နိုင်သည့် ကိစ္စတစ်ခုမှာ နိုင်ငံရေးတွေ့ဆုံ ဆွေးနွေးမှု အတွက် နည်းပညာနှင့် ရန်ပုံငွေအကူ အညီပေးရန်။

### လွတ်လပ်သော ဆန်းစစ်မှုစွမ်းရည်ကို ထိန်းသိမ်းခြင်း

- MPSI မှ ရရှိသော လွတ်လပ်သည့် ဆန်းစစ်မှုကို ဆက်လက်ထိန်းသိမ်းရန် နိုင်ငံရေး – စီးပွားရေး–လူမှု ရေး အကြံပေးအဖွဲ့ပုံစံအချို့က အသင့်တော်ဆုံး ဖြစ်လိမ့်မည်။

- ဤအတွက် ပုံစံအတိအကျကို သင့်တော်မှု ရှိ မရှိ လေ့လာခြင်း၊ ကျယ်ပြန့်သော အတွေးအခေါ်များ ထည့်သွင်းနိုင်ရန် လုပ်ဆောင်ခြင်းတို့မှတစ်ဆင့် စူးစမ်းသင့်ပြီး အသင့်တော်ဆုံးပုံစံနစ်ကို ဆုံးဖြတ်ရန် ပြဋ္ဌာန်းကာ မိတ်ဖက်လုပ်ရန် အစကို ရှာဖွေသင့်သည်။

- ထိုအဖွဲ့မျိုးမှာ ဒေသန္တရအဖွဲ့အစည်းဖြစ်သင့်ပြီး ရန်ကုန်အခြေစိုက်ဖြစ်နိုင်ကာ မြန်မာ့အခြေစိုက် လုပ်ဆောင်သူများကို တာဝန်ခံမှုရှိသော အဖွဲ့မျိုး

ဖြစ်သင့်သည်။

- အချိန်ပြည့်ဝန်ထမ်းအနည်းငယ်၊ အဓိကအကြံပေး အနည်းငယ်နှင့် သုတေသနတာဝန်ပေးရန်နှင့် ဆက်စပ်လုပ်ငန်းလုပ်ဆောင်နိုင်ရန် ရန်ပုံငွေအသေးစားတို့ဖြင့် စတင်နိုင်သည်။

- ပတ်ဝန်းကျင်သဘာဝ၏ ခုခံမှုအရ ခိုင်မာကောင်းမွန်သော ဆက်သွယ်ရေး မဟာဗျူဟာချမှတ်ရန်နှင့် ပြင်ပသို့ ပိုမိုရောက်အောင်ချိတ်ဆက်မှုနှင့် မိတ်ဖက်ပြုမှုမူဝါဒရှိရန် အရေးကြီးသည်။

## စီမံကိန်းများ ဆက်လက်ထောက်ပံ့ရန် တာဝန်

- လက်ရှိ စီမံကိန်းကတိများအတွက် ရန်ပုံငွေရရှိအောင် ဆောင်ရွက်ရန်သည် ချက်ချင်းဦးစားပေးဖြစ်သည်။ နောက်ဆုံးအနေဖြင့် လိုအပ်လျှင် နော်ဝေမှ ရန်ပုံငွေထောက်ပံ့ရန် ပြင်ဆင်ထားသင့်သည်။

- ဆက်ဆံရေးရုံးများနှင့် တိုင်းရင်းသားငြိမ်းချမ်းရေး အရင်းအမြစ်စီမံကိန်းတို့ကို အထောက်အပံ့ပြုရန် အစီအစဉ်လုပ်ဆောင်ရန် လိုအပ်သည်။

- ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို အထောက်အပံ့ဖြစ်စေရန် စတင်စီမံကိန်းများအတွက် အစီအစဉ် လုပ်ဆောင်ရန်နှင့် အရင်းအမြစ်များ လိုအပ်သည်။ ဤအတွက် အလှူရှင်များ စုပေါင်းယန္တရားကို စဉ်းစားသင့်သည်။

- နောက်ဆုံးအနေဖြင့် စမ်းသပ်စီမံကိန်းဒေသမှ တိုင်းရင်းသားရပ်ရွာများအတွက် နိုင်ငံတကာနှင့် ယင်းတို့ကိုယ်တိုင် ဆက်လက် ဆက်သွယ်လုပ်ဆောင်နိုင်စေရန် အချိန်အတိုင်းအတာတစ်ခုအထိ အထောက်အပံ့များ လိုအပ်သည်။